www.burmeseclassic.com

ငြိမ်းချမ်းရေး

# မဟာတမန်

ချစ်ဦးညို




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ငြိမ်းချမ်းရေး မဟာတမန်

## ချစ်ဦးညို

ငှန်းပွင့်စာအုပ်တိုက်
အမှတ် (77/၆)၊ မြေပါလလမ်း၊ ပဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၃၈၃၆

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၃၀၀၅၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၆၂၀၅၀၅

မျက်နှာဖုံးပန်းချီ
သန်းမြင့်အောင်

ကွန်ပျူတာစာစီ
ငွန်ပွင့်ကွန်ပျူတာ

ထုတ်ဝေသည့်အကြိမ်
စတုတ္ထအကြိမ်

ထုတ်ဝေသည့်ကာလ
စက်တင်ဘာလ၊ ၂၀၀၅

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ဝင်းမာတင်(မြ-၀၃၇၃၇)၊ ငွန်ပွင့်စာပေ
အမှတ် (77/D)၊ မွေပါလလမ်း၊ ဗဟန်း၊ ရန်ကုန်

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းလွင်(ရွှေဟသ်ာအော့ဖ်စက်)
အမှတ်(၃၁)၊ ဦးရွှေဂွန်းလမ်းတို၊ ပုဂွန်တောင်။

တန်ဖိုး
၁၃၀၀ ကျပ်

## ကျေးဇူးတရား

ဤ 'ငြိမ်းချမ်းရေးမဟာတမန်'ကို ရေးသားရန် အကြံပြုတိုက်တွန်းခဲ့သည့် ဦးအောင်မွန် (တာဝန်ခံစာတည်း၊ မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း)၊ သုံးနှစ်တိုင် အခန်းဆက်ဝတ္ထုရှည်အဖြစ် ထည့်သွင်းဖော်ပြပေးခဲ့သည့် ရတနာမွန်မဂ္ဂဇင်းမှ ဆရာမောင်မဲ၊ စာပြင်မှူးချုပ်ဆရာကြီးဦးရန်အောင်၊ ဦးထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ)၊ ဦးအောင်နှင့် မြကေသီ(မဟာဝိဇ္ဇာ) (ဉာဏ်လင်းစာပေ)၊ သမိန်သောင်း၊ ရတနာမွန်မဂ္ဂဇင်းများကို ငှားရမ်းသော ဆရာဦးအေးမြင့် (မြန်မာ့ရိုးရာဒီဖိုင်း)နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြကုန်သော မိတ်ဆွေသင်္ဂဟအပေါင်းတို့၏ ကျေးဇူးတရားများကို မမေ့မပျောက် မှတ်တမ်းပြုအပ်ပါကြောင်း။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

## ပဏာမ

ဤ 'ငြိမ်းချမ်းရေး မဟာတမန်'သည် ဇာတ်ကြီးဆယ်ဘွဲ့ဝင် မဟောသဓာဇာတ်တော်ကြီး ဒုတိယပိုင်းကို အခြေပြုဇာတ်လမ်းဖွဲ့ထားသော ဝတ္ထုဖြစ်ပါသည်။

မင်းဘူး ဆရာတော်ကြီး ဦးသြဘာသ၏ ကျေးဇူးတော်ကြောင့် ဇာတ်ကြီးဆယ်ဘွဲ့ကို ရင်းနှီးမြတ်နိုးခွင့်ရခဲ့ပါသည်။ ဇာတ်ကြီးဆယ်ဘွဲ့အနက် မဟောသဓာဇာတ်တော်ကြီးသည်လည်း တစ်မျိုးတစ်ဖုံ စွဲလမ်းနှစ်ခြိုက်ခဲ့ရသော ဇာတ်တစ်ဇာတ် ဖြစ်ပါပေသည်။ မဟောသဓာဇာတ်တော်ကြီးကို ဖတ်ရှုလေ့လာကြရာ၌ မံသံဂေါဏော ဂန္တိသုတ္တံ အစချီဂါထာအရ ဝိမံသနဒါန် . . . ပညာရှိလက္ခဏာကို စုံစမ်းခြင်းအကြောင်းဆိုင်ရာ ပဉှာခန်း ၁၉ ပါး၊ (ယကဏ္ဍာကပဉှာခန်း ပုတ်သင်အမေးခန်းအပါအဝင်) နောက်ထပ် ပဉှာခန်း ၈ ပါး၊ စုစုပေါင်း ၂၇ပါးသော ပဉှာခန်းများကို အထူးသဖြင့် ကြားဖူးဖတ်ဖူး မှတ်သားဖူးကြပါသည်။

ပဥ္စပဏ္ဍိတ ပဉှာခန်းခေါ် ပညာရှိငါးဦးအား မေးခန်း၏ နောက်ပိုင်း မဟောသဓာသုခမိန် နိုင်ငံတော်ကို ပြုပြင်ခန်းမှစ၍ ဇာတ်တော်ပြီးသည်အထိ ဒုတိယပိုင်းကိုမူ ပထမပိုင်း ပဉှာခန်းများလောက် စွဲစွဲမှတ်မှတ်မရှိတော့ဟု ဆိုချင်ပါသည်။ ကျေးစေခန်း၊ ဥမင်ခန်း၊ ကေဝဋ္ဋပုဏ္ဏားနှင့် စကားစစ်ထိုးခန်း . . . စသည်မျှလောက်ကိုသာ ရေးတေးတေး အမှတ်အသွဲ ကြွင်းကျန်နေခဲ့ပါသည်။

မဟောသဓာဇာတ်တော်ကြီး၏ လက်ဦးဆရာတော် မင်းဘူး ဦးသြဘာသ၏ စကားပြေအဖွဲ့မှာ ကြက်သီးမွေးညင်းထခမန်း၊ မွေ့လျော် ချောက်ချားနိုင်စွမ်းရှိလှပေရာ ယင်းကိုအခြေပြု ရေးသားအပ်သော 'ငြိမ်းချမ်းရေး မဟာတမန်'ဝတ္ထုသည် စကားအရာအားဖြင့် လည်းကောင်း စာဖတ်သူ၏ သဒ္ဒါတရားကို နှိုးဆော်မှုအရာ၌ လည်းကောင်း မူလဆရာတော်

ငွေနှင်းစာအုပ်တိုက်

www.burmeseclassic.com



၏ ပညာအရာအား မြှုမှုန်လောက်မျှပင် ကပ်ဝင်တွယ်မီရာ မရှိနိုင်ပါပေ။

ဝိဇ္ဇာနှင့် အဝိဇ္ဇာတိုက်ပွဲ၊ ပညာရှိနှင့် ပညာမဲ့တိုက်ပွဲ၊ စစ်အလိုရှိသူနှင့် စစ်ဆန့်ကျင်သူတို့ တိုက်ပွဲကို ဖော်ကျူးလိုသော စေတနာသည်သာလျှင် ဝတ္ထုရေးသူ၏ တစ်ခုတည်းသော အားထားရာ အခြေခံဖြစ်ပါသည်။

ဤဝတ္ထုကို ဖတ်ရှုခြင်းဖြင့် တစ်စုံတစ်ရာသော ရသခံစားမှုမှသည် မိမိတို့၏ ပါရမီဉာဏ်ရင့်သန်ရာအလျောက် သဒ္ဓါ၊ သတိ၊ ဟီရိ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာ ခုနစ်ပါးတို့ကို ဆင့်ပွားတိုးချဲ့ရယူနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

စာရေးသူ



(၁)

တိမ်စင်သော မိထိလာကောင်းကင်သည် ညနေဆည်းရီချိန်တွင် ရှင်သန်စွာ တောက်ပနေလေသည်။ အနောက်တောင်စွယ်တစ်ဘက်သို့ ပြုတ်ကျအံ့ဆဲဆဲ နေလုံးကြီးသည် မိထိလာကို သံယောဇဉ်ကြီးစွာ တွယ်ဖက်ထားဆဲ၊ ရှည်လျားသော ရွှေရောင်အလင်းတန်းတို့ဖြင့် ကုပ်တွယ်ထားဆဲ ဖြစ်သည်။

ရွှေရောင်ဝင်းသော ကောင်းကင်ပြင် တပြန့်တပြောဝယ် အိပ်တန်းတက် ဖျိုင်းတစ်အုပ်သည် အရှေ့ဆီသို့ ပျံသန်းသွားကြသည်။ မြင့်မားစွာသော အထက်ဆီတွင်ကား စွန်ရဲများသည် ပျင်းရိစွာ တအိအိလှည့်ဝဲကြဆဲပင်။ ပုစဉ်းထိုးငှက်ငယ်တို့ကမူ ထက်အောက် တောင်မြောက် ရှေ့နောက် ကူးခတ်ယှက်လိမ်ကာ အစာရှာနေကြသည်။

မိထိလာ ကောင်းကင်သည် ငှက်မျိုးစုံတို့၏ ညီလာခံသိမ်းပွဲသဘင် ပန်းချီကားချပ်ကြီးတစ်ခုသဖွယ် ဖြစ်သည်။

ထိုပန်းချီကားချပ်ကြီး၏ မြောက်ဘက် ဝေးလံသီခေါင်သော အထက်တစ်နေရာတွင် သေးငယ်လှစွာသော အစက်ကလေးတစ်စက်ပေါ်လာသည်။

* * *

သေးငယ်လှစွာသော အစက်ကလေးသည် ကြည့်နေရင်းမှပင် တစ်စတစ်စ ရုပ်လုံးကွဲလာသည်။ အိပ်တန်းဝင်ဆဲ၊ အစာရှာဆဲ၊ အဖော်ခေါ်ဆဲ အခြားငှက်များအကြားတွင် ထိုအစက်ပြောက်ကလေးသည် အားလုံးနှင့်ခြားနားစွာ



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ပျံသန်းလာနေသည်။ ဦးတည်ရာကား မြောက်အရပ်မှ တောင်အရပ်သို့။

ပျံသန်းလာရာ လမ်းကြောင်းသည် ကွေ့ကောက်တိမ်းစောင်းခြင်းမရှိ တစ်ဖြောင့်မတ်မတ် ဖြစ်သည်။ စွန်ရဲများ၊ ဗျိုင်းများ၊ ပုစဉ်းထိုးငှက်များ၊ ကျီးကန်းများ အကြားမှ ထိုးဖောက်ကာ တစ်ဟုန်ထိုး ပျံသန်းလာခြင်း ဖြစ်သည်။ အစာရှာဖွေဟန်၊ အိပ်တန်းဝင်ဟန်၊ အဖော်ခေါ်ဟန်အသွင် လုံးဝမရှိ။ မိထိလာ၏ ရွှေရောင်ကောင်းကင်ကို လည်းကောင်း၊ အနွယ်တူ အခြားငှက်များကို လည်းကောင်း သတိထားဟန် ဂရုစိုက်ဟန် အလျဉ်းမရှိ။

အခြားမလပ်သော ပျံသန်းမှုဖြင့် ထိုသဏ္ဍာန်ငယ်၏ အတောင်ပံနှစ်ဘက်သည် နိမ့်မြင့်လှုပ်ရှားလျက် ရှိသည်။ မြောက်အရပ်မှသည် တောင်အရပ်သို့။

ရွှေရောင်အလင်းတန်းရှည်များ တဖြည်းဖြည်း ဆုတ်ယုတ်လာသည်။

အမှောင်စ တအိအိ ချဉ်းနင်းလာသည်။

မိထိလာကောင်းကင်မှ ငှက်များသည် တစ်စတစ်စ ဲပါးပျောက်ကွယ်သွားသည်။ နောက်ဆုံးတွင်ကား မြောက်အရပ်မှ တောင်အရပ်သို့ ပျံသန်းလာသော သဏ္ဍာန်ငယ်တစ်ခုသာ ကောင်းကင်ထက်တွင် သေးငယ်စွာ ကျန်ရှိခဲ့သည်။

သဏ္ဍာန်ငယ်သည် အမြင့်မှ အနိမ့်သို့ သက်သည်။

ဖွင့်ထားသော အတောင်နှစ်ဘက်ကို စုသိမ်းကာ လေဟုန်စီး၍ ဆင်းလာသည်။ အမြင့်မှသည် ပို၍ပို၍နိမ့်သော အရပ်ဆီသို့ ဝဲ၍ လှည့်လည်ဆင်းသည်။ လေးငါးပတ် ဝဲလှည့်ပြီးနောက် စုသိမ်းထားသော အတောင်ပံကို ဖွင့်ထုတ်ကာ ဖြည်းညင်းစွာ ပုတ်ခတ်သည်။

စုလစ်မွမ်းချွန်များဖြင့် တင့်တယ်စွာသော ခေါင်ဆက်စံအိမ်ကြီးတစ်ခုပေါ်သို့ ရောက်လာသည်။ စံအိမ်ကြီး၏ လေသာဆောင်မှ ဖိတ်လျှံနေသော အလင်းရောင်အောက်တွင် ထိုသဏ္ဍာန်ငယ်၏ ရုပ်လုံး ထင်ရှားလာသည်။

မြရည်လိမ်းထားသည့်အလား စိမ်းဖန့်သော အသွေးအတောင်။

ပတ္တမြားသွေးတင်ထားသည့်အလား ရဲရဲနီသော နှုတ်သီး . . . ။

'ကျေးသားငယ်'သည် စံအိမ်လေသာဆောင်မှတစ်ဆင့် စံအိမ်





အတွင်းသို့ အတောင်ဖွင့်ကာ ပြေပြေလျှောလျှော ပျံသန်းဝင်ရောက်လာခဲ့သည်။

ထို့နောက် ခန်းမဆောင်အတွင်း သဉ္ဇာလီတစ်ခုပေါ်တွင် ထိုင်နေသော 'သုခမိန်'၏ ပခုံးထက်ပေါ်သို့ အသာအယာ နားလိုက်လေသည်။

"အမရာ၊ သားငယ် ပြန်ရောက်လာပြီ"

သုခမိန်က ပခုံးပေါ်မှ ကျေးသားကို ပွတ်သပ်လျက် သဉ္ဇာလီ၏ တစ်ဘက်စွန်းမှ 'အမရာဒေဝီ'ကို လှမ်းပြောသည်။

"ကောင်းပါပြီအရှင်"

အမရာဒေဝီသည် သဉ္ဇာလီမှထကာ အနီးမှ အခြွေအရံမောင်းမများဆီသို့ လက်ကို ဝှေ့ယမ်းပြလိုက်သည်။ အခြွေအရံများ တိတ်ဆိတ်စွာပင် ခန်းမထဲမှ ထွက်ခွာသွားကြသည်။ အမရာဒေဝီကိုယ်တိုင်လည်း သုခမိန်ကို လက်အုပ်ချီ အရိုအသေပြုကာ ခန်းမဆောင်အတွင်းမှ ထွက်ခွာခဲ့သည်။

အမရာဒေဝီ ကောင်းစွာ နားလည်ထားပေသည်။ ပျားသကာတို့ဖြင့် နယ်ထားသော ပေါက်ပေါက်တို့ကို နေ့စဉ်ကျွေးကာ ရွှေချိုင့်၌ မွေးမြူသုတ်သင်ထားအပ်သော ကျေးသားတမန်၏ ဓလေ့သဘောကို အမရာဒေဝီ ကောင်းစွာ နားလည်သိရှိပြီး ဖြစ်သည်။ ကျေးသားငယ်၏ ဓလေ့ကား တစ်စုံတစ်ခုသော သတင်းကို ဆောင်ကြဉ်းလာပြီးသည့်နောက် ထိုသတင်းကို စံအိမ်တော်ရှိ အခြွေအရံ ပရိသတ်အားလုံးပါ ကြားသိစေလိုပါက အိမ်ကြမ်းပြင်၌ နား၍ ပြန်ကြားလေ့ ရှိသည်။ အရှင်နှစ်ပါးသော သုခမိန်နှင့်မိမိနှစ်ဦးတည်းကိုသာ သိစေလိုပါက သုခမိန်၏ ရင်ဘတ်ပေါ်၌ နား၍ ပြန်ကြားလေ့ ရှိသည်။

ယခုမူကား သုခမိန်၏ ပခုံးထက်၌ ကျေးသားငယ်နားချေသည်။

သုခမိန်တစ်ဦးတည်းကိုသာ ကြားသိစေလိုသည့် အဓိပ္ပာယ်။

တံခါးစောင့်ကိုပင် အမိန့်မပေးတော့ဘဲ အမရာဒေဝီသည် ခန်းမတံခါးကို ကိုယ်တိုင် ဖြည်းညင်းစွာ ပိတ်ပေးခဲ့ကာ စက်ရာဆောင်ဆီသို့ ထွက်ခွာလာခဲ့သည်။

ခန်းမဆောင်ထဲတွင် မဟောသဓာသုခမိန်နှင့် ကျေးသားတမန်နှစ်ကိုယ်တည်း ကျန်ရစ်ခဲ့လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၂)

ကောင်းစွာလေ့ကျင့် သင်ကြားပေးထားအပ်သော ကျေးသားငယ်၏ ပြန်ကြားချက် အစုံအလင်ကို အစအဆုံး နားထောင်ပြီးသည်တွင် မဟောသဓာသုခမိန်သည် အကြောင်းခြင်းရာအားလုံးကို ကိုယ်တိုင်သွားရောက်ကြည့်ရှုနားထောင်ခဲ့သည်နှင့်မခြား ပြတ်ပြတ်ရှင်းရှင်း နားလည်လိုက်လေသည်။

ကပိလတိုင်း၊ ဥတ္တရပဉ္စာလရာဇ်နေပြည်။

သခ်ပါလက အမည်ရှိ စူဠနီဗြဟ္မဒတ်မင်းနှင့် သူ၏ ပုရောဟိတ်ဖြစ်သော ကေဝဋ္ဋအမတ်ကြီး။ ထို့နောက် ပဉ္စာလရာဇ်နေပြည်တော်၏ ဥယျာဉ်တော်အတွင်းမှ အင်ကြင်းပင်၊ အင်ကြင်းပင်အောက်မှ ကျောက်ဖျာ။

ယခုပင် မြင်ရကြားရသကဲ့သို့ စူဠနီဗြဟ္မဒတ်မင်းနှင့် ကေဝဋ္ဋပုရောဟိတ်တို့၏ ရုပ်သွင်များ၊ စကားသံများက ပေါ်လာလေသည်။

"နံနက်အစော ညီလာခံမှာကတည်းက သင်တိုင်ပင်စရာရှိတယ် လျှောက်လို့ ကျွန်ုပ်တို့နှစ်ဦး ဒီနေရာကို ရောက်လာကြပြီ ပုရောဟိတ်ကြီး၊ လျှောက်စမ်း . . . အထွေအထူး ဘာရှိသလဲ"

ဤကား စူဠနီဗြဟ္မဒတ်မင်း၏ စကား။

"ဘုန်းတော်ကြောင့် နန်းတော်တွင်းမှာပဲ လျှောက်တင်စကားကြားဖို့ အရှင်မင်းကြီး အမိန့်ထားခဲ့ပါတယ်။ သို့သော် အရေးတော်ကြီးများ လို့ လွန်းလှတဲ့အတွက် နား မျက်စိ များပြားလှတဲ့ နန်းတော်ထဲ မှာ မတိုင်ပင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်တော်ထွက် နှစ်ကိုယ်ကြား နှစ်နားဆင်မှသာ သင့်မှာမို့ ကျွန်တော်မျိုးတို့ ဒီနေရာကို ရောက်လာရခြင်းပါ"

ဤကား ကေဝဋ္ဋပုရောဟိတ်၏စကား။

မြင်ယောင်ကြားယောင်လျက် မဟောသဓာသုခမိန်သည် ကြားသိလိုက်ရသော သတင်းကို ထပ်ပြန်အောက်မေ့ဆင်ခြင်ကာ ပြုံးမိလေသည်။

စူဠနီဗြဟ္မဒတ်မင်းနှင့် ကေဝဋ္ဋပုရောဟိတ်တို့၏ တိုင်ပင်ခန်း။

"ကျွန်တော်မျိုးကြီးဟာ နံနက်မိုးသောက်လို့ အိပ်စက်ရာက နိုးထပြီးမိမိရဲ့ အဆောင်ဆောင်အခန်းခန်းစည်းစိမ်ကို သုံးသပ်လေတိုင်း အရှင်မင်းကြီးရဲ့ ကျေးဇူးတော်ကို ဆင်ခြင်မိရပါတယ်၊ ကျေးဇူးတော် ကြီးမားလှတဲ့ အရှင်မင်းကြီးရဲ့ ချီးမြှောက်မှုကြောင့်သာ ငါ အခုလိုတင့်တယ်စွာ စံရပေတယ်၊ ဒီကျေးဇူးတော်ကို ကျိုးနွံစွာပေးဆပ်ဘုန်းပြန်ဖို့ ငါ ဆောင်ရွက်ရမှာ ဖြစ်တယ်လို့ ကျွန်တော်မျိုး ဆင်ခြင်မိပါတယ် . . . မင်းကြီး"

"သင်က ကျေးဇူးတော်ကို ဘယ်လိုတုန့်ပြန်ပေးချင်လို့လဲ"

"အရှင်မင်းကြီးကို ပဟာဒိက ကပိလတိုင်း၊ ဥတ္တရ ပဉ္စာလရာဇ်ပြည်စံတဲ့ ဘုရင်မင်းမြတ်အဖြစ်သာမက ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ ထီးဆောင်းမင်းတစ်ရာတို့ကို ပျပ်ဝပ်ကျိုးနွံစေပြီး တစ်ကျွန်းလုံးကို အစိုးရတဲ့ ဧကရာဇ်မင်းကြီးအဖြစ် ရောက်အောင် ဆောင်ကြဉ်းပေးလိုလှပါတယ်"

"ဇမ္ဗူဒိပ်အလုံးကို အစိုးရတဲ့ ဧကရာဇ် . . . ဟုတ်လား၊ ဘယ့်နှယ်လုပ်ပြီး ဒီအဖြစ်ကို ရနိုင်မှာလဲ . . . ပုရောဟိတ်ကြီး"

"ကျွန်တော်မျိုးရဲ့ အကြံအတိုင်း လိုက်နာမယ်ဆိုရင် ဘုန်းတော်ကြောင့် ထီးဆောင်းမင်းတကာတို့ရဲ့ ဧကရာဇ်မင်းဖြစ်နိုင်ပါတယ် အရှင်မင်းကြီး"

"ပုရောဟိတ်ကြီး ရှိဆဲဖြစ်ဆဲ အခြေထက် သာလွန်ကောင်းမြတ်မယ်ဆိုတာကို ဘာကြောင့် မလိုက်နာနိုင်ရမလဲ။ သင့်အကြံက ဘယ်လိုတဲ့လဲ"

"နားဆင်ပါ . . . အရှင်မင်းကြီး . . . "

ကေဝဋ္ဋပုရောဟိတ်၏ အကြံအစည်များမှတစ်ဆင့် ပုရောဟိတ်ကြီး၏ နှလုံးသဏ္ဍာန်ကို မဟောသဓာသုခမိန် ထွင်းဖောက်တွေ့မြင်နေသည်။

စူဠနီဗြဟ္မဒတ်မင်းသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၏ ဧကရာဇ်ဖြစ်ခဲ့သော် သူလည်း ဧကရာဇ်မင်း၏ ပုရောဟိတ်ကြီးဖြစ်မည်ဟု ကေဝဋ္ဋပုရော





ဟိတ် တွက်ထားချေသည်။ စင်စစ် ပုရောဟိတ်လည်း လောဘမီးနှစ်မီးကို ကူးညှိလိုက်ခြင်းပင်ဖြစ်သည်။ ထိုလောဘမီးနှစ်မီးသည် ကမ္ဘာလောကကိုပါ ကူးစက်လောင်ကျွမ်းစေမည့်မီး ဖြစ်သည်။ ဇမ္ဗူဒိပ်ကျွန်း၏ ငြိမ်းချမ်းသာယာမှုကို ခြိမ်းခြောက်မည့် အန္တရာယ်မီး ဖြစ်သည်။ ကေဝဋ္ဋပုရောဟိတ်သည် သူ၏ ဉာဏ်ပညာရည်ကို အဆိပ်ရည်အဖြစ်သို့ ကူးပြောင်းစိမ့်နေချေပြီ။

သဉ္ဇာလီမှခွာကာ ခန်းမတံခါးကိုဖွင့်လျက် လေသာဆောင်ဆီသို့ မဟောသဓာသုခမိန် ထွက်လာခဲ့သည်။ ပြည့်ဆဲ လရောင်အလင်းဖြင့် မိထိလာ နေပြည်တော်ကို ရှုစားသည်။ စင်စစ် လရောင်အောက်တွင် မိထိလာ၏ တစ်စိတ်တစ်ဒေသလောက်သာ တွေ့မြင်နိုင်သော်လည်း မဟောသဓာသုခမိန်၏ အာရုံထဲ၌မူ တစ်ပြည်လုံးကို အသေးစိတ်မှတ်မိနေသည်။

မကြာခင်က ကိုယ်တိုင်ကိုယ်ကြပ်ဦးစီးကာ နေပြည်တော်ကို အသစ်ထပ်မံတည်ဆောက်ထားခဲ့ချေသည်။

မူလမြို့ကြီးအောက်တွင် စဉ်းငယ်နိမ့်သော မြို့ငယ်တစ်ထပ်တည်ခဲ့သည်။ မြို့တံတိုင်းနှစ်ထပ်တို့တွင် တံခါး၊ ပစ္စင်၊ ပြ၊ တန်ဆောင်း၊ သူရဲပြေး၊ သူရဲခို၊ ရင်လျှောက် အလုံးစုံသော မြို့အဆောက်အအုံတို့ဖြင့် ပြည့်စုံစေခဲ့သည်။ မြို့အပြင်၌လည်း ကျုံးခြောက်တစ်ထပ်၊ ညွန်ကျုံးတစ်ထပ်၊ ရေသတ္တဝါပြွမ်းသော ရေကျုံးတစ်ထပ် ကျုံးသုံးထပ် ရံစေခဲ့သည်။ မြို့တွင်း၌ လေးထောင့်သဏ္ဌာန်ကန်ကြီးကို တူးဖော်စေပြီး ရေမပြတ်နေစေအောင် ရေသွင်းကာ ရေလွှတ်ပြွန်ပေါက်များ အသီးသီး ဖောက်ထားခဲ့သည်။ ရှင်ရသေ့တို့ကို တောင်းပန်ဆောင်ကြဉ်းစေကာ ဟိမဝန္တာမှ ကုမုဒ္ဒရာကြာစေ့တို့ကိုလည်း ရေကန်များတွင် စိုက်ပျိုးခဲ့သည်။ မြို့ပြင်လေးရပ်ရှိ ဇရပ်ဟောင်း ဇရပ်ပျက်များကိုပင် ခြွင်းချန်မထား၊ အသစ်ဆောက်လုပ် ပြင်ဆင်စေခဲ့ပြီး ဖြစ်သည်။

မိထိလာသည် တစ်ပြည်တစ်နိုင်ငံမှ လှေသင်္ဘော၊ ကုန်သည်၊ လှည်း၊ ခြေကျင်ဝန်တင် ကုန်သည်အပေါင်းတို့ဖြင့် ယခင်ကထက်ပို၍ စည်ကားလာသည်။ တစ်နေ့ခင်းလုံး အုတ်အုတ်ကျက်ကျက် စည်ကား လှုပ်ရှားနေခဲ့သော ထို မိထိလာသည် ယခုအခါ လရောင်အောက်တွင် ငြိမ်းအေးစွာ အိပ်မောကျနေပေပြီ။

မဟောသဓာသုခမိန်သည် လေသာဆောင်ဆီမှခွာကာ ခန်းမထဲသို့ ပြန်ဝင်လာခဲ့သည်။ စက်ရာဆောင်ထဲသို့ မဝင်သေးချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျေးသားတမန် ဆောင်ကြဉ်းလာသော သတင်းနှင့်အတူ ဖြစ်ပေါ်လာသော အရာတို့ကို ဆက်စပ်သုံးသပ်ရဦးမည်။ မိထိလာတစ်ပြည်လုံး ငြိမ်းအေးစွာ အိပ်မောကျနေချိန်၌ မိမိပါ အိပ်စက်၍မဖြစ်သေး။ မိထိလာပြည်ကြီး၊ ဝိဒေဟရာဇ်တိုင်းပြည်ကြီးအတွက် ယခုညကဲ့သို့သော ချမ်းမြေ့စွာ အိပ်စက်ရမည့် ညပေါင်းများစွာကို ဖန်တီးပေးနိုင်ရန် မိမိက နိုးကြားလှုပ်ရှားနေရပေမည်။

သဠာလီခေါင်းရင်းဘက်ရှိ သုံးချောင်းထောက် ရွှေရေးကလပ်ပေါ်မှ စာချွန်ဘူးကို မဟောသဓာသုခမိန် လှမ်းယူလိုက်သည်။ ထို့နောက် တည်ငြိမ်သောလက်များဖြင့် စာချွန်ဘူးကို ဖွင့်သည်။ အထဲမှ စာချွန်ကို ထုတ်ယူသည်။ လွန်ခဲ့သည့်ငါးရက်က ရောက်ရှိလာသော စာချွန်။

*အရှင့်ထံ စာချွန် ဆက်ပါသည်။*

*ဤစာချွန်ကို ဆက်သသူမှာ အရှင်၏ အမှုတော်ပေးချက် အရ တစ်ရာသော ထီးဆောင်းမင်းတို့၏ ပြည်နိုင်ငံအသီးသီးတွင် လျှို့ဝှက်အမှုထမ်းနေသူ ကျွန်ယုံဖွားဖက်များထဲမှ တစ်ဦး ဖြစ်ပါသည်။*

*အကျွန်ုပ် လျှို့ဝှက်အမှုထမ်းရသည့် ပြည်နိုင်ငံမှာ ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ်နေပြည်တော် ဖြစ်ပါသည်။ အကျွန်ုပ်ခစားလျက်ရှိသော ပဉ္စာလရာဇ်မင်းသည် ယခုအခါ စစ်သည်ဗိုလ်ပါများ ရုံးစု၍ ဓား၊ လှံ၊ လေး၊ မြား၊ လွှား၊ ကာ၊ မီးပေါက် လက်နက်မျိုးတို့ကို ပြင်ဆင်စီမံလျက် ရှိပါသည်။*

*အကြောင်း မည်သို့မသိပါ။*

*အရှင့်အမှာတော်အတိုင်း ထူးခြားမှုများကို စုံစမ်းကြားသိရသဖြင့် သတိတော်ထားနိုင်ရန် ဤစာချွန်ကို ဆက်သရခြင်း ဖြစ်ပါသည်။*

စာချွန်ကို ပြန်လိပ်ကာ ဘူးထဲသို့ ထည့်လိုက်သည်။

သူလျှိုအထောက်တော်၏ စာချွန်ပါအကြောင်းအရာကို ကျေးသားတမန် စုံစမ်းခဲ့သော အချက်အလက်များနှင့် ပေါင်းစပ်လိုက်သောအခါ ဥတ္တရပဉ္စာလရာဇ်၏ သဏ္ဌာန်ရုပ်လုံးသည် ထင်ရှားစွာ ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။





လူးလွန့် လှုပ်ရှားခြင်းမရှိ၊ ပကတိတည်ငြိမ်တည့်မတ်စွာ တောက်လောင်နေသော ဆီမီးတိုင်၏ မီးညွန့်ကိုကြည့်ရင်း မဟောသဓာသုခမိန်သည် စိတ်ထဲမှပင် ရေရွတ်လိုက်လေသည်။

"စူဠနီဗြဟ္မဒတ်မင်းနဲ့ သင်နဲ့နှစ်ကိုယ်ကြား နားလေးဘက် လျှို့ဝှက်တိုင်ပင်ခြင်းလို့ သင် ထင်ခဲ့တယ် ကေဝဋ္ဋပုရောဟိတ်၊ အခု ကျွန်ုပ်ရဲ့ ကျေးသားတမန်က သင်တို့ရဲ့အကြံကို သိခဲ့ပြီးဖြစ်တဲ့အတွက် နားခြောက်ဘက် တိုင်ပင်ခြင်း ဖြစ်ခဲ့ပြီ။ ကျေးသားတမန်ဆီကတစ်ဆင့် ကျွန်ုပ် ကြားသိလာရတဲ့အခါ နားရှစ်ဘက်တိုင်ပင်ခြင်း ဖြစ်လာခဲ့ပြီ။ မကောင်းသော အမှုတစ်ခုအတွက် လျှို့ဝှက်ခြင်းဆိုတာ မရှိပေဘူး။ နားရှစ်ဘက်ကနေ နားအရာအထောင် ပျံ့နှံ့ကြားသိစေတော့မယ် ဆိုတာကိုလဲ မိုက်မဲလှတဲ့ သင် မသိသေးဘူး ကေဝဋ္ဋပုရောဟိတ်ကြီး"

●



www.burmeseclassic.com

www.burmeseclassic.com

## (၃)

ဟရိဇလပြည်သည် နယ်နိမိတ် သေးငယ်သည်နှင့်အမျှ စစ်သည် ဗိုလ်ပါ လက်နက်အင်အားလည်း နည်းပါးသော မထင်မရှားပြည်ငယ်လေး တစ်ခု ဖြစ်သည်။ သို့နှင့်အမျှပင် တစ်သီးတစ်ခြား အေးဆေးစွာ နေထိုင်သည့် ပြည်ငယ်လေးလည်း ဖြစ်သည်။ သို့သော် ယခုအခါ ဟရိဇလ၏ ငြိမ်းချမ်း အေးဆေးမှုသည် ပျက်စီးသွားခဲ့လေပြီ။

နန်းမြို့လေးဘက်လေးတန်မှ ဝိုင်းရံလာသော တပ်မကြီးတစ်ခုလုံးကို မဆိုထားဘိ အရှေ့ဘက်မျက်နှာကိုမှ ဆို့ပိတ်ထားသော တပ်မသည်ပင်လျှင် ဟရိဇလတစ်ပြည်လုံးရှိ တပ်အင်အားထက် သုံးလေးဆမက အင်အား ကြီးမားနေသည်။

နန်းမြို့ပြင်လေးရပ် တပ်မများဆီမှ စစ်မောင်းသံ၊ စစ်မြင်းသံ၊ စစ် ဆင်သံတို့သည် ဟရိဇလနန်းတော်တွင်းထိ တိုးလို့မ့ဝင်ရောက်လာနေသည်။ မင်း၊ မိဖုရား၊ မှူးမတ်ဗိုလ်ပါနှင့် ဟရိဇလပြည်သူတို့သည် နန်းဆောင်ခန်းမ တစ်ဝိုက်တွင် ထိတ်လန့်တုန်လှုပ်စွာ စုဝေးရောက်ရှိနေကြသည်။ မြို့ကို အဝိုင်းခံထားရသော အရေးအခင်းအတွက် မည်သည့်မှူးမတ်မျှ ဘုရင်ကို အကြံပေးလျှောက်တင်နိုင်ခြင်း မရကြသလို ဟရိဇလဘုရင်ကိုယ်တိုင်လည်း မည်သည့်အမိန့်ကိုမျှ မထုတ်ပြန်နိုင် ဖြစ်နေသည်။

မင်းနှင့်တကွသော ပြည်သူပြည်သားအားလုံးတွင် တူညီစွာ ဖြစ်ပေါ် ကျရောက်နေသည်မှာ ထိတ်လန့်တုန်လှုပ်ခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် နန်းဆောင်၏ မြောက်ဘက်တံခါးဆီမှ တံပိုး ခရာသံများ စူးစူးနစ်နစ် ထွက်ပေါ်လာသည်။ ငယ်ရွယ်နုပျိုသော မင်းညီမင်းသားအချို့က ဓားများကို ဆွဲထုတ်ကာ တံပိုးခရာသံများ ထွက်ပေါ်လာရာ မြောက်ဘက်တံခါးဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက်ကြသည်။ သို့သော် ဟာရိဇလဘုရင်က လက်ကို ဝှေ့ယမ်း၍ နေရာမှ မရွေ့ရန် အမိန့်ထုတ်လိုက်သည်။ မင်း ညီမင်းသားများသည် ဓားအိမ်ထဲသို့ ဓားပြန်သွင်းကာ နေရာမှာပင် ပြန်ထိုင် လိုက်ကြရတော့သည်။

တံပိုးခရာသံများ နန်းဆောင်ဆီသို့ ပို၍ နီးကပ်ကျယ်လောင်လာသည်။ မြင်းခွာသံများကိုလည်း ကြားကြရသည်။ မြင်းခွာသံများမှာ ဒုန်းစိုင်းလာသော အသံမဟုတ်ဘဲ လေးဘက်အသားကျ စီးလာသည့် အသံမျိုးဖြစ်သည်။ ကြုံတွေ့ရတော့မည့်အရေးကို အားလုံးတုန်လှုပ်တိတ်ဆိတ်စွာ ရင်ဆိုင်နေကြရဆဲမှာပင် မြင်းခွာသံတို့သည် နန်းဆောင်အပြင်တွင်ရပ်တန့်ငြိမ်သက်သွားသည်။

နန်းဆောင်တံခါးမကြီး ပွင့်သွားသည်။

ပွင့်သွားသော တံခါးမကြီးမှတစ်ဆင့် နန်းဆောင်တွင်းသို့ တပ်ဖွဲ့တစ်ဖွဲ့ဝင်လာသည်။ ထိုတပ်ဖွဲ့ကို တံခါးမှူးများကလည်း တားဆီးစစ်မေးရန် သတိမရကြ။ တံခါးမအနီးမှ ဘုရင့်ကိုယ်ရံတော်တပ်ကလည်း ခုခံခြင်းမပြုနိုင်။ သူတို့မှာ ဟာရိဇလဘုရင်ထံမှ မည်သည့် အမိန့်တစ်စုံတစ်ရာကိုမျှ မရထားသောကြောင့် ဖြစ်သည်။

ချပ်ဝတ်တန်ဆာများ၊ အသွေးအရောင် လက်လက်ထသော လက်နက်များဖြင့် ညိုးညိုးညဲ့ညဲ့အသံများ ထွက်ပေါ်လာကာ တပ်ဖွဲ့သည် နန်းဆောင်အလယ်လမ်းအတိုင်း အတွင်းသို့ ဝင်လာသည်။ တပ်ဖွဲ့၏ ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ ကေဝင်ပုရောဟိတ် ဖြစ်သည်။

ကေဝင်ပုရောဟိတ်သည် သံတမန်ကြီးများဝတ်စုံကို ဝတ်ဆင်ထားပြီး မည်သည့်လက်နက်မျှ ဆင်ယင်ထားခြင်း မရှိ။ သို့သော် ကေဝင်ပုရောဟိတ်နောက်တွင် လိုက်ပါလာသော ကြီးမားထွားကျိုင်းလှသည့် စစ်သည်ကြီးမှာမူ လက်နက်မျိုးစုံကို ချိတ်ဆွဲဆင်ယင်ထားသည်။ ပို၍ ထူးခြားသည်မှာ စစ်သည်ကြီး၏ ဝဲယာလက်နှစ်ဘက်တို့တွင် တံခွန်နှစ်ခုကို ကိုင်ဆောင်လာခြင်းဖြစ်သည်။ ယာလက်တွင် အဖြူရောင့်တံခွန်၊ ဝဲလက်တွင် အနီရောင်တံခွန်။





ကေဝင်ပုရောဟိတ် ခေါင်းဆောင်သော တပ်ဖွဲ့သည် ဟာရိဇလဘုရင်ရှေ့မှောက်သို့ ရဲဝံ့စွာပင် ချဉ်းကပ်နေရာယူလိုက်ကြသည်။ ဒူးထောက်ခြင်း၊ ဦးညွှတ်ခြင်းစသော ခန့်ညားသည့် အမူအရာမရှိ။ ဟာရိဇလနန်းဆောင်ရှင်ပြင်တွင် မိမိတို့၏ နေအိမ်ဧည့်ခန်းဆောင်အလား ပိုင်ပိုင်နင်းနင်းပင် မတ်တတ်ရပ်နေကြသည်။ နန်းမြို့ပြင်လေးဘက်လေးတန် အဝိုင်းခံထားရသောကြောင့် သွေးပျက်ထိတ်လန့်နေကြသည့် ဟာရိဇလဘုရင်နှင့် မှူးမတ်ဗိုလ်ပါတို့မှာလည်း ကေဝင်ပုရောဟိတ်နှင့် စစ်သည်တော်အဖွဲ့၏ ရဲတင်းချင်းနင်းမှုကို မှင်တက်မိကာ အငိုင်သား ငေးကြည့်နေကြလေသည်။

ကေဝင်ပုရောဟိတ်သည် ဝတ်ရုံအဖြူကို သိုက်မြိုက်ခမ်းနားသော အမူအရာဖြင့် ဝှေ့ယမ်းလိုက်ပြီးနောက် ရှေ့သို့ တိုးထွက်လိုက်သည်။

"မြတ်သော ဟာရိဇလပြည့်ရှင်မင်းကြီး၊ ကျွန်ုပ်ဟာ ဘုန်းတော်ကြီးသော ဥတ္တရပဉ္စာလရာဇ်ပြည့်ရှင် စူဠနီဗြဟ္မဒတ် ဘုရင်ဇကရာဇ်မင်းမြတ်ရဲ့ ပုရောဟိတ်ကြီး ကေဝဋ်ဗြာဟ္မဏ ဖြစ်ပါတယ်"

ကေဝင်ပုရောဟိတ်၏ အောင်မြင်သော အသံဝါကြီးသည် တိတ်ဆိတ်နေသော နန်းဆောင်ထဲတွင် ပို၍ ကျယ်လောင်မြည်ဟည်းသွားလေသည်။

"ဝရဇိန်စက်သွားရွယ်ရာမှာ ဇွတ်ကာပိတ်ဆီးဖို့ မတတ်နိုင်သလို ဆင်မြင်းစစ်သည်ဗိုလ်ပါ သူရဲကောင်းအလုံးအရင်းအရာမှာ မည်သည့် မင်းမျှ တန်းရည်မတူနိုင်တဲ့ ကျွန်ုပ်ရဲ့ ဇကရာဇ်မင်းမြတ်ဘုန်းစက် အာဏာတော်က ယခုအခါ ဇမ္ဗူဒိပ်တစ်ခွင်မှာ တစ်စတစ်စကျယ် ပြန့်သက်ရောက်နေပြီ ဖြစ်ပါတယ်။ အတိုင်းတိုင်း အပြည်ပြည်က ထီးဆောင်းမင်းအပေါင်းတို့ဟာ စူဠနီဗြဟ္မဒတ်မင်းမြတ်ရဲ့ ဘုန်းအာဏာအောက်ကို လက်နက်ချအပ်ပျပ်ဝပ်ကျိုးနွံစွာ ပဏ္ဏာလက်ဆောင်အသီးသီးနဲ့ ကျွန်တော်ခံ ဝင်ရောက်နေကြပြီ ဖြစ်တယ်"

ကေဝင်ပုရောဟိတ်သည် မျက်တောင်တစ်ခတ်အတွင်းမှာပင် နန်းဆောင်အတွင်းရှိ ပရိသတ်အားလုံးကို ဖြန့်ကြက်ကြည့်ရှုလိုက်ပြီးနောက် -

"ကျွန်ုပ်တို့ရဲ့ သခင် ဘုရင်မင်းမြတ်ကလဲ ခပ်သိမ်းသော လူအပေါင်းကို သနားခြင်း ကရုဏာတော်ရှိပြီးဖြစ်တဲ့အတွက် စည်းစိမ် အသက်မပျက်စေဘဲ ငြိမ်းအေးစွာ သိမ်းယူလက်ခံတော်မူပြီး လက်နက်နိုင်ငံ ပြုတော်မူခဲ့တယ်။ ယခု ဟာရိဇလကို လေးဘက်လေးတန် ဝိုင်းရံထားကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



တပ်တော်တွေဟာ စူဠနီဗြဟ္မဒတ်မင်းမြတ်ရဲ့ ကျေးတော်မဲ့ ကျွန်တော်မျိုး လက်နက်နိုင်ငံအချို့ဆီက ပို့လွှတ်ဆက်သတဲ့ လဟ်အောက်ခံဘုရင့်တပ်မ တော်၂၂ ဖြစ်ပေတယ်"

ကေဝဋ္ဋပုရောဟိတ်သည် အသံကို တစ်ဆင့်တိုး၍ မြှင့်လိုက်သည်။

"အခြားအခြားသော ပြည့်ရှင်မင်းတွေလို အရှင်မင်းကြီးကလဲ လက်နက်ချအပ် ပျပ်ဝပ်ကျိုးနွံခဲ့မယ်ဆိုရင် ပြည်သားပြည်သူတို့လဲ ထိတ်လန့်ခြင်းမရှိ၊ အသက်စည်းစိမ်လဲ မထိခိုက်မပျက်စီးဘဲ အေးချမ်းစွာ အရာရောက်သွားမှာ ဖြစ်ပါတယ်။ အခု ကျွန်ုပ်လျှောက်တင်ချက်အတိုင်း မနာယူခဲ့ဘဲ ဆို့ဆီးထောင်ထား ခုခံမယ်ဆိုရင်တော့ ပြည်သားပြည်သူအသောင်းအသိန်းတို့လဲ သေကြေ၊ နိုင်ငံပြည်မြို့လဲ ပျက်စီး၊ အရှင့်ရဲ့ ထီးနန်းလဲ ကျိုးပေါက်၊ အစခပ်သိမ်းဖောက်လဲဖောက်ပြန် ဖြစ်ကြရပါလိမ့်မယ်၊ ဒါကြောင့် . . ."

ကေဝဋ္ဋပုရောဟိတ်က နောက်ဘက်နားတွင် ရပ်နေသော တံခွန်ကိုင် စစ်သည်ကြီးကို မျက်ရိပ်မျက်ခြည်ပြလိုက်ရာ စစ်သည်ကြီး ရှေ့သို့ထွက်လာသည်။ စစ်သည်ကြီးလက်ထဲမှ အဖြူရောင်နှင့် အနီရောင် တံခွန်နှစ်ခုကို ကေဝဋ္ဋပုရောဟိတ်က လှမ်းယူကာတစ်ဘက်တစ်ချက်စီ ကိုင်ဆွဲလျက် . . .

"စစ်ကိုလိုလို့ ဆို့ဆီးခုခံမယ်ဆိုရင် အနီရောင်တံခွန်ကို အရှင်မင်းကြီး ရွေးချယ်ပါ။ အသာအယာ လက်နက်ချအပ် ပျပ်ဝပ်ကျိုးနွံလိုတယ်ဆိုရင် အဖြူရောင်တံခွန်ကို ရွေးချယ်နိုင်ပါတယ်။ ကျွန်ုပ်အနေနဲ့ စူဠနီဗြဟ္မဒတ်မင်းမြတ်ရဲ့ အမိန့်တော်အရ ယခုလို လာရောက်ရာမှာ သီးခြားအမှာစကား လျှောက်တင်လိုတာကတော့ ကျွန်ုပ်တို့ရဲ့ အရှင်သခင် စူဠနီဗြဟ္မဒတ် ဧကရာဇ်မင်းမြတ်ဟာ ပင်ကိုအားဖြင့် နူးညံ့သိမ်မွေ့သော နှလုံးတော်ရှိတယ်ဆိုတဲ့ အကြောင်းပါပဲ။ အရှင်မင်းကြီးအနေနဲ့ အသာတကြည် ဝင်စားကျိုးနွံလိုသော ဆန္ဒရှိပါက ဥတ္တရပဉ္စာလရာဇ် လက်နက်နိုင်ငံတော်ကြီးအတွင်းမှာ ရှိမြဲစည်းစိမ်မပျက် ဆက်လက်ပြီး သူကောင်းပြုခံရမှာ ဖြစ်ပါတယ်။ မြတ်သော ဟရိဇလမင်းကြီး၊ ကျွန်ုပ် လာရောက်ရခြင်း စကားရင်းကို လျှောက်တင်ပြီးပါပြီ။ တံခွန်နှစ်ခုအနက် နှစ်သက်ရာကို ရွေးချယ်ဖို့ကတော့ အရှင်မင်းကြီးရဲ့ ဆန္ဒအတိုင်းသာ ဖြစ်ပါတယ်"

ကေဝဋ္ဋပုရောဟိတ်သည် နောက်သို့ပြန်ဆုတ်ကာ မူလနေရာမှာပင်





တည်ငြိမ်စွာ ရပ်လိုက်လေသည်။

အဖြူရောင်နှင့် အနီရောင် တံခွန်နှစ်ခုကား အားလုံး၏ ရှေ့မှောက်၌ နှစ်ခုယှဉ်တွဲလျက် နန်းရင်ပြင်တွင် အစွဲအမြဲ တည်နေသည်။

မှူးမတ်ဗိုလ်ပါအားလုံး၏ အကြည့်သည် ဟရိဇလဘုရင်၏ လှုပ်ရှားလာမည့် နှုတ်ခမ်းများအပေါ်တွင် ကျရောက်နေသည်။ ခဏတ္တမျှ တိတ်ဆိတ်နေပြီးနောက် ဟရိဇလဘုရင် အသံပေါ်လာသည်။ တိုးတိတ်သော်လည်း အားလုံးကြားနိုင်သည်။

"အနီရောင်တံခွန်ကို ပြန်သိမ်းသွားပါ ပုရောဟိတ်ကြီး . . ."

* * *

ဟရိဇလပြည်ကို သိမ်းယူပြီးနောက် သုံးရက်မြောက်နေ့တွင် မဟောသဓာသုခမိန်ထံသို့ ဥတ္တရပဉ္စာလရာဇ် အထောက်တော်ထံမှ စာချွန်တစ်ခု ရောက်ရှိသွားသည်။

*စူဠနီဗြဟ္မဒတ်မင်းသည် ဇမ္ဗူဒိပ်ကျွန်းအပြင် ထီးဆောင်းမင်းအပေါင်းတို့ကို လက်နက်နိုင်ငံပြု၍ အစဉ်တစိုက်သိမ်းယူခဲ့ရာတွင် ယခုအခါ တစ်ခုယုတ်တစ်ရာသော မင်းနေပြည်တို့ကို လက်ဝယ်ရရှိခဲ့ပါပြီ၊ ဝိဒေဟရာဇ်တိုင်းတစ်ခုသာလျှင် အကြွင်း ဖြစ်ပါတော့သည်။*

မဟောသဓာသုခမိန်သည် မဆိုင်းမတွပင် အမိန့်သဝဏ် ပြန်လိုက်သည်။

*ပဉ္စာလရာဇ်မင်းနှင့် ကေဝဋ္ဋပုရောဟိတ်တို့၏ အမူအရာ အကြံအစည်ကို မပြတ်စုံစမ်း ထောက်လှမ်း၍ အကြောင်းတစ်စုံတစ်ရာ ထူးခြားထင်ရှားရှိလေတိုင်း သတင်းပို့ဆက်၊ လှုံ့လကြီးစွာထားလေ။*

* * *

ဥတ္တရပဉ္စာလရာဇ်ပြည်၏ နယ်နိမိတ်သည် နှစ်အနည်းငယ်အတွင်းမှာပင် တစ်ဟုန်ထိုး ကျယ်ပြန့်ကြီးမားလာသည်။ ကေဝဋ္ဋပုရောဟိတ်၏ တိကျသေသပ်သော ဥပါယ်တံမျဉ်အတိုင်းပင် အစခပ်သိမ်း အထမြောက် အောင်မြင်ခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com



ဇမ္ဗူဒိပ်အပြင်မှ ထီးဆောင်းမင်းတို့သည် စစ်မက်ကို မေ့လျော့နေကြသည်မှာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။ နန်းတော်စောင့်တပ်၊ မြို့စောင့်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ် စသည်ဖြင့် အသီးသီးအသက ဖွဲ့စည်းတည်ထောင်ထားကြသည် မှန်သော်လည်း ထိုတပ်တို့ကို နယ်မြေချဲ့ထွင်ရန် တစ်ပြည့်တစ်ပြည် စစ်ပြုရန် စသည့်စစ်ပွဲများအတွက် အသုံးမပြုသည်မှာ ကြာတောင့်ကြာရှည် ရှိခဲ့ပြီ ဖြစ်လေသည်။ ထီးဆောင်းမင်းတို့၏ ထိုတပ်အင်အားတို့မှာ စင်စစ် ပြည့်ရှင်ဘုရင်၏ဘုန်းတန်ခိုးကို ကိုယ်စားပြုသော ပြယုဂ်အင်အားသာ ဖြစ်သည်။ တပ်မများအနေဖြင့်လည်း နယ်စွန်နယ်ဖျားတွင် တစ်ခါတစ်ရံပေါ်တတ်သော ပုန်စားသူတို့ကို နှိမ်နင်းရသည့် အလုပ်လောက်သာ ရှိသည်။

ဇမ္ဗူဒိပ်ကား စစ်မက်ရေး အေးဆေးငြိမ်သက်ခဲ့ချေသည်။

စစ်ဆိုသည်မှာ မရင်းနှီး မကျွမ်းဝင်သော အရာတစ်ခု ဖြစ်ခဲ့သည်။

ထိုအခြေမျိုးတွင် ကေဝဋ္ဋပုရောဟိတ်သည် ကပိလတိုင်း၊ ဥတ္တရပဉ္စာလရာဇ်ပြည်၏ ပိုင်ဆိုင်သမျှ စစ်အင်အားကို ထုတ်ပြလိုက်သည်။ လေးဘက်လေးတန် ဝိုင်းရံခဲ့သမျှ မြို့တံတိုင်း၏ အပြင်တွင် ရုတ်ခြည်းပင် ကြောက်မက်ဖွယ် စစ်တလင်းပြုတော့မည့်အလား လှုပ်လှုပ်သဲသဲ ရှိစေခဲ့သည်။ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်နှင့် ခြေကျင်စစ်သည်တို့ကို လတ်ဆတ်စွာ လှုပ်ရှားပြစေလိုက်သည်။ တိုက်ခိုက်ခြင်းအရာနှင့် ဝေးကွာသွားအေးနေခဲ့ကြသော အဝိုင်းခံမြို့နိုင်ငံများမှာ ဥတ္တရပဉ္စာလရာဇ်၏ တစ်ခဲနက်သော စစ်အင်္ဂါရှေ့မှောက်တွင် ရုတ်တရက် အငိုက်မိသွားခဲ့ကြသည်။

အမေ့မေ့အလျော့လျော့ သတိပေါ့နေမိခဲ့ကြသော မြို့နိုင်ငံတို့သည် စစ်အင်္ဂါကို ရုတ်တရက် မည်သို့ ခင်းကျင်းတုန့်ပြန်ရမှန်းမသိ ဖြစ်သွားသည်။ ထိုအချိန်မှာပင် ကေဝဋ္ဋပုရောဟိတ်သည် တံခွန်အနီနှင့်အဖြူကို သယ်ဆောင်ကာ နန်းတော်အတွင်းသို့ ရဲဝံ့စွာ ချင်းနင်းတိုးဝင်လိုက်သည်။ ထို့နောက် မဟာသုဒဿန စကြဝတေး မန္တာတ်မင်းနှင့်မခြား မိမိ၏အရှင် စူဠနီဗြဟ္မဒတ်မင်းကို ချီးမြှောက်ဖွဲ့ဆိုကာ ခန့်ညားရှိန်ရှားသွားအောင် ကြုံးဝါးပြောဆိုလိုက်သည်။

ကေဝဋ္ဋပုရောဟိတ်၏ နှလုံးစွမ်းသေနင်္ကား ထိရောက်ခဲ့လေသည်။ ဇမ္ဗူဒိပ်ရှိ ထီးဆောင်းမင်းနိုင်ငံတို့သည် တစ်သီးတစ်ခြား အေးဆေးစွာနေ





ခဲ့ကြသည့်အလျောက် မိမိတို့၏ တိုင်းပြည်နိုင်ငံ မြေအပြင်ကို စစ်တလင်းအဖြစ် ပြောင်းလဲရန် အလိုမရှိကြချေ။

ဥတ္တရပဉ္စာလရာဇ်တပ်မကြီးကိုလည်း ရှိရင်းစွဲထက်ပိုမို၍ မဟာဧကရာဇ်၏ အကျော်ဘဏီတပ်ကြီးအဖြစ် အထင်ရောက်သွားသည်။ မိမိတို့ထက် အဆမတန် အင်အားကြီးမားနေသည်ဟု ယုံစားမိသွားသည်။

သို့ဖြင့်ပင် . . .

နှစ်ခုသော တံခွန်တို့အနက် ငြိမ်းဧ ာ းစွာ အညွှံ့ခံခြင်း၊ ဘုန်းတော်အောက်သို့ အသာတကြည် ခိုဝင်ခြင်းကို ကိုယ်စားပြုသော အဖြူရောင်တံခွန်ကိုသာ ရွေးချယ်ခဲ့ကြသည်။

ဤသို့လျှင် ဥတ္တရပဉ္စာလရာဇ်တပ်မကြီးသည် တိုင်းပြည်နိုင်ငံများကို တစ်ခုပြီးတစ်ခု သိမ်းယူခဲ့လေရာ လက်နက်နိုင်ငံနယ်နိမိတ်ကြီးကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့နိုင်ခဲ့တော့သည်။ မူလက မရှိခဲ့သော အင်အားလည်း တကယ်ပင် ရှိလာခဲ့သည်။ နောက်ပိုင်း ဝိုင်းရံသိမ်းယူခဲ့သော တိုင်းပြည်နိုင်ငံများတွင် ကေဝဋ္ဋပုရောဟိတ် ကြုံးဝါးခြိမ်းခြောက်လိုက်သော စကားသည် အမှန်အတိုင်း ပြောသောစကား ဖြစ်ပေသည်။

ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ် လက်နက်နိုင်ငံကြီး၏ အဝန်းအဝိုင်းတွင် မပါဝင်သေးဘဲ တစ်ခုတည်း ကြွင်းနေသည့် နိုင်ငံတစ်နိုင်ငံသာ ရှိသည်။ ယင်းမှာ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်။



www.burmeseclassic.com

www.burmeseclassic.com

## (၄)

လက်နက်နိုင်ငံတော်၏ အခင်းအကျင်းကိုပြသော မြေပုံကားချပ်ကြီး ရှေ့တွင် မျက်နှာမူ၍ ရပ်လျက်ရှိရာမှ စူဠနီဗြဟ္မဒတ်မင်းကြီးသည် တစ်ဘက်သို့ ပြန်လှည့်လိုက်သည်။

ဥတ္တရပဉ္စာလရာဇ် လက်နက်နိုင်ငံကြီး ကျယ်ပြောလာသည်အမျှ စူဠနီဗြဟ္မဒတ်မင်းကြီး၏ ခန္ဓာကိုယ်သည်လည်း နှစ်အနည်းငယ်အတွင်းမှာပင် ယခင်ကထက်ပို၍ ကြီးထွားတုတ်ခိုင်လာခဲ့လေသည်။ လက်နက်နိုင်ငံကြီး၏ အရှင်သခင်၊ ဇမ္ဗူဒိပ်အပြင် ထီးဆောင်းမင်းတို့၏ ဥသျှောင်ဖြစ်လာသော စူဠနီဗြဟ္မဒတ်မင်းကြီးသည် ကြီးစွာသော စည်းစိမ်ဖြင့် ဝဖီးကြီးမားလာခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ နဂိုကပင် ထွားကျိုင်းလှသော မင်းကြီးမှာ ရွှေနန်းခေတ် စစ်ဘုရင်ဝတ်စုံကြောင့် ပို၍ အလုံးအထည်ကြီးမားနေသည်။ ရွှေနန်းခေတ် စစ်ဘုရင်ဝတ်စုံကို ဆင်မြန်းထားသော်လည်း စင်စစ် ထိုဝတ်စုံကို ဝတ်ဆင်လျက် တစ်ခါမျှ စစ်မြေပြင်သို့ ဝင်ခဲ့ရခြင်းမရှိချေ။ သို့သော် မင်းကြီးသည် တိုက်ပွဲဝင် စစ်ဝတ်စုံကို မကြာခဏ နှစ်နှစ်ခြိုက်ခြိုက် ဝတ်ဆင်လေ့ရှိသည်။ ထိုဝတ်စုံနှင့် မင်းကြီး လိုက်ဖက်သည်ကတော့ အမှန်ပင်။ မြင်ရသူအပေါင်း တစ်မုဟုတ်ချင်း ခန့်ညားရှိန်ရှားစေသည့်အသွင်ကို ဆောင်နေလေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် အနီရောင်အနားသတ်မျဉ်းဖြင့် ရေးခြဲထားသော လက်နက်နိုင်ငံ နယ်နိမိတ်ပေါ်သို့ ရာဇလှံတံသွားကို တရွေ့ရွေ့



www.burmeseclassic.com

www.burmeseclassic.com



သွားကာ တစ်နေရာအရောက်တွင် လှံတံသွားကို ရပ်လိုက်သည်။

ထိုနေရာတွင် အနက်ရောင်ဆေးဖြင့် ရေးခြယ်ထားသည့်အကွက် တစ်ကွက်ရှိသည်။ မြေပုံချပ်ကြီးတစ်ခုလုံးတွင် အနက်ရောင်ခြယ်ထားသော အကွက်မှာ ထိုတစ်နေရာတည်းသာရှိသည်။ ကျန်နေရာအားလုံးမှာ အနီရောင်အနားသတ်မျဉ်းအတွင်း၌ အကျုံးဝင်လျက်ရှိသော်လည်း ထိုအနက်ရောင်အကွက်လပ်ကား အနားသတ်မျဉ်းအတွင်းမှ ကင်းလွတ်နေလေသည်။

"ပုရောဟိတ်ကြီး၊ လက်နက်နိုင်ငံတော်ရဲ့ နယ်နိမိတ်ထဲကနေ ကင်းလွတ်နေတဲ့ ဒီနေရာလေးဟာ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်ဆိုပါလား"

"ဘုန်းတော်ကြောင့်ပါ မင်းမြတ်"

မင်းကြီး၏ စကားအရိပ်အသွားကို စောင့်ရင်း ကေဝဋ္ဋပုရောဟိတ်က အလိုက်သင့် လျှောက်ထားလိုက်သည်။

"အပြည်ပြည် မင်းတို့ကို လက်အောက်ခံပြုခဲ့ပြီးပြီ မဟုတ်လား၊ ဘာကြောင့် ဒီမြေပုံကားချပ်ပေါ်မှာ ဒီအရုပ်ဆိုးလှတဲ့ အနက်ရောင်အကွက်ကို ချန်ထားရသလဲ။ ကိုးဆယ့်ကိုးနိုင်ငံက တပ်တွေနဲ့အတူ ဝိဒေဟရာဇ်တိုင်းကို ဘာကြောင့် မဝိုင်းရံသေးတာလဲ"

"ဘုန်းတော်ကြောင့် ဝိဒေဟရာဇ်တိုင်း မိထိလာပြည်ကို မသိမ်းယူ စေချင်သေးပါ အရှင်မင်းကြီး"

"ဘာဖြစ်လို့လဲ . . . မိထိလာထက် အဆပေါင်း တစ်ရာနီးပါး ကြီးမားတဲ့ အင်အား ကျွန်ုပ်တို့မှာ ရှိနေပြီမဟုတ်လား"

စူဠနီဗြဟ္မဒတ်မင်းကြီးသည် အကြွင်းမဲ့ မဟာဧကရာဇ်အဖြစ်၌ မှတ်သိပ်နေပြီ ဖြစ်လေသည်။ ကေဝဋ္ဋပုရောဟိတ်သည် မင်းကြီးရှေ့သို့ အနည်းငယ် ချဉ်းကပ်၍ ဒူးထောက်လိုက်သည်။

"အရှင်မင်းကြီးရဲ့ သစ္စာရှိပုရောဟိတ်ကြီးဖြစ်တဲ့ ကျွန်ုပ်ကို ရှေ့ရေးနောက်ရေး မြော်မြင်တတ်သူ ပဏ္ဍိတ်တစ်ဦးအဖြစ် အရှင်မင်းကြီး သဘောထားနိုင်ရင် လျှောက်တင်စရာတစ်ခု ရှိပါတယ် မင်းကြီး"

"ပုရောဟိတ်ကြီး . . . ဘာကြောင့် သင့်ကို ကျွန်ုပ်ရှေ့ရေးနောက်ရေး မြော်မြင်တတ်သူ ပဏ္ဍိတ်အဖြစ် သဘောမထားနိုင်ရမှာလဲ။ လက်နက်နိုင်ငံတော်သခင်ဖြစ်အောင် သင်ပဲ ကြံဆောင်ပေးခဲ့တာပဲ။ သင် လျှောက်တင်စရာရှိတာ လျှောက်တင်နိုင်ပေတယ်"





ကေဝဋ္ဋပုရောဟိတ်က ယုံကြည်မှုအပြည့်ပါသော လေသံဖြင့် . . .

"မိထိလာပြည်ကို လတ်တလော မသိမ်းစေချင်ပါ အရှင်မင်းကြီး လက်နက်နိုင်ငံတော်အတွင်းမှာ တစ်နေရာကွက်ကွက်သာ ကျန်တော့တယ် ဆိုပေမယ့် မိထိလာရဲ့အင်အားကို ပေါ့ပေါ့ဆဆ တွက်လို့ မရပါဘူး"

"သင်းက ဘယ်လောက်များ စစ်အင်အား ကြီးမားနေလို့လဲ"

"မိထိလာရဲ့ အင်အား ကျယ်ပြန့်ကြီးမားခြင်းအရာထက် ခိုင်ခံ့ကျစ်လျစ် သိပ်သည်းခြင်းအရာက ပိုပြီးအရေးပါပါတယ် မင်းကြီး"

"ဘာကို ဆိုလိုတာလဲ ပုရောဟိတ်ကြီး"

မင်းကြီး၏ စိတ်ဝင်စားမှုကို ရရှိပြီဖြစ်သောကြောင့် ကေဝဋ္ဋပုရောဟိတ်သည် ပို၍ တိကျခိုင်မာသောလေသံဖြင့် ဆက်လျှောက်လေသည်။

"မိထိလာမှာ အထူးထူးအပြားပြားဆန်းကြယ်တဲ့ ပညာအကြံအစည် ပရိယာယ်ဝေဝုစ် ဥပါယ်တံမျဉ်နဲ့ ရွှေဂူ၊ ပတ္တမြားဂူတို့မှာ စောင့်ကြပ်သော ကေသရာခြင်္သေ့မင်းရဲ့ ရဲရင့်ခြင်း အရည်အသွေးများနဲ့ ပြည့်စုံနေပါတယ်။ ဒီအရည်အသွေးတွေရဲ့ ဗဟိုချက်မဟာ မိထိလာဘုရင် ဝိဒေဟရာဇ်မင်းကြီး အပါးမှာ ခစားနေတဲ့ သုခမိန်တစ်ဦး ဖြစ်ပါတယ်"

စူဠနီဗြဟ္မဒတ်မင်းကြီး စကားတုံ့ပြန်မဆိုဘဲ ငြိမ်သက်စွာ နားထောင်နေသည်။

"အဲဒီ သုခမိန်ရဲ့အမည်က မဟောသဓာလို့ ခေါ်ပါတယ်၊ မဟောသဓာဟာ သုခမိန်သာမက မိထိလာရဲ့စစ်သူကြီးလဲ ဖြစ်ပါတယ်။ အက လေးငယ်အရွယ်ကတည်းက အများသူငါ ပြည်သူပြည်သားတို့ မဖြေရှင်းနိုင်တဲ့ ပြဿနာများကို ဖြေရှင်းထုတ်ဖော် ပညာစွမ်း ပြနိုင်တဲ့သူလဲ ဖြစ်ပါတယ်"

"သုခမိန်စစ်သူကြီးတစ်ယောက် ရှိနေတာနဲ့ပဲ မိထိလာကို ကျွန်ုပ်တို့ ရှောင်ကွင်းထားခဲ့ရမှာတဲ့လား။ တိုင်းပြည်တစ်ပြည်ရဲ့အင်အားကို သုခမိန် တစ်ယောက်နဲ့ပဲ ညှိနှိုင်းဆုံးဖြတ်ရတော့မှာလား ပုရောဟိတ်ကြီး"

မင်းကြီးထံမှ ထိုအမေးစကား လာလိမ့်မည်ဟု ကေဝဋ္ဋပုရောဟိတ်ကြီး တွက်ထားပြီး ဖြစ်သည်။ ထို့ကြောင့် အဆင်သင့်ရှိထားပြီးဖြစ်သော အဖြေစကားဖြင့် တုန့်ပြန်လိုက်လေသည်။

"ထင်ရှားသိသာတဲ့ ဥပမာနဲ့ပဲ ထောက်ချင့်တော်မူပါမင်းကြီး ဥတ္တရ



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စာလရာဇ်ပြည်ကို ကေဝဋ္ဋပုရောဟိတ်ဆိုတဲ့ ကျွန်ုပ်တစ်ဦးတည်းသော ပညာရှိသုခမိန်က ကိုယ်စားပြုထားသလို မဟောသဓာသုခမိန်ကလဲ မိထိလာပြည်ရဲ့ ကိုယ်စားပြုယုဂ် ဖြစ်ပါတယ် အရှင်မင်းကြီး"

ကေဝဋ္ဋပုရောဟိတ်၏ ရှင်းလင်းချက်မှာ ထိရောက်လှသည်။ ကေဝဋ္ဋပုရောဟိတ်၏ အစီအမံဖြင့် လက်နက်နိုင်ငံတော်ကြီးကို ထူထောင်ထားသည့် အဖြစ်က အတိုင်းသားထင်ရှားနေသော သာဓကပင်။

တွေဝေသွားသော စူဠနီဗြဟ္မဒတ်မင်းကြီး၏ တိတ်ဆိတ်မှုအပေါ်သို့ ကေဝဋ္ဋပုရောဟိတ်က ထပ်မံ၍ အုပ်စီးလိုက်ပြန်သည်။

"အရှင်မင်းကြီး၊ မိထိလာအရေးအတွက် စိုးရိမ်တော်မမူပါနဲ့၊ မိထိလာအတွက် ဖြေသိမ့်စရာ အကြောင်းနှစ်ချက် ရှိနေပါတယ်"

"ဘယ်လိုအကြောင်းနှစ်ချက်လဲ"

"ပထမအချက်က မိထိလာဟာ ဘုန်းတော်အရှိန်အဝါကြောင့် တစ်စထက်တစ်စ ကျဉ်းမြောင်းခြင်းသို့ ရောက်ရှိလာပါလိမ့်မယ်၊ နောက်ဆုံးမှာ အလိုအလျောက်ပင် လက်နက်နိုင်ငံ ဖြစ်လာပါလိမ့်မယ်"

"အင်း . . ."

"ဒုတိယအချက်ကတော့ သေးကွေးငယ်ရွယ်လှတဲ့ မိထိလာပြည်လေးကို မရသေးရုံမျှနဲ့ တိုင်းကြီးသခင် ဘုရင်ဧကရာဇ်မင်း မဟုတ်ဟု မဆိုထိုက်ပါ။ အရှင့်မှာ တစ်ခုယုတ်တစ်ရာသောထီးဆောင်းမင်းတို့ရဲ့ ပဏ္ဏာကြို့လက်အောက်ခံအင်အားကို ရရှိထားပြီးဖြစ်ပါတယ်"

"ဟုတ်ပေတယ် . . . ပုရောဟိတ်ကြီး"

ကေဝဋ္ဋပုရောဟိတ်သည် ရွှင်လန်းပေါ့ပါးစွာ မတ်တပ်ရပ်လိုက်လေသည်။

"အခုအချိန်မှာ မိထိလာအရေးထက် ပိုကြီးမားတဲ့ အရေးတော်ကြီးတစ်ခုကို စွမ်းဆောင်ဖို့ အချိန်ကျရောက်နေပါပြီ အရှင်မင်းကြီး"

"အရေးတော်ကြီး . . . ဟုတ်လား"

ကေဝဋ္ဋပုရောဟိတ်ကြီး၏ မျက်နှာပေါ်၌ လျှို့ဝှက်သော အပြုံးတစ်ခု ဖြစ်ပေါ်လာလေသည်။

"ထီးဆောင်းမင်းများနဲ့အတူ အောင်သေသောက်ခြင်းမင်္ဂလာ မဟာအောင်ပွဲသဘင်ကြီး ဆင်ယင်ကျင်းပဖို့ ဖြစ်ပါတယ် အရှင်မင်းကြီး"





စူဠနီဗြဟ္မဒတ်မင်းကြီး၏ မျက်လုံးများတွင်လည်း လက်ခနဲ ဝင်းပြက်သွားသလို ထင်ရသည်။

"အောင်သေသောက် အောင်ပွဲသဘင်ကို ကျင်းပတော့မယ်တဲ့လား"

"အချိန်စေ့ရောက်ပါပြီ အရှင်မင်းကြီး"

"သူတို့အတွက် အချိန်စေ့ပြီဆိုပါတော့၊ ဟုတ်လား ပုရောဟိတ်ကြီး"

စူဠနီဗြဟ္မဒတ်မင်းကြီးက လက်တစ်ဘက်ကို ဆန့်ထုတ်၍ မြောက်ဘက်သို့ ညွှန်ပြရင်းမေးသည်။ ကေဝဋ္ဋပုရောဟိတ်က ပြုံးရယ်လျက် ခေါင်းညိတ်ကာ -

"ဟုတ်ပါတယ် အရှင်မင်းကြီး"

ဟု ဖြေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီး ညွှန်ပြသော မြောက်ဘက်တွင် လက်အောက်ခံ ထီးဆောင်းမင်းတို့၏ တဲနန်းများ ရှိနေသည်။

"ဥတ္တရပဉ္စာလရာဇ်ကို ပြန်ကြစို့ ပုရောဟိတ်ကြီး"

●



www.burmeseclassic.com

www.burmeseclassic.com

# (၁)

စူဠနီဗြဟ္မဒတ်မင်းကြီး၏ ဘုရင့်ဥယျာဉ်တော်သည် နဂိုကပင် ကြီးမား ကျယ်ပြန့်လှသော ဥယျာဉ်ကြီး ဖြစ်သည်။ ဥယျာဉ်ဆိုသော်လည်း မည်ကာမတ္တ ပန်းမန်ဥယျာဉ် မဟုတ်ချေ။ ရေတံခွန်များ၊ စမ်းချောင်းများ၊ တောအုပ်ငယ်များ၊ တောင်ကုန်းငယ်များ ဖြစ်ပေါ်နေအောင် စီမံပြုပြင်ထား သည့် ဥယျာဉ်ကြီး ဖြစ်သည်။

သဘာဝ၏ အငွေ့အသက်လည်း ပါဝင်အောင် လူတို့ဖန်တီးပြုလုပ် ထားသည့် အလှအပလည်း ပါဝင်အောင် အထူးတလည် စီမံထားသော ဥယျာဉ်ကြီးဖြစ်သည့်အတွက် ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ်ပြည်၏ ကျက်သရေဆောင်တစ်ပါးအဖြစ် ကျော်ကြားခဲ့လေသည်။

ပင်ကိုအားဖြင့် စိမ်းစိုကျယ်ပြန့်သော ထိုဥယျာဉ်ကြီးကို ယခုအခါ ထပ်မံ၍ ပြုပြင်ခြယ်သထားသည့် စမ်းချောင်း၊ ရေကန်၊ ရေတံခွန်များမှ ရေများကို အသစ်ထပ်မံဖောက်လုပ် စီးဆင်းစေသည်။ အခါရာသီမဟုတ် သော ပန်းမျိုးတို့ကိုလည်း ဖူးပွင့်စေသည်။ စိမ်းဖန့်မြက်ခင်းပြင်တွင် ပို၍နူးညံ့ သော မြက်တို့ဖြင့် အသစ်လဲလှယ်ထားသည်။ စမ်းချောင်း၊ ရေကန်များကို ဖြတ်ကူးဆောက်လုပ်ထားသော တံတားခုံးမုခ်များတွင်လည်း ပန်းဆိုင်းများ ဖားလျားကျနေအောင် ပြုပြင်တပ်ဆင်ထားသည်။ ဥယျာဉ်တော်အတွင်း တွင် အများဆုံးရှိနေသော အင်ကြင်းပင်ကြီးများ၏ ပင်စည်ပတ်လည် ကျောက်သားဖြူထိုင်ခုံများကိုပင် ဖွေးဖွေးထနေအောင် ပွတ်တိုက်ဆေးကြော ထားသည်။

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မူလရှိပြီးသား အဆင်အယင်များကို ထပ်မံမွမ်းမံထားရုံမျှမက အသစ်အသစ်သော အခင်းအကျင်းများဖြင့်လည်း တိုးချဲ့ပြုပြင်ထားသေးသည်။ ဥယျာဉ်တော်၏ အတွင်းဘက်အကျဆုံး ပဏ္ဍုရိတ်စည်း၏ အခြားတစ်ဘက်မှ မြက်ခင်းနှင့်ယှဉ်လျက်ရှိသော သဲဖြူလမ်း၏ ဝဲယာတွင်လည်း ရောင်စုံဆေးခြယ်ထားသည့် ဆန်ကွဲများကို ပန်းပွင့်ပုံ အကွက်ဖော်ထားပြန်သည်။

စဥ့်သုတ်ထားသော ရေကန်ပေါင်၏ အနားရေးများကို ဖြူဆွတ်သော ကျောက်ပြားများဖြင့် ထပ်မံ၍ မံသည်။ ရေကန်အလယ်တည့်တည့်ရှိ ကျောက်ဆစ်ဥဒေါင်းရုပ်၊ ကြိုးကြာရုပ်၊ ဆင်ရုပ်များဆီမှ ရေပန်းများ တဖွားဖွားထွက်လျက် ရှိသည်။

ဥယျာဉ်တော်၏ ဗဟိုတွင်ကား ကြီးမားကျယ်ပြန့်သော မြက်ခင်းပြင်ကြီး ရှိသည်။ ထိုမြက်ခင်းပြင်ကြီးတွင် တစ်ခါမျှ မဆင်ယင်ဖူးသော မြင်ကွင်းတစ်ခုကို တွေ့ရသည်။ ဝိုင်းဝန်းသော မြက်ခင်း၏ ပတ်ပတ်လည်တွင် ကျောက်သားခုံရှည်များကို တစ်ခုနှင့်တစ်ခုဆက်၍ ခင်းထားသည်။ ခုံရှည်များရှေ့တွင် ရွှေပိန်းချ သုံးချောင်းထောက် စားပွဲဝိုင်းတစ်ခုစီ ရှိသည်။ စားပွဲဝိုင်းတွင် ကြက်သွေးရောင်တောက်နေသော ကတ္တီပါစားပွဲခင်းများ ခင်းထားသည်။ ကျောက်သားခုံရှည်၏ နောက်ဘက်တွင်မူ အမှတ်တံဆိပ်အမျိုးမျိုးပါရှိသော အရောင်အသွေးလည်း အမျိုးစုံလင်သော တံခွန်များကို စိုက်ထူထားသည်။ ကျောက်သားခုံရှည်ပေါင်း ကိုးခု ရှိသည်။ စားပွဲဝိုင်းလည်း ကိုးဆယ့်ကိုးခု ရှိသည်။

မြက်ခင်းအနားသတ်အလိုက် ဝန်းဝိုင်း၍ တည်ခင်းထားသော စားပွဲများသည် စက်ဝိုင်းပုံသဏ္ဍာန်အတိုင်း အစဉ်တစိုက် ထိစပ်နေကြပြီး ကြီးမားလှစွာသော အင်ကြင်းပင်ကြီး တစ်ပင်ရှေ့ ရောက်သောအခါ စားပွဲစက်ဝိုင်းကြီး၏ အနားနှစ်ဘက်တို့သည် ထိစပ်ခြင်းမရှိတော့ဘဲ နေရာလပ်တစ်ခု၏ ဟိုဘက်သည်ဘက် အစွန်းတွင် ကုန်ဆုံးသွားလေသည်။

ထိုအင်ကြင်းပင်ကြီး၏ ရှေ့၊ ထိုနေရာလပ်တွင်ကား ရှိရှိသမျှသော စားပွဲတို့ထက် ပို၍ ကြီးမားသော စားပွဲကြီးတစ်လုံး ရှိသည်။ စားပွဲကြီးနောက်မှ ထိုင်ခုံမှာလည်း ကျောက်သားခုံရှည်မဟုတ်တော့ဘဲ နောက်မှီမြင့်မားမိုးကဲနေသော ထိုင်ခုံကြီးတစ်ခု ဖြစ်သည်။ ထိုထိုင်ခုံကြီး၏ လက်တန်း ပွတ်





လုံးများမှာ ခြင်္သေ့ရုပ်ခံဖြစ်ပြီး ရွှေရောင်တောက်နေသော ကတ္တီပါစကြီးဖြင့် နေသားတကျ ဖုံးအုပ်ထားသည်။

ထိုင်ခုံနောက်မှီ၏ နောက်ဘက်တွင် စိုက်ထူထားသော တံခွန်မှာလည်း အခြားအခြား တံခွန်များထက် ပို၍ ကြီးမားသည်။ တံခွန်တွင်ပါရှိသော အထိမ်းအမှတ်တံဆိပ်ကား ကပိလတိုင်း၊ ဥတ္တရပဉ္စာလရာဇ်ပြည့်ရှင် စူဠနီဗြဟ္မဒတ်မင်းကြီး၏ အမှတ်တံဆိပ် ဖြစ်လေသည်။ ထိုနေရာ၏ အထူးခြားဆုံး အမှတ်လက္ခဏာမှာ မြင့်မားသော ထိုင်ခုံနောက်မှီနှင့် ကပ်၍ ထီးဖြူနှစ်လက် စိုက်ထူထားခြင်းပင် ဖြစ်သည်။ အားလုံးအပေါ်သို့ အုပ်မိုးနေသော ထီးဖြူနှစ်လက်ကြောင့် ထိုနေရာသည် အခြားကိုးဆယ့်ကိုးခုသော ကျောက်သားခုံရှည်စားပွဲဝိုင်းများနှင့် သီးခြား ကွဲပြားနေလေသည်။

ထိုင်ခုံများ၊ စားပွဲများဖြင့် ဝိုင်းပတ်ထားသော မြက်ခင်းအစပ် အင်ကြင်းပင်များထက်တွင်လည်း ပန်းဆိုင်းစက္ကူများ၊ ဖွာရရာကျသော ရောင်စုံမီးကြာပုံးများကို ချိတ်ဆွဲထားပြန်သည်။ ထို့ကြောင့် အင်ကြင်းပင်တို့သည် အရောင်အသွေးစုံသစ်သီးများဖြင့် အတီပြီးနေသည်ဟု ထင်ရလေသည်။

စက်ဝိုင်းသဏ္ဍာန် ခင်းကျင်းထားသော စားပွဲတန်းဝိုင်းကြီး၏ အလယ် မြက်ခင်းပြင်တွင်-ရှိနေသော အရာများသည် ဥယျာဉ်တော်အခမ်းအနားတွင် အထူးခြားဆုံးဟုပင် ဆိုရပေမည်။ ထိုအရာများကား -

ပန်းကနုတ်ဖော်ထားသော စရည်အိုးကြီးများ ဖြစ်ကြသည်။

စရည်းအိုးကြီးများအဝကို ကတ္တီပါစအနီဖြင့် ဖုံးအုပ်ကာ လည်ရစ်အနားအတိုင်း ငွေရောင်ပိုးသားကြိုးဖြင့် ချည်နှောင်ထားသည်။

စရည်းအိုးကြီးများကို ဥတ္တရပဉ္စာလရာဇ်ဘုရင် နန်းတော်စောင့်တပ်ဖွဲ့မှ လှံရှည်ကိုင်ရဲမက်များ ဝိုင်းရံစောင့်ကြပ်နေကြသည်။

"စရည်းအိုးကြီးများအနီးသို့ မည်သူမျှ မလာရ၊ ချဉ်းကပ်လာသူမှန်သမျှ နေရာ၌ပင် အဆုံးစီရင်စေ"

ဟု ကေဝဋ္ဋပုရောဟိတ်ကြီးကိုယ်တိုင် အမိန့်ထုတ်ထားခဲ့ချေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ဒိဗ္ဗသည် သူ့ကိုသူ 'စားတော်ကဲလုပ်ဖို့အတွက် လောကကြီးမှာ ကျူပ် လူဖြစ်လာတာဗျ'ဟု အမြဲကြွေးကြော်လေ့ရှိသူ ဖြစ်သည်။ သူပြောလည်း ပြောစရာပေပင်။ ဥတ္တရပဥ္စာလရာဇ်နန်းတော်တွင်း ဘုရင့်စားဖိုဆောင်တွင် ဒိဗ္ဗတို့ ဆွေစဉ်သားဆက် စားတော်ကဲအဖြစ် အမှုထမ်းလာခဲ့သည်မှာ လေးဆက်ရှိပေပြီ။ ဒိဗ္ဗကား စတုတ္ထမြောက် စားတော်ကဲအဆက်အနွယ် ဖြစ်သည်။ ဒိဗ္ဗ၏ အဘ၊ အဘိုးနှင့် အဘေးတို့သည် ကပိလတိုင်းသားစစ်စစ် ဖြစ်သည်။ အဘေး၏ ဟိုဘက်အဆက်အနွယ်ကိုတော့ ဒိဗ္ဗ မမှတ်မိတော့ပေ။

သို့သော် သူ့အနေဖြင့် သူ့အဘေး လက်ထက်ကစပြီး ဘုရင့်စားတော်ကဲဖြစ်လာခဲ့ခြင်းတစ်ခုတည်းနှင့်ပင် လုံလောက်နေပြီ ဖြစ်သည်။ စူဠနီဗြဟ္မဒတ်မင်းကြီးလက်ထက်တွင် ဒိဗ္ဗသည် အဘ၏ အရိုက်အရာကို ဆက်ခံခဲ့ကြရသည်။ အဘသည်လည်း မင်းကြီး အိမ်နိမ့်စံဘဝကတည်းက လက်သုံးစားတော်ကဲ ဖြစ်ခဲ့သည်။ ဒိဗ္ဗတို့ တစ်မျိုးလုံး ဘုရင့်နန်းတွင်း စားဖိုဆောင်တွင် ချက်ရင်းပြုတ်ရင်း ခုတ်ရင်း လှီးရင်းဖြင့်ပင် သက်တမ်းများ ကုန်ဆုံးသွားခဲ့သည်။

"လူ့ရယ်လို့ ဖြစ်လာပြီဆိုရင် စားဖို့ဆိုတာ အရေးကြီးဆုံးကိစ္စပဲဗျ။ လူတွင် မဟုတ်ပါဘူးလေ၊ သတ္တဝါဆိုရင်ပဲ အစားစားဖို့ဟာ အဓိက မဟုတ်လား။ လူဆိုတော့ ပိုပြီး စားရေးသောက်ရေးကိစ္စ ရှုပ်ထွေးတာပဲ၊ အဲဒီထဲမှာ လူတွေအပေါ် အုပ်ချုပ်မင်းလုပ်နေတဲ့ ရှင်ဘုရင်ဆိုတာကျတော့ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



စားရေးသောက်ရေးကိစ္စ ရှုပ်ထွေးသေး၊ အဲဒီ ရှင်ဘုရင်ရဲ့ ပွဲတော်စာအတွက် တာဝန်ယူထားတဲ့ ကျုပ်ရဲ့ အလုပ်ဟာ နည်းနည်းနောနောမှတ်လို့။ ကျုပ် ချက်ပြုတ်စီမံတဲ့ ပွဲတော်စာတွေကိုစားပြီး ခင်ဗျားတို့ဘုရင်ကြီး ကျန်းမာနေတာ။ အာဟာရဖြစ်နေတာ၊ ကျုပ်သာ မဟုတ်တာတွေ ချက်ကျွေးကြည့်ပါလား၊ ဥတ္တရပဉ္စာလရာဇ်ပြည်ကြီးရဲ့ ထီးနန်းအရေးတော် ရှုပ်ထွေးသွားနိုင်တယ် သိလား။ လူဟာ စားသောက်မကောင်းရင် ကိုယ်ကလဲ မကျန်းမာ၊ စိတ်ကလဲ မကြည်မလင်နဲ့၊ ဒီမှာ ခင်ဗျားတို့ စူဠနီဗြဟ္မဒတ်မင်းကြီး စိတ်တော်ကြည်ကြည်လင်လင်နဲ့ တိုင်းပြည်အုပ်ချုပ်နေနိုင်တယ်ဆိုတာ ကျုပ်စီမံတဲ့ ပွဲတော်စာတွေကို စားတော်ခေါ်ထားရလို့ဗျ သိရဲ့လား"

ဤသို့ပင် ဒိဗ္ဗသည် သူ့အလုပ်သူ ချီးမြှောက်ဂုဏ်ယူတတ်သည်။

"အံမာ . . . ပွဲတော်စာကို မဟုတ်တာတွေ မင်းက ချက်ကြည့်ပါလား၊ တိုင်းပြည်အုပ်ချုပ်ရေးတွေဘာတွေ ဘာမှမဖြစ်ခင် မင့်ခေါင်း အလျှင်ပြုတ်သွားမှာပေါ့၊ မင်းကြီးက ဘယ်ချမ်းသာပေးလိမ့်မလဲ"

ဟု ဒိဗ္ဗကို ပြောကြသောအခါ . . .

"ဗိုး . . . ဒီလိုဆို ပြုတ်သွားတဲ့ ကျုပ်ခေါင်းကို နွားနို့နဲ့စိမ် ထောပတ်နဲ့ ကြော်ပြီး မင်းကြီးအတွက် ပွဲတော်စာ ပြင်ပေးလိုက်ရုံပ"

ဟု ပြန်ပြောတတ်သည်။

ဒိဗ္ဗ စကားကဲသည်ကို တစ်နန်းတော်လုံးက ခွင့်လွှတ်ထားရသည်။ အကြောင်းမူ ဒိဗ္ဗသည် အပြောကြီးသလောက် တကယ်လည်း ကျွမ်းကျင်ပြောင်မြောက်သော စားတော်ကဲတစ်ဦး ဖြစ်ခြင်းကြောင့်ပင်။

သူ့အလုပ်ကိုသူ ခုံခုံမင်မင်လည်း ရှိသည်။ ဆွေစဉ်မျိုးဆက် တတ်ကျွမ်းခဲ့သော စားတော်ချက်ပညာကို ကြေညက်ရုံမျှမက သူကိုယ်တိုင်ကလည်း အသစ်အဆန်း ဟင်းလျာခဲဖွယ်များကို တီထွင်တတ်သည်။

"ဂုဏ်မြောက်တဲ့ စားတော်ကဲကောင်းတစ်ယောက်ဟာ အမဲ၊ သားငါး ဟင်းလျာတွေကို အရသာရှိအောင် စီမံချက်ပြုတ်တတ်ရုံနဲ့ မပြီးဘူး။ သူဟာ သမားတော်တစ်ဦးလိုလဲ ပညာရှိရတယ်။ အချိန်အခါ ကာလဒေသ ရာသီဥတုနဲ့ သား ငါး အသီးအရွက်တို့ရဲ့ ဆက်စပ်နေပုံကို သိရမယ်။ ပါစကမီးကို မှန်မှန်တောက်လောင်နေအောင် ဘယ်ရာသီမှာ ဘယ်လိုအစားအစာမျိုး သင့်တယ် မသင့်ဘူးဆိုတာ သိနေရမယ်။ ဒီကိစ္စမှာ စားတော်ကဲဟာ





သမားတော်တစ်ဦး ဖြစ်သွားတယ်။ နောက်ပြီး စားတော်ကဲကောင်း တစ်ယောက်ဟာ အနုပညာသမားတစ်ယောက် ဖြစ်တယ်လို့လဲ ဆိုနိုင်တယ်။ ဟင်းလျာခဲဖွယ်တွေကို ချိုချဉ်စပ်ခါး အရသာရှိအောင် ချက်ပြုတ်ရုံနဲ့ မပြီးဘူး၊ စားမယ့်သူဟာ ဟင်းလျာပွဲ ပြင်ဆင်ထားပုံကို ကြည့်လိုက်ရတာနဲ့တင်ပဲ ဆာလောင်နေတဲ့စိတ် ပိုပြီးဆာလောင်အောင် ဆွဲဆောင်နိုင်ရမယ်။ ဒီလို ဆွဲဆောင်ဖို့ကတော့ စားတော်ကဲရဲ့အနုပညာအစွမ်းပဲ။ အရောင်အသွေးမျိုးစုံရှိနေတဲ့ ဟင်းလျာပွဲကို သူ့အရောင်နဲ့သူ၊ သူ့အဆင်းနဲ့သူ ခွဲခြားပြီး တင့်တယ်ခမ်းနားစွာ ပြင်ဆင်ထားတတ်ရမယ်။ ဒီနေ ရာမှာ စားတော့်ကဲဟာ ပန်းချီပညာရှင်၊ ပန်းပုပညာရှင် ဖြစ်သွားပြန်ရော"

"လွန်လွန်းလှချည့်လား"

ဟု ပြောကြသောအခါ ဒိဗ္ဗက ဝင့်ကြွားစွာ ပြုံးလျက် . . .

"ဒါတောင် ကျုပ် စကားအကုန်မပြောသေးလို့၊ စားတော်ကဲကောင်းတစ်ဦးဟာ ပြည့်ရှင်မင်းတစ်ပါးလိုလဲ ကျင့်ကြံရမယ်လို့ ပြောလိုက်ရင် ခင်ဗျားတို့ အံ့သြသွားမယ်"

အံ့သြနေကြသူများကို အရသာခံကြည့်၍ ဒိဗ္ဗဆက်ပြောတတ်သည်။

"မိမိရဲ့ စားဖိုဆောင်မှာရှိတဲ့ အမဲ၊ သား၊ ငါးနဲ့ တခြားစားဖိုဆောင် ပစ္စည်းတွေကို နေသားတကျ ထားသိုတတ်ရမယ်။ အပျက်အစီး အလေအလွင့်မရှိအောင် ထိန်းသိမ်းတတ်ရမယ်။ အလိုရှိတဲ့ပစ္စည်းကို အလိုရှိတဲ့အခါ ချက်ချင်းထုတ်ယူသုံးစွဲနိုင်ရမယ်။ စားဖိုဆောင်ဟာအမြဲသန့်စင်ရမယ်။ အပုပ်အသိုး အလေ့အမှားတစ်ခုတလေ ရှိလာတော့မယ့် အရိပ်လက္ခဏာတွေ့ရင် အမြန်ဆုံးဖယ်ရှားပစ်ရမယ်။ ချက်ပြုတ်နေစဉ်မှာ သွေးသံရဲရဲ မီးခိုးတမည်းမည်း တရှဲရှဲရှီရှီချင် ရှိနေမယ်၊ ဒါပေမဲ့ အမှုကိစ္စပြီးတဲ့အခါမှာတော့ စားဖိုဆောင်ဟာ သာယာလှပနေရမယ်။ ကိုင်း . . . ခင်ဗျားတို့ စူဠနီဗြဟ္မဒတ်မင်းကြီးကို မေးကြည့်စမ်းပါ။ ကပိလတိုင်းကို အုပ်ချုပ်ရာမှာ ဒီလိုနည်းတွေ မရှိဘူးလား၊ ရှိသလားဆိုတာ"

အားလုံးပင် ဒိဗ္ဗကို လက်လျှော့ကြရလေသည်။

ယခုအချိန်တွင်မူ ဒိဗ္ဗ လက်လျှော့ရတော့မလို ဖြစ်နေသည်။

ဘုရင့်စားတော်ကဲချုပ်အနေဖြင့် စားတော်ကဲအမှုထမ်းများကို စီမံခန့်ခွဲနေရသော်လည်း ဒိဗ္ဗ စိတ်မသက်မသာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရွှေနန်းတော်မှလာသော အမိန့်တော် ဖြစ်နေသည်။ စုဋ္ဌနီပြဟ္မဒတ်မင်းကြီးကိုယ်စား သက်ရောက်သော ကေဝဋ္ဋပုရောဟိတ်ကြီး၏ အမိန့်တော် ဖြစ်သည်။

ဘုရင့်ဥယျာဉ်တော်အတွင်း၌ ကြီးစွာသော အောင်သေသောက် အောင်ပွဲမဟာသဘင်ကြီးကို ဆင်ယင်ကျင်းပမည်။ စူဠနီပြဟ္မဒတ်မင်းကြီးနှင့်အတူ တစ်ခုယုတ်တစ်ရာသော ပဏ္ဍာကြို့လက်အောက်ခံမင်းများလည်း ပါဝင်မည်။ ရာဇာတို့ချည်း ပါဝင်နွှဲပျော်မည့် အောင်သေသောက် အောင်ပွဲမဟာသဘင်။

ကပိလတိုင်း၏ အကြီးကျယ်ဆုံးသဘင် ဖြစ်ရမည်ဟု ဆိုသည်။

ဤသဘင်တွင် ရှိရှိသမျှသော အမဲသားငါး ဟင်းလျာများ၊ အသီးအရွက်များ၊ သစ်သီးဝလံများ၊ ချိုချဉ်ခဲဖွယ်များ အားလုံးပါဝင်စေရမည်ဟု အမိန့်တော်တွင်ပါသည်။

ဤအမိန့်တော်ကို ဒိဗ္ဗ ဘဝင်မကျခြင်းဖြစ်သည်။ ဒိဗ္ဗသည် သူ့စကားအတိုင်း သမားတော်တစ်ယောက်လို ဟင်းလျာခဲဖွယ်ကို အခါရာသီနှင့် တွက်ချက်စီမံတတ်သူ ဖြစ်သည်။ ပန်းချီပညာရှင်၊ ပန်းပုပညာရှင်တစ်ယောက်လို လှပသိုက်မြိုက်စွာ ခင်းကျင်းတတ်သူ ဖြစ်သည်။ ယခုမူ သူ့ပညာ၊ သူ့စိတ်ကူးအစွမ်းကို ထုတ်သုံးခွင့် မရနိုင်တော့။

အောင်သေသောက်အောင်ပွဲသဘင် ကျင်းပမည့်ရက်မှာ လပြည့်ည ဖြစ်သည်။ မြူဆိုင်း၍ မြောက်လေပြန်သောအချိန် ဖြစ်သည်။ အေးမြရွှန်းစိုသော ထိုညမျိုးတွင် ဒိဗ္ဗသည် ဟေမန္တဥတု ညဥ့်ချမ်းကာလနှင့် လိုက်ဖက်မည့် ဟင်းလျာမျိုးကိုသာ လက်ရွေးစင် သီးခြားစီစဉ်လိုသည်။ အမိန့်တော်တွင် ပါရှိမည့် ရှိရှိသမျှသော အမဲ၊ သားငါး၊ သစ်သီးဝလံ၊ ချိုချဉ်ခဲဖွယ်များ အတိုင်းသာ စီစဉ်ရပါက အမည်ခံပြီး အရသာကင်းသည့် ပွဲတော်စာ ဖြစ်သွားတော့မည်။ အကုန်အကျများပြီး အလျှံပယ်ပေါကြွယ်သလောက် ဂုဏ်မမြောက်သည့် ပွဲတော်စာ ဖြစ်သွားတော့မည်။

ထို့ပြင် ဒိဗ္ဗ မကျေနပ်သောအချက်မှာ အောင်သေသောက်ပွဲတော်အတွက် အမဲသားငါး ဟင်းလျာအမည်များကို သူ့စိတ်တိုင်းကျ မစီမံရခြင်း ဖြစ်သည်။ အမိန့်တော်၌ ပေးထားသော ဟင်းအမည်များတွင် မလိုအပ်သော အမည်များ ပါဝင်နေသည်။ ထို့ထက်မူ သေရည်သောက်ပွဲသဘင်အတွက်





စီမံထားစေသော ဟင်းလျာအများစုမှာ သေရည်နှင့် မလိုက်ဖက်။

"စဉ်းစားမနေနဲ့တော့ စားတော်ကဲကြီး၊ ဒါ ဘုရင့်အမိန့်ပဲ။ ပြီးတော့ ကိုးဆယ့်ကိုးပြည်ထောင်က လက်အောက်ခံ မင်းတွေနဲ့အတူ ကျုပ်တို့ရဲ့ ဘုရင်မင်းမြတ်က အောင်သေသောက်မှာ၊ ကပိလတိုင်းရဲ့ စားတော်ကဲ လက်စွမ်းကိုသာ အကုန်ထုတ်ပြပေတော့"

ရဲမက်ကြီးတစ်ဦး၏ စကားကို ဒိဗ္ဗ ပြန်မပြောနိုင်တော့။

စိတ်မသက်မသာဖြင့် ဒိဗ္ဗ စားဖိုဆောင်ခန်းမကြီးထဲသို့ ဝင်ခဲ့သည်။ စားဖိုဆောင်ခန်းမကြီးထဲတွင်ကား များပြားလှစွာသော စားဖိုဆောင်အမှုထမ်းများသည် အုတ်အုတ်သဲသဲ အလုပ်ရှုပ်နေကြလေသည်။ ခန်းမကြီးတစ်ခုလုံးလည်း ချက်ပြုတ်ခုတ်ထစ် ကြော်လှော်သံများဖြင့် ဆူညံနေသည်။

အညှော်နံ့များကို ရှူရှိုက်လိုက်သဖြင့် ဒိဗ္ဗ၏ စားတော်ကဲသွေးများ ဆူဝေလာသည်။ စစ်ဆင်သံ၊ စစ်မြင်းသံများကို ကြားလိုက်ရသော တပ်တော်ဦးမှ သေနာပတိလို တက်ကြွလာသည်။

မီးဖိုတစ်ခုစီသို့ ဒိဗ္ဗ လိုက်၍စစ်ဆေးသည်။ ဟင်းလျာများကို အနံ့ဖြင့်၊ အရသာဖြင့် မြည်းစမ်းသည်။ အမှုတော်ထမ်းများကို အမိန့်ပေးသည်။ မီးဖိုတစ်ခုပြီး တစ်ခု၊ ဒယ်တစ်ခုပြီး တစ်ခု စစ်ဆေး အမိန့်ပေးပြီးနောက်တွင်ကား ဒိဗ္ဗ နွမ်းနယ်သွားသည်။ ခန်းမကြီး၏ တစ်ဘက်တံခါးဝမှ ထွက်လာခဲ့သည်။

ဘုရင့်ဥယျာဉ်တော်ဆီမှ တိုက်ခတ်လွင့်ဝဲလာသော ပန်းရနံ့သင်းသည့် လေကို တဝတနင့် ရှူရှိုက်လိုက်သည်။ စောစောက မကြည်မလင်ဖြစ်ခဲ့သည်များ အားလုံးကိုလည်း ဒိဗ္ဗ မေ့ဖျောက်ပစ်လိုက်လေသည်။

"ငါဟာ ဘုရင့်အမှုတော်ထမ်းပဲ၊ ဘုရင့်အမိန့်တော်နဲ့ လာသမျှကို ဦးထိပ်ရွက်ရမှာပဲ၊ ဟင်းလျာတွေ အဆင်ပြေတာ မပြေတာ ငါ့တာဝန်မဟုတ်ဘူး၊ အရေးကြီးတာက အမှုတော်ကျေပွန်ဖို့"

အင်ကြင်းပင်အုပ်ရှိရာသို့ ဒိဗ္ဗ လျှောက်ရင်း တင်းကြပ်ခဲ့သော အတွေးများကို ဖြေလျှော့လာလေသည်။

မင်းကြီးနှင့်တကွ ထီးဆောင်းမင်း ကိုးဆယ့်ကိုးပါးတို့ အောင်သေသောက် အောင်ပွဲခံသဘင်ကျင်းပမည့် မြက်ခင်းဆီသို့ ဒိဗ္ဗ ဆက်လျှောက်လာခဲ့သည်။ အမဲဟင်းလျာများ၊ သစ်သီးဝလံများ၊ ချိုချဉ်ခဲဖွယ်များကို အစီအစဉ်အလိုက် ခင်းကျင်းချထားနိုင်ရန်အတွက် နေရာမြင်ဆင် စီမံထားပုံကိုသိပ်မ



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးရဦးမည်။

မြက်ခင်းပြင်သို့ ဒိဗ္ဗ ရောက်လာသည်။

ကျောက်သားခုံရှည်များ၊ စားပွဲဝိုင်းများကိုပင် လှမ်းတွေ့နေရပြီ။

မြက်ခင်းပြင်၏ အလယ်တွင်ကား စီရရီထောင်ထားသော စရည်းအိုးကြီးများ၊ ကတ္တီပါအနီစဖြင့် အပေါ်မှအုပ်လျက် လည်ရစ်အနားတွင် ဖြူလွသော ပိုးကြိုးများဖြင့် ချည်နှောင်လျက်။ စရည်းအိုးများ၏ ပတ်လည်ဝန်းကျင်တွင် လှံရှည်ကိုင်ရဲမက်များက စောင့်ကြပ်လျက်။

ဉယျာဉ်တော်အတွင်း လေတစ်ချက် သုတ်ပြန်သည်။ လေအောက်တွင်ရှိသော ဒိဗ္ဗသည် ထူးခြားသော အနံ့တစ်ခုကို ရလိုက်လေသည်။ လိမ္မာကျွမ်းကျင်သော ဘုရင့်စားတော်ကဲ၏ ယဉ်ပါးသော ဂန္ဓအာရုံက ထိုအနံ့၏ ထူးခြားမှုကို အလိုအလျောက်ပင် စစ်ဆေးစူးစမ်းမိလေတော့သည်။

သေရည်နံ့၊ အကောင်းဆုံး သေရည်နံ့ ဖြစ်သည်။ ကိုယ်တိုင်က သေမသောက်၊ သေမကြိုက်သူ ဖြစ်သော်လည်း ဒိဗ္ဗသည် ကဝိလတိုင်းထွက် သေအမျိုးမျိုး၏ အနံ့ကို ခွဲခြားသိနိုင်သူ ဖြစ်သည်။

ယခု ရလိုက်သော သေရည်နံ့ကား အကောင်းဆုံး သေရည်ဖြစ်ကြောင်း ယုံမှားဖွယ်မရှိ။ သို့သော် ချိုမြစူးရှအနံ့ထဲတွင် နောက်ထပ်အနံ့တစ်စုံတစ်ခုကို ရနေပြန်သည်။ ဂန္ဓအာရုံကို အနိုးကြားဆုံးဖြစ်အောင် စူးစိုက်ဆင်ခြင်ကာ ဒိဗ္ဗထပ်၍ အနံ့ခံကြည့်ပြန်သည်။ သေရည်နံ့သည် ရှိသင့်သည်ထက် ပို၍ ပြင်းထန်စူးရှဲသယောင်။

မြက်ခင်းအလယ်ရှိ ကတ္တီပါအနီအုပ် စရည်းအိုးကြီးများဆီမှ လာသော အနံ့ဖြစ်ကြောင်း ဒိဗ္ဗ သိလိုက်သည်။ ထိုစရည်းအိုးကြီးများထဲတွင် သေရည်များရှိနေမည်မှာ မလွဲ။

သို့သော် အဘယ်ကြောင့် ထူးခြားသော အနံ့အသက်မျိုးက သေရည်နံ့ထဲတွင် ဝင်ရောက်စွက်ဖက်နေရသနည်း။ မြက်ခင်းစပ်သို့ ဒိဗ္ဗ ခြေလှမ်းလိုက်သည်။

"ရပ်လိုက် ... ရှေ့မတိုးနဲ့"

စရည်းအိုးကြီးများကို ဝိုင်းရံစောင့်ကြပ်နေသော လှံရှည်ကိုင်ရဲမက်တစ်ဦးက လှံသွားကို ရှေ့သို့ ဖွင့်ထုတ်ကာ အမိန့်ပေးသည်။

"ကျုပ်ပါ ... စားတော်ကဲ ဒိဗ္ဗပါ"





"စားတော်ကဲကြီးလား၊ ဝမ်းနည်းပါတယ်။ ဘာပဲဖြစ်ဖြစ် ရှေ့ကို ခြေတစ်လှမ်း ဆက်မရွှေ့ပါနဲ့တော့၊ အမိန့်တော်ကြီးပါ"

"ဟာ ... ပွဲတော်စာ ဟင်းလျာတွေချဖို့ စားပွဲအခင်းအကျင်းတွေ လာစစ်ဆေးတာဗျ"

"ဒါဆိုလဲ စားပွဲတွေရှိရာဘက် ကြွပါ စားတော်ကဲကြီး၊ ဒီဘက်ကိုတော့ ယောင်လို့မှ မလှမ်းလိုက်ပါနဲ့"

"ပြင်းထန်လှချည်လား၊ နေပါဦး ,... ဒီ စရည်းအိုးကြီးတွေနား မကပ်ရဘူး ဆိုပါတော့"

"စားတော်ကဲကြီး အခုရှိနေတဲ့ နေရာကနေပြီး ရှေ့ဆက်မတိုးဖို့ပဲ တားဆီးရပါလိမ့်မယ်။ စရည်းအိုးကြီးတွေ ဘာတွေ ကျုပ်မသိဘူး၊ အမိန့်တော်ကြီး အရပဲ"

"တဆိတ်ပြင်းထန်သကိုး၊ မတိုးရဆိုလဲ မတိုးဝံ့ပါဘူးဗျာ"

တစ်ဘက်သို့ ဒိဗ္ဗ လှည့်ထွက်လာခဲ့သည်။ ပြင်းထန်သော အမိန့်တော်ထက် စရည်းအိုးကြီးများဆီမှ ရနေသော စူးရှပြင်းထန်သည့် အနံ့ကိုသာ ပို၍ အံ့သြနေတော့သည်။

"ဘယ်လိုအနံ့ပါလိမ့်၊ သေရည်ကတော့ အကောင်းဆုံးသေရည်ပဲ။ ဒါပေမဲ့ နောက်ထပ်အနံ့တစ်ခုက ထူးခြားနေတယ်။ ငါ့ နှာခေါင်းတွေလဲ အညှော်နံ့တွေကြောင့် ပျက်စီးကုန်ပြီထင်ပါ့။ အင်းလေ ငါ စိတ်ထင်လို့လဲ ဖြစ်မှာပါ။ ငါက သိပ်စိတ်လက်ကြည်သာတာ မဟုတ်ဘူးလေ။ စားတော်ကဲများဟာ စိတ်မရွှင်လန်းရင်လဲ ဂန္ဓအာရုံ ချို့တဲ့သွားတယ်နဲ့တူပါရဲ့"

စူးရှပြင်းထန်သော အနံ့အကြောင်းကို ဒိဗ္ဗ အတွေးထဲမှ ဖယ်ထုတ်ပစ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

တအိအိ ပြုံဆင်းလာသော အမှောင်သည် ဥတ္တရ ပဉ္စာလရာဇ်နေပြည်တော် အပေါ်သို့ လေးလံစွာ ကျရောက်လာသည်။ သို့သော် ဘုရင့်ဥယျာဉ်တော်သည် အမှောင်ကို ပြက်ရယ်ပြုလိုက်သည်။ ဥယျာဉ်တော်အတွင်းသို့ အမှောင်၏ မည်းနက်သော လက်တံများက မထိုးဖောက်နိုင်ကြချေ။

အမှောင်ရိပ်သန်းပြီ ဆိုကတည်းက ကျေးကျွန်များသည် ကညင်ဆီမီးတိုင်များကို ထွန်းညှိလိုက်ကြသည်။ ဥယျာဉ်တော် ဗဟိုရှိ မြက်ခင်းပြင်နေရာမှာ မီးတိုင်အများဆုံးဖြစ်သည်။ စက်ဝိုင်းသဏ္ဌာန် ခင်းကျင်းထားသော ရွှေပိန်းချ သုံးချောင်းထောက်စားပွဲများအနီးတွင် မီးတိုင်နှစ်တိုင်စီ စိုက်ထူထားသည်။ မီးရောင်အလင်းဆုံးနေရာကား စူဠနီဗြဟ္မဒတ်မင်းကြီး၏ နေရာဖြစ်သော ထီးဖြူနှစ်လက် စိုက်ထားသည့် စားပွဲကြီးပင် ဖြစ်လေသည်။

စားတော်ကဲမှူး ဒိဗ္ဗ စားဖိုဆောင်တန်းလျား၏ တံခါးပေါက်အနီးသို့ ပြန်ရောက်ချိန်မှာပင် နန်းတော်ဆီမှ တံပိုးခရာသံများ တစ်ခဲနက် ပေါ်ထွက်လာသည်။

ဒိဗ္ဗက စားဖိုဆောင်တန်းလျားအတွင်းသို့ လှည့်ပြီး အမိန့်ပေးလိုက်သည်။

"ဟင်းလျာ လင်ပန်းတွေကို အသင့်ပြင်လိုက်ကြ၊ ဒါဟာ ပထမအချက်ပေးသံပဲ။ မကြာခင် ထီးဆောင်းမင်း ဘုရင်တွေ ရောက်လာကြတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်သော စားတော်ကဲ စားပွဲထိုး အမှုထမ်းများသည် အသင့်ပြင်ဆင် ခူးခပ်ပြီးသား လင်ပန်းများကို မ,ယူလိုက်ကြသည်။

"ထိသံ ရှသံ တစ်သံမှ မထွက်စေနဲ့နော်၊ စူဠနီဗြဟ္မဒတ်မင်းကြီးနဲ့ထီးဆောင်းမင်းတစ်ရာရဲ့ အောင်သေသောက်ပွဲမှာ ပဉ္စာလရာဇ် စားတော်ကဲ စားပွဲထိုးတွေရဲ့ ကျွမ်းကျင်မှုကို ပြကြစမ်း"

တံပိုးခရာသံများတိတ်ဆိတ်သွားပြီးနောက် စည်သံကြီးမြည်ဟည်းထွက်ပေါ်လာပြန်သည်။

"ဟော ... အဲဒါ ဘုရင်တွေ ဥယျာဉ်တော်ကို ထွက်လာကြတဲ့ အချက်ပေးသံပဲ၊ ကိုင်း ... ငါ့လူများ အစီအစဉ်အတိုင်းထွက်"

အရွယ်အစား အမျိုးမျိုးသော လင်ပန်းများကို ကိုင်ဆောင်ထားကြသည့် စားပွဲထိုး အမှုထမ်းများ တန်းလျားထဲမှ ထွက်ကြသည်။ သူတို့လက်ထဲမှ လင်ပန်းများပေါ်တွင် စမဲဟင်းလျာမျိုးစုံ ထည့်ထားသည့် အုပ်ခွက်များရှိသည်။

"ပထမအသုတ် အသားကြော်နဲ့ အသားကင်ဟင်းတွေ စချ"

ဒိဗ္ဗ၏ အသွင်မှာ ခေါင်းဖော့တပ်ကြီးကို အုပ်ချုပ်နေသော သေနာပတိ တစ်ယောက်အလားပင်။

အညိုရောင် ဖျင်ကျပ်ဝတ်ဆင်ထားသော စားပွဲထိုးအမှုထမ်းများ ရှေ့နောက်စီတန်းလျက် ဥယျာဉ်တော်အတွင်း ဝင်သွားကြသည်။ တစ်ရာသော စားပွဲများရှေ့တွင် အဆင့်ဆင့် နေရာယူကာ လင်ပန်းထဲမှ စမဲဟင်းလျာ အုပ်ခွက်များကို စားပွဲပေါ်သို့ ခင်းကျင်းလိုက်ကြသည်။

"ဒုတိယအသုတ် ဟင်းရည်သမားတွေ"

"တတိယအသုတ် အသီးအရွက်သမားတွေ"

ဒိဗ္ဗ၏ အမိန့်အတိုင်း တစ်သုတ်ပြီးတစ်သုတ် စမဲဟင်းလျာအုပ်ခွက်များ၊ လင်ပန်းများကို စားပွဲပေါ်သို့ ခင်းကျင်းပေးပြီးချိန်မှာပင် ဥယျာဉ်တော်မုခ်ဝသို့ ထီးဆောင်းမင်းများ ရောက်လာကြသည်။

ဥယျာဉ်တော်အတွင်းသို့ ထီးဆောင်းမင်းများ ဝင်လာချိန်တွင်ကား စမဲဟင်းလျာအားလုံး စားပွဲများပေါ်တွင် အဆင်သင့်ဖြစ်နေပေပြီ။

"တွေ့လားကွ ... စားတော်ကဲကောင်းတစ်ယောက်ဆိုတာ ချက်တတ် ပြုတ်တတ်ရုံနဲ့တင် ပြီးတာမဟုတ်ဘူး၊ ဒီလို ဧရာမ အခမ်းအနားကြီး





မှာ ဒီလိုအချိန်ကိုက် ခင်းကျင်းနိုင်တဲ့ ပညာကိုလဲ တတ်ထားရတယ် မှတ်ထား"

အနားက အမှုထမ်းတစ်ယောက်ကို ဒိဗ္ဗက လှမ်းပြောလိုက်သည်။

သုံးချောင်းထောက် စားပွဲအသီးသီးတွင် ထီးဆောင်းမင်းတစ်ရာတို့ နေရာယူပြီးကြပေပြီ။ အသွေးအရောင် အမျိုးမျိုးဖြင့် တောက်ပနေသော ဘုရင်တို့၏ မကိုဋ်များ၊ ဝတ်ရုံကြီးများကြောင့် ဥယျာဉ်တော်ကြီးတစ်ခုလုံးမှာ အိပ်မက်ဘုံတစ်ခုကဲ့သို့ ဆန်းကြယ်လှပနေလေသည်။

"ထီးဆောင်းမင်းတွေ အားလုံး နေရာယူပြီးကြပြီ၊ ခဏနေရင် စူဠနီဗြဟ္မဒတ်မင်းကြီး ထွက်တော်မူလာတော့မယ် အားလုံးအသင့်"

ဒိဗ္ဗကိုယ်တိုင် စူဠနီဗြဟ္မဒတ်မင်းကြီးအတွက် စီမံထားသော စားပွဲကြီးနောက်၌ နေရာယူလိုက်သည်။ မင်းကြီးအတွက် သူကိုယ်တိုင် အမှုတော်ထမ်းရပေမည်။

စက်ဝိုင်းသဏ္ဍာန် ခင်းထားသော အခြားစားပွဲများသို့ ဒိဗ္ဗ လှမ်းကြည့်လိုက်သည်။ သူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ထားသော စားပွဲထိုးအမှုထမ်းတစ်ရာတို့သည် ထီးဆောင်းမင်းတစ်ရာတို့၏ နောက်ပါး၌ အသင့်နေရာယူထားကြသည်။ ဒိဗ္ဗသည် သေနင်္ဂတစ်ရပ်ကို အောင်မြင်စွာ စီမံလိုက်နိုင်သော စစ်သူကြီးတစ်ဦး၏ အပြုံးမျိုးဖြင့် ကျေနပ်စွာ ပြုံးလိုက်သည်။

သို့သော် ဒိဗ္ဗ၏ အပြုံးသည် တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

စားပွဲများ၏ နောက် ပုဏ္ဏရိတ်စည်းရိုး၏ ဟိုမှာဘက်တွင် မည်းမည်းသဏ္ဍာန်များကို ရိပ်ခနဲ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ကညင်ဆီမီးတိုင် အလင်းရောင်ကြောင့် မိမိမျက်စိမှောက်သလားဟု ဒိဗ္ဗ သံသယဝင်စွာဖြင့် စည်းရိုး၏ နောက်ဆီသို့ ဂရုထား၍ ပြန်ကြည့်သည်။

မျက်စိမှောက်ခြင်း မဟုတ်ကြောင်း ဒိဗ္ဗ ချက်ချင်းသိလိုက်ရသည်။

မည်းမည်းသဏ္ဍာန်များသည် စည်းရိုးကို ခုန်ကျော်လျက် မြက်ခင်းပြင်အလယ်သို့ ရောက်လာသည်။ ကညင်ဆီ အလင်းရောင်အောက်တွင် သူတို့ကို အထင်အရှား မြင်တွေ့ရပေပြီ။

ရဲရဲနီသော ကိုယ်ကျပ်၊ ဖြူဖွေးနေသော ဝတ်စုံတို့. ခါးစည်းအပြာ၊ ခါးစည်းတွင် ဓားမြှောင်များကိုယ်စီ ထိုးထားသည်။ ကြီးစွာသော ဒုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



များကို လွယ်ထားသည်။ ပခုံးအထက်တွင် ထိုးထွက်နေသော ကျည်တောက်ထဲတွင် မြားတံများအပြည့်၊ ဝဲယာလက်နှစ်ဘက်တွင်လည်း ပုဆိန်နှင့်ဓားရှည်ကိုယ်စီ။

စည်းရိုးကို ခုန်ကျော်၍ မြက်ခင်းတွင် စုရုံးနေရာယူလိုက်ကြသော ထိုသူများ၏ လှုပ်ရှားမှုကား လျှပ်ပြက်သကဲ့သို့ လျင်မြန်လွန်းလှသည်။

အောင်သေသောက်ပွဲသဘင်တွင် စစ်သူရဲတို့၏ စစ်ရေးစွမ်းရည်ပြသဘင် မပါရှိကြောင်း ဒိဗ္ဗ သိထားပြီးဖြစ်သည်။ သို့ဆိုလျှင် ကောင်းကင်ပေါ်မှ ဖြုတ်ချည်းကျလာသလို ရောက်လာသည့် ထိုလက်နက်အပြည့်အစုံဆင်ယင်ထားသည့် သူရဲများကား အဘယ်သို့နည်း၊ အဘယ်သူတွေနည်း၊ အဘယ်ကနည်း။

ဒိဗ္ဗ အံ့အားသင့်ချိန်ပင် မရလိုက်ချေ။

သူရဲတို့သည် ဥယျာဉ်တော်အလယ်တွင် စုရုံးလိုက်ပြီးနောက် စူဠနီဗြဟ္မဒတ်မင်းကြီးအတွက် ခင်းကျင်းထားသော စားပွဲကြီးဆီသို့ ချဉ်းကပ်လာကြသည်။ အဆုံးစွန်သော အံ့သြခြင်းဖြင့် ဒိဗ္ဗ မရွေ့မလှုပ်ရပ်နေမိသည်။

သူတို့အထဲမှ အထွားကျိုင်းဆုံးသော သူရဲကြီးသည် စူဠနီဗြဟ္မဒတ်မင်းကြီး၏ စားပွဲနှင့် ယှဉ်လျက်ခင်းထားသော စားပွဲအနီးတွင် ရပ်လိုက်သည်။ ထိုသူထံမှ မိုးခြိမ်းသံမျှသော အသံဝါကြီး ထွက်ပေါ်လာသည်။

"ဒီနေရာကို ဘယ်တိုင်းပြည်က ဘယ်ဘုရင်က ယူထားတာလဲ။ ဒါဟာ ငါတို့ ဝိဒေဟရာဇ်မင်းကြီးအတွက် နေရာသာဖြစ်ရမယ်။ ဒီမှာရှိနေတဲ့ဘုရင် ဖယ်လိုက်စမ်း"

ထိုအချိန်မှာပင် ဥယျာဉ်တော်စောင့် ရဲမက်များလည်း ချက်ချင်းရောက်လာသည်။ အောင်သေသောက်ပွဲသဘင်ကို စောင့်ကြပ်သည့် ထိုတပ်ဖွဲ့မှ တပ်မှူးကို ဒိဗ္ဗ ကောင်းစွာသိသည်။ ထိုတပ်မှူးသည် နန်းတော်စောင့် တပ်မှူးများအလယ်တွင် အရဲဝံ့ဆုံး၊ လက်ရုံးရည် အထက်မြက်ဆုံးသောသူ။

တပ်မှူးသည် သူရဲကြီးရှေ့တွင် ရဲဝံ့စွာ ဝင်ရပ်လျက် . . .

"အောင်သေသောက်ပွဲသဘင်ကို မဖွယ်မရာ လာလုပ်တဲ့အသင်ဟာ ဘယ်တိုင်းပြည်ကလဲ၊ ဘယ်ဘုရင်ရဲ့ သက်တော်စောင့်လဲ"

သူရဲကြီးက ဓားအိမ်ထဲမှ ဓားသွားကို ဆွဲထုတ်လိုက်သည့်အသံမျိုး





ဖြင့် မဆိုင်းမတွ တုန့်ပြန်သည်။

"ကျုပ်ဟာ မိထိလာပြည် ဝိဒေဟရာဇ်မင်းကြီးရဲ့ သစ္စာရှိ သက်တော် စောင့်တပ်မှူးပဲ၊ ဟောဒီနေရာဟာ ကျုပ်တို့ဘုရင်မင်းမြတ်ရဲ့နေရာသာ ဖြစ်ရမယ်"

"မိထိလာပြည် ဝိဒေဟရာဇ်မင်း ဟုတ်လား"

"ဟုတ်တယ်"

ရန်သူ သူရဲကြီးများနှင့် ဥယျာဉ်တော်စောင့် တပ်သားများသည် တိုက်ခိုက်တော့မည့်အခြေသို့ ရောက်နေကြပေပြီ။ ခေါင်းဆောင်တပ်မှူးနှစ်ဦး၏ အရိပ်အကဲကို နှစ်ဘက်စလုံး စောင့်နေကြသည်။ ခေါင်းဆောင်နှစ်ဦးက တစ်ခုခု အမိန့်ပေးလိုက်သည်နှင့် ထိုးခုတ်၊ တိုက်ခိုက်ကြတော့မည်။ ဒိဗ္ဗ အသက်မရှူရဲတော့။

ဥယျာဉ်တော်စောင့် တပ်ဖွဲ့တပ်မှူးကိုသာ အားကိုးတကြီး ကြည့်နေမိတော့သည်။ ထိုစဉ်မှာပင် ဥယျာဉ်တော်စောင့်တပ်မှူးက . . .

"မိထိလာပြည်တဲ့၊ ဝိဒေဟရာဇ်မင်းတဲ့၊ ဇမ္ဗူဒိပ်မှာ ဒီအမည်ရှိတဲ့ တိုင်းပြည်နဲ့မင်းကို တစ်ခါမှမကြားဖူးဘူး။ အခုဒီမှာ စုရုံးရောက်ရှိနေ ကြတဲ့ ထီးဆောင်းမင်းတစ်ရာဟာ ငါတို့ စူဠနီဗြဟ္မဒတ်မင်းရဲ့ လက်အောက်ခံ ဘုရင်တွေပဲ သူရဲကြီး၊ သင့်ဘုရင်က ဝိဒေဟရာဇ်မင်းကြီး ဖြစ်တယ်ဆိုရင်လဲ ဟောဒီ အောင်သေသောက်ပွဲသဘင်ရဲ့ ဟို ဘက်အစွန်ဆုံးမှာ နေရာသစ်တစ်ခု ခင်းပေးလိုက်မယ်၊ တိုင်းပြည်ငယ် ဘုရင်ငယ်ဆိုတာ အဲဒီလို အနိမ့်ဆုံးနေရာကိုသာ ယူရမှာပေါ့"

သူရဲကြီးက ချက်ချင်း တုန့်ပြန်သည်။

"ကျုပ်တို့ဘုရင် ဝိဒေဟရာဇ်မင်းကြီးထက် မြတ်တဲ့ဘုရင်ဆိုလို့ မဟာ ဗြဟ္မဒတ်မင်းကြီး တစ်ပါးပဲရှိတယ်။ ဝိဒေဟရာဇ်မင်းကြီးဟာ ဟောဒီမှာ ရောက်နေတဲ့ ထီးဆောင်းမင်းတစ်ရာထက်လဲ မြတ်တယ်။ ဒါကြောင့် ဒီသဘင်က အမြင့်မြတ်ဆုံးနေရာကို ကျုပ်တို့ယူရလိမ့်မယ်"

"စော်ကားလှချည့်လား၊ ဒီနေရာကို မပေးနိုင်ဘူးဆိုရင် သင် ဘာပြောချင်သလဲ"

"မပေးနိုင်ဘူးလို့ သင်ပြောသလား"

"စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ ဘုန်းတန်ခိုးအရ ကျုပ်ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာကို မပေးနိုင်ဘူး"

"ဝိဒေဟရာဇ်မင်းကြီးရဲ့ ဘုန်းတန်ခိုးအရ ကျုပ်ကလဲ . . ."

သူရဲကြီးသည် ခါးစည်းကြိုးမှ ရွှေရောင်တံပိုးတစ်ခုကို ဖြုတ်ယူကာ မျက်နှာကို မော့လျက် တံပိုးကို နှုတ်တွင်တပ်လျက် စူးစူးနစ်နစ် တံပိုးသံကို ဖန်တီးလိုက်သည်။

တံပိုးသံအဆုံးတွင် မြက်ခင်းအလယ်၌ စုရုံးနေကြသည့် သူရဲများသည် တစ်စုတစ်ဝေးတည်း တစ်ပြိုင်တည်း လှုပ်ရှားလိုက်ကြသည်။

သွေးသံရဲရဲ တိုက်ခိုက်ကြတော့မည်ဟု ထိတ်လန့်စွာ ဒိဗ္ဗမျက်စိအစုံ မှိတ်လိုက်သည်။ ဓားသံ၊ ပုဆိန်သံ၊ ထိခိုက်ကွဲရှသံများ ပေါ်လာသည်။ ဒိဗ္ဗ အလန့်တကြား မျက်စိဖွင့်ကြည့်မိပြန်သည်။

မိမိ၏ အံ့သြခြင်းသည် လွင့်စဉ်ပေါက်ကွဲသွားပြီဟု ဒိဗ္ဗထင်သည်။

သူရဲတို့သည် ရှိသမျှလက်နက်များကို ထုတ်၍ ထိုးခုတ်နေကြပေပြီ။ သို့သော် ဥယျာဉ်စောင့်တပ်မှ ရဲမက်များကိုမဟုတ်၊ စားပွဲတွင် ထိတ်လန့်စွာ ထိုင်နေကြသော ထီးဆောင်းမင်းများကိုလည်း မဟုတ်။ သူတို့ ထိုးခုတ် ရိုက်ပုတ် ဖျက်ဆီးနေကြသည်ကား . . .

စားပွဲပေါ်မှ ဟင်းလျာစမဲထည့်ထားသည့် အုပ်ခွက်များ၊ ပန်းကန်များ။

အကောင်းဆုံး စီမံထားသည့် ဟင်းလျာများမှာ မြက်ခင်းပြင်ပေါ်တွင် မြင်မကောင်းတော့။ ဖရိုဖရဲ ကစဉ့်ကလျား။

"အောင်သေသောက်ပွဲသဘင်ကို ဖျက်ပစ်ကြဟေ့ . . ."

"ဝိဒေဟရာဇ်မင်းကြီးရဲ့ သူရဲကောင်းတွေတဲ့ဟေ့ . . ."

သူရဲများသည် စမဲဟင်းလျာ စားပွဲများကို ဖျက်ဆီးပြီးနောက် တစ်စုတစ်ရုံးတည်းပင် တစ်နေရာဆီသို့ စုဝေးလိုက်ကြသည်။ ထိုနေရာကား ဒိဗ္ဗကိုယ်တိုင်ပင် မဝေခွဲတတ်သော စူးရှသည့်အနံ့တစ်မျိုးရခဲ့သည့် စရည်းအိုးကြီးများ။

စရည်းအိုးကြီးများသည် သူရဲတို့၏ ပုဆိန်ချက်အောက်တွင် တခွမ်းခွမ်း ကွဲကြေသွားကြသည်။ အိုးထဲမှ ရဲရဲနီသော သေရည်များသည်လည်း မြက်ခင်းပြင်ပေါ်သို့ စိုဖိတ်ရွှဲနစ်သွားကြသည်။

စရည်းအိုးကြီးများအားလုံး တစ်ခဏချင်းပင် ကွဲကြေသွားပြီးနောက်





ခေါင်းဆောင်သူရဲကြီးသည် အနီးဆုံးစားပွဲသို့ ခုန်တက်လိုက်လေသည်။

"အားလုံးနားထောင်လိုက်ကြစမ်း၊ ငါတို့ဟာ မိထိလာပြည်က မဟောသဓာ သုခမိန်ရဲ့ လက်ရွေးစင် သူရဲကောင်းတွေပဲ။ ဝံ့ရဲတဲ့သူထွက်ခဲ့၊ ရဲတဲ့သူထွက်ခဲ့၊ ဖမ်းဝံ့ရင်ဖမ်း၊ တိုက်ဝံ့ရင်တိုက်"

တညီတညွတ် တစ်ခဲနက် ကြွေးကြော်ကြပြန်သည်။

"မဟောသဓာ သုခမိန်ရဲ့ သူရဲကောင်းတွေတဲ့ဟေ့ . . ."

ကြွေးကြော်သံအဆုံးမှာပင် သူရဲတို့သည် ပုဏ္ဏရိတ်စည်းရိုးတစ်ဘက်သို့ ခုန်ကျော်ကာ လာစဉ်ကအတိုင်း လျှပ်ပြက်သလို ပျောက်ကွယ်သွားကြသည်။

ဥယျာဉ်တော်စောင့်တပ်ကား ဓားတစ်ချက်မျှပင် ဝင့်ချိန်မရလိုက်။ အစီအမံအခင်းအကျင်းအမျိုးမျိုးဖြင့် တင့်တယ်ခမ်းနားခဲ့သော အောင်သေသောက်သဘင်၏ ဥယျာဉ်တော် အလှကျက်သရေလည်း ပျက်စီးသွားပေပြီ။ အကွဲအရှ အဖိတ်အစဉ်များဖြင့် မြက်ခင်းပြင်တစ်ခုလုံးလည်း မြင်မကောင်း။

အတုံးအရုံး ကွဲကြေနေသော စရည်းအိုးကြီးများဆီမှ သေရည်တို့သည် ဒိဗ္ဗရပ်နေရာသို့ စီးလာသည်။ စူးရှပြင်းထန်သောအနံ့ကို ဒိဗ္ဗ နီးကပ်စွာ ခံစားလိုက်ရသည်။

ဒိဗ္ဗသည် ကယောင်ကတမ်းဖြင့် ခြေလှမ်းကို ဆုတ်လိုက်သော်လည်း စီးကျနေသော အရည်ထဲသို့ နင်းမိသွားပြန်သည်။ သူ့ခြေထောက်တွင် ပေကျံနေသော သေရည်များကို လက်ဖြင့် သုတ်လိုက်သည်။

ထူးဆန်းသော အနံ့ကို ဒိဗ္ဗ ပို၍ နီးကပ်ထင်ရှားစွာ ရပြန်သည်။ သေရည်များ ပေကျံနေသော သူ့လက်ကို ဒိဗ္ဗ အနံ့ခံကြည့်လိုက်သည်။

"အလိုလေး . . ."

တစ်ကိုယ်လုံး တုန်သွားသည်။ နှလုံးသည် ခံတွင်းမှတစ်ဆင့် ခုန်ထွက်လွင့်စဉ်သွားပြီဟု သူထင်သည်။

အောင်သေသောက်ပွဲသဘင်။ ထီးဆောင်းမင်းတစ်ရာတို့အတွက် အသင့်စီမံထားသော စရည်အိုးကြီးထဲမှ သေရည်များ။ ထိုသေရည်များထဲတွင် ဒိဗ္ဗ၏ ကျွမ်းကျင်လိမ္မာလှသော စားတော်ကဲမှူး ဂန္ဓအာရုံဖြင့် ရလိုက်သည့်အနံ့ကို ဒိဗ္ဗ ကောင်းစွာ သိလိုက်ပေပြီ။

အဆိပ်။



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ခပ်ထားသော သေရည်။ ထီးဆောင်းမင်းတစ်ရာ။ လျှပ်ပြက်သလိုရောက်လာပြီး စရည်းအိုးကြီးများကို ဖျက်စီးပစ်လိုက်သည့် သူရဲများ။ သူတို့၏ ကြွေးကြော်သံ။ 'မိထိလာပြည်က မဟောသဓာသုခမိန်ရဲ့ သူရဲကောင်းတွေတဲ့ဟေ့ . . .'။ ခြင်းရာခပ်သိမ်းကို ဒိဗ္ဗ တစ်ခုချင်း ဆက်စပ်လိုက်သည်။ ဒိဗ္ဗ ကောင်းစွာ သဘောပေါက်သွားသည်။

အဆိပ်ခပ်ထားသော သေရည်ဖြင့် ထီးဆောင်းမင်းတစ်ရာကို လုပ်ကြံမည့် အောင်သေသောက်ပွဲသဘင်။

ယင်းကို ဖျက်စီး၍ ထီးဆောင်းမင်းတို့၏ အသက်ကို ကယ်လိုက်သည့် သူရဲများ၊ ထိုသူရဲများ၏သခင် မဟောသဓာသုခမိန်။

ဒိဗ္ဗရင်ထဲ၌ ဘယ်သူမှ မကြားနိုင်သော အသံတစ်ခု မြည်ဟည်းနေလေသည်။

"အလိုလေး . . . လက်အောက်ခံ ဘုရင်တွေကို အဆိပ်ခပ် သတ်မယ့်အကြံပါလား၊ ဒါဟာ ငါတို့ဘုရင်စူဠနီဗြဟ္မဒတ်မင်းကြီးနဲ့ ဟို . . . ကေဝဋ္ဋပုရောဟိတ်ကြီးတို့ရဲ့ အကြံအစည်ပါလား"

တစ်ချိန်တည်းမှာပင် ဒိဗ္ဗ ဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက်ကား ဥတ္တရပဉ္စာလရာဇ်တိုင်းသားတစ်ဦး၊ စူဠနီဗြဟ္မဒတ်မင်းကြီး၏ အမှုတော်ထမ်း စားတော်ကဲမှူးတစ်ယောက်အနေဖြင့် သူသိလိုက်ရသော ကြောက်စရာ လျှို့ဝှက်မှုကြီးကို သူ့တစ်သက်နှင့်အမျှ ရင့်နှုတ်ပိတ် နေလိုက်တော့မည်ဟူသော ဆုံးဖြတ်ချက်ပင်။

●



(၈)

အောင်သေသောက်ပွဲသဘင်ကြီးကို မှုန့်မှုန့်ညက်ညက် အဖျက်ခံ လိုက်ရပြီဟုသောသတင်းသည် စူဠနီဗြဟ္မဒတ်မင်းကြီးထံသို့ ချက်ချင်းပင် ရောက်ရှိသွားလေသည်။ ဥယျာဉ်တော်စောင့် တပ်မမှူး၏ လျှောက်တင်ချက်ကို အပြည့်အစုံ နားမထောင်နိုင်လောက်အောင် မင်းကြီးသည် အမျက်ခြောင်းခြောင်း ပေါက်ကွဲကာ ဥယျာဉ်တော်သို့ ထွက်ခွာလာခဲ့သည်။

မင်းကြီးအနီးတွင် အမြဲခစားနေရသော ကေဝဋ္ဋပုရောဟိတ်လည်း မင်းကြီးနှင့်အတူ လိုက်ပါလာခဲ့သည်။ ဥယျာဉ်တော်အတွင်းရှိ ပျက်စီးကြေမွနေသော အပိုင်းအစပေါင်းများစွာက စူဠနီဗြဟ္မဒတ်မင်းကြီးကို ရယ်မောလှောင်ပြောင်နေသယောင်ပင်။

မြင်မကောင်းအောင် ကျိုးပဲ့ပျက်စီးနေသော ပန်းကန်များ၊ အိုးများ၊ အဖိတ်ဖိတ်အစဉ်စဉ် နေရာအနှံ့ ကျဲပြန့်နေသော ခဲဖွယ်ဘောဇဉ်များကို ကြည့်ရင်း မင်းကြီး၏ မျက်နှာမှာ တစ်စထက်တစ်စ နီမြန်းလာသည်။ ဒေါသဖြင့် နီမြန်းလာသည့် မင်းကြီး၏ မျက်နှာပြင်ထက်မှ သေးငယ်ကျဉ်းနေသည့် မျက်စိသူငယ်အိမ်သည် တစ်နေရာသို့အရောက်တွင် ရုတ်ခြည်းပြူးကျယ်လာကာ နီးမြန်းသောမျက်နှာသည်လည်း ညိုပုပ်မည်းမှောင်သွားလေသည်။

ထိုနေရာကား ဥယျာဉ်တော် အလယ်ဗဟို၊ စားပွဲများအားလုံး၏ အလယ်ဗဟိုပင် ဖြစ်သည်။ ထိုနေရာတွင် ကြီးစွာသော စရည်းအိုးကြီးများသည် ပုပ်အဲ့သော သစ်သီးများကို စိတ်ရှိတိုင်း ထုခြေရိုက်ခွဲထားသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



မြင်မကောင်း ရှုမကောင်း အကျိုးကျိုးအပဲ့ပဲ့ ဖြစ်နေသည်။ မြက်ခင်းပြင်မှာလည်း သွေးရည်များဖြင့် ရွှဲနစ်နေတော့သည်။

ကေဝဠ်ပုရောဟိတ်ကြီးသည် စရည်းအိုးအကျိုးအပဲ့များအောက်မှ သွေးရည်ရွှဲနစ်နေသော မြက်ခင်းပြင်ကို အကဲခတ်လိုက်သည်။ အမြင်စူးရှသော ပုရောဟိတ်ကြီး၏ မျက်လုံးများက သွေးရည်နှင့် စွတ်စိုကာ ထိုမှတစ်ဆင့် ခြောက်သွေ့ဝါကြင်နေကြသော မြက်ပင်လေးများကို သတိထားလိုက်မိလေသည်။ သွေးရည်တွင် ခတ်ထားသော ပြင်းထန်သည့် အဆိပ်ကြောင့် မြက်ပင်များ လောင်ကျွမ်းနေသည်ကို ပုရောဟိတ်ကြီး သိလိုက်သည်။ ကိုးကျိုပ်ကိုးယောက်သော ထီးဆောင်းမင်းတို့ကိုယ်စား လောင်ကျွမ်းပျက်စီးနေကြသော မြက်ပင်များ။

တစ်ခဲနက် တိတ်ဆိတ်နေသော ဥယျာဉ်တော်အတွင်းတွင် စူဠနီဗြဟ္မဒတ်မင်းကြီး၏ ပြင်းထန်သော တောက်ခေါက်သံသည် ဟိန်းထွက်လာလေသည်။ စားပွဲအကျိုးအပဲ့များရှေ့တွင် ရပ်နေကြသော ထီးဆောင်းမင်းတို့လည်း မင်းကြီး၏ ဒေါသကိုကြည့်ကာ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ အပျက်အစီးများကို သည်အတိုင်း ကြည့်နေကြရခြင်းသည်ပင်လျှင် အားလုံး၏ အမျက်ဒေါသကို ပို၍ ပြင်းထန်အောင် နှိုးဆွနေခြင်း ဖြစ်လေတော့သည်။

လှုပ်လှုပ်ရွရွ ဖြစ်နေသူများထံမှ မကျေမနပ် တီးတိုးရေရွတ်သံများပေါ်လာသည်။ ထိုမှတစ်ဆင့် တီးတိုးရေရွတ်သံများ ပို၍ ကျယ်လောင်လာသည်။ နောက်ဆုံးတွင်ကား ထီးဆောင်းမင်းတို့အနက်မှ တစ်ပါးသောမင်း၏အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ပဉ္စာလရာဇ်ပြည့်ရှင်မင်းကြီး၊ ကျွန်ုပ်တို့ရဲ့ အောင်သေသောက်ပွဲမင်္ဂလာသဘင်ကြီး အဖျက်ဆီးခံရတာကို ကျွန်ုပ်တို့ ဒီအတိုင်းပဲ ကြည့်နေကြတော့မှာလား"

ထိုအသံသည် ထောင်းထောင်းထနေသော အားလုံး၏ ဒေါသကို စတင်ဖောက်ခွဲလိုက်သည့် အသံပင် ဖြစ်သည်။

"ကျွန်ုပ်တို့အားလုံး အစော်ကားခံလိုက်ရတယ်"

"ဟုတ်တယ်၊ ဘာမဟုတ်တဲ့ တိုင်းပြည်က လာပြီး ကျွန်ုပ်တို့ရဲ့သဘင်ကို ဖျက်ဆီးစော်ကားသွားတာပဲ"





"မိထိလာပြည်ဆိုတာ ဘယ်မှာလဲ"

"မဟောသဓာဆိုတာ ဘယ်သူလဲ၊ သင်းကို လက်စားချေပါ"

ထီးဆောင်းမင်းတို့၏ အသံများ၊ တစ်ခုနှင့်တစ်ခု ရောထွေးကာ မသဲကွဲသော အော်ဟစ်သံများ ဖြစ်လာသည်။ ထို့နောက် ထီးဆောင်းမင်းတို့ထံမှ တစ်ညီတစ်ညာတည်း အသံထွက်လာပြန်သည်။

"လက်စားချေပါ၊ လက်စားချေပါ"

"မိထိလာကို စစ်ချီပါ"

"မဟောသဓာသူခမိန် ဆိုသူကို အပြစ်ပေးပါ"

ကေဝဠ်ပုရောဟိတ်ကြီးသည် စူဠနီဗြဟ္မဒတ်မင်းကြီးအနီးသို့ တိုးကပ်သွားသည်။ မင်းကြီးရှေ့၌ ဒူးထောက်၍ တစ်စုံတစ်ခုပြောရန် ပြင်ဆင်လိုက်သည်။ သို့သော် ပုရောဟိတ်ကြီး နောက်ကျသွားပေပြီ။

ကိုယ်တိုင်၏ အမျက်ဒေါသကို ထီးဆောင်းမင်းတို့၏ ဒေါသနှင့်ပေါင်းစပ်စေလျက် အမြင့်ဆုံး အပြင်းထန်ဆုံး ပေါက်ကွဲသွားပြီဖြစ်သော စူဠနီဗြဟ္မဒတ်မင်းကြီးသည် ဝတ်ရုံစအတွင်းမှ ယာလက်ကို ထုတ်ကာ ဆန့်တန်းလိုက်သည်။

"ထီးဆောင်းမင်းအပေါင်းတို့"

မင်းကြီးနှုတ်မှ အောင်မြင်သော အသံဝါကြီး ပေါ်လာသည်။

"သင်တို့အားလုံး အစော်ကားခံလိုက်ရတယ်၊ မှန်တယ်၊ သင်တို့ကိုသာမက ကျွန်ုပ်ကိုပါ စော်ကားမော်ကား လုပ်လိုက်တာပဲ။ အမှန်က ဥတ္တရပဉ္စာလရာဇ်ပြည်နဲ့တကွ ကျွန်ုပ် စူဠနီဗြဟ္မဒတ်မင်းကြီးဟာ အစော်ကားခံလိုက်ရဆုံးဖြစ်တယ်"

မင်းကြီးမှာ အမျက်ဒေါသ ပြင်းထန်လွန်းသဖြင့် စကားကို မဆက်နိုင်။ စကားလုံးများသည် ဒေါသနှင့် ရောထွေးကာ မသဲမကွဲ ဖြစ်နေသည်။

"မိထိလာပြည်သား သူရဲတစ်ထောင်တို့ဟာ ဘာကြောင့် ဒီလိုအကြောင်းမဲ့ လာပြီးဖျက်စီးရမှာလဲ၊ ဒါကြောင့် . . ."

ကေဝဠ်ပုရောဟိတ်ကြီးသည် မင်းကြီးကို တားရန် မစွမ်းသာတော့။

"မိထိလာပြည်ကို အခုပဲစစ်ချီမယ်၊ ဝိဒေဟရာဇ်မင်းကို ဖမ်းယူပြီးသင်းလည်ကို သန်လျက်နဲ့ဖြတ်၊ သင်းအလောင်းရဲ့ ရင်ဘတ်ပေါ် ကျွန်ုပ်ကိုယ်တိုင် ခြေနဲ့ နင်းပြီး အောင်သေသောက်ပွဲသဘင်ကို ဆင်ယင်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကေဝဠ်ပုရောဟိတ်ကြီးသည် အလန့်တကြားဖြင့် . . .

"မလုပ်ပါနဲ့ အရှင်မင်းကြီး၊ မလုပ်ပါနဲ့"

ဟု အော်လိုက်သည်။ သို့သော် ပုရောဟိတ်ကြီး၏ အော်သံသည် ထီးဆောင်းမင်းတို့၏ . . .

"မိထိလာကိုတိုက်ပါ၊ မိထိလာကိုတိုက်ပါ"

ဟူသော တစ်ခဲနက် အော်သံအောက်တွင် နစ်မြုပ်ပျောက်ဆုံးသွားလေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးက လက်ကိုမြှောက်ပြလိုက်ပြန်သဖြင့် ထီးဆောင်းမင်းတို့၏ ကြွေးကြော်သံများ တိတ်ဆိတ်သွားပြန်သည်။

"ထီးဆောင်းမင်းတို့ . . ."

မင်းကြီး၏အသံသည် လှောင်အိမ်တံခါးအဖွင့်ကို စောင့်နေသည့် သားရဲခြင်္သေ့ကြီးတစ်ကောင်၏ ဟိန်းဟောက်သံအလားပင်။

"မိထိလာနဲ့ ဝိဒေဟရာဇ်ဟာ ကျွန်ုပ်တို့အားလုံးရဲ့ ရန်သူဖြစ်တယ်။ ရန်သူကို လက်စားချေပစ်ရမယ်၊ သင်တို့အားလုံး စစ်အင်္ဂါအစီအရင်ပြုကြတော့။ တစ်ဆယ့်ရှစ်ခေါဘိဏီတပ်ကြီးနဲ့ မိထိလာကို စစ်ချီမယ်၊ နားလည်ကြလား"

"မိထိလာကို တိုက်ကြမယ်ဟေ့"

"ထီးဆောင်းမင်းတို့၊ တစ်ဆယ့်ရှစ်ခေါဘိဏီတပ်မကြီး ပြင်ရမယ်။ အက္ခောဘိဏီတပ်ဆိုတာ သင်တို့သိကြပြီးတဲ့အတိုင်းပဲ၊ ဝါးအလုံး ခြောက်ဆယ်ရှိတဲ့ ဝါးအစည်းပေါင်း ခြောက်ဆယ်ကို စစ်အင်္ဂါလေး ပါးနဲ့ ပြည့်စုံတဲ့ တပ်က နင်းဖြတ်သွားရင်း အဲဒီဝါးတွေအားလုံး မှုန့်မှုန့်ညက်ကြေသွားတဲ့ တပ်။ အဲဒီလို အက္ခောဘိဏီတပ်မမျိုးတစ်ဆယ့်ရှစ်ခေါဘိဏီတပ်"

မင်းကြီး၏ ဟစ်ကြွေးသံမှာ အားလုံး၏ အမျက်ဒေါသမီးလျှံကို လေပြင်းတစ်ချက် တိုးဆောင့်ပေးလိုက်သည့်ပမာပင် ဖြစ်သည်။

"မိထိလာဟာ ငါတို့ရဲ့ အက္ခောဘိဏီတပ်တွေအောက်မှာ ဝါးလုံးတွေလို စိစိညက်ညက် ကြေစေရမယ် ထီးဆောင်းတို့၊ စစ်အင်္ဂါအစီအရင် ကို အခုပဲ ပြင်ဆင်ကြပေတော့။ မိထိလာက ဝိဒေဟရာဇ်မင်းနဲ့ သူ့တိုင်းသူပြည်သားတွေဟာ အခုမြင်နေရတဲ့ ဥယျာဉ်တော်ထဲက ပစ္စည်းတွေလိုပဲ အစိတ်စိတ်အမြွှာမြွှာ ဖြစ်စေရမယ်။ သင်တို့ ဖျက်စီးသွားတဲ့ အိုးခွက်





ပန်းကန် တွေနေရာမှာ သင်းတို့ကိုယ်တိုင် ပြန်ရောက်ရမယ်။ ထီးဆောင်းမင်းတို့၊ စစ်အင်္ဂါအစီအရင်ကို ပြင်ကြပေတော့"

ဟစ်အော်ကြွေးကြော်လိုက်ကြသော ညာသံများဖြင့် ဥယျာဉ်တော်တစ်ခုလုံး သဲသဲလှုပ်သွားသည်။ ထို့နောက် ဥယျာဉ်တော်တွင်း၌ စူဠနီဗြဟ္မဒတ်မင်းကြီးနှင့် နန်းတွင်းကိုယ်ရံတော်တပ်သားများသာ ကျန်ရစ်ခဲ့သည်။ ညဉ့်ပိုနက်လာသော်လည်း အမှုတော်ထမ်းတို့က မီးတိုင်များကို ဖြည့်လိုက်ကြသဖြင့် ဥယျာဉ်တော်တွင် မီးရောင်များဖြင့် လင်းထိန်လျက်ပင် ရှိသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် နန်းတော်စက်ရာဆောင်သို့ပြန်ရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် အင်ကြင်းပင်တစ်ပင်၏ မှောင်ရိပ်စွန်းမှ ထိုးထွက်လာသော သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရလေသည်။

"အလို . . . ကေဝဠ်ပုရောဟိတ်ကြီးပါလား၊ သင်ဘာကြောင့် ခုချိန်ထိ ဒီနေရာမှာ ရှိနေရတာလဲ"

"အရှင်မင်းကြီးနဲ့ နှစ်ကိုယ်တည်း လျှောက်တင်စရာ ရှိနေလို့ပါ မင်းကြီး"

"ထီးဆောင်းမင်းတွေ ခြံရံပြီး မိထိလာကို ချီတက်မယ့် တစ်ဆယ့်ရှစ်ခေါဘိဏီတပ် သေနင်္ဂအရေးမှာ သင် ဘာလျှောက်တင်စရာရှိသေးလို့လဲ ပုရောဟိတ်ကြီး"

ကေဝဠ်ပုရောဟိတ်သည် အနီးအနားတွင် ရှိနေသော ကိုယ်ရံတော်တပ်သားများဆီသို့ လှမ်းကြည့်လိုက်သည်။ စူဠနီဗြဟ္မဒတ်မင်းကြီးက ပုရောဟိတ်ကြီး၏ အမူအရာကို သဘောပေါက်ဟန်ဖြင့် ကိုယ်ရံတော်တပ်သားများကို ဥယျာဉ်တော်သရက်ပင်တန်းသို့ သွားနေရန် လက်ဝှေ့ယမ်းပြလိုက်သည်။

ကိုယ်ရံတော်တပ်သားများ ခပ်လှမ်းလှမ်းရောက်သွားမှ မင်းကြီးသည် အင်ကြင်းပင်အောက်ရှိ ကျောက်သလင်းခုံပေါ်တွင် ထိုင်လိုက်သည်။

"လျှောက်စမ်း ပုရောဟိတ်ကြီး၊ သင် နှစ်ကိုယ်ကြား၊ နှစ်နားတင်စရာ ဘာရှိနေသလဲ"

"အရှင်မင်းကြီး"

စိုးရိမ်ပူပန်မှုကြောင့် မိမိအသံ မဆိုစလောက် ကျယ်သွားသည်ကို ကေဝဋ်ပုရောဟိတ်ကြီး ချက်ချင်းပြန်ထိန်းလိုက်သည်။ မလှမ်းမကမ်း သရက်



www.burmeseclassic.com

www.burmeseclassic.com



ပင်တန်းဆီတွင် ရှိနေသော ကိုယ်ရံတော်တပ်သားများဆီသို့ လှမ်းကြည့်လိုက်ပြီးနောက် ပုရောဟိတ်ကြီးသည် အသံကို နှိမ့်ချလိုက်လေသည်။

"အရှင်မင်းကြီး၊ ယခု သူ့ရဲတစ်ထောင်ကိုလွှတ်ပြီး သေရည်အိုးတွေနဲ့ အောင်သေသောက်ပွဲသဘင်ကို ရိုက်ခွဲဖျက်ဆီးစေတဲ့ အကြံအစည်ဟာ ဝိဒေဟရာဇ်မင်းကြီး မဟုတ်ပါဘူး အရှင်မင်းကြီး"

"မိထိလာက သူ့ရဲတွေကို စေလွှတ်အမိန့်ပေးသူဟာ မိထိလာဘုရင်မဟုတ်ရင် ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ၊ ပုရောဟိတ်ကြီး"

စူဠနီဗြဟ္မဒတ်မင်း အမျက်ဒေါသမပြေနိုင်သေးသည်ကို ကေဝဋ္ဋပုရောဟိတ် သိလိုက်သည်။ သာမန်အချိန်များတွင်ဆိုလျှင် မင်းကြီး၏ အမျက်ဒေါသရှေ့မှောက်၌ ပုရောဟိတ်သည် ကန့်လန့်ဖြတ်တားဆီးရန် စဉ်းစားရဲသည်ပင်မဟုတ်။ သို့သော် ယခုအခါတွင်ကား အရဲကိုး၍ ရှေ့တိုးရန် ပုရောဟိတ် ဆုံးဖြတ်လိုက်လေသည်။

"အရှင်မင်းကြီး၊ ဒါဟာ မဟောသဓာသုခမိန်ရဲ့အကြံ အစီအမံဖြစ်ပါတယ်"

"မဟောသဓာသုခမိန်ရဲ့အကြံ အစီအမံဖြစ်တော့ကော ဘာဖြစ်သေးသလဲ။ ဝိဒေဟရာဇ်မင်းကြီးကိုကော၊ အဲဒီ သုခမိန်ကိုကော သုတ်သင်ရှင်းလင်းပစ်မှာပေါ့"

"မဟုတ်သေးဘူး အရှင်မင်းကြီး"

"ပုရောဟိတ်ကြီး"

စူဠနီဗြဟ္မဒတ်မင်းကြီး၏ ခက်ထန်သော ငေါက်ငမ်းသံကြောင့် အင်ကြင်းရွက်များပင် ဖြောဖြော ကြွေကျလောက်သည်ဟု ကေဝဋ္ဋပုရောဟိတ် ထင်မိလေသည်။ သို့သော် အကြောက်ကို မျိုသိပ်လျက် ရှေ့ဆက်တိုးရန်သာ ပြင်ဆင်လိုက်သည်။

"အရှင်မင်းကြီး၊ မဟောသဓာဟာ ဘုန်းတန်ခိုး၊ ဉာဏ်ပညာ၊ အကြံအစည် အလွန်ပြည့်စုံထက်မြက်သူ ဖြစ်ပါတယ်။ မိထိလာပြည်ဟာလဲ သူ့ရဲ့ ကာကွယ်စောင့်ရှောက်မှုအောက်မှာ ခြင်္သေ့စောင့်တဲ့ ရွှေဂူလို ရန်သူဘေးက လုံခြုံလွန်းလှပါတယ်။ အလိုတော်အတိုင်း မိထိလာကိုစစ်ချီပြီး ဝန်းရံတိုက်ခိုက်ပေမယ့် ကျွန်ုပ်တို့ဟာ အောင်ပွဲကိုရမှာမဟုတ်ပါဘူး။ ကျွန်ုပ်တို့ရရှိမယ့်ရလဒ်ဟာ အရှက်တကွဲ အကျိုးနည်းခြင်းသာ ဖြစ်ပေလိမ့်မယ် မင်းကြီး။ မိထိလာပြည်သို့ စစ်ချီတော်မူမယ့်အကြံကို ကျွန်ုပ်သဘောမတူ





မနှစ်သက်နိုင်ပါဘူး အရှင်မင်းကြီး"

"ပုရောဟိတ်ကြီး၊ သင့်သခင်ရဲ့ ဥယျာဉ်တော်ထဲကို စော်စော်ကားကား ဝင်လာပြီး သင်နဲ့ ကျွန်ုပ်နဲ့ လျှို့ဝှက်အစီအမံကို ဖျက်စီးမယ့် အကြံအစည်ကို ချမှတ်သူတွေ၊ ဒီရန်သူတွေကို သင်ကလက်ပိုက် ကြည့်နေမှာလား"

"အမျက်ဒေါသရဲ့ အရှိန်အင်အားကိုယူပြီး လက်စားချေခြင်းမျိုးဟာ မှားတတ်ပါတယ် အရှင်မင်းကြီး"

"ပုရောဟိတ်ကြီး၊ သင် ဘယ်လိုဖြစ်သွားတာလဲ။ ဟို မိစ္ဆာကောင်တွေ ရိုက်ခွဲသွားတဲ့ သေရည်အိုးတွေလို သင့်ရဲ့ ဉာဏ်ပညာတွေ အကြံအစည်အတွေးအခေါ်တွေဟာ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားပြီလား။ မဟောသဓာသုခမိန်ဆိုတဲ့အမည်ကို သင် နှစ်ခါသုံးခါမက ပြောခဲ့တယ်။ သင်ကိုယ်တိုင်လဲ ကပိလတိုင်းရဲ့ သုခမိန် မဟုတ်ဘူးလား၊ သုခမိန်တစ်ဦးဟာ အခြားသုခမိန်တစ်ဦးကို ကြောက်လန့်နေသတဲ့လား"

"အရှင်မင်းကြီး၊ မဟောသဓာသုခမိန်ဟာ . . ."

"တိတ်စမ်း ကေဝဋ္ဋပုရောဟိတ်ကြီး၊ ဘာမှဆက်ပြီး လျှောက်တင်မနေနဲ့တော့။ မိထိလာကို စစ်ချီမယ်၊ ထီးဆောင်းမင်းတွေကိုလဲ စစ်ပြင်ကြဖို့ အမိန့်ပေးလိုက်ပြီ။ အဲဒီ အမိန့်ပေးသူဟာ ကိုးကျိပ်ကိုးယောက်သော ထီးဆောင်းမင်းတို့ရဲ့သခင်၊ ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ် လက်နက်နိုင်ငံတော်ကြီးသခင်ဆိုတာ သင်မေ့နေသလား။ ကိုင်း - သင် အလိုရှိရာသွားနိုင်ပြီ၊ မိထိလာကို စစ်ချီတဲ့နေ့မှာ သင့်ကို ခါတိုင်းလိုပဲ ကျွန်ုပ်အနီးမှာ မြင်ချင်တယ်၊ သွားတော့"

မင်းကြီးသည် ကျောက်သလင်းခုံထက်မှထကာ ဥယျာဉ်တော်ကို ဖြတ်လျက် သရက်ပင်တန်းတစ်ဘက်သို့ ထွက်သွားလေသည်။ အင်ကြင်းပင်ကြီးအောက်တွင် တောက်ပဆဲ မီးတိုင်အလင်းတို့ကြားတွင် ကေဝဋ္ဋပုရောဟိတ်ကြီး တစ်ဦးတည်းကျန်ရစ်ခဲ့သည်။ ပုရောဟိတ်ကြီးသည် အမူမဲ့အမှတ်မဲ့ပင် ဥယျာဉ်တော်ကြီး၏ အလယ်ဗဟို မြက်ခင်းပြင်ဆီသို့ လှမ်းကြည့်နေမိလေသည်။

သေရည်အိုးကြီးများ၏ အကွဲအစများကို မြင်နေရဆဲ။

●



www.burmeseclassic.com

www.burmeseclassic.com

(၉)

ဝိဒေဟရာဇ်မင်းကြီး၏ ညဥ့်ဦးယံညီလာခံပြီးဆုံးသည့်အချိန်တိုင်းမှာ ပင် သေနကအမတ်ကြီး၏ စံအိမ်တော်၌ ဒေဝိန္ဒအမတ်၊ ကာမိန္ဒအမတ်၊ ပက္ကုသအမတ်ကြီးလေးပါးတို့သည် စုံညီစုရုံးကြစမြဲ ဖြစ်လေသည်။ အမတ်ကြီးလေးပါးစုံတို့ စုရုံးကာ ညဥ့်ဦးယံသဘင်တွင် ဝိဒေဟရာဇ်မင်းကြီး ချမှတ်ခဲ့သော အမိန့်တော်များနှင့် မိထိလာပြည်ရေးရာများကို ညှိနှိုင်းတိုင်ပင်ကြသည်။

လွန်ခဲ့သော နှစ်အနည်းငယ်ကမူကား အမတ်လေးပါးတို့၏ ထိုစုရုံးတိုင်ပင်ပွဲသည် မဟောသဓာသုခမိန်၏ ပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်သည့် တွေ့ဆုံပွဲသာ ဖြစ်ခဲ့လေသည်။ သို့သော် လျှို့ဝှက်အပ်သော အမှုကိစ္စနှင့် စပ်လျဉ်းသည့် ပြဿနာပေါ်ပေါက်ပြီးကတည်းက အမတ်လေးပါးတို့သည် အစွယ်ချိုးပြီး မဟောသဓာသုခမိန်အောက်၌ ကျိုးနွံဝပ်ဆင်းခဲ့ကြပြီ ဖြစ်သည်။ (မဟောသဓာဇာတ်တော်ကြီး၊ ပထမတွဲ၊ ပဥ္စပဏ္ဍိတ ပဥ္ဇာခန်းတွင် ပြန်လည်ဖတ်ရှုနိုင်ပါသည်။)

ကုသာမဏ္ဍိရိယကြောင့် အမှောက်မှောက် အမှားမှားဖြစ်ခဲ့ရသော်လည်း စင်စစ် သေနကအမတ်၊ ဒေဝိန္ဒအမတ်၊ ကာမိန္ဒအမတ်နှင့် ပက္ကုသအမတ်တို့သည် ဆိုင်ရာပညာရပ်တို့၌လည်းကောင်း၊ တိုင်းရေးပြည်မှုအစုစုတို့၌လည်းကောင်း လိမ္မာကျွမ်းကျင်ကြသူများ ဖြစ်ကြချေသည်။

စံအိမ်ရှင် သေနကအမတ်ကြီးသည် ထိုင်နေကျ ကမ္ဗလာဖုံထက်တွင်



www.burmeseclassic.com

www.burmeseclassic.com



နေရာယူလိုက်ပြီးနောက် ညဉ့်ဦးစာ ခဲဖွယ်ဘောဇဉ်များကို အမှုတော်ထမ်းများအား အပြင်ခိုင်းလိုက်သည်။

"မဟောသဓာသုခမိန် ဒီညဥ့်ဦးယံ ညီလာခံကနေ မင်းကြီးဆီ ခွင့်တောင်းပြီး အစောဆုံးပြန်သွားတယ်။ သူ ကျန်းခံ့မသာလို့များလား မသိဘူး"

ပက္ကုသအမတ်က စကားဝိုင်းကို စတင်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်ုပ်လဲ ဒါကိုပဲ တွေးနေခဲ့တယ်။ ဘာကြောင့် အစောကြီးပြန်သွားသလဲ မသိဘူး။ သူ့ကြည့်ရတာလဲ ရွှင်ရွှင်လန်းလန်းပါပဲ"

ဒေဝိန္ဒအမတ်က ဝင်ပြောလေသည်။

"သူ့မှာ ဆောင်ရွက်စရာကိစ္စတစ်ခုခု ရှိနေသလားမသိဘူး။ အမှန်တော့လဲ စဉ်းစားကြည့်ရင် မဟောသဓာသုခမိန်ဟာ တစ်နေ့တာရဲ့ အချိန်တော်တော်များများကို မိထိလာနိုင်ငံအတွက် ပေးနေရတာ ကလား။ သုခမိန်ကတော် အမရာဒေဝီနဲ့ သူ့စံအိမ်တော်၊ သူ့အခြွေ အရံတွေအတွက် သူ့မှာ အချိန်နည်းလွန်းလှရှာပါတယ်"

ပက္ကုသအမတ်၏ လေသံမှာ လေးတွဲ့တွဲ့နှင့် ကျေးဇူးဥဒါန်းစကားကို ကျူးရင့်နေသလိုပင် ဖြစ်လေသည်။

စံအိမ်ရှင် သေနကအမတ်ကြီးက ချောင်းတစ်ချက်ဟန့်၍ . . .

"သူ့အကြောင်းကို တွေးမိတိုင်း ကျွန်ုပ် သူ့ဂုဏ်ကျေးဇူးတွေကို တသသ ပြန်မြင်လာရတယ်။ ဒီလိုမြင်တိုင်းလဲ ကျွန်ုပ်တို့ရဲ့အမှားတွေကို လဲ ပြန်သတိရပြီး အခုထိ နှလုံးမသာမယာ ဖြစ်ရလေတယ်။ အင်း . . . မနာလို ဝန်တိုမှုများ တယ်ပူလောင်ပါကလား။ ကျွန်ုပ်တို့ မှာ ဘုရင်မင်းမြတ်ရဲ့ လက်ရုံးပညာရှိတွေ ဖြစ်ပါလျက်နဲ့ မှားလိုက်ကြတဲ့ အမှားတွေ၊ ကျူးလွန်လိုက်ကြတဲ့ အပြစ်တွေ . . ."

"ဟုတ်ပေတာပေါ့ အမတ်ကြီး"

တစ်ချိန်လုံး ငြိမ်သက်နေသော ကာမိန္ဒအမတ် ပါဝင်လာသည်။

"နောက်ဆုံးဖြစ်ခဲ့တဲ့ ပြဿနာကို ပြန်တွေးမိတိုင်း ကျွန်ုပ်နှလုံးအိမ်မှာ နောင်တတရားနဲ့အတူ သုခမိန်အပေါ် ညွတ်နူးတဲ့ ကျေးဇူးအောက်မေ့ ခြင်းက ရိုက်ခတ်တုန်းပါပဲ။ ဘုရင်မင်းမြတ်က ကျွန်ုပ်တို့ကို သေဒဏ်ချတယ်၊ သုခမိန်က သေဒဏ်ဖျက်ပေးဖို့ ဝင်တောင်းတယ်၊ ဘုရင်မင်းမြတ်က





သုခမိန်စကားအတိုင်း သေဒဏ်ဖျက်ပေးပေမယ့် ကျွန်ုပ်တို့ကို အရာက နုတ်ပြီး သုခမိန်ထံမှာ ကျွန်ပြုဖို့ အမိန့်ချတယ်။ သုခမိန်က ချက်ချင်းပဲ ကျွန်အဖြစ်က နုတ်ပယ်ပေးကြောင်း ကြေညာတယ်။ ဒီတော့တစ်ခါ ဘုရင်မင်းမြတ်က နယ်နှင်ဒဏ်ပေးပြန်တယ်၊ သုခမိန်ကပဲ နယ်နှင်ဒဏ်ရုပ်သိမ်းပြီး မူလအရာမှာပဲ ပြန်ပြီးတော့ ခံစားပါစေလို့ ဝင်လျှောက်တယ်။ သုခမိန်ကြောင့် မူလစည်းစိမ်၊ မူလရာထူးဂုဏ်သိမ်အတိုင်း ပြန်နေခွင့်ရတယ်။ အမှန်တော့ သုခမိန်ဟာ ကျွန်ုပ်တို့ရဲ့ အစခပ်သိမ်း ကျေးဇူးရှင်ဖြစ်ပေတာပဲ အမတ်ကြီး"

"မှန်တယ်၊ သူလို ပုဂ္ဂိုလ်မျိုးကိုမှ ပြစ်မှားမိကြတဲ့ ကျွန်ုပ်တို့ဟာ နောင်တမီးနဲ့ တစ်သက်လုံး လောင်ကျွမ်းခံရတော့မှာပါပဲ"

"ဒီလိုလဲ မဟုတ်သေးဘူးလေ ပက္ကုသအမတ်ကြီး"

သေနကအမတ်ကြီးက အသက်ပြင်းပြင်း တစ်ချက်ရှိုက်ကာ . . .

"သူ့ကျေးဇူး သူ့သစ္စာကို စောင့်ရှောက်၊ သူ ကောင်းရာကောင်းကြောင်းကို ဆင်ခြင်အောက်မေ့၊ ဒီလိုနည်းတွေနဲ့ ကျွန်ုပ်တို့ရဲ့နောင်တမီးကို ဝိဇ္ဇာအလင်းရေကြည်ဓာတ်နဲ့ ငြိမ်းသတ်ရပေမှာပေါ့။ ကိုင်း . . . သုံးဆောင်ကြဦး"

စကားဝိုင်း ပြန်လည်တိတ်ဆိတ်သွားသည်။

သေနကအမတ်ကြီးသည် ကမ္ဗလာဖုံထက်မှထ၍ လေသာပြတင်းဆီသို့ လျှောက်သွားကာ ပြတင်းဝတွင်ရပ်လျက် မိထိလာကောင်းကင်ဆီသို့ မျှော်ကြည့်သည်။ ကြယ်ပေါင်းစုံ ထွန်းလက်သော၊ အေးချမ်းလှပသော မိထိလာ၏ကောင်းကင်။

သို့သော် သေနကအမတ်ကြီး မျှော်ကြည့်နေစဉ်မှာပင် ကြယ်ပေါင်းစုံ ထွန်းလက်သည့် မိထိလာကောင်းကင်၏ အလှသည် ရုတ်ခြည်းပြောင်းလဲသွားလေသည်။

မိထိလာ၏ အရှေ့ဘက်အရပ် မြေပြင်ဆီမှ တစ်ခဲနက် ပြုံးပြုံး ပြက်သော မီးရောင်များ လင်းထိန်လာကာ အလင်းရောင်သည် အောက်မှသည် အပေါ်သို့ ဖြန့်ကျက်ဝင်းလက်သွားသည်။ အရှေ့အရပ်ဆီတွင် ထိုသို့ ဖြစ်ပေါ်လာပြီး မရှေးမနှောင်းမှာပင် တောင်အရပ်၊ ထို့နောက် အနောက်အရပ်၊ ထို့နောက် မြောက်အရပ်၊ အရပ်လေးမျက်နှာစလုံးတွင် ညဉ့်၏



www.burmeseclassic.com

www.burmeseclassic.com



အမှောင် ပျောက်ဆုံးသွားသည်။ မီးရောင်များသည် ညဦးအမှောင်ကို အပြီးတိုင်ဖျက်သိမ်းတော့မတတ် စိုးမိုးသွားသည်။

အရပ်လေးမျက်နှာစလုံးတွင် မီးရောင်များ တစ်ခဲနက် လင်းထိန်သွားပြီးနောက် ကျယ်လောင်စူးနစ်သော အသံများလည်း ဟုန်းဟုန်းပေါက်ကွဲလာသည်။ ဆင်အော်သံ၊ မြင်းဟီးသံ၊ စစ်မောင်းသံ၊ တံပိုးသံ၊ ခရာသံ၊ ထို့နောက် မဟာပထဝီမြေပြင်အလုံး သိမ့်တုန်ကွဲအက်လုခမန်း မြည်ဟည်းလာသော ဟစ်ကြွေးသံများ။

ပက္ကုသအမတ်၊ ဒေဝိန္ဒအမတ်၊ ကာမိန္ဒအမတ်တို့လည်း ပြတင်းဆီသို့ ချက်ချင်းပြေးသွားကြသည်။ တောက်ပလင်းလက်နေသော အရပ်လေးမျက်နှာကောင်းကင်ဆီသို့ ထိုးတက်နေသည့် မီးရှူးအလင်းတန်းများ၊ ထို့နောက် တစ်ခဲနက် အုတ်အုတ်ကျက်ကျက်အသံကြီး။

ပြူးကျယ်သော မျက်လုံးလေးစုံတို့ ဆုံတွေ့ကြသည်။

သေနကအမတ်ကြီးနှုတ်မှ တုန်ယင်တိုးတိတ်စွာ အသံထွက်လာသည်။

“ဘုရင် . . . မင်းမြတ် . . . ဆီ . . . သွားပြီး . . . လျှောက်ထား”

အမတ်ကြီးလေးပါးစလုံး စံအိမ်တော်မှ တစ်ဟုန်ထိုး ပြေးဆင်းခဲ့ကြလေတော့သည်။

ဝိဒေဟရာဇ်မင်းကြီးသည် နန်းတော်လေသာပြတင်းဝတွင် ရပ်လျက်မျှော်ကြည့်ရာမှ ပြတင်းကို ကျောခိုင်း၍ ဆတ်ခနဲလှည့်လိုက်သည်။ ပြတင်းဝတွင် မရပ်မီအချိန်နှင့် ယခု ပြတင်းဝမှ ပြန်လှည့်လိုက်သောအချိန်နှစ်ခု၏ တဒင်္ဂအကွာအခြားမှာပင် မင်းကြီး၏ မျက်နှာသည် နှစ်ပေါင်းများစွာ အိုမင်းရင့်ရော်သွားသည်ဟု ထင်ရသည်။ သေနကအမတ်ကြီးတို့၏ လျှောက်တင်စကား ကြားခဲ့ရစဉ်ကမူ မင်းကြီး၏ မျက်နှာပြင်၌ ရာဇမာန်ရာဇသွေးတို့ဖြင့် ခက်ထန်နီရဲခဲ့သည်ပင်။ ယခု ပြတင်းဝမှ ပြန်လှည့်လိုက်သောအခါတွင်ကား စောစောက ခက်ထန်နီရဲခဲ့သော မျက်နှာပြင်ထက်၌ သွေးဆုတ်ဖြူရော်ခြင်းက ရုတ်ခြည်းအစားဝင်ရောက်သွားပြီ ဖြစ်သည်။

ထိတ်လန့်တုန်လှုပ်နေကြသော အမတ်ကြီးလေးပါးနှင့် ထိတ်လန့်တုန်လှုပ်သွားပြီဖြစ်သော ဝိဒေဟရာဇ်မင်းကြီးတို့သည် ပို၍ ကြီးမားသော ထိတ်လန့်တုန်လှုပ်ခြင်းဖြင့် တွေ့ဆုံကြလေသည်။





ကတုန်ကယင် အသံဖြင့် မင်းကြီးဆိုလေသည်။

“ဘယ်လိုလုပ်ကြမလဲ အမတ်ကြီးတို့၊ ဒီညဦးလွန်မြောက် မိုးသောက်ရောက်ရင် ကျွန်ုပ်တို့အားလုံးရော၊ မိထိပြည်သူပြည်သားတွေရော ရန်သူလက်ထဲမှာ အသက်အိုးအိမ်စည်းစိမ် ပျက်စီးကြရတော့မယ်။ ရန်သူအကျော့ဘိဏီတပ်မကြီးဟာ ကမ္ဘာမြေအဆုံးအထိ ကြီးမားတောင့်တင်းနေတယ်။ ဒီအန္တရာယ်ကနေ လွတ်မြောက်အောင် ဘယ်သူမှ မလုပ်နိုင်ကြတော့ဘူးလား”

ဖြေဆိုလျှောက်တင်သံ တစ်ခုတစ်လေမျှ မပေါ်လာ။ ချောက်ချားတုန်လှုပ်ခြင်းတွင် အားလုံးနစ်မျောလျက် ရှိကြလေသည်။

ဆင်အော်သံ၊ မြင်းဟီးသံ၊ စစ်မောင်း စစ်ခရာသံများကား အဝေးရပ်ဆီမှ သဲသဲလှုပ်လှုပ် ပွဲတင်ရိုက်လျက်ပင်။ ဝိဒေဟရာဇ်မင်းကြီးသည် သလွန်ပေါ်သို့ ထိုင်ချလိုက်သည်။ ထို့နောက် ချက်ချင်းပင် ပြန်ထသည်။ သုံးလေးလှမ်းမျှ ခေါက်တုန့်လျှောက်သည်။ သလွန်ရှေ့ရောက်သောအခါ ထိုင်ချလိုက်ပြန်သည်။ ထို့နောက် အမှုတော်ထမ်းကိုပင် အမိန့်မပေးတော့ဘဲ ကိုယ်တိုင်ပင် ရွှေတကောင်းမှရေကို ငှဲ့၍ တစ်ကျိုက်နှစ်ကျိုက် သောက်သည်။ ရေရှိဆဲ ရွှေခွက်ကို အမေ့မေ့ အလျော့လျော့ဖြင့် ပြန်ချသည်။ ထို့နောက် သလွန်မှ ထပြန်ကာ ပြတင်းဆီသို့ ခြေလှမ်းသည်။ ပြတင်းဝသို့ မရောက်မီမှာပင် ပြန်လှည့်လာကာ သလွန်စောင်းတွင် လျော့ရဲရဲ ခြေလွှဲ၍ ထိုင်ပြန်လေသည်။

အစဉ်အမြဲလိုလို ရာဇက္ကန္ဓြေဖြင့် သိုက်မြိုက်ခမ်းနားစွာ နေတတ်သော ဝိဒေဟရာဇ်မင်းကြီး၊ ထိုသို့ ယောက်ယက်ခတ်သော ရာဇက္ကန္ဓြေယွင်းနေသည်ကို သတိထားလိုက်မိသော သေနကအမတ်ကြီးသည် ပို၍ပင် ဆောက်တည်ရာမရ ဖြစ်သွားသည်။ အားကိုးအားထားရာ ပြည့်ရှင်သခင်မင်းကြီး ကိုယ်တိုင်က ချောက်ချားနေသည့်အဖြစ်။

ထိုအချိန်မှာပင် နန်းတော်ဆောင်တံခါးဝမှ အသံတစ်သံပေါ်လာသည်။ တံခါးမှူး၏ အသံဖြစ်သည်။

“မဟောသဓာသုခမိန် အခစားဝင်ရောက်ကြောင်းပါ ဘုရင်မင်းမြတ်”

တံခါးမှူး၏ အသံနှင့် မရှေးမနှောင်းမှာပင် သုခမိန်သည် နန်းတော်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထဲသို့ ဝင်လာပြီး လက်အုပ်ချီကာ ရောက်မြဲရပ်မြဲနေရာ၌ ရပ်နေလေသည်။

"အို . . . သားတော်ပါလား"

မင်းကြီး၏ ထိုနှုတ်ဆက်စကားသံမှာပင် စောစောက ချောက်ချားမှုများ အတန်အသင့်လျော့ပါးသွားလေသည်။ သုခမိန်က စကားမဆိုသေး။

"သားတော် သုခမိန်၊ ပဉ္စာလရာဇ်မင်းဟာ ဗိုလ်ပါထောင်ထုနဲ့ အခု မိထိလာကို ဝိုင်းရံထားကြပြီ၊ သားတော်သိရဲ့လား"

ခမည်းတော် ဘုရင်မင်းမြတ်တစ်ပါးက သားအရာထားသောသုခမိန်အား ပြောနေသည်နှင့်မတူဘဲ အကလေးငယ်တစ်ဦးက အဖ၊ ဦးရီးတစ်ယောက်အား အားကိုးတကြီး တိုင်တန်းနေသည့်လေသံမျိုး ဖြစ်နေလေသည်။ စကားတုန့်ပြန် မဆိုသေးသော မဟောသဓာသုခမိန်၏ တည်ကြည်နက်ရှိုင်းသည့်အသွင်ကို တွေ့ရသောအခါ ဝိဒေဟရာဇ်မင်းကြီးသည် သလွန်မှထ လျက် အလျဉ်မပြတ် ပြောလေတော့သည်။

"ပဉ္စာလရာဇ်မင်းမှာ ဗိုလ်ပါအရေအတွက် တစ်ဆယ့်ရှစ်ခေါဘိဏီရှိသတဲ့ သားတော်။ ဒီစစ်သည်တွေထဲမှာ တံစဉ်းသမား၊ ပန်းပဲသမား၊ ဗိသုကာသမား၊ ပန်းရံသမားတွေလဲ ပါသတဲ့။ စစ်မြေပြင်ရောက်ရင် တစ်ဘက်လူရဲ့ ဦးခေါင်းကို ဖြတ်ယူနိုင်တဲ့ သူရဲကောင်းတွေလဲ ပါသတဲ့။ သူ့ရဲ့တပ်ကြီးမှာ ဆင်သံ၊ မြင်းသံ၊ ရထားသံ စတဲ့ အသံဆယ်ပါးနဲ့လဲ ပြည့်စုံသတဲ့။ ဒါတင်မက ဝဟိုရ်စည်မောင်း၊ ခေါင်းလောင်း၊ ခရုသင်း၊ ဒုံမင်း၊ နှဲ၊ ခရာ၊ ပတ်သာ စည်ပုတ်သံတွေ၊ ဟစ်ကြွေးသံတွေနဲ့လဲ ကျွက်ကျွက်ညံစေနိုင်သတဲ့"

သုခမိန်ထံမှ စကားတုန့်ဆိုသံ မပေါ်လာသေး။ မင်းကြီးသည် ရပ်နေသော မဟောသဓာသုခမိန်ထံ လျှောက်သွားရင်း တတွတ်တွတ်ပြောပြန်လေသည်။

"ဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူရဲကောင်းတွေမှာလဲ ရတနာခုနစ်ပါးနဲ့ပြီးတဲ့ တန်ဆာတွေကို သံနန်းချည်နဲ့ ချုပ်လုပ်ပြီး ချပ်၊ မိန်ညို၊ မောက်တို၊ မောက်လူ၊ သရဖူ၊ နရကင်းတွေနဲ့ ဝတ်ဆင်ထားကြပြန်သတဲ့။ ဒီတန်ဆာ အဆင်တွေဟာ ဘယ်လောက်တပြောင်ပြောင် တလက်လက်နဲ့ တောက်ပလိုက်လေမလဲ၊ သားတော် စဉ်းစားကြည့်စမ်း။ ဒါတင်မကသေးဘူး





သားတော်၊ စစ်ရထားဦးမှာ တပ်ဆင်စိုက် ထိုးထားတဲ့ အောင်လံရွှေခွက်တွေဟာလဲ တလက်လက် တလျှပ်လျှပ် လွင့်လို့။ ဆင်၊ မြင်း၊ ရထားတပ်တွေ၊ အကြား အကြားမှာလဲ လှံ၊ ဓား၊ လေး၊ မြားနဲ့ လွှားကာကိုင်တဲ့ သူရဲကောင်းတွေဟာ လက်ဝဲလက်ယာ ဆင်ရေးမြင်းရေး လက်နက်တွေ ကစားလို့၊ ပြီးတော့ အဲဒီတပ်တွေ၊ တပ်တွေကို ထိတ်လန့်ရွံ့ရှာခြင်းကင်းတဲ့ ဗိုလ်မှူး၊ စစ်သူ ကြီးတွေက ကွပ်ကဲအုပ်ချုပ်ပြီး လိုက်ပါလာကြသေးရဲ့ သားတော်။ ဒါတင်မကသေးဘူး သားတော်၊ စူဠနီဗြဟ္မဒတ်မင်းမှာ အင်မတန်ညီ ညွတ်တဲ့ ပညာရှိသုခမိန်တစ်ကျိပ် ရှိသတဲ့လေ။ ဟော . . . စူဠနီဗြဟ္မဒတ်မင်းရဲ့ မယ်တော်စလာကဒေဝီဆိုတာကလဲ ပဉ္စာလရာဇ်ရဲ့ ဂုဏ်ထူးဆောင်ပညာရှိ တစ်ပါး မဟုတ်လား။ ဒါဆို သူ့မှာ ပညာရှိ တစ်ကျိပ်တစ်ယောက်ပေါ့"

ဝိဒေဟရာဇ်မင်းကြီးသည် တတွတ်တွတ်ရေရွတ်ရင်း မဟောသဓာသုခမိန်အနီးသို့ ချဉ်းကပ်သွားကာ မလှမ်းမကမ်းတွင် ရပ်လိုက်လေသည်။

"သားတော် အဲဒီလို အခြင်းအရာတွေနဲ့ ပြည့်စုံတဲ့ စူဠနီဗြဟ္မဒတ်မင်းဟာ အခု ဆင်တစ်တပ်၊ မြင်းတစ်တပ်၊ ခြေသည်တစ်တပ် အင်အားနဲ့ ခမည်းတော်တို့ မိထိလာကို ဝန်းရံနေကြပြီ သားတော်သုခမိန်။ သားတော်ဟာ အစီစိုင်ရဲကနေ အထက်ဘဝဂ်တိုင် အတုမရှိတဲ့ ပညာရှိလို့ ခမည်းတော် ယုံတယ်။ ဒီ အန္တရာယ်ကနေ ဘယ်လိုလွတ်မြောက်အောင်လုပ်ကြမယ် ဆိုတာလဲ သားတော်ရဲ့အရေးသာဖြစ်တယ်"

အလွန်အမင်း မောပန်း နွမ်းနယ်စွာ မင်းကြီးသည် စကားကို အဆုံးသတ်လိုက်လေသည်။ ထို့နောက် အားကိုးတကြီးအသံဖြင့် စကား၏ အနားသတ် တစ်ခွန်းကို ထပ်ဆိုသည်။

"ဘယ်လိုကြံမလဲ သားတော်"

သူနာဟာ ဆေးပညာကို ကိုးကွယ်သလို၊ ရေငတ်သူဟာ ရေကိုကိုးကွယ်သလို၊ အစာငတ်သူဟာ အစာကို ကိုးကွယ်သလို မင်းကြီးဟာ ငါမှတစ်ပါး ကိုးကွယ်ရာမရှိတော့။ မဟောသဓာသည် မင်းကြီး၏ ဆောက်တည်မဲ့အသွင်ကို ကြည့်၍ စိတ်ထဲမှ ရေရွတ်လိုက်သည်။ ထို့နောက် လက်အုပ်ချီလျက်ကပင် . . .

"ခမည်းတော်မင်းကြီး . . . ကျီးတွေကို ဒုတ်ခဲ လှံတံနဲ့ လှန့်လိုက်သလို တောထဲကမျောက်တွေကို လေးမြားရွယ်ပြီး ခြောက်လိုက်သလို၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စာလရာဇ်မင်းရဲ့ ဆယ့်ရှစ်ခေါဘိဏီတပ်တွေကိုလဲ သားတော် မကြာခင် ခြောက်လှန့်မောင်းထုတ်လိုက်ပါမယ်။ ရန်သူအားလုံးဟာ ကိုယ်ဝတ်ပုဆိုးမှ အစိုးမရစေလောက်အောင်ထိ ရုတ်ရုတ်သဲသဲ ချောက်ချားစေရပါမယ်၊ ခမည်းတော်မင်းကြီး ချမ်းသာစွာ စံနေပါ"

မဟောသဓာသည် လျှောက်တင်ပြီးပြီးချင်းမှာပင် နန်းတော်ဆောင်ထဲမှ ထွက်သွားလေသည်။

ဝိဒေဟရာဇ်မင်းကြီး၏ လေးဖင့်စွာသော သက်ပြင်းရှိုက်သံ သက်ပြင်းချသံနှင့်အတူ သေနကအမတ်ကြီးသည် အနီးမှ ဒေဝိန္ဒအမတ်ကြီး၏ လက်ကိုတို့ကာ တီးတိုးပြောလိုက်သည်။

"သုခမိန် တယ်အပြောရဲသကိုး။ ဒါပေမဲ့ သူပြောလိုက် ဆိုလိုက်ပုံဟာဖြင့် ဆေးဒန်း မြင်းသီလာကျောက်ဖျာအပြင် တက်ထိုင်ပြီး ဟိန်းဟောက်လိုက်တဲ့ ကေသရာဇခြင်္သေ့မင်းလိုပါပဲ၊ ကြောက်ရွံ့ခြင်း အလျဉ်းကင်းပါလေရဲ့"

ဒေဝိန္ဒအမတ်ကြီးက စကားပြန်မပြောနိုင်၊ မဟောသဓာသုခမိန် စောစောက ရပ်သွားခဲ့သော နေရာ၊ ထွက်ခွာသွားသော နန်းတော်ဆောင် တံခါးမဆီသို့သာ အားကိုးတကြီး မျက်လုံးများဖြင့် ငေးကြည့်နေလေသည်။

ဝိဒေဟရာဇ်မင်းကြီးသည် သလွန်ဆီသို့ ပြန်လျှောက်လာပြီး သလွန်ထက်တွင် ပြန်ထိုင်သည်။ စောစောက ချထားသော ရေပြည့်ဆဲ ရေခွက်ကို ယူကာ သောက်ချလိုက်သည်။ သည်တစ်ခါမှ မင်းကြီးသည် ရေကို အကုန်အစင်သောက်နိုင်ပြီဖြစ်ကြောင်း လှုပ်ရှားမှုတို့ အတန်အသင့်ငြိမ်သက်သွားပြီဖြစ်ကြောင်း သေနကအမတ်ကြီး သတိထားလိုက်မိလေသည်။

●



## (၁၀)

အရှေ့ဘက် မြို့တံခါးမှူး ကုမ္မသည် မဟောသဓာသုခမိန်ကို အစဉ်တစိုက် မြတ်နိုးကိုးကွယ်ခဲ့သူ ဖြစ်သည်။ မိထိလာနန်းတော်တွင်းသို့ မဟောသဓာသုခမိန် မရောက်လာမီကပင် သုခမိန်၏ ဂုဏ်ကျေးဇူးကို လေးစားကြည်ညိုခဲ့လေသည်။ လေးစားကြည်ညိုသည်နှင့်အမျှ သုခမိန်၏ လက်ရုံး၊ နှလုံးစွမ်းကို အကြွင်းမဲ့ ယုံကြည်သူလည်း ဖြစ်သည်။ ကုမ္မပြောလေ့ရှိသော စကားတစ်ခွန်း ရှိသည်။

"အနောက်က နေထွက်ပြီး အရှေ့မှာ နေဝင်အောင် သုခမိန်က လုပ်ပြနိုင်တယ် ပြောရင်တောင် ကျုပ်က ယုံလိုက်မှာဗျား။ ဒီလောကမှာ သုခမိန် မလုပ်နိုင်တာဆိုလို့ ဘာမှမရှိဘူး"

ယခုလည်း ဥတ္တရပဉ္စာလရာဇ်တပ်မကြီးများ မိထိလာကို လေးဘက်လေးတန် ဝိုင်းရံပိတ်ဆို့ထားသည့် အခြေအနေတွင် အရှေ့ဘက်တံခါးမှူး တာဝန်ကျသော ကုမ္မသည် သုခမိန်ထံမှအမိန့်ကို မျှော်လင့်တကြီး စောင့်စားနေသည်။ အရှေ့ဘက်တံခါးမှ တာဝန်ကျအကြပ်များ၊ ရဲမက်များ၊ သွေးသောက်များကား ညဥ့်အမှောင်ကို ထွင်းဖောက်နေသော ပဉ္စာလရာဇ်တပ်ကြီးများဆီမှ အလင်းရောင်များကိုကြည့်ကာ တုန်လှုပ်နေကြသည်။ တံခါးမှူးကုမ္မက သူတို့ကို မြို့တံခါးအတွင်းဘက် ကွက်လပ်သို့ စုရုံးခေါ်ယူလိုက်သည်။

"မိထိလာသူရဲတွေလုပ်နေပြီး ဒီလောက်သွေးနည်းရသလားကွ ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ သွေးကောင်းသပ ဗိုလ်မင်း၊ အခုဟာက ကြည့်စမ်းပါဦး၊ သင်းတို့အင်အားက တစ်ဆယ့်ရှစ်ခေါဘီဏီတပ်ကြီးဗျ။ လက်နက်၊ လေးမြား မသုံးဘဲ လူအင်အားနဲ့ ပခုံးစောင်းတိုက်ချရင်တောင် ကျုပ်တို့မြို့ရိုး ပြိုသွားနိုင်တာ"

အကြပ်တစ်ယောက်က စိုးရိမ်တကြီး ပြန်ပြောသည်။ ကုမ္ဘသည် စောဒကတက်လာသော အကြပ်ဆီသို့ မျက်ထောင့်နီကြီးများဖြင့် လှမ်းကြည့်ကာ . . .

"အဲဒါကြောင့် မင်းတို့ကို မိထိလာသူရဲ မပီသဘူးဆိုတာပ။ တို့ပြည်ဟာ ကယ်သူမဲ့တဲ့ ဒုက္ခသည်တိုင်းပြည်မှမဟုတ်တာ၊ မဟောသဓာသုခမိန်တစ်ယောက်လုံး ရှိနေတယ် ဆိုတာများ သတိမရကြဘူးလား"

"သုခမိန်က သုခမိန်ပဲဗျ ဗိုလ်မင်းရဲ့၊ သုခမိန်တတ်နိုင် တော်နိုင်လှနှလုံးရည်ပေါ့။ သူနှိမ်နင်းနိုင်လှ ဟိုသေနကတို့၊ ပက္ကုသတို့ အမတ်လေးပါးပေါ့။ အခုဟာက စစ်ဗျ . . . စစ်၊ နှလုံးအရေးမဟုတ်ဘူး၊ လက်ရုံးရည်အရေး၊ သူသေ ကိုယ်သေတိုက်ကြရမယ့်စစ်၊ ဒီလိုအရေး မှာ သုခမိန်က ဘာလုပ်နိုင်မှာလဲ"

ကုမ္ဘ ဒေါသထွက်သွားသည်။ သူကား မဟောသဓာနှင့် ပတ်သက်လာလျှင် ဆတ်ဆတ်ထိ မခံနိုင်သူ။

"ဟိတ် . . . လူမိုက်၊ အန္ဓ ပါးစပ်၊ တီကောင် ဦးနှောက်၊ ပိုးလောက်အသိဉာဏ်နဲ့ တွေ့ကရာ မပြောနဲ့"

ကုမ္ဘ ဒေါသထွက်လာလျှင် ကတ်သီး ကတ်သတ် ကျိန်ဆဲတတ်သည်။ ထို့နောက် မျက်နှာကြီး နီလာကာ မကုန်မဆုံးနိုင် တဗျစ်တောက်တောက် ရေရွတ်တတ်လေသည်။

"လိပ်ကျောကုန်းမှာ အမွေးပေါက်ချင် ပေါက်ဦးမယ်၊ မင်းလိုကောင်မျိုးကတော့ ဘယ်တော့မှ ပညာရှိရဲ့ကျေးဇူးဂုဏ်ကို သိမှာမဟုတ်ဘူး။ အလကား အကောင်၊ နွားပိန်မနဲ့ လင်းတနဲ့ စပ်ကျတဲ့အကောင်၊ထွီ"

ကုမ္ဘ၏ ဆဲသံများကို ရယ်ချင်နေကြသည့်ကြားမှပင် ရဲမက်တစ်ယောက်က မဝံ့မရဲဟန်ဖြင့် ဝင်ပြောပြန်သည်။

"ဒါဖြင့် ဗိုလ်မင်းရယ် အခု အရေးတော်ကြီးမှာ မဟောသဓာသုခမိန်ဆီကဖြစ်ဖြစ် နန်းတော်ကြီးကဖြစ်ဖြစ် ဘာအမိန့်မှ မလာသေးပါလား"





"ဟ . . . လင်းနို့ယောက်ဖရဲ့၊ လာချိန်တန်တော့ လာလိမ့်မပေါ့။ နင့်ထက် ဘုန်းကံပါရမီဉာဏ်ကြီးလို့ ဘုရင်တွေ သုခမိန်တွေတက် ဖြစ်နေတာ၊ နင့် ဖြုတ်ကောင်ဉာဏ်မျိုးနဲ့ ဝင်ဝင်မပြောနဲ့၊ မဟောသဓာသုခမိန်ဟာ . . ."

ကုမ္ဘ စကားပင်မဆုံးလိုက်၊ ခပ်လှမ်းလှမ်း အမှောင်မကျတကျ နေရာဆီမှ စည်လည်သံတစ်ခု ပေါ်လာလေသည်။ ဖျော်လင့်သော အချိန်မတော်ကြီးတွင် စည်လည်သံ ပေါ်လာသည့်အတွက် အားလုံး အံ့အားသင့်သွားကြသည်။ စည်လည်သံသည် မတိုးလွန်း မကျယ်လွန်း ပေါ်ထွက်လာသည်။

"မိထိလာ ပြည်သူပြည်သားအပေါင်းတို့ . . . မည်သို့သော အကြောင်းနှင့်မျှ ထိတ်လန့်ခြင်း မရှိကြနှင့်၊ မဟောသဓာသုခမိန်ကိုယ် တိုင်၏ အမိန့်ဖြင့် ဤသို့ စည်လည်လိုက်သည်"

"ကြားလားဟ . . . အကောင်တွေရ၊ ငါ့ သုခမိန်ရဲ့ အမိန့်စည်လည်သံတဲ့"

ကုမ္ဘ ရဲမက်များဘက်သို့ လှည့်ပြောလိုက်သည်။

"နားထောင် . . . နားထောင်"

"ဤနေ့မှစ၍ ခုနစ်ရက်ပတ်လုံး မြို့တွင်း၌ အမွှေး၊ အထုံ၊ ပန်းနံ့သာ အထူးထူးသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ကာ အထူးထူးသော တီးမှုတ်ကခုန်ခြင်းများဖြင့် ပွဲသဘင်ခံ၍ အသီးသီးအသက ပျော်ရွှင်ကြကုန်၊ ငြိမ်ဝပ်ချမ်းသာစွာ ရှိကြကုန်၊ မျိုးရိက္ခာနှင့်တကွသော အစီ အမံအားလုံး မဟောသဓာသုခမိန်၏ ဝန်သာဖြစ်စေမည်"

"ကိုင်းဟ . . . ကြားလား အကောင်တွေ၊ ကြားရဲ့လားဟ"

ကုမ္ဘ အားပါးတရ ဆိုလိုက်လေသည်။

"မင်းတို့ ဒီမှာခဏနေကြဦး၊စည်လည်အဖွဲ့ကို ငါ သွားမေးလိုက်ဦးမယ်"

ကုမ္ဘ အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ စည်လည်အဖွဲ့လည်း ခပ်ဝေးဝေးသို့ ရောက်သွားသည်။ ခဏကြာလျှင် ကုမ္ဘ ပြန်ရောက်လာသည်။

"အကောင်တွေ၊ အန္ဓတွေ၊ မြို့တွင်းမှာ စည်လည်အဖွဲ့တွေ တစ်ပြိုင်တည်းလွှတ်လိုက်တာတဲ့ကွ။ စောစောက တို့ကြားလိုက်ရတဲ့ အမိန့်အတိုင်းပဲ၊ တချို့နေရာတွေဆိုရင် ပွဲသဘင်ခံဖို့တောင် ပြင်ဆင်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း . . . ငါမပြောလား၊ မင်းတို့ တစ်မိုက်တစ်ထွာဦးနှောက် နဲ့တိုင်းတိုင်းပြီး ကိုယ်ဉာဏ်မမီတဲ့ ကိစ္စတွေထဲ ဝင်ဝင်မစွက်နဲ့ဆို၊ ကိုင်း . . . အခုကြားရပြီ မဟုတ်လား၊ စည်လည်အဖွဲ့မှူးက ငါ့ကို ပြောသွားသေးတယ်၊ တို့ တံခါးမှူးတွေ တံခါးစောင့်အဖွဲ့တွေဆီကိုလဲ သုခမိန်ဆီက အမိန့်သီးသန့်လာလိမ့်ဦးမတဲ့၊၊ ကိုင်း . . . ဒါကြောင့် ငါပြောတာ၊ မဟောသဓာသုခမိန်ဟာ ဘယ်တော့မှ နောက်မကျဘူးကွ၊ ဘယ်တော့မှလဲ မမှားဘူးကွ"

●



## (၁၁)

မဖြစ်စကောင်းသော ဖြစ်ရပ်တစ်ခုဟု ဆိုရလိမ့်မည်။ မိထိလာတစ်ပြည်လုံး ကြောက်ရွံ့ထိတ်လန့်ခြင်း၏ အဆုံးစွန်တွင် ရူးသွပ်သွားပြီဟုလည်း ပြောနိုင်မည်။ မိထိလာ၏ လေးဘက်လေးတန်ကို ပဉ္စာလရာဇ်အကြောဘီဏီတပ်ကြီးက ဝိုင်းရံထားသည်။ မြေပြင်သိမ့်သိမ့်တုန်၊ ကောင်းကင်ဟိန်းဟိန်းညံသည့် 'စစ်သံ' များက မိထိလာဝန်းကျင်ကို လွှမ်းခြုံထားသည်။ သေမင်း၏ ဝတ်ရုံစအနားသည် မိထိလာအပေါ်တွင် လွင့်ဝဲလျက်ရှိသည်။ သေခြင်းတရား၏ လှံများသည် မိထိလာ၏ ဝမ်းဗိုက်ကို ဖောက်ခွဲအံ့ဟု ထိကပ်စပြုနေသည်။

ထိုအချိန်တွင် မိထိလာမြို့ရိုးအတွင်း၌ နေ၏ အလင်းရောင်နှင့် ညဦး၏ မီးရောင်တို့မှာ အလင်းချင်းဆက်နေသည်။ တိတ်ဆိတ်မည်းမှောင်နေရမည့်အစား ဆူညံလင်းလက်လျက်ရှိသည်။ မြို့ရိုး၏ တစ်ပြတစ်ပြစီတိုင်းတွင် ပွဲသဘင်များ ခြိမ့်ခြိမ့်သဲခဲနေသည်။ တူရိယာငါးပါး တီးမှုတ်သံများက နေရာတိုင်းမှာ ထွက်ပေါ်နေကာ ဝတ်ကောင်းစားလှဝတ်ထားသော မိထိလာသားများသည် မြို့ရိုးအတွင်း လမ်းမများပေါ်တွင် ဥဒဟို သွားလာနေကြသည်။ သူတို့အားလုံး၏ မျက်နှာပေါ်တွင် ပြုံးရွှင်နေသော အသွင်များ ဖုံးလွှမ်းလျက်။ ပွဲသဘင်မှ တူရိယာသံများနှင့်အပြိုင် ရယ်မောဟစ်အော်လျက် ရှိနေကြသည်။

စစ်၏ ခြိမ်းခြောက်မှုဖြင့် ထိတ်လန့်စွာ ငြိမ်သက်နေရမည့်အစား



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်စွာ ဆူညံနေသည့်အဖြစ်။ လက်နက်ခဲယမ်းများကို စုဆောင်းနေရမည့်အချိန်တွင် ပွဲသဘင်စင်ရှေ့၌ ပျော်ရွှင်နေကြသည့်အဖြစ်။

အုန်းအုန်းကျွက်ကျွက် ဆူညံနေသော အသံများသည် မြို့ရိုးကို ကျော်၍ မြို့အပြင်လမ်းကို ဖြတ်၍ တစ်ဘက်မှာရှိနေသော ပဥ္စာလရာဇ်တပ်များဆီသို့ ရောက်သွားသည်။ ကေဝင်္ဂပုရောဟိတ်ကြီး၏ အစီအမံဖြင့် ပဥ္စာလရာဇ် နိုင်ငံတော်ကြီး နယ်ပယ်ချဲ့ထွင်ရေးစစ်ပွဲများတွင် နှစ်ကာလများစွာ အချိန်ကုန်ခဲ့ကြသော ပဥ္စာလရာဇ်တပ်သားများသည် စင်စစ် စစ်ကို ငြီးငွေ့နေကြပြီ ဖြစ်သည်။ စစ်သွေးများ ဆူဝေတက်ကြွအောင် လှုံ့ဆော်ဖန်တီးပေးထားသောကြောင့်သာ စစ်ချီခဲ့ကြရသော်လည်း တကယ့်တကယ်မှု ပဥ္စာလရာဇ် တပ်သားများ၏ အတွင်းသန္တာန်၌ စစ်ညောင်းနေကြပေပြီ။

မိထိလာမြို့တွင်းမှ ပွဲသဘင်ခံသံများ၊ တူရိယာသံများ အုန်းအုန်းကျွက်ကျွက်သံများကို အတိုင်းသား ကြားနေရသောအခါ ပဥ္စာလရာဇ်တပ်သားများသည် တပ်စခန်းမှခွာ၍ ရုပ်ဖျက်ကာ မြို့တွင်းသို့ ဝင်ကြတော့သည်။ အထူးသဖြင့် သူတို့ဝင်လာကြချိန်မှာ ညီအစ်ကို မသိတသိအချိန်၊ ညနေချုပ်စ ညဥ့်ဝင်စအချိန် ဖြစ်သည်။

အရှေ့တံခါးမှူး ကုမ္ဘသည် လက်ပိုက်မတ်တတ်ရပ်ရင်း ဘေးမှတံခါးစောင့်ရဲမက်ကို လှမ်းပြောသည်။

"ဟေ့ . . . ဟေ့ ဟိုမှာ ကျုံးတံတားဒီဘက်ထိပ်ရောက်လာတဲ့ လေးယောက်အဖွဲ့ တွေ့လား။ အဲဒါ ပဥ္စာလရာဇ်တပ်သားတွေပဲကွ၊ မင်း အသာနေ၊ ငါ ကြည့်လုပ်လိုက်မယ်"

ပဥ္စာလရာဇ်တပ်သားလေးဦးသည် ပုဆိုးစကို ခေါင်းမြီးခြုံထားကြသည်။ အရှေ့တံခါးဝရှေ့သို့ ရောက်သောအခါ ကုမ္ဘက အမှောင်ရိပ်ထဲမှ ထွက်လိုက်သည်။

"အရှေ့ဇနပုဒ်က ရောင်းရင်းများမှတ်တယ်"

ကုမ္ဘက ရင်းနှီးသောလေသံဖြင့် နှုတ်ဆက်သည်။

"ဟုတ်ပါတယ် ဗိုလ်မင်း၊ ကျုပ်တို့ ပွဲကြည့်ချင်လို့ပါ"

တစ်ယောက်က ခပ်အုပ်အုပ်လေသံဖြင့် ဖြေသည်။

"ဒါဖြင့်လဲ ဟောဟိုဘက် တံခါးငယ်က ဝင်ကြပါ။ ဒီတံခါးမကြီးကိုတော့ ပိတ်ထားပါတယ်၊ အမိန့်တော်ကြီးအရပါ။ ရောင်းရင်းတို့သိ





ကြတဲ့အတိုင်း စစ်မက်အရေးက . . . ဒီနေ့လား၊ နက်ဖြန်လားဆိုသလို ဖြစ်နေတာကိုး။ ဟောဟိုဘက် မြင်နေရတဲ့ မီးရောင်ဟာ တံခါးငယ်ပါ၊ အဲဒီက ဝင်ကြပါ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ ကောင်းပါပြီ ဗိုလ်မင်း"

လေးဦးသား လှည့်ထွက်သွားမည်အပြု ကုမ္ဘက အစွန်ဆုံးလူ၏ လက်မောင်းကို ဖမ်းဆွဲလိုက်သည်။

"ခဏလေးဗျာ နောင်ကြီး"

ထိုသူ ဆတ်ခနဲတုန်သွားသည်ကို ကုမ္ဘ လက်ချောင်းများမှတစ်ဆင့် သိလိုက်သည်။

"ဟိုဒင်းပါ၊ နောင်ကြီးတို့က အရှေ့ဇနပုဒ်က လာကြတာဆိုတော့ အဲဒီဘက်မှာရှိနေတဲ့ ရန်သူပဥ္စာလရာဇ်တပ်တွေအကြောင်းများ သိမလားလို့ပါ။ တပ်တွေကတော့ သောက်ကျိုးနည်း အင်အားကြီးဆိုပဲ။ တခြားကော ဘာထူးခြားတာတွေများ ရှိသေးသလဲလို့ပါ"

"ဩော် . . . ဒါလား၊ ဗိုလ်မင်းပြောတဲ့အတိုင်းပါပဲ။ ပဥ္စာလရာဇ်တပ်မကြီးဟာ တစ်ဆယ့်ရှစ်ခေါဘိဏီတပ်ကြီးဆိုတော့ အင်အားကြီးပုံတော့ မပြောပါနဲ့တော့၊ မိထိလာဟာ မှုန့်မှုန့်ညက်ညက်ကြေမှာပါပဲ။ ဒါပေမဲ့ဗျာ ဒီလောက်ရန်သူတွေ ဝိုင်းထားတဲ့ကြားက မိထိလာပြည်သူတွေဟာ မြို့တွင်းမှာ ပွဲသဘင်ခြိမ့်ခြိမ့်သဲ ဆင်ယင်နေတာကို တော့ အဲ . . . အဟဲ . . . သူတို့ တပ်တွေရော၊ ပဥ္စာလရာဇ်မင်းကြီးပါ အံ့ဩနေကြတယ် ဗိုလ်မင်းရဲ့"

"ဟုတ်ရဲ့လား၊ ကျေးဇူးပါပဲဗျာ၊ ကိုင်း ကိုင်း . . . သွားကြပေရော့"

ထိုသူတို့ထွက်သွားကြသည်။ ကုမ္ဘ ပြန်လှည့်လာသည်။ တံခါးမကြီးကင်းသို့ရောက်သောအခါ ကုမ္ဘ အားပါးတရ ရယ်လေသည်။

"ဟာဟ . . . နိပ်လိုက်လေ၊ ငါတို့ထင်တဲ့အတိုင်း ဖြစ်တာပဲ။ ရန်သူဝိုင်းထားတဲ့ကြားက မိထိလာမှာ ပွဲသဘင်ခံနေတာကို သင်းတို့နားမလည်နိုင်ဘူး ဖြစ်နေတယ်။ ဟေ့ . . . ငါ့လူများ၊ မြို့ပြင်က ဝင်လာသူမှန်သမျှကို တံခါးငယ်ဘက်ကပဲပို့နော်၊ သုခမိန်ရဲ့ အမိန့်တော် အတိုင်းပဲ။ ဒီ အရှေ့တံခါးမကြီးကတော့ ဝင်ခွင့်မပြုနဲ့နော်၊ ကြားလား။ ဟဲ . . . ဟဲ ငါမပြောလား၊ ငါရဲ့ မဟောသဓာသုခမိန်ဟာ ဘယ်တော့မှ မမှားဘူး၊ ဘယ်တော့မှလဲ နောက်မကျဘူးဆိုတာလေ"

* * *



www.burmeseclassic.com

www.burmeseclassic.com



စစ်မြေပြင် စစ်တဲနန်းအလယ်ရှိ ခြသ့ေ်ခြေထောက်ထိုင်ခုံထက်တွင် ထိုင်နေသော စူဠနီဗြဟ္မဒတ်မင်းကြီးသည် ထူထဲလှသော မျက်ခုံးမွေးများကို နှစ်ဘက်ထိလုမတတ် မျက်မှောင်ကုတ်ထားသည်။ မင်းကြီးသည် သားမြီးယပ်ကိုချ၍ နှစ်ဘက်သွားသန်လျက်ကို စွဲကိုင်လိုက်သည်။

"ကိုင်း . . . ဝိဒေဟရာဇ်မင်းဆိုတဲ့ ဘုရင်ရော၊ သူ့မှူးမတ်ပညာရှိစစ်သည်တွေကော၊ မိထိလာပြည်သူပြည်သားတွေရော အားလုံးရှုံးကုန်ကြပြီလား၊ ပြောကြစမ်း။ ရန်သူအဝိုင်းခံနေရတဲ့ ကြားကနေပြီး ပွဲလမ်းသဘင်တွေခံ၊ တီးမှုတ်ကခုန်ပြီး အပျော်ကျူးနေကြသတဲ့။ သင်တို့ ဘယ်လိုထင်ကြသလဲ၊ အရှုံးတွေလို တီးမှုတ်ကခုန်နေသူတွေကို ကျွန်ုပ်တို့က ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်တွေနဲ့ ဝင်တိုက်ရမှာလား"

အတန်ကြာမျှ တိတ်ဆိတ်နေပြီးနောက် အမတ်ငယ်တစ်ဦးထံမှ အသံထွက်လာသည်။

"ကျွန်တော်မျိုး တင်ပါရစေ ဘုရင်မင်းမြတ်"

"တင်စမ်း"

အမတ်ငယ်သည် ရှေ့သို့ အနည်းငယ်တိုး၍ ဒူးထောက်လိုက်သည်။

"ကျွန်တော်မျိုး စည်းကြပ်ရတဲ့ အကြပ်တပ်သားများနဲ့အတူ ယမန်နေ့ညက မိထိလာမြို့တွင်းကို ရုပ်ဖျက်ပြီး ဝင်ရောက်ခဲ့ပါတယ်။ သူတို့ပွဲလမ်းသဘင်တွေ ဆင်ယင်နေကြတာကို လိုက်လံကြည့်ရှုထောက် လှမ်းခဲ့ပါတယ်။ အမှန်ပဲ ပြတိုင်း ပြတိုင်းမှာ ပွဲသဘင်ခံနေကြပါတယ်။မိထိလာသားတွေကို ကျွန်တော်မျိုးတို့က စုံစမ်းမေးမြန်းကြည့် တဲ့အခါမှာ သူတို့က ပြန်ဖြေကြပါတယ်၊ ဘုရင်မင်းမြတ်"

"အင်း . . . တင်စမ်း၊ အရှုံးတွေက ဘာပြန်ဖြေကြသလဲ"

အမတ်ငယ် ဖျာဉ်လက်ကို ကွယ်၍ မသိမသာ ပြုံးသည်ကို မည်သူမျှ မမြင်ကြ။

"သူတို့ဖြစ်ပုံက သူတို့ရဲ့ ဝိဒေဟရာဇ်မင်းကြီးဟာ မိထိလာရွှေနန်းမတက်မီ မင်းသားငယ်ဘဝကတည်းက ကြီးစွာသော အာသာချဉ် ခြင်းတစ်ရပ် ဖြစ်ခဲ့ပါသတဲ့ ဘုရင်မင်းမြတ်။ အဲဒီ ဆန္ဒအာသာကတော့ တစ်နေ့သောအခါ မိထိလာထီးနန်းမှာ ဘုရင်အဖြစ် စိုးစံတော် မူတဲ့အခါ ဇမ္ဗူဒိပ်အပြင်မှာရှိတဲ့ ထီးဆောင်းမင်းအပေါင်းအားလုံး မိထိလာရာဇဌာနီမင်း





နေပြည်တော်ကြီးကို ထက်ဝန်းကျင်ဝန်းရံလာ ကြပြီး ကြီးစွာသော ပွဲသဘင်ခံကာ စိုးစံတော်မူလိုသော ဆန္ဒပါတဲ့ အရှင်မင်းကြီး။ ယခုအခါ ဝိဒေဟရာဇ်မင်းကြီးရဲ့ နှလုံးအလိုတော် ပြည့်စုံတော်မူပြီဖြစ်လို့ နေပြည်တော်ပတ်လည် စည်လည်စေပြီး ပွဲ သဘင်ခံစေခြင်းဖြစ်တယ်လို့ သိရပါတယ်။ ဝိဒေဟရာဇ်မင်းကြီးကိုယ်တော်တိုင်လဲ ရွှေနန်းဥကင်တော်မှာမှူးမတ်အပေါင်းခြံရံပြီး အောင်သေသောက်သဘင် ဆင်ယင်တော်မူလိုတယ်လို့ စုံစမ်း ထောက်လှမ်းကြားသိရကြောင်းပါ အရှင်မင်းကြီး"

အမတ်ငယ်၏ စကားဆုံးသည်နှင့် စူဠနီဗြဟ္မဒတ်မင်းကြီးသည် ထိုင်ခုံထက်မှ ဝုန်းခနဲထလိုက်လေသည်။ တူရူအရပ်ဆီသို့ ညွှန်ထားသော သန်လျက်ဖျားနှင့် မခြားသော စူးစူးရှရှအသံလည်း ပေါ်လာသည်။

"ဗိုလ်မှူး၊ တပ်မှူး၊ အကြီးအကြပ်တွေ အကုန်ဆင့်။ တပ်အားလုံးကို အခုချက်ချင်း အမိန့်တော်ဖြန့်။ အခုချက်ချင်း မိထိလာမြို့ရဲ့ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်တား၊ တန်ဆောင်းအားလုံးကို ဖြိုခွဲ၊ တွန်းနင်းပစ်၊ မြို့သူမြို့သားအားလုံးကို ခေါင်းဖြတ်၊ တစ်ဦးကို ခေါင်းတစ်လုံးရအောင်ယူ၊ လှည်းဘီးစက်နဲ့ သခွားသီးနုနုကို လတ်လတ်ဆတ်ဆတ် နင်းခြေသလို မိထိလာကို ငါ့ခေါ်ဘိကျေဇ်တပ်နဲ့ အခု နင်းခြေပစ်"

ပြင်းထန်သော အမိန့်သံကို နာခံပြီးနောက်တွင် ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးများနှင့်တကွ စစ်တဲနန်းအတွင်းရှိ အမှုထမ်းများအားလုံး အလျှိုလျှိုထွက်ခွာသွားကြသည်။ ရာထူးဌာနန္တရ အငယ်ဆုံးဖြစ်နေသော စောစောကလျှောက်တင်သည့်အမတ်ငယ်မှာမူ နောက်ဆုံးမှ ထွက်ခွာရလေသည်။

အမတ်ငယ် ထွက်ခွာသွားချိန်အထိ ပဉ္စာလရာဇ်မင်းကြီးသည် မစောင့်နိုင်တော့ဘဲ စစ်တဲနန်း ကန့်လန့်ကာကို ဖွင့်ကာ အတွင်းဘက်သို့ ဝင်သွားသည်။ အကယ်၍ မင်းကြီးသာ အမတ်ငယ်ထွက်ခွာသွားချိန်အထိနေရစ်ပြီး အမတ်ငယ်ကို သတိပြုမိမည်ဆိုပါက အမတ်ငယ်၏ မျက်နှာပေါ်မှ အပြုံးရိပ်ကို ကောင်းစွာ တွေ့နိုင်မည် ဖြစ်လေသည်။

အမတ်ငယ်ကား မဟောသဓာသုခမိန်စေလွှတ်ထားသော မိထိလာသူလျှိုဖြစ်သည်။ စစ်ပွဲကြီးကား စလေပြီ။

ထိုစစ်ပွဲကား မိထိလာကို အစိတ်စိတ်အမြွှာမြွှာ နင်းခြေအံ့ဟု ကြုံးဝါးထားသည့် ပဉ္စာလရာဇ် တစ်ဆယ့်ရှစ်ခေါဘိဏီတပ်ကြီး၏ စစ်ထိုးခရာ



www.burmeseclassic.com

www.burmeseclassic.com



သံတို့ဖြင့် စတင်ဖွင့်လှစ်လိုက်သော စစ်ပွဲကြီးပင် ဖြစ်ချေသည်။

မိထိလာနန်းမြို့ရိုး ကျုံးတို့၏ လေးဘက်လေးတန်တွင် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်တို့သည် တစ်ခုတည်းသောအစာကို ပြုံအုံ၍ ခဲကြသော ပိုးပုရွက်ဆိတ်များပမာ အလုံးအရင်းနှင့် ချဉ်းကပ်ဖိနင်းလာကြသည်။ သေနင်္ဂအရ ဆင်တပ်ကြီးများကို ရှေ့ဆုံးမှလွှတ်ကာ ကျုံးဖြတ်တံတားပေါ်မှ ချီတက်လာကြသည်။ ဆင်တပ်နှင့် တစ်ချိန်တည်းမှာပင် ခြေလျင်တပ်တို့က ကျုံးကို ဖောင်ဖွဲ့လျက် ဖြတ်ကူးလာကြသည်။ မြင်းတပ်များက ဆင်တပ်နောက်မှ လိုက်ပါကာ မြို့တံတားအသီးသီး၌ နေရာယူလိုက်ကြသည်။ ရထားတပ်များကား ကျုံးတစ်ဘက်တွင် အသင့်စောင့်နေကြသည်။

တစ်ဆယ့်ရှစ်ခါဘိဏီတပ်ကြီး၏ သေနင်္ဂအစီအမံကား မယုံကြည်နိုင်လောက်အောင် လျင်မြန်စေ့စပ်လှချေသည်။ မိထိလာမြို့ရိုးအောက်ခြေသို့ ဆင်တပ်များ ကပ်မိချိန်နှင့် နောက်ဆုံးမှ ရထားတပ်များ ကျုံးတစ်ဘက်တွင် တပ်စွဲလိုက်ချိန်မှာ တစ်ချိန်တည်းတစ်ပြိုင်တည်း ဖြစ်သည်။ ရှေ့ဆုံးတပ်နေရာယူပြီးချိန် အလယ်တပ်များ တပ်စွဲလိုက်ချိန်နှင့် နောက်ဆုံးတပ်အဆင်သင့်ဖြစ်ချိန်တို့မှာ တစ်ပြိုင်တည်းပင် စလယ်ဆုံးအချိန်ကိုက်ဖြစ်လေသည်။

မိထိလာဘက်ကမူ ထိုအချိန်အထိ တစ်စုံတစ်ရာ လှုပ်ရှားမှု မတွေ့ရသေး။ မြို့ရိုးထိပ်တွင်လည်း စစ်သည်တပ်သား အရိပ်အယောင် မပေါ်လာသေး။ ခုခံခြင်း အလျဉ်းမရှိသည့်အလား မိထိလာမြို့ရိုးထက်တွင် ငြိမ်ချက်သား ကောင်းနေသည်။

ပဉ္စာလရာဇ်တပ်များကား စစ်သွေးတို့ဖြင့် ဆူဝေနေကြလေပြီ။

ကောင်းကင်ထက်သို့ စွင့်မတ်နေသော ဓား၊ လှံ၊ အဲမောင်း အသွားတို့သည် နေရောင်တွင် ပြိုးပြိုးပြက်ပြက်လက်နေကြသည်။ အစာငတ်မွတ်သော ဝံပုလွေ၏ သွားစွယ်များကဲ့သို့ မိထိလာကို ချိန်ရွယ်နေကြသည်။

တံပိုးခရာသံတစ်ချက် ပေါ်လာသည်။

ပဉ္စာလရာဇ်၏ တံပိုးခရာသံ ဖြစ်သည်။ 'စ, တိုက်' ဟူသော အချက်ပေး တံပိုးခရာသံလည်း ဖြစ်သည်။ ထိုခရာသံမစဲခင်မှာပင် တပ်အသီးသီးမှ စစ်မောင်းသံ၊ တံပိုးခရာသံများ၊ ကြွေးကြော် ကြုံးဝါးသံများသည် ကောင်း





ကင်အလုံး ပွင့်ထွက်မတတ် ပေါက်ကွဲ မြည်ဟည်းသွားသည်။ အသံနှင့်အတူ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များလည်း စတင်လှုပ်ရှားလိုက်ကြသည်။

ထိုအချိန်မှာပင် စောစောက ငြိမ်သက်နေသော မိထိလာမြို့ရိုးထိပ်ထက် သူရဲခိုပေါက်များ၊ သူရဲခိုများကြား အသီးသီးတွင် မိထိလာတပ်သားတို့၏ မောက်လှုမျာပေါ်လာသည်။ ပကတိ ဟာလာဟင်းလင်းဖြစ်နေခဲ့သော မြို့ရိုးထိပ်သည် ချက်ချင်းပင် စစ်သည်ရဲမက်များဖြင့် အပြည့်ဖြစ်သွားသည်။ တစ်ဘက်တပ်သားများကို မြင်တွေ့လိုက်ရသောအခါ ပဉ္စာလရာဇ်တပ်သားများသည် ပို၍ သွေးဆူလာကာ တစ်ခဲနက်သော ညာသံများဖြင့် စစ်၏ ကန့်လန့်ကာကို အပြီးတိုင် မတင်လိုက်ကြလေသည်။

ဆင်တပ်များသည် မြို့ရိုးပေါက်များဆီသို့ စုပြုံတိုးဝှေ့လာကြသည်။ ခြေလျင်တပ်များဆီမှ မြို့ရိုးပေါ်သို့ ထောင်တက်မည့် လှေကားများ တစ်စင်းပြီးတစ်စင်း ပေါ်လာသည်။ ထိုသည်နှင့်အမျှ မိထိလာမြို့ရိုး၏ ပစ္စင်၊ ရင်တား၊ ပြ၊ တန်ဆောင်းများဆီတွင်လည်း မိထိလာတပ်များသည် အကြားအလပ်မရှိ ပေါ်လာပြန်သည်။

တံပိုး ခရာသံများ၊ ကြွေးကြော်ကြုံးဝါးသံများပေါ်တွင် လက်နက်ချင်းထိခတ်သံများက ဖုံးလွှမ်းသွားလေသည်။ ပဉ္စာလရာဇ်တပ်များ ထောင်တက်သွားသော လှေကားများ တစ်စင်းပြီးတစ်စင်း လန်ကျကုန်ကြသည်။ သို့သော် တစ်စင်းလန်ကျတိုင်း နောက်တစ်စင်းကို မဆုတ်မဆိုင်း ထပ်၍ ထောင်ကြပြန်သည်။ လန်ကျသော လှေကားများနှင့် ထောင်လာသော လှေကားများမှာ မည်သည်က ပို၍ မြန်သည်ကိုပင် မသိနိုင်လောက်အောင်ပင် ရှုပ်ထွေးနေတော့သည်။

မြို့တံခါးရင်းတွင်ကား ဆင်တပ်၏ အကူအညီဖြင့် ခြေလျင်စစ်သည်တို့သည် တံခါးကို ဖောက်ချိုးရန် ကြိုးစားနေကြသည်။ မိထိလာမြို့တံခါးများမှာ ကြီးမားသော တိုက်ဆင်ထို့၏ ဦးကင်းဖြင့် တိုးထိုးခြင်းခံရသောကြောင့်လည်းကောင်း၊ ရဲမက်သုံးဆယ်ခန့် ထမ်းမ၍တွန်းလိုက် သောသစ်လုံးကြီးများကြောင့်လည်းကောင်း ကျိုးပေါက်အံ့ဆဲဆဲ ဖြစ်နေသည်။

ရေ၌ကျွမ်းကျင်သော သူရဲသူခက်တို့ကလည်း မိထိလာကျုံးကို ဖြတ်ကာ မြို့ကို တူးဖောက်ရန် စီမံနေကြပြီ ဖြစ်သည်။

စစ်ပွဲ စတင်ချိန်မှသည် အတန်ကြာအထိ ပဉ္စာလရာဇ်တပ်များဘက်



www.burmeseclassic.com

www.burmeseclassic.com



တွင် အနိုင်ပေါ်ဟန်ရှိနေသည်။ မြို့ရိုးလေးဘက်လေးတန်စလုံး တစ်ပြိုင်တည်း ကျိုးပေါက်တော့မည်ဟု ထင်ရသည်။

သို့သော် အခြေအနေသည် ရုတ်ခြည်းပြောင်းသွားလေသည်။

မြို့ရိုးအောက်တွင် သဲသဲလှုပ်နေသော ပဉ္စလရာဇ်တပ်များပေါ်သို့ ညွှန်နှစ်ရေများ၊ ကျောက်တုံးများ၊ သစ်တုံးများ အလုံးအရင်းနှင့်ကျလာသည်။ မထင်ဘဲ ရွာချလိုက်သော မိုးကြီးပမာ ဖြစ်သည်။ ဓားသွားကိုလည်းကောင်း၊ လှံသွားကိုလည်းကောင်း၊ မြားတံကိုလည်းကောင်း၊ ချပ်မိန်တန်ဆာဖြင့် ဒိုင်းဖြင့် လွှားကာဖြင့် ခုခံကာကွယ်နိုင်ကြသော ပဉ္စလရာဇ်တပ်သားတို့မှာ ညွှန်နှစ်ရေ၊ သစ်တုံး၊ ကျောက်တုံးများကိုမူ မည်သို့ခုခံကာကွယ်ရမှန်းမသိ ဖြစ်သွားသည်။

တစ်ချိန်တည်းမှာပင် မြို့ကို တူးဖော်ရန် လုံးပန်းနေကြသည့် ကျုံးရေပြင်ဖြတ် စစ်သည်များထံသို့ မြားတံ၊ ချွန်းတောင်း၊ လှံတံများ တဖွဲဖွဲကျလာပြန်သည်။

ကြွေတစ်လှည့်၊ ကြက်တစ်ခုန်ပင်။

ပဉ္စာလရာဇ်တပ်များသည် ထိကိုင်မိတော့မည့်ဆဲဆဲ အောင်ပွဲထံမှ လက်ကို အလျင်အမြန် ရုပ်သိမ်းလိုက်ကြရလေသည်။ တပ်အားလုံးပင် နောက်ဆုတ်ကြရသည်။ လာလမ်းအတိုင်းပင် တံတားကိုဖြတ်၊ ကျုံးကိုဖြတ်ကာ ကျုံးတစ်ဘက်ခပ်လှမ်းလှမ်းနေရာတွင် တပ်ပြန်စွဲလိုက်ကြရသည်။ ဘာမှမကြာလိုက်သော တိုက်ပွဲကာလအတွင်းမှာပင် အရှုံးအနိုင် အဖြေပေါ်သွားသည်။

မိထိလာသည် အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ပြီ။

ဥတ္တရပဉ္စာလရာဇ်သည် ရှုံးနိမ့်စွာ ဆုတ်ခွာခဲ့ရပြီ။

ထောင်တချို့ လဲတချို့ လှေကားများက မိထိလာမြို့ရိုးဆီမှနေ၍ ပဉ္စလရာဇ်တပ်များကို ရယ်မောလှောင်ပြောင်နေကြသယောင်။

•



(၁၂)

သေနာပတိအားလုံး၏ လျှောက်တင်ချက်များသည် တစ်မျိုးတည်း ဖြစ်နေသည်။ စူဠနီဗြဟ္မဒတ်မင်းကြီး၏ မျက်ဝန်းအိမ်များ ပို၍ကျဉ်းမြောင်းသွားကြသည်။ နီရဲနေလေ့ရှိသော မျက်နှာပြင်သည်လည်း ညိုပုပ်ပုပ်ဖြစ်နေသည်။

သေနာပတိများကား မိမိတို့၏ စစ်ရေးအခြေအနေ လျှောက်တင်ချက်များအတွက် ရှက်ကြောက်ဟန်ဖြင့် ခေါင်းငိုက်စိုက်ချလျက် . . .

စူဠနီဗြဟ္မဒတ်မင်းကြီးထံမှ ဝမ်းခေါင်းသံကြီး ပေါ်လာသည်။ အနာတရရှိသော ခြင်္သေ့ကြီးတစ်ကောင်၏ ဟိန်းသံမျိုးဖြစ်သည်။

"ကေဝဋ္ဋပုရောဟိတ်ကြီး . . . တပ်တိုင်း တပ်တိုင်းကတော့ ဒီမိထိလာမြို့ရိုးကို ကျိုးပေါက်အောင် လုပ်လို့မရတော့ဘူးဆိုတဲ့ စကားကလွဲပြီး တခြားဘာမှ မလျှောက်တတ်ကြတော့ဘူး။ လက်အောက်ရဲမက်တွေလဲ မြို့ရိုးနားကို မကပ်ရဲတော့ဘူးတဲ့။ အခုလဲ စစ်အင်္ဂါလေးပါးနဲ့ မိထိလာကို လုပ်ကြံတာ ငါးရက်ရှိပြီ မရနိုင်ဘူး၊ သင့်မှာကော အကြံကောင်းဉာဏ်ကောင်း မရှိတော့ဘူးလား",

"ကျွန်တော်မျိုး ကြံပါရစေဦး အရှင်မင်းကြီး"

"ဘာ . . . ကြံပါရစေဦး ဟုတ်လား။ သင့်ကို အကြံဉာဏ်ရှာခိုင်းနေတာ မဟုတ်ဘူး၊ ရှိထားရမယ့် အကြံဉာဏ်ကို လျှောက်တင်ခိုင်းနေတာ၊ ခုအချိန်ဟာ သုခမိန်ပညာရှိ လုပ်နေရမယ့်အချိန် မဟုတ်ဘူး။ စစ်ပွဲကာလ စစ်ကို ဘယ်လိုနိုင်အောင်တိုက်ရမလဲ၊ တကယ်လို့ မနိုင်တော့ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



သင်ယုံနေရင်လဲ နေပြည်တော်အထိ တပ်ဆုတ်ကြပါစို့လို့ သင်လျှောက်တင်လေ။ ဟို မဟောသဓာသုခမိန်ကို အရှုံးပေးပါပြီလို့ ဝန်ခံလိုက်ပေါ့"

ကေဝဋ္ဋပုရောဟိတ်ကြီး၏ မျက်နှာမည်းခနဲ ဖြစ်သွား၏။

မင်းကြီးထံမှ မျက်နှာကို လွှဲ၍ တဲနန်းအပြင် အဝေးဆီသို့ လှမ်းကြည့်သည်။ အဝေးဆီတွင် တွေ့နေရသည်ကား လရောင်အောက်မှ မိထိလာကျုံးရေပြင် . . .

ပုရောဟိတ်ကြီး၏ မျက်နှာပြင် ချက်ချင်းပင် သွေးရောင်လျှမ်းလာကာ မျက်လုံးများလည်း အရောင်တောက်သွား၏။

"မဟောသဓာကို ကေဝဋ္ဋအရှုံးပေးပါပြီလို့ ဘယ်တော့မှ မဆိုပါ အရှင်မင်းမြတ်၊ အခုပဲ စစ်အောင်နိုင်ရေးနည်းလမ်းကို ကျွန်တော်မျိုးရရှိလိုက်ပါပြီ"

"လျှောက်စမ်း"

"အရှင်မင်းကြီး . . . မြို့ဟူသည်မှာ မြို့ပြင်မှာသာ ရေရှိစမြဲဖြစ်ပါတယ်။ မြို့တွင်းမှာ လုံလောက်အောင် ရေမရှိပါ။ ဒါကြောင့် မြို့ပြင်ကရေ မြို့တွင်းမယူနိုင်အောင် ပိတ်ဆို့ဝန်းရံလိုက်ရင် ရေငတ်ပြီး ဆင်းရဲဒုက္ခမခံနိုင်တော့ဘဲ မိထိလာသားတွေဟာ အရှင့်ခြေတော်ရင်းကို အလိုလိုပျပ်ဝပ်ရောက်ရှိလာကြမှာ ဖြစ်ပါတယ်"

"ကောင်းလိုက်လေ ပုရောဟိတ်ကြီး"

စူဠနီဗြဟ္မဒတ်မင်းကြီး၏ အားပါးတရ ရယ်မောသံနှင့်အတူ ငိုက်စိုက်ကျနေသော သေနာပတိများ၏ မျက်နှာများလည်း ပြန်၍ မော့လာကြလေသည်။

* * *

နောက်တစ်နေ့နံနက် မိထိလာမြို့တွင်းသို့ ရေမယူနိုင်အောင် လေးဘက်လေးတန်မှ ပိတ်ဆို့ရေးအစီအမံကို ပဉ္စာလရာဇ်တပ်များ စတင်ဆောင်ရွက်နေချိန်မှာပင် မိထိလာမြို့ရိုးပေါ်ရှိ တစ်ခုသော ပစ္စင်ရှိရာသို့ မြားတစ်စင်းရောက်ရှိလာသည်။ ရိုးရိုးမြားတံမဟုတ်။ မြားအမြီးတွင် သဝဏ်လိပ်တစ်ခုပါလာသည်။ အလှည့်ကျ ကင်းဖွဲ့တပ်မှူးသည် 'စာသဝဏ်ပါသော မြားတံရောက်လာလျှင် ငါ့ထံဆက်'ဟူ၍ မဟောသဓာသုခမိန် အမှာတော်ရင်းရှိသည့်အတိုင်း မြားနှင့်တကွ စာသဝဏ်ကို သုခမိန်ထံ ချက်ချင်းဆက်သလိုက်သည်။ မြားမြီးမှ သဝဏ်လိပ်ကို မဟောသဓာ ဖြုတ်၍ ဖွင့်သည်။

'ကျွန်တော်မျိုး အထောက်သူလျှိုတော် လျှို့ဝှက်သတင်း





ကြားသိစေသည်မှာ ဝေဝဋ္ဋအမတ်ကြီး၏ အကြံအစည်အရ နန်းမြို့တွင်းသို့ မြို့ပြင်မှ ရေမသယ်ယူနိုင်ရအောင် ရန်သူများ ယနေ့နံနက်ပင် စတင်ပိတ်ဆို့ကြပါသည် သုခမိန်မြတ် . . .'

မဟောသဓာ၏စေ့စပ်တိကျသော နှုတ်ခမ်းအစုံ မသိမသာပြုံးသည်။ သဝဏ်ကို ပြန်လိပ်ကာ ရှေးရှေးလျှို့ဝှက်သတင်းလွှာများနှင့်အတူ သိမ်းစေလျက် သိုရင်းဖျင်လက်အတွင်းမှ ညာလက်ကို ထုတ်လိုက်လေသည်။

* * *

ထို့နေ့နံနက်စာ စားချိန်မှာပင် ပဉ္စာလရာဇ်ဘုရင် စူဠနီဗြဟ္မဒတ် မင်းကြီးထံသို့ ထူးဆန်းသော ပစ္စည်းများ ရောက်ရှိလာသည်။ ယင်းတို့ကား အခြားမဟုတ်။ အတောင်ရှစ်ဆယ်အထိ ရှည်လျားလှစွာသော ကြာရိုးများ ဖြစ်လေသည်။

"ဒါက ဘာအစီပွာယ်လဲ"

စူဠနီဗြဟ္မဒတ်မင်းကြီးက တဲနန်းအတွင်းရှိ လူအားလုံးကို ဖြန့်ကြက်ကြည့်ပြီး မေးသည်။ ကေဝဋ္ဋအမတ်ကြီးထံသော်မှပင် အဖြေမထွက်။

"အတောင်ရှစ်ဆယ်အထိ ရှည်လျားတဲ့ ကြာရိုးမျိုးကို တစ်ခါမှ မတွေ့ဖူးတာ အမှန်ပဲ။ ဒီကြာရိုးတွေကို ဘယ်ကနေ ရလာသလဲ၊ ဘယ်သူယူလာတာလဲ"

မထင်မရှားသော အမတ်စစ်သည်တစ်ဦးထံမှ အသံထွက်လာသည်။

"လျှောက်တင်ပါရစေ အရှင်မင်းကြီး"

"အင်း . . ."

"တိုက်ပွဲရပ်နားထားတဲ့ မနေ့ညနေပိုင်းက ကျွန်တော်မျိုးနဲ့ တပ်သားအချို့ သေရည်သောက်လိုတဲ့အတွက် မြို့တံခါးငယ်တစ်ခုကနေ သင်းတို့မြို့ထဲ ဝင်သွားခဲ့ပါတယ်။ အဲဒီအခါမှာ မိထိလာပြည်သူပြည် သားတွေဟာ ရေကစားကြမယ်ဆိုပြီး တစ်ယောက်ကိုတစ်ယောက် ပျော်ပျော်ရွှင်ရွှင်နဲ့ခေါ်ကြပြီး တစ်နေရာဆီ သွားကြပါတယ်။ ကျွန်တော်မျိုးတို့လဲ သင်းတို့မိထိလာသားတွေ ရေကစားရလောက်အောင် ရေကန်ဘယ်လောက်များရှိသလဲမသိဆိုပြီး ထောက်လှမ်းဖို့ သင်းတို့နောက်က မသိမသာ လိုက်ပါသွားကြပါတယ်"

နောက်မှိုတွင် မိုထားသော ငွေနိဗြဟ္မဒတ်မင်းကြီးသည် ရှေ့သို့ကြွ၍



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ကိုင်းသည်။

"အဲဒီအခါမှာ အလွန်ထူးဆန်းတဲ့ဖြစ်ရပ်ကို တွေ့မြင်ကြရပါတယ်။ သူတို့ဟာ ရေကန်ကြီးတစ်ကန်ကို ရောက်တဲ့အခါမှာ လှေတွေနဲ့ ရေကန်မျက်နှာပြင်တစ်လျှောက် တပျော်တပါး သွားလာကြပါတယ်၊ ရေကန်ထဲက ကြာပွင့်တွေကိုလဲ ဆွတ်ယူနုတ်ငင်ကြပါတယ်။ ရေတိမ်ရာတစ်နေရာ ရောက်တဲ့အခါမှာ ကျွန်တော်မျိုးတို့လဲ ကြာပွင့်ကြာစွယ်တွေကို ဆွဲယူကြည့်ပါတယ်။ အဲဒီအထဲက ရရှိလာတဲ့ တချို့သော ကြာရိုးများကိုလဲ ကျွန်တော်မျိုးတို့ ယူဆောင်လာခဲ့ကြပါတယ်။ ဘုန်းတော်ကြောင့် အရှင်မင်းကြီး ရှေ့မှောက် ယခုရောက်ရှိနေသော ကြာရိုးများဖြစ်ပါတယ် အရှင်မင်းကြီး"

မည်သူ့ထံမှ မသိရသော သက်ပြင်းချသံကြီးတစ်ခု ပေါ်လာသည်။

အမတ်စစ်သည် စကားမဆုံးသေး . . .

"အတောင် ခြောက်ဆယ်၊ ခုနစ်ဆယ်၊ ရှစ်ဆယ်အထိ ရှည်လျားတဲ့ ကြာရိုးများကို ပြချင်တာကြောင့် ယူဆောင်လာခဲ့ခြင်းဖြစ်ပါတယ်။ ရေနက်ရာအရပ်များမှာတော့ အတောင်တစ်ရာ၊ အတောင်တစ်ရာ ကျော်အထိ ရှည်လျားတဲ့ ကြာရိုးများပင်ရှိကြောင်း သူတို့ချင်း ပြောသံသဲ့သဲ့ကို ကြားခဲ့ရကြောင်းပါ အရှင်မင်းကြီး"

ဒုတိယအကြိမ်ပေါ်လာသော သက်ပြင်းချသံကား အားလုံးထံမှပင်။

ကြာစွယ်ကြာရိုးများသည် ရေ၏ အတိမ်အနက်ကို ပြနေပေသည်။ ယင်းသို့ဆိုလျှင် မိထိလာမြို့တွင်း၌ အတောင်တစ်ရာထိနက်သော ရေကန်များ ရှိနေပြီ။ အတောင်တစ်ရာအထိနက်သော ရေကန်များရှိနေသည့် မိထိလာကို မြို့ပြင်မှနေ၍ ရေပိတ်ဆို့ခြင်းလောက် မိုက်မဲသော အလုပ်မရှိတော့။

"ကေဝဋ္ဋအမတ်ကြီးနဲ့ ဆိုင်ရာသေနာပတိများ ဆိုင်ရာအမတ် စစ်သည်များ ဆက်ခစားကြ၊ ကျန်တဲ့သူတွေ သွားနိုင်ပြီ"

စူဠနီဗြဟ္မဒတ်မင်းကြီးသည် အမိန့်စကားကို ရပ်တန့်လျက် စောစောက လျှောက်တင်သော အမတ်စစ်သည်ငယ်ဘက်လှည့်ကာ . . .

"သင်လဲ သွားနိုင်ပြီ"

ကြာရိုးအကြောင်း လျှောက်တင်သော အမတ်စစ်သည်ငယ်သည် အခြားမင်းမှုထမ်းများနှင့်အတူ မင်းကြီး၏ တဲနန်းတွင်းမှ ထွက်ခွာလာ





ခဲ့လေသည်။

ထိုအမတ်စစ်သည်ငယ်သည် ရေပိတ်ဆို့ရေးအစီအမံကို စာဖြင့်ရေးကာ စာကို မြားတံတွင် တပ်ချည်လျက် မြို့ရိုးထိပ်သို့ ပစ်လွှတ်ခဲ့သော မဟောသဓာ၏ လူယုံအထောက်တော်ဖြစ်ကြောင်း မည်သူမျှမသိကြ။

ထိုထက်မှ မဟောသဓာသုခမိန် အစီအရင်ဖြင့် အတောင်ခြောက်ဆယ် ရှစ်ဆယ်ရှိဝါးလုံးကို ထက်ခြမ်းခွဲစေကာ အဆစ်အဖုတို့ကို ထုတ်နုတ်သုတ်သင်စေပြီးမှ ပကတိအတိုင်း တင်စပ်တည်းဟပ်စေ၍ အထက်အောက် စည်းနှောင်ပြီးမှ ရွှံ့စေးရွှံ့နှစ်တို့ဖြင့် လိမ်းကျံထားကြောင်းကိုလည်းကောင်း . . .

အဘိညဉ်နှင့် ပြည့်စုံသော ရှင်ရသေ့တို့၊ ဟိမဝန္တာဒေသမှ ဆောင်ကြဉ်းလာခဲ့ကြကုန်သော ကုမုဒြာစေ့တို့ကို ရွှံ့ညွန်ထဲ၌ စိုက်ချစေပြီး ထိုကြာစေ့တို့အပေါ်၌ ဝါးလုံးများ တစ်ခုစီစိုက်ထောင်စေပြီးလျှင် ဝါးလုံးအဖျားတိုင် ရေဖြင့်ပြည့်စေကာ တစ်ညဉ့်တည်း၌ပင် သုခမိန်၏ဘုန်းတော်ကြောင့် အပင်ပေါက်လာလျက် ဝါးလုံးအဖျားတိုင်တက်၍ အထက်သို့ တစ်တောင်မြင့်ကာ ပွင့်လာသော ကြာပင်များဖြစ်ကြောင်းကိုလည်းကောင်း . . .

ထိုကြာပွင့်၊ ကြာပင်၊ ကြာရိုးများကိုနုတ်၍ ခွေစည်း၍ မြို့ရိုးထိပ်မှ ပစ်ချပေးလိုက်ခြင်းဖြစ်ကြောင်းလည်းကောင်း . . .

စူဠနီဗြဟ္မဒတ်မင်းကြီး၊ ကေဝဋ္ဋပုရောဟိတ်နှင့်တကွသော ပဥ္စလရာဇ်တပ်သားတို့ မည်သည့်နည်းနှင့်မျှ သိနိုင်ကြမည် မဟုတ်ချေ။

* * *

နောက်တစ်နေ့တွင် ဒုတိယမြောက် မြားတစ်စင်း မြို့ရိုးထိပ်သို့ တက်လာပြန်သည်။ မြားမြီးမှ စာလိပ်ကို မဟောသဓာထံသို့ ဆက်သကြသည်။

*'ကျွန်တော်မျိုး အထောက်သူလျှိုတော် လျှို့ဝှက်သတင်းကြားသိစေသည်မှာ ကေဝဋ္ဋအမတ်ကြီး၏ အကြံအစည်အရ မြို့မည်သည် ပြင်ပမှာသာ ဆန်စပါးရှိကြောင်း၊ ထို့ကြောင့် မြို့ပြင်မှဆန်စပါးကို မြို့တွင်းသို့ မသွင်းရအောင် ဆီးဆို့ကာ အစာငတ်ထားမည့် အစီအစဉ်ဖြင့် ရန်သူများ ပိတ်ဆို့ကြမည်ဖြစ်ပါသည် သုခမိန်မြတ်'*



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သည် မိထိလာမြို့တံတိုင်း ကောင်းကင်ထက်၌ မိုးရိပ်များ ညို့ဆိုင်းမှိုင်းမှုန်နေသောနေ့ ဖြစ်သည်။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် ဆန်စပါးပိတ်ဆို့ရေးအစီအမံ ဘယ်လောက်အထိ ထိရောက်နေပြီကို သိလိုသဖြင့် တဲနန်းမှထွက်ကာ မိထိလာမြို့ရိုးဆီသို့ လှမ်းကြည့်သည်။ မိုးသက်လေ၏ ညင်းညှံ့သောအရှိန်ဖြင့် မြို့ရိုးထိပ်ထက်ဆီမှ စိမ်းစိမ်းညို့ညို့ တိမ်းအိလှုပ်ခါနေသော အရာများကို မြင်လိုက်ရလေသည်။

"မြို့တံတိုင်းပေါ်က လှုပ်ရှားနေတဲ့ စိမ်းစိမ်းညို့ညို့အရာတွေဟာ ဘာတွေလဲ။ မိထိလာတပ်တွေဟာ ကြက်သွေးရောင်ကိုယ်ကျပ်ကိုပဲ ဝတ်ဆင်ကြတာ မဟုတ်လား။ သင်းတို့ကိုယ်ကျပ်မိန်ညို အရောင်ပြောင်းလိုက်ကြတာလား"

မြားတံစေလွှတ်ခဲ့သော အမတ်စစ်သည်က မသက်မသာဖြစ်နေသော အမူအသွင်ကိုပြုကာ လျှောက်တင်လေသည်။

"အရှင်မင်းကြီး ယခု ရှုစားတွေ့မြင်တော်မူရတဲ့ စိမ်းစိမ်းညို့ညို့ အရာများဟာ မြို့တံတိုင်းထက်ဝန်းကျင်မှာ ကြဲစိုက်ထားပြီး ပေါက်ရောက်ရှင်သန်နေတဲ့ စပါးပင်များဖြစ်မှာ မုချပါပဲဘုရား"

"ဟင် . . . ဘာပြောတယ်၊ စပါးပင် ဟုတ်လား"

"မှန်ပါတယ်ဘုရား၊ မိထိလာ သုခမိန် မဟောသဓာဟာ အလွန်ဉာဏ်များပြီး လာဆဲလာအံ့ဘေးအန္တရာယ်တွေကို ကြိုတင်တွက်ဆမိဟန်တူပါတယ်ဘုရား။ နိဂုံးဇနပုဒ်မြို့ရွာဒေသတွေဆီက စပါးတွေကို ဆောင်ယူ၊ မြို့တွင်းမှာရှိတဲ့ အရပ်ရပ်ကျီကျတွေမှာ အပြည့်အနှက်သွင်းဖြည့်၊ ကြွင်းသော စပါးတို့ကို မြို့တံတိုင်းထက်ဝန်းကျင်မှာ ကြဲစေလိုက်တာပါပဲဘုရား"

"သင်က ဘာကြောင့်အတတ်သိနိုင်သလဲ"

"တစ်နေ့ဆီကပဲ တံခါးငယ်တစ်ခုကနေ သင်းတို့မြို့ထဲအဝင်မှာ စပါးပုံတွေကို တွေ့ခဲ့ရပါတယ်ဘုရား။ သင်းတို့စိတ်အကြံ သိချင်တာနဲ့ ကျွန်တော်မျိုးဟာ စပါးလက်တစ်ခုပ်ကျုံးပြီး လမ်းမပေါ် ပစ်ချလိုက်ပါတယ် အရှင်မင်းကြီး"

"အင်း . . . သည်တော့"

စပါးများကို လမ်းမပေါ် ပစ်ကြဲချလိုက်သည့်အခါ မြို့သူမြို့သားများ





က ပဉ္စာလရာဇ်မင်း၏ စစ်သည်လောဟု ကြိမ်းမောင်းရေရွတ်ကာ ထမင်းဝတ်လျှင် ယူလှည့်ဟုဆိုပြီး ပုဆိုးအမြိတ်၌ စပါးအပြည့်ထည့်သွင်းထုပ်စည်းစေကြောင်း၊ ထို့နောက် အလိုရှိတိုင်းစားနိုင်ရန် စပါးလိုသလောက်လာယူနိုင်ကြောင်း၊ မြို့တွင်း၌ စပါးများစွာရှိမည်ဟု ထင်ကြောင်းဖြင့် အမတ်စစ်သည်က ဆက်၍ လျှောက်တင်လေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးသည်လည်း ကေဝဋ္ဋအမတ်ကြီးကို ငဲ့စောင်း၍ ကြည့်လိုက်လေသည်။ ကေဝဋ္ဋအမတ်ကြီးက မျက်နှာငွေ့ထားသည်။

အမတ်စစ်သည်ကား အထောင့်အယွန်း စီရင်အပ်သော မြို့ပြင်တံတိုင်းငယ်ပေါ်၌ ရွံ့ညွှန်ဖို့စေကာ မြို့ထက်ဝန်းကျင်၌ စပါးကြဲစေခဲ့သော သူ့အရှင်သခင် မဟောသဓာသုခမိန်၏ အစီအမံ၊ ထို့နောက် သုခမိန်၏ အဆက်ဆက်သော ပါရမီကြောင့် တစ်ညဉ့်ချင်းပင် အပင်ပေါက်ကာ လေထိ တိုင်းပင်ကြီးထွားလာခဲ့သော စပါးပင်များကို မြင်ယောင်တွေးယောင်ကာ ကြီးစွာကျေနပ်လိုက်မိသဖြင့် အထောက်သူလျှိုတစ်ဦး၏ ဟန်ဆောင်မျက်နှာထားကိုပင် ကမန်းကတန်းပြန်၍ ဆောင်လိုက်ရသည်။

တတိယမြောက်မြားနှင့်အတူ ပါလာသော လျှို့ဝှက်စာသဝဏ်ကို မဟောသဓာ ရရှိပြန်သည်။ အထောက်သူလျှို၏ စာအရ ယခုအကြိမ်တွင် ကေဝဋ္ဋပုရောဟိတ်ကြီး၏ အကြံမှာ မြို့တိုင်း၌ ဆန်စပါးမည်မျှပင်ရှိနေစေကာမူ သစ်ထင်းကိုမူကား ပြင်ပမှသာ တင်သွင်းနိုင်ကြောင်း၊ ထို့ကြောင့် မြို့ပြင်က သစ်ထင်းကို မြို့တွင်းသို့ မသွင်းနိုင်အောင် ပိတ်ဆို့ရန် ဖြစ်ကြောင်း၊ သစ်ထင်းမရှိက ဆန်ရေစပါးသည် အချည်းနှီးပင်ဖြစ်ကြောင်း စသည်ဖြင့် သိရပြန်သည်။

သုခမိန်သည် နန်းမြို့တွင်းရှိ ရနိုင်သမျှ သစ်ထင်းတို့ကို မြို့တံတိုင်းထက် ပိုမောက်အောင် အထပ်ထပ် အဆင့်ဆင့် စုပုံစေလိုက်သည်။ ထို့နောက် မြို့စီး၊ မြို့စောင့်၊ သူရဲ၊ သူခက်တို့က မြို့ရိုးထိပ်မှနေ၍ ပဉ္စာလရာဇ်တပ်သားတို့ထံသို့ ကြီးစွာသော ထင်းတုံးကြီးများကို ပစ်ချပေးလိုက်ကြသည်။ ပစ်ချပေးချိန်တွင်လည်း 'ပဉ္စာရာဇ်တပ်သားတို့ ထမင်းယာဂုချက်ပြုတ်ဖို့ ထင်းမရှိလျှင် ဒီထင်းတွေနဲ့ မီးမွှေးကြ' ဟု အော်ဟစ်ရယ်မောပြုလိုက်ကြပြန်သည်။

မြို့တံတိုင်းအထက်တွင် မို့မောက်နေသော အရာများကို မြင်သော

www.burmeseclassic.com



အခါ စူဠနီဗြဟ္မဒတ်မင်းကြီးက မေးပြန်သည်။ ထိုအခါ အထောက်သူလျှို အမတ်များက ရှေ့ရေးကို ကြိုမြင်တတ်သော မဟောသဓာသုခမိန်သည် စောစီးစွာကာလကပင် မြို့သူမြို့သားတို့ကို တစ်အိမ်လျှင် ထင်းတစ်ပုံစီ တောအရပ်မှ ဆောင်ယူစုပုံထားစေကြောင်း၊ မိထိလာနန်းမြို့ရိုး အတွင်းတွင် အိမ်နောက်တိုင်း၌ ထင်းပုံကြီးများရှိနေကြောင်း၊ မြို့တံတိုင်းကို မှီထားသော ထင်းပုံကြီးများမှာလည်း ကြီးမားများပြားလှကြောင်း စသည်ဖြင့် လျှောက်တင်ကြပြန်သည်။

"သင်းတို့ မြို့တွင်းမှာ ထင်းတွေဘယ်လောက်များသလဲ"

မေးသာ မေးလိုက်ရသော်လည်း စူဠနီဗြဟ္မဒတ်မင်းကြီး၏ အသံမှာ ယုံကြည်မှု ပျက်ပြယ်လျော့ရဲ နေလေသည်။

"ဘယ်လောက်များသလဲဆိုတာတော့ မခန့်မှန်းနိုင်ပါ အရှင်မင်းကြီး၊ သို့သော် တစ်ခုဆိုစရာရှိတာကတော့ ထင်းကိုပိတ်ဆို့လို့ မြို့ကို မရနိုင်တဲ့ အထိ သူတို့မှာ သစ်ထင်းတွေ အလုံအလောက်ရှိနေတယ်လို့ ဆိုနိုင်ပါတယ်"

ပြည့်စုံလုံလောက်သော အဖြေပင် ဖြစ်သည်။

ထုံးစံအတိုင်းပင် ထူထဲနက်မှောင်သော မျက်ခုံးကြီးများကို ပင့်၍ သွေးကြောများ နီရဲယှက်သန်းနေသော မျက်လုံးအစုံကို ဝင့်လျက် လှမ်းကြည့်လိုက်သော စူဠနီဗြဟ္မဒတ်မင်းကြီး၏ အကြည့်သည် ကေဝဋ္ဋပုရောဟိတ်ကြီးထံသို့ ထိုးကျသွားလေသည်။

"ကိုင်း . . . ပုရောဟိတ်ကြီး၊ သင် စီမံသလို ထင်းကို ပိတ်ဆို့လို့လဲ မြို့ကိုရနိုင်ဖို့ အကြောင်းမရှိပြန်ဘူး၊ နောက်ထပ် ဘာအကြံဉာဏ်ပေးနိုင်ဦးမလဲ"

အားကိုး မျှော်လင့်ချက် နည်းပါးလှသောအသံဖြင့် မင်းကြီး မေးသည်။ ကေဝဋ္ဋအမတ်ကြီးသည် အတန်ကြာ ငြိမ်သက်နေပြီးမှ . . .

"အရှင်မင်းကြီး ဘုန်းတော်ကြောင့် ဥပါယ်တံမျဉ်တစ်ခုကို ကျွန်တော်မျိုး ရရှိပါပြီ။ စိုးရိမ်တော် မမူပါနှင့်"

"ဥပါယ်တံမျဉ်တဲ့၊ လာပြန်ပြီလား အမတ်ကြီး။ သင်ကြံမိသမျှ အစီအမံတွေကတော့ တစ်ခုပြီးတစ်ခု ရှုံးနိမ့်နေတာပဲ။ အဦးအစမှာတော့ ကောင်းသလိုလိုနဲ့ နောက်ဆုံးကျတော့ သိမ်ဖျင်းကုန်တာပဲ။ အခုလဲကြည့်စမ်း၊ ရေပိတ်ဆို့တယ်၊ ဆန်စပါး ပိတ်ဆို့တယ်၊ သစ်ထင်း ပိတ်ဆို့တယ်၊





တစ်ခုမှ အထမမြောက်ဘူး။ ကျွန်ုပ်သဘောအရတော့ ဒီဝိဒေဟရာဇ်တိုင်းကို မရချင်လဲ နေစေတော့၊ ဗိုလ်ပါတွေရဲ့ ပင်ပန်းခြင်းကို အလိုမရှိတော့ဘူး၊ နေပြည်တော်ကိုပဲ ပြန်ချင်နေပြီ"

စူဠနီဗြဟ္မဒတ်မင်းကြီး၏ ဒေါသစက်သော၊ စကားသည် အခါတိုင်းပွ လောင်ပေါက်ကွဲစွာဖြင့်ဆိုသော စကားထက်ပို၍ ကေဝဋ္ဋပုရောဟိတ်ကို ထိခိုက်နာကျင်စေလေသည်။ မင်းကြီး၏ အမူအသွင်နှင့် လေသံမှာ မိထိလာပြည်အား ချီတက်လုပ်ကြံရေး သေနင်္ဂတစ်ခုလုံး အပေါ် မယုံကြည်တော့သည့် အသွင်မျိုးဖြစ်နေသည်။ တစ်နည်းအားဖြင့် ကေဝဋ္ဋပုရောဟိတ်ကြီး၏ နှလုံးရည်စွမ်းကို အားကိုးအားထားခြင်း အလျှင်းမရှိတော့သည့် သဘောမျိုး ဖြစ်နေသည်။

စစ်ရေးအဂါ အခင်းအကျင်းအားလုံးကို စွန့်လွှတ်သည့်စကားဖြစ်သည်။

သို့သော် ကေဝဋ္ဋအမတ်ကြီးသည် လူရေးလူမှုသဘာဝ၌ ကျွမ်းကျင်လှသူပီပီ စိတ်ဓာတ်နိမ့်ပါး ကုန်ဆုံးနေကြသည့် မင်းကြီးနှင့်တကွသော သေနာပတိအားလုံးနှင့် ဆန့်ကျင်ဘက်နေရာသို့ ပြောင်းယူလိုက်သည်။

ရင်အုံတစ်ခုလုံး မို့မောက်လာအောင် အသက်ပြင်းပြင်းတစ်ချက်ရှူရှိုက်ကာ ပုရောဟိတ်ကြီးသည် လေသံကိုမြှင့်လျက် ရွှင်လန်းတက်ကြွစွာသော အမူအရာဖြင့် ပြောလိုက်လေသည်။

"အရှင်မင်းကြီး၊ စိတ်ပျက်အားငယ်စကားကို ဘာကြောင့် မိန့်တော်မူရပါသလဲ၊ စူဠနီဗြဟ္မဒတ်မင်းကြီးဟာ ကိုးဆယ့်ကိုးယောက်သော ထီးဆောင်းမင်းများ ခြံရံပြီး တစ်ဆယ့်ရှစ်ခေါဘိဏီတပ်ကြီးနဲ့ မိထိလာပြည်ဇနပုဒ်ကို မှုန့်မှုန့်ညက်ညက်ခြေမယ်လို့ ချီတက်ဝိုင်းရံပြီးမှ မဟောသဓာရဲ့ အစီအမံကို မတွန်းလှန်နိုင်ဘဲ ပြန်ထွက်ပြေးရတယ်ဆိုတာ ရှက်ဖွယ်သတင်းကိစ္စ ဖြစ်ပါတယ်"

စိတ်ဓာတ်ကျဆင်းနေကြသော စူဠနီဗြဟ္မဒတ်မင်းကြီးနှင့် သေနာပတိများသည် ပုရောဟိတ်ကြီးစကားကြောင့် မည်သို့မျှ လှုပ်ရှားလာခြင်းမရှိကြသေး။

ကေဝဋ္ဋပုရောဟိတ်ကြီးသည် ထိုင်ရာမှထလျက် လက်နှစ်ဘက်ကို ဝှေ့ယမ်းကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မိထိလာမှာ မဟောသဓာသုခမိန်ရှိသလို . . ."

ညာလက်ကို ဆုပ်ကာ ရင်ဘတ်ကို ပုတ်လျက် . . .

"ဥတ္တရပဉ္စာလရာဇ်မှာလဲ ကေဝဋ္ဋပုရောဟိတ်ရှိနေတယ် မဟုတ်လား"

သည်တစ်ခါတွင်ကား ကေဝဋ္ဋအမတ်ကြီးအသံ တက်ကြွလွန်းလှသဖြင့် အားလုံး ခေါင်းထောင်ကြည့်မိကြတော့သည်။

"အရှင်မင်းကြီးမိန့်တော်မူသလို ဗိုလ်ပါစစ်သည်တွေ ပင်ပန်းနာကျင်မှာစိုးတဲ့အတွက် စစ်ထိုးခြင်းအမှု မပြုလိုတော့ဘူးဆိုတာကို ကျွန်တော်မျိုး လက်ခံပါတယ်။ အရှင်မင်းကြီးနှင့်တကွ သေနာပတိများ၊ ဓား၊ လှံ၊ လက်နက်ကိုင်စွဲစရာ မလိုတော့ပါဘူး။ အဲဒီလို သွေး ချောင်းစီးစစ်ပွဲအစား သွေးတစ်စက်မှ မြေမကျစေရဘဲ မိထိလာကို အနိုင်ယူမယ့် စစ်ပွဲတစ်ပွဲကို ကျွန်တော်မျိုး ဖန်တီးပါ့မယ်"

"သွေးတစ်စက်မှ မြေမကျစေဘဲ အနိုင်ယူမယ့်စစ်ပွဲ၊ ဟုတ်လား"

"မှန်ပါတယ် အရှင်မင်းကြီး"

"ဘယ်လို စစ်ပွဲမျိုးလဲ ပုရောဟိတ်ကြီး"

"တရားစစ်ထိုးပွဲပါ အရှင်မင်းကြီး"

"တရားစစ်ထိုးပွဲ၊ ဘယ်သူနဲ့ ဘယ်သူလဲ"

"မိထိလာဘက်က မဟောသဓာ၊ ဥတ္တရပဉ္စာလရာဇ်ဘက်က ကေဝဋ္ဋ"

"ရှင်းပြစမ်းပါဦး ပုရောဟိတ်ကြီး"

"ဘုရင်နှစ်ပါးရဲ့ ပညာရှိနှစ်ယောက်ဟာ တရားစစ်ထိုးပွဲမှာ ရင်ဆိုင်ကြတဲ့အခါ တစ်ဦးတည်းသော ပညာရှိက အခြားတစ်ဦးကို ရှိခိုးတယ်ဆိုရင် ရှိခိုးသူဟာ တရားစစ်ရှုံး၊ အရှိခိုးခံရသူဟာ တရားစစ်နိုင်၊ ဒီလို သဘောဆောင်ပါတယ် အရှင်မင်းကြီး"

ဂုဏ်ယူဝံ့ကြွားစွာဖြင့် ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် ထပ်၍ ပုတ်ပြီးနောက် ကေဝဋ္ဋပုရောဟိတ်သည် စကားဆက်လေသည်။

"မဟောသဓာဟာ အကျွန်ုပ်ထက် အသက်အရွယ် ငယ်တယ်။ ကျွန်ုပ်ဟာ မဟောသဓာထက် အသက်အရွယ်ကြီးတယ်။ တရားစစ်ထိုးပွဲမှာ ကျွန်ုပ်ကိုမြင်ရင် မဟောသဓာဟာ ကျွန်ုပ်ကို ရှိခိုးလိမ့်မယ်။ အဲဒီအခါမှာ အရှုံးအနိုင်ဟာ အဖြေပေါ်သွားပြီမဟုတ်လား"





စူဠနီဗြဟ္မဒတ်မင်းကြီးနှင့် သေနာပတိများ အပြန်အလှန် ကြည့်ကြသည်။ အံ့ဩဝမ်းသာသော မျက်လုံးများဖြင့် ဆုံကြသည်။

တစ်ပြိုင်တည်းလိုလိုပင် အားလုံး၏ နှုတ်မှ ထွက်ကျလာသည်။

"တရားစစ်ထိုးပွဲ . . . တဲ့"

●



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

မိထိလာနန်းမြို့ရိုး၏ အနောက်ဘက်မျက်နှာ မြေတလင်းသည် ကျန်သုံးမျက်နှာ မြေတလင်းများထက် ပို၍ ကျယ်ပြောနေသည်ဟု ထင်ရသည်။ အမှန်မှာ နန်းမြို့ရိုးလေးဘက်လေးတန်မျက်နှာရှိ မြေတလင်းအားလုံးပင် အတိုင်းအဆပမာဏချင်း အတူတူဖြစ်ပေသည်။ အနောက်မျက်နှာမြေတလင်းက ပို၍ ကျယ်ပြန့်သည်ဟု ထင်ရခြင်းမှာ မဟောသဓာ၏ အမိန့်အရ မြေတလင်းကို သန့်ရှင်းသုတ်သင် စီရင်ခင်းကျင်းထားကြသောကြောင့် ဖြစ်သည်။

နီကြန်သော မြေတလင်းနှင့် စိမ်းပြာသော ကျုံးရေတို့၏ ထိစပ်နေရာ အရေးအကြောင်းသည် မြေတလင်း၏ ပြန့်ပြူးမှုကို ပို၍ သပ်ရပ်တိကျအောင် အနားကွပ်ပေးထားသကဲ့သို့ ရှိသည်။ မိထိလာနှင့် ပဉ္စာလရာဇ်အရေး အခင်းကို လျစ်လျူရှုလျက် နေလုံးသည် အရှေ့ဘက် တောင်စွယ်ဆီမှ ထွက်ပြူလာသည်။ နံနက်ခင်း၏ ရှင်းသန့်သော အလင်းသည် မိထိလာကို လတ်ဆတ်စွာ ပွေ့ဖက်လိုက်သည်။ တစ်စတစ်စ မြင့်တက်လာသော နေလုံးကြီးနှင့်အတူ မြို့ရိုး၏ အရိပ်သည် အနောက်မျက်နှာ မြေတလင်းပြင်၌ အုပ်အုပ်ဆိုင်းဆိုင်း ထိုးကျလာသည်။

နေထန်းတစ်ဝက်ခန့် အရောက်တွင်ကား အနောက်တံခါးဝနှင့်ကျုံးကို ဆက်ထားသော တံခါးပေါ်၌ လှုပ်ရှားသံများ ပေါ်လာသည်။ ထိုလှုပ်ရှားသံများမှာ ပဉ္စာလရာဇ်တပ်များပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်များ ရှေ့တွင် ကိုးဆယ့်ကိုးယောက်သော ထီးဆောင်းမင်းများက ခေါင်းဆောင်လိုက်ပါလာကြသည်။ ထီးဆောင်းမင်းတို့၏ အလယ်တွင် စူဠနီဗြဟ္မဒတ်မင်းသည် ဝေါတော်ထမ်းလေးယောက်ထမ်းသော ရွှေဝါပေါ်၌ စီးနင်းလိုက်ပါလာသည်။ မင်းကြီး၏နောက်တွင်ကား ပို၍ငယ်သော ထိုင်ခုံသဏ္ဌာန်လည်း ပြုလုပ်ထားသောဝေါတစ်ခု လိုက်ပါလာသည်။ ထိုဝေါပေါ်တွင် ပါလာသူကား ကေဝဋ္ဋပုရောဟိတ်ကြီးပင် ဖြစ်သည်။

စစ်အင်္ဂါအခင်းအကျင်း အပြည့်အစုံဖြင့် ကျူးတံတားကို ဖြတ်လာကြသည်မှန်သော်လည်း ယခင် တိုက်ပွဲရက်များကလို စစ်တံပိုး၊ စစ်ခရာ၊ စစ်မောင်းသံများဖြင့် ဆူညံမြည်ဟည်းနေသည် မဟုတ်ချေ။ ပဥ္စာလရာဇ်တပ်များသည် အေးဆေးငြိမ်သက်စွာပင် ကျူးတံတားကို ဖြတ်လျက် မိထိလာနန်း မြို့အနောက်ဘက် မြေတလင်းပြင်ကျယ်တွင် ဖြန့်လျက် နေရာယူလိုက်ကြလေသည်။

တပ်များအားလုံး နေရာစွဲပြီးသည့်နောက်တွင် ကေဝဋ္ဋပုရောဟိတ်ကြီးသည် ဝေါပေါ်မှဆင်းကာ မြေတလင်းပြင်ဆီသို့ တစ်ဦးတည်းလျှောက်လာသည်။ ပုရောဟိတ်ကြီး ဝတ်ဆင်လာသော ကိုယ်ကျပ်နှင့် ဝတ်ရုံတို့မှာနေ၏ အလင်းရောင်၊ ညဥ့်၏ အလင်းရောင်တို့တွင် ဖိတ်ဖိတ်လက်နေမည့်မရမ်းစေ့ရောင်ဖြစ်သော်လည်း နံနက် နေထန်းတစ်ဝက်တက်စအချိန်၊ နန်းမြို့ရိုးအရိပ်ထိုးကျနေချိန် မြေတလင်းပြင်၌မူ မည်းမည်းပုပ်ပုပ် ဖြစ်နေလေသည်။

ကေဝဋ္ဋပုရောဟိတ်သည် မြေတလင်းပြင် အလယ်တည့်တည့်ဆီသို့ လျှောက်သွားပြီးနောက် ရပ်လိုက်သည်။ နောက်သို့လှည့်ကြည့်လိုက်သောအခါ နံနက်ခင်းအလင်းတွင် သဲသဲလှုပ်နေသော ပဥ္စာလရာဇ်တပ်ကြီးကိုအားရှိစဖွယ်တွေ့လိုက်ရသည်။ နန်းမြို့ရိုးဘက်သို့ ပုရောဟိတ်ကြီးပြန်လှည့်လိုက်သည်။ မိထိလာ အနောက်တံခါးကား ယခုထိ မဖွင့်သေး။

မြေတလင်းအလယ်တွင် ရပ်လျက် ပုရောဟိတ်ကြီး စဉ်းစားနေသည်။

မင်းနှစ်ပါးတို့ အပြန်အလှန် ရာဇသံများ စေခဲ့ပြီးပြီ၊ စင်စစ် ရာဇသံဦးစွာစေသူမှာ စူဠနီဗြဟ္မဒတ်မင်းကြီးဖြစ်သည်။ ထိုရာဇသံကို မိမိပင် စီကုံးပြောဆိုရေးသားစေခဲ့သည်။ ရာဇသံ၏ နောက်ဆုံး စာလုံးများကို ယခုတိုင်အလွတ်ရဆဲ။





'နက်ဖြန်နံနက် ပညာရှိတစ်ယောက်စီထွက်၍ ပညာရှိချင်းတရားစစ်ထိုးကြစေအံ့၊ တရားစစ် မထိုးဝံ့လျှင် အရှုံး ဖြစ်စေရမည်။'

ဝိဒေဟရာဇ်မင်းကြီးထံမှ ချက်ချင်းတုန့်ပြန်လိုက်သော ရာဇသံကိုလည်း မှတ်မိနေဆဲ။

'နက်ဖြန် အချိန်းအဆက်ရှိသည့်အတိုင်း မြို့တော် အနောက်တံခါးဝပြင်၌ တရားစစ်ထိုးရာ မြေတလင်းကို သန့်ရှင်းသုတ်သင် စီရင်ခင်းကျင်း၍ ငြိမ်းစိမ့်မည်။ နက်ဖြန်နံနက်ရောက်လျှင်သာ အဆွေတော် ပဥ္စာလရာဇ်မင်းကတရားစစ်ထိုးမည့်သူ ပညာရှိကို ထိုမြေတလင်းသို့ ရောက်နှင့်စေ'

ရာဇသံထဲက အချိန်းအချက်ဖြစ်သည့် 'နက်ဖြန် နံနက်' ဆိုသည်မှာ ယနေ့နံနက်ပင်။ အချိန်ကလည်း နံနက်ပိုင်း။ ချိန်းဆိုသည့်ဒေသ၊ ကာလအတိုင်း မိမိကရောက်နှင့်ပြီ။ မိထိလာ အနောက်တံခါးက ပွင့်မလာသေး။ မဟောသဓာကိုလည်း မတွေ့ရသေး။

နံနက် အရုဏ်တက်စကတည်းက မြေတလင်းသို့ ရောက်နှင့်ရေးအတွက် ကိုယ်တိုင်လည်း ပြင်ဆင်ရ၊ ထီးဆောင်းမင်းများနှင့် တပ်များကိုစစ်ဆေးရနှင့် ပင်ပန်းနွမ်းနယ်ခဲ့ရသည့်အတွက် ကေဝဋ္ဋပုရောဟိတ်ကြီးသည် စိတ်တိုချင်လာသည်။ အသစ်စက်စက် မရမ်းစေ့ရောင်ကိုယ်ကျပ်နှင့်ဝတ်ရုံတို့ကလည်း အနေအထိုင် ကျဉ်းကျပ်စေသည်။ ထို့အပြင် တစ်စတစ်စမြင့်တက်လာသော အရှေ့အရပ်မှ နေလုံးနှင့် တဖြည်းဖြည်း ပူပြင်းလာသော အပူဒဏ်ကြောင့် ကိုယ်ကျပ်ဝတ်ရုံအတွင်းရှိ ရင်အုံမှာ ပို၍ မောဟိုက်လာသည်။

ထို့ထက်မူ နေကိုလက်ဝါးဖြင့်ကွယ်လျက်၊ ကာလျက် အနောက်တံခါးဝဆီသို့ လှမ်းလှမ်းကြည့်ရသည့်အတွက် မျက်စိများလည်း ကျိန်းစပ်လာသည်။ မျက်နှာတစ်ပြင်လုံးလည်း တက်စနေဒဏ်ကြောင့် ပူပြင်းနေသည်။

မဟောသဓာကား ထွက်မလာသေး။

ကေဝဋ္ဋပုရောဟိတ်ကြီး မသက်မသာတစ်ကိုယ်တည်း မြည်တမ်းမိသည်။

"သင်း . . . ဥပါယ်တံမျဉ်များ ကြံနေရော့သလား"

* * *



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကား နံနက်စောစီးစွာကပင် မဟောသဓာသည် နံ့သာရည်ဖြင့် ရေချိုးသန့်စင်ပြီးခဲ့ပြီ။ ကာသိတိုင်းဖြစ် ပုဆိုးကိုဝတ်လျက် စစ်ဘုရင်တန်ဆာအပြည့်အစုံတို့ဖြင့်လည်း တန်ဆာဆင်ခဲ့ပြီးပြီ။

ဖွားဖက်ရွှေဖော် ကိုးရာနှင့် တကွသော စစ်သူရဲအပေါင်းခြံရံကာ ဝိဒေဟရာဇ်မင်းကြီးထံ အခစားဝင်ခဲ့သည်။ ထို့နောက် တရားစစ်ထိုးပွဲတွင် အသုံးပြုရန်အတွက် ဝိဒေဟရာဇ်မင်းကြီးထံမှ အကောက်ရှစ်ခုရှိသော ပတ္တမြားမျက်မြတ်ကိုလည်း တောင်းယူခဲ့ပြီးပြီ ဖြစ်သည်။ နေထွက်တစ်ပြုမှာပင်လျှင် တံခါးဝမှထွက်၍ မြေတလင်းသို့သွားရန် မဟောသဓာအဆင်သင့်ရှိခဲ့သည်။ သို့သော် မထွက်သေး။ ကေဝဋ္ဋပုရောဟိတ်ကို ဦးစွာရောက်နေစေရန် ထို့ပြင် ကြာမြင့်စွာ စောင့်ဆိုင်းနေစေရန် စီစဉ်ထားပြီးဖြစ်သောကြောင့် နောက်ကျခံနေခြင်းဖြစ်လေသည်။ အနောက်တံခါးဝကို မဖွင့်စေသေးဘဲ တံခါးဝနောက် နန်းမြို့ရိုးအတွင်းဘက်မှ အသင့်စောင့်နေလိုက်သည်။

နံနက် တစ်ချက်တီးကျော်အချိန်ရှိပြီ ဖြစ်သည်။

မြို့တံခါးကိုဖွင့်ရန် မဟောသဓာသုခမိန် အမိန့်ပေးလိုက်လေသည်။

* * *

မြို့တံခါးပွင့်သည်။

နတ်စစ်သည်တို့အလား ထင်မှတ်မှားရသော ရှေ့ပြေးမြင်းစစ်သည်တော်များ မြို့တွင်းမှ ထွက်လာကြသည်။ မဟောသဓာကို မမြင်ကြသေး။ မြေတလင်းတွင် ကြာတောင့်ကြာများနေခဲ့သော ကေဝဋ္ဋပုရောဟိတ်သည် ချွေးစေးများ *(နံနက်တစ်ချက်တီးကျော် - မြန်မာနာရီကို ဆိုလိုသည်။ စက်နာရီအားဖြင့် ရှစ်နာရီခွဲနှင့် ညီမျှသည်။) ရွှဲနစ်နေသည့် မျက်နှာကိုမော့ကာ တံခါးဝဆီ မျှော်ကြည့်သည်။ မဟောသဓာကို အမြင်ချင်ဆုံးသူသည် မိမိပင်ဖြစ်မည်ဟုလည်း တွေးနေမိသည်။

ရထားဘီးသံများ၊ မြင်းခွာသံများ ကြားလိုက်ရသည်။

တံခါးဝတွင် ရထားတစ်စီး၏ ဦးပိုင်းကို မြင်လိုက်ရပြီ။

သိန္ဓောမြင်းရထားသည် တဖြည်းဖြည်း ရုပ်လုံးကြွလာသည်။ ဦးပိုင်း၊ အလယ်ပိုင်း၊ အမြီးပိုင်း။ နောက်ဆုံးတွင်ကား မြင်းရထားတစ်စီးလုံး မြို့ပြင်ရောက်လာသည်။





"ဒါ . . . မဟောသဓာ စီးလာတဲ့ရထားပဲ"

ယှဉ်ပြိုင်စစ်ထိုးရမည့်သူဟူသောအဖြစ်ကို ခေတ္တမေ့ကာ ကေဝဋ္ဋပုရောဟိတ်သည် မိမိကိုယ်မိမိ မဟောသဓာကို မြင်ချင်လွန်းလှသော ပရိသတ်ဗိုလ်ပါထဲမှ တစ်ဦးအဖြစ် သွတ်သွင်းမိသွားသည်။

"ဟုတ်တယ်၊ ရထားပေါ်မှာ စစ်ဘုရင်ဝတ်စုံနဲ့ လိုက်ပါလာတဲ့သူဟာ မဟောသဓာပဲ၊ အင်း . . ."

ယှဉ်ပြိုင်၍ တရားစစ်ထိုးမည်ဟူသောအမြင်ကို မိမိကိုယ်မိမိ ပြန်လည်ဆောက်တည်မိသွားသည်။

"တယ်လဲ တင့်တယ်ခမ်းနားပါကလား၊ ဩော် . . . ဝါ့ကို အစအဆုံး ယှဉ်ပြိုင်ဆန့်ကျင်နေတဲ့၊ ငါ့အစီအမံတွေကို ရှုံးနိမ့်စေတဲ့ မဟောသဓာသုခမိန်ဆိုတာ သူပါပဲလား၊ အို . . . ဒီလို မတွေးနဲ့လေ၊ သင်းကို အံ့ဩချီးကျူးမနေနဲ့၊ သင်းဟာ ရန်သူ၊ ငါ့ရန်သူ"

ရထားသည် မြေတလင်း၏ ဟိုမှာဘက်နယ်နိမိတ်သတ်မှတ်ထားသော နေရာသို့ ရောက်ရှိရပ်တန့်သည်။

"သင်း ရထားပေါ်ကဆင်းပြီ၊ ဟင် . . . ငါ့အကြံအစည် ဒီတစ်ခါ အောင်ပြီ။ မဟောသဓာဟာ ငါထင်တာထက်တောင် ငါ့ထက်ငယ်နေတာပဲ။ မြေတလင်းအလယ်မှာ ရင်ဆိုင်တွေ့ကြရင် သင်းဟာ ဂုဏ်၊ ဝယ ပိုကြီးရင့်တဲ့ ငါ့ကို မုချရှိခိုးရမှာပဲ၊ ဒီတော့ . . . တရားစစ်ပွဲဟာလဲ၊ အလို . . . အဲဒါက ဘာပါလိမ့်"

မာန်သွင်းနေသော ကေဝဋ္ဋပုရောဟိတ်၏ အတွေးသည် ခုလတ်တွင် ရပ်တန့်သွားသည်။ နေရောင်သည် မြေတလင်းပေါ်သို့ အပြည့်အဝကျရောက်ပြီဖြစ်သောကြောင့် မြင်ကွင်းတပြန့်တပြောသည် ကောင်းစွာကြည်လင်နေပြီ ဖြစ်သည်။ ထိုမြင်ကွင်းထဲတွင် ကေဝဋ္ဋပုရောဟိတ်သည် တစ်စုံတစ်ခုကို တွေ့လိုက်ရလေသည်။

မဟောသဓာသည် မြေတလင်းအလယ် သတ်မှတ်နေရာသို့ တစ်လှမ်းချင်း လျှောက်လာသည်။ ဘယ်လက်ကို လွဲယမ်းလျက်ရှိသော်လည်း ညာလက်ကိုမူ လှန်ထားသော လက်ဖဝါးအတိုင်း တည်ငြိမ်စွာထားလျက်ရှိသည်။ ထိုညာလက်ဖဝါးပြင်ထက်တွင် ရဲရဲနီသော အရောင်တို့ ဖြာထွက်နေလေသည်။

"အလိုလေး . . . ကောင်းလိုက်တဲ့ ပတ္တမြားပါလား။ သူ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တရားစစ်ပွဲမှာ ပတ္တမြားကို အသင့်ကိုင်ဆောင်လာတာလဲ။ အင်း . . . ပတ္တမြားကတော့ ဗမ္မာ့ထိပ်မှာ တုဖက်ကင်းတဲ့ ပတ္တမြားပေပဲ။ အင်း . . . ဒီပတ္တမြားဟာ"

လောဘဇောရမ္မက်များ တလိပ်လိပ် ကြွလာသောကြောင့် ပဉ္စာလရာဇ်ထီးဆောင်းမင်းတို့ဆီမှ မဟောသဓာအား အံ့ဩချီးကျူးနေကြသော အုတ်အုတ်ကျက်ကျက်အသံများကိုပင် ကေဝဋ္ဋပုရောဟိတ် မကြားနိုင်တော့။

မြေတလင်းအလယ် သတ်မှတ်ထားသောနေရာသို့ မဟောသဓာ ရောက်လာသည်။

တရားစစ်ထိုးပွဲ၏ စစ်သူကြီးနှစ်ဦး ရင်ဆိုင်တွေ့ကြပေပြီ။

စတင်၍ စကားဆိုသူမှာ မဟောသဓာ မဟုတ်၊ ကေဝဋ္ဋပုရောဟိတ်ဖြစ်သည်။

"စစ်သူကြီးသုခမိန်၊ သင်ဟာ ဝိဒေဟရာဇ်မင်းကြီးထံမှာ သုခမိန်ဖြစ်သလို ကျွန်ုပ်ဟာလဲ စူဠနီဗြဟ္မဒတ်မင်းကြီးထံမှာ နှစ်ယောက်မရှိတဲ့ သုခမိန်ပဲ"

နှုတ်က ပဋိသန္ထာရကို ဆိုသော်လည်း မျက်စိကမူ မဟောသဓာ၏ ညာလက်ဖဝါးပေါ်မှာ အနီရည်များ ဖိတ်အံကျနေသော ပတ္တမြားဆီသို့သာ မျက်တောင်မခတ်တမ်း ရောက်နေလေသည်။

"ဒီတော့ . . ."

ကေဝဋ္ဋပုရောဟိတ်၏ ကြီးမားသော လည်ဇလုတ်ကြီး ထက်အောက်နိမ့်မြင့် လှုပ်ရှားသွားသည်ကို မဟောသဓာ သတိထားမိသည်။ ရှေ့ဆက်ရန် စကားအတွက် ရင်ဝအထက်ကို ဆို့တက်လာသော လောဘကို မျိုသိပ်ချလိုက်ကြောင်းလည်း မဟောသဓာ သိလိုက်လေသည်။

"အဟမ်း . . . ကျွန်ုပ်ကြားဖူးနေတာက ဝိဒေဟရာဇ်တိုင်းက မဟောသဓာသုခမိန်ဟာ မိမိဒေသရောက်ရှိသမျှ မင်းပရိသတ်တွေကို ထိုက်သင့်ရာလက်ဆောင်ပဏ္ဏာနဲ့ ညှော်ဝတ်ပြုတယ်လို့ ကျော်ကြား နေတယ်။ ကျွန်ုပ်တို့ အခုရောက်လာတာဟာ ရက်သတ္တပတ်လောက် ရှိနေပြီ။ နာမည်ဂုဏ်သတင်းက မွှေးသလောက် မဟုတ်သေးတာ ကျွန်ုပ်တွေ့နေရတယ်။ သင်လဲ သုခမိန် ကျွန်ုပ်လဲ သုခမိန်၊ သုခမိန်ချင်း ညှော်ဝတ်ပြုဖို့ မလိုအပ်ဘူးလား"

လောဘအရောင်တို့ တောက်နေသော မျက်လုံးထဲမှာ တည်ငြိမ်ခြင်း





မရှိသော သူငယ်အိမ်၊ ရေငတ်သူကဲ့သို့ လျှာဖြင့် မကြာခဏ လိမ်းသပ်နေသော နှုတ်ခမ်းတို့ကို ကြည့်ပြီး မဟောသဓာသည် ပြုံးယောင်ပြုလေသည်။

တစ်ချိန်တည်းမှာပင် အထောက်သူလျှိုတော်ထံမှ ရခဲ့သော မြားတံနှင့်အတူပါလာသည့် စာသဝဏ်ကို သတိရနေသည်။ တရားစစ်ပွဲတွင် 'ရှိခိုးသူ အရှုံး၊ ရှိခိုးခံသူ အနိုင်' ဟုဆိုပါသည်။ အရှင်သည် ငယ်ရွယ်သူ၊ ကေဝဋ္ဋသည် ကြီးသူဖြစ်သောကြောင့် နှစ်ယောက်တွေ့ကြလျှင် သူ့အား အရှင်ရှိခိုးမည် မချွတ်ဟု သူစီစဉ်ထားပါသည်။

မဟောသဓာသည် ပတ္တမြားတင်ထားသော လက်ဖဝါးကို အပေါ်သို့ မဆိုသလောက်မြှောက်လိုက်ပြီးနောက် . . .

"သုခမိန်အမတ်ကြီး ကြားဖူးတာ အမှန်ပဲဖြစ်ပါတယ်။ မိထိလာကို ရောက်ရှိလာတဲ့ မင်းပရိသတ်တွေကို သင့်ရာပဏ္ဏာလက်ဆောင်နဲ့ ကျွန်ုပ်တို့ ညှော်ဝတ်ပြုကြပါတယ်"

မြှောက်ထားသော လက်ကို အောက်သို့ အနည်းငယ်နှိမ့်လိုက်ရာ ကေဝဋ္ဋပုရောဟိတ်၏ အစဉ်တစိုက်ကြည့်နေသော မျက်လုံးအိမ်အစုံလည်း အောက်သို့ ရောက်သွားသည်။

"သုခမိန်အမတ်ကြီးနဲ့ ထိုက်တန်မယ့် ပဏ္ဏာလက်ဆောင်ကို ကျွန်ုပ်ရှာကြံကြည့်ရှုတဲ့အခါ ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ အတုမရှိတဲ့ ပောဒိ ပတ္တမြားကို ရခဲ့ပါတယ်။ အကယ်၍ သုခမိန်ကြီးနှစ်သက်လိုလား မယ်ဆိုရင် ဒီတရားစစ်ထိုးသဘင်မှာပင် ကျွန်ုပ်ပေးအပ်မယ်လို့ အောက်မေ့ပြီး အခုလို ယူလာခဲ့ခြင်း ဖြစ်ပါတယ်"

ကေဝဋ္ဋပုရောဟိတ်၏ မျက်နှာပြင်တွင် သွေးရောင်များ ဖြန်းသွားလိုက်သည်မှာ ပတ္တမြားမှ ဖိတ်အံကျနေသော အနီရောင်နှင့်မခြားပင်။

"အို . . . အို . . . ဒီ ပတ္တမြားကြီးကိုလား၊ ကျွန်ုပ်ကလား မနှစ်သက် မလိုလားပဲ ရှိပါ့မလား။ စစ်သူကြီးသုခမိန် သင် ပဏ္ဏာပေးမယ်ဆိုရင် ပေးနိုင်ပါတယ်။ ကျွန်ုပ် . . . ကျွန်ုပ် လက်ခံပါ့မယ်"

"ကောင်းပါပြီ သုခမိန်ကြီး၊ လက်ဖြန့်ပြီးသာ ခံယူပါတော့"

"အင်း . . . အင်း၊ ကောင်းပြီ . . . ကောင်းပြီ ပေး . . ."

ဖြစ်ပျက်သော ခြင်းရာတို့မှာ မြန်ဆန်လှချေသည်။

ကေဝဋ္ဋပုရောဟိတ်က လက်ဖြန့်၍အခံ မဟောသဓာက ပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com



ကိုအပေး တုန်ယင်နေသော ကေဝင့်ပုရောဟိတ်၏ လက်ချောင်းများ အကြားမှ ပတ္တမြား လျှောကျသွားအောင် ချပေးလိုက်ရာ ကေဝင့်ပုရောဟိတ်လည်း မြေ၌လိမ့်လျှောသွားသော ပတ္တမြားကို ကိုယ်ခါးကိုင်း၊ ဦးခေါင်းကို ဦးစောက်ပြု၍ ကောက်အယူ . . .

မဟောသဓာသည် ပတ္တမြားထည့်လာသည့် ညာလက်ဖြင့် ကေဝင့်ပုရောဟိတ်၏ လည်ကုပ် ဦးဆက်ကို ဖိလျက်၊ ကိုင်းညွတ်နေသော ကျောက်ကုန်းကို ဘယ်လက်ဖြင့် မထနိုင်အောင် ဖိနှိပ်လျက် . . .

တစ်ခဲနက်သော မဟောသဓာ၏ အောင်မြင်သည့်အသံကြီးသည် အနောက်ဘက်မြို့ရိုး မြေတလင်းပြင်တစ်ခုလုံးသို့ လွှင့်ပျံ့သွားလေသည်။

"ဆရာပုရောဟိတ် ထပါ . . . ဆရာပုရောဟိတ် ထပါ၊ ကျွန်ုပ်ဟာ ဆရာ့မြေးလောက်ပဲ ရှိပါတယ်။ ဆရာက ကျွန်ုပ်ရဲ့ဘိုးလောက် ရှိပါတယ်၊ မြေးအဘိုးအရွယ်တွေပါ။ အသက်ချင်း ကွာလှပါတယ်၊ ကျွန်ုပ်ကို ရှိမခိုးပါနဲ့၊ ရှိမခိုးပါနဲ့။ ထပါ ဆရာပုရောဟိတ်ကြီး"

ကျောက်ပြင်၌ ဆေးမြစ်တင်၍ သွေးလိုက်သည့်ပမာပင်။

စူးရှသောအသံဖြင့် ကြွေးကြော်ရင်း မဟောသဓာသည် ကေဝင့်ပုရောဟိတ်၏ နဖူးကို မြေတလင်းတွင် ဟိုမှသည်မှ ပွတ်တိုက်လိုက်လေရာ ကေဝင့်ပုရောဟိတ်၏ နဖူးသည် ကွဲစုတ်ကာ သွေးခြင်းခြင်းနီသွားလေသည်။

လည်ကုပ်မှ ဆွဲကိုင်ထားသော လက်ကို ပြန်တင်လိုက်သောအခါ သွေးခြင်းခြင်းနီလျက်သား နဖူးပြင်ဖြင့် ကေဝင့်ပုရောဟိတ်၏ မျက်နှာလည်း မော့လျက်သားပါလာသည်။

ပို၍ ကျယ်လောင်စူးရှသောအသံဖြင့် မဟောသဓာ ကြွေးကြော်ပြန်သည်။

"လူမိုက် . . . အသက်အရွယ်ကြီးသူဖြစ်လျက်နဲ့ ရှိမခိုးပါနဲ့လို့ တောင်းပန်တာကို နားမထောင်ဘဲ ဘာကြောင့်ရှိခိုးချင်ရပါသလဲ"

ကောက်ယူရစ်ပတ်ကာ အဝေးဆီသို့ လှမ်းပစ်ခြင်းခံရသော ဆင်ကြီး၏ နှာမောင်းထဲမှ မြက်ထုံးတစ်ထုံးအလားပင်။

လည်ကုပ်မှဆွဲကိုင်၍ တွန်းပစ်ခြင်းခံလိုက်ရသော ကေဝင့်ပုရောဟိတ်သည် အဝေးဆီသို့ လွင့်ကျသွားသည်။

ပတ္တမြားကိုမူ ဖွားဖက်ရံရွေတော်တို့ ကောက်ယူသိမ်းဆည်းပြီးပြီ ဖြစ်သည်။ ကေဝင့်ပုဇ္ဇရောဟိတ်လည်း ရုတ်တရက် လျင်မြန်စွာ ဖြစ်ပေါ်သွား





သော အခြင်းအရာများကို ရှုးသွပ်ခမန်း ကြောက်ရွံ့တုန်လှုပ်သွားကာ ကျရာအရပ် မှထ၍ ခြေဦးတည့်ရာ ပြေးလေတော့သည်။ သို့သော် ကေဝင့်ပုရောဟိတ်၏ ဦးတည်ရာ အရပ်မျက်နှာကို ပျောက်ဆုံးစေသော ဟစ်အော်သံများ သောင်းသောင်းဖြဖြ ပေါ်လာပြန်သည်။ ယင်းကား မဟောသဓာနှင့်အတူ လိုက်ပါလာသော ဖွားဖက်တော်များအပါအဝင် မြင်းစီးစစ်သည်များ၏ ကြွေးကြော်သံပင်။

"ငါတို့အရှင် သုခမိန်ကို ကေဝင့်ပုရောဟိတ် ရှိခိုးတယ်ဟေ့ . . ."

"ငါတို့အရှင် သုခမိန်ကို ကေဝင့်ပုရောဟိတ် ရှိခိုးတယ်ဟေ့ . . ."

မစဲစတမ်း ချက်ကျမှန်ကန်စွာ အထပ်ထပ်အခါခါ ကြွေးကြော်နေကြသော အသံများကြားတွင် ကေဝင့်ပုရောဟိတ်သည် ဦးတည်ရာမဲ့ ဖြစ်သွားသည်။ ပတ္တမြားကို ကုန်း၍ ကောက်ယူလိုက်ကတည်းက မိထိလာသုခမိန်ကို မိမိတို့၏ သုခမိန်က ရှိခိုးပြီဟု ထင်မှတ်ထားကြသော ပဉ္စာလရာဇ်စစ်တပ်ကြီးမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်နေလေပြီ။

ကြွေးကြော်သံများ ဆက်၍ပေါ်နေသည်။

"စစ်ရှုံးတဲ့ စူဠနီဗြဟ္မဒတ်မင်း ပြေးပြီဟေ့ . . ."

"တရားစစ်ထိုးပွဲမှာ ရှုံးနိမ့်သူတွေ ပြေးကြပြီဟေ့ . . ."

"စစ်ရှုံးသူတွေကို လိုက်ကြ ဖမ်းကြ"

"ပြေးသူတွေနောက် လိုက်ကြ . . . ဖမ်းကြ"

ပဉ္စာလရာဇ်တပ်ကြီးသည် ထိန်းမနိုင် သိမ်းမရ ဖြစ်သွားလေသည်။ အုတ်အုတ်ကျက်ကျက်အသံများကြားတွင် ကျုံးတစ်ဘက်ရောက်အောင် တံတားမှ ဖြတ်၍ ပြေးသူများလည်း ရှိသည်။ ကျုံးရေပြင်ကို ဖြတ်လျက်လက်ပစ်ကူး အလွတ်ရုန်းသူများလည်း ရှိသည်။ ဆင်တပ်များလည်း လန့်ကြပြီ။ မြင်းတပ်များလည်း ယိုယွင်းပြီ ဖြစ်သည်။ စနစ်တကျ စစ်ဆုတ်ခြင်း မဟုတ်ဘဲ ဖရိုဖရဲ ပြေးကြခြင်းဖြစ်လေရာ အားလုံး အထွေးထွေး အယှက်ယှက်ရှိလေတော့သည်။

မဟောသဓာနှင့် မြင်းစီးစစ်သည်တို့သည် မြေတလင်းတွင် ပဉ္စာလရာဇ်တပ်သား တစ်ယောက်မှမကျန်တော့သည်အထိ စောင့်ကြည့်ပြီးနောက် မြို့တံခါးမှ နန်းတွင်းသို့ ဝင်သွားကြသည်။ မိထိလာစစ်သည်များ အားလုံး နန်းမြို့တွင်းရောက်ပြီးသည်တွင် မြို့တံခါးလည်း ပိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျုံးတစ်ဘက်တွင်ကား ပဥ္စာလရာဇ်တပ်ကြီးသည် ဖရိုဖရဲအလဲလဲ အကွဲကွဲဖြင့် အကြီးအကျယ်ဆုံးသော တပ်လှန့်ခြင်း ပျက်စီးမှုနှင့်တွေ့ကြုံနေရသည်။

ကေဝင့်ပုရောဟိတ်လည်း ပျောက်ဆုံးနေလေသည်။

●



## (၁၄)

စင်စစ် သတိနှင့်ကင်းလွတ်သွားသည်ကား မဟုတ်။ တစ်ခဲနက်အသံ များကို ကြားလိုက်ရခြင်း၊ လည်ကုပ်မှကိုင်လျက် အဝေးသို့ ပစ်လွှတ်ခံရခြင်း၊ ပဥ္စာလရာဇ်တပ်ကြီး ဖရိုဖရဲတပ်ပျက်ခြင်းတို့ကြောင့် ခြေဦးတည့်ရာ ပြေးရင်းမှ နဖူးဒဏ်ရာနာကျင်စွာဖြင့် ခေတ္တမျှ မိန်းမောသွားခြင်းဖြစ်သည်။

သတိတရားကို ကောင်းစွာ တည်ဆောက်မိသော အချိန်တွင်ကား မိမိကိုယ်မိမိ သစ်ပင်ကြီးတစ်ပင်၏ ခွဆုံအမြစ်ခြေရင်းတွင် ရောက်နေကြောင်း ကေဝင့်ပုရောဟိတ် တွေ့ရလေသည်။ သွေးစို့နေဆဲ နဖူးကို လက်ဖြင့်စမ်း၍ လက်ဖဝါးပြင်ကို ပြန်ကြည့်လိုက်သောအခါ လက်ဖဝါးမှာ သွေးစများ ကပ်ပါလာသည်။ မြေပြင်နှင့်ပွတ်တိုက်ခံရရုံမျှသာဖြစ်သော်လည်း နဖူး ဒဏ်ရာသည် သွေးမတိတ်ချင်သေး။ အချိန်က မွန်းတိမ်းနေပြီ၊ နေလည်း ခြစ်ခြစ်တောက်ပူနေပြီ။ နေပူရှိန်ကြောင့် ဒဏ်ရာသွေး မတိတ်သေးကြောင်း သိလိုက်သည်။

လည်ချောင်းများကွဲခြောက်လျက် အဆမတန် ရေငတ်နေသည်။ ရီဝေသော မျက်လုံးများကို ကြိုးစွာဖွင့်ယူ၍ ဝန်းကျင်ကို ကြည့်လိုက်သောအခါ တပ်ပျက်၏ နောက်ဆုံးလက်ကျန်အဖြစ် ပြေးနေသော စစ်သည်များကို ကေဝင့်ပုရောဟိတ် တွေ့လိုက်ရလေသည်။ ကြီးမားလှသော သစ်ခွဆုံအတွင်း ရောက်နေသောကြောင့် မိမိကို မည်သူမျှမမြင်ကြကြောင်း သိသဖြင့် ကေဝင့်ပုရောဟိတ် သံကုန်အော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဟော့ ရဲမက်တွေ မပြေးကြနဲ့၊ မပြေးကြနဲ့"

အသံမှာ တုန်ယင်နေသည့်အပြင် ကွဲအက်တိုးတိမ်လှသောကြောင့် မည်သူမျှ မကြားကြ။ သစ်ခွဆုံကြီးအနားမှ တစ်ယောက်ပြီးတစ်ယောက် တစ်စုပြီးတစ်စု ပြေးနေကြဆဲဖြစ်သည်။

အားယူထကာ သစ်မြစ်ပေါ်သို့ တက်လိုက်သည်။

"မပြေးကြနဲ့ မပြေးကြနဲ့ . . . ရပ်ကြ၊ မဟာသခာကို ငါ ရှိခိုးတာ မဟုတ်ဘူး၊ ရပ်ကြစမ်းဟော့ . . ."

ရဲမက်တစ်စု သူ့ကို တွေ့သွားကြသည်။

"ဟာ . . . ဟိုမှာ ပုရောဟိတ်ကြီးပါလား၊ ဒီမှာ သုခမိန်ကြီး ပညာချင်း မတူဘဲ တရားစစ်ထိုးမယ်လို့ သင်ပဲစပြီး အရေးဆိုတယ်။ ပြီးတော့ ကိုယ့်မြေးလောက်အရွယ်ကို သင်ပဲရှိခိုးတယ်။ မဟုတ်တာတွေ ပြောမနေနဲ့၊ သင့်ကြောင့် သင့်ကြောင့် တပ်ပျက်ပြီးပြေးနေကြတာ တွေ့လား"

"မဟုတ်ဘူး . . . မဟုတ်ဘူး၊ သူ့ကို ငါ ရှိမခိုးဘူး၊ ဟို ပတ္တမြားနဲ့ လှည့်စားပြီး ငါ့ကို အနိုင်ယူသွားတာ၊ ရပ်ကြစမ်းပါ"

"မရပ်နိုင်ဘူး သုခမိန်ကြီး၊ တပ်ပျက်နေပြီ ပြေးရတော့မှာပဲ"

မည်သို့မျှ ဟန့်တား၍ မရနိုင်တော့မှန်း သိသောကြောင့် ကေဝဋ္ဋပုရောဟိတ်လည်း နောက်ဆုံးလက်ကျန်စစ်သည်များနောက်မှ ပြေး၍လိုက်ခဲ့ရတော့သည်။

သူတို့အားလုံး ခြေဦးတည့်ရာကား စူဠနီဗြဟ္မဒတ်မင်းကြီး၏ သစ်တပ်တဲနန်းဆီသို့။

* * *

စူဠနီဗြဟ္မဒတ်မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ်အပေါ်၌ အစဉ်အဖြစ် ယုံကြည်ကိုးစားရန် ဝန်မလေးသူဖြစ်သည်။ နောက်ပိုင်း အစီအမံများ မည်သို့ပင် ပျက်ခဲ့စေကာမူ ကိုးဆယ့်ကိုးပါးသော ထီးဆောင်းမင်းတို့ကို လက်ရသိမ်းပိုက်နိုင်အောင် ကြံစည်ပေးခဲ့သော ကေဝဋ္ဋပုရောဟိတ်၏ စွမ်းရည်ကိုမူ အမြဲသတိရ အားကိုးထားပေသည်။

ထို့ကြောင့် ဖရိုဖရဲဖြစ်သွားသော တပ်များကို သစ်တပ်တွင် ပြန်လည်စုရုံးနိုင်ပြီးသည့်နောက်တွင် ကေဝဋ္ဋပုရောဟိတ်ကိုပင် ထပ်မံချဉ်းကပ်ခဲ့ပြန်သည်။ ကေဝဋ္ဋပုရောဟိတ်လည်း ဖြစ်ခဲ့သမျှခပ်သိမ်းကို ခေါင်းအေးအေးဖြင့် ပြန်တွေးနိုင်ပြီဖြစ်သဖြင့် မင်းကြီးနှင့်တကွသော ထီးဆောင်းမင်းများနှင့်





သေနာပတိအားလုံးကို လုံးစေ့ပတ်စေ့ ရှင်းပြလိုက်လေသည်။

"ဖြစ်ခဲ့သမျှကတော့ အဲဒါပဲ။ ကျွန်ုပ်ကိုယ်တိုင်လဲ ပတ္တမြားမျက်မြှတ်ကို တွေ့လိုက်ရတဲ့အခါမှာ လိုချင်လောဘဆန္ဒအားကြီးပြီး သင်းရဲ့ လှည့်စားမှုအောက်ရောက်သွားရတယ်။ သင်းကလဲ ဒီတာဒင်ကိုပဲ စောင့်နေခဲ့တာကလား၊ အရှင်မင်းကြီးနဲ့ သင်တို့သေနာပတိတွေအားလုံး ထီးဆောင်းမင်းများ အားလုံးကလဲ မဟာသခာကို ကေဝဋ္ဋရှိခိုးပြီ၊ တရားစစ်ထိုးပွဲ ရှုံးပြီလို့ မှတ်မှားခဲ့ကြတယ်။ ဒီအချိန်မှာပဲ ရန်သူတွေဟာ တစ်ခဲနက် အုတ်အော်သောင်းတင်း အော်ဟစ်ကြွေးကြော်ကြတယ်။ ဒီတော့ ဘာမဟုတ်တဲ့ ကိစ္စကို အကြောင်းပြုပြီး တပ်လန့်တပ်ပျက်ခဲ့ရတာပဲ"

အားလုံး သဘောပေါက်နားလည်သွားကြသည်။

"တကယ်တော့ တပ်လန့်တပ်ပျက်ခဲ့ရတာဟာ ကျွန်ုပ်တို့ မဆင်ခြင်မဝေဖန်ဘဲ အကြောက်လွန် အကြောက်မှားလို့ဖြစ်ရတာပဲ။ ကြည့်လေ၊ မဟာသခာရဲ့ စစ်သည်တွေဟာ အသံနဲ့ပဲ ခြိမ်းခြောက်လိုက်ကြတာ မဟုတ်လား။ သွေးရူးသွေးတန်းပြေးနေတဲ့ ကျွန်ုပ်တို့နောက်ကို သင်းတို့ တစ်ကောင်တစ်မြီးမျှ လိုက်လာတာမဟုတ်ဘူး"

"ဟုတ်ပေတယ် သုခမိန်ကြီး၊ နောက်ကြောင်းကို မကြည့်ဘဲ ကျွန်ုပ်တို့ အပြင်းပြေးကြလို့သာပဲ။ ရန်သူတွေ တစ်ယောက်မှ လိုက်လာတာ မဟုတ်ဘူး"

သေနာပတိတစ်ယောက်က ဝင်ပြောသည်။

"ဖြစ်ခဲ့သမျှအားလုံးကို သင်ခန်းစာယူပြီး အကောင်းဆုံးနည်းလမ်းကို ရှာဖို့ပဲ ရှိတော့တယ် သုခမိန်ကြီး"

အခြားတစ်ယောက်က တွေးတွေးဆဆဆိုသည်။

"မှန်တယ်"

ကေဝဋ္ဋပုရောဟိတ်က ခေါင်းတဆတ်ဆတ်ညိတ်လျက် . . .

"ရန်သူကို အနိုင်ယူလိုတဲ့ ဆန္ဒဇောကြီးပြီး ကျွန်ုပ်တို့ဟာ ရှင်းလင်းလွယ်ကူတဲ့ သေနင်္ဂကို မစီမံဘဲ ကောက်ကွေ့ရှုပ်ထွေးတဲ့ သေနင်္ဂတွေကိုပဲ အတွေးခေါင်ပြီး စီမံခဲ့ကြတယ်။ ကိုင်း . . . အခု ကျွန်ုပ်တို့ အားလုံး စုရုံးဆွေးနွေးတိုင်ပင်ပြီး ဆုံးဖြတ်ကြရအောင်၊ သေနာပတိများနဲ့ ထီးဆောင်းမင်းအပေါင်းတို့ကလဲ မိမိတို့၏အယူအဆကို ပြောကြပါ။ ကျွန်ုပ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်ဆိုပြီး မဝေဖန်ဘဲ လက်မခံကြပါနဲ့"

တည်ငြိမ်သော ဆွေးနွေးပွဲကို ယခုမှပင် ဥတ္တရပဉ္စာလရာဇ်တိုင်း သုခမိန်ပုရောဟိတ်ကြီး၏ ပင်ကိုအစစ်အမှန်အခြေသို့ ရောက်ရှိလာသည်။

"ကျွန်ုပ်ကပဲ စပြောပါ့မယ်။ ဒါပေမဲ့ စောစောက ပြောသလိုပဲ ပုရောဟိတ်ကြီးရဲ့စကားဆိုပြီး ခေါင်းမညိတ်ကြပါနဲ့၊ ဝိုင်းဝန်းဝေဖန်ကြပါ"

ကေဝဋ္ဋပုရောဟိတ် ဆက်၍ပြောသည်။

"မိထိလာအင်အားနဲ့ ကျွန်ုပ်တို့ရဲ့အင်အားကို နှိုင်းယှဉ်ပြီးကြည့်ရင် အဆမတန်ခြားနားနေတယ်။ ကျွန်ုပ်တို့က မဟာသမုဒ္ဒရာဆိုရင် ရန်သူဘက်က မြစ်ငယ်ချောင်းငယ်မျှသာပဲရှိတယ်။ ဒီပကတိအခြေအနေကို ကျွန်ုပ်တို့ မျက်စိလျှံနေကြတယ်။ အဆမတန်ကြီးမားတဲ့ ကျွန်ုပ်တို့အင်အားကိုသုံးပြီး ရန်သူကို အရှည်အကြာ ဝန်းရံ ပိတ်ဆို့လိုက်ရင်ပဲ ရန်သူဟာ ရေခမ်းတဲ့အိုင်လို ခြောက်နွမ်းသွားမှာ ဖြစ်တယ်။ ဒီတော့ ကျွန်ုပ်အကောင်းဆုံးစိတ်ကူးရတာကတော့ အင်အားကိုသုံးပြီး ပိတ်ဆို့ထားဖို့ပဲ။ ဒါဟာ အနိုးဆုံး၊ အရှင်းဆုံး သေနင်္ဗျူဟာ ဖြစ်တယ်။ ပြီးတော့ ယခု စစ်ပွဲမှာ အသုံးဝင်ဆုံးလဲ ဖြစ်ပါလိမ့်မယ်"

ထီးဆောင်းမင်းများ၊ သေနာပတိများ ဝင်ရောက်ဆွေးနွေးကြသည်။ နောက်ဆုံးတွင်ကား အဆမတန်ကြီးမားသော အင်အားကိုသုံး၍ မိထိလာကို ကြပ်ကြပ်တည်းတည်း ပိတ်ဆို့ကြရန် အားလုံးသဘောညီ ဆုံးဖြတ်လိုက်ကြလေသည်။

သစ်တပ်တဲနန်းတွင် ကျင်းပသော ထိုစစ်ရေးဆွေးနွေးပွဲညဉ့် ကိုယ်ရံတော်တပ် တဲစခန်းရှိ တစ်ခုသောတဲထဲတွင်ကား . . .

ကိုယ်ရံတော်တပ်သားတစ်ဦးသည် စာသဝဏ်တစ်စောင်ကို မြားတံ၏ အမြီးတွင် လိပ်ချည်လျက်နေလေသည်။

●



(၁၅)

အနုကေဝဋ္ဋပုရောဟိတ်သည် အသက်လေးဆယ်ပင်မပြည့်သေးပေ။ သို့သော် ပညာ၌ လိမ္မာရဲရင့်သောသူဖြစ်သည့်အတွက် ဝိဒေဟရာဇ်မင်းကြီးထံတွင် ပညာရှိပုရောဟိတ်တစ်ဦးအဖြစ် ခစားခွင့်ရခဲ့လေသည်။ ဘုရင့်ပညာရှိကြီးလေးဦးဖြစ်သော သေနက၊ ဒေဝိန္ဒ၊ ကာမိန္ဒနှင့် ပက္ကုသတို့ကို အနုကေဝဋ္ဋပုရောဟိတ်သည် သိပ်ဘဝင်မကျလှ။ မဟောသဓာသုခမိန်ကို သူတို့လေးယောက် အမျိုးမျိုး ထိခိုက်ပုတ်ခတ်ကာ သုခမိန်၏ ဂုဏ်သရေကို ညှိုးနွမ်းရာညှိုးနွမ်းကြောင်းကို ကြံစည်ပြုမူခဲ့ကြသည့်အတွက် သူတို့လေးဦးအပေါ် အနုကေဝဋ္ဋသည် ကြီးစွာ မကျေမနပ်ဖြစ်ခဲ့လေသည်။

*(မဟောသဓာဇာတ်တော်ကြီး ပထမတွဲတွင်ကြည့်ပါ။)

မိထိလာ တစ်ပြည်လုံးတွင်သာမက ဤလောကဇမ္ဗူဒိပ်အလုံးတွင် အနုကေဝဋ္ဋပုရောဟိတ် အလေးစား အမြတ်နိုးဆုံးမှာ မဟောသဓာသုခမိန်ပင်ဖြစ်သည်။ မိထိလာနန်းတော်သို့ မဟောသဓာသုခမိန် ရောက်ကတည်းက မိမိတို့သည် အဖိုးအတန်ဆုံး ပညာရှိကို ရရှိပြီဟု အနုကေဝဋ္ဋ ကြွေးကြော်ခဲ့သည်။ သုခမိန်၏ ကောင်းသတင်းဂုဏ်များကို တစ်ဆင့်ပြီးတစ်ဆင့် ကြားသိတွေ့မြင်လာရတိုင်း အနုကေဝဋ္ဋ၏ လေးစားမြတ်နိုးမှုမှာလည်း တရိပ်ရိပ် တိုးမြင့်လာခဲ့လေသည်။

အထူးသဖြင့် စစ်မက်အန္တရာယ်နှင့် ရင်ဆိုင်တွေ့နေရသော ယခုလို ကာလမျိုးတွင် သုခမိန်၏ ပညာဂုဏ်ကို ပို၍ ပူဇော်မိတော့သည်။ အဆ



www.burmeseclassic.com

www.burmeseclassic.com



မတန် အင်အားကြီးလှသော ဥတ္တရာပဉ္စာလရာဇ်၏ ခေါ်ဘိဏီတပ်ကြီး၏ အန္တရာယ်မှ လုပစွာကွေ့ရှောင်သွားသည့် အစီအမံများကို အနုကေဝဋ္ဋသည် အတိုင်းထက်အလွန် သဘောကျနေသည်။

သို့သော် အနုကေဝဋ္ဋ ပုရောဟိတ်အဖို့ ဘဝင်မကျနိုင်သော အချက်နှစ်ချက်ရှိနေသည်။ အနံ့အရသာနှင့် ပြည့်စုံသော နို့ခမ်းတွင် ခဲတစ်လုံးပါလာသကဲ့သို့ဖြစ်သည်။ ထိုအချက်နှစ်ချက်ကား အခြားမဟုတ်၊ ပထမအချက်မှာ မဟောသဓာသုခမိန်က သူ့ကို ယခုတိုင် အသုံးမချသေးခြင်းဖြစ်သည်။ ဥတ္တရပဉ္စာလရာဇ်တပ်များ၏ စစ်မက်ရေးရာအန္တရာယ်ပေါ်ကတည်းက မဟောသဓာသုခမိန်အနီးတွင်နေလျက်၊ သုခမိန်နှင့်အတူ ညီနိုင်းတိုင်ပင်လျက်၊ သုခမိန်၏ အမိန့်အကြံအစည်များကို နာခံလျက် စွမ်းစွမ်းတမံအမှုတော်ထမ်းလိုက်ချင်လှသည်။ သို့သော် သူ့ထံသို့ အမိန့်တစ်စုံတစ်ရာရောက် မလာခဲ့။ စူဠနီဗြဟ္မဒတ်မင်းကြီးထံ မိထိလာအထောက်သူလျှိုများလွှတ်စဉ် ကလည်း မိမိကိုပါ စေလွှတ်လိမ့်မည်ဟု အနုကေဝဋ္ဋ မျှော်လင့်ခဲ့မိသည်။ သို့သော် မိမိမပါခဲ့။ အခြား အခြားသော စစ်မက်ရေးရာ အစီအမံတို့တွင် လည်း မိမိသည် အစွမ်းအစပညာသတ္တိကို ထုတ်ဖော်ခွင့်မရခဲ့။ မိမိ၏ အဖြစ်သည် လေကောင်းစွာမရသောကြောင့် ရေလယ်တွင် အိပ်၍နေသော လှေကြီး တစ်စင်းမှ အားကောင်းသော ရွက်လှေကြီးများနှင့်သာတူတော့သည်ဟု အနုကေဝဋ္ဋ တွေးမိလေသည်။ ရွက်ဖောင်းဖောင်းတက်ကောင်းကောင်းဖြင့် ပင်လယ်ပြင်တွင် တစ်ဟုန်ထိုးနှင်ချင်လှသော်လည်း အခွင့်အခါကမပေး။ မဟောသဓာသုခမိန်သည် ဘာကြောင့် မိမိကို အသုံးမချပါလိမ့်ဟု တွေးရင်း အနုကေဝဋ္ဋ မခံချိမခံသာ ဖြစ်နေလေသည်။ ဤကား ဘဝင်မကျနိုင်သော ပထမအချက် ဖြစ်သည်။

ဒုတိယအချက်ကတော့ ရယ်စရာလည်းကောင်းသည်။ အတော်လည်း ကသိကအောက်နိုင်သည်။ မိမိ၏ အမည်သည် အနုကေဝဋ္ဋ ဖြစ်ရပုံများ။ မိမိတို့၏ ရန်သူ စူဠနီဗြဟ္မဒတ်မင်းကြီး၏ လက်ရုံးပုရောဟိတ်ကြီးမှာ လည်း ကေဝဋ္ဋအမည်ရှိသည်။ ရန်သူနှင့် နာမည်ချင်းသွားတူနေသည်။ ရန်သူကေဝဋ္ဋပုရောဟိတ်ကြီး၏ သတင်းများကို အချိန်နှင့်အမျှ ကြားနေရသည်။ တစ်ဆယ့်ရှစ်ခေါ်ဘိဏီတပ်ကြီးဖြစ်အောင် သိမ်းသွင်းပေးခဲ့သူမှာ ထိုပုရောဟိတ်ကြီး ဖြစ်သည်။ မိထိလာကို ယခုလို ဝိုင်းဆို့ထားသည်မှာလည်း ပုရောဟိတ်ကြီး၏ အစီအမံဖြစ်သည်။ နောက်ဆုံး စကားစစ်ထိုးပွဲဖြစ်ရပ်အထိ။

မဟာရန်သူတော်ကြီးနှင့်မှ နာမည်ချင်းလာတူနေရသည့်အဖြစ်။





မတတ်နိုင်တော့။ ဘိုးဘွားမိဘအစဉ် ဆင်းသက်မှည့်ခေါ်ခဲ့သော ဤ 'အနုကေဝဋ္ဋ' အမည်ကို ပြောင်း၍လည်းမရတော့။ တစ်ခါတစ်ခါတော့ အမိနှင့်အဖကို မကျေမနပ်ဖြစ်မိသည်။ ဘာကြောင့်များ တစ်ချိန်မှာ ရန်သူတော်ကြီးဖြစ်လာမည့်သူနှင့် အမည်တူအောင် ပေးခဲ့ပါလိမ့်ဟူ၍။ ကေဝဋ္ဋဟူသောအမည်သည် တံငါသည်အမည်ကို အစွဲပြုထားသော အဓိပ္ပာယ်ရသည်။ တော်သေးသည်ဟု ဆိုရမည်။ ဟိုက ကေဝဋ္ဋ။ မိမိက အနုကေဝဋ္ဋ။ ယောင်ယောင် ကွဲပြားသေးသည်ကိုပင် ကျေးဇူးတင်ရတော့မည်။

သို့သော် ဤအချက်ကိုပင်လျှင် အနုကေဝဋ္ဋပုရောဟိတ်သည် ကောင်းသောဘက်မှ တွေးယူလိုက်သည်။ ရန်သူတော်ကြီးနှင့် အမည်ချင်းတူနေသည်အတွက် တစ်နေ့သောအခါ မိမိသည် ရန်သူကို ထိုးဖောက်ချေမှုန်းခွင့်ကို နီးနီးကပ်ကပ်ရလာလိမ့်မည်ဟု တွေးထားသည်။ သို့သော်လည်း ခက်နေသည်က ယခုတိုင် မဟောသဓာသုခမိန်က မိမိကို တစ်စုံတစ်ရာ အခွင့်အခါမပေးသေး။ မိမိအဖို့ကတော့ မှိုင်းဝေနေသော မီးပုံးပျံကြီးလို တက်မည်တကဲကဲ ဖြစ်နေပြီ။ မှိုင်းအန်နေပြီ။ မြေပြင်ဆိုင်းကြိုးများကို ဖြုတ်နိုင်သူမှာလည်း မဟောသဓာသုခမိန်တစ်ဦးသာ ရှိသည်။

"အနုကေဝဋ္ဋ ပုရောဟိတ် ရှိပါသလား"

ကိုယ့်အတွေးနှင့်ကိုယ် နစ်မျောနေဆဲ စံအိမ်ဝင်းဆီမှ အသံကြားလိုက်သဖြင့် အနုကေဝဋ္ဋသည် ပြတင်းကို ထသွားကာ လှမ်းကြည့်သည်။ မင်းလုလင်တစ်ယောက်ဖြစ်သည်။ အပြာရောင်ကိုယ်ကျပ်ကို ဝတ်ဆင်ထားသည်။ အံ့ဩဖွယ်မဲ့သောမှုတစ်ခုက အနုကေဝဋ္ဋ၏ ရင်ဝသို့ ပြေးဆောင့်လေသည်။ အပြာရောင်ကိုယ်ကျပ်ဝတ် မင်းလုလင်။ မိထိလာတွင် မင်းလုလင်များ၏ ကိုယ်ကျပ်ကို အရှင်သခင်၏ အထိမ်းအမှတ်အရောင်ဖြင့် ခွဲခြားထားသည်။ ဝိဒေဟရာဇ်မင်းကြီး၏ နန်းတွင်းလုလင်များက အညိုရောင်၊ ဥဒုမ္ဗရဒေဝီ မိဖုရားကြီး၏ မင်းလုလင်များက အဖြူရောင် စသည်ဖြင့်။ အပြာရောင်ကား မဟောသဓာသုခမိန်၏ အရောင်။

အနုကေဝဋ္ဋပုရောဟိတ်သည် တတ်သိထက်မြက်သူ ဖြစ်သည်။ လျင်မြန်စွာ တွေးခေါ်ဆင်ခြင်နိုင်စွမ်းလည်း ရှိသည်။ ပြတင်းမှခွာလျက် အကောင်းဆုံးဝတ်စုံများကို ယူခဲ့ရန် ကျွန်တစ်ယောက်အား ခိုင်းလိုက်သည်။

"ပုရောဟိတ်၊ အရှင့်ကို မဟောသဓာသုခမိန်က အခေါ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်"

ဟု မင်းလုလင်က ခန်းဆောင်တွင်းသို့ လာရောက်ပြောကြားသော အချိန်တွင် အနုကေဝဋ္ဋသည် အားလုံးအဆင်သင့် ဖြစ်နေပေပြီ။ သူက ပြုံးလျက် . . .။

"အခုပဲ သွားကြစို့၊ ဒီနေ့ကို ကျုပ်စောင့်နေတာကြာပြီ"

ဟု ပြောလိုက်လေသည်။

* * *

"တစ်ဆယ့်ရှစ်ခေါဘိဏီ အရေးအတွက်ရှိတဲ့ ပဥ္စာလရာဇ်တပ်ကြီးမှာ စစ်သည်တစ်ဦးကို ကျောက်ခဲတစ်လုံးစီပဲကိုင်ပြီး ပစ်ဦး၊ မိထိလာပြည် အလုံးဟာ စပါးကို ဇလားနဲ့ခြင်သလို မြို့တံတိုင်းနဲ့အမျှ ကျောက်ခဲတွေနဲ့ ပြည့်နိုင်တယ်။ ဒါပေမဲ့ သင်းတို့ ဒီလောက်ကလေးကိုတောင် မတွေးမိကြဘူး ဆရာပုရောဟိတ်"

မိမိကဲ့သို့ သာမန်ပုရောဟိတ်တစ်ဦးအား ဘုရင့်သုခမိန်ဖြစ်သော မဟောသဓာက 'ဆရာပုရောဟိတ်' ဟူ၍ အာလုတ်ပြုသည်ကို အနုကေဝဋ္ဋသည် အံ့ဩလေးစားနေမိလေသည်။

"မြေခွေးအရာအထောင်ဟာ တစ်ခုတည်းသော ကေသရာဇာခြင်္သေ့ရဲ့ ဘုန်းအာနုဘော်နဲ့ မယှဉ်နိုင်ပါဘူး သုခမိန်"

လှိုက်လှိုက်လှဲလှဲပင် ပြန်ပြောမိသည်။ မဟောသဓာသုခမိန်၏ မျက်နှာသွင်ပြင်မှာ တစ်စုံတစ်ရာပြောင်းလဲလှုပ်ရှားဟန်မရှိ။ မျက်နှာထားမှာ တင်းမာခက်ထန်သည်လည်း မဟုတ်။ ပြုံးရယ်နေသည်လည်း မဟုတ်။ ပိရိစေ့စပ်သော နှုတ်ခမ်း၊ နက်မှောင်ရှင်းသန့်သော မျက်ခုံး၊ ပြန့်ပြူးတိကျသော နဖူးပြင်၊ ထို့နောက် ပကတိအားဖြင့်ပင် စူးရှဝေးလံစွာ မြင်နေသည်ဟု ထင်ရသော မျက်လုံးအစုံတို့ကိုကြည့်ရင်း အနုကေဝဋ္ဋသည် အသံမထွက်ဘဲ မှတ်ချက်ချနေမိသည်။ အင်း . . . တကယ့် ယောကျ်ားကောင်း ယောကျ်ားမြတ်ပေပဲ။

မဟောသဓာသုခမိန်က ဆက်ပြောသည်။

"ကျွန်ုပ်တို့ မိထိလာအင်အားနဲ့ ပဥ္စာလရာဇ်အင်အားကို နှိုင်းယှဉ်ကြည့်ရင် မြစ်ငယ်ချောင်းငယ်နဲ့ မဟာသမုဒ္ဒရာလိုပဲ ကွာခြားလွန်းတယ်။





သူတို့ဟာ အခု မိထိလာကို အရှည်အကြာ ဝန်းရံပိတ်ဆို့ကြတော့မယ်။ ဒါဟာ သူတို့အတွက် အမှန်ဆုံး သေနင်္ဂပဲ ဆရာပုရောဟိတ်၊ ဒီ သေနင်္ဂကို သာ သူတို့အသုံးပြု အထမြောက်ရင် မိထိလာ အလုံးပျက်စီးပြီ။ ဒါကို ကျွန်ုပ်တို့က အင်အားနဲ့ မတုန့်ပြန်နိုင်ဘူး။ ဥပါယ်နဲ့ပဲ တုန့်ပြန်ရလိမ့်မယ်။ ဒီဥပါယ်နဲ့ပဲ ပဥ္စာလရာဇ်ကို နှင်ဖြိုရမယ်။ ကျွန်ုပ်မှာ အကြံအစည်ရှိတယ်၊ ဒီအကြံကို အထမြောက်အောင် လုပ်ပေးနိုင်သူကို ရှာကြည့်တော့ မိထိလာတစ်ပြည်လုံးမှာ သင်တစ်ဦးပဲရှိတယ် ဆရာပုရောဟိတ်"

"ဆောင်ရွက်ရန် အမှုကိုသာ အမိန့်ရှိပါ သုခမိန်"

"ဆရာပုရောဟိတ် ကြိုတင်သိထားဖို့တစ်ခုရှိတယ်။ ဒီအရေးအောင်မြင်ဖို့အတွက် သင် အချည်အနှောင်အရိုက်အနှက်ဒဏ် ခံရလိမ့်မယ်၊ အနာတရ ဖြစ်လိမ့်မယ်။ ဒီဒဏ်ကို သင်ခံနိုင်ရဲ့လား"

"မျက်စိ၊ ခြေ၊ လက် မကျိုးမပျက် အသက်မသေရုံမျှသာဆိုရင်တော့ ကျွန်ုပ်ခံပါမယ်။ ဒါကလွဲပြီး အလိုရှိတိုင်း ပြုတော်မူပါ"

"ဘာကြောင့် မျက်စိ ခြေလက် မကျိုးမပျက် အသက်မသေရုံမျှသာ လို့ စကားခြွင်းချက်ထားတာလဲ ဆရာပုရောဟိတ်"

"မျက်စိခြေလက်ကျိုးရင် သို့တည်းမဟုတ် အသက်သေရင် အမှုတော်ကြီး အလုံးစုံအထမြောက်အောင် ကျွန်ုပ် မထမ်းရွက်ရမှာ စိုးလို့ပါ သုခမိန်"

မဟောသဓာသုခမိန်၏ နှုတ်ခမ်းစွန်းများ၌ အပြုံးယဲ့ယဲ့ သမ်းသွားသည်ဟု အနုကေဝဋ္ဋ ထင်လေသည်။

"သင့်ကို ကျွန်ုပ်ရွေးတာ အမှန်ဆုံးဖြစ်သွားပြီ ဆရာပုရောဟိတ်၊ ကိုင်း . . . ဆောင်ရွက်ရမယ့် အမှုတွေက တစ်ဆင့်ပြီးတစ်ဆင့် များပြားရှုပ်ထွေးလေတော့ တစ်ခုစီတစ်ခုစီ ကျွန်ုပ်ရှင်းပြရလိမ့်မယ်။ နားထောင်ပါ ဆရာပုရောဟိတ်"

ရင်အုံတစ်ခုလုံးမို့မောက်လာသည်အထိ အနုကေဝဋ္ဋသည် အသက်ပြင်းပြင်း ရှူရှိုက်လိုက်လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

မိထိလာမြို့ရိုးကို ပဉ္စာလရာဇ်တပ်များ ဝိုင်းဝန်းပိတ်ဆို့လိုက်ကြပြန်ပြီ ဖြစ်သည်။ ယခုတစ်ကြိမ် ပိတ်ဆို့မှုကား အဆင့်ဆင့်အထပ်ထပ် ထူထပ်သိပ်သည်းရုံမျှမက စနစ်တကျလည်း ရှိလှသည်။ မြို့ပြင် ကောင်းကင်ယံမှ ငှက်တစ်ကောင်သော်မှပင် မိထိလာမြို့တွင်းသို့ ပျံသန်းစရာမရှိတော့ဟု ထင်ရလောက်အောင် အစီအမံစေ့စပ်လှသည်။ မိထိလာမြို့ပြင် လေးရပ်မျက်နှာသည် ပဉ္စာလရာဇ်တပ်များ၏ နယ်ပယ်ဒေသတစ်ခုလို ဖြစ်သွားသည်။ တစ်နည်းအားဖြင့် ပဉ္စာလရာဇ်တပ်စခန်းသစ်တစ်ခုကို မိထိလာအပြင်တွင် မိမိတို့ပိုင် တိုင်းပြည်နယ်နိမိတ်ကဲ့သို့ တည်ထောင်လိုက်ကြသည်။

တစ်ဆယ့်ရှစ်ခေါဘိဏီတပ်များအားလုံး ယခုပင် စစ်ပွဲဝင်ရအံ့ဟု ထင်ရလောက်အောင် စစ်အင်္ဂါလေးပါး အဆင်သင့်ပြင်ထားသော်လည်း တိုက်ခိုက်စီးနင်းရန် အမိန့်ကိုမူကား စူဠနီဗြဟ္မဒတ်မင်းကြီးက ချမှတ်ထုတ်ပြန်ပေးခြင်း မရှိချေ။ အဓိက သေနင်္ကား မိထိလာပြည်တစ်ပြည်လုံး အစာငတ် ရေငတ်ဖြစ်အောင် ရက်ပေါင်းလပေါင်းများစွာ ပိတ်ဆို့ထားရေးပင် ဖြစ်သည်။

မိထိလာ၏ မြို့တံခါးတံတိုင်းများပေါ်တွင်မူ မိထိလာမြို့စောင့်ရဲမက်များ အနည်းငယ်သာရှိသည်။ အလှည့်ကျကင်းအဖွဲ့များသာ နေ့နေ့ညည အစောင့်ဝင်ကြသည်။

နှစ်ဘက်စစ်သည်ရဲမက်များသည် ဓား၊ လှံ လက်နက်များကို ကိုင်စွဲ



www.burmeseclassic.com

www.burmeseclassic.com



ထားကြစေကာမူ ထိုးနှက်တိုက်ခိုက်မည့် အသင့်အနေအထား မရှိကြ။ စစ်သည်နှင့် လက်နက် မကင်းကွာစကောင်းဖြင့်သာ စတိအဖြစ် ကိုင်စွဲထားကြသလို ဖြစ်နေသည်။

တစ်ခုသော နံနက်ခင်းတွင် မိထိလာ၏ အရှေ့ဘက်နှင့်တောင်ဘက်ထောင့် မြို့တံတိုင်းငယ်ထိပ်ပေါ်သို့ ကင်းအလှည့်ဝင်ရန်အတွက် တက်လာကြသော စစ်သည်ရဲမက်များနှင့်အတူ ထူးခြားသော လူတစ်ယောက်ပါလာသည်။ ကင်းအဖွဲ့အတူပါလာသော်လည်း ထိုသူသည် ရဲမက်ဝတ်စုံနှင့်မဟုတ်။ မြို့တံတိုင်းငယ်ပေါ်သို့ တက်လာပုံမှာလည်း တိတ်တဆိတ်နိုင်သည်။ သို့သော် စစ်သည်များက သူ့ကို တားမြစ်ခြင်းမပြုကြ။

ရဲမက်ဝတ်စုံမဝတ်သော ထိုသူမှာ အသက်လေးဆယ်ခန့်ရှိသည်။ ရုပ်သွင်မှာ စစ်သည်ရဲမက်နှင့်မတူဘဲ နှလုံးရည်သမားတစ်ယောက်ဖြစ်မှန်းသိသာသည်။ ကင်းအလှည့်ကျတပ်ဖွဲ့၏ အစောင့်ရဲမက်က မြို့တံတိုင်းပေါ်တက်လာသောထိုသူကို တွေ့သောအခါ နှုတ်ဆက်စကားဆိုသည်။

"ဆရာပုရောဟိတ်ပါးလား၊ ဘယ့်နှယ် ထူးထူးခြားခြား မြို့တံတိုင်းပေါ် ရောက်လာတာလဲ"

"ပုရောဟိတ်ဆိုပြီး နန်းတော်ထဲမှာချည်း ခစားနေလို့ မဖြစ်တော့ဘူးလေ၊ စစ်မက်ကာလကြီးမဟုတ်လား။ ရန်သူတပ်တွေ အခြေအနေကိုသိချင်တာနဲ့ပဲ . . ."

အနုကေဝဋ်ပုရောဟိတ်၏ အမူအရာမှာ ဇဝေဇဝါနိုင်လှသည်ဟု အကြပ်ရဲမက်ထင်သည်။ အကြပ်ရဲမက်သည်လည်း မိမိမှအပ မည်သူ့ကိုမျှ မယုံကြည်တတ်သောသူ ဖြစ်သည်။ မိထိလာ၏ သစ္စာတော်ကို ကျိုးနွံစွာစောင့်သိရင်းဖြင့်ပင် အခြားတစ်ပါးသူကို အမြဲတစေ မယုံသင်္ကာရှိတတ်သော အလေ့စွဲနေသည်။ အထူးသဖြင့် စစ်မက်ကာလတွင် ဘယ်သူ့ကိုမျှ မယုံကြည်ရဟု စွဲမြဲထားသည်။

"ရန်သူအခြေအနေကတော့ ဘာပြောစရာလိုသေးသလဲဗျာ၊ ထူထပ်သိပ်သည်းတဲ့ တပ်တွေနဲ့ ပိတ်ဆို့ထားတာပဲပေါ့"

ဟု အကြပ်က ပြန်ပြောရင်း အနုကေဝဋ်ကို မသင်္ကာသောမျက်လုံးဖြင့် စူးစူးစိုက်စိုက်ကြည့်သည်။

"အင်းလေ . . . အဲဒီ ထူထပ်သိပ်သည်းတဲ့ တပ်တွေကို လေ့လာချင်





လို့ပါပဲ"

"မြို့တံတိုင်းက ဒီနေရာမှာ အခြားနေရာတွေထက် နည်းနည်းပိုနိမ့်တယ်၊ တံတိုင်းငယ်ကိုး၊ ဆရာပုရောဟိတ် လေ့လာလို့ ပိုကောင်းတာပေါ့။ ရန်သူတပ်တွေကို နီးနီးကပ်ကပ်မြင်ရတာပေါ့။ ကိုင်း . . . နေရစ်ခဲ့ဦး ဆရာပုရောဟိတ်၊ ကျုပ် ဟိုဘက် သူရဲခိုတွေဆီ သွားစစ်လိုက်ဦးမယ်"

"ကောင်းပါပြီ၊ ကောင်းပါပြီ စိတ်ချလက်ချသာ သွားပါ။ ကျုပ် ဒီနေရာကပဲ သူတို့ကို ကြည့်လိုက်ဦးမယ်"

ပုရောဟိတ်၏ အမူအရာမှာ အကဲမရဟု အကြပ်ရဲမက်က ဆုံးဖြတ်လိုက်သည်။ သူ့နေရာမဟုတ်သော မြို့တံတိုင်းပေါ် တက်လာခြင်းကပင် သံသယဖြစ်စရာ ကောင်းနေပြီ။ သည်အထဲတွင် ဂနာမငြိမ်သော ပုရောဟိတ်၏ အကြည့်များက ပို၍ မကြိုက်ချင်စရာကောင်းသည်။

အကြပ်ရဲမက်သည် မြို့တံတိုင်းအတွင်းဘက် ဆင်ခြေလျှောအတိုင်းဆင်းသွားကာ အောက်ခြေရှိ ချုံပုတ်တစ်ခုအောက်သို့ ခိုဝင်လိုက်သည်။ ထိုနေရာမှနေ၍ မြို့တံတိုင်းအပေါ်ရှိ ပုရောဟိတ်ကို ကောင်းစွာမြင်နိုင်သည်။ ပုရောဟိတ်ကမူ သူ့ကို မြင်ရမည် မဟုတ်။ အကြပ်ရဲမက်သည် မျက်စိနှင့်နားကို စစ်သည်တို့၏ နိုးကြားသောအာရုံဖြင့် အစွမ်းကုန်ဖွင့်ထားလိုက်သည်။

ပုရောဟိတ်၏ လှုပ်ရှားမှုများကို စတင်တွေ့ရသည်။ ဦးစွာ ဝဲယာရှေ့နောက်ကို ကြည့်သည်။ တာဝန်ကျရဲမက်များမှာ သူရဲခိုများတွင် ကိုယ်စီနေရာယူထားကြသည့်အတွက် တစ်ယောက်ကိုတစ်ယောက် မမြင်ရ။ ပုရောဟိတ်သည် အစိုးမရသောအမူအရာဖြင့် လစ်လပ်နေသော သူရဲခိုပေါက်တစ်ခုဆီသို့ တိုးကပ်သွားသည်။ မြို့တံတိုင်းအပြင်သို့ ကိုယ်ကို ကိုင်းညွတ်သည်။ ထို့နောက် သူ့ဝတ်ရုံအောက်မှ တစ်စုံတစ်ခုကို ထုတ်ယူသည်။ အကြပ်ရဲမက်၏ စူးရှသော မျက်လုံးများက ထိုအရာကို ကောင်းစွာ မြင်လိုက်ရသည်။ ပိတ်စနှင့် ထုပ်ထားသော စားမြိန်စာဘူးဖြစ်သည်။

"ငါထင်တဲ့အတိုင်း မှန်ပြီ"

အကြပ်ရဲမက်သည် အံကြိတ်ရေရွတ်လျက် ချုံပုတ်နောက်မှခွာကာ မြို့တံတိုင်းပေါ်သို့ ရှဉ့်တစ်ကောင်၏ လျင်မြန်ခြင်းဖြင့် တက်သွားသည်။ သို့သော် ခြေသံလုံလှသည်။ ထို့နောက် ပုရောဟိတ်နှင့် အနီးဆုံး သူရဲခိုတစ်ဘက်တွင် ကိုယ်ကို ကွယ်လိုက်သည်။ ပုရောဟိတ်ကို လက်နှင့်လှမ်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင်ပင် ရနိုင်သော အနီးဆုံးနေရာဖြစ်သည်။ သို့သော် အကြပ်ရဲမက်သည် အသံမပြု နားကို စွင့်လျက် လက်ကို ဓားရိုးပေါ်တွင် တင်းကျပ်စွာ ဆုပ်ကိုင်လျက် . . .

ပုရောဟိတ်ဆီမှ အသံကြားလိုက်ရသည်။

"အကြည်တော်တို့၊ အကြည်တော်တို့ ဒီမှာပါ၊ ကျုပ်ပြောစရာရှိလို့ပါ။ ဟုတ်ပြီ၊ မြင်ရပြီနော်၊ ရော့ . . . ရော့ . . . ဟောဒါ သင်တို့အတွက် ကျုပ်ယူလာတဲ့ ခဲဖွယ်ဘောဇဉ်တွေပါ။ စိတ်ချလက်ချစားကြပါ ရော့ . . . ရော့ အောက်ချလိုက်မယ်နော်"

အကြပ်ရဲမက်၏ ဓားရိုးပေါ်မှ လက်သီးဆုပ် ပို၍ တင်းကျပ်လာသည်။ ဓားသွားကိုပင် ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်သည်။ ပြီးမှ ဓားအိမ်ထဲ ပြန်သွင်းသည်။ ရဲမက်သည် အံကြိတ်လျက် တီးတိုးရေရွတ်သည်။

"အနုကေဝဋ္ဋ၊ သင်း ရန်သူနဲ့ဆက်သွယ်နေတာ သစ္စာဖောက်"

ပုန်းကွယ်ရာမှ မထွက်သေးဘဲ ဆက်နားစွင့်နေလိုက်သည်။ အနုကေဝဋ္ဋ၏ အသံကို ဆက်ကြားရသည်။

"ထီးဆောင်းမင်းတို့ရဲ့ ဧကရာဇ်ဖြစ်တဲ့ သင်တို့ရဲ့ စူဠနီဗြဟ္မဒတ်မင်းကြီးကို ကျုပ်ကိုယ်တိုင် ပြောပြချင်တယ်။ ရဲမက်တို့ ဒီမှာ သင်တို့အတွက် အောင်ပွဲဟာ လက်တစ်ကမ်းမှာပဲ ရှိတော့တယ်။ မိထိလာဟာ သင်တို့လက်ထဲ ကျရောက်တော့မယ်၊ မိထိလာပြည်သူပြည်သားတွေဟာ အခုဆိုရင် ဆောင်းလှောင်ကြွက်တွေလို အကျဉ်းအကျပ်ထဲမှာ ပိတ်မိနေပြီး ဒုက္ခရောက်နေကြပြီ။ နောက်ထပ် နှစ်ရက်သုံးရက်လောက်သာ ကျုပ်တို့ မိထိလာကို ခပ်ဆိုဆိုလေး ဝန်းရံလုပ်ကြံလိုက်ပါ။ မြို့တွင်းမှာ စိတ်ဝမ်းကွဲ စိတ်ဓာတ်ပျက်ပြားပြီး အချင်းချင်း ရန်မီးထတောက်ကြတော့မှာ၊ မြို့တံခါးလဲ ပွင့်တော့မှာ၊ အဲဒီကျတော့မှ ဝိဒေဟရာဇ်မင်းနဲ့ ဟိုယုတ်မာတဲ့ သူကြွယ်သားဟောသဓောကို ဖမ်းပြီး . . ."

အကြပ်ရဲမက်သည် သည်းမခံနိုင်တော့။ သူ့ရဲခိုမှ တစ်ဟုန်ထိုးထွက်လာ ဓားကိုဝင့်လျက် အနုကေဝဋ္ဋဆီသို့ ပြေးဝင်သွားသည်။

သို့သော် သူ့ဓားသွားသည် အနုကေဝဋ္ဋ၏ လည်ပေါ်သို့ ကျမသွားခဲ့။ ခုတ်ပိုင်းအံ့ဆဲဆဲဖြစ်သော သူ့လက်ကို သန်မာသောလက်တစ်ခုက နောက်မှ လှမ်းဆွဲထားလိုက်သောကြောင့် ဖြစ်သည်။





"မလုပ်နဲ့ . . . မလုပ်နဲ့"

အကြပ်ရဲမက် နောက်လှည့်ကြည့်သည်။ လှမ်းဆွဲထားလိုက်သူမှာ မြို့တံတိုင်းငယ် ကင်းစောင့်တပ်ဖွဲ့များကို အုပ်ချုပ်သည့် ဗိုလ်မင်း ဖြစ်သည်။ ဗိုလ်မင်း၏ နောက်တွင်လည်း မြို့စောင့်တပ်ရဲမက်များပါလာသည်။ ဗိုလ်မင်းက အကြပ်ရဲမက်၏ လက်ကို မလွှတ်သေးဘဲ ပြောသည်။

"လက်မလွန်စေနဲ့၊ သစ္စာဖောက်တစ်ယောက်ကို ဒီလိုသုတ်သင်လိုက်ရုံနဲ့ မပြီးဘူး။ သင်း ခြေလှမ်းပျက်နေတာကို ငါလဲ သတိထားမိလို့ သင်း မြို့တံတိုင်းပေါ်တက်သွားချိန်မှာ ငါလဲ နောက်ယောင်ခံ လိုက်လာတာ"

"ဒါဖြင့် . . . ဒါဖြင့် သစ္စာဖောက် အနုကေဝဋ္ဋ သူယုတ်မာကို ဘယ်လို စီရင်ရမလဲ ဗိုလ်မင်း"

ထိုအချိန်တွင် ဗိုလ်မင်းနှင့်အတူ လိုက်ပါလာသော မြို့စောင့်ရဲမက်များက အနုကေဝဋ္ဋကို ဖမ်းဆီးချုပ်နှောင်ပြီးကြလေပြီ။ ဗိုလ်မင်းသည် အနုကေဝဋ္ဋရှေ့တွင် ရပ်လျက် စက်ဆုပ်ရွံရှာစွာကြည့်ပြီး . . .

"ဒီလို သစ္စာဖောက်မျိုးကို ဘယ်လိုစီရင်ရမယ်ဆိုတာ စစ်သည်တို့ရဲ့ စစ်ကာလအမိန့်တွေထဲမှာ ပါရှိပြီးဖြစ်တယ်။ သင်းကို သုတ်သင်စရာလဲ မလိုဘူး၊ အရှင်သုခမိန်ဆီပို့ဖို့လဲ မလိုဘူး။ သင်းကို အသက်ရှင်လျက်ဖြစ်စေ၊ အသက်မဲ့ဖြစ်စေ မိထိလာမြေပေါ်မှာ ဆက်ထားလျှင် ငါတို့ရဲ့မိထိလာ ကျက်သရေ ယုတ်တယ်။ ဒီလို သူ ယုတ်မာမျိုးကို ဘယ်လိုစီရင်ရမယ်ဆိုတာ သိကြတယ် မဟုတ်လား ငါ့လူများ"

"သိပါတယ် ဗိုလ်မင်း"

ရဲမက်များက တစ်ညီတည်း ဖြေကြားပြီးနောက်တွင် အနုကေဝဋ္ဋသည် ရဲမက်များလက်တွင် ကလေးငယ်တို့ ဗိုင်းဝန်းလုယက်ကစားခြင်းခံရသော ပုံရုပ်ကလေးတစ်ရုပ်နှယ် ဖြစ်သွားလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

"ရှေ့ကို တိုးလိုက်စမ်းဟေ့"

သစ္စာဖောက်သည် ဒူးထောက်၍ ရှေ့သို့တိုးသည်။ နောက်ပြန်တုပ်ချည်ထားသော လက်မောင်းများအပေါ်မှ ပခုံးသားများ၊ လည်ကုပ်သားတို့တွင် ကြွက်သားအပြိုင်းပြိုင်း ထနေသည်။

"မိထိလာ သစ္စာဖောက်၊ မင်းအကြောင်းပြောစမ်း"

"ကျွန်တော်မျိုးနာမည်က အနုကေဝဋ္ဋလို့ ခေါ်ပါတယ်၊ အမျိုးအနွယ်က ဗြဟ္မဏပုရောဟိတ်မျိုး ဖြစ်ပါတယ်"

မင်းကြီး ရှေ့မှောက်တွင် ခစားနေကြသော မှူးမတ်သေနာပတိများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ စစ်ကာလအတွင်း ဖမ်းဆီးရမိသော သစ္စာဖောက်တစ်ဦးကို အားလုံးကပင် စစ်သည်တစ်ယောက်ဟု ထင်မှတ်နေကြရာမှ ဗြဟ္မဏပုရောဟိတ်မျိုးနွယ်ဖြစ်ကြောင်း ကြားသိလိုက်ရသောကြောင့် ဖြစ်သည်။

"ဆက်တင်စမ်း"

"ကျွန်တော်မျိုးဟာ ဘိုးဘွားမိဘလက်ထက်ကတည်းကစပြီး ထီးနန်းစဉ်ဆက်မပျက် အမှုတော်ထမ်းဆောင်ခဲ့တဲ့ ပုရောဟိတ်အမျိုးတွေ ဖြစ်ပါတယ်၊ ကျွန်တော်မျိုးကိုယ်တိုင်လဲ ဝိဒေဟရာဇ်မင်းကြီး လက်ထက်မှာ ပုရောဟိတ်အဖြစ် သူကောင်းပြုခြင်း ခံခဲ့ရပါတယ်"

သစ္စာဖောက်သည် ပြောရင်းဖြင့်ပင် ကြွတက်လာသော ဒေါသကို



www.burmeseclassic.com

www.burmeseclassic.com



မှိုသိပ်နေရဟန်ဖြင့် အသက်ပြင်းပြင်း ရှူရှိုက်နေသည်။ ခဏကြာမှ . . .

"ဟို သူကြွယ်သား လူရမ်းကား ရောက်မလာခင်အထိ ကျွန်တော်မျိုးဟာ မိထိလာနန်းတော်ထဲမှာ စည်းစိမ်ချမ်းသာ အခြွေအရံကောင်းစွာနဲ့ သူကောင်းပြုခြင်း ခံခဲ့ရပါတယ်"

"သူကြွယ်သား လူရမ်းကားဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

"မိထိလာတစ်ပြည်လုံးက သုခမိန်တွဲ့ အပ်နှင်းထားတဲ့ မဟောသဓာကို ပြောတာပါ အရှင်မင်းကြီး"

ပဥ္စာလရာဇ်မင်းကြီး၏အမေးကို သစ္စာဖောက်က မဆိုင်းမတွဖြေသည်။

"အင်း . . . ဆက်လျှောက်စမ်း"

"သင်း သူကြွယ်သား လူရမ်းကား နန်းတော်လဲ ရောက်လာရော ကျွန်တော်မျိုးဟာ အခြေပျက်ယွင်းခဲ့ရပါတယ် အရှင်မင်းကြီး"

"ဘယ်လို ပျက်ယွင်းရတာလဲ၊ မိထိလာဘုရင်က မောင်မင်းကို အမေ့အလျော့ ထားလိုက်သလား"

"မဟုတ်ပါ အရှင်မင်းကြီး၊ ကျွန်တော်မျိုးရဲ့မျိုးရိုး၊ ကျွန်တော်မျိုးရဲ့ ပညာနဲ့ အမှုတော်ထမ်းမှုကို ဝိဒေဟရာဇ်မင်းကြီးဟာ ဆက်လက်ပြီး သတ်မှတ်မြှောက်စားချီးမြှင့်ခဲ့ပါတယ်။ ဒါကို သူကြွယ်သား လူရမ်း ကားက မနာလို မရှုစိမ့်ဖြစ်ပါတယ်"

"မောင်မင်းကို သူက မနာလို မရှုစိမ့်ဖြစ်သတဲ့လား"

မေးကြောများ ထလာသည်အထိ သစ္စာဖောက်သည် အံကြိတ်လျက်

"သူကြွယ်သား လူရမ်းကားဟာ စစ်သူကြီးဖြစ်လာပြီးတဲ့နောက်မှာ မိထိလာနန်းတော်က အမှုထမ်းအတော်များများ၊ အတော်များများ မကပါဘူး အရှင်မင်းကြီး၊ အားလုံးဟာ သူ့ရဲ့နောက်လိုက်တွေ ဖြစ်ကုန်ပါတယ်။ ဩဇာကြီးလှတဲ့ သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ အမတ်ကြီးတွေကအစ သူကြွယ်သားကို ခန့်ညားခဲ့ကြရပါတယ်"

"အင်း . . . ဒါကို ကျွန်ုပ်တို့လဲ ကြားသိထားတယ်၊ ဆက်လျှောက်တင်စမ်း"

"ကျွန်တော်မျိုးဟာ ကိုယ့်မျိုးရိုး၊ ကိုယ့်ပညာနဲ့ ကိုယ့်အစဉ်အဆက်နေလာခဲ့တဲ့ ပုရောဟိတ်ဖြစ်တဲ့အတွက် ဒီ သူကြွယ်သား လူရမ်းကား ဘာမှ မဟုတ်တဲ့ ဇနပုဒ် ပစ္စန္တရာသားကို အများသူငါတွေလို ဦးမညွတ်ခဲ့ပါဘူး။





ဖျက်နှာလိုမျက်နှာရ မခစားခဲ့ပါဘူး အရှင်မင်းကြီး။ ဒါကိုလဲ သူကြွယ်သား လူရမ်းကားက ကျွန်တော်မျိုးအပေါ် အမျက်ရန်ငြိုးသိုခဲ့ခြင်း ဖြစ်ပါတယ်"

"အင်း . . . အရာရာတွင်ကျယ်တဲ့ သူနဲ့ ပညာရှင်နဲ့ တွေ့ကြပြီကိုး"

"အဲဒီလို အမျက်ရန်ငြိုးသို၊ ကျွန်တော်မျိုးအကြောင်းတွေကို မဟုတ်တာ အဟုတ်လုပ်၊ မရှိတာ အရှိလုပ်ပြီး ဝိဒေဟရာဇ်မင်းထံမှာ သင်းက ကုန်းချောစကား သွင်းပါတော့တယ် အရှင်မင်းကြီး"

"အင်း . . . သူက မိထိလာနန်းတွင်းမှာလဲ သူ့ခြေသူ့လက်ဖြစ်နေပေသကိုး"

"ဝိဒေဟရာဇ်မင်းကြီးဆိုတာဟာလဲ သူ့ကို သားတော်အဖြစ် မွေးစား၊ သုခမိန်အရာပေး၊ စစ်သူကြီးအရာပေး၊ တစ်လောကလုံးမှာ မဟောသဓာမှ မဟောသဓာဖြစ်နေလေတော့ သင်း စကားသုံးခွန်း မဆိုရပါဘူး အရှင်မင်းကြီး။ ဘိုးစဉ်ဘောင်ဆက်တစ်ခုလုံး အမှုတော်ကို သစ္စာရှိစွာ ထမ်းခဲ့တဲ့ ကျွန်တော်မျိုးအပေါ် အမျက်ဝင်ပါတော့တယ်"

"ဟုတ်ပေတယ်၊ မိထိလာဘုရင်ဟာ သူ့ကို လုံးဝ အားကိုးထားတာပဲ"

"သင်းကြောင့် ကျွန်တော်မျိုးမှာ အရာက အနုတ်ခံခဲ့ရပါတယ်။ သင်း တွင်ကျယ်တဲ့နေ့ကစပြီး ကျွန်တော်မျိုးဟာ ပုရောဟိတ်စင်စစ် ဖြစ်ပါလျက် အသည်သားတစ်ယောက်လို ဆင်းရဲငြိုငြင်စွာ အသက်မွေးခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်မျိုးဘဝကို ဖျက်ဆီးခဲ့တဲ့ သူကြွယ်သား လူရမ်းကားအပေါ်မှာ သည်းတစ်သက် မကျေစတမ်းဆိုပြီး. . ."

ဒေါသဖြင့် နင့်သွားသောကြောင့် သစ္စာဖောက်သည် စကားဝါကျပင် မဆုံးနိုင်၊ ရင်အုံတစ်ခုလုံး လှိုင်းထနေအောင် ခဲယဉ်းစွာ အသက်ရှူပြီး ဆက်ပြောသည်။

"သင်းရဲ့လည်ကို ဘယ်အခါများ သံလျက်စာ ကျွေးရပါ့မလဲလို့ ကျွန်တော်မျိုး တစ်ချိန်လုံး အခွင့်အခါကို စောင့်ဆိုင်းခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ထီးဆောင်းမင်းအပေါင်းတို့ရဲ့ အရှင်သခင် ဥတ္တရပဥ္စာလရာဇ်မင်းကြီးဟာ တိုင်းကြီးပြည်ကြီးတွေကို သိမ်းပိုက်ပြီး မိထိလာကို တစ်ဆယ့်ရှစ်ခေါ်ဘိကိုတပ်မကြီးနဲ့ ချီလာပြီဆိုတာကို ကျွန်တော်မျိုး ကြားသိခဲ့ရပါတယ်"

"ကျွန်ုပ်ချီလာပြီဆိုတာ သိရတော့ မောင်မင်း ဘာလုပ်နေသလဲ"

"သူကြွယ်သား လူရမ်းကားဟာ အင်မတန် ပါးနပ်ကောက်ကျစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူပါ အရှင်မင်းကြီး။ ပဉ္စာလရာဇ်တပ်ကြီး ချီလာပြီဆိုကတည်းက ကျွန်တော်မျိုးကို ယခင်ကထက်ပိုပြီး ဖိနှိပ်ပါတယ်၊ မလှုပ်သာမလွန့်သာ ဖြစ်အောင် စောင့်ကြပ်ပါတယ်။ ဒါကြောင့်လဲ ယခင်ကထက်ပိုပြီး ဆင်းရဲပင်ပန်းစွာ နေခဲ့ရပါတယ်။ ဒါပေမဲ့ အရှင်မင်းကြီးရဲ့ ရွှေဖဝါးတော်အောက် ခိုလှုံနိုင်ဖို့ အခွင့်အရေးကို တစ်နေ့မပြတ် စောင့်ဆိုင်းနေခဲ့ပါတယ်။ နေ့စဉ်နဲ့အမျှ လျှို့ဝှက်ကြံစည်ခဲ့ရပါတယ်။ အခွင့်မသာခဲ့ပါဘူး အရှင်မင်းကြီး။ ဒီနေ့ကျမှပဲ အရှင်မင်းကြီးရဲ့ ခေါ်ဘိနီတပ်ကြီး အဝိတ်အဆို့ကြောင့် သင်းတို့ သတိလစ်လောက်ပြီ၊ အစောင့်အကြပ် ချွတ်ယွင်းလောက်ပြီဆိုပြီး ကျွန်တော်မျိုး . . ."

"တော်ပြီ . . . ဆက်မတင်နဲ့တော့၊ ကျန်တဲ့အဖြစ်ကို ရဲမက်များ လျှောက်တင်လို့ ကျွန်ုပ် အားလုံးသိပြီးပြီ။ ဒီနေ့ အခွင့်သာတယ်ဆိုပြီး သင်ကြိုးစားပေမယ့်လဲ သင့်ကို မိသွားတာပဲ မဟုတ်လား"

"မှန်ပါတယ် အရှင်မင်းကြီး၊ သို့သော် ကျွန်တော်မျိုးကို နှိပ်စက်ညှဉ်းဆဲပြီး ခုလို လွှင့်ပစ်လိုက်ခြင်းကပဲ ကျွန်တော်မျိုးအကြံအောင်မြင်တော့မယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်"

"သင် ဘာကိုဆိုလိုသလဲ"

အနုကောဝင်ဒ့က တောက်ပစွာ ပြုံးလိုက်သည်။

"ဆိုရိုးစကား တစ်ခုရှိပါတယ် အရှင်မင်းကြီး၊ ဒီစကားဟာ ဟိုးရှေးပဝေသဏီ မနုဓမ္မသတ်ပေါ်ခဲ့တဲ့ကာလကတည်းက ထင်ရှားခဲ့တဲ့ ပြယုဂ်တစ်ခု ဖြစ်ပါတယ်"

"ဘာတဲ့လဲ"

"တစ်စုံတစ်ယောက်သောသူအတွက် သည်းထန်သော သစ္စာဖောက်တစ်ဦးသည် ထိုတစ်စုံတစ်ယောက်၏ ရန်ဘက်ဖြစ်သော အခြားသူထံတွင်ကား သူမတူသော သစ္စာရှိကျွန်ယုံတစ်ယောက် ဖြစ်လာလေ၏ . . . ဆိုတဲ့စကားပါ အရှင်မင်းကြီး"

အနုကောဝင်ဒ့၏ အပြုံးသည် ပဉ္စာလရာဇ်မင်းကြီးထံသို့ ကူးစက်သွားသည်။ ပဉ္စလရာဇ်မင်းကြီးက အနီးရှိ ကောဝင်ဒ့ပုရောဟိတ်ကြီးကို လှမ်းကြည့်လိုက်သောအခါ ကောဝင်ဒ့ပုရောဟိတ်ကြီးကလည်း ခေါင်းညိတ်လျက် ပြုံးနေလေသည်။





မင်းကြီးသည် သဗ္ဗာလီပေါ်တွင် ပြေပြေလျော့လျော့ထိုင်နေရာမှ ကိုယ်ကို စွင့်မတ်အောင်ပြင်လိုက်ကာ အားရကျေနပ်ခြင်းများစွာဖြင့် အမိန့်ပြန်လိုက်သည်။

"အနုကောဝင်ဒ့ပုရောဟိတ်ကို အကောင်းဆုံး တဲနန်းတစ်ခုဆီကို ခေါ်သွား၊ ရေချိုးသန့်စင်ပြီး အမွှေးနံ့သာလိမ်းကျံ၊ ဝတ်လဲဝတ်ရုံ ကောင်းကောင်းတွေကိုဆင်၊ အကောင်းဆုံးသေရည်နဲ့ စားစရာတွေကျွေး၊ ပြီးရင် သူ့ကို ဘယ်သူမှမနှောင့်ယှက်နဲ့၊ ကောင်းကောင်းအနားယူပါစေ"

"အနုကောဝင်ဒ့ပုရောဟိတ်"

"မိန့်တော်မူပါ အရှင်မင်းကြီး"

"သူကြွယ်သား လူရမ်းကားရဲ့လည်ကို သင့်ဆန္ဒအတိုင်း မကြာခင် သန်လျက်နဲ့ ပိုင်းခြားရတော့မယ်လို့ ယုံကြည်ထားလိုက်၊ ကြားလား"

"ကျွန်တော်မျိုး လူဖြစ်ကျိုးနပ်ပါပြီ အရှင်မင်းကြီး"

"ညဉ့်ဦးယံမှာ သင် ကျွန်ုပ်ထံ အခစားဝင်ရမယ်၊ သွား အနားယူတော့"

အနုကောဝင်ဒ့ တဲနန်းအပြင် ရောက်ချိန်တွင် ပဉ္စာလရာဇ်မင်းကြီးသည် လက်ဝါးထဲသို့ လက်သီးဆုပ်ဖြင့် ဖြောင်းခနဲထုရိုက်လိုက်သည်။ ထိုအချိန်မှာပင် တဲနန်းတစ်ခုဆီသို့ သွားနေသော အနုကောဝင်ဒ့ကလည်း အသံမြည်စေရအောင် လက်ဖျစ်တစ်တွတ်တွက်သည်။

တစ်ချိန်တည်းလောက်ပင် ဖြစ်သည်။ အသံမြည်ခြင်းနှင့် အသံမြည်ခြင်းသာ ကွာခြားလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

အနုကေဝဋ္ဋသည် ပဉ္စာလရာဇ်မင်းကြီးရှေ့မှောက်၌ ခစားနေသည်။ သို့သော် လွန်ခဲ့သော ရက်အနည်းငယ်က အခြေအနေနှင့် လုံးဝကွာခြားသွားပြီဖြစ်သည်။ အနုကေဝဋ္ဋ၏ အသွင်အပြင်သည် ပဉ္စာလရာဇ်တပ်တွင်းသို့ သစ္စာဖောက်အဖြစ် ရောက်လာခဲ့စဉ်ကလို မဟုတ်တော့။ ဦးခေါင်းတွင် တင့်တယ်သော မောက်ရှည်ကို ဆောင်းလျက်၊ ကိုယ်တွင် ဖိတ်ဖိတ်တောက်သော ဝတ်စုံကို ဆင်လျက်၊ ကျောပြင်ထက်တွင် ဖြူဆွတ်သော ဝတ်ရုံကိုလွှားလျက် ဥတ္တရပဉ္စာလရာဇ်တပ်၊ တပ်မှူးတစ်ဦး၏ ဝတ်စုံဖြင့် တင့်တယ်ခမ်းနားနေသည်။

မိထိလာ သစ္စာဖောက်အဖြစ် ရောက်ခဲ့စဉ်က ဘုရင့်တဲနန်းအတွင်းတွင် ကေဝဋ္ဋပုရောဟိတ်ကြီးအပါအဝင် မှူးမတ်သေနာပတိများ စုံညီရှိခဲ့သော်လည်း ယခုအခါတွင်ကား ပဉ္စာလရာဇ်မင်းကြီးနှင့် အနုကေဝဋ္ဋနှစ်ဦးတည်းသာရှိသည်။ ပဉ္စာလရာဇ်မင်းကြီးသည် အနုကေဝဋ္ဋ၏ တက်ကြွသောဟန်နှင့် မဟောသဓာအပေါ် တူးတူးခါးခါး မုန်းတီးစက်ဆုပ်သော သဏ္ဌာန်တို့ကို များစွာနှစ်ခြိုက်လိုလားနေသည်။ ယခုအခါ မင်းကြီးနှင့်အနုကေဝဋ္ဋတို့မှာ ဘုရင်နှင့် ဘုရင့်အမှုတော်ထမ်းမက ရင်းနှီးကျွမ်းဝင်နေကြပေပြီ။

"အရှင်မင်းကြီး ကျွန်တော်မျိုးဟာ မိထိလာကို မဟောသဓာမရောက်ခင်ကတည်းက ဝိဒေဟရာဇ်မင်းကြီးထံမှာ အမှုထမ်းခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် မိထိလာမြို့ရဲ့မြို့ရိုး၊ ကျုံးအစီအရင် မှန်သမျှကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မျိုး အသေးစိတ်သိထားပါတယ်။ မပေါသခါဟာ ကျွန်တော်မျိုးလောက် မသိပါဘူး"

"မိထိလာကျုံးထဲမှာ မိကျောင်းတွေ လွှတ်ထားတယ်ဆိုတာ ဟုတ်သလား အနုကေဝဋ္ဋ၊ ကျွန်ုပ်ရဲ့စစ်သည်တွေ လျှောက်တင်ချက်အရတော့ ကျုံးရေပြင် လေးဘက်လေးတန်မှာ မိကျောင်းတွေ အပြည့် လွှတ်ထားသတဲ့"

"မိကျောင်းတွေ လွှတ်ထားတာတော့ မှန်ပါတယ် အရှင်မင်းကြီး။ သို့သော် ကျုံးရေပြင် လေးဘက်လေးတန် အပြည့် မဟုတ်ပါဘူး၊ မိကျောင်းရှိရာ အရပ်၊ မရှိရာ အရပ်ကို ကျွန်တော်မျိုး သိထားပါတယ်"

"ကောင်းလိုက်လေ အနုကေဝဋ္ဋရယ်၊ မိထိလာအကြောင်းကို ဖုန်တစ်မှုန် ရေတစ်စက်ကအစ အတွင်းကျကျသိထားတဲ့ သင့်လို လူမျိုးကို ကျွန်ုပ်အရတော်လိုက်လေခြင်းကွယ်"

"အရှင်မင်းကြီး မိထိလာဟာ အခု ခွန်အားချည့်နဲ့နေပါပြီ။ သူကြွယ်သား လူရမ်းကားရဲ့ ပရိယာယ်နဲ့ ဟန်မပျက်နေပြကြခြင်း ဖြစ်ပါတယ်။ ဒီအချိန်ဟာ မိထိလာကို ဝင်စီးဖို့ အကောင်းဆုံးအချိန်ပါပဲ"

"အချိန်အခါ အခြေအနေကို သင်အသိဆုံးပဲ မဟုတ်လား အနုကေဝဋ္ဋ၊ သင်အလိုရှိသလောက် စစ်သည်အင်အားကို ဆင့်ခေါ်နိုင်အောင် သင့်ကို တပ်မင်းကြီးတစ်ဦးရဲ့ ဩဇာအာဏာ ကျွန်ုပ်တို့ အပ်နှင်းလိုက်ပြီ"

"မကြာခင်ပဲ မိထိလာတစ်မြို့လုံးကို အရှင့်လက်တော်အရောက် ကျွန်တော်မျိုး အပ်နှင်းပါ့မယ်"

အနုကေဝဋ္ဋသည် ပဉ္စာလရာဇ်မင်းကြီး၏ တဲနန်းထဲမှ ထွက်လာခဲ့သည်။ မကြာမီမှာပင် ဘုရင့်အာဏာတော်မှ သက်ရောက်သော တပ်မင်းကြီး၏ အမိန့်ဖြင့် ပဉ္စာလရာဇ်တပ်၏ တပ်ဖွဲ့များအားလုံးသို့ စာချွန်တစ်ခု ထုတ်လိုက်လေသည်။

စာချွန်ကား ဤသို့ . . .

*ထီးဆောင်းမင်းအပေါင်းတို့၏သခင် ဇမ္ဗူဒိပ်ကျွန်းအပြင်*

*ကေရာဇ်ဥတ္တရပဉ္စာလရာဇ်မင်းတြားကြီး၏ လွှဲအပ် သက်*

*ရောက် အာဏာတော်စက်အောက်မှ တပ်မင်းကြီး အနု*

*ကေဝဋ္ဋ အမိန့်တော်ထုတ် လိုက်သည်မှာ . . .*

*ဤအမိန့်တော်သည် စစ်မိန့် ဖြစ်သည်။ အမိန့်တော်မှ*





*တစ်ရွေးတစ်စေ့ သွေဖည်ယွင်းချွတ်သူမှန်သမျှ စစ်တို့*

*သဘောအတိုင်း ဖြတ်ခြည်းသုတ်သင် ကွပ်မျက်စေ။*

*ဘုန်းတော်ကြောင့် မိထိလာကို အလုံးအရင်းဖြင့် စစ်ထိုးတော့*

*မည်ဖြစ်ရာ စစ်မြေပြင်၌ မိထိလာပျက်စီးချိန်တွင် သူလူ*

*ကိုယ့်လူ မကွဲမပြား အထွေးထွေး အယှက်ယှက်ရှိကြမည့်*

*အရေးကို မျှော်တွေးထောက်ချင့်လျက် တပ်မင်းကြီး အနု*

*ကေဝဋ္ဋကိုယ်တိုင် အစီအမံတစ်ရပ် ပြုလုပ်ရန်ရှိသည်။*

*ယင်းအစီအမံအတွက် အမှုအမတ်၊ စစ်ကြပ်၊ ရဲမက်တပ်ဖွဲ့*

*အားလုံးသည် နက်ဖြန်နံနက် အရုဏ်တက်မှစ၍တပ်မင်းကြီး*

*အနုကေဝဋ္ဋထံသို့ အလှည့်ကျ ဝင်ရောက်စေ။*

*ဘုန်းတော်ကြီးဘုရား အမိန့်အာဏာတော် သက်ရောက်*

*သော တပ်မင်းကြီး။'*

အနုကေဝဋ္ဋ

ကေဝဋ္ဋပုရောဟိတ်ကြီးသည် နှစ်ထောင်းအားရစွာ ပြုံးလိုက်လေသည်။ ယခုအခါ စစ်ရေးအစီအမံတစ်ခုလုံးကို ဦးစီးကိုင်တွယ်နေပြီဖြစ်သော တပ်မင်း အနုကေဝဋ္ဋသည် ဘုရင့်အာဏာတော်ကို ကိုယ်စားပြုသူ ထိပ်တန်းပုဂ္ဂိုလ်လည်းဖြစ်သည်။ ထိုသို့သော ပုဂ္ဂိုလ်မျိုးက သူ့အား အရေးတယူကြိုဆိုကာ အားတုံ့အားနာစကားဖြင့် တောင်းပန်ပြောဆိုသည့်အတွက် ပုရောဟိတ်ကြီး အလွန်စိတ်နေမြင့်လျက် ရှိသည်။

ကေဝဋ္ဋပုရောဟိတ်ကြီးသည် အနုကေဝဋ္ဋညွှန်ပြသော ကတ္တီပါဖုံထက်သို့ ထိုင်ရင်း အပြုံးမပြယ်သေးသော မျက်လုံးများဖြင့် ပြောလိုက်လေသည်။

"အမိန့်စာချွန်ထဲမှာ စစ်သည်များကို အမိက ရည်ညွှန်းတယ် ဆိုပေမဲ့ မှူးမတ်ဆိုတဲ့စကားကလဲ ပါသေးတယ် မဟုတ်လား တပ်မင်းရဲ့။ ပြီးတော့ စစ်ကာလ စစ်မိန့်စာချွန်လဲ ဖြစ်ပြန်၊ မင်းတရားကြီးကိုယ်စား အာဏာတော်လွှဲအပ်သက်ရောက်ထားတဲ့ စာချွန်လဲ ဖြစ်ပြန်တော့ ခုလိုအခါမှာ အမိန့်တော်အတိုင်း တိတိကျကျ လိုက်နာရမှာပေါ့"

"ကောင်းလှပါတယ် ပုရောဟိတ်ကြီး၊ မင်းဆရာလို ပုရောဟိတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မျိုးက ခုလို အမိန့်စာချွန်ကို ထိပ်ဆုံးက လိုက်နာထမ်းရွက်ပြီဆိုတော့ ကျန်တဲ့သူတွေအဖို့လဲ နမူနာကောင်း ဖြစ်သွားတာပေါ့လေ"

"ဟဲ . . . ဟဲ . . . ခေါင်းဆောင်ကောင်းတို့မည်သည်မှာ စည်းမျဉ်း ဥပဒေကို ငယ်သားတွေထက် ပိုပြီးလေးစားလိုက်နာပြရမယ် မဟုတ်လား၊ ဒါမှလဲ ငယ်သားတွေဟာ နမူနာကောင်း ယူကြမှာပေါ့"

"မှန်ပါတယ် ပုရောဟိတ်ကြီး"

"ကိုင်း . . . ဆိုစမ်းပါဦး တပ်မင်း၊ မိထိလာကို အလုံးအရင်းနဲ့ စစ်ထိုးတော့မယ်လို့ စာချွန်ထဲမှာပါတယ်။ ပြီးတော့ စစ်မြေပြင်မှာ မိထိလာ ပျက်စီးချိန်မှာ သူ့လူကိုယ့်လူ မကွဲမပြား အထွေးထွေးအယှက်ယှက် ရှိကြမယ့်အရေး မျှော်တွေးထောင့်ချင့်လျက်ဆိုတာလဲ ပါတယ်'

"ဟုတ်ပါတယ် ပုရောဟိတ်ကြီး၊ မိထိလာနဲ့ ပဉ္စာလရာဇ်အကြား ဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေအားလုံးထက် ပိုပြီးကြီးမားပြင်းထန်တဲ့ စစ်ကြီးတစ်ခုကို ကျွန်ုပ်တို့ စတင်ကြတော့မှာ ဖြစ်ပါတယ်။ ဒီပွဲဟာ ကျွန်ုပ်တို့အဖို့ အကောင်းဆုံး ဖြစ်သလို မိထိလာလဲ အလုံးစုံပျက်စီးမယ့်ပွဲပါပဲ"

"သူ့ကြွယ်သား လူရမ်းကားရဲ့လည်ကိုလဲ သင်ကိုယ်တိုင် သန်လျက်နဲ့ ခုတ်ဖြတ်နိုင်တော့မယ် ဆိုပါတော့"

သစ္စာဖောက်အဖြစ် အနုကေဝဋ္ဋ စတင်ရောက်ရှိလာချိန်က ပြောခဲ့သော စကားတစ်ခွန်းကို ညွှန်း၍ ပုရောဟိတ်ကြီးက ပြောလိုက်သည်။ အနုကေဝဋ္ဋသည် ယခုပင် သန်လျက်ကို ကိုင်စွဲကာ ခုတ်ပိုင်းတော့မည်ကဲ့သို့ လက်ချောင်းများကို လက်ဖျံ လက်မောင်း အကြောပြိုင်းပြိုင်းထအောင် ဆုပ်ချည်ဖြန့်ချည်ပြုကာ အံကြိတ်၍ ပြောသည်။

"သင်းသွေးကို ကျွန်ုပ်လက်တွေက မွတ်သိပ်နေကြပြီလေ"

ကေဝဋ္ဋပုရောဟိတ်သည် နှစ်မြိုက်စွာပြုံးလျက် . . .

"ကိုင်း . . . ဆိုစမ်းပါဦး တပ်မင်း၊ စစ်ပွဲမှာ သူ့လူကိုယ့်လူ အထွေးထွေးအယှက်ယှက် ရှိကြမယ့်အရေး ဆိုတာကို ရှင်းပြပါဦး"

"ဒီလိုပါ ပုရောဟိတ်ကြီး၊ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်၊ ရထားတပ်၊ ကျုံးကိုဖြတ်မယ့်လှေတပ်တွေနဲ့ ကျွန်ုပ်တို့ မိထိလာကို လုပ်ကြံတော့မယ့် အပြင်းထန်ဆုံး စစ်ပွဲကြီးဖြစ်တော့မယ်။ ဒီပွဲမှာ မိထိလာဟာ ကျွန်ုပ်တို့ရဲ့ ခေါဘိဏီတပ်မကြီးကို ဘယ်နည်းနဲ့မှခံနိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့





သင် သိတဲ့အတိုင်း သူ့ကြွယ်သား လူရမ်းကားဟာ အင်မတန် ကောက်ကျစ်တဲ့လူ ဖြစ်တယ်"

"ဒါတော့ မှန်တယ်၊ စကားစစ်ထိုးပွဲတုန်းက ကျွန်ုပ်ကိုယ်တိုင် သင်းရဲ့ ဥပါယ်ထဲ ဆင်းခဲ့မိသေးတယ်လေ . . ."

ကေဝဋ္ဋပုရောဟိတ်က နဖူးပြင်ကို အမှတ်တမဲ့ စမ်းလျက်ပြောသည်။ သူ့နဖူးပြင်တွင် အမာရွတ်က အထင်အရှား အတိုင်းသား။

"စစ်ပွဲပြင်းထန်ချိန် တပ်တွေရင်ဆိုင်တိုက်ကြချိန်မှာ သူ့လူကိုယ့်လူ အထွေးထွေးအယှက်ယှက် ဖြစ်ကုန်မှာ သေချာတယ်။ ဒီအခါမှာ ကောက်ကျစ်တဲ့ သူ့ကြွယ်သားဟာ သူတို့စစ်နာပြီဆိုတာ သိတာနဲ့ သူ့တပ်တွေကို ကျွန်ုပ်တို့တပ်တွေကြားထဲဝင်ရော၊ ကိုယ်ရောင် ဖျောက်ပြီး သူ့လူကိုယ့်လူ ရှုပ်ထွေးအောင် လုပ်လိမ့်မယ်။ ပဉ္စာလရာဇ်တပ် အယောင်ဆောင်ပြီး ကောက်ကျစ်တဲ့ ဥပါယ်တံမျဉ်ကို သူ သုံးလိမ့်မယ်"

ကေဝဋ္ဋပုရောဟိတ်မှာ အံ့သြတကြီး နားထောင်နေလေသည်။

"သင်းမှာ ဒီလိုအကြံအစည်ရှိထားကြောင်း ကျွန်ုပ် သိပြီးပြီ။ ဒါကြောင့် သင်း အကြံမအောင်မြင် ပျက်ပြားစေဖို့ ကျွန်ုပ်တို့က ကြိုတင်စီမံရလိမ့်မယ်"

"ဘယ်လို စီမံမလဲ တပ်မင်း"

"ပဉ္စာလရာဇ်တွေ သူ့လူကိုယ့်လူထင်ရှားအောင် ကျွန်ုပ်တို့ရဲ့စစ်သည်တွေ၊ အကြပ်ဗိုလ်တွေ၊ တပ်မှူး၊ တပ်မင်း၊ မှူးမတ်မကျန် ပဉ္စာလရာဇ်တပ်မှန်းသိသာအောင် အမှတ်တံဆိပ် ခတ်နှိပ်ထားရမယ်"

"ကောင်းလိုက်တဲ့ အစီအမံပါလား၊ ဘယ်လိုအမှတ်တံဆိပ်လဲ"

"ဟောဒီ အမှတ်တံဆိပ်ပါပဲ ပုရောဟိတ်ကြီး"

အနုကေဝဋ္ဋသည် ခါးစည်းကြိုးကြားမှ လက်ထုတ်ပြလိုက်သည်။ သူ့လက်ထဲတွင်ကား ငွေရောင်အနားကွပ် အပြာရောင်အောက်ခံ ကနုတ်ပန်းခြယ်ရုပ်ဖော် ကတ္တီပါအဝတ်စ အဝိုင်းတံဆိပ်။

"ဒီတံဆိပ် ခပ်နှိပ်တာ ပဉ္စာလရာဇ် လျှို့ဝှက်အမှတ်အသားပဲ။ အထွေးထွေးအယှက်ယှက်ရှိကြစဉ်မှာ ဒါကိုမြင်တာနဲ့ ပဉ္စာလရာဇ်ဘက်သားဆိုတာ ချက်ချင်းသိနိုင်မယ်။ ဥပါယ်တံမျဉ်နဲ့ ကိုယ်ရောင်ဖျောက်ပြီး ဝင်ရောချင်တဲ့ မိထိလာစစ်သည်တွေကိုလဲ ထင်းခနဲ ချက်ချင်းသိနိုင်တယ်"

www.burmeseclassic.com



"ဟာ . . . ကောင်းလိုက်တဲ့ အစီအမံ"

"ဒီအမှတ်တံဆိပ်ကို ပုရောဟိတ်ကြီးထံ ပထမဆုံး တပ်ဆင်ခွင့် ရခြင်းအားဖြင့် ကျွန်ုပ်ဂုဏ်ယူပါရစေ ပုရောဟိတ်ကြီး"

"အို . . . ကျွန်ုပ်ကလဲ ကြီးမားလှို့ဝှက်တဲ့ အစီအမံအတွက် ပထမဆုံး အမှတ်တံဆိပ်ခတ်နှိပ် ဆင်ယင်ခွင့်ရသူအဖြစ် ဂုဏ်ယူပါတယ်လေ"

အနုကေဝဋ္ဋသည် ပုရောဟိတ်ကြီး၏ လည်ချာအရစ် အပေါ်ဆုံး အနားတွင် လည်ပင်းအောက် ဝဲဘက်ကျကျနေရာဆီတွင် အဝိုင်းသဏ္ဌာန် အဝတ်စကို ချည်နှောင်တပ်ဆင်ပေးလိုက်လေသည်။

"ကိုင်း . . . ပုရောဟိတ်ကြီး ပဉ္စာလရာဇ်ဘက်တော်သားစစ်စစ် ဖြစ်သွားပြီ"

"ရန်သူတွေနဲ့ ကွဲပြားခြားနားသွားပြီပေါ့"

နှစ်ဦးစလုံး ရယ်မောလိုက်ကြသည်။ အနုကေဝဋ္ဋက ပုရောဟိတ်ကြီးကို သေရည်၊ သစ်သီးများဖြင့် ဧည့်ခံကာ စကားအနည်းငယ်ပြောကြားပြီးနောက် ပုရောဟိတ်ကြီး ပြန်သွားသည်။ ထို့နောက် တပ်မလေးခုမှ သေနာပတိများ ရောက်လာသည်။ သေနာပတိများကိုလည်း အနုကေဝဋ္ဋကိုယ်တိုင် တံဆိပ်တပ်ဆင်ပေးသည်။ ထို့နောက် ဗိုလ်မှူး၊ အကြပ်စစ်သည်များ၊ ပဉ္စာလရာဇ်မင်းကြီး၏ ကိုယ်ရံတော်တပ်၊ သက်တော်စောင့်တပ်များ အလှည့်ကျဝင်သည်။ အနုကေဝဋ္ဋသည် ကိုယ်တိုင် တပ်ဆင်မပေးတော့။ ကျေးကျွန်အမှုထမ်းများကို အမိန့်ပေးခိုင်းစေကာ တံဆိပ်တပ်ဆင်ပြီး ပြန်ထွက်လာသူများကိုသာ စစ်ဆေးကြည့်ရှုသည်။

သို့ဖြင့် သတ်မှတ်ထားသော အရေအတွက် ပြည့်စုံသွားသည်။

အမှတ်တံဆိပ်ကို တပ်ဆင်ပြီးချိန်မှာပင် အနုကေဝဋ္ဋသည် စစ်ချီအမိန့်ကို ချက်ချင်းထုတ်ပြန်လိုက်သည်။

ဦးစွာ စီးနင်းထိုးဖောက်မည့်နေရာကား မိထိလာမြို့ရိုး အနောက်နှင့်မြောက်အကြား၊ ကျုံးရေပြင်ဖြစ်သည်။ စစ်တပ်ဦး ချီမည့်တပ်မှာ လှေတပ်ဖြစ်သည်။ အနောက်မြောက်ကျုံးရေပြင်သို့ လှေတပ်ချီပြီး မြို့ရိုးသို့ချဉ်းကပ်မိသည်နှင့် တစ်ပြိုင်နက် အနောက်တံခါး၊ မြောက်တံခါးရှိ ဆင်တပ်နှင့်မြင်းတပ်များက အနုကေဝဋ္ဋထံမှ စစ်ချီမိန့်ကို စောင့်ကာ အမိန့်ရရချင်း အလုံးအရင်းနှင့် ချီရမည် ဖြစ်သည်။





အနောက်မြောက်ကျုံးကို ဖြတ်ကူးချီတက်မည့် လှေတပ်သည် အဆင်သင့်ရှိနေပေပြီ။ တပ်မင်းအနုကေဝဋ္ဋသည် ကကြိုးအစုံအလင်ဆင်ထားသော မြင်းနက်ကြီးကို စီးလျက် အနောက်မြောက်ကျုံးဆီသို့ ရောက်လာသည်။ ငွေရောင်အနားကွပ် အပြာရောင်တံဆိပ်ဝိုင်းများ ကိုယ်စီရှိကြသည့် တပ်သားများကို လှေတစ်စင်းစီ တစ်စင်းစီတက်ကာ ခဏတာစစ်ဆေးသည်။ ထို့နောက် မြင်းပေါ်သို့ပြန်တက်ကာ တံပိုးခရာတပ်ဖွဲ့ကို လက်မြှောက်ပြလိုက်သည်။

စူးစူးနစ်နစ် တံပိုးခရာသံများ ပေါ်လာသည်။

စစ်မောင်းသံကြီးများ မြည်ဟည်းသွားသည်။ ပဉ္စာလရာဇ်တိုက်လှေများသည် မိထိလာမြို့ရိုးဆီသို့ မြားသဏ္ဌာန်ဦးတည်လှော်ခတ်သွားကြသည်။

အနုကေဝဋ္ဋသည် မြင်းနက်ကြီးပေါ်မှပင် စောင့်ကြည့်နေလေသည်။

တိုက်လှေများ၏ လှော်ခတ်မှုအရှိန်ဖြင့် ကျယ်ပြန့်သော အနောက်မြောက်ကျုံးရေပြင်မှာ လှိုင်းထသွားသည်။ တိုက်လှေများ ကျုံးလယ်သို့ ရောက်ခါနီးတွင် လှိုင်းပို၍ထလာသည်။ မိမိတို့၏ လှော်ခတ်မှုမျှလောက်ဖြင့် ထိုမျှ လှိုင်းမထတန်ရာဟူ၍ ပဉ္စာလရာဇ်တပ်သားများ အံ့အားသင့်သွားကြသည်။ မိုးလေ ရာသီဥတုကလည်း ကြည်ကြည်လင်လင် မုန်တိုင်းမရှိ၊ လှိုင်းမရှိသင့်။ သို့စင်လျက် ကျုံးရေပြင်ထက်တွင် တစ်နေရာပြီးတစ်နေရာ တဝုန်းဝုန်း လှိုင်းများထနေသည်။

မကြာမီပင် ပဉ္စာလရာဇ်တပ်များ အဖြေတွေ့သွားကြသည်။

လှိုင်းမှာ မုန်တိုင်းကြောင့်မဟုတ် . . .

မိကျောင်းကြီးများကြောင့် ဖြစ်သည်။ တဝုန်းဝုန်းအသံများမှာ မိကျောင်းကြီးများ၏ ကိုယ်လုံး အမြီးများဖြင့် ရိုက်ခတ်သောကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ကြီးမားလှသော မိကျောင်းကြီးများသည် တိုက်လှေများ၏ ဝဲယာဦးပဲ့ ပတ်ဝန်းကျင်တွင် တစ်ကောင်ပြီးတစ်ကောင် ပေါ်လာသည်။ အရုပ်ဆိုးလှသော ပါးစပ်ကြီးများကိုဖြဟကာ လှေနံဆီသို့ ချဉ်းကပ်လာကြသည်။ အချို့က လှေဦးကို အမြီးဖြင့် ရိုက်သည်။ အချို့က လှေပဲ့ကို ကိုယ်လုံးဖြင့် တွန်းဖိသည်။

ကြောက်လန့်တကြား ကြည့်နေဆဲမှာပင် မိကျောင်းကြီးများသည်



www.burmeseclassic.com

www.burmeseclassic.com



ကျွံရေတစ်ပြင်လုံး ပြည့်ကျပ်သွားသည်။ တိုက်လှေများအပေါ်မှ စူးစူးဝါးဝါး အော်ဟစ်သံများ လျှံထွက်လာသည်။ မိထိလာမြို့ရိုးသို့ ဦးတည်လှော်ခတ်ခဲ့ကြသော တိုက်လှေများမှာ လှေဦးလှေပဲ့ အတိမ်းတိမ်း အစောင်းစောင်း ဖြစ်ကုန်ကြသည်။

မိကျောင်းကြီးများသည် တစ်ကောင့်တစ်ကောင်လည်း ကိုက်ခဲကြသည်။ လှော်တက်များကိုလည်း အပိုင်းပိုင်းအစစ ကိုက်ဝါးပစ်ကြသည်။ အကြီးဆုံးမိကျောင်းကြီးများက လှေဝမ်းကို ရေအောက်မှ ဖွဲ့ဝါးကြသည်။ အချို့လှေများ ဝမ်းပေါက်ကာ ရေဝင်ကုန်သည်။ လှေဝမ်းပေါက်မှ မိကျောင်းကြီးများ၏ ရှည်မျှောဖုထစ် နှုတ်သီးကြီးများ ငေါငေါထွက်လာသည်။ မိကျောင်းကြီးများက အမြီးဖြင့် ရိုက်ချိုးသောကြောင့် အချို့လှေများ ဦးပိုင်းအသွင်စွင်ကျိုးသည်။

တိုက်ပွဲကား မိထိလာနှင့် ပဉ္စာလရာဇ်တိုက်ပွဲ မဟုတ်တော့။

လူနှင့် မိကျောင်း တိုက်ပွဲဖြစ်သွားသည်။

အဲမောင်းများ၊ လုံ့ရှည်များဖြင့် စစ်သည်များက မိကျောင်းများရှိရာသို့ တဖြည်းဖြည်း ပစ်လွှတ်ထိုးစိုက်သည်။ အချို့ထိသည်။ အချို့မထိ။ သို့သော် ထိသောဒဏ်ရာသည် ဖုထစ်မာကျောသော အရေခွံရှိသည့် မိကျောင်းကြီးများအတွက် ဒေါသကို နှိုးဆွပေးနိုင်ရုံမျှလောက်သာ ရှိသည်။ မျက်လုံး၊ အာခေါင် စသည် အချို့အထိနာသွားသော မိကျောင်းကြီးများသည် ပြင်းထန်သော ဒဏ်ရာကြောင့် ကိုယ်လုံးကို အလူးအလိမ့် လှိမ့်ပတ်ကြသည်။ ထိုအခါ လှိုင်းတို့က ပို၍ထကာ ရေပြင်သည် စိတ်ရှိတိုင်းဆောင့်ခါလိုက်သော ကော်ဇော်တစ်ချပ်ကဲ့သို့ ဖြစ်နေတော့သည်။

ဦးပဲ့ ကသောင်းကနင်းဖြစ်နေသော တိုက်လှေများပေါ်မှ စစ်သည်တို့သည် တစ်စင်းမှတစ်စင်း ခုန်ကူးကာ ဤမှာဘက်ကမ်းသို့ ပြေးလာကြသည်။ ပျက်စီးနစ်မြုပ်သွားကာ လှေအပိုင်းအစများသည် မိကျောင်းကြီးများနှင့် ရောထွေးနေတော့သည်။

ကမ်းပေါ်မှ ကြည့်နေသည့် အနုကေဝဋ်သည် မြင်းနက်ကြီးကို ပဉ္စာလရာဇ်တပ် တဲနန်းများရှိရာအရပ်သို့ ဦးလှည့်လိုက်သည်။ တိုက်ပွဲအခြေအနေကို တပ်မင်းအနုကေဝဋ်၏ အမိန့်မရဘဲ ပဉ္စာလရာဇ်မင်းကြီးထံ သတင်းပို့ခွင့် မရှိ။





ကိုယ်တိုင် သတင်းပို့လျှောက်တင်ရန်အတွက် အနုကေဝဋ်သည် ပဉ္စာလရာဇ်မင်းကြီး၏ တဲနန်းဆီသို့ မြင်းကို ဇက်ဖွင့်ကဆုန်စိုင်းသွားလေသည်။

လူနှင့် မိကျောင်းတိုက်ပွဲက မပြီးသေး။

•



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

မိထိလာ ကျုံးအတွင်းရှိ ပြင်းထန်သော ပဉ္စာလရာဇ်တိုက်လှေများနှင့် မိကျောင်းတို့၏ တိုက်ပွဲကို စွန့်ခွာလျက် သေနဂ်မှူး အနုကေဝဋ္ဋသည် ပဉ္စာလရာဇ်မင်းကြီး၏ တဲနန်းဆီသို့ မြင်းကို အပြင်းနှင်ခဲ့လေသည်။

အနုကေဝဋ္ဋ၏ အတွေးထဲ၌ကား မဟောသဓာသုခမိန် သွန်သင်ပေးလိုက်သော စကားလုံးများကို အစီအရီ အသင့်ပြင်လာခဲ့သည်။

* * *

"ဖြစ်သမျှအကြောင်းစုံကတော့ အဲ့ဒီအတိုင်းပါပဲ အရှင်မင်းကြီး၊ မိထိလာမြို့ရိုးရဲ့ လေးဘက်လေးတန်ကျုံးမှာ ရေအတိမ်ဆုံးနဲ့ ဖောက်ထွင်းဖို့ အလွယ်ကူဆုံးနေရာကို ကျွန်တော်မျိုး ရွေးချယ်ပြီး သေနဂ်ကို စီရင်ခဲ့ပါတယ်။ ဒါပေမဲ့ မဆိုစလောက် မိကျောင်းတွေ ရန်ကို အကြောင်းပြုပြီး ပဉ္စာလရာဇ်တပ်တွေဟာ ကျုံးကိုဖြတ်ကူးဖို့ ငြင်းဆန်ကြပါတယ်။ ဒါဟာ အမိန့်တော်ကို ဖီဆန်ခြင်း၊ စစ်မိန့်ကို မနာခံခြင်းပါပဲ အရှင်မင်းကြီး"

'အမိန့်တော်ကို ဖီဆန်ခြင်း' ဟူသော စကားလုံးနေရာတွင် အနုကေဝဋ္ဋက လေးလေးဖိဖိလေသံနှစ်၍ ပြောလိုက်သောအခါ ပဉ္စာလရာဇ်မင်းကြီး၏ မျက်နှာမှာ ဒေါသဖြင့် နီမြန်းသွားသည်။ မင်းကြီးသည် တောက်တစ်ချက် ခေါက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"သင်းတို့က အမိန့်တော် ဖီဆန်သတဲ့လား၊ ကျွန်ုပ်ကိုယ်တိုင် အဲဒီ ကျုံးဖြတ်စစ်ပွဲနေရာကို လိုက်မယ်"

"မသင့်ပါဘူး အရှင်မင်းကြီး"

အနုကေဝင့်က အဆောတလျင်ဟန်ဖြင့် လျှောက်တင်လိုက်သည်။

"ဘာဖြစ်လို့ မသင့်ရမှာလဲ အနုကေဝင့်၊ အကျွန်ုပ်ရဲ့ အာဏာတော်ကို အကုန်အစင်လွှဲရောက်လိုက်တဲ့ သင့်ကို မနာခံရင် ကျွန်ုပ်ကိုယ်တိုင် စစ်တလင်းဆင်းရတော့မှာပေါ့"

အနုကေဝင့်သည် မျှော်လင့်ချက်ကုန်ဆုံးခြင်း၊ ထိတ်လန့်ခြင်းများကို ဆောင်သော အမူအရာဖြင့် ခေါင်းခါလိုက်သည်။

"မိကျောင်းတွေကို အကြောင်းပြပြီး ကျုံးထဲ မဆင်းကြတာဟာ သာမန်အရေးကိစ္စသာ ဖြစ်ပါတယ် အရှင်မင်းကြီး၊ ဒီ ဖီဆန်ငြင်းပယ်မှုရဲ့ နောက်ကွယ်မှာ အလွန့်အလွန်မဖွယ်ရာတဲ့ ကိစ္စကြီးတစ်ခု ပေါ်ပေါက်နေပြီ"

"ဘာ . . . အလွန့်အလွန် မဖွယ်ရာတဲ့ ကိစ္စဟုတ်လား"

"ဟုတ်ပါတယ် အရှင်မင်းကြီး၊ ဒါကို အတွင်းတော်ကြားလျှောက်တင်ချင်လို့ ကျွန်တော်မျိုးတစ်ဦးတည်း တဲနန်းကို ပြန်လာခဲ့ခြင်းဖြစ်ပါတယ်။ အထူးလျှို့ဝှက်စကား လျှောက်တင်ရန်ရှိပါတယ်"

ပဉ္စာလရာဇ်မင်းကြီးသည် သလွန်နှင့် မလှမ်းမကမ်းတွင် ရှိနေသော အိပ်ဖန်စောင့် ရဲမက်နှစ်ဦးအား လက်ဟန်ပြ၍ တဲနန်းအပြင်သို့ နှင်ထုတ်လိုက်သည်။ ထို့နောက် အနုကေဝင့်အား အပါးသို့ တိုးချဉ်းစေလိုက်သည်။

"လျှောက်စမ်း အနုကေဝင့်"

"အလွန် ရှင်းလင်းလွယ်ကူတဲ့ ကျိုးကြောင်းဆက်စပ် ဆင်ခြင်တဲ့ တရားနဲ့ ကျွန်တော်မျိုး တွက်ချက်စဉ်းစားကြည့်လိုက်ပါတယ် အရှင်မင်းကြီး၊ ပထမအချက် ကျွန်တော်မျိုးဟာ သူကြွယ်သား မဟောသဓာရဲ့ရန်သူ ဖြစ်တဲ့အတွက် မိထိလာကနေပြီး ရိုက်ပုတ်နှင်ထုတ်ခြင်း ခံခဲ့ရတယ်။ သင်းနဲ့တကွသော မိထိလာကို လက်စားချေမယ်ဆိုတဲ့အကြံနဲ့ အရှင်မင်းကြီးထံ ခစား ခိုလှုံခဲ့ပါတယ်"

"အင်း . . ."

"ဒုတိယအချက် ကျွန်တော်မျိုးဟာ မိထိလာရဲ့ မြို့ပြကျုံးမြောင်း အနေအထား အားလုံးကို အလွတ်ရထားသူ ဖြစ်တဲ့အတွက် အရှင်မင်းကြီး





အမိန့်တော်နဲ့ ဒီကျုံးဖြတ် မြို့သိမ်းတိုက်ပွဲကို ဦးစီးခဲ့ပါတယ်"

"အင်း . . . ဟုတ်တယ်လေ၊ အနုကေဝင့်"

"တတိယအချက် အလွန်ခိုင်လုံတဲ့ အဲသည်အချက်နှစ်ချက်ရှိပါလျက်နဲ့ ဘာကြောင့် အခုလို ပဉ္စာလရာဇ်တပ်တွေဟာ အမိန့်ကို ဖီဆန်ငြင်းပယ်ကြသလဲလို့ စဉ်းစားလိုက်တဲ့အခါမှာ အလွန်အရုပ်ဆိုးလှတဲ့ အဖြေတစ်ခုကို သွားတွေ့ပါတယ်"

"ဘယ်လိုအဖြေလဲ"

"ပဉ္စာလရာဇ်တပ်တွေဟာ ကိုယ့်လူသူ့ဘက်သားတွေများ ဖြစ်နေကြလေရော့သလားဆိုတဲ့ သံသယပါပဲ အရှင်မင်းကြီး"

"ကိုယ့်လူသူ့ဘက်သား . . . သင် ဘာဆိုချင်တာလဲ အနုကေဝင့်၊ ကျွန်ုပ်ရဲ့လူတွေဟာ သစ္စာဖောက်တွေ ဖြစ်ကုန်ကြပြီလို့ ဆိုလိုတာလား"

"ဒီစကားလုံးကို ကျွန်တော်မျိုး နှုတ်က မထွက်ဝံ့ မထွက်ရဲလို့ ဖြစ်ပါတယ် အရှင်မင်းကြီး။ ဒီ သံသယဝင်လာတဲ့အခါမှာ ကျွန်တော်မျိုး အပြင်းအထန် တုန်လှုပ်သွားပါတယ်။ ဒါပေမဲ့ သံသယဆိုတာ မထားကောင်းတဲ့အတွက် ကျွန်တော်မျိုးကိုယ်တိုင် စုံစမ်းထောက်လှမ်း ကြည့်ခဲ့ပါတယ်။ ဒီအခါမှာ"

အနုကေဝင့် စကားစကို ဖြတ်လိုက်သည်။ စကားရှေ့ဆက်ရန် ခဲယဉ်းပင်ပန်း သကဲ့သို့ . . .

"သင် ဘာတွေ့ရသလဲ။

"စုံစမ်းကြည့်တော့ သင် ဘာတွေ့ရသလဲ"

"ကျွန်တော်မျိုးရဲ့ သံသယဟာ တိတိကျကျမှန်နေကြောင်း တွေ့လိုက်ရပါတယ် အရှင်မင်းကြီး။ ကျွန်တော်မျိုးတို့ရဲ့ ပဉ္စာလရာဇ်တပ်၊ အရှင်မင်းကြီးရဲ့ ပဉ္စာလရာဇ်တပ်တွေဟာ သစ္စာဖောက်တွေ ဖြစ်နေကြပါပြီ"

"ဘာ . . ."

မင်းကြီး၏ အသံမှာ ဝမ်းခေါင်းထဲမှ ရုန်းဆောင့်ထွက်ပေါ်လာသော အသံပင် ဖြစ်တော့သည်။

"သင် ရူးနေသလား အနုကေဝင့်၊ ကျွန်ုပ်ရဲ့လူတွေဟာ ဘယ်လိုလုပ်ပြီး သစ္စာဖောက် ဖြစ်ရမှာလဲ၊ မဖြစ်နိုင်ပါဘူး"

"ကျွန်တော်မျိုးလဲ အဲဒီအတိုင်း ဆုတောင်းခဲ့ပါတယ်။ သစ္စာဖောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ မဟုတ်ပါစေနဲ့လို့ ဆုတောင်းခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ . . .”

အနုကေဝင်၏ အသံမှာ ပြုံအက်တုန်ယင်လာသည်။

“ကေဝင့်ပုရောဟိတ်ကြီးကစပြီး ကိုးကျိပ်ကိုးယောက်သော ထီးဆောင်းမင်းတွေ၊ စစ်မှူးစစ်ကြပ်နဲ့ အရေးအပါဆုံး တပ်တွေဟာ ဟိုသူကြွယ်သားရဲ့ တံစိုးလက်ဆောင်စားတွေ ဖြစ်ကုန်ကြပါပြီ။ အရှင့်ကျေးဇူးတော်ကို ထုတ်အံပြီး သူကြွယ်သားရဲ့ တံစိုးကို လည်ပင်းအပြည့်အမောက် စားမျိုထားကြပါပြီ”

“မဖြစ်နိုင်ဘူး၊ ဒါ လုံးဝ မဖြစ်နိုင်ဘူး”

ပဉ္စာလရာဇ်မင်းကြီးသည် သလွန်ထက်မှ ဝုန်းခနဲထသည်။ နဝရတ်လက်ဝတ်များ အတိပြီးသော လက်ချောင်းတို့ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ မျက်နှာပြင်ကား အကင်းမသေသေးသော မီးဖိုတစ်ခုအလား။

“ကေဝင့်ပုရောဟိတ်ကြီးကစပြီး သစ္စာဖောက်တယ်တဲ့လား၊ လုံးဝ အဓိပ္ပာယ်မရှိဘူး။ ကိုးကျိပ်ကိုးယောက် ထီးဆောင်းမင်းတွေဟာလဲ ငါ့ရဲ့ သစ္စာတော်ခံတွေပဲ။ ပြီးတော့ စစ်မှူး စစ်ကြပ်တော်တွေလဲ ပါသတဲ့၊ အနုကေဝင် သင်ရူးနေပြီ”

“ကျွန်တော်မျိုး တကယ်ပဲ ရူးသွပ်လိုက်ချင်ပါတယ် အရှင်မင်းကြီး၊ သူကြွယ်သား လူရမ်းကားကို လက်စားချေချင်လွန်းလို့ အရှင့်လက်အောက်ခိုလှုံကာမှ လူရမ်းကားရဲ့လူယုံတွေနဲ့ ပက်ပင်းလာပြီး ကြုံရလေတဲ့ အဖြစ်မျိုးပါ”

“နေစမ်းပါဦး အနုကေဝင်၊ ကျွန်ုပ်ရဲ့လူတွေအားလုံး သစ္စာဖောက်ဖြစ်ကုန်ကြပြီလို့ သင် ရူးမိုက်စွာ စွပ်စွဲရလောက်အောင် ဘာများ အထောက်အထားတွေ့ရလို့လဲ”

အနုကေဝင်သည် စကားလုံးများကို ဆက်မိအောင် ကြိုးစား၍ အထစ်ထစ်အငေါ်ငေါ် ပြောသည်။

“အပြာရောင် အောက်ခံစက်ဝိုင်း၊ အနားလေးက ငွေရောင်ကွပ်ထားပြီး စက်ဝိုင်းထဲမှာ ရဲရဲနီတဲ့မျက်လုံးနဲ့ ဟိန်းဟောက်နေတဲ့ ကေသရာဇာခြသေ့်မင်းရဲ့ပုံ၊ စက်ဝိုင်းပုံ”

“အဲဒါဘာလဲ”

“အဲဒါ ဟိုသူကြွယ်သား လူရမ်းကားရဲ့ အမှတ်တံဆိပ်ပါပဲ အရှင်





မင်းကြီး”

“အဲဒီ အမှတ်တံဆိပ်က ဘာဖြစ်လို့လဲ”

“အရှင်မင်းကြီး၊ ကေဝင့်ပုရောဟိတ်ကြီးနဲ့တကွသော စစ်မှူး၊ စစ်ကြပ် အပေါင်းတို့ရဲ့ ကိုယ်ကျပ်ဝတ်ရုံ၊ လည်ချာလည်ရစ် စတဲ့နေရာတွေမှာ အဲဒီတံဆိပ်တွေ ခတ်နှိပ်ထားတာကို ကျွန်တော်မျိုး တွေ့ရပါတယ် အရှင်မင်းကြီး။ ဒါဟာ သူကြွယ်သားလူရမ်းကားရဲ့ တံစိုးလက်ဆောင်ကို စားမျိုထားပြီးဖြစ်ကြောင်းနဲ့ မိထိလာဘက်တော်သား ဖြစ်သွားကြောင်း သင်းတို့ချင်းနားလည်မှု ယူထားကြတဲ့ သင်္ကေတပါပဲ”

ပဉ္စာလရာဇ်မင်းကြီးသည် နေရာတွင် အစွဲအမြဲရပ်လျက် အသက်ပင် မရှူတော့ဟု ထင်ရလောက်အောင် ပကတိငြိမ်သက်သွားလေသည်။

“သူကြွယ်သားရဲ့ လျှို့ဝှက်အမှတ်တံဆိပ်ကို မိထိလာမှာကတည်းက ကျွန်တော်မျိုး သိခဲ့တာပါ အရှင်မင်းကြီး။ ဒီတံဆိပ်ကို ကေဝင့်ပုရောဟိတ်ကြီးနဲ့ စစ်မှူးစစ်ကြပ်တွေ၊ တပ်သားတွေ ခတ်နှိပ်ဆင်မြန်းထားကြတာကတော့ စစ်ပွဲမှာ မိထိလာဘက်သားမှန်းသိအောင် အချက်ပြထားကြတာဖြစ်မှာပါပဲ”

“အဲဒီ တံဆိပ်ရှိတဲ့လူ ဘယ်လောက်များသလဲဟင်”

မင်းကြီး၏ လေသံမှာ ဆီးနှင်းကို ဖြတ်သန်းလာသော ဆောင်းလေသို့နှယ်ပင်။

“ကေဝင့်ပုရောဟိတ် . . . ကိုးကျိပ်ကိုးယောက် ထီးဆောင်းမင်း၊ စစ်မှူး စစ်ကြပ်တွေနဲ့ တပ်မင်းတွေ၊ ဗိုလ်မင်းတွေ ပြီး . . .”

“အား . . . လုံး ပါပဲလား”

မင်းကြီးကား ဆောက်တည်ရာမဲ့ ပြုံအက်သွားလေပြီ။

“ကျွန်တော်မျိုးနဲ့ အရှင်မင်းကြီး နှစ်ဦးတည်းပဲ ကြွင်းတော့တယ်လို့ မဝံ့မရဲ ယူဆနေမိပါပြီ အရှင်မင်းကြီး”

“မဖြစ်နိုင်ဘူး၊ လုံးဝ မဖြစ်နိုင်ဘူး။ သင် ရူးနေပြီ အနုကေဝင်၊ သင် ပြောသလို ဟုတ်မဟုတ် ဆိုတာကို ကျွန်ုပ်ကိုယ်တိုင် အခုပဲ စစ်ဆေးကြည့်မယ်”

“စစ်ဆေးကြည့်ပါတော့ အရှင်မင်းကြီး၊ သို့သော် တစ်ခု . . .”

“ကျွန်ုပ်သိပါတယ်၊ သင်ပြောတဲ့အတိုင်း ကျွန်ုပ်ရဲ့ ပုရောဟိတ်ကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်အောက်ခံဘုရင်တွေ၊ စစ်မှူး စစ်ကြပ်တွေမှာ ဒိတ်ဆိပ်ရှိမရှိ သင်းတို့ မသိစေရအောင် စစ်ဆေးကြည့်မယ်။ သင်းတို့ သစ္စာဖောက် ဖြစ်နေမှန်း မသိသေးသလိုပဲ နေမယ်။ ဒိတ်ဆိပ်အကြောင်းကို ကျွန်ုပ် ဘာမှမမေးဘူး။ မေးလိုက်ရင် တကယ်လို့ဟုတ်နေရင် သင်ရော ကျွန်ုပ်ပါ နေရာတွင် ခေါင်း ပြတ်သွားမှာပေါ့။ ကိုင်း . . . အနုကေဝဋ္ဋ၊ အန္တရာယ်ကြီးလှတဲ့ ဒိကိစ္စ ဆိုင်းမထားသင့်ဘူး။ အခုချက်ချင်း သံတော်ဆင့်ကိုခေါ် စစ်မြေပြင်လွှတ်၊ အားလုံးတပ်တွေ တပ်မှူးတွေ ထီးဆောင်းမင်းတွေနဲ့ ကေဝဋ္ဋပုရောဟိတ်တို့ အခုဝတ်ဆင်ထားတဲ့ စစ်ဝတ်တန်ဆာနဲ့ လာခဲ့ရမယ်လို့ အမိန့်တော်ထုတ်"

* * *

မိထိလာနှင့် ပဉ္စာလရာဇ်တပ်မကြီးများ စခန်းချထားသည့် တပ်စခန်းတို့ အကြား စစ်မြေပြင်သည် ပကတိ တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။ ညဦး အမှောင်မပျိုးမီမှာပင် နှစ်ဘက်တပ်တို့၌ မီးများထွန်းညှိလိုက်ကြသည်။ နေ့ခင်းဘက်က တိုက်လှေတရုန်းရုန်းနှင့် မိကျောင်းတဝုန်းဝုန်းဖြင့် လှိုင်းထ ထန်ပြင်းခဲ့လေသော မိထိလာကျုံးရေအပြင်မှာလည်း သင်ဖြူးတစ်ချပ်လို ဝပ်စင်းငြိမ်ဆိတ်သွားသည်။

မကြာမီပင် ညဦးအမှောင်သည် စစ်တလင်းပြင်ပေါ်သို့ လေးလံစွာ ကျရောက်လာသည်။ ပဉ္စာလရာဇ်တပ်စခန်းမှ မီးရောင်တို့သည် စစ်ကာလ၏ အိပ်မပျော်နိုင်သော မျက်လုံးများသဖွယ် မှိတ်တုတ်မှိတ်တုတ်ရှိနေ ကြသည်။ တစ်ခဲနက်သော အမှောင်ထု၊ ထိုအမှောင်ထုကို ချည့်နဲ့စွာ ထိုးဖောက်နေသော မီးရောင်နှင့် တစ်ချက်တစ်ချက် ပေါ်လာတတ်သော ဆင်ဖော်သံ၊ မြင်းဟီသံတို့သည် စစ်နားကာလ၏ အဆင်တန်ဆာများပဲ ဖြစ်လေသည်။

ကင်းအလှည့်လဲလှယ်သော ပဉ္စာလရာဇ် ရဲမက်တို့၏ မေးသံ၊ ဖြေသံ ပဲ့သည်လည်း ညဦးကိုထိုးဖောက်၍ ပေါ်လာတတ်သည်။ သို့သော် ပဉ္စာ လရာဇ်တပ်တို့မှာ နေ့ခင်းက ကျုံးတွင်းမိကျောင်းတိုက်ပွဲကြောင့် ပင်ပန်း နွမ်းနယ်ကာ စစ်၌ ခြေကုန်လက်ပမ်းကျနေကြလေပြီ။ စစ်မှူး၊ စစ်ကြပ်တို့နှင့် ရဲမက်တို့၏ တဲများအတွင်း အလျှံမညီးတော့သော မီးဖိုများကို ဝိုင်းထိုင်လျက် ရဲမက်တို့သည် စစ်ပန်းခြင်းဒဏ်ကို ခံနေကြရသည်။





တစ်စထက်တစ်စ သန်းခေါင်သို့ ချဉ်းကပ်လာသည်။ ညဉ့်နက်လာ သည်။ အသံဗလံတို့ ပို၍ ဆိတ်လာသည်။ ပဉ္စာလရာဇ်တပ်မကြီးအည် ဇရာမမဟုရာရောင် နဂါးကြီးတစ်ကောင် အိပ်စက်နေသကဲ့သို့ ညဉ့်အမှောင် အောက်တွင် တဖြည်းဖြည်း တိမ်ဝင်နစ်မြုပ်လျက် နေသည်။

ထိုအချိန်တွင် အရာခပ်သိမ်းနှင့် ဆန့်ကျင်စွာ နိုးထပူလောင်နေသော အခြင်းအရာတစ်ရပ်သည် ပဉ္စာလရာဇ်မင်းကြီး၏ တဲနန်းအတွင်း၌ ဖြစ်ပေါ် နေသည်။ တဲနန်းအတွင်းတွင် ခေါင်းချင်းဆိုင်၍ စကားဆိုနေသောသူ နှစ်ဦး ရှိသည်။ ထိုသူနှစ်ဦးကား ပဉ္စာလရာဇ်မင်းကြီးနှင့် အနုကေဝဋ္ဋတို့ ဖြစ်သည်။

"ဘယ်လို လုပ်ကြမလဲ အနုကေဝဋ္ဋ"

တဲနန်းအတွင်းဘက်တွင် စက်ရာဆောင်အဖြစ် သီးခြားအခန်းဖွဲ့ကာ တင်းတိမ်များ ထူထပ်စွာ ကာရံထားသည်။ မင်းကြီး၏ စက်ရာသလွန် အထက်တွင်လည်း အနားမြိတ်များရှိသော ကတ္တီပါမျက်နှာကျက် ချိတ်ဆွဲ ထားသည်။ မင်းကြီး၏စက်ရာဆောင်ဟုပင် ထင်စရာမရှိ။ ပကတိခမ်းနား သိုက်မြိုက်လှပေသည်။

သို့သော် ပဉ္စာလရာဇ်မင်းကြီး၏ အသွင်ကား ခမ်းနားသိုက်မြိုက်လှ သော စက်ရာဆောင်နှင့် မလိုက်ဖက်။ မီးလင်းဖို၏ နောက်ဆုံးမီးတောက်များ ဆီမှ ထင်ဟပ်သော အလင်းရောင်တွင် မင်းကြီး၏ မျက်နှာမှာ နီရဲနေရမည့် အစား သွေးဆုတ်ဖြူရော်နေသည်။

"ဘယ်လိုလုပ်ကြမလဲ အနုကေဝဋ္ဋ"

သလွန်ခြေရင်း လှေကားထစ်ခုံတွင် ခြေပစ်လက်ပစ် ဖြစ်နေသော အနုကေဝဋ္ဋကို မင်းကြီးက ဒုတိယအကြိမ် ထပ်မေးလိုက်ပြန်သည်။ ရာဇ ဣန္ဒြေနှင့် အစဉ်သဖြင့် မောက်မာဝင့်ကြွားခဲ့သော ထို တိုင်းကြီးသခင်၏ အမူအရာတို့ကား မင်းကြီးထံမှ လွင့်စဉ်ကင်းကွာခဲ့ချေပြီ။

"အကြံထုတ်စမ်းပါဦး အနုကေဝဋ္ဋ၊ အခုဆိုရင် ကျွန်ုပ်အတွက် ယုံ ကြည်စိတ်ချရမယ့်သူဆိုလို့ သင်တစ်ဦးတည်းပဲ ရှိတော့တယ်။ ကျွန်ုပ်ရဲ့ ညာလက်ရုံးလို့ခေါ်ရမယ့် ကေဝဋ္ဋပုရောဟိတ်ကြီးဟာလဲ အခု ကျွန်ုပ်ကို သစ္စာဖောက်သွားပြီ၊ မိထိလာဘက်သား ဖြစ်သွားပြီ"

မင်းကြီးသည် ရှေ့တွင်ချထားသော သေခွက်ကို ကောက်ယူ၍ မော့ ချလိုက်သည်။ သို့သော် အယောင်ယောင်အမှားမှားဖြစ်နေလေရာ သေခွက်



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် နောက်ထပ် သေရည်ဖြည့်ထားခြင်း မရှိသည်ကိုပင် သတိမထားမိချေ။

အနုကေဝင့်သည် တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေဟန်ဖြင့် မလှုပ်မယှက် ထိုင်နေသည်။ စင်စစ် သူတွေးနေသည်ကား ညနေခင်းနှင့် ညဉ့်ဦးပိုင်းက အဖြစ်သနစ်များပင်။ တစ်ညနေလုံးလုံး ပဉ္စာလရာဇ်တပ်ကို မင်းကြီး စစ်ဆေးခဲ့သည်။ ထီးဆောင်းမင်း ကိုးကျိပ် ကိုးယောက်၊ ကေဝင့်ပုရောဟိတ်ကြီးနှင့် ထိပ်တန်းစစ်သေနာပတိ၊ အမှူးအကြပ်များပါမကျန် စစ်ဆေးခဲ့သည်။

မင်းကြီးစစ်ဆေးခဲ့သမျှ လူတိုင်းတွင် စက်ဝိုင်းအမှတ်တံဆိပ်ကို တွေ့ခဲ့ရသည်။ အောက်ခံအပြာရောင်၊ ငွေအနားကွပ် စက်ဝိုင်းထဲတွင် ဟိန်းဟောက်နေသော ကေသရာဇာခြင်္သေ့မင်းပုံ။ မဟောသဓာသုခမိန် အသုံးပြုသော လျှို့ဝှက်အမှတ်တံဆိပ်။

“ဘယ်လိုလုပ်ကြမလဲ အနုကေဝင့်၊ အားလုံးဟာ သူကြွယ်သားရဲ့ တံစိုးစား၊ လက်အောက်ခံတွေ ဖြစ်ကုန်ပြီ။ ဒါကို အတင်းအကျပ် စစ်မေးစီရင်လို့ မဖြစ်ဘူး။ သင်သိတဲ့အတိုင်း ကျွန်ုပ်ရဲ့ ပဉ္စာလရာဇ်ခေါ်ဘိကျီတပ်ကြီးထဲမှာ တိုင်းနိုင်ငံ အမျိုးမျိုးက လူမျိုးကွဲတွေအများကြီး ပါနေတယ် မဟုတ်လား၊ စိတ်လိုက်မာန်ပါလုပ်လို့ မရဘူး။ စစ်ဆေးစီရင်လိုက်ရင် အားလုံးက ကျွန်ုပ်ကို လုပ်ကြံကြတော့မယ်။ အခု ကျုပ်တို့ ဘာလုပ်ကြမလဲ ဟင်”

အနုကေဝင့်သည် ပြင်းထန် လေးလံစွာဖြင့် သက်ပြင်းချလိုက်လေသည်။

“အရှင်မင်းကြီး ပြင်ပရန်အန္တရာယ်ကို အနီးမရောက်အောင် တားဆီးကာကွယ်ရတာ လွယ်ကူပါတယ်။ ဒါပေမဲ့ အန္တရာယ်ဟာ အတွင်းထဲ ရောက်နေပြီဆိုရင်တော့ ပယ်လှန်နုတ်ပယ်ဖို့ အလွန်ခက်ပါတယ်”

“မိုးကောင်းကင်ကြီးတစ်ခုလုံး ကျွန်ုပ်ခေါင်းပေါ် ပြိုကျလာပြီ ထင်တယ် အနုကေဝင့်၊ ကျွန်ုပ်ရဲ့လူတွေ ဒီလောက်သစ္စာမဲ့ကြမယ်လို့ ကျွန်ုပ် မထင်မိဘူး၊ အခုတော့ မယုံနိုင်စရာပဲ။ ကျွန်ုပ်ရဲ့ လက်ရုံးဖြစ်တဲ့ ကေဝင့်ပုရောဟိတ်ကြီးက စပြီး . . .”

အနုကေဝင့်သည် လက်ဖဝါးနှစ်ဘက်ကို ပွတ်သပ်ဆုပ်နယ်လျက်





“ကျွန်တော်မျိုးရဲ့ နာမည်တစ်ဝက်က အဲဒီ ပုရောဟိတ်ကြီးရဲ့နာမည်နဲ့ သွားတူနေတဲ့အတွက် ကျွန်တော်မျိုး ဂုဏ်သရေ ယုတ်ရပါတယ်။ အရှင်မင်းကြီးကို အခုမှပဲ လျှောက်တင်ရတော့မယ်၊ ကေဝင့်ပုရောဟိတ်ကြီးဟာ အခုမှ သူကြွယ်သားရဲ့တံစိုးကိုစားပြီး အရှင့်အပေါ် သစ္စာဖောက်တာ မဟုတ်ပါဘူး။ နှစ်ဘက်စစ်တပ်တို့အကြား မြေတလင်းပြင်မှာ စကားစစ်ထိုးပွဲကျင်းပစဉ်ကတည်းက သင်း သစ္စာဖောက်ခဲ့တာပဲ အရှင်မင်းကြီး”

“ဟုတ်လား”

“အဲဒီတုန်းကတည်းက သူကြွယ်သားပေးတဲ့ ပတ္တမြားမျက်မြတ်ကို သင်း ယူခဲ့တာပါ။ ပတ္တမြားကိုယူပြီး တရားစစ်ရှုံးသလိုနဲ့ သင်းက အသက်အရှုံးမှမထောက် ရှိခိုးဦးချပြ၊ ပဉ္စာလရာဇ်တပ်တွေ ပြေးတော့မှ သူကြွယ်သားက တွန်းလိုက်လို့ နဖူးကွဲဟန်ဆောင်ခဲ့တာပါ။ အမှန်ကတော့ အားလုံး ယုံကြည်လောက်အောင်လုပ်ပြီး ဖြားယောင်းလှည့်ပတ်ခဲ့တာ”

“အလိုလေး . . . ယုတ်မာလှပါကလား”

“အရှင်မင်းကြီး . . . သစ္စာဖောက်တွေ ယုတ်မာပုံကို အခုအချိန်မှာ စကားပြန်နွေး အေးဆေးနေလို့ မဖြစ်တော့ပါဘူး။ အခုလောက်ဆိုရင် သူတို့ဟာ အရှင့်ကိုရော ကျွန်တော်မျိုးကိုပါ အမှတ်တမဲ့ဖမ်းပြီး သူကြွယ်သားလူရမ်းကားလက်ထဲအပ်ဖို့ ကြံစည်နေကြရော့မယ်”

“ဟုတ်တယ် . . . ဟုတ်တယ်၊ သင်းတို့အကောက်ကြံကြတော့မယ်”

“အရှင်မင်းကြီး . . . မိမိကိုယ်စိတ်နဲ့မခြား ယုံမှတ်တော်မူအပ်တဲ့ ကေဝင့်ပုရောဟိတ်ကြီးသော်မှပင် ပတ္တမြားမျက်မြတ်တစ်လုံးကို တပ်မက်ပြီး သစ္စာဖောက်သေးတာပဲ၊ ကျန်တဲ့လူတွေတော့ ဆိုဖွယ်မရှိတော့ပါဘူး။ ဒါကြောင့် ကျွန်တော်မျိုးအလိုကတော့ အချိန်နဲ့အမျှ အသက်အန္တရာယ်နီးကပ်လာနေတဲ့ အခုအချိန်မျိုးမှာ ဆက်နေဖို့ မသင့်တော့ပါဘူး”

“ဟုတ်တယ် . . . ကျွန်ုပ်လဲ ဒီအတိုင်း သဘောရတယ်”

“အရှင်မင်းကြီး တပ်စခန်းတွေ အိပ်မောကျလောက်ချိန် အခု ညဉ့်သန်းခေါင်ကျော်မှာ ဘယ်သူမှမသိစေဘဲ စီးတော်မြင်းနဲ့ တိတ်တဆိတ် ထွက်ပြေးမှသာ သင့်လျော်မယ်”

“ကောင်းတယ် အနုကေဝင့်၊ ကျွန်ုပ်ရဲ့စီးတော်မြင်းကို အသင့်ကကြိုးတန်ဆာပြင်ဖို့ မြင်းဇောင်းက အမှုထမ်းကို သင်ပဲ အမိန့်ပေးလိုက်။



www.burmeseclassic.com

www.burmeseclassic.com



အို . . . အို . . . နေဦး၊ မြင်းဖောင်းအမှုထမ်းလဲ သစ္စာဖောက်ဖြစ်ချင်ဖြစ်နေမှာ၊ ဒီလိုလုပ်၊ ကျွန်ုပ်အတွက် ယုံကြည်စိတ်ချရမယ့် သူဟာ သင်တစ်ဦးပဲ ရှိတော့တယ်၊ သင်ပဲ မြင်းကကြိုးတန်ဆာဆင်၊ အသင့်ဖြစ်ရင် ကျွန်ုပ်ကို လာခေါ်လှည့်"

"စိတ်ချပါ အရှင်မင်းကြီး၊ အခုချိန်မှာ ကျွန်တော်မျိုးကိုယ်တိုင်လဲ အသက်အန္တရာယ် ကြီးမားနေပါပြီ။ မြင်းကကြိုးတန်ဆာအသင့်ဖြစ်ရင် ကျွန်တော်မျိုး လာခဲ့ပါမယ်"

"အကောင်းဆုံးမြင်းနဲ့ အကောင်းဆုံး ကကြိုးတန်ဆာလုပ်ထား အနုကေဝဋ်၊ ကျွန်ုပ်အတွက် လုံခြုံစိတ်ချရာဒေသဟာ ဥတ္တရပဉ္စာလရာဇ် မင်းနေပြည်ပဲ ရှိတော့တယ်။ နေပြည်တော်အထိ နှင်ကြရမယ် ကြားလား"

"ကောင်းပါပြီ"

တဲနန်းစက်ရာခန်းဝယ် ပဉ္စာလရာဇ်မင်းကြီး တစ်ပါးတည်းကျန်ရစ်ခဲ့သည်။ မီးရောင်ဟပ်နေသော သူ့မျက်နှာထား ဖြူရော်ဖျော့တော့ တုန်လှုပ်လျက် တဲနန်းအတွင်းမှ ထွက်လာသော အနုကေဝဋ်၏ မျက်နှာပေါ်၌ကား အပြုံးရိပ်တို့ ဝေသမ်းလျက်။

●



(၂၀)

သန်းခေါင်ကျော်ပြီ ဖြစ်သည်။ နေ့ခင်းက မိထိလာကျုံးတွင် မိကျောင်းကြီးများနှင့် တိုက်ပွဲဆင်ခဲ့ရသော ပဉ္စာလရာဇ်တပ်များသည် ပင်ပန်းနွမ်းနယ်စွာ အိပ်မောကျနေသည်။

ထိုအချိန်တွင် စူဠနီဗြဟ္မဒတ်မင်းကြီး၏ တဲနန်းဝသို့ မြင်းနှစ်စီးရောက်လာသည်။ နှစ်စီးစလုံး ကကြိုးတန်ဆာအပြည့်။ မြင်းနှစ်စီးကို ဆွဲလာသူမှာ အနုကေဝဋ် ဖြစ်လေသည်။

မင်းကြီး တဲနန်းမှ ထွက်လာသည်။ အနုကေဝဋ်က မြင်းဇက်ကို ထိန်းကိုင်ပေးနေစဉ် မင်းကြီး မြင်းပေါ်သို့ လွှားတက်သည်။ မြင်း၏ ဝမ်းဗိုက်သို့ မင်းကြီး ခြေဖနောင့်ဖြင့်အဆတ်၊ အနုကေဝဋ်ကလည်း မြင်းတင်ပါးကို ဖြန်းခနဲအပုတ် တစ်ချိန်တည်းပင် ဖြစ်သည်။ မြင်းသည် လောက်လွှဲကြိုးမှ ထွက်သော ကျောက်ဆန်နှယ် တစ်ဟုန်ထိုးထွက်လေသည်။ မင်းကြီး၏ မြင်းသည် ခပ်လှမ်းလှမ်းအရောက်မှာပင် အနုကေဝဋ်လည်း မြင်းပေါ် ခုန်တက်လိုက်သည်။ မြင်းဇက်ကို ဖွင့်၍ ဒုန်းစိုင်းသည်။ သို့သော် မင်းကြီး၏ မြင်းနောက်သို့ အနည်းငယ်မျှသာ လိုက်ခဲ့ပြီး အနုကေဝဋ်သည် ပဉ္စာလရာဇ် တပ်တဲစခန်းများဆီသို့ ပြန်လှည့်လာလေသည်။

တဲစခန်းများအကြားတွင် မြင်းကို ကျွမ်းကျင်စွာ လှည့်ပတ်ကဆုန်စိုင်းရင်း အနုကေဝဋ်သည် အသံဝါကြီးဖြင့် ဟစ်အော်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဥတ္တရပဉ္စာလရာဇ်မင်း ထွက်ပြေးပြီဟေ့၊ ပဉ္စာလရာဇ်မင်း ထွက်ပြေးပြီဟေ့"

အနုကေဝဋ္ဋ၏ အသံအဆုံးတွင် တပ်စခန်း၏ နေရာတိုင်းဆီမှပင် ရာပေါင်းများစွာသော အော်ဟစ်သံများ သဲသဲညံ ထွက်ပေါ်လာသည်။

"စူဠနီဗြဟ္မဒတ်မင်း ထွက်ပြေးပြီ"

"ပဉ္စာလရာဇ်မင်း ထွက်ပြေးပြီ"

တိတ်ဆိတ်သော ညဉ့်အမှောင်ကို လှုပ်နှိုးဖောက်ခွဲလိုက်သော ထိုအော်သံများကား ပဉ္စာလရာဇ်တပ်များထဲတွင် ကနဦးကတည်းက စေလွှတ်ထားသော မိထိလာသူလျှိုတပ်သားများ၏ အော်သံ ဖြစ်လေသည်။

ပဉ္စာလရာဇ်တပ်သားများမှာ စစ်ပန်းချိန်လည်းဖြစ်ပြန်၊ စိတ်ချလက်ချ အိပ်မောကျနေချိန်လည်းဖြစ်ပြန်ရာ ရုတ်တရက်ထွက်ပေါ်လာသော အော်ဟစ်သံများကြောင့် အလွန်အမင်း တုန်လှုပ်သွားကြလေသည်။ အနုကေဝဋ္ဋ၏ အချိန်းအဆက်အရ မိထိလာပြည်သူလျှိုတို့သည် တပ်စခန်း၏ နေရာအသီးသီးမှ တစ်ပြိုင်တည်း ဟစ်အော်ကြသောကြောင့် ကြီးမားလှသော ခေါဘိဏီတပ်မကြီးသည် အော်ဟစ်သံများဖြင့် ဖုံးလွှမ်းသွားလေသည်။

"မင်းကြီး ထွက်ပြေးပြီတဲ့"

"မိထိလာတပ်တွေ ညဉ့်ထိုးစစ်ဝင်ကုန်ပြီ"

"မဟောသဓာကိုယ်တိုင် မြို့တံခါးဖွင့်ပြီး လာတိုက်ပြီ"

"ငါတို့ ဘုရင်ကြီးတောင် ထွက်ပြေးရပြီ"

တပ်မကြီးတစ်ခုလုံးသည် တုတ်တံဖြင့် ထိုးဆွခံလိုက်ရသော ပဒုအုံဖြစ်သွားသည်။ မြင်းဇောင်းမှ မြင်းများ၊ ဆင်တင်းကုပ်မှ ဆင်များလည်း အလန့်တကြား ဖြစ်ကုန်သည်။ အိပ်ရာထဲမှ လူးလဲထလာကြသော တပ်သားများသည် ကိုယ်ဝတ်သော်မျှပင် မသိမ်းဆည်းနိုင်တော့ဘဲ အခြားသူများ ထွက်ပြေးရာနောက်သို့ ပြေးကြတော့သည်။

စင်စစ်ကား မည်သည့် မိထိလာရဲမက်တစ်ဦးတစ်လေမှ ဝင်ရောက်တိုက်ခိုက်ခြင်းမရှိ။ သို့သော် ကြောက်ရွံ့ခြင်းဖြင့် ဘာကိုမျှ မမြင်နိုင်တော့သော ပဉ္စာလရာဇ်တပ်သားတို့အဖို့ မိထိလာတစ်မြို့လုံး ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီဟု ထင်နေကြလေသည်။





စူဠနီဗြဟ္မဒတ်မင်းကြီး၏ ပဒေသရာဇ်ဖြစ်သည့် ကိုးကျိပ်ကိုးပါးသော ထီးဆောင်းမင်းတို့လည်း တပ်သားများထွက်ပြေးရာနောက်သို့ လိုက်ပါထွက်ပြေးကြသည်။ ပဉ္စာလရာဇ်တပ်မကြီးတစ်ခုလုံး ထိုသို့အုတ်အုတ်ကျက်ကျက်ဖြစ်နေစဉ် မိထိလာမြို့ရိုးပေါ်ရှိ ပစ္စင်၊ ပြအိုး၊ သူရဲခိုတို့၌ စောင့်နေကြသော မဟောသဓာ၏ လက်ရွေးစင်တပ်တို့သည် ဗဟိုရ်တိုက်စည် တိုက်မောင်းများကို တစ်ပြိုင်တည်း ရိုက်တီးလိုက်ကြပြန်သည်။ ထိုအခါ မိုးကောင်းကင်ပွင့်ထွက်မတတ်သော တစ်ခဲနက်အသံတို့ဖြင့် မိထိလာမြေပြင်သည် သိမ့်သိမ့်ခါနေလေတော့သည်။

ပဉ္စာလရာဇ်တပ်ကြီးမှာ အရှုပ်ရှုပ်အထွေးထွေး အပြေးပြေးအလွှားလွှားဖြင့် မိမိတို့စိတ်ထင်ရာကို တစ်ဦးနှင့်တစ်ဦး ဟစ်အော်ပြောဆိုနေကြရာ အပြေးအလွှားထဲမှာပင် ကောလာဟလသတင်းများ အမျိုးမျိုးဖြစ်ပေါ်နေလေသည်။ အချို့က ထီးဆောင်းမင်းအပေါင်းနှင့် ကေဝဋ္ဋပုရောဟိတ်ကြီးကို မဟောသဓာသုခမိန်က ဖမ်းဆီးသွားပြီဟူ၍ လည်းကောင်း၊ အချို့က စူဠနီဗြဟ္မဒတ်မင်းကြီးသည် ထွက်ပြေးရင်း လမ်းခုလတ်၌ မိထိလာစစ်သည်တို့လက်ချက်ဖြင့် ကျဆုံးသွားပြီဟူ၍ လည်းကောင်း ထင်ရာမြင်ရာကို ပြောသွားကြသည်။

ဤသို့ဖြင့် သန်းခေါင်ကျော်အချိန်မှသည် နံနက်အရုဏ်ဦးကာလအတွင်း သောသောအုတ်အုတ် ထွက်ပြေးပျက်ပြိုသွားလေရာ နံနက်မိုးသောက်ချိန်ရောက်သောအခါမူကား ပဉ္စာလရာဇ် ခေါဘိဏီတပ်မကြီးစခန်းချခဲ့သော စစ်တလင်း၌ တပ်သားတစ်ဦးတစ်ယောက်မျှ မကျန်ရစ်ခဲ့တော့ပေ။

အသက်လု၍ ကိုယ်လွတ်ရုန်းပြေးသွားကြသည်ဖြစ်လေရာ ပဉ္စာလရာဇ်စစ်သည်တို့သည် ဆင်၊ မြင်း၊ ရထား၊ လက်နက်ကိရိယာများ၊ ချပ်ဝတ်မိန်ညိုများသာမက အတိုင်းတိုင်းအပြည်ပြည်မှ သိမ်းယူခဲ့သော ဥစ္စာဘဏ္ဍာများ အားလုံးကိုပါ တပ်စခန်းတွင် ထားပစ်ခဲ့ကြရလေသည်။

နံနက်မိုးသောက်၍ မိထိလာစစ်သည်များ မြို့ရိုးပေါ်မှ လှမ်းကြည့်လိုက်သောအခါ လဲပြိုနေသော စစ်တဲများနှင့် စီးနင်းသူမဲ့ ဆင်၊ မြင်းရထားများအကြားတွင် မြောက်မြားလှစွာသော ပစ္စည်းဘဏ္ဍာများကို အစုလိုက်အပုံလိုက် တွေ့ကြရသည်။

မိုးသောက် အလင်းရောင်အောက်တွင် မြင်းကို အသားကျစီး၍



www.burmeseclassic.com

www.burmeseclassic.com



မိထိလာမြို့တွင်းသို့ ဝင်လာသူမှာ အနုကေဝဋ် ဖြစ်သည်။ မြို့ရိုးတံခါးအတွင်းဘက်ရောက်သည်နှင့် မြင်းပေါ်မှ ဆင်း၍ လျှောက်သည်။ ရှေ့မှောက်တွင် ကေသရာဇာခြင်္သေ့မင်းအသွင်ဖြင့် ရပ်နေသူကား မဟောသဓာသုခမိန်ပင်။

"အရှင်မိန့်မှာတဲ့ အစီအရင်များ အားလုံးကို အချွတ်အချော်မရှိ တစ်ရွေးတစ်စေ့မယွင်း ဆောင်ရွက်ပြီးစီးခဲ့ပါပြီ။ ပဉ္စာလရာဇ်တပ်မကြီး တစ်ခုလုံး တစ်ယောက်မကျန် ထွက်ပြေးသွားပါပြီ အရှင်"

မဟောသဓာသည် အနုကေဝဋ်၏ ပခုံးကိုဆုပ်ကိုင်လိုက်သည်။

"သွေးမြေမကျစေဘဲ စစ်ပွဲကြီး အောင်မြင်လိုက်တဲ့သေနင်္ဂမှာ သင်ဟာ အဓိက စွမ်းဆောင်ခဲ့ပေတယ် အနုကေဝဋ်"

မိထိလာ၏ နေမင်းကြီးတစ်ဆူနှယ်ဖြစ်သော မဟောသဓာသုခမိန်ထံမှ ထိုသို့သော ဂုဏ်ပြုစကားတစ်ခွန်းကို ရရှိလိုက်ခြင်းသည် မကြာမီ မိမိပိုင်ဆိုင်ရတော့မည့် ဆုလာဘ်ရာထူးများထက် ပို၍ အဖိုးတန်ပေသည်ဟု အနုကေဝဋ် ခံစားရလေသည်။

* * *

တစ်နှစ်တာကာလ ကုန်ဆုံးသွားသည်။

ဥတ္တရပဉ္စာလရာဇ် နေပြည်တော်ရှိ ဘုရင့်စံနန်းတော် လေသာပြတင်းတွင် စူဠနီဗြဟ္မဒတ်မင်းကြီးသည် တစ်ကိုယ်တည်းရပ်လျက် ဆုံးစမဲ့ ကောင်းကင်ပြင်ဆီသို့ ငေးမျှော်နေလေသည်။ ပဉ္စာလရာဇ်လက်နက်နိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည်မှာ မကြာလှသေး။ သို့သော် တိုတောင်းသော ကာလအတွင်း၌ပင် တိုင်းနိုင်ငံအသီးသီးနှင့် ထီးဆောင်းမင်းအပေါင်းတို့ကို မိမိ၏ အာဏာစက်အောက်သို့ ကျရောက်စေခဲ့ပြီးပြီ။ ပဉ္စာလရာဇ်နယ်နိမိတ်အဝန်းသည် ဖြိုင်ဖက်ကင်း ကျယ်ပြန့်ထွန်းကားခဲ့ပြီ။ ဘုန်းအာဏာစက်အဝန်းအဝိုင်း ကျယ်ပြန့်သည်နှင့်အမျှ စည်းစိမ်ဥစ္စာ ဘဏ္ဍာတို့သည်လည်း အလျှံပယ် ပေါကြွယ်ခဲ့ပြီးပြီ။ ဧကရာဇ်မင်းတစ်ပါး၏ စည်းစိမ်တမျှသော နန်းစည်းစိမ်ကို မင်းကြီး လက်ရပိုင်ဆိုင် စံမြန်းနိုင်ခဲ့ပြီဖြစ်သည်။

မင်းကြီးသည် ကောင်းကင်တစ်ပြင် တစ်ပြန့်ဆီသို့ ငေးမျှော်ကြည့်ရင်း နှစ်အနည်းငယ်အတွင်း လက်နက်နိုင်ငံတော်ကြီး ဖြစ်လာခဲ့သော မိမိ၏ တိုင်းပြည်အကြောင်းကို တွေးမိနေသည်။ ပဉ္စာလရာဇ်မင်းနေပြည်တော်





အထက်ရှိ မိုးကောင်းကင်ကား အပြာရောင်ဖြင့် တောက်ပနေသည်။ သို့သော် ကောင်းကင်ပြာ၏ တစ်ခုသော နေရာတွင်ကား ဖြူလွထူထပ်သော တိမ်တစ်အုပ် ရှိနေသည်။ မြင့်မားစွာသော ထိုနေရာရှိ တိမ်အုပ်မှတစ်ပါး အခြားမည်သည့်နေရာတွင်မျှ တိမ်တိုက်တိမ်လိပ်တို့ မရှိ။ တစ်ခွင်တစ်ပြင်လုံး အပြာရောင်ဖုံးလွှမ်းနေရမည့် မိုးကောင်းကင်ကြီးမှာ ထိုတိမ်အုပ်လေး တစ်ခုကြောင့် အပြည့်အဝမတောက်ပနိုင် ဖြစ်နေရသည်။ မင်းကြီးသည် ကောင်းကင်ပြာကို နောက်ခံပြုလျက် အထီးတည်း ခိုင်မာစွာ ဖွဲ့ခိုနေသော ထိုတိမ်အုပ်ကို ကြည့်ရင်း သက်ပြင်းချလိုက်မိလေသည်။

မိထိလာ . . .

အပြောကျယ်လှသော အပြာရောင်ကောင်းကင်ပြာကြီးကို အံတုဖွဲ့ခို၍နေသော ထိုတိမ်တိုက်ငယ်သည် မိထိလာပင် ဖြစ်ပေမည်။

မိထိလာ။ ဝိဒေဟရာဇ်မင်း . . .။ ထို့နောက် မဟောသဓာသုခမိန်။

တစ်ဆယ့်ရှစ်ခေါဘိဏီတပ်မကြီးက မိမိထက်အင်အားများစွာ သေးငယ်သော မိထိလာလို နိုင်ငံမျိုးကို လက်ရမသိမ်းနိုင်ခြင်းမှာ အံ့ဩစရာကောင်းသလို ရယ်ဖွယ်ကိစ္စလည်း ဖြစ်နေသည်။

မိထိလာမြို့ရိုးကို ဝန်းရံလုပ်ကြံခဲ့သည်။ ချဉ်းကပ်တိုက်ခိုက်၍ လုပ်ကြံခဲ့သည်။ ကေဝဋ်ပုရောဟိတ်ကြီး၏ အစီအမံအတိုင်း စကားစစ်ထိုးပွဲဖြင့်ပင် ကြိုးစားခဲ့သေးသည်။ အနုနည်း၊ အကြမ်းနည်း အစုံသုံးခဲ့သည်။ သေနင်္ဂဗျူဟာအမျိုးမျိုး ချမှတ်ခဲ့သည်။ မည်သို့မျှ မအောင်မြင်။

မအောင်မြင်ရုံမျှမက တစ်နှစ်တာကာလ၏ ဟိုမှာဘက် မဝေးလှသေးသော အချိန်က အဖြစ်အပျက်ကား ပဉ္စာလရာဇ်လက်နက်နိုင်ငံကြီး၏ ဂုဏ်သိက္ခာကို ထိုးဆင်းစေခဲ့သော အဖြစ်အပျက်ပင်။

မဟောသဓာ၏ လူယုံသူလျှို အနုကေဝဋ်ကို ယုံစားမိခဲ့သည်။ သင်းထိုးဖောက်ချဉ်းနင်းလာပုံကလည်း ပိရိသေသပ်လွန်းလှသည်။ သင်းလက်ထဲသို့ စစ်ရေးအစီအမံအားလုံးကို အပ်နှင်းခဲ့သည်။ နောက်ဆုံးတွင်ကား မဟောသဓာ စီစဉ်ချမှတ်ပေးလိုက်သော ဥပါယ်အတိုင်း အနုကေဝဋ်သည် ကျွမ်းကျင်လိမ္မာစွာ လှုပ်ရှားနိုင်ခဲ့ပြီ။ ပဉ္စာလရာဇ်တပ်မကြီးသည် စစ်လန့်ကာ ထွက်ပြေးရှုံးနိမ့်ခဲ့ရသည်။ မည်မျှ ရှက်စရာကောင်းသနည်း။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် မြင့်မားသိခေါင်သော အထက်တင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာတွင် ဖွဲ့ခိုရပ်တည်နေသည့် တိမ်တိုက်အစုကလေးကိုကြည့်ရင်း တနုံ့နုံ့ဖြင့် နာကြည်းခံခက်နေသည်။ အတိုင်းတိုင်းအပြည်ပြည်ကို ချီတက်သိမ်းသွင်းနိုင်ခဲ့ပြီး ယခု မိထိလာကျကာမှ . . .

"ကေဝဋ္ဋပုရောဟိတ်ကြီး အခန်းဝင်လာပါတယ် အရှင်မင်းကြီး"

ရံရွေတစ်ဦးက လာလျှောက်တင်သဖြင့် မင်းကြီး အတွေးစပြတ်သွားသည်။

"ဒီကိုပဲ လွှတ်လိုက်"

* * *

ကေဝဋ္ဋပုရောဟိတ်ကြီး ရှေ့မှောက်သို့ ရောက်လာသည့်တိုင် မင်းကြီးသည် အပြင်ဘက် မိုးကောင်းကင်ဆီသို့ ငေးမျှော်နေဆဲ ဖြစ်သည်။ မင်းကြီး၏ တိတ်ဆိတ်အေးစက်ခြင်းကို ပုရောဟိတ်ကြီး အနှောင့်အယှက်မပြုရဲ။ အတန်ကြာမှ ပုရောဟိတ်ကြီးသည် တိုးညင်သောအသံဖြင့် မဝံ့မရဲ ပြောလာသည်။

"ကိုယ်လက် မအီမကျန်း ဖြစ်တော်မူပါသလား အရှင်မင်းကြီး"

မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ်ဘက်သို့ လှည့်မကြည့်ဘဲ . . .

"ကြည်လင်တောက်ပနေတဲ့ မိုးကောင်းကင်ကြီးရဲ့ အပြာရောင်ထဲမှာ ဟိုးအဝေးအမြင့်ဆီက တိမ်တစ်အုပ်ဟာ မထီမဲ့မြင် လှောင်ပြောင်နေတယ်။ ပဉ္စာလရာဇ်လက်နက်နိုင်ငံတော်ကြီးကိုလဲ မိထိလာဆိုတဲ့ လက်တစ်ဆုပ်စာ နိုင်ငံငယ်လေးက မထီမဲ့မြင် လှောင်ပြောင်နေတယ်"

အဆက်အစပ်မဲ့ ကောက်ကာငင်ကာ ပြောချလိုက်သော မင်းကြီး၏ စကားကို ကြားရသောအခါ ကေဝဋ္ဋပုရောဟိတ်သည် မိမိ၏ နဖူးပြင်ထက်သို့ လက်ဖြင့် စမ်းလိုက်မိလေသည်။ နဖူးပြင်ထက် ထိုနေရာတွင် အမာရွတ်တစ်ခု။

ပုရောဟိတ်သည် လှိုက်လှဲတုန်ယင်သော ဝမ်းခေါင်းသံကြီးဖြင့် . . .

"ကြေးမုံပြင်ကို ကြည့်မိတိုင်း၊ ဟောဒီနဖူးပေါ်က အမာရွတ်ကို မြင်ရတိုင်း ကျွန်တော်မျိုးလဲ မိထိလာက သူကြွယ်သား လူရမ်းကားမဟောသဓာကို အခဲမကြေနိုင်၊ ဒေါသတလိပ်လိပ် အမျက်တရိပ်ရိပ်ဖြစ်ရပါတယ် အရှင်မင်းကြီး။ စကားစစ်ထိုးပွဲမှာ ပတ္တမြားမျက်မြတ်ကိုပြ၊ အကောက်ကြံပြီး





ကျွန်တော်မျိုးကို မြေပေါ်တွန်းလှဲ၊ မြေအပြင်နဲ့ နဖူးကို ပွတ်တိုက်၊ ပြီးတော့ ဟောဒီအမာရွတ်ကြီး စွဲကျန်ရစ်အောင် သင်းလုပ်ခဲ့တာကို ဘယ်လိုမှ မမေ့နိုင်ပါဘူး"

"ဒါကတော့ သင် လူရေးညံ့လို့ သင် ဆုံးရှုံးခဲ့တာပဲ ပုရောဟိတ်ကြီး"

မင်းကြီးသည် တိုတောင်းပြတ်သားစွာ ဆိုလျက် တစ်ဖက်သို့ လှည့်သွားလေသည်။

မင်းကြီးမကြည်မသာရှိနေကြောင်းကို တွေ့ရသဖြင့် ကေဝဋ္ဋပုရောဟိတ်သည် စကားရှေ့ဆက်ရန် အခက်အခဲတွေ့သွားသည်။ သို့သော် မိမိလာရင်းကိစ္စကို ပြောမှ ဖြစ်မည်ဟု ဆုံးဖြတ်ကာ . . .

"အဲဒီ ရှုံးကြွေးတွေအားလုံးကို ပေးဆပ်နိုင်ဖို့ ကျွန်တော်မျိုး အခစားဝင်လာခြင်း ဖြစ်ပါတယ် အရှင်မင်းကြီး"

"ကေဝဋ္ဋပုရောဟိတ်ကြီး . . . သင့်အကြံအစည် အတိုင်အပင်တွေကြောင့် ကျွန်ုပ်တို့အားလုံး စစ်ရှုံးခဲ့ကြပြီ။ နောက်ဆုံးစစ်ပွဲမှာလဲ ခါးဝတ်ပုဆိုးကိုတောင် အစိုးမရဖြစ်ခဲ့ကြပြီ မဟုတ်လား။ သင် အခု ဘာတိုင်ပင်ဦးမလို့လဲ၊ ကျွန်ုပ် အလိုမရှိတော့ဘူး"

မင်းကြီးက ပြတ်သားစွာ ဆိုသောကြောင့် ကေဝဋ္ဋပုရောဟိတ်အံ့အားသင့်သွားသည်။ သို့သော် မိမိအကြံကို ပြောပြလိုက်ပါက မင်းကြီး ဘယ်လိုမှ လက်မခံဘဲနေမည်မဟုတ်ဟု ယုံကြည်စိတ်ချထားပြီး ဖြစ်သောကြောင့် ကေဝဋ္ဋပုရောဟိတ်သည် စကားရှေ့ဆက်ရန် ဆုံးဖြတ်လိုက်သည်။

"အရှင်မင်းကြီး ဒီတစ်ခါ အကြံအစည်က ဓားတစ်စင်း၊ လှံတစ်ချောင်းကိုင်စရာမလိုဘဲ သွေးမြေမကျ ဥပါယ်တံမျဉ်ဖြစ်ပါတယ်"

"ဘယ်လို . . . သွေးမြေမကျ ဥပါယ်တံမျဉ်"

"ဟုတ်ပါတယ် အရှင်မင်းကြီး"

"စစ်ထိုးစရာ မလိုဘူးလား"

"လုံးဝ မလိုပါဘူး အရှင်မင်းကြီး"

"အင်း . . . ဒီတစ်ခါ ခွင့်ပြုလိုက်သေးတာပေါ့။ ဘယ်လို ဥပါယ်တံမျဉ်လဲ"

"အရှင်မင်းကြီးနဲ့ ကျွန်တော်မျိုး နှစ်ဦးတည်းသာ ကြားသိစေအပ်တဲ့ကိစ္စဖြစ်တဲ့အတွက် ဒီနန်းတော်လေသာဆောင်မှာ မသင့်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြာသာဒ်အထက်ဆင့်ကိုသွားမှ တော်ပါမယ်"

"ကိုင်း . . . ပုရောဟိတ်ကြီး၊ သင့် ဆန္ဒအတိုင်းရှိစေတော့"

စူဠနီဗြဟ္မဒတ်မင်းကြီးနှင့် ကေဝဋ္ဋပုရောဟိတ်တို့သည် နန်းတော်ပြာသာဒ်အထက်ဆင့်သို့ တက်ခဲ့ကြလေသည်။

* * *

စူဠနီဗြဟ္မဒတ်မင်းကြီးနှင့် ကေဝဋ္ဋပုရောဟိတ်ကြီးတို့ နန်းတော် အထက်အဆင့်သို့ တက်ရောက်၍ တိုင်ပင်ဆွေးနွေးကြပြီးသည်၏နောက် သုံးရက်မြောက်တွင် ဥတ္တရပဉ္စာလရာဇ်နေပြည်တော် တစ်ဝန်း၌ ထူးခြားသော အခြင်းအရာများ ပေါ်ပေါက်လာသည်။

ယင်းကား အခြားမဟုတ်၊ ဥတ္တရပဉ္စာလရာဇ်မင်းနေပြည် တစ်ဝန်းရှိ အချက်အချာကျသော လမ်းဆုံလမ်းခွများ၊ အထိကရ ကန္တာရမဏ္ဍပ်များ၊ ပွဲသဘင်အခမ်းအနားများတွင် သီဆိုတီးမှုတ်မှုများ ထူးထူးခြားခြားပေါ်များလာခြင်းပင် ဖြစ်သည်။ ယခင့်ယခင် ပဉ္စာလရာဇ်နေပြည်တော်တွင် ဆိုင်ရာ သဘင်အခမ်းအနား၌ ပဉ္စာလရာဇ်ပန်တျာသည်တို့၏ သီဆိုတီးမှုတ်မှုများ ပါဝင်ခဲ့သည်မှန်သော်လည်း သာမာန်မျှသာ ဖြစ်သည်။

ယခုမူကား ပွဲသဘင်မင်္ဂလာများ၌သာမက ပရိသတ်အစည်းအဝေးများ၊ သုခမိန်နှီးနှောပွဲများ၊ မြို့ရပ်အကြီးအကဲတို့၏ စုရုံးပွဲများမှပါမကျန် ပန်တျာသည်တို့ ဝင်ရောက်လာကြသည်။ ထို့နောက် သဘင်မစတင်မီ၊ သဘင်ရပ်နားချိန်၊ သဘင်ပြီးဆုံးချိန်တို့တွင် ပန်တျာသည်တို့သည် ဖြိုင်ဖြိုင်သီဆိုတီးမှုတ်ကြတော့သည်။

ပို၍ ထူးခြားသည်မှာ သီဆိုတီးမှုတ်ပွဲများ၏ တေးသီချင်းများသည် ယခင့်ယခင်က ပဉ္စာလရာဇ်သားများ နားဆင်ခဲ့ဖူးသမျှ တေးများထက်ပို၍ ဂုဏ်မြောက်သော တေးများဖြစ်နေကြခြင်းပင်။ ပန်တျာသည်တို့၏ ပတ်၊ စောင်းညင်းနှင့်လိုက်ဖက်သော ဘွဲ့တေးများသည်လည်းကောင်း၊ တူရိယာမပါဘဲ ရွတ်ဆိုကြသော အဲ၊ အန်၊ ဧချင်း၊ သာချင်း၊ ရတု၊ ပို့၊ ကဗျာများသည်လည်းကောင်း၊ မကြားဖူး မကြုံဖူးလောက်အောင် အနုပညာမြောက်နေကြသည်။

ပို၍ ပို၍ ထူးခြားသည့်အချက် ရှိသေးသည်။ ယင်းမှာ ထိုတေးဘွဲ့၊





အဲ၊ အန်၊ ဧချင်း၊ သာချင်း ရတု၊ ကဗျာ၊ လင်္ကာ၊ ပို့အားလုံးသည် သိင်္ဂါရရှုဟသ၊ ကရုဏာ၊ သန္တ၊ ရုဒ္ဒ၊ ဝီဘစ္ဆ၊ ဘယာနက၊ အဗ္ဘုတ၊ ဝီရတည်းဟူသော ရသ ကိုးပါးတို့အနက် တစ်မျိုးတည်းသော ရသကိုသာ အထူးပြုရည်ညွှန်းကာ ထပ်တလဲလဲ ဖွဲ့ဆိုထားကြခြင်းပင် ဖြစ်သည်။

ထိုရသကား သိင်္ဂါရ ရသ၊ ချစ်ခြင်းဘွဲ့။

တစ်နည်းအားဖြင့် မိန်းမပျိုလေးတစ်ယောက်၏ အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာ တင့်တယ်ပြည့်စုံမှု၊ လှပချောမွေ့မှု၊ နုနယ်ယဉ်ကျေးမှုနှင့် အတိုင်းမသိ ဂုဏ်ကျက်သရေ ပျံ့နှံ့ရိုက်ခတ်မှုများကို ဖွဲ့ဆိုခြင်းအားဖြင့် ထိုမိန်းမပျိုလေးအပေါ် ချစ်ခင်နှစ်သက် တပ်မက်မှုများကို ယိုဖိတ်စီးဆင်းလာအောင် နှိုးဆွလှုံ့ဆော်သော သိင်္ဂါရအဖွဲ့များပင် ဖြစ်လေသည်။

နောက်ဆုံး အထူးခြားဆုံးအချက်ကား ထိုသို့သော သိင်္ဂါရအဖွဲ့များအားလုံး ဦးတည်ဝပ်စင်းရာ မိန်းမပျိုကား တစ်ဦးတည်းသော မိန်းမပျိုဖြစ်နေပြီး ထိုမိန်းမပျိုမှာလည်း အခြားသူမဟုတ်၊ စူဠနီဗြဟ္မဒတ်မင်းကြီး၏ သမီးတော် 'ပဉ္စာလစန္ဒီ မင်းသမီး'ပင် ဖြစ်လေသည်။

တစ်စတစ်စဖြင့် ထိုသိင်္ဂါရဖွဲ့တေးသံတို့သည် ဥတ္တရပဉ္စာလရာဇ်နေပြည်တော် ဗဟိုချက်ဝမှတစ်ဆင့် နယ်နိမိတ်ကျယ်ပြန့်ကာ ပဉ္စာလရာဇ်တိုင်းတစ်ခုလုံး ရိုက်ခတ်လွင့်မျောလာခဲ့ပြီ ဖြစ်သည်။ တိုတောင်းသော ကာလအတွင်းမှာပင် အပိုဒ်ရေ တဖြည်းဖြည်းများပြားလာကာ ပဉ္စာလရာဇ်လက်နက်နိုင်ငံတော်ကြီး တစ်ခုလုံးသို့ လွှမ်းခြုံပျံ့နှံ့သွားသည်။

ပဉ္စာလစန္ဒီမင်းသမီး၏ အလှဘွဲ့နှင့် သိင်္ဂါရအဖွဲ့တေးသံများပျံ့ကျယ်ရိုက်ခတ်သည်နှင့်အမျှ အတိုင်းမသိ အားရကျေနပ်သူနှစ်ဦးကား စူဠနီဗြဟ္မ ဒတ်မင်းကြီးနှင့် ကေဝဋ္ဋပုရောဟိတ်ကြီးတို့ပင် ဖြစ်လေသည်။

သို့ဖြင့်ပင် တစ်နေ့သောအခါ မင်းနှင့် ပုရောဟိတ်တို့သည် နန်းတော်အတွင်းဆောင်၌ နှစ်ဦးတည်းတွေ့ဆုံကြပြန်သည်။ မိမိစတင်လိုက်သော အကြံအစည် ကောင်းစွာ အထမြောက်နေပြီဖြစ်သောကြောင့် ကေဝဋ္ဋပုရောဟိတ်ကြီးသည် မင်းကြီးအား ဦးစွာပင် တရင်းတနှီး အားပါးတရ စကားစလိုက်လေသည်။

"အရှင်မင်းကြီး လွန်ခဲ့တဲ့လပိုင်းက နန်းတော်အထက်ဆင့်မှာ ကျွန်တော်မျိုး လျှောက်တင်ပေးအပ်ခဲ့တဲ့ အကြံအတိုင်း ယခုအခါ သမီးတော်



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့တေးတွေဟာ ဇမ္ဗူဒိတ်တစ်ဝန်းလုံး ပျံ့နှံ့နေပြီ မဟုတ်ပါလား"

ဇမ္ဗူဒိတ်တစ်ဝန်းလုံးဟူသော စကား ချဲ့ကားလွန်းမှန်း သိလိုက်သော်လည်း စူဠနီဗြဟ္မဒတ်မင်းကြီးသည် မသိကျိုးကျွန်ပြု အသာအယာပင် ပြုံးကာ . . .

"သင် စီမံခဲ့သမျှ အမှုကိစ္စတွေအားလုံးမှာ ယခုတစ်ကြိမ်ကတော့ အလှပဆုံးနဲ့ အသေသပ်ဆုံးပဲ ပုရောဟိတ်ကြီး"

"အလှပဆုံး၊ အသေသပ်ဆုံး အပြင်မှာ အထိရောက်ဆုံးလဲ ဖြစ်ရပါစေမယ် အရှင်မင်းကြီး။ သမီးတော်ရဲ့ အလှဂုဏ်ဘွဲ့တေးကဗျာတွေဟာ အခုဆိုရင် ပဉ္စာလရာဇ်နိုင်ငံတော်ကြီးရဲ့ နယ်နိမိတ်ကို ကျော်လွန်ပြီး ဟိုမိထိလာပြည်ဆီကို ရောက်ရှိထိမှန်တော့မယ်"

"ရောက်ရှိထိမှန်တော့မယ် ဟုတ်လား၊ ဒီစကားလုံး တယ်ကောင်းတာပဲ"

"မှန်ပါတယ် အရှင်မင်းကြီး၊ ဒီလိုပဲ သုံးရပါမယ်။ ဒီတေးကဗျာတွေဟာ စင်စစ်တော့ ကျွန်တော်မျိုးတို့ရဲ့ လက်နက်တွေပဲမဟုတ်လား။ ဒီတေးကဗျာတွေကို ကြားရတဲ့ မိထိလာဘုရင် ဝိဒေဟရာဇ်ဟာ ကိလေသာ ငြိမ်းသူ မဟုတ်တဲ့အတွက် လက်နက်ရဲ့ထိုးစိုက်ခြင်းကို မုချခံရမှာ ဖြစ်ပါတယ်။ ကိလေသာသားကောင်ကို ဖြားယောင်းပြီး ဥပါယ်နဲ့ ပဉ္စာလရာဇ်ကိုခေါ်၊ ဟိုသူကြွယ်သား လူရမ်းကားနဲ့တကွ၊ သင်းတို့အားလုံးကို လုပ်ကြံဖျောက်ဖျက်၊ ကျွန်တော်မျိုးတို့ရဲ့ အောင်သေအောင်သောက်ပွဲမင်္ဂလာကျင်းပ၊ ဒီအစီအမံအတိုင်းပဲ ဖြစ်လာရမှာပါ အရှင်မင်းကြီး"

ပဉ္စာလရာဇ်ဘုရင်ကြီးသည် သလွန်ပေါ်တွင် လှဲလျောင်းနေရာမှ ကိုယ်ကို မတ်မတ်ပြင်ထိုင်ကာ ခြေနှစ်ဖက်ကို နန်းကြမ်းပြင်ထက်သို့ ချလိုက်သည်။

"ကျွန်ုပ်တို့ အောင်မြင်မှာပါပဲ ပုရောဟိတ်ကြီး။ ဒီလို တေးကဗျာတွေကို သူ့ထက်ငါ ကောင်းသည်ထက် ပိုကောင်းအောင် အပြိုင်အဆိုင် စပ်ဆိုကြဖို့အတွက် ဘဏ္ဍာတော်တိုက်ထဲက ရွှေ၊ ငွေ၊ ရတနာဆုလာဘ်တွေကို အများကြီးသုံးခဲ့တာ မဟုတ်လား"

"အချည်းအနှီး မဖြစ်ပါဘူး အရှင်မင်းကြီး"

"မဖြစ်ဘူး။ ကျွန်ုပ်သိပါတယ်။ ပြီးတော့လဲ ကျွန်ုပ်ရဲ့ လက်နက်နိုင်ငံ





တော်ကြီးထဲမှာ ကိုးကျိပ်ကိုးယောက်သော သစ္စာတော်ခံ တိုင်းပြည်တွေ ရှိနေတာပဲ၊ ဒါပေမဲ့ . . ."

"မိန့်တော်မူပါ အရှင်မင်းကြီး"

"အခုထက် ပိုမိုထိရောက်ပြီး အခုထက် ပိုမိုအံ့သြစရာကောင်းမယ့် အစီအမံကို ကျွန်ုပ် စိတ်ကူးမိထားတယ်"

"ကြားသိပါရစေ အရှင်မင်းကြီး"

* * *

"အခုဆိုရင် သမီးတော်ရဲ့ အလှဘွဲ့ကဗျာတွေဟာ မြို့ရွာအရပ်ရပ်မှာ ပျံ့နှံ့ကျော်စောခဲ့ပြီ မဟုတ်လား ပုရောဟိတ်ကြီး။ စောစောက သင် ပြောခဲ့တဲ့အထဲမှာ ဇမ္ဗူဒိပ်တစ်ဝန်းလုံး ပျံ့နှံ့နေပြီဆိုတဲ့စကား ပါလာတယ်။ အမှန်တော့ ဒါဟာ အလွန်အကျူးချဲ့ကားပြီး သင် ပြောလိုက်တာပဲ၊ ဒါပေမဲ့ ဒီစကားလုံးအတိုင်း ဖြစ်လာအောင် ကျွန်ုပ်မှာ အကြံအစည်ရှိထားတယ်"

"အရှင်မင်းကြီးရဲ့ အကြံအစည်ကို ကြားပါရစေ"

"သမီးတော် ပဉ္စာလဒေဝီရဲ့ ဂုဏ်သတင်းဟာ လူ့ပြည်လူ့ရွာမှာသာမက နတ်ပြည်အထိ ထင်ရှားကျော်စောတယ်လို့ မိထိလာသားတွေ ယုံမှတ်သွားအောင် ကျွန်ုပ် ပြုလုပ်မယ်"

"နတ်ပြည်အထိ၊ ဟုတ်ပါသလား အရှင်မင်းကြီး"

"ဟုတ်တယ်"

အမြဲတစေလိုပင် ကေဝဋ္ဋပုရောဟိတ်ထံမှ အကြံဉာဏ်တောင်းခံခဲ့ရာ ယခုအခါ မိမိကိုယ်တိုင် အကြံဉာဏ်သစ်ကို ရရှိနိုင်ပြီဟူသော စိတ်ဖြင့် စူဠနီဗြဟ္မဒတ်မင်းကြီးသည် တက်ကြွလျက် ရှိလေသည်။

"နားထောင်စမ်း ကေဝဋ္ဋပုရောဟိတ်ကြီး၊ ပထမဆုံး ရတု၊ ရကန်၊ အဲ၊ အန်၊ သာချင်းကို အကောင်းဆုံးသီဆိုနိုင်တဲ့ သဘင်သည်တွေကို စုရုံးလိုက်မယ်။ ပြီးတော့ သူတို့ကို မိထိလာလွှတ်မယ်၊ မိထိလာမှာ ကြီးမားလှတဲ့ ငှက်ကြီးတွေ ပေါများတယ် မဟုတ်လား၊ အဲဒီငှက်ကြီးတွေကို မနာမကျင်ရအောင် ဖမ်းယူရမယ်၊ ကျွမ်းကျင်တဲ့ ငှက်ခတ်သမားတွေပါ ထည့်ပေးလိုက်ရမှာပေါ့လေ၊ အဲဒီလို ဖမ်းယူပြီးရင် ညဥ့်အခါတွေမှာ ကျေးငှက်တွေနေနားရာ သစ်ပင်မြင့်ထက်ကိုတက်ကြရမယ်၊ ပြီးတော့ သမီးတော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့တေးကဗျာတွေကို အကောင်းဆုံး သီဆိုရင့်ကျူးကြရမယ်။ နံနက်အရုဏ်တက် လူတွေမနိုးမီမှာ ညဥ့်က ဖမ်းထားတဲ့ ငှက်ကြီးတွေရဲ့လည်မှာချူဆည်းလည်းဆွဲပြီးလွှတ်၊ လူမသိအောင် သူတို့လဲ ပြန်ဆင်းရကြမယ်"

"အို . . . အံ့မခန်းကောင်းမြတ်လှတဲ့ အကြံအစည်ပါလား အရှင်မင်းကြီး"

"နေဦး . . . ပုရောဟိတ်ကြီး၊ အဲဒီနေရာမှာ ရေးစပ်သီဆိုမယ့် တေးကဗျာတွေဟာ အခုထိ ရေးစပ်သီဆိုထားသမျှ တေးကဗျာအားလုံးထက်ပိုထူးခြားရမယ်"

"ဘယ်လို ထူးခြားမှာပါလဲ အရှင်မင်းကြီး"

"စာဆိုပညာရှိတွေကို ကျွန်ုပ်ကိုယ်တိုင် အခြေခံအကြောင်းအရာတွေပေးမယ်။ သူတို့ရေးစပ်ရမှာက ကျွန်ုပ်ရဲ့ ဘုန်းအာဏာစည်းစိမ်အမျိုးအနွယ် ကြီးကျယ်ပုံတွေ၊ ပြီးတော့မှ သမီးတော်ရဲ့ ဘုန်းအာဏာစည်းစိမ်အမျိုးအနွယ်နဲ့ အလှဂုဏ်ကြီးကျယ်ပုံတွေ၊ ဒီလိုသမီးတော်မျိုးအတွက် ဖူးစာရှင်က တစ်သောင်းယူဇနာကျယ်တဲ့ ဒီဇမ္ဗူဒိပ်ကျွန်း တစ်ရာသော တိုင်းကြီးပြည်ကြီးများမှာ ထိုက်တန်သူမရှိကြောင်း၊ သမီးတော်အတွက်ထိုက်တန်သောမင်းဟာ ဝိဒေဟရာဇ်မင်းသာဖြစ်ကြောင်း စီကုံးဖွဲ့နွဲ့ရမယ်"

"အရှင်မင်းကြီးဟာ ကျွန်တော်မျိုးတို့ ပုရောဟိတ်များစွာထက်သာလွန်မြင့်မြတ်တဲ့ မဟာပရိယာယ်အကြံအစည်ကြီးကို ဖန်တီးလိုက်ပါပြီ"

"သင့်ရဲ့ ချီးကျူးပူဇော်မှုကို ခံယူနေရမယ့် အချိန်မဟုတ်ဘူး၊ စာဆိုပညာရှိတွေကို စုရုံးလိုက် ပုရောဟိတ်ကြီး"

●



(၂၁)

'ဥတ္တရပဉ္စာလရာဇ် မဟာမင်းနေပြည် . . .
ထီးတစ်ရာ ပဏ္ဏာကြို့မြို့ပေါင်းခလေသည်
နတ်စည်းစိမ်ပမာညီ . . .
မဟာကေရာဇ် ပဒေသရာဇ်အပေါင်းတို့ လက်အုပ်ချီ
စူဠနီဗြဟ္မဒတ် ဘုရင်မင်း ထင်လင်းစိုးစံတော်မူသည်'

'မဟာကေရာဇ်မင်း၊ သက်နှင်းစုံဖက် မဟာဒေဝီ . . .
အဂ္ဂမဟေသီ နန္ဒာဒေဝီမိဖုရားခေါင်ကြီးသည်
မဒ္ဒရာဇ်ပြည်ကြီးသခင် အရှင်နန်းမတောင်ညာစံဒေဝီ'

'နေလနှစ်ပါး ရွှေမြနှစ်သား ဂဟေဆက် ဆင်းသက်ခဲ့ပြီ . . .
တုဖက်ကင်းလွှတ် ဝင်းမွတ်နတ်ဟန်ချီ
ခြောက်ဆယ့်လေးရပ် ကောင်းခြင်း အထပ်ထပ်စုံညီ
မဟာသွေး မဟာဆီ တောင်ညာနန်းမှ မွေးဖွားခဲ့သည်
လူ့ရွာကျော်ဖြတ် နတ်ပြည်ရပ်ထံ ဂုဏ်သတင်းသင်းပြီ
အို . . . ဘယ့်ဘယ် . . . အိုဘယ့်သမီးတော် ပဉ္စာလဒေဝီ'



www.burmeseclassic.com

www.burmeseclassic.com



'ရွှယ်တော်အသင့် တင့်တင့်တယ်တယ်၊ သမီးတော်ဒေဝီ
ဖူးစာရှင်မင်းယောက်ျား စုလျားစုံဖက်ကြကာစည်
ဇမ္ဗူဒိပ်မင်းအပေါင်း အကြောင်းမဖန် မထိုက်တန်သည်
စူဠနီဗြဟ္မဒတ်မင်းထံ ကျေးတော် ကျွန်တော် ခံကြရသည်
အနွယ်အမျိုး အစိုးရမင်း အချင်းချင်းသာ ဂုဏ်တင့်တယ်မည်။
မိထိလာရွှေပြည် ဝိဒေဟရာဇ်မင်း ထင်လင်းရှိနေသည်
သမီးတော်ဒေဝီသည် ထိုဘုရင်မင်းနှင့် ...
ရတနာချင်းထပ် မြတ်လှမင်္ဂလာညီ'

လေးပိုဒ်မျှရှိသော ထိုတေးကဗျာသည် မိထိလာပြည်အတွင်းဝယ် သောသောအုတ်အုတ် ဖြစ်လာခဲ့လေသည်။

မိထိလာသားတို့အဖို့မူကား ထိုတေးကဗျာသည် ညဥ့်အခါတွင် မြင့်စွာသော ကောင်းကင်အထက်ဆီမှ ဝဲပျံလူးလွန့်လာကာ နံနက်မိုးမသောက်မီတွင် ချိုအေးသော ချူဆည်းလည်းသံများတို့ပါ ကောင်းကင်ထက်၌ ကြားကြရသည်။

ပဉ္စာလရာဇ်မင်းသမီး၏ အလှဘွဲ့တေးကဗျာနှင့် ပတ်သက်၍ မိထိလာတွင် တညီတညွတ်တည်းသော စကားဖြင့် အုတ်အော်သောင်းတင်း ဖြစ်ခဲ့လေပြီ။

"ပဉ္စာလရာဇ်မင်းသမီးရဲ့ အလှဂုဏ်ဟာ လူ့ပြည်မှာတင်မကဘူး နတ်ပြည်အထိ သတင်းဂုဏ် ကျော်စောနေတယ်။ ပြီးတော့ အဲဒီမင်းသမီးလေးအတွက် ထိုက်တန်သော ဖူးစာရှင်ဆိုတာကလဲ ဒီဇမ္ဗူဒိပ်မှာတို့ရဲ့ ဝိဒေဟရာဇ်မင်းကြီးတစ်ပါးတည်းသာ ရှိတယ်ဆိုပါလား"

မျှားမကြာမီမှာပင် သတင်းသစ်တစ်ခု ပေါ်လာပြန်သည်။

"အဲဒီ တေးကဗျာပိုဒ်ကို ဆိုတတ်တဲ့ သဘင်သည်အဖွဲ့ကို ငါတို့ဘုရင် ဝိဒေဟရာဇ်မင်းကြီးက နန်းတော်ထဲ ခေါ်ယူလိုက်ပြီတဲ့"

* * *

တေးကဗျာ ရတု၊ အဲ၊ အန်၊ သာချင်း အမှုကိစ္စ အစီအမံနှင့် ပတ်သက်၍ စူဠနီဗြဟ္မဒတ်မင်းကြီးနှင့် ကေဝဋ္ဋပုရောဟိတ်တို့သည် တတိယအကြိမ်အဖြစ် လျှို့ဝှက်တွေ့ဆုံကြပြန်သည်။





"အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ရဲ့ ပရိယာယ်စစ်မြားဟာ ဝိဒေဟရာဇ်မင်းကို ကောင်းကောင်းထိမှန်နေပါပြီ။ မိထိလာကို လွှတ်လိုက်တဲ့ ပန်တျာသဘင်သည်များ ပြန်ရောက်လာလို့ သူတို့ဆီက သတင်းစကားအစုံကို ရခဲ့ပါပြီ"

"ကျွန်ုပ်တို့ ချိန်ရွယ်လွှတ်လိုက်တဲ့အတိုင်း တိတိကျကျ ထိမှန်သတဲ့လား"

"ကောင်းကောင်းကြီး ထိမှန်တာပါပဲ အရှင်မင်းကြီး။ မိထိလာနန်းတော်ထဲမှာ ကျွန်တော်မျိုးတို့ရဲ့ပညာရှင်တွေဟာ လေးပိုဒ်ရှိတဲ့ သမီးတော်ဘွဲ့တေးကဗျာကို အကောင်းဆုံး ကျူးရင့်ခဲ့ကြရပါတယ်။ ဝိဒေဟရာဇ်မင်းကြီးဆိုတာဟာလဲ နန်းတော်ထဲက စည်းစိမ်ကြီးရှင်ဖြစ်တဲ့အတွက် အရွယ်မည်မျှရှိနေစေ၊ စိတ်နှလုံးနုပျိုဆဲ ဖြစ်ပါတယ်။ သမီးတော်ဘွဲ့တေးကဗျာကို နားဆင်လိုက်ရတဲ့အချိန်မှာ သူဟာ သဒ္ဒါရုံရဲ့ လှုပ်ဆွမှုကြောင့် ကိလေသာစိတ် ယိုဖိတ်သွားခဲ့ပါတယ်"

"ဝိဒေဟရာဇ်မင်း ကိလေသာစိတ် ယိုဖိတ်တာကို သင်က ဘယ်လိုလုပ်သိသလဲ ပုရောဟိတ်ကြီး"

"မိထိလာက ပြန်လာတဲ့ ကျွန်တော်မျိုးတို့ရဲ့ သဘင်သည်များပြောပြချက်အရ ဟိုတေးကဗျာရဲ့ စတုတ္ထအပိုဒ် ... 'မိထိလာရွှေပြည် ... ဝိဒေဟရာဇ်မင်း ထင်လင်းရှိနေသည် ... သမီးတော်ဒေဝီသည် ... ထိုဘုရင်မင်းနှင့် ရတနာချင်းထပ် ... မြတ်လှမင်္ဂလာညီ' ဆိုတဲ့အပိုဒ်ကို ရောက်တဲ့အခါမှာ မျက်လုံးတွေ အရောင်တောက်ပလာပြီး သဘင်သည်တွေကိုလဲ ရွှေ၊ ငွေ၊ ဆုလာဘ်တွေ အများအပြား ပေးချလိုက်တယ်လို့ ကြားသိရပါတယ်"

"ကောင်းလိုက်လေ ပုရောဟိတ်ကြီး၊ အမြဲတမ်း ကျွန်ုပ်တို့ကို ဥပါယ်တံမျဉ်နဲ့ အနိုင်ယူခဲ့တဲ့ ဟိုသူကြွယ်သား မဟောသဓာလဲ ဒီတစ်ခါတော့ မတတ်နိုင်တော့ဘူးပေါ့"

"သူကြွယ်သား လူရမ်းကားရဲ့ အခန်းကဏ္ဍ ပျောက်ဆုံးသွားပါပြီ အရှင်မင်းကြီး"

ကေဝဋ္ဋပုရောဟိတ်သည် စကားပြောရင်း နဖူးကို ယောင်ယမ်း၍ လက်နှင့်စမ်းလိုက်မိလေသည်။ သူ့နဖူးပြင်ထက်တွင် စကားစစ်ထိုးပွဲမှ ရခဲ့သော ဒဏ်ရာအမာရွတ်သည် မပျောက်တတ်သေး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . အဲဒီတော့ နောက်တစ်ဆင့်အစီအမံနဲ့ ရှေ့ဆက်ကြစို့ ပုရောဟိတ်ကြီး"

"အဲဒီကိစ္စအတွက် ကျွန်တော်မျိုး အခစားဝင်လာခြင်း ဖြစ်ပါတယ် အရှင်မင်းကြီး။ အခုအချိန်မှာ မိထိလာဘုရင်ဟာ ကိလေသာတဏှာရဲ့ သားကောင်လုံးလုံး ဖြစ်နေပါပြီ။ တစ်နည်းအားဖြင့် ငါးမျှားချိတ်မှာ တပ်ထားတဲ့ ငါးစာကိုဟပ်မျိုရင်း သံချိတ်တွေစူးဝင်တဲ့ ငါးကြီးတစ်ကောင် ဖြစ်နေပါပြီ။ ဒီ ငါးမျှားချိတ်နဲ့တကွသော ငါးမျှားကြိုးကို အသာအယာဆွဲဖို့ပဲ ရှိပါတော့တယ်၊ ဒါကြောင့် . . ."

စူဠနီဗြဟ္မဒတ်မင်းကြီးသည် သားမြီးယပ်ကိုင်ထားသော လက်ကို အားပါးတရ ဝှေ့ယမ်းလိုက်ပြီး . . .

"ပုရောဟိတ်ကြီး . . . ကန့်လန့်ကာရှေ့ကို သင့်ကိုယ်တိုင်ထွက်ချိန်ကျပြီ မဟုတ်လား။ ကောင်းပြီ၊ မေတ္တာသံတမန်အဖြစ်နဲ့ သင် မိထိလာကို သွားချေတော့၊ လိုအပ်တဲ့ လက်ဆောင်ပဏ္ဏာတွေကိုလဲ ဘဏ္ဍာတော်တိုက်ထဲက ထုတ်ယူ၊ နေ့ရက်အချိန်းအဆက်နဲ့ မေတ္တာဆက်စကားကိုဆို၊ တိုင်းကြီးပြည်ကြီး သံတမန်အင်္ဂါနဲ့ညီညွတ်စေမယ့် အခြွေအရံ အဆောင်အယောင်ကိုပါ ယူသွား၊ ငါးမျှားချိတ်မှာ မိနေတဲ့ငါးတို အသာအယာ ဆွဲခေါ်ခဲ့ပေတော့"

●



(၂၂)

မိထိလာနယ်စပ်သို့ ကေဝဋ္ဋပုရောဟိတ်ခေါင်းဆောင်သော သံတမန်အဖွဲ့ ရောက်ရှိခြေချသော နေ့မှာပင် မဟောသဓာသုခမိန်၏ စံအိမ်တော် ပိဋကတ်ဆောင်ထဲတွင် သုခမိန်နှင့် လက်ရွေးစင်အမှုထမ်းတစ်ဦး တွေ့ဆုံဆွေးနွေးကြသည်။

အမှုထမ်းက အသင့်ရောက်ရှိကြောင်း အစီရင်ခံသည်။

"ကျွန်တော်မျိုး ရောက်ပါပြီ အရှင်"

"ကညစ်နဲ့ပေ ယူလိုက်ပါ မောင်မင်း"

မဟောသဓာသုခမိန်သည် ထုံးစံအတိုင်း နူးညံ့စွာ အမိန့်ပေးလိုက်သည်။

"ရေးပါ မောင်မင်း"

ပေရွက်ပေါ်တွင် ကညစ်သွား စတင်ရွေ့လျားသည်။ မဟောသဓာထံမှ ပြတ်သားသော စကားများ တစ်လုံးချင်း အစီအရီထွက်ကျလာသည်။

'ဥတ္တရပဉ္စာလရာဇ်ရောက် သူလျှိုအမတ်သိစေရန်မှာ ရန်သူနိုင်ငံ စစ်စစ်မှန်လျှင် ငါလိုမင်းကြီးထံ အမျိုးဆက်လို၍ လာသည်ဆိုခြင်းမှာ အကြောင်းရှိရာ၏။ ငါတို့ပြည်ကို ယခု ကေဝဋ္ဋပုရောဟိတ်လာသည်မှာ သူတို့မင်းနှင့် ပုရောဟိတ် မည်ကဲ့သို့ အတိုင်အပင် အကြံအစည်ရှိ၍ လာကြောင်းကို ကြားမြင်တိုင်း သိသာအောင် စုံစမ်းထောက်လှမ်း၊ အကြောင်းစုံကို အဆောတလျှင် ပြန်ကြားလျှောက်ထားလေ'



www.burmeseclassic.com

www.burmeseclassic.com



အမိန့်သဝဏ်လွှာသည် အဆင့်ဆင့်သော မြင်းသည်ကျော်၊ ခြေလျင်ကျော် ဆက်သားတို့အားဖြင့် ကူးပြောင်းကာ ဥတ္တရပဉ္စာလရာဇ်ရှိ မိထိလာ သူလျှိုအမတ်ထံသို့ တစ်နေ့နှင့်တစ်ညဉ့်အတွင်း ရောက်သွားသည်။

ကေဝဋ္ဋပုရောဟိတ်နှင့် သံတမန်အဖွဲ့ မိထိလာနန်းမြို့တွင်းသို့ ဝင်ရောက်သည့်နေ့မှပင် သူလျှိုအမတ်ထံမှ ပြန်ကြားလျှောက်ထား သဝဏ်လွှာ ရောက်လာသည်။

*အရှင် သုခမိန်ထံ ကျွန်တော်မျိုးသူလျှိုအမတ် လျှောက်ထား ပြန်ကြားသည်မှာ . . .*

*ကေဝဋ္ဋအမတ်ကြီးကို မည်သို့သော အကြံအစည်ဖြင့် စေလွှတ်လိုက်သည်ကို တပ်အပ်မသိနိုင်ပါ။ ဆင်ခြင်ရန်မှာကား တစ်နေ့သ၌ ကေဝဋ္ဋအမတ်သည် ပဉ္စာလရာဇ်မင်းနှဲ့ နန်းတော်ပြာသာဒ်အထက် ဆင့်သို့တက်၍ မင်းကြီးအိပ်ရာ တိုက်ခန်း၌ နှစ်ယောက်တည်းသာ အကြာရှည်နေလျက် တိုင်ပင်ပြောဆိုကြသောအခါ မင်းကြီး အိပ်ရာစောင့်ဖြစ်သော သာလိကာမတစ်ကောင်သာလျှင် ရှိ၏။ ထိုမှ တစ်ပါး တစ်ယောက်သောသူမျှ မရှိ။ ထို့ကြောင့် မင်းပုရောဟိတ်တို့၏ အတိုင်အပင်ကို သာလိကာမ ကြားသိရလိမ့်မည် ထင်ပါသည်။*

*မိထိလာသူလျှိုအမတ်*

"မောင်မင်း သွားနိုင်ပါပြီ"

ပြန်ကြားလျှောက်ထား သဝဏ်လွှာကို ယူဆောင်လာသော အမှုထမ်း ထွက်သွားပြီးနောက်တွင် စံအိမ်ပိဋကတ်ဆောင်ထဲ၌ မဟောသဓာ တစ်ဦးတည်း ကျန်ရစ်ခဲ့သည်။ အတွေးတွင် တစ်မုဟုတ်ချင်း ပေါ်လာသော စကားလုံးတို့ကို မဟောသဓာသည် မိမိကိုယ်တိုင်ပင် အသံအဖြစ် ပြတ်သားစွာ ကြားယောင်လိုက်လေသည်။

"ပဉ္စာလရာဇ်မင်းနဲ့ ကေဝဋ္ဋပုရောဟိတ်တို့ဟာ ငါတို့ရဲ့အဆွေခင်ပွန်း မဟုတ်ဘူး၊ ရန်သူသာဖြစ်တယ်။ အခု ကေဝဋ္ဋရောက်လာခြင်းဟာ မေတ္တာဆက်လိုခြင်းကြောင့် မဟုတ်ဘူး၊ တစ်စုံတစ်ခုသော ပရိယာယ်ဥပါယ်ကို သုံးခြင်းသာ ဖြစ်တယ်။ မင်းကြီးရဲ့ အကျိုးစီးပွားပျက်စီးမှုနဲ့ မိထိလာရဲ့





ဆုံးရှုံးမှုအတွက် ရောက်လာတဲ့ ကေဝဋ္ဋအမတ်ကို ဧည့်သည်အဆွေခင်ပွန်းကောင်းအဖြစ် ဧည့်ဝတ်ပြုစု ချီးမြှောက်မယ် ဆိုရင်လဲ ကျေးဇူးတုံ့ကို သိမှာ မဟုတ်လေဘူး။ မဟောသဓာဟာ ပညာရှိစင်စစ်ဆိုပြီး ငါတို့အကြံကိုမှ မဆင်ခြင်ရှာဘူး၊ ပညာနည်းစွဆိုပြီး ကျေးဇူးမဲ့ပြုမှာ အမှန်ဖြစ်တယ်။ ဒါကြောင့် ကေဝဋ္ဋအမတ်ကို ချမ်းသာခွင့်မပေးနိုင်ဘူး။ ကိုယ်စိတ်ဆင်းရဲစွာနဲ့ မိထိလာက ပြန်စေရမယ်၊ ဒါကြောင့် . . ."

ပိဋကတ်ဆောင်မှ ထွက်ခဲ့ပြီး အမရာဒေဝီ ပြုပြင်ပေးသော ညဉ့်ဦးဘောဇဉ် ချိုချဉ်ပွဲကို သုံးဆောင်ရန် လေသာဆောင်သို့ အကူးမှာပင် မဟောသဓာသည် ရှေ့ဆက်လက်ပြုလုပ်ရမည့် အစီအမံအားလုံးကို စိတ်ကူးချမှတ်ပြီးပေပြီ။

* * *

ကေဝဋ္ဋပုရောဟိတ်ကြီးသည် အားရကျေနပ်စွာဖြင့် မိမိဆင်မြန်း ထားသော အဆင်တန်ဆာ အဆောင်အယောင်တို့ကို ကြေးမုံပြင်တွင် တတိယအကြိမ် ထပ်ကြည့်လိုက်ပြန်သည်။ ကြေးမုံပြင်တွင် မြင်နေရသော အသွင်သဏ္ဌာန်ကား တကယ့်ငြိမ်းချမ်းသော မဟာမိတ်သံတမန်ကြီးတစ်ပါး၏ ပုံပင်ဖြစ်၏။ ဆွတ်ဆွတ်ဖြူသော ဘော်ငွေရောင်သိုရင်း၊ ရွှေချည်မျှင် ငါးချောင်းဖြင့် ရက်လုပ်သော ကြိုးစလွယ်၊ လည်မှာ ပတ္တမြားရင်ကပ်၊ ဦးခေါင်းထက်တွင် ပုလဲများမြှုပ်နှံ့ထားသော ရွှေတောင်း၊ နားမှာ ရှည်လျားချွန်မြသော ရွှေနားတောင်း။

ရွှေလမ်း ငွေလမ်းဖောက်မည့် တကယ့် သံကြီးတမန်တစ်ပါး၏ ပုံစံပင် ဖြစ်သည်။ ပူလောင်တက်ကြွသော အနီရောင်၊ အစိမ်းရောင်၊ အပြာရောင် စစ်သူရဲကောင်းများ ဝတ်ဆင်လေ့ရှိသည့် အရောင်မျိုးမဟုတ်။

ကေဝဋ္ဋပုရောဟိတ်ကြီးသည် တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး သုံးသပ်ကြည့်ရှုခါ ကြေးမုံပြင်မှ ခွာလိုက်သည်။

"ကိုင်း . . . အဆင်သင့်ပဲ မောင်မင်း၊ မဟောသဓာသုခမိန်ရဲ့ စံအိမ်ကို သွားကြစို့"

"ဒီဘက်ကိုကြွပါ ပုရောဟိတ်ကြီး"

ကိုယ်ရံတော်စစ်သည်က ရိုကျိုးစွာ ဦးညွှတ်၍ လမ်းဖယ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကေဝဋ္ဋပုရောဟိတ်သည် ရင်ကိုမတ်၊ လည်ကိုစွင့်လျက် ဘုရင့်နန်းတော်အပြင်ဘက်ဆုံး အဆောင်မှ ထွက်ခွာလေသည်။

ကေဝဋ္ဋပုရောဟိတ်သည် ဝိဒေဟရာဇ်မင်းကြီးထံ အခစားဝင်ခဲ့ပြီး ဖြစ်သည်။ ပဏ္ဏာလက်ဆောင်တော်များဆက်သ၍ ရွှေလမ်းငွေလမ်းဖောက်သော စကားမင်္ဂလာတို့ကိုလည်း ပြောဆိုလျှောက်ထားခဲ့ပြီး ဖြစ်သည်။ အကောင်းဆုံးစကားလုံးများကို ရွေးသုံးနိုင်ခြင်းကြောင့် မိမိကိုယ်မိမိလည်း အားရကျေနပ်လျက် ရှိသည်။ ယခုတိုင် မိမိအသံကို မိမိ ကြားယောင်နေဆဲ . . .

"ဆင်ရတနာ၊ မြင်းရတနာနှင့် သမီးကညာရတနာတို့ကို အရှင်မင်းကြီးအား ပေးဆောင်နှင်းလျက် ဂင်္ဂါမြစ်ရေနှင့် ယမုနာမြစ်ရေသည် မခြားမနား အခြားမရှိ ဂုဏ်တူ၍ တစ်စပ်တည်း စီးကြလေကုန်သကဲ့သို့ . . . အရှင်မင်းကြီးတစ်ပါးတည်းကိုသာလျှင် ပြည်ထောင်ဘက်ချင်း ထပ်တူထင်တော်မူသည်နှင့်အညီ အဆွေခင်ပွန်းဖွဲ့လျက် အမျိုးဆက်တော်မူလိုသောကြောင့် အရှင်မင်းကြီးသည် အကျွန်ုပ်တို့ ဥတ္တရပဉ္စာလရာဇ်တိုင်းသို့ ကြွတော်မူပါလျှင် သမီးကညာရတနာနှင့်တကွ များစွာသော လက်ဆောင်လက်နက်တို့ကိုလဲ ရတော်မူလတ္တံ့။ ဤနှစ်ပြည်နှစ်တိုင်းလဲ မရိုင်းမခြား၊ သားတော်စဉ် မြေးတော်အဆက် မပျက်သော အဆွေခင်ပွန်းကြီး ဖြစ်တော်မူလတ္တံ့။ ထို့ကြောင့် ပဉ္စာလရာဇ်ပြည်သို့ အရှင်မင်းကြီး ကြွတော်မူမှ သင့်ပါမည်"

ပဉ္စာလဒေဝီမင်းသမီး၏ အလှဘွဲ့တေးကဗျာတို့ကို နားဆင်ရပြီးကတည်းက စိတ်နှလုံးတိမ်းညွတ်နေသော ဝိဒေဟရာဇ်မင်းကြီးသည် အတိုင်းထက်အလွန် ရွှင်လန်းအားရသွားခဲ့လေသည်။ သို့ဖြင့်ပင် မင်းကြီးက . . .

"ယခင်အခါက ဆရာပုရောဟိတ်နဲ့ သားတော်မဟောသဓာတို့ဟာ စကားစစ်ထိုးပွဲကို အကြောင်းပြုပြီး မချေမငံ ခက်ထန်တင်းမာဖြစ်ခဲ့ကြဖူးတယ်။ ဒီအာဃာတတွေကို အခုလိုအချိန်မှာ ချေဖျက်သင့်ပြီ။ ဒါကြောင့် ဆရာပုရောဟိတ်ကိုယ်တိုင် သားတော်မဟောသဓာဆီ သွားပါ။ အညီအညွတ် အပြေအပြစ်ဖြစ်အောင် ဆက်ဆံကြပါ။ ဆရာပရောဟိတ် လာရင်းအကြောင်းကိုလဲ သားတော်သိအောင် ပြောပြပါ။ ပြီးမှ ဆရာပုရောဟိတ်နှင့် သားတော်မဟောသဓာတို့ မဟာမိတ်အဖြစ် နှစ်ယောက်ယှဉ်တွဲပြီး ကျွန်ုပ်ထံ





အခစားဝင်ခဲ့ကြပါ"

ထိုအစီအစဉ်အရ ကေဝဋ္ဋပုရောဟိတ်ကြီးသည် မဟောသဓာ၏ စံအိမ်တော်သို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်လေသည်။ ရွှေလမ်းငွေလမ်းဖောက်သည့် သံတမန်ကြီးဝတ်စုံကို ဝတ်ဆင်ထားသော ကေဝဋ္ဋပုရောဟိတ်မျက်စိထဲတွင်ကား ငါးများချိတ်၊ ငါးစာနှင့် သံချိတ်စူးဝင်မည့် ငါးကြီးကိုသာ မြင်ယောင်လျက် ရှိလေသည်။

"မောင်မင်း မဟောသဓာသုခမိန်ရဲ့ အမှုထမ်းလား"

လမ်းပြခေါ်ဆောင်သွားသူ မင်းလုလင်အား ကေဝဋ္ဋပုရောဟိတ်က မေးလိုက်သည်။

"မဟုတ်ပါဘူး ပုရောဟိတ်ကြီး၊ ကျွန်တော်မျိုးက နန်းတော်က အမှုထမ်းပါ။

"သတ်မှတ်ထားတဲ့ နေရာအရောက်မှာ သုခမိန်ရဲ့ အမှုထမ်းက စောင့်နေပါလိမ့်မယ်။ အဲ့ဒီနေရာရောက်တော့မှ သူ့လက်ထဲကို တစ်ဆင့်လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်"

"အင်း . . . မောင်မင်းတို့ စီမံပုံ တယ်စနစ်ကျပေတာပဲ။ နန်းတော်တံခါးဝကနေ ဘုရင့်နန်းဆောင်ထဲ ဝင်တဲ့လမ်းခရီးကလဲ တယ်အဆန်းတကြယ်နိုင်တာပဲ။ မောင်မင်းတို့ မိထိလာဟာ ချမ်းသာကြွယ်ဝသလို သာယာလှပတဲ့ တိုင်းပြည်လဲ ဖြစ်ပေတယ်"

ကေဝဋ္ဋပုရောဟိတ်စကား အဆုံးတွင် ရှေ့မှ မင်းလုလင် ပြုံးလိုက်သည်။ ကေဝဋ္ဋပုရောဟိတ်ကမူ မင်းလုလင် ပြုံးသည်ကို မမြင်ချေ။ ခဏအကြာတွင် နန်းတော်တံခါးဝအဆုံးနှင့် မဟောသဓာ၏ စံအိမ်တော်ဝင်ပေါက်အစ သတ်မှတ်ထားသော နေရာသို့ ရောက်လာကြသည်။

"ကျွန်တော်မျိုး တာဝန်ပြီးဆုံးပါပြီ ပုရောဟိတ်ကြီး။ ဆက်လက်ပြီး ဟောဒီ သုခမိန်ရဲ့ အမှုထမ်းက ခေါ်ဆောင်လမ်းပြသွားပါလိမ့်မယ်"

"ကောင်းပြီ။ ကောင်းပြီ။ ဩော် . . . မဟောသဓာသုခမိန်ရဲ့ စံအိမ်ဝင်ပေါက် လမ်းခရီးကိုတောင် ရောက်လာပြီလား။ ကျွန်ုပ်ဖြင့် မင်းလမ်းခရီး အိမ်ဈေးတန်းနံပါးနှစ်ဘက်တွေ အမိုးမျက်နှာကြက်တွေကို တစ်လမ်းလုံး ငေးမောကြည့်ရှုနေမိတာကြောင့် ရောက်လို့ရောက်မှန်းတောင် မသိလိုက်ဘူး။ ကိုင်း . . . မောင်မင်းတို့ လုပ်စရာရှိတာ လုပ်ကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်လမ်းအတိုင်း ကြွပါ ပုရောဟိတ်ကြီး"

လမ်းပြအသစ်ဖြစ်သော စံအိမ်တော်အမှုထမ်းက ရိုကျိုးစွာ ဦးညွတ်သည်။

"အံမယ် . . . လမ်းတစ်လျှောက်မှာ သဲဖြူတွေ ခင်းထားပါလား။ ပြီးတော့ ကြည့်စမ်း . . . ပန်းတွေလဲ ကြထားသေးသကိုး၊ ဟေး ငှက်ပျောပင်တွေလဲ စိုက်ထားလို့ ရေချမ်းအိုးတွေလဲ တည်ထားလိုက်သေး။ တယ်လဲ လုပ်ထားကြသကိုး"

ကေဝင့်ပုရောဟိတ်မှာ ခြေတစ်လှမ်းလျှင် စကားတစ်ခွန်း ဖြစ်နေလေသည်။ ဝဲယာ ထက်အောက် မနားတမ်းကြည့်ရင်း တတွတ်တွတ် ရေရွတ်လျက် ရှိနေသည်။

ရှေ့မှ လမ်းပြလုလင်မှာလည်း စောစောက မင်းလုလင်လိုပင် အတွင်သာ ပြုံးလျက်ရှိလေသည်။

"အလို ဒီအကွေ့မှာလဲ တံခွန်ကုက္ကားမုလေးပွားတွေနဲ့ ပုဆိုးဖြူတွေ စိုက်ထူဖြန့်လွှားလို့ ဒီမယ်ဟေ့ မောင်မင်း . . ."

"အမိန့်ရှိပါ ပုရောဟိတ်ကြီး"

"မောင်မင်းတို့ဘုရင် နန်းတော်ကနေပြီး မဟောသဓာသုခမိန်စံအိမ်ဆီသွားတဲ့ လမ်းခရီးဟာ တယ်ကြီးကျယ်ခမ်းနားပါကလား"

"ပုရောဟိတ်ကြီး ကြွရောက်လာမယ်ဆိုလို့ အလျှင်ထက်ပိုပြီး တင့်တယ်အောင် စီမံထားရခြင်း ဖြစ်ပါတယ် ပုရောဟိတ်ကြီး"

"ဟေ . . . ဒီလိုလား။ ကောင်းတယ် . . . ကောင်းတယ်"

ပြောပြောဆိုဆိုနှင့်ပင် ခရီးပေါက်လာကြသည်။ ကေဝင့်ပုရောဟိတ်ကား စကားတပြောပြောဖြင့်ပင် ဆက်လက်လိုက်ပါလာသည်။

"မျက်နှာကြက်အမိုးခုံးနဲ့ နံရံတွေမှာလဲ ရုပ်စီရုပ်ဆင့် ပန်းပွင့်ပန်းဖူး အထူးထူး အဆန်းဆန်း အခန်းခန်း အသွယ်သွယ်နဲ့ တင့်တယ်ပါပေတယ်။ ပန်းချီပုံတွေကလဲ ဆေးစုံခြယ်လို့"

"ဟောဒီတစ်ကွေ့ ကွေ့လိုက်ရင် ရောက်ပါပြီ ပုရောဟိတ်ကြီး"

"ဟေ . . . ဟုတ်လား။ ခရီးလမ်းက သာယာလေတော့ ရောက်လို့ ရောက်မှန်းတောင် မသိလိုက်ပေါင်ကွယ်"

"ဟောဟိုက မြင်နေရတာဟာ မဟော်သဓာသုခမိန်ရဲ့ စံအိမ်တော်





မှန်ပဲ ဖြစ်ပါတယ် ပုရောဟိတ်ကြီး။ ဝင်းတံခါးမှာ ရှိနေတဲ့ အစောင့်အမှုထမ်းလက်ထဲကို လွှဲပြောင်းပြီးနောက်မှာ ကျွန်တော်မျိုးအမှုတော် ပြီးဆုံးပြီ ဖြစ်ပါတယ်။ သုခမိန်ရဲ့စံအိမ်မှာ ပုရောဟိတ်ကြီးရွှင်လန်းပါစေလို့ ကျွန်တော်မျိုး ဆုတောင်းပါတယ်"

"မောင်မင်း ဆုတောင်းစရာ မလိုပါဘူးကွယ်။ မဟောသဓာဟာ ကျွန်ုပ်လာမယ့် လမ်းခရီးတစ်လျှောက်ကိုတောင်မှ ဒီလောက်ခမ်းနားအောင် လုပ်ထားသေးတာပဲ စံအိမ်တော်မှာ ဆိုရင်တော့ . . ."

စံအိမ်တော် တံခါးဝအရောက်တွင် မင်းလုလင် ပြန်လှည့်သွားသည်။ ထိုမင်းလုလင်၏ မျက်နှာပေါ်တွင် အတိုင်းသားပေါ်နေသော အပြုံးကိုလည်း ကေဝင့်ပုရောဟိတ်ကြီး သတိထားမိမည် မဟုတ်ပေ။ မင်းလုလင်၏ စိတ်ထဲတွင်ကား ဣန္ဒြေဆည်၍ ပြုံးနေစေကာမူ တကယ်တမ်းမူ ဝါးလုံးကွဲ ရယ်လိုက်ချင်သည့်စိတ်က တလိပ်လိပ်တက်နေချေသည်။ ပထမမင်းလုလင်နှင့် ပြန်တွေ့ကြလျှင်တော့ အချင်းချင်းပြောဆိုကာ တဟားဟားရယ်ကြတော့မည် ဖြစ်သည်။ သူတို့ချင်းပြောကြမည့်စကားမှာ ဤသို့ . . .

"ဟား . . . ဟား . . . ဟား၊ ဘုရင့်နန်းတော်ကနေ စံအိမ်တော်အထိသွားရာ မင်းလမ်းတစ်လျှောက်ကို ကြည့်ငေးပြီး ပြောမပြောချင်ပါဘူး။ ဒီအမိုးခုံး မျက်နှာကြက်တွေ၊ နံရံတွေ၊ ဆေးရေးပန်းချီတွေ၊ သဲဖြူခင်း ငှက်ပျောပင်စိုက်၊ ရေချမ်းအိုးတည်၊ တံခွန်ကုက္ကားမုလေးပွားနဲ့ ပုဆိုးဖြူတွေ စိုက်လွှားထားတာကို အမတ်ကြီးက တကယ့်အစစ်တွေလို့ ထင်နေတာ။ ငါတို့ သုခမိန်ရဲ့ ဥပါယ်နဲ့ အဲဒီလမ်းတစ်လျှောက်မှာ သရိုင်ဖျာတွေကာပြီး ချောမောပြေပြစ်အောင် အတုဖန်တီးထားတာကို သင်း မသိဘူး။ မိထိလာရဲ့ မြို့ပြအခင်းအကျင်း အနေအထားအစစ်အမှန်ကို မသိအောင် အတုလုပ်ထားကြောင်း မသိဘဲနဲ့ တအံ့တဩ ဖြစ်နေလိုက်တာ။ ဟား ဟား ဟား ငါဖြင့် ရယ်ချင်လွန်းလို့ မနည်းချုပ်တည်းထားရသဟေ့"

* * *

ကေဝင့်ပုရောဟိတ်ကြီး စံအိမ်တော်အတွင်းသို့ ခြေတစ်လှမ်း စတင်လိုက်ချိန်တွင် စံအိမ်တော်အမှုထမ်းက ဆီမီးတိုင်များကို ထွန်းညှိလိုက်သည်။ အပြင်ဘက်တွင် ညဉ့်အမှောင်ဖုံးအုပ်ထားသော်လည်း စံအိမ်ထဲတွင်ကား



www.burmeseclassic.com

www.burmeseclassic.com



ဆီမီးများဖြင့် ကောင်းစွာ လင်းလျက် ရှိသည်။

မိမိအား ကြီးကျယ်ခမ်းနားစွာ ကြိုဆိုပင့်ဖိတ်ကြသည်ဟု နားလည်ထားသော ကေဝဋ္ဋပုရောဟိတ်ကြီးသည် အထူးပင် ရွှင်မြူးတက်ကြွနေသည် ဖြစ်၍ စံအိမ်တော်တွင်း ရောက်လျှင်ရောက်ချင်းပင် တံခါးခုံထက်၌ ရပ်ကာ ကျယ်လောင်စွာ စတင်ပြောဆိုလေတော့သည်။

"မဟောသဓာသုခမိန် ဘယ်မှာလဲ မောင်မင်းတို့၊ ပဥ္စာလရာဇ်က သံတမန်ကြီး ကေဝဋ္ဋပုရောဟိတ် ရောက်လာပြီလို့ မောင်မင်းတို့ သခင်ကို တင်ကြစမ်း"

"စကားမပြောပါနဲ့ ပုရောဟိတ်ကြီး"

တံခါးခုံအတွင်းဘက်မှ အေးစက်မာကျောသော အသံတစ်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ထွားကျိုင်းလှသော အမှုထမ်းတစ်ဦး ထွက်လာသည်။ ထွားကျိုင်းသည်နှင့်အမျှ မျက်နှာလည်း ခက်ထန်တင်းမာလှသည်။ ကေဝဋ္ဋပုရောဟိတ်ကြီးသည် ရုတ်တရက် ထိတ်လန့်သွားပြီးမှ

"မဟောသဓာသုခမိန် ဘယ်မှာလဲ"

"စကားမပြောနဲ့"

ကျယ်ပြန့်ကြီးမားလှသော လက်ဖဝါးကြီး တစ်ခုက ပုရောဟိတ်ကြီး မျက်နှာရှေ့သို့ ရောက်လာသည်။ ထိုလုလင်ကြီးကပင် ဆက်၍ လေသံဖြင့် . . .

"ကျွန်ုပ်တို့ အရှင်သခင်သုခမိန်ဟာ ရက်သတ္တတစ်ပတ်မှာ တစ်ခါ အလွန်အာနိသင်ပြင်းတဲ့ ထောပတ်သစ်ကို သောက်ပြီး စက်တော်ခေါ် အနားယူလေ့ ရှိသည်။ ဒီနေ့ညဟာ သခင် ထောပတ်သစ်ကို သောက်ပြီး အနားယူတဲ့ည ဖြစ်တယ်။ ဒီလိုညမျိုးမှာ စံအိမ်တော်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေရတယ်။ ဘယ်သူမှ အသံပြင်းပြင်း မပြုရဘူး"

ကေဝဋ္ဋပုရောဟိတ်သည် ယောင်ယမ်း၍ ပါးစပ်ကို လက်နှင့် ပိတ်လိုက်သည်။

"စကားမပြောပါနဲ့၊ အသံမပြုပါနဲ့။ တိတ်တိတ်ဆိတ်ဆိတ်လာပါ၊ လိုက်ခဲ့ပါ"

လုလင်ကြီးနောက်မှ လိုက်ခဲ့ရသည်။ ပထမတံခါးကို ကျော်ဖြတ်အပြီး ဒုတိယတံခါးတွင်လည်း ထွားကျိုင်းသောလုလင်ကြီး တစ်ယောက်ကို





တွေ့ရပြန်သည်။

"စကားမပြောပါနဲ့၊ အသံပြင်းပြင်းမပြုပါနဲ့"

ဒုတိယတံခါးကို ဖြတ်၍ တတိယတံခါးကို ရောက်ကြပြန်သည်။

"စကားမပြောပါနဲ့၊ အသံပြင်းပြင်းမပြုပါနဲ့"

တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ တံခါးခုနစ်တန်စလုံးမှာ ထွားကျိုင်းခက်ထန်သော တံခါးစောင့်လုလင်ကြီးများနှင့် တွေ့ဆုံရကာ စကားမပြောရန်၊ အသံပြင်းပြင်းမပြုရန် အဆင့်ဆင့် အမာန်အမဲ အငေါက်အငမ်း ခံခဲ့ရပြီးနောက် နောက်ဆုံး တံခါးကိုကျော်ပြီးမှ . . .

"ဟောဒါ . . . အရှင်သုခမိန်ရဲ့ အိပ်ရာညောင်စောင်းပဲ။ အသံမပြုပါနဲ့၊ စကားမပြာပါနဲ့၊ အသက်တောင် ပြင်းပြင်းမရှူပါနဲ့"

ကေဝဋ္ဋပုရောဟိတ်ကြီးသည် ခေါင်းကိုသာ အတွင်ညိတ်ပြနေရတော့လေသည်။

"ဟိုမှာ အရှင်သုခမိန် ညောင်စောင်းပေါ်မှာ အနားယူလဲလျောင်းနေတယ်။ ခြေသံလုံပါစေ ပုရောဟိတ်ကြီး"

ညောင်စောင်းက သာမန်မြင်တွေ့နေကျ ရွှေပိန်းချ၊ ကနုတ်ဖော် သစ်စေးကိုင် ညောင်စောင်းမျိုး မဟုတ်ချေ။ ညောင်စောင်းတစ်ခုလုံးတွင် ကာသိလရာဇ်တိုင်းဖြစ် နူးညံ့လှစွာသော ပုဆိုးဖြူများဖြင့် ဖုံးလွှမ်းလျက်ရှိလေသည်။ ဆွတ်ဆွတ်ဖြူသော ထိုကာသိကရာဇ်ပုဆိုး ညောင်စောင်းထက်တွင်ကား ကတ္တီပါမွေ့ရာကို သက်သောင့်သက်သာမှီလျက် မျက်စိစုံမှိတ်ကာ အနားယူနေသော မဟောသဓာသုခမိန်။

ကေဝဋ္ဋပုရောဟိတ်ကြီးသည် ညောင်စောင်းထက်မှ မဟောသဓာကို ကြည့်ရင်း ဆန့်ကျင်ဘက်ဝေဒနာ ဖြစ်တည်ရိုက်ခတ်လာလေသည်။

"တကယ့် တင့်တယ်သိုက်မြိုက်တဲ့ မင်းပျိုမင်းလွင်ပေပဲ။ နဖူးပြင်ဟာ မကျဉ်းလွန်း မကျယ်လွန်းဘဲ ပညာရှိလက္ခဏာကို ဆောင်နေတယ်။ ထူထဲသယောင် မျက်ခုံးနှစ်ခုဟာ ရှင်းလင်းဖြောင့်စင်းလှပေတယ်။ သပ်ရပ်တိကျပြီး စေ့စပ်သေသပ်တဲ့ နှုတ်ခမ်းအစုံအောက်က မေးရိုးဟာ ကြံ့ခိုင်တဲ့သဘောကို ပြတယ်။ သင်း . . . သင်း . . . ငါ့ရန်သူ။ ငွါနဖူးကို အမာရွတ် ထင်စေတဲ့သူ၊ အင်မတန် ပရိယာယ်ဝေဝုစ်များတဲ့ သူကြွယ်သား လူရမ်းကားကြည့်စမ်း ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးတွေအလယ်မှာ အနားယူနေပုံက



www.burmeseclassic.com

www.burmeseclassic.com



အစာဝတဲ့ ခြင်္သေ့တစ်ကောင် မှိန်းစက်နေသလိုပါပဲလား။ အစာဝတဲ့ ခြင်္သေ့တစ်ကောင်၊ ဟုတ်တယ်။ မင်းဟာ ငါ့မာန်မာန၊ ဂုဏ်သိက္ခာတွေကို စားသောက်ဝါးမျိုထားတဲ့ သားရဲကောင်၊ ငါ့ရန်သူ၊ သင်းကို ငါမကြောက်ဘူး။ မကြောက်လို့လဲ ဒီကို ရောက်လာတာပဲဟေ့။ ဒါပေမဲ့ ငါ့နဖူးမှာ ချွေးတွေစို့ချင်နေပြီ ထင်တယ်။ မကြောက်စမ်းပါနဲ့၊ သင်းဟာ မလောက်လေး၊ မလောက်စား"

ညောင်စောင်းထက်တွင် မျက်စိအစုံမှိတ်ကာ လဲလျောင်းနေသော မဟောသဓာသည် ဖျတ်ခနဲ မျက်လုံးပွင့်လာသည်။ ကေဝဋ္ဋပုရောဟိတ်၏ အတွေးလည်း တစ်ပိုင်းတန်းလန်းဖြင့် ပြတ်တောက်သွားလေသည်။

ကေဝဋ္ဋပုရောဟိတ်ကို မြင်သည်တွင် မဟောသဓာသည် နှုတ်ဆက်စကားဆိုအံ့ဟူသောအနေဖြင့် စကားစရန် ပြင်လိုက်သည်။ သို့သော် . . .

"အရှင်သုခမိန်၊ ကိုယ်တော်ဟာ ဒီည အင်မတန်ပြင်းထန်တဲ့ ဆေးပတ်သစ်ကို သောက်ထားတာ ဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ ဘယ်သူနဲ့မှ စကားမပြောဘူးလို့ အရှင်မိန့်ခဲ့ပါတယ်။ ဒီပုရောဟိတ်ကိုလဲ စကား မပြောပါနဲ့အရှင်၊ သတိထားတော်မူပါ"

မင်းလုလင်က သတိပေးလိုက်သောကြောင့် မဟောသဓာသည် မျက်စိအစုံကို မှိတ်ကာ ညောင်စောင်းမှီအုံးတွင် ပြေပြေလျော့လျော့ မှီလိုက်ပြန်သည်။

မိမိကဲ့သို့သော သံတမန်ကြီးအား 'ဒီပုရောဟိတ်'ဟု သုံးရပါမည်လားဟူ၍ ထောင်းခနဲ ဒေါသထွက်သွားသော်လည်း ကေဝဋ္ဋပုရောဟိတ်မှာ အသာပင် ငြိမ်နေလိုက်ရလေသည်။

ထို့နောက် မဟောသဓာ၏ စက်ရာဆောင်အတွင်း မိမိအတွက် ထိုင်ရန်နေရာ တစ်စုံတစ်ရာ ရှိမည်လောဟု နေရာ ရှာကြည့်လိုက်သည်။ သို့သော် . . .

မဟောသဓာလဲလျောင်းရာ ညောင်စောင်းနေရာမှအပ စက်ရာဆောင်အတွင်း ကြွင်းသမျှနေရာတိုင်း၌ နွားချေးအစိုများကို အပြည့်လိမ်းကျံ ဖုံးအုပ်ထားသည်ကိုသာ တွေ့လိုက်ရလေသည်။ ခြေချစရာပင် မရှိအောင် နွားချေးအစိုများ လိမ်းကျံခင်းလွှမ်းထားသည်ဖြစ်၍ နောက်ဆုံးထိုင်စရာမရှိသော်မှပင် မှီစရာတစ်ခုခုတော့ ရှိမည်ဟု တွေးကာ စက်ခန်း





ဆောင် တိုင်လုံးများကို အကဲခတ်ကြည့်ရပြန်သည်။ သို့သော် . . .

တိုင်လုံးများမှာလည်း ဆီများ ရွှဲနစ်နေလေသည်။

"အင်း . . . ပြင်းရှတဲ့ ဆေးပတ်သစ်ကို သောက်၊ နွားချေးစိုလိမ်းကျံတဲ့ ကြမ်းပြင်၊ ဆီသုတ်ထားတဲ့ တိုင်လုံး၊ ဒါဟာ သူ့ရဲ့ ဆေးကုသမှု၊ အနားယူမှုဖြစ်မှာပေါ့လေ။ မတတ်နိုင်ဘူး။ ဒီလိုပဲ နေရတော့မှာပဲ"

ကေဝဋ္ဋပုရောဟိတ်သည် နွားချေးစိုထက်မှာပင် ခြေစုံနင်းလျက် ရပ်နေလိုက်ရလေသည်။ မဟောသဓာကား မျက်စိအစုံမှိတ်ထားဆဲ၊ ညောင်စောင်းထက်တွင် ငြိမ်ချက်သား ကောင်းနေဆဲ။

ထိုစဉ်မှာပင် ခပ်လှမ်းလှမ်း ထောင့်တစ်ထောင့်မှ မင်းချင်းတစ်ဦးက မိမိအား မမှိတ်မသုန် စူးစိုက်ကြည့်ရင်း မျက်စိမှိတ်ပြလိုက်သည်ကို ကေဝဋ္ဋပုရောဟိတ် တွေ့လိုက်ရသည်။ အခြားတစ်နေရာမှ မင်းချင်းတစ်ဦးကလည်း စူးစူးစိုက်စိုက်ကြည့်ရင်း တံတောင်ဆစ်ကို မြှောက်ကာ ယား၍ ဖျောက်ဖျက်ဟန် ကုတ်ပြသည်။

"အရှင်သခင် မေးစက်အနားယူနေတုန်းမှာ ဒီကျွန်စုတ်တွေက ငါ့ကို အမူအရာနဲ့ မထီမဲ့မြင် စော်ကားနေကြတယ်။ ငါရပ်နေတာကလဲ နွားချေးစိုတွေ ကြားထဲ၊ တော်ပြီ . . . တော်ပြီ၊ သံတမန်ကြီးမှန်းမသိတဲ့ ဒီကျွန်ယုတ်တွေကြား ငါမနေတော့ဘူး"

ကေဝဋ္ဋပုရောဟိတ်၏ ဒေါသအတွေးသည် လှိုက်ဝှန်ဆူပွက်လာကာ . . .

"မဟောသဓာသုခမိန်၊ ကျွန်ုပ်သွားတော့မယ်"

ဟု ကျယ်လောင်စွာ အသံထွက်ပေါ်လာလေသည်။

"ဟ . . . ဒီပုရောဟိတ်နှယ်၊ အသံမပြုပါနဲ့လို့ ပြောထားလျက်ကနဲ့"

ထွားကျိုင်းသော မင်းလုလင်ကြီး၏ ပြင်းထန်သော ငေါက်ငမ်းသံကြီးအဆုံးတွင် ကေဝဋ္ဋပုရောဟိတ်၏ ကျောပြင်ပေါ်သို့ ရွှမ်းခနဲဝါးခြမ်းပြားတစ်စိတ် ကျလာသည်။ နောက်ဘက်သို့ လှည့်ကြည့်စဉ်မှာပင် ကျောပြင်ပေါ်သို့ ရွှမ်းခနဲ ဝါးခြမ်းပြားတစ်စိတ် ကျလာပြန်သည်။ လက်သီးဆုပ်တစ်ခုအုံးခနဲ ကျလာပြန်သည်။ ထိုဘက်သို့ လှည့်ကြည့်စဉ်မှာပင် လည်ကုပ်ထက်သို့ သန်မာသော လက်ချောင်းများက ဖျစ်ညှစ်ဆုပ်ကိုင်လာပြန်သည်။

ထို့နောက် ကေဝဋ္ဋပုရောဟိတ်သည် ရှေ့သို့ ဟပ်ထိုးလဲကျသွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စက်ရာဆောင်အပြင်သို့လည်း ရောက်သွားသည်။

"မဖြစ်ဘူး . . . မဖြစ်ဘူး။ သစ်ကျားတို့ လက်ထဲရောက်တဲ့ ခွေးသမင်လိုဘဝမျိုး အရောက်မခံနိုင်ဘူး။ ပြေးမှပဲ"

ကောဝင့်ပုရောဟိတ်သည် လာစဉ်ကလို အကြိုအထောက် မရှိတော့ဘဲ မင်းလမ်းမကြီးတစ်လျှောက် တစ်ယောက်တည်း အလဲလဲအပြိုပြို ထွက်ပြေးလေတော့သည်။ ပုရောဟိတ် ထွက်ပြေးသွားပြီးနောက်တွင် မဟောသဓာသည် ညောင်စောင်းမှထကာ . . .

"ကောင်းတယ် မောင်မင်းတို့ ကောက်ကျစ်ပြီး ဉာဏ်များတဲ့ ရန်သူကို ကျွန်ုပ်မှာကြား စီစဉ်ထားတဲ့အတိုင်း တစ်သဝေမတိမ်း သင်တို့ လုပ်နိုင်ကြပေတယ်။ မောင်မင်းတို့ အနားယူကြတော့"

ဟု ပြောလိုက်လေသည်။



(၂၃)

ရာဇက္ကန္ဓော်တို့ဖြင့် မဆည်တန့် မငြိမ်သက်နိုင်သော မိမိ၏အဖြစ်ကို ဝိဒေဟရာဇ်မင်းကြီးသည် ကိုယ်တိုင်မသိမဟုတ်၊ သိနေပေသည်။ သို့သော် မင်းကြီး၏ စိတ်အလျဉ်သည် လှိုင်းပုတ်သော ရေပြင်စပ်မှ ကြိုးလည်းမခိုင် တိုင်လည်း ယိုင်နဲ့သော လှေငယ်တစ်စင်းလို ဆောက်တည်ခြင်း ကင်းမဲ့ကာ ထက်အောက်မြောက်ကျ တက်တုံသက်တုံ ကြိုးပြတ်ကာ လှိုင်းထန်ရေပြင်ထဲသို့ အချိန်မရွေး လွင့်ပါးသွားနိုင်သည်။ သို့တည်းမဟုတ် ကမ်းစပ်မှာပင် ဦးစောက်မှောက်ထိုး တိမ်းစောင်းသွားနိုင်သည်။

ဝိဒေဟရာဇ်မင်းကြီးသည် မိမိ၏ ယောက်ယက်ခတ်နေမှုကို မည်သို့ ထိန်းသိမ်းရမှန်းမသိ ဖြစ်နေသည်။ ပူပူနွေးနွေး ဖြစ်ရပ်များကလည်း အသိတရားကို လှုပ်ခတ်နေစေသည်။

ယခုအခါ ဥတ္တရပဉ္စာလရာဇ်မင်းကြီး၏ သံတမန်ကြီးဖြစ်သော ကောဝင့်ပုရောဟိတ်ကြီးလည်း သူ့တိုင်းပြည်သို့ ပြန်သွားခဲ့ပြီ ဖြစ်သည်။ ပုရောဟိတ်ကြီးသည် တိုင်းပြည်ပြန်ခါနီး အခစားဝင်ရင်း နှုတ်ဆက်ရာ၌ စကားတစ်ခွန်းကို လေးနက်စွာ လျှောက်ထားသွားခဲ့ပေသည်။

"အရှင်မင်းကြီး နေ့ရက်ရှည်ကြာ မနေသင့်ပါ။ လိုအပ်သော ကိစ္စကို ပြီးလွယ်မှ ကောင်းပါမည်။ မကြာမမြင့်မီ ဥတ္တရာပဉ္စာလရာဇ်ပြည်သို့ ကြွခဲ့ပါ။ ဖင့်နွဲ့လေးဆေးနေဖို့ မသင့်ပါ"

ပုရောဟိတ်ကြီး၏ စကားသည် မင်းကြီး၏ ပူပြင်းသော နှလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံ၍ တငွေ့ငွေ့ အပူရှိန်ဟပ်နေသည်။ စူဠနီဗြဟ္မဒတ်မင်းကြီး၏ သမီးတော် ပဉ္စာလစန္ဒီမင်းသမီးအပေါ် တပ်မက်စွဲလန်းနေသော ရာဂစိတ်တို့သည်လည်း မင်းကြီး၏ နှလုံးအိမ်ဝယ် ပင့်ကူမျှင်ဖွဲ့ယှက်သကဲ့သို့ တစ်စတစ်စ ပိုမိုကြီးမားလာနေသည်။

သို့သော် တစ်ဖက်ကလည်း မင်းကြီး၏ စိတ်နှလုံးကို တုပ်နှောင်ထားသော အခြင်းအရာက ဖြစ်ပေါ်နေပြန်သည်။ ထိုအခြင်းအရာမှာလည်း ကေဝဋ္ဋပုရောဟိတ်ကြီးနှင့် သက်ဆိုင်နေပြန်သည်။ မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ်ကြီးအား မဟောသဓာသုခမိန်ထံသို့ သွားရောက်တွေ့ဆုံရန် စေလွှတ်ခဲ့သည်။

မင်းကြီး၏ စိတ်ကူးမှာ-ဤသို့ပင်။ မဟောသဓာနှင့် ကေဝဋ္ဋပုရောဟိတ်တို့သည် စကားစစ်ထိုးပွဲကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး ကြီးစွာသော ရန်သူတော်ကြီးများ ဖြစ်ခဲ့ကြသည်။ ယခုလို ချစ်ကြည်ရေးသံတမန်အဖြစ် ကေဝဋ္ဋပုရောဟိတ်လာရောက်ချိန်တွင် ထိုရန်စ ရန်ငြိုးကို ပြေပျောက်စိမ့်သောငှာ ပုရောဟိတ်ကို မဟောသဓာထံ စေလွှတ်ခဲ့သည်။

စေလွှတ်သည့်အတိုင်းလည်း ပုရောဟိတ်ကြီးသည် မဟောသဓာသုခမိန်ထံ သွားရောက်ခဲ့သည်။ သုခမိန်၏ စံအိမ်အပြန်တွင် ကေဝဋ္ဋပုရောဟိတ်သည် မင်းကြီးထံ ချက်ချင်းအခစားဝင်ခဲ့သည်။ မင်းကြီးက အားရဝမ်းသာစွာ မေးခဲ့လေသည်။

"ဘယ့်နှယ်လဲ ကေဝဋ္ဋအမတ်ကြီး၊ ကျွန်ုပ်ရဲ့သားတော် မဟောသဓာနဲ့ သင်တို့ဟာ စကားစစ်ထိုးပွဲတုန်းက ဖြစ်ခဲ့ကြတဲ့ မကြည်မဖြူ ပြုစုအထုံးအဖွဲ့တွေကို ဖြေဖျောက်နိုင်ကြပြီ မဟုတ်လား။ သင် လာရောက်တဲ့ကိစ္စကို ပြောပြလိုက်တော့ ကျွန်ုပ်သားတော်က ဝမ်းမြောက်ဝမ်းသာ ဖြစ်မသွားဘူးလား"

ကေဝဋ္ဋပုရောဟိတ်၏ ညှိုမည်းသော မျက်နှာပြင်အရောင်သည် ပို၍ပင် မည်းပုတ်သွားခဲ့လေသည်။ ထို့အတူ ပုရောဟိတ် ပြန်လည်လျှောက်တင်သော စကားကလည်း မင်းကြီးမျှော်လင့်ထားသည်နှင့် ပီဘိဆန့်ကျင်ဘက်။

"အရှင်မင်းကြီးက မဟောသဓာကို ပညာရှိသူတော်ကောင်း ထင်မှတ်ပြီး သုခမိန်အရာမှာ ထားတော်မူတယ်။ တကယ်တော့ မဟောသဓာဟာ ပညာရှိလဲမဟုတ် သူတော်ကောင်းလဲ မဟုတ်ပါဘူး။ ကျွန်တော်





မျိုးဟာ အရှင်မင်းကြီး အမိန့်တော်နဲ့အညီ သူ့ဆီ သွားရောက်နှုတ်ဆက်ခဲ့ပါတယ်။ ဧည့်သည်ကို ဝမ်းမြောက်ဝမ်းသာ ဆီးကြိုခြင်း၊ နေရာပေးခြင်း၊ နှုတ်ဆက်မေးမြန်းခြင်း ဘာတစ်ခုမျှ သူ မပြုလုပ်ဘူး။ အလွန်မာနခက်ထန်တဲ့သူပါပဲ။ ကျွန်တော်မျိုးကို ဒီအတိုင်းပဲ ကြည့်နေပြီး အပင်းအအလို ဘာတစ်ခွန်းမှ မပြောမဆို လုပ်နေတယ်။ ပညာရှိလို့ သတ်မှတ်ဂုဏ်ပြုစရာ ဘာတစ်ခုမျှ မတွေ့ခဲ့ရပါဘူး အရှင်မင်းကြီး"

ဝိဒေဟရာဇ်မင်းကြီး အံ့ဩတုန်လှုပ်ခဲ့ရသည်။ ပုရောဟိတ်ကြီးကို နှစ်သိမ့်ရန်၊ အပြေအပြစ် စကားဆိုရန်ပင် သတိမရခဲ့။ သို့သော် နှလုံးစိတ်ဝမ်း မသက်မသာ ဖြစ်ရခြင်းကို မျိုသိပ်ကာ 'အပန်းဖြေကြဦး'ဟုသာ ဆိုခဲ့သည်။ နောက် ရက်အနည်းငယ်အကြာတွင် ကေဝဋ္ဋပုရောဟိတ်ကြီး ပြန်သွားသည်။ ရွှေလမ်းငွေလမ်းဖောက်မည့် သံတမန်ကြီးအဖြစ် ပုရောဟိတ်ကြီးကို မင်းကြီးက လက်ဆောင်ပဏ္ဏာ ရိက္ခာ ကောင်းစွာ ပေးသနားလိုက်သည်။

စူဠနီဗြဟ္မဒတ်မင်းကြီး၏ ချစ်ကြည်ရေးသံတမန်ကြီးကား ပြန်သွားပြီ။ သို့သော် မိထိလာနန်းတော်တွင်း၌ကား မတည်မငြိမ် လှုပ်လှုပ်ရွရွရှိဆဲပင်ဖြစ်သည်။ မတည်မငြိမ်အဖြစ်ဆုံး အရာကား ဝိဒေဟရာဇ်မင်းကြီး၏ နှလုံးသားပင် ဖြစ်လေသည်။

နံနက်ခင်း ညီလာခံပြီးချိန် ဖြစ်သည်။ ဝိဒေဟရာဇ်မင်းကြီးသည် ပွဲတော်စာကိုပင် ခါတိုင်းလို မြိန်ယှက်စွာ မသုံးဆောင်နိုင်ခဲ့ပေ။ ပဉ္စာလစန္ဒီမင်းသမီး၊ ချစ်ကြည်ရေးသံတမန် ကေဝဋ္ဋပုရောဟိတ်တို့နှင့် စပ်လျဉ်းသမျှသော အရေးကိစ္စတို့ကိုသာ တစေ့ငုငု တွေးနေမိသည်။ ပွဲတော်စာကို အရသာမဲ့စွာ တဝက်တစ်ပျက်နှင့် ထားခဲ့ပြီးနောက် သဗ္ဗာလီညောင်စောင်းဘက်သို့ ထွက်ခွာလာခဲ့သည်။ သစ်သီးအချိုအချဉ်ပွဲများ၊ နို့၊ ထောပတ်စသော အဆီအဆိမ့်များကို ထုံးစံအတိုင်း သဗ္ဗာလီတွင် သက်သောင့်သက်သာ စံရင်း သုံးဆောင်ဦးမည် ဖြစ်သည်။

မင်းကြီးသည် အမှုတော်ထမ်းများကို နှင်ထုတ်လိုက်ပြီးနောက် တစ်ကိုယ်တည်း တိတ်ဆိတ်စွာ သလွန်တော်ထက်ဝယ် ထိုင်လိုက်သည်။ မကြာမီအတွင်း သဗ္ဗာလီခန်းအတွင်းသို့ သေနက၊ ပက္ကုသ၊ ဒေဝိန္ဒနှင့် ကာမိန္ဒ အမတ်ကြီးလေးပါးတို့ ရောက်လာကြမည် ဖြစ်သည်။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တွင် မဟောသဓာသုခမိန်လည်း ခစားဝင်လာဦးမည် ဖြစ်လေသည်။ ပွဲတော်စာ သုံးဆောင်ပြီးလေတိုင်း မင်းကြီးသည် ပညာရှိငါးပါးတို့နှင့် ဤသို့ သီးခြားတွေ့ဆုံနေကျ ဖြစ်လေသည်။ သစ်သီးဝလံ ချိုချဉ်ခဲဖွယ်များကို မတို့မထိသည်အတိုင်းကြည့်ရင်း မင်းကြီး၏ အတွေးများသည် ပျံ့လွင့်နေသည်။ ပဉ္စာလစန္ဒီ၊ ကေဝဋ်ပုရောဟိတ်၊ သမီးကညာ ပဏ္ဏာတော်၊ နှစ်ပြည့်တစ်ပြည် ချစ်ကြည်ရေး၊ သားတော် မဟောသဓာ၊ ဝက်ပါသို့ ဆက်လက်တိုးဝင်နေသောသူတစ်ဦးပမာ မင်းကြီး၏ အတွေးများ နောက်ကျိရှုပ်ထွေးလျက်ရှိသည်။

ရှုပ်ထွေးလျက်ရှိသော အတွေးများသည် တစ်စထက်တစ်စ ကြည်လင်လာသည်။ သို့လောသို့လော ဝေခွဲမရဖြစ်နေရာမှ တိကျပြတ်သားလာသည်။ ထိုအခါ မင်းကြီး၏ ရင်ထဲဝယ် ခံစားမှုတစ်ခု ဖြစ်ပေါ်လာသည်။ ထိုခံစားမှုကား ထိတ်လန့်စိုးရိမ်မှုပင် ဖြစ်လေသည်။

"ကေဝဋ်ပုရောဟိတ်ဟာ ငါ့သား မဟောသဓာကို အတော်လေး မကျေမနပ်ဖြစ်ပြီး ပြန်သွားတယ်။ သားတော် မဟောသဓာကလဲ ပုရောဟိတ်ကြီးကို မချေမငံ ဆက်ဆံလွှတ်လိုက်သတဲ့။ သားတော်ဟာ အလွန် လိမ္မာရေးခြားရှိသူ ဖြစ်ပါလျက်နဲ့ ဘာကြောင့်များ သံတမန်ခင်းလာတဲ့ ကေဝဋ်ကို မထေ့မဲ့မြင် ပြုလိုက်ရတာလဲ။

"အင်း . . . ငါ့သား မဟောသဓာဟာ အတုမရှိသော ပညာ၊ သတိ၊ ဝီရိယနဲ့ ပြည့်စုံတဲ့ သုခမိန်တစ်ယောက်၊ ဒီလိုလူမျိုးက ဒီလိုဆက်ဆံလိုက်တယ်ဆိုတာဟာ အကြောင်းရှိရမယ်။ ပညာနည်းတဲ့သူတွေအဖို့တော့ သူတစ်ပါးရဲ့ လျှို့ဝှက်အကြံအစည်နဲ့ အကောက်ဉာဏ်ကို သိမြင်နိုင်ခဲကြလေတယ်။ သားတော်မဟောသဓာဟာ လျှို့ဝှက်အကြံဉာဏ်ကို ထိုးဖောက်သိမြင်နိုင်သူ ဖြစ်တယ်။ ဒါကြောင့် ကေဝဋ်အမတ်ကို ဒီလိုဆက်ဆံလိုက်တာ ဖြစ်မယ်။

"ကေဝဋ်အမတ်ကြီး ရောက်လာတာဟာ သဘောရိုး မဟုတ်တန်ဘူး။ ဖြားယောင်းပြီး ငါ့ကို ပဉ္စာလရာဇ်ပြည်ကိုခေါ်၊ ဖမ်းယူဖျက်ဆီးဖို့လာတာပဲ ဖြစ်မယ်။ ငါ့သားတော်ဟာ လာလတ္တံ့သော ဘေးကို အရေးမြင်လို့ အခုလို ဆက်ဆံလိုက်တာ ဖြစ်ရမယ်။

"ဟုတ်တယ် . . . ဟုတ်တယ်၊ ကေဝဋ်အမတ် ရောက်လာချိန်က





စပြီး ငါ့မှာ တုန်တုန်လှုပ်လှုပ် ရှိခဲ့ရတယ်။ ဘေးအန္တရာယ်တစ်ခုခုရဲ့ အငွေ့အသက်ကို ရှူရှိုက်နေမိသလိုပဲ၊ စိတ်ထဲမှာ မသိုးမသန့်ဖြစ်ပြီး မလုံမခြုံ ခံစားရတယ်။ ဟုတ်ပြီ . . . ဟုတ်ပါပြီ။ ကေဝဋ်အမတ်ဟာ မဖြောင့်မမှန်တဲ့ အကောက်ဉာဏ်နဲ့ လာတဲ့သူပဲ။ . သင်းအကြံပေး တိုက်တွန်းတဲ့အတိုင်း ငါ့ပြည်ကိုစွန့်ပြီး သူတစ်ပါးပြည်ကို လိုက်မယ်ဆိုရင် ငါဒုက္ခရောက်မှာ ဧကန်ပဲ။ ဟုတ်ပါပြီ . . . ဒါဟာ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်တာ မဟုတ်ဘူး။ ပဉ္စာလစန္ဒီမင်းသမီးကို အကြောင်းပြုပြီး ငါ့ကို ဒုက္ခရောက်အောင်လုပ်တဲ့ အစီအမံပါပဲ"

ဝိဒေဟရာဇ်မင်းကြီး အကြောက်တရားဖြင့် ဆင်ခြင်သုံးသပ်နေချိန်မှာပင် သေနက၊ ပက္ကုသ၊ ဒေဝိန္ဒနှင့် ကာမိန္ဒ အမတ်ကြီးလေးပါးတို့ အခစားရောက်လာကြသည်။ မင်းကြီးလည်း ရင်တွင်းရှိနေသော အစိုင်အခဲကို မဆိုင်းမတွ ထုတ်ဖော်လိုက်သည်။

"သေနက အမတ်ကြီး"

အမတ်လေးပါးတို့တွင် အသက်အကြီးဆုံးဖြစ်သော သေနကအမတ်ကြီးကို မင်းကြီးက စတင်မေးမြန်းသည်။

"ပဉ္စာလရာဇ်မင်းက သူ့သမီးတော်ကို ဆက်သလိုတဲ့အကြောင်းနဲ့ ကေဝဋ်အမတ်ကြီးကို ကျွန်ုပ်ထံ စေလွှတ်လိုက်တာ၊ ကျွန်ုပ်ကို ပဉ္စာလရာဇ်ပြည်ကို ကြွခဲ့ဖို့ ဖိတ်ခေါ်တာတွေကို သင်တို့အားလုံး သိပြီး ဖြစ်တယ်။ ကျွန်ုပ် ပဉ္စာလရာဇ်ပြည်ကို သွားပြီး စူဠနီဗြဟ္မဒတ်မင်းရဲ့ သမီးတော်ကို သိမ်းပိုက်သင့်မသင့် သင်တို့ရဲ့ အကြံဉာဏ်ကို သိလိုတယ်"

သေနကအမတ်ကြီးသည် ဝိဒေဟရာဇ်မင်းကြီးထံ၌ ပညာရှိ သုခမိန်အဖြစ်ခစားလာခဲ့သည်မှာ ကြာမြင့်လှပြီ ဖြစ်သည်။ မင်းကြီး၏ သဘောကိုလည်း ကောင်းစွာ ကျက်မိသူ ဖြစ်သည်။ ထို့ကြောင့် မင်းကြီး၏ အကြံဉာဏ်တောင်း စကားထဲတွင် မင်းကြီး အဘယ်သို့သောအဖြေကို အလိုရှိနေကြောင်း ကောင်းစွာ သဘောပေါက်ထားသည်။ သေနကအမတ်ကြီးက မဆိုင်းမတွပင် လျှောက်တင်လေသည်။

"အရှင်မင်းကြီး၊ ရှေ့မျှော်ရောက်ပြီး စည်းစိမ်ကို တွန်းဖယ်တာမျိုး မလုပ်သင့်ပါဘူး။ ပဉ္စာလရာဇ်ပြည်ကို ကြွမြန်းပြီး စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးတော်ကို သိမ်းပိုက်တော်မူပြီးရင် ဇမ္ဗူဒိပ်အပြင်မှာ ဘုန်းအကြီးဆုံး ထီးဆောင်းမင်း ဧကန်ဖြစ်မှာ သေချာပါတယ်"

မဆိုင်းမတွ အားတက်သရော လျှောက်တင်လိုက်သောကြောင့် ဝိဒေဟရာဇ်မင်းကြီးသည် တွေဝေသွားသည်။ မိမိ ကြောက်လန့်စိုးရိမ်နေသော အခြင်းအရာနှင့် လုံးဝမတူ ခြားနားသော စကားကို ကြားလိုက်ရသည့်အတွက်လည်း အံ့အားသင့်သွားသည်။

မင်းကြီး တိတ်ဆိတ်ငြိမ်သက်သွားသည်ကို တွေ့သောအခါ သေနကအမတ်ကြီးသည် ပို၍ အားတက်သရော ဖြစ်လာကာ ပို၍ လှိုက်လှဲသော အမူအရာဖြင့် ဆက်လက်လျှောက်တင်ပြန်လေသည်။

"အရှင်မင်းကြီး အခု အရေးဟာ အလွန် လွယ်ကူရှင်းလင်းပါတယ်။ အထွေအထူး စဉ်းစားချိန်ဆနေစရာ မလိုပါ။ စူဠနီဗြဟ္မဒတ်မင်းကြီးဟာ သမီးတော်နဲ့ ထိုက်တန်သသူကို ရှာဖွေရွေးချယ်ရာမှာ ရှိရှိသမျှ ထီးဆောင်းမင်းအားလုံးတို့ဟာ သူ့ရဲ့ နိုင်ငံတော်ရောက် လက်အောက်ခံနိုင်ငံတွေချည်း ဖြစ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် သမီးတော်နဲ့ မထိုက်တန်ဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်။ အရှင်မင်းကြီးတစ်ပါးတည်းသာ ပြည်ထောင်ဘက်ချင်း လေးစားရင်းစွဲ တွေ့မြင်ရတာကြောင့် သမီးတော်ကိုဆက်၊ အမျိုးချင်းယှဉ်လိုတဲ့အတွက် ကေဝဋ္ဋအမတ်ကြီးကို သံခင်းတမန်ခင်းပြု အလေးအမြတ် စေလွှတ်လိုက်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပဉ္စာလရာဇ်ပြည်ကို အရှင်မင်းကြီး ကြွတော်မူသင့်ပါတယ်။ သမီးတော် ပဉ္စာလစန္ဒီမင်းသမီးကို သိမ်းပိုက်သင့်ပါတယ်။ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း ဖောက်သင့်ပါတယ် အရှင်မင်းကြီး"

ဝိဒေဟရာဇ်မင်းကြီး၏ စောစောက စိုးရိမ်ထိတ်လန့်မှုများသည် လေပြင်းအသုတ်တွင် လွင့်ပါးသော တိမ်စိုင်တိမ်ခဲများသဖွယ် ဖြစ်သွားသည်။ ထို့နောက် မင်းကြီးသည် ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ အမတ်များကို ဆက်လက်မေးမြန်းပြန်သည်။ အမတ်သုံးပါးတို့၏ အဖြေစကားများမှာလည်း စကားအသုံး ဝေါဟာရ ကွဲပြားသော်လည်း အဓိပ္ပာယ်မှာ အတူတူချည်း ဖြစ်သည်။ တစ်ခုတည်းသော အဖြေကို ရည်ညွှန်းကြသည်။ ပဉ္စာလရာဇ်ပြည်ကို ကြွရောက်၍ စူဠနီဗြဟ္မဒတ်မင်းကြီး၏ သမီးတော်ကို သိမ်းပိုက်သင့်ကြောင်း ဟူသောစကား။





မင်းကြီးအသွင်မှာ တိမ်ညိုကင်းစင်သော လနှယ် ဖြစ်သွားလေပြီ။ မိမိကိုယ်နှိုက်ကပင်လျှင် ပဉ္စာလစန္ဒီမင်းသမီးအပေါ်၌ တိမ်းညွတ်ရင်းစွဲဖြစ်ခဲ့သော မင်းကြီးသည် အမတ်လေးဦးတို့၏ စကားကို များစွာ အားရနှစ်ခြိုက်သွားသည်။ စောစောက သတိဉာဏ်တစ်ချက်ဝင်းပြက်ခဲ့သော စိတ်ကူးတို့လည်း ပျောက်ပြယ်သွားသည်။ ထိုအခိုက်ဝယ် မဟောသဓာသုခမိန်သည်လည်းကောင်း၊ ကေဝဋ္ဋအမတ်ကြောင့် စနိုးစနောင့်ဖြစ်ခဲ့သော အတွေးများသည် လည်းကောင်း၊ မင်းကြီးထံတွင် မရှိတော့။ မိမိ အလိုရှိသော အဖြေကို အမတ်ကြီးလေးဦးထံမှ ရရှိလိုက်သောအခါ မင်းကြီးသည် ပဉ္စာလရာဇ်ပြည်သို့ သွားရောက်၍ ပဉ္စာလစန္ဒီမင်းသမီးကို သိမ်းပိုက်ရန်မှတစ်ပါး အခြားမည်သည့်အရာကိုမျှ သတိမရတော့ချေ။

"မဟောသဓာသုခမိန် အခစား ဝင်ရောက်ကြောင်းပါ ဘုရင်မင်းမြတ်"

သဉ္စာလီအပြင်တံခါးမှ တံခါးမှူးအစောင့်၏ အသံနှင့်အတူ မဟောသဓာ ဝင်ရောက်လာသည်။

"အို . . . ဟုတ်ပေသားပဲ၊ သားတော် အခစားဝင်တဲ့ အချိန်ပေပဲ"

ဝိဒေဟရာဇ်မင်းကြီးသည် တက်ကြွရွှင်လန်းစွာပင် မဟောသဓာအား အခစားဝင် လိုက်သည်။

* * *

မဟောသဓာသုခမိန် နေရာယူပြီးသည့်နှင့် တစ်ပြိုင်နက် မင်းကြီးသည် သေနက အမှူးပြုသော အမတ်လေးပါးတို့ကို လှမ်းကြည့်လိုက်သည်။ ထို့နောက် အလွန်ပိုင်နိုင် တိကျသော ဆုံးဖြတ်ချက် ချပြီးသော အသံဖြင့် . . .

"သားတော် မဟောသဓာ၊ ဂင်္ဂါမြစ်ရေနဲ့ ယမုနာဖြစ်ရေတို့ တစ်သားတည်းတူမျှကျသလို ကျွန်ုပ်၊ ကေဝဋ္ဋပုရောဟိတ်နဲ့ ဟောဒီမှာ ရှိနေကြတဲ့ အမတ်ကြီးလေးပါး စုစုပေါင်းခြောက်ပါးသော ပညာရှိများကတော့ တစ်သဘောတည်း တစ်စိတ်တည်း ညီညွတ်နေကြပြီ"

မိမိစကားကို ပိုမိုလေးနက် ခမ်းနားစေလိုသော သဘောဖြင့် မင်းကြီးသည် ဆက်မပြောသေးဘဲ ခေတ္တရပ်နားကာ လက်ဝါးနှစ်ဖက်ကို တင်ပျဉ်



www.burmeseclassic.com

www.burmeseclassic.com



ခွေလျက်ရှိသော ဒူးပေါ်သို့ ဝင့်ဝင့်ကြွားကြွား ထောက်တင်လိုက်သည်။ ပြီးမှ အလွန်တိကျသော အသွင်ဖြင့် . . .

"ပဉ္စာလရာဇ်ပြည်ကို ကျွန်ုပ် သွားရောက်ဖို့အရေး အားလုံးက နှစ်သက် ဆုံးဖြတ်ကြပြီးပြီ။ ဒီတော့ သားတော်အနေနဲ့ကော လျှောက်တင်စမ်း။ ပဉ္စာလရာဇ်ပြည်ကို ကျွန်ုပ် သွားသင့် မသွားသင့်။ သို့တည်းမဟုတ် မိထိလာမှာပဲ စောင့်ဆိုင်းနေသင့် မနေသင့်၊ အဆောတလျင် သွားမလား၊ ခေတ္တစောင့်ဆိုင်းနေသင့်သလား အစရှိသည်ဖြင့် သားတော်ရဲ့ အကြံအစည်ကို သိလိုတယ်။ သားတော် ဘယ်လိုယူဆသလဲ"

မင်းကြီး၏ အမူအသွင်၊ လေသံနှင့် စကားအသုံးအနှုန်းတို့ကို တွေ့သိကြားမြင်လိုက်သည်နှင့်ပင် မဟောသဓာသုခမိန်သည် အလုံးစုံကို သဘောပေါက်လိုက်ပြီ ဖြစ်သည်။

သေနက၊ ပက္ကုသ၊ ကာမိန္ဒနှင့် ဒေဝိန္ဒအမတ်လေးပါးတို့က မဟောသုခမိန်ဘက်သို့ စောင်းငဲ့ကြည့်ရှုနေကြသည်။ သုခမိန်ကား အမတ်လေးပါးတို့ကို လျစ်လျူပြုကာ မင်းကြီးရှိရာသို့ ကိုယ်ကို တည့်မတ်စွာ ပြင်ထိုင်ကာ မမှိတ်မသုန် ကြည့်သည်။ ယှက်ထားသော လက်အုပ်ကိုလည်း အစေ့ပူးကပ်လိုက်သည်။ ထို့နောက် ပြုံးယောင်ယောင်ရှိနေသော မင်းကြီးကို ပကတိတည်ငြိမ်လေးနက်သော မျက်နှာထားဖြင့် စူးစိုက်ကြည့်ရှုကာ တစ်လုံးချင်း ပြတ်သားစွာ ဆိုလိုက်လေသည်။

"ဆင်ခြင်တော်မူသင့်ပါတယ် ခမည်းတော်မင်းကြီး။ လက်နက်နိုင်ငံကြီး သခင်ဖြစ်တဲ့ စူဠနီဗြဟ္မဒတ်မင်းကြီးဟာ မိထိလာကို စစ်သည်ဗိုလ်ပါ အင်အားနဲ့ ဝိုင်းဝန်းလုပ်ကြံရန် မတတ်နိုင်တဲ့အတွက် ကာမဂုဏ်အားနဲ့ ဖြားယောင်းဖို့ ကြံနေပါပြီ"

မင်းကြီး၏ ရွှင်လန်းနေသော အမူအရာသည် ကုန်ဆုံးရပ်တန့်သွားသည်။ သေနကအမတ်ကြီးထံမှ မလိုလားဟန် သက်ပြင်းရှိုက်သံတစ်ချက် ပေါ်လာသည်။ မဟောသဓာသုခမိန်ထံမှ တိကျသော စကားလုံးများ တသွင်သွင် ထွက်ပေါ်လာသည်။

"အရှင်မင်းကြီး ပဉ္စာလရာဇ်ပြည်ကို ကြွတော်မူမယ်ဆိုရင် သမင်တိန်ညင်မနဲ့မျှားပြီး မုဆိုးလက်ရောက်တဲ့ သမင်လို ဖြစ်ပါလိမ့်မယ်။ ကောင်းစွာ လေ့ကျင့်ထားတဲ့ သမင်တိန်ညင်မရဲ့ ခြေကို ကြိုးနဲ့ချည်ပြီး





မြင်သာရာမှာထား၊ မုဆိုးသားကတော့ ချုံအကွယ်က စောင့်ဆိုင်းနေပါတယ်။ သမင်တိန်ညင်မဟာ လျှပ်ပေါ်လော်လည်ဟန် အသံပြုလိုက်တဲ့အခါ တပ်မက်ခြင်းပြင်းတဲ့ သမင်ဖိုကြီးဟာ မိမိအပါးက သမင်မတွေကို အမှတ်မပြု၊ ဘေးအန္တရာယ်ကိုလဲ မမြင်မသိ၊ သမင်တိန်ညင်မအနီး ချဉ်းကပ်ပါတယ်။ ဒီအခါမှာ ချုံအကွက်က မုဆိုးဟာ ထက်လှစွမ်းသောလှံနဲ့ သမင်တိန်ညင်မကို ကွယ်ပြီး သမင်ဖိုကို ထိုးစိုက်လိုက်ပါတယ်။ သမင်ဖိုကြီး အသက်ဆုံးရှုံးရပါတယ်။ ဒီအရေးမှာလဲ စူဠနီဗြဟ္မဒတ်မင်းကြီးဟာ မုဆိုး၊ သမီးတော်ပဉ္စာလစန္ဒီဟာ သမင်တိန်ညင်မ၊ ကေဝဋ္ဋအမတ်က မုဆိုးလက်နက်နဲ့ အလားတူပါတယ်။ အရှင်မင်းကြီးကို အန္တရာယ်ပြုလိုတဲ့အတွက် ပဉ္စာလရာဇ်မင်းဟာ သမီးတော်နဲ့ ဖြားယောင်းခြင်း ဖြစ်ပါတယ်"

မင်းကြီး၏ မျက်နှာပြင်ပေါ်မှ အပြုံးသည် ရုတ်ခြည်းကွယ်ပျောက်သွားကာ သွေးရောင်များလျှမ်းလျက် နီရဲသွားသည်။ သေနကအမတ်ထံမှ မပွင့်တပွင့်ညည်းညူသံနှင့် ပက္ကုသအမတ်ထံမှ မသိမသာလှုပ်ရှားဟန် တစ်ခု ထွက်ပေါ်လာသည်။

မဟောသဓာသုခမိန်ကား ရှေ့တူရှုသို့ပင် အစဉ်တစိုက် ကြည့်လျက် စကားဆက်ပြန်သည်။

"ငါးကိုဖမ်းမယ့် တံငါဟာ ရှည်လျားတဲ့ကြိုးအဖျားမှာ သံမျှားချိတ်ကို ချည်၊ အစာကို တပ်ဆင်မွမ်းမံပြီး ရေထဲပစ်ချလိုက်ပါတယ်။ ရေထဲမှာ ကျက်စားတဲ့ငါးဟာ သံမျှားချိတ်ကိုမမြင် အစာကို ခုံမင်တပ်မက်ပြီး သံမျှားချိတ်ကို မျိုချလိုက်တဲ့အခါ အဲဒီငါး အသက်ဆုံးရှုံးပါတယ်။ စူဠနီဗြဟ္မဒတ်မင်းဟာ သံမျှားချိတ်အပေါ်က အစာ ဖြစ်ပါတယ်"

မင်းကြီး၏ နီရဲသော မျက်နှာပြင်ရှိ မျက်စိအစုံသည် ကျဉ်းမြောင်းသွားသည်။ ဖြန့်တင်ထားသော လက်ဝါးနှစ်ဖက်သည်လည်း လက်သီးဆုပ်များ အဖြစ်သို့ ပြောင်းလဲသွားသည်။ ဒေဝိန္ဒအမတ်က နှာကျင်သံဖြင့် ခပ်တိုးတိုး ရေရွတ်သည်။ ကာမိန္ဒအမတ်က အင်္ကျီလက်ဖျန်စကို ဟိုမှသည်မှ ရွှေ့လျားသည်။ သေနကအမတ်ကြီးကား ပြုံးပျော်သော မျက်စိ အစုံဖြင့် မင်းကြီးကို တစ်လှည့်၊ မဟောသဓာကို တစ်လှည့် အစိုးမရစွာ ကြည့်နေသည်။

မဟောသဓာသုခမိန်ကား မတိမ်းမရွေ့ ပြကတေ့သောအသံဖြင့်

"တောမှာ ကျက်စားတဲ့သမင်ဟာ အစာကို တပ်မက်ခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မိမိအရပ်မဟုတ်တဲ့ မြို့ရွာခရီးကို သွားပြီးကျက်စားမယ်ဆိုရင် ရွာသားများ လက်ချက်နဲ့ ထိုသမင် အသက်ဆုံးရပါတယ်။ မင်းသမီးအပေါ် တပ်မက်တဲ့ စိတ်နဲ့ အရှင်မင်းကြီးဟာ မိမိနေပြည်တော်ကနေပြီး သူ့ပြည် သူ့နိုင်ငံသို့ ကြွတော်မူမှားရင် စစ်သည်ဗိုလ်ပါအင်အား များလှတဲ့ စူဠနီပြဟ္မဒတ် လက်တွင်း သက်ဆင်းရပြီး ကိုယ်စိတ်မချမ်းမသာဖြစ်မှာ သေချာပါတယ် အရှင်မင်းကြီး"

မင်းကြီးသည် သလွန်ထက်မှ ဝုန်းခနဲထသည်။ နီရဲသော မျက်စိအစုံ ၏ မျက်ခွံသားများပင် ဆတ်ဆတ်တုန်နေချေပြီ။ ထို့နောက် ဒေါသဖြင့် တုန်ယင်ထစ်ငေါ့နေသော စကားလုံးများ ပေါက်ကွဲထွက်ပေါ်လာသည်။

"ထူးကဲတဲ့ရတနာ ရရာရကြောင်း၊ ကောင်းမြတ်တဲ့ မင်းရေးမင်းရာ မင်္ဂလာစကားကို ပြောဆိုဆွေးနွေးကြရာမှာ ငါဟာ ထွန်းတုံးစွန်းမှာ ကြီးပြင်း ရတဲ့ လယ်လုပ်သားကို တိုင်ပင်မိမှားပြီ၊ ငါကိုယ်တော်တိုင်ပဲ မလိမ္မာ မိုက်မှား ရာ ရောက်ခဲ့ပြီ"

သေနကနှင့် အခြားအမတ်သုံးဦးတို့ကား နန်းကြမ်းပြင်ဆီသို့သာ မျက်နှာမူနေကြသည်။ ခေါင်းမဖော်ရဲကြတော့။

"ဟေ့ . . . ထွန်တုံးစွန်းမှာ ကြီးပြင်းတဲ့လယ်လုပ်သား၊ မင်းဟာ လယ်အမှုမှာသာ ကျွမ်းကျင်သူ ဖြစ်တယ်။ မင်းရေးမင်းရာကို မင်း မသိနိုင် ဘူး၊ မင်းရေးမင်းရာကို ကျွမ်းကျင်လိမ္မာသူတွေကတော့ မှူးမျိုးမတ်မျိုးဖြစ်တဲ့ ကေဝဋ်အမတ်၊ သေနက၊ ပက္ကုသ၊ ဒေဝိန္ဒနဲ့ ကာမိန္ဒအမတ်တို့ပဲ"

ဝိဒေဟရာဇ်မင်းကြီးသည် ဒေါသ၏ ပူလောင်ခြင်းဖြင့် အလုံးစုံသော ဆင်ခြင်တုံတရားမှန်သမျှ ပျောက်ဆုံးပြီ ဖြစ်သည်။

"မင်္ဂလာအမှုနှင့် မင်းရေးမင်းရာကို မသိမလိမ္မာဘဲ မြတ်သော မင်းသမီးရတနာ ရရာရကြောင်းကို အန္တရာယ်စကားနဲ့ ငါ့အကျိုးယုတ် အောင် ညံ့ဖျင်းလှတဲ့ သားငါးသမင် ဥပမာမျိုးတွေနဲ့ နှိပ်နယ်လျှောက်တင် ရဲတဲ့ ဒီလယ်သမား အမျိုးကို . . ."

တုန်ယင်သော လက်ညှိုးဖြင့် ငေါက်ငေါက်ထိုးလျက် . . .

"ငါတို့ တိုင်းနိုင်ငံကနေ ရာဇဒဏ်ပေးပြီး နှင်ထုတ်ပစ်လိုက်"

မင်းကြီး၏ ပြင်းထန်သော အမိန့်အာဏာအဆုံးဝယ် မည်သည့် လှုပ်ရှားမှုမှ ပေါ်မလာချေ။ တုန်လှုပ်ခြင်းကင်းစွာ မိမိနေရာမှာပင် အစွဲအမြဲ





ထိုင်နေသော မဟောသဓာသုခမိန်ထံသို့လည်း မည်သည့်ရဲမက်မျှ ရောက် မလာချေ။

မိထိလာပြည်အလုံး၏ အကျိုးစီးပွားကို ဆောင်နေသောသူ ဖြစ်သည့် အပြင် ဘုန်းအာဏာအရှိန် အတော်ကြီးမားလှသော စစ်သူကြီးဖြစ်သည့် အတွက် မဟောသဓာသုခမိန်အနီးသို့ မည်သူမျှ မချဉ်းကပ်ရဲကြ။ မဟော သဓာသုခမိန်ကိုယ်တိုင်လည်း မင်းကြီးအမိန့်အတိုင်း မိမိအား မည်သူမှ ဆွဲငင်ဖမ်းဆီးခြင်း မပြုရဲကြသည်ကို သိထားသည်။ ထို့ပြင် လွတ်လပ်စွာ ဆွေးနွေးတိုင်ပင်လိုသောကြောင့် သဘ္ဘာလီထဲတွင် အစောင့်ရဲမက်များ ရှိမနေ ရအောင် မင်းကြီးကိုယ်တိုင် နှင်ထားပြီး ဖြစ်နေသည်။ အခြင်းအရာအားလုံး ကို သဘောပေါက်နားလည်ထားသော မဟောသဓာသုခမိန်သည် မိမိအား မည်သည့် တစ်စုံတစ်ယောက်မှ ဆွဲငင်မဖမ်းဆီးနိုင်မီမှာပင် အလိုအ လျောက် ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည်။

မင်းကြီးအား ကြည်လင်သန့်ရှင်းသော မျက်လုံးများဖြင့်ကြည့်ကာ မဟောသဓာသုခမိန်သည် ပြုမြဲအတိုင်း ရှိခိုးဦးချလျက် နန်းတော်ထဲမှ ထွက် ခွာသွားသည်။ ဝိဒေဟရာဇ်မင်းကြီးကား ထွက်ခွာသွားသော မဟောသဓာ သုခမိန်ကို မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်သည်။ လိုက်လံဖမ်းဆီးရန် ချုပ်နှောင်ရန် အမိန့်ပေးဖို့လည်း သတိမရ။

ဒေါသ၏ လောင်မြိုက်ခြင်းတွင် မင်းကြီးသည် သတိလက်လွတ်ဖြစ် ကာ ကျန်ရစ်ခဲ့သည်။ သေနကအမတ်နှင့် အခြားအမတ်သုံးဦးတို့ကား ယခုတိုင်ပင် ဦးခေါင်းမဖော်ဝံ့ကြသေးဘဲ နန်းကြမ်းပြင်နှင့် မျက်နှာထိလု မတတ် ငုံ့ငိုက်ထားကြဆဲပင်။

မဟောသဓာသုခမိန်ကား နန်းတော်မှ ထွက်ခွာကာ စံအိမ်တော် ဆီသို့သာ ရှေးရှုပြန်ခဲ့သည်။ အပြန်ခရီးတစ်လျှောက်တွင်ကား သုခမိန်သည် မင်းကြီး၏ အမျက်ဒေါသနှင့် ပြင်းထန်သော အမိန့်အာဏာတို့ကို ထည့်သွင်း စဉ်းစားခြင်းပင် မရှိတော့။ မဟောသဓာ၏ အတွေးတွင် တစ်ခုတည်းသော အရာသာ ရှိနေသည်။ ထိုအရာကား အခြားမဟုတ်၊ ဝိဒေဟရာဇ်မင်းကြီးနှင့် တကွ မိထိလာတစ်ပြည်လုံးအား ခြိမ်းခြောက်နေသော ဘေးအန္တရာယ်ကို မည်သို့ကာကွယ်ရမည်နည်း ဟူသော အချက်ပင်ဖြစ်လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

ဥတ္တရပဥ္စလရာဇ်နေပြည်တော်သို့ ထိုမှတစ်ဆင့် ဝိဒေဟရာဇ်တိုင်းကို ဖြတ်လျက် မိထိလာသို့အရောက် အရပ်အနားမရှိ ပျံသန်းလာခဲ့သော ကျေးသားငယ်၏ အိမ်ပြန်ခရီးသည် မဟောသဓာသုခမိန်၏ စံအိမ်တော်တွင် အဆုံးသတ်သည်။

စံအိမ်တော် လေသာပြတင်းတွင် တောင်ပံအစုံကို ရုပ်သိမ်းလျက် လေဟုန်အရှိန်စီးကာ လေသာဆောင်ထဲသို့ ပျံဝဲလာပြီးနောက် ကျေးသားငယ်သည် မဟောသဓာသုခမိန်၏ ပခုံးထက်၌ အသာအယာနားလိုက်လေသည်။ ကောင်းစွာ သွန်သင်ထားအပ်ပြီးသော ကျေးသားငယ်သည် အရှင်သခင် ခိုင်းစေသော အမှုကိစ္စ တစ်စုံတစ်ခုကို ဆောင်ရွက်ပြီး ပြန်လည်အစီရင်ခံရာတွင် နည်းလမ်းသုံးမျိုးဖြင့် အချက်ပြတတ်သည်။ မဟောသဓာနှင့်တကွ သခင်မ အမရာဒေဝီအပါအဝင် စံအိမ်တော်တစ်ခုလုံးရှိ အမှုထမ်းများကိုပါ ကြားသိစေလိုပါက ကျေးသားငယ်သည် ကြမ်းပြင်ထက်တွင် နားတတ်သည်။ သခင်နှင့် သခင်မနှစ်ဦးတည်းသာ သိစေလိုပါက မဟောသဓာ၏ ရင်ဘတ်ပေါ်တွင် နားလေ့ရှိသည်။ အထူးလျှို့ဝှက်သော အကြောင်းကိစ္စဖြစ်၍ သခင် မဟောသဓာတစ်ဦးတည်းသာ ကြားစေလိုပါမူ မဟောသဓာ၏ ပခုံးစွန်းတွင် နားကာ အချက်ပြတတ်သည်။

ဥတ္တရ ပဥ္စာလရာဇ်ပြည်ကို သူလျှိုအထောက်တော်တာဝန်ဖြင့် သွားရောက်ခဲ့သော ကျေးသားငယ်သည် မဟောသဓာ၏ ပခုံးစွန်းတွင် နားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မဟောသဓာသည် ကျေးသားငယ်ကို ပခုံးစွန်းထက်မှာပင် ရှိစေကာ နှစ်ကိုယ်နားသာကြားနိုင်မည့် စံအိမ်ထက်ပြာသာဒ်ဆောင်ဆီသို့ တက်ခဲ့လေသည်။

ကျေးသားငယ်၏ ပြန်လည်အစီရင်ခံချက်အလုံးစုံကို မဟောသဓာသုခမိန် ရရှိပေပြီ။

ကျေးသားငယ်က မိမိသည် သိဝိရာဇ်တိုင်း သိဝိရာဇ်မင်းကြီး၏ အိပ်ရာစောင့်ကျေးဖြစ်ကြောင်း၊ အလွန်လိမ္မာသော သာလိကာမတစ်ကောင်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေခဲ့ကြောင်း၊ တစ်နေ့သောအခါ နန်းတော်စုလစ် အမွမ်းဘုရင်ခေါင်တွင် နားနေကြစဉ် စွန်သုတ်သဖြင့် သာလိကာ အသက်ဆုံးခဲ့ကြောင်း၊ ထို့ကြောင့် မင်းကြီး၏ ခွင့်ပြုချက်အရ သဘောတူခံယူမျှမည့် သာလိကာမကျေးမကို အရှာအဖွေထွက်ခဲ့ကြောင်းဖြင့် မဟောသဓာ၏ ကျေးသားငယ်သည် ပဉ္စာလရာဇ်မင်းကြီး၏ နန်းတော်ထုပိကာဘုံထွတ်အဖျားတွင်နေသော သာလိကာမကို ဥပါယ်စကား ဆိုခဲ့လေသည်။

ထို့နောက် သာလိကာမ၏ မသတ္တဝါတို့ဗီဇ သနားကရုဏာစိတ်အခံကို လှုံ့ဆော်ကာ သာလိကာမနှင့် ချစ်ကျွမ်းဝင်အောင် ကြိုးစားခဲ့ပုံ၊ သာလိကာမ၏ အချစ်ကို ရပြီးမှပင် ဥပါယ်တံမျဉ်သုံးကာ မေးမြန်းစုံစမ်းခဲ့ပုံ၊ ထိုအခါမှပင် ပဉ္စာလရာဇ်မင်းကြီးနှင့် ကေဝဋ္ဋပုရောဟိတ်ကြီးတို့သည် ဝိဒေဟရာဇ်မင်း၊ မဟောသဓာသုခမိန်တို့အား သမီးတော်ပဉ္စာလစန္ဒီမင်းသမီးနှင့် ဖြားယောင်းကာ နေပြည်တော်အရောက်ပင့်ဆောင်၍ သတ်ဖြတ်သုတ်သင်မည်ဟု စီစဉ်နေကြပုံတို့ကို ကျေးသားငယ် အသေးစိတ်သိရှိလာခဲ့လေသည်။

အလုံးစုံသော ဖြစ်ရပ်ခြင်းရာတို့ကို သိရှိရပြီးသောအခါ မဟောသဓာသုခမိန်သည် တစ်ကိုယ်တည်းပင် ကျူးရင့်လိုက်လေ၏။

"ဝိဒေဟရာဇ်မင်းကြီးဟာ ငါအလိုမပါ သဘောမတူသည်ဖြစ်စေမ, တည်းဟူသော ရမ္မက်ကြောင့် ပဉ္စာလရာဇ်ပြည်ကို ဧကန်သွားရောက်တော့မှာ ဖြစ်တယ်။ ဒီလိုသွားခဲ့ရင် မင်းကြီးဟာ ကြီးစွာသော ပျက်စီးခြင်းနဲ့ တွေ့ရတော့မယ်။ မင်းကြီးပျက်စီးမှာကို သိမြင်ပါလျက် ငါက မထောက်မပံ့၊ ကြောင့်ကြမဲ့နေခဲ့ရင် ငါ့ကိုလဲ သူတော်ကောင်းတို့ ကဲ့ရဲ့ဖွယ်ဖြစ်တော့မယ်။ ငါသို့သော ပညာရှိသုခမိန်တစ်ယောက် ရှိနေပါလျက် ငါ့ကို စည်းစိမ်ချမ်းသာပေးတဲ့ ကျေးဇူး ရှင် ဝိဒေဟရာဇ်မင်းကြီးဟာ ဘာကြောင့်ဆုံးရှုံးပျက်





စီးရမှာလဲ။

"မင်းထံပါးခစားပြီး ကျေးဇူးကို ခံစားနေတဲ့ မင်းခယောကျ်ားတို့ မည်သည်မှာ မိမိအရှင်က အမျက်ထွက်ပြီး ဆဲဆိုကြိမ်းမောင်း တွန်းထုတ်ဖယ်ရှားပေမယ့် အမျက်ရန်ငြိုး မထားအပ်ဘူး။ ကိုယ်နှုတ်နှလုံး သုံးပါးတို့ရဲ့ အခါအခွင့်သင့်လျော်စွာ မိမိအရှင်ရဲ့ အကျိုးစီးပွားကို ဆောင်ထိုက်လှပေတယ်"

* * *

နံနက်ညီလာခံနန်းမဆောင်တွင် ဝိဒေဟရာဇ်မင်းကြီးသည် စိတ်နှလုံးမသက်မသာ ဖြစ်နေသည်။ ခါတိုင်း ညီလာခံသဘင်များတွင် သားတော်မဟောသဓာသုခမိန်သည် တင့်တယ်စွာသော အသရေဖြင့် အခစားဝင်မြဲဖြစ်သည်။

ယခုမူကား ကျန်သော အမျူးအမတ်များသာ သူ့နေရာနှင့်သူ ခစားနေကြသော်လည်း မဟောသဓာခစားမြဲနေရာကား လစ်လပ်နေသည်။ လစ်ဟာနေသော ထိုနေရာကို ကြည့်ရင်း မင်းကြီးသည် နံနက်ခင်းရောက်ပြီဖြစ်ပါလျက် တိမ်တိုက်တို့ဆို့ဆီးဖုံးအုပ်မှုကြောင့် နေရောင်ခြည်ကို မမြင်သာသော နေ့တစ်နေ့ကို ဖြတ်သန်းနေရသလို ခံစားနေရသည်။

သို့သော် ထိုအခိုက်မှာပင် ညီလာခံတံခါးဝမှ အသံများကို ကြားလိုက်ရသည်။ ပရိသတ်တစ်ခုလုံးလည်း လှုပ်လှုပ်ရွရွဖြစ်သွားသည်။

တံခါးစောင့် အမှုတော်ထမ်းများဆီမှ တံပိုးခရာသံပေါ်လာသည်။ တံပိုးခရာသံကား မဟောသဓာသုခမိန် အခစားဝင်လာပြီဟူသော သီးသန့်အချက်ပေးသံဖြစ်သည်။

အံ့ဩဝမ်းသာခြင်းများဖြင့် မင်းကြီးမျှော်နေစဉ်မှာပင် မဟောသဓာသုခမိန်သည် အခစားဝင်မြဲအတူတကွပါလာသော အခြွေအရံများနှင့်အတူ နန်းရင်ပြင်သို့ ရောက်လာသည်။ အခြွေအရံများက တံခါးဝအနီး သတ်မှတ်ထားသော နေရာ၌ နေရစ်ခဲ့ကာ မဟောသဓာသည်လည်း သတ်မှတ်နေရာဖြစ်သော မင်းကြီး၏ ရှေ့အနီးဆုံး လက်ယာဘက်နန်းပြင်တွင် ခစားနေသည်။

"အင်း . . . သားတော်သုခမိန်ဟာ ငါ ဟိုနေ့က ကြိမ်းမောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာကို ကြောက်ရွံ့ပြီး ငါ့အလိုကို လိုက်ပါတော့မယ်လို့ ဆုံးဖြတ် အလျှော့ပေးပြီး အခစားဝင်လာတာပဲ"

မိမိအလိုအတိုင်း တွေးယူဝမ်းမြောက်ကာ မင်းကြီးလည်း မဟောသဓာသုခမိန်ဆီသို့ နှစ်ထောင်းအားရစွာ လှမ်းကြည့်လိုက်လေသည်။ ထိုစဉ်မှာပင် မဟောသဓာက မေးလျှောက်လေသည်။

"အရှင်မင်းကြီး၊ ဥတ္တရပဉ္စာလရာဇ်ပြည်ကို အဆောတလျင် ကြွချီမယ်လို့ အကြံတော်ရှိပါသလား"

"ဟုတ်တယ် သားတော်သုခမိန်၊ ပဉ္စာလစန္ဒီမင်းသမီးကိုမှ မရရင် မင်းဖြစ်ရကျိုးနပ်တော့မှာ မဟုတ်ဘူးလို့တောင် ကျွန်ုပ်ထင်တယ်၊ မကြာမီမှာပဲ ပဉ္စာလရာဇ်ပြည်ကို ကျွန်ုပ် ကြွချီတော်မူမယ်၊ သားတော်လဲ မိထိလာမှာ မနေရစ်ခဲ့နဲ့ အတူလိုက်ခဲ့။ ပဉ္စာလရာဇ်ပြည်ကို သွားခြင်းအားဖြင့် ပဉ္စလရာဇ်ဘုရင် သမီးတော်ကိုလဲ ရမယ်၊ စူဠနီဗြဟ္မဒတ်မင်းနဲ့လဲ အဆွေခင်ပွန်းဖြစ်ကြမယ်၊ ဒီအကျိုးကျေးဇူးနှစ်ပါးနဲ့ ပြည့်စုံမယ့်အရေးကို ကျွန်ုပ်မြင်ပြီးဖြစ်တဲ့အတွက် မကြာမီမှာပဲ ကျွန်ုပ် ပဉ္စလရာဇ်ပြည်ကို ကြွချီတော့မှာဖြစ်တယ်"

မဟောသဓာသုခမိန်ကလည်း မဆိုင်းမတွပင် လျှောက်တင်သည်။

"ဖခမည်းတော်အရှင်မင်းမြတ်၊ မိထိလာရဲ့ စစ်သူကြီးသုခမိန်တစ်ဦးမနေနဲ့ရော၊ အရှင်မင်းကြီးရဲ့ သားတော်အရာမြှောက်စားခံရသူတစ်ဦးအနေနဲ့ရော၊ သားတော် လျှောက်တင်ပါရစေ၊ ပဉ္စလရာဇ်ကို ခမည်းတော်ကြွချီတော်မူမယ်ဆိုရင် သားတော်က အလျင်ဦးစွာ သွားပါရစေ"

"ဘယ်သို့ကြောင့်လဲ သားတော်သုခမိန်"

"သားတော်က အလျင်ဦးစွာ သွားရောက်နှင့်ပြီး လက်ထပ်မင်္ဂလာသဘင်အတွက် ဂုဏ်အင်္ဂါနဲ့ ပြည့်စုံညီညွတ်မယ့် တဲနန်းတော်ကို ဆောက်လုပ်စီရင်ရပါမယ်၊ တဲနန်းတော်စီရင်ခင်းကျင်းပြီးမှသာ သားတော်က နေ့ရက် အချိန်းအချက်နဲ့ အလျှောက်အထား စေလွှတ်လိုက်ပါမယ်၊ သားတော်ဆီက စေလွှတ်လိုက်သူ ရောက်လာမှသာ ခမည်းတော်မင်းကြီးပဉ္စာလရာဇ်ပြည်ကို ကြွတော်မူခဲ့ပါ"

ဝိဒေဟရာဇ်မင်းကြီးသည် အတိုင်းမသိ ဝမ်းမြောက်သွားသည်။ အတူတကွ လိုက်ပါခြင်းထက်ပင် ပို၍ လျော်ကန်သော အစီအမံဟု သဘော





ပေါက်သည်။ အထူးသဖြင့် လက်ထပ်မင်္ဂလာသဘင်အတွက် ယာယီတဲနန်းဆောက်လုပ်စီမံနှင့်မည်ဟူသော စကားကို အကြိုက်ဆုံးဖြစ်သွားသည်။

"သားတော်သုခမိန်ပင် အလျင်သွားနှင့်မယ်ဆိုရင် ခမည်းတော်ဘာကိုဆောင်ရွက်ပေးရမလဲ၊ လူမှုအရေးအောင်မြင်ထမြောက်ဖို့အတွက် အလိုရှိရာကိုသာ တောင်းဆို"

"အခြားတစ်ပါးမရှိပါ ခမည်းတော်၊ စစ်သည်ဗိုလ်ပါပဲ လိုချင်ပါတယ်"

"စစ်သည်ဗိုလ်ပါလား၊ သားတော် အလိုရှိသမျှကို ယူနိုင်တယ်"

"ခမည်းတော်မင်းမြတ်၊ ဒါတင်မကသေးပါ၊ အရပ်လေးမျက်နှာထောင်တန်းနှောင်အိမ်တို့မှာရှိတဲ့ မင်းပြစ်သင့် လူဆိုးလူသွမ်းတွေကိုလဲ ပေးသနားတော်မူပါ"

"မင်းပြစ်သင့်တဲ့ ရာဇဝတ်သားတွေလား၊ သူတို့ကို ဘာအသုံးချမလို့လဲ။ ကောင်းပြီလေ၊ ဒါဟာ သားတော်သုခမိန်ရဲ့ အရာသာဖြစ်တယ်၊ မိထိလာမှာ ရှိရှိသမျှ ရာဇဝတ်သားတွေသာမက ကြိုက်ရာသူကိုသာ သားတော်ယူသွား၊ ခမည်းတော်နဲ့ မိဖုရားကြီးသာ အလွတ်ရှိစေ။ ဘယ်သူ့ကိုမဆို သားတော်အလိုရှိရာကို ခေါ်နိုင်တယ်"

"ကောင်းပါပြီ ခမည်းတော်မင်းကြီး၊ စီမံစရာအမှုကိစ္စများရှိနေတဲ့အတွက် ညီလာခံသဘင်က ထွက်ခွာခွင့်ပြုဖို့လဲ တောင်းပန်လိုက်ပါတယ်"

"အဲဒါလဲ သားတော် အလိုရှိတဲ့အတိုင်းပဲဖြစ်စေ"

ညီလာခံခန်းမထဲမှ ထွက်ခွာခဲ့ပြီးနောက်တွင် မဟောသဓာသုခမိန်သည် မဆိုင်းမတွပင် စိုင်းပြင်းစီမံလေသည်။

ထောင်တန်း ရာဇဝတ်သားများကို စေလွှတ်စေပြီး သူတို့အထဲမှ ရဲစွမ်းသတ္တိရှိသူများကို ရွေးချယ်ယူလိုက်သည်။ မင်းပြစ်သင့်သဖြင့် အသက်ဆုံးရန်မှတစ်ပါး ဘာကိုမှ မျှော်လင့်စရာမရှိတော့သော ရာဇဝတ်သား လူကြမ်းလူရိုင်းကြီးများသည် မဟောသဓာအား အသက်သခင်ကျေးဇူးရှင်ကြီးအဖြစ် သတ်မှတ်ကာ ခိုင်းစေသမျှကို အသက်နှင့်လဲ၍ အမှုတော်ထမ်းကြပါမည်ဟု ကတိပြုကြလေသည်။

ထို့နောက် မဟောသဓာသုခမိန်သည် မိထိလာနေပြည်တော်တစ်ဝန်းရှိ လက်သမား၊ ဗိသုကာ၊ ပန်းချီ၊ ပန်းပု၊ ပန်းပွတ်၊ ပန်းရံ၊ ပန်းထိမ်၊



www.burmeseclassic.com

www.burmeseclassic.com



သားရေနယ်သမား အစရှိသော လက်မှုအတတ်ကျွမ်းကျင်သူတို့ကိုလည်း ရွေးချယ်လိုက်သည်။ ထိုသို့ လူပေါင်းစုံပါဝင်သော အစုအဝေးကြီးကို တပ်မကြီးအသွင်ဖြင့် ဖွဲ့စည်းကာ ဓား၊ လှံ၊ လက်နက်များသာမက ပဲကွပ်၊ ပုဆိန်၊ ပေါက်တူး၊ တူရွင်းစသည့် ကိရိယာများလည်း ဆင်ပေးသည်။

ပဉ္စာလရာဇ်ပြည်သို့ ရှေ့ပြေးတမန်အဖြစ်ချီမည့် ထိုချစ်ကြည်ရေး မဟာမိတ်အဖွဲ့ကြီးသည် စစ်တပ်တစ်တပ်အသွင်ဆောင်နေသည်။ အတတ်ပညာမျိုးစုံ တတ်ကျွမ်းသော ပညာရှင်များလည်း ပါဝင်သည်။ ထိုသို့ ထူးခြားသော တပ်မကြီးကို ဦးဆောင်လျက် မဟောသဓာသုခမိန်သည် ဥတ္တရပဉ္စာလရာဇ်နေပြည်တော်သို့ ရှေ့ရှုချီတက်ခဲ့လေသည်။

* * *

မိထိလာနှင့်ပဉ္စာလရာဇ်သည် ယူဇနာတစ်ရာ အကွာအဝေးရှိသည်။

တစ်ယူဇနာ အကွာအဝေးရောက်တိုင်းရောက်တိုင်း မဟောသဓာသည် တစ်ရွာတစ်ရွာတည်ထားပြုစုသည်။ အမတ်တစ်ယောက်စီကို ရွာ၏ အကြီးအအုပ်အဖြစ် ခန့်အပ်လျက် ပါသွားသော အင်အားထဲမှ သင့်တော်သည့် အချိုးအစားဦးရေအလိုက် ရွာနေလူထုအဖြစ် ခွဲဝေပေးခဲ့သည်။

"ပဉ္စာလစန္ဒီမင်းသမီးကို ဆောင်ယူပြီး ငါတို့ရဲ့မင်းကြီးဟာ ဒီခရီးလမ်းကြောင်းအတိုင်း နေပြည်တော်ကို ကြွချီမှာဖြစ်တယ်။ ဒီအခါမှာ မင်းတို့ရဲ့ရွာတွေမှာ တစ်ထောက်တစ်နား ခိုနားလိမ့်မယ်။ မင်းကြီးနဲ့ ပဉ္စာလစန္ဒီတို့ ရောက်ရှိလာတဲ့အခါ အပင်အပန်းမရှိ ခရီးဆက်နိုင်အောင် ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်တို့ကို အဆင်သင့်ရှိနေစေရမယ်။ မိမိရွာကနေ နောက်တစ်ရွာကို လိုက်ပါပို့ဆောင်ရာမှာလဲ အချိန်ကုန်ဖင့်နွှဲခြင်းမရှိစေနဲ့ အန္တရာယ်ကင်းကင်းရှိပါစေ"

စခန်းအဆင့်ဆင့်၊ ရွာအဆင့်ဆင့်ကို တည်ဆောက်ပြီးသောအခါ မဟောသဓာနှင့် လက်ရွေးစင်အမှုတော်ထမ်းတို့သည် ဂင်္ဂါမြစ်အနီးသို့ ရောက်ရှိခဲ့ကြလေပြီ။ ဂင်္ဂါမြစ်၏ ဟိုမှာဘက်ကမ်းဆီမှ ပဉ္စာလရာဇ်မြို့တော်ကိုပင် ပျပျရေးရေး တွေ့မြင်နေကြရပြီ ဖြစ်သည်။ မြစ်ရေပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသည့် နွေးထွေးလန်းဆတ်သောလေကို ရှူရှိုက်လိုက်ပြီးနောက် မဟောသဓာသုခမိန်သည် ဖွားဘက်တော်တစ်ဦးဖြစ်သော 'အာနန္ဒာ'ကို





ခေါ်ယူလိုက်သည်။

"သင့်ကို အထူးတာဝန်ပေးစရာရှိတယ် အာနန္ဒာ"

ငယ်ရွယ်နုပျိုခြင်းနှင့်အတူ တက်ကြွထက်မြက်ခြင်းနှင့်ပါ ပြည့်စုံသော အမတ်ငယ်အာနန္ဒာသည် အထူးတာဝန်ဆိုသော စကားကြောင့် မျက်လုံးများ တဖျပ်ဖျပ်တောက်ပသွားသည်။

"ဒီကနေပြီး မြစ်ညာအရပ်ဆီကို သင် ဆန်တက်သွားရမယ်၊ သင်နဲ့အတူ လက်သမား အမှုထမ်းသုံးရာကိုပါ ခေါ်သွား။ မြစ်ညာအရပ် တစ်နေရာမှာ အင်မတန်ကောင်းတဲ့ သစ်တောတွေရှိတယ်၊ သင် လုပ်ရမှာက သစ်တောထဲက လုံးရပ်အတောင်အထွာသင့်တဲ့ သစ်ပျဉ်တွေကို ခုတ်လှဲ့ ချောမွေ့အောင် ရွေဖျင်ပြီးရင် အဲဒီသစ်တွေကို လှေနဲ့တင်ပြီး ပြန်စုန်လာခဲ့"

အာနန္ဒာ၏ တောက်ပသော မျက်လုံးများကို ကြည့်၍ ဆက်အမိန့်ပေးလေသည်။

"အဲဒီသစ်တွေကို ဘာလုပ်မလဲဆိုတာ သင်သိချင်နေတယ် မဟုတ်လား အာနန္ဒာ၊ အဲဒီသစ်ပျဉ်တွေကို ကျွန်ုပ် တည်ဆောက်မယ့် မြို့သစ်မှာ အသုံးချရမှာပဲ။ ဒီအမှုကို အမြန်ဆုံးနဲ့အကောင်းဆုံး ဖြစ်စေချင်တယ်၊ နားလည်လား အာနန္ဒာ"

"နားလည်ပါတယ်သုခမိန်၊ ကျွန်တော်အခုပဲ မြစ်ညာကိုဆန်ပါမယ်"

အာနန္ဒာနှင့် လက်သမားသုံးရာတို့ မြစ်ညာကို ဆန်တက်သွားပြီး မရှေးမနှောင်းမှာပင် မဟောသဓာသုခမိန်နှင့် ကျန်လူများသည် ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ကူးဖြတ်ခဲ့ကြလေသည်။

ပဉ္စာလရာဇ်ကမ်းဖက်တွင် ခြေချလိုက်သည်။

မဟောသဓာသုခမိန်သည် ရထား သို့မဟုတ် မြင်းကို အသုံးမပြုဘဲ မြစ်ကမ်းနားမှနေ၍ နေပြည်တော်ဘက်သို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်ခဲ့သည်။ စင်စစ်ကား မြစ်နားမှ ပဉ္စာလရာဇ်နန်းတော်အထိ ခရီးအကွာအဝေး မည်မျှရှိသည်ကို အတိအကျ တွက်ချက်သိရှိရန် ဖြစ်သည်။

ခြေလှမ်းကို တာဖွဲ့၍ တွက်ချက်ကာ လျှောက်ခဲ့ပြီးနောက်၌ နှစ်ဂါဝုတ် အကွာအဝေးရှိသော အရပ်တွင် ရပ်တန့်လိုက်သည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စာလရာဇ်နန်းတော်ရှိရာသို့ လည်းကောင်း၊ မြစ်ကမ်းရှိရာသို့ လည်းကောင်း အပြန်ပြန်အလှန်လှန် မျှော်ကြည့်သည်။

မဟောသဓာသုခမိန်သည် စိတ်ထဲမှာပင် ဆုံးဖြတ်ချက်ချလိုက်လေသည်။

"ငါအခုရပ်နေတဲ့နေရာအထိ ခရီးအကွာ နှစ်ဂါဝုတ်ရှိတယ်၊ ဒီနှစ်ဂါဝုတ်ခရီးမှာ ဥမင်လိုဏ်တူးဖောက်စီရင်ရမယ်။ ဒီနေရာကို မြို့နန်းစီရင်ရမယ်။ အကွာအဝေး မြေအနေအထား ခရီးလမ်းပန်းအားလုံး သင့်လျော်လျောက်ပတ်တယ်"

ထိုနေရာမှ မင်းကြီး၏ နန်းတော်ဆီသို့ ရောက်သည့်အကွာအဝေးကား တစ်ဂါဝုတ်ရှိသည်။

"ဒီတစ်ဂါဝုတ်ကိုတော့ ဥမင်တွေ စီရင်ရမယ်"

ဆုံးဖြတ်ချက် ချပြီးမှပင် မဟောသဓာသည် ဘုရင်မင်းမြတ်၏ သံကြီးတမန်ကြီး အဆောင်အယောင် အပြည့်အစုံကို ဆင်ယင်ဖွဲ့စည်းကာ မြို့နန်းအတွင်းသို့ ချီခဲ့လေသည်။

သုခမိန်နှင့်တကွ ချစ်ကြည်ရေးသံတမန်အဖွဲ့တို့ ချီလာရာ ပဉ္စာလရာဇ်နေပြည်တော်လမ်း တစ်လျှောက်ကား အုန်းအုန်းကျွက်ကျွက် ဖြစ်နေသည်။ ပဉ္စာလရာဇ်သားတို့သည် လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်မှနေ၍ စုပြုံတိုးဝှေ့ကာ မိထိလာသံအဖွဲ့ကို အံ့သြရှုမောကြည့်ကြသည်။

"ရှေ့ဆုံးက မြင်းဖြူကြီးပေါ်မှာ လိုက်လာတာဟာ မဟောသဓာသုခမိန်ပေါ့၊ ကြည့်စမ်း . . . ဘယ်လောက် တင့်တယ်သလဲ၊ ဘယ်လောက် ကြည့်ကောင်းသလဲ"

"အို . . . မိထိလာပြည်ကြီးရဲ့ စစ်သေနာပတိ သုခမိန်ကြီး မဟောသဓာဆိုတာလား၊ ကြည့်စမ်းပါဦး၊ အသက်ငယ်ငယ်ကလေး ရှိပါသေးလား"

"မယ်မင်းတို့ရဲ့ အဲဒီငယ်ငယ်ကလေးကပဲ တစ်ဆယ့်ရှစ်ခေါဘိဏီ တပ်ကြီး ဖရိုဖရဲဖြစ်အောင် လုပ်လိုက်တာကော၊ ကျီးတွေကို အုတ်ခဲနဲ့ ခြောက်လှန့်လိုက်သလို ထီးဆောင်းမင်းတစ်ရာတို့ရဲ့တပ်မကြီးတွေ ထိတ်လန့်ချောက်ချားအောင် လုပ်နိုင်တဲ့သူပေလားဗျ"

"ကြည့်စမ်း . . . ငါတို့ရဲ့ကေဝဋ္ဋ ပုရောဟိတ်ကြီးကို စကားစစ်ထိုးပွဲမှာ အနိုင်ရလိုက်တဲ့ မဟောသဓာသုခမိန် ဆိုတာလေ"





"နေကြစမ်းပါဦး . . . နေကြပါဦး . . . သူအခုရောက်လာတာဟာ ချစ်ကြည်ရေးသံတမန်ကြီးအဖြစ် လာတာမဟုတ်လား"

"ဟုတ်သပ၊ အလျင်က ရန်သူဖြစ်ခဲ့ပေမယ့် အခုတော့ နှစ်ပြည်တစ်ပြည် ရွှေလမ်းငွေလမ်း ဖောက်တော့မှာလေ"

'ကောင်းပါ့ဗျာ . . . ကောင်းပါ့၊ ဒီလိုငယ်ငယ်ရွယ်ရွယ်နဲ့ တင့်တယ်သိုက်မြိုက်တဲ့ သတ္တိလဲကောင်းတဲ့ သုခမိန်မျိုးရှိတဲ့ တိုင်းပြည်နဲ့ မဟာမိတ်ဖြစ်ရတယ်ဆိုတာ ငါတို့ ပဉ္စာလရာဇ်အတွက် ကောင်းတာပ"

"ရမ်းသန်းပြီးလဲ ကောင်းမနေနဲ့ဦး ရောင်းရင်းရဲ့၊ သူတို့မင်းရေးမင်းရာဆိုတာက အင်မတန် ရှုပ်ထွေးတာကလား၊ အကောင်းဆုံးကတော့ ကျုပ်တို့ စောင့်ကြည့်ဖို့ပဲ"

အုတ်အုတ်ကျွက်ကျွက်၊ သဲသဲလှုပ်လှုပ် လူအုပ်ကြီးအကြားမှာဖြတ်ကာ မဟောသဓာသုခမိန်နှင့် လက်ရွေးစင်အမှုထမ်းများသည် နန်းတော်တံခါးဝသို့ရောက်လာကြသည်။ ရောက်ကြောင်းကို လျှောက်ကြားစေပြီးနောက်တွင် ပဉ္စာလရာဇ်မင်းကြီးထံမှ နန်းတော်သို့ဝင်စေဟူသော အမိန့်ကို ချက်ချင်းပြန်လိုက်သည်။

နန်းရင်ပြင်တွင် မဟောသဓာသည် လျောက်ပတ်သော နေရာကို ယူလိုက်လေသည်။

"သုခမိန်၊ သင်တော့ရောက်လာပြီ၊ သင့်အရှင်ဝိဒေဟရာဇ်မင်းကြီးက ဘယ်အချိန်မှ ရောက်လာမလဲ"

ပဉ္စာလရာဇ်မင်းကြီးသည် နှုတ်ဆက်စကား ဆိုပြီးပြီးချင်းပင် လိုရင်းကို မေးလေသည်။

"အရှင်မင်းကြီး၊ ကျွန်ုပ်ရဲ့ သခင်ဟာ ကျွန်ုပ်က ကြွတော်မူချိန်သင့်ကြောင်း အလျှောက်အထား စေလွှတ်တဲ့အခါမှ ရောက်ရှိလာမှာ ဖြစ်ပါတယ်"

"သင်က ဘာကြောင့် အဦးအလျင် လာရသလဲ သုခမိန်"

"ကျွန်ုပ်ရဲ့ သခင်ရောက်လာလျှင် စံမြန်းဖို့ နန်းတော်ဆောက်လုပ်စီမံရမယ့် အရေးအတွက် အဦးအလျင်လာခဲ့ပါတယ် အရှင်မင်းကြီး"

"ကောင်းပြီ သုခမိန်၊ ကျွန်ုပ်ပြည်မှာ သင်နေစဉ် တစ်လျှောက်လုံးမှာ စိတ်နှလုံးချမ်းသာစွာနေ၊ ပြုဖွယ်ရှိတာကို ပြုစုစီရင်နိုင်တယ်၊ အလိုရှိတာ



www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှကိုလဲ လျှောက်ကြားတောင်းဆိုနိုင်တယ်"

ပဉ္စာလရာဇ်မင်းကြီးထံမှ ဤသို့သော ခွင့်ပြုအမိန့်ကို ရရှိလိမ့်မည် ဖြစ်ကြောင်း မဟောသဓာ သိပြီးဖြစ်သည်။ စင်စစ် မင်းတို့၏ ဤစကားသည် ဆိုနေကျ မင်းမိန့်နှုတ်ထွက်စကားပင် ဖြစ်သော်လည်း ဤစကား၏ အခွင့်အလမ်းအဓိပ္ပာယ်ကို မဟောသဓာသည် လက်တွေ့ရယူဆုပ်ကိုင်လိုက်သည်။

"အရှင်မင်းကြီး ကျွန်ုပ်တို့ နန်းတော်ကိုဝင်ခဲ့စဉ်က နန်းတော်ဝ လှေကားကို ဖြတ်သန်းခဲ့ရပါတယ်၊ လှေကားခုံထက် ကျွန်ုပ် တက်ရပ်လိုက်တဲ့အခါ လှေကားမှာ အပြစ်ရှိနေတာကို တွေ့ရပါတယ်။ နှစ်ပြည့်တစ်ပြည် မင်းနှစ်ပါးတို့ရဲ့ ချစ်ကြည်မှု မင်္ဂလာအခါမှာ အပြစ်ရှိတဲ့ လှေကားကို မသုံးသင့်ပါဘူး အရှင်မင်းကြီး၊ ဒါကြောင့် ခွင့်ပြုတော်မူမယ်ဆိုရင် နှစ်နိုင်ငံ ဘုရင်မင်းတို့ရဲ့ မင်္ဂလာကောင်းကျိုးကို ရှေးရှုပြီး လှေကားအသစ် ပြန်လည်တည်ဆောက်လိုပါတယ်"

အခြေအနေ အချိန်အခါနှင့် လိုက်ဖက်ညီသော စကားလည်းဖြစ်သည်။ ထို့ပြင် ဝိဒေဟရာဇ်မင်း၊ မဟောသဓာနှင့်တကွ မိထိလာကို ချေမှုန်းပိုင်ဆိုင်ရတော့မည်ဟူသော အသိဖြင့် ဝမ်းမြောက်အားရနေသော ပဉ္စာလရာဇ်မင်းကြီးသည် နန်းတော်တံခါးဝမှ လှေကားတစ်ခုအကြောင်းကို အရေးအရာထားနေသည် မဟုတ်ချေ။

"ကောင်းပြီသုခမိန်၊ လှေကားသစ်အတွက် သစ်ပျဉ်စသည်သင်လိုသလောက် ယူနိုင်၏"

အားပါးတရအမိန့်ပေး ခွင့်ပြုလိုက်သော စူဠနီဗြဟ္မဒတ်မင်းကြီးသည် မဟောသဓာ၏ ရင်ထဲမှ စကားသံကို ကြားသိနိုင်လိမ့်မည် မဟုတ်ချေ။

"နန်းတော်လှေကားခုံရဲ့အောက်မှာ ငါဖောက်မယ့်ဥမင်ကွေ့တံခါးဝ ရှိနေရမယ်။ ဒါပေမဲ့ လှေကားဟာ လှေကားအရှင် ဖြစ်နေတယ်၊ ရွေ့လျားနေတဲ့ လှေကားအရှင်အောက်မှာ ဥမင်တံခါးဝထားလို့ မရဘူး။ ဒါကြောင့် လှေကားအဟောင်းကိုဖျက်၊ မလှုပ်မရှားနိုင်တဲ့ လှေကားကို အသစ်ဆောက်လုပ်မှ ဖြစ်မယ်။ လှေကားခုံအောက်မှာလဲ မြူမှုန်တစ်မှုန်တောင်မှ ကျစိမ့်မရအောင် ခိုင်ခံ့ထူထပ်စွာ ပျဉ်ခင်းရမယ်၊ ပျဉ်ခင်းအပေါ်မှာ လှေကားအသစ်ဟာ အခိုင်အခံ့ ရှိနေရမယ်"





"သုခမိန်၊ သင်ဟာ တိုင်းကြီးသခင်ရဲ့ သံကြီးတမန်ကြီးဂုဏ်နဲ့ ပြည့်စုံပါပေတယ်၊ မိမိသခင်နဲ့ ချစ်ကြည်တော့မယ့်တိုင်းပြည်ရဲ့ နန်းတော် လှေကားကအစ သင်ဟာ သတိကောင်းကောင်းနဲ့ စီရင်မွမ်းမံဖို့ စိတ်ကူးရှိပေတယ်"

ပဉ္စာလရာဇ်မင်းကြီးက ဆောင်ချောက်အတွင်း ဝင်လာသော သားကောင်၊ ငါးစာမျှားချိတ်ကိုဟပ်သော ငါးကိုသာ မြင်ယောင်မိနေသည်။ မိမိနှင့် ပဉ္စာလရာဇ်သည် ဆောင်ချောက်နှင့် ငါးစာမျှားချိတ်၊ မဟောသဓာ၊ ဝိဒေဟရာဇ်နှင့် မိထိလာကား သားကောင်နှင့် ငါးဟု ယုံကြည်ထားသည်၊

"ကျေးဇူးတော် ကြီးမားလှပါပေတယ် အရှင်မင်းကြီး၊ လှေကားသစ်ဆောက်လုပ်ပြီးတဲ့အခါမှပဲ ရှေ့တော်ကို အခစားဝင်ပါရစေ"

"နှစ်သက်သလို ချမ်းမြေ့လွတ်လပ်စွာ နေနိုင်တယ် သုခမိန်"

ချိုမြသော တော်ဝင်သုံး စကားလုံးများ နောက်ကွယ်ရှိ ရန်ဘက်အာဃာတတရားကို နှစ်ခြိုက်စွာ စားသုံးနေသူ တစ်ယောက်သာ ရှိသည်။ သူကား ပဉ္စာလရာဇ်မင်းကြီးအပါးတွင် ခစားနေသော ကေဝဋ္ဋပုရောဟိတ်ကြီး ဖြစ်သည်။

မဟောသဓာသုခမိန် နန်းရင်ပြင်မှ ပြန်လည်ထွက်ခွာခါနီးတွင် ပုရောဟိတ်ကြီးသည် မဟောသဓာကို လှမ်းကြည့်ကာ ပြုံးပြလိုက်သည်။ မဟောသဓာက မသိမသာခေါင်းငဲ့၍ နှုတ်ဆက်သည်။

ဤအပြုံး၏ အောက်ဝယ် ဝံပုလွေတစ်ကောင်၏ ချွန်ထက်သော အစွယ်များနှင့် ဝက်ဝံတစ်ကောင်၏ ကောက်ကွေးသော လက်သည်းချွန်များ ရှိနေသည် ဆိုသည့်အကြောင်းကို မဟောသဓာ မသိနိုင်ဟု ကေဝဋ္ဋပုရောဟိတ်က ယုံကြည်နေလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

နန်းတော်လှေကားခုံ အဟောင်းကို ဖျက်၍ လှေကားခုံအသစ်ကို နေ့ချင်းပြီး ဆောက်လုပ်ပြီးလေပြီ။ စင်စစ်ကား ထိုလှေကားခုံအသစ်၏ အောက် တည့်တည့်တွင် ဥမင်တံခါးရှိနေမည် ဖြစ်လေသည်။ တင့်တယ်စွာ ပြုလုပ် စီရင်ထားသော လှေကားခုံအသစ်၏ အောက်တွင် နိုင်ခံ့ထုထယ်စွာ ဖျော့ခင်း ထားသည့် အကြောင်းကိုလည်း ပဥ္စာလရာဇ်တစ်ပြည်လုံး မသိကြချေ။ ဗွေနီ ဖြုပ္ပဒတ်မင်းကြီးကား မဟောသဓာသည် မိမိ၏ ကောင်းကျိုးကို ဆောင်လေ သည်ဟူ၍ နှစ်သက်အောက်မေ့နေလေသည်။

လှေကားခုံဆောက်လုပ်ပြီးသော နောက်နေ့မှာပင် မဟောသဓာ သည် ပဥ္စာလရာဇ်မင်းထံသို့ အခစားဝင်ခဲ့လေသည်။

"လှေကားခုံအသစ် ဆောက်လုပ်ပြီးသွားပြီလို့ သိရတယ် သုခမိန်။ နှစ်ပြည်တစ်ပြည် ချွေလမ်းငွေလမ်းဖောက်ဖို့ အရေးအတွက် နောက်ထပ် ဘာများလုပ်ပေးစရာ ရှိသေးသလဲ။ လိုအပ်သမျှကို တောင်းခံသူနိုင်တယ် သုခမိန်"

မင်းကြီးက လိုလားစွာ ခွင့်ပြုသည်။

"အလွန်အရေးကြီးတဲ့ ပြဿနာတစ်ခု ရှိပါသေးတယ် အရှင်မင်းကြီး"

မဟောသဓာသည် တစ်စုံတစ်ခုအတွက် စိတ်နှလုံးမဖြောင့်တန်ဖြင့် လျှောက်တင်လိုက်သည်။ ပဥ္စာလရာဇ်မင်းကြီးက မျက်ခုံးကိုပင့်လျက် . . .

"ဆိုစမ်း . . . သုခမိန်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်တို့အရှင် ဝိဒေဟရာဇ်မင်းကြီး ကြွချီလာတဲ့အခါ စံတော်မူဖို့ တဲနန်းကို ဘယ်နေရာမှာ ဆောက်လုပ်ရမလဲဆိုတဲ့ အရေးပါပဲ။ အရှင်မင်းကြီး သင့်တင့်လျောက်ပတ်တဲ့နေရာကို ခွင့်ပေးသနားမယ်ဆိုရင် အမိန့်တောင်းခံပြီး ယနေ့ပဲ သုတ်သင်ရှင်းလင်း ဆောက်လုပ်ရမှာ ဖြစ်ပါတယ်"

"အို . . . တဲနန်းအသစ် ဆောက်လုပ်ဖို့ ဟုတ်လား၊ ခုလိုကာလမျိုးမှာ တဲနန်းအသစ် ဆောက်လုပ်နေမယ်ဆိုရင် ပင်ပန်းပြီး အချိန်ကုန်ရုံသာရှိတော့မပေါ့ သုခမိန်။ တဲနန်းအသစ်ကို ဆောက်လုပ်မနေနဲ့၊ ပဉ္စာလရာဇ်မြို့တော်အတွင်းက သင်နှစ်သက်ရာအိမ်ကိုသာ ရွေးချယ်သိမ်းယူပြင်ဆင်ပေတော့"

ပဉ္စာလရာဇ်မင်းကြီးထံမှ ဤအမိန့်ခွင့်ပြုချက် ရရှိလာလိမ့်မည်ဟု မဟောသဓာသည် မဆွကတည်းက တွက်ပြီးဖြစ်လေသည်။ မဟောသဓာသည် စိုးရိမ်ပူပန်သော အသွင်ကို ဆောင်လျက် သောကငွေ့မကင်းသော လေသံဖြင့် ဆက်လက်လျှောက်တင်လိုက်သည်။

"အရှင်မင်းကြီး၊ အရှင်မင်းကြီးက မေတ္တာစေတနာရှေ့ထားပြီး အမိန့်တော်နဲ့ ခွင့်ပြုပေမယ့် ကျွန်ုပ်တို့အနေနဲ့ မဝံ့မရဲဖြစ်ရပါတယ်။ ကျွန်ုပ်တို့ဟာ တစ်ပြည်တစ်နိုင်ငံသားများသာ ဖြစ်ကြပါတယ်။ အခု သိမ်းယူပြင်ဆင်ရမယ့် နေရာဟာလည်း သာမန်နေရာမျိုးမဟုတ်၊ ဘုရင်တစ်ပါး စံမြန်းမယ့်နေရာဖြစ်တဲ့အတွက် အိမ်သိမ်အိမ်ငယ်နဲ့ မတန်၊ မင်းစိုးတို့နေရာ အိမ်ကြီးအိမ်ကောင်းမျိုးကို သိမ်းယူရမယ့်အရေး ဖြစ်နေပါတယ်။ ကျွန်ုပ်က နှစ်သက်လို့ ရွေးချယ်သိမ်းယူလိုက်ပြီဆိုပေမယ့် အဲဒီအိမ်ရှင် မင်းစိုးတို့က အသိမ်းယူမခံ၊ ခိုက်ရန်တုံ့ကြမယ်ဆိုရင် ကျွန်ုပ်တို့မှာ တစ်ပြည်သား မျက်နှာငယ်များဖြစ်တာမို့ . . . "

မဟောသဓာ၏ စကားပင် အဆုံးသတ်ခွင့်မရချေ။ ပဉ္စာလရာဇ်မင်းကြီးသည် ရာဇာတို့၏ မောက်မာသော စိတ်ဖြင့် တစ်မုဟုတ်ချင်း တုံ့ပြန်သည်။

"သုခမိန်၊ ပဉ္စာလရာဇ်မင်းကြီး ကျွန်ုပ်၏ အမိန့်တော်ဖြစ်တယ်။ ဘုရင့်အမိန့်တော်ဖြစ်တယ်။ ဘုရင့်အမိန့်တော် ရပြီးတဲ့နောက်မှာ သင်ဘာကို စိုးရိမ်နေစရာ လိုသေးသလဲ။ နေပြည်တော်တစ်ဝန်းမှာ သင်ကြိုက်တဲ့ အိမ်ကို သိမ်းယူနိုင်တယ်"





"အရှင်မင်းကြီး၊ ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်များကို ထည့်သွင်းတွက်ချက်မှသာ သင့်ရုံကျပါမယ်၊ အမိန့်တော်နဲ့ ကျွန်ုပ်က သိမ်း လိုက်တဲ့အခါ အိမ်ရှင်များအနေနဲ့ အမိန့်တော်ကြောင့်သာ နာခံရသော်လဲ မကျေမနပ်ဖြစ်ပြီး၊ အရှင်မင်းကြီးထံကို ကျွန်ုပ်တို့ မိထိလာသားများအကြောင်းအပြစ်ရှာ ယိုးမယ်ဖွဲ့ပြီး မမှန်စကားတင်သွင်းမှာကို စိုးလှပါတယ်။ ဒီအခါမှာ အရှင်မင်းကြီးကလဲ သူတို့ လျှောက်တင်ဖန်များလာလျှင် ကျွန်ုပ်တို့အပေါ် နှလုံးမသာ ဖြစ်လာမှာကို တွေးတောပူပန်ရ ပြန်ပါတယ်"

"ကောင်းပြီ သုခမိန်၊ အဲဒီတော့ သင့်အနေနဲ့ ဘယ်လိုဆောင်ရွက်ချင်သလဲ"

"အရှင်မင်းကြီးအလိုတော်ရှိပါလျှင် အမိန့်တော်အရ လိုရာအိမ်ကို ကျွန်ုပ်တို့က သိမ်းယူပြင်ဆင်စီမံနေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့ရဲ့လူများကို တံခါးစောင့် ထားခွင့်ရမယ်ဆိုရင်တော့ အစစအရာရာ ချောမွေ့ပြေပြစ်နိုင်ပါလိမ့်မယ်"

"ကောင်းပြီ သုခမိန်၊ လိုရာအိမ်ကို သိမ်းယူပြင်ဆင်ပေတော့။ ပြီးတော့ သင်စိုးရိမ်ပူပန်တဲ့အတိုင်း မဖြစ်ရအောင် တံခါးစောင့်ထားပေတော့"

"ကျေးဇူးကြီးလှပါတယ် အရှင်မင်းကြီး"

ဘုရင့်အမိန့်တော်သည် တစ်ချက်လွှတ် အာဏာဖြစ်သည်။ ထိုအာဏာ၏ အကျယ်အပြန့်၊ အဝန်းအဝိုင်း နယ်နိမိတ်ကို မဟောသဓာသည် အကုန်အစင် အသုံးပြုလိုက်သည်။

ပဉ္စာလရာဇ်မင်းကြီး၏ နန်းတော်လှေကားမှသည် လှေကားဦးထိ၊ နန်းတော်တံခါးဝထိ ရှိရှိသမျှသော တံခါးများအထိ အစောင့်များ ချထားလိုက်သည်။ ထိုအစောင့်များသည် မိထိလာ အကျဉ်းထောင်တွင်းမှ ထုတ်ယူလာ ခဲ့သော သစ္စာတော်ခံအကျဉ်းသားကြီးများတစ်ဖြစ်လဲ ရဲမက်ဗိုလ်ပါတို့ဖြစ်သည်။ မဟောသဓာသုခမိန်ကြောင့် သေတွင်း နှုတ်ခမ်းဝမှ လွတ်မြောက်လာကြသူများ ဖြစ်သည်။ မဟောသဓာသုခမိန်၏ နှုတ်တစ်ဖွင့်၊ မျက်လွှာ တစ်ပင့်တွင် မိမိတို့၏ အသက်ဇီဝိန်ကို စွန့်လွှတ်ရန် အဆင်သင့်ရှိသူများ ဖြစ်သည်။

သူတို့အားလုံးကို သက်ဆိုင်ရာ နေရာများ၌ အစောင့်ချထားလျက် မဟောသဓာသည် တင်းကျပ်သော အမိန့်ကို ချမှတ်လိုက်သည်။ 'ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



အဝင်အထွက်မရှိစေနဲ့၊ အကျပ်အတည်းဆီးတား စောင့်ရှောက်' ဟူသော အမိန့်။

အစောင့်အနေများကို စီစဉ်ပြီးသောအခါ မဟောသဓာသုခမိန်သည် ရဲရင့်တက်ကြွသော လူများကို နောက်တစ်သုတ်ရွေးထုတ်ပြီးနောက် . . .

"မိထိလာသားတို့၊ ပဥ္စာလရာဇ်ဘုရင်ရဲ့ အမိန့်တော်ကိုရပြီးပြီ။ သင်တို့ အခုမြို့တော်တွင်းက ဟောဒီအိမ်ကို သွားရမယ်၊ ပြီးရင် ပဥ္စာလရာဇ်မင်းကြီးရဲ့ အမိန့်တော်ကို အပြီးအပိုင် ရရှိဆက်ခံထားတဲ့ မဟောသဓာသုခမိန်ရဲ့ အမိန့်အတိုင်း ဖျက်ဆီးဖယ်ရှားရလိမ့်မယ်လို့ပြော"

"ဘယ်အိမ်ပါလဲ အရှင်သုခမိန်"

မင်းချင်းတစ်ယောက်က စိတ်အားထက်သန်စွာ မေးသည်။ မဟောသဓာက အေးဆေးတည်ငြိမ်စွာ ပြုံးလျက် တစ်လုံးချင်း ပြတ်သားစွာ ဆိုလေသည်။

"စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ မယ်တော်ဖြစ်တဲ့ စလာကဒေဝီရဲ့ အိမ်တော်"

• • •

ဝုဏ်သိန်သည် ကြီးကျယ်လှသော အဆင့်အတန်းကို ပြနေသည်။ ထို့ထက်မူ စလာကဒေဝီမယ်တော်ကြီးသည် သူ၏ ပညာဂုဏ်ကြောင့် ပဥ္စာလရာဇ် လက်နက်နိုင်ငံတော် တစ်ဝန်းတွင် ခြိမ့်ခြိမ့် သဲသဲ သတင်းပျံ့မွှေးသူ ဖြစ်သည်။ စည်းစိမ်အာဏာတို့အပေါ်တွင် ဘုရင့်မယ်တော်ဟူသော အရှိန်အဝါနှင့် ပညာကြီးသော မယ်တော်ကြီး ဟူသော အရှိန်အဝါတို့ဖြင့် ထပ်ဆင့်ကဲမိုးနေသည်။

မယ်တော်စလာကဒေဝီ၏ စံအိမ်တော်မှာလည်း ပိုင်ရှင်၏ ဂုဏ်ကျက်သရေနှင့် အရှိန်အဝါတို့ကို လိုက်လျက် တင့်တယ်သိုက်မြိုက်လှသည်။

သို့သော် ထိုစံအိမ်ရှေ့တွင် မတင့်မတယ် မဖွယ်မရာ မြင်ကွင်းတစ်ခု ဖြစ်ပေါ်နေလေသည်။

စံအိမ်တော်တံခါးမုခ်ဦးရှေ့တစ်ဝိုက်တွင် ရဲတင်း၊ ပုဆိန်၊ ပဲကွပ်၊ တူရွင်း၊ သံတူ စသော လက်နက်များကို ကိုင်ဆောင်ထားသည့် လူအုပ်ကြီး ရောက်နေသည်။ တိုက်နံရံ၊ အုတ်တံတိုင်း၊ အုတ်ချပ်အုပ်လွှာ၊ ရမတေအစ်တေ ခြေအခင်းအကျင်းများကို ထုရိုက်ချိုးဖဲ့ တွန်းလှန်ဖယ်ခွာရန် လက်နက်





တပြင်ပြင်ဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။

စံအိမ်တော်တိုက်ခန်းတွင်း၌ စံနေသော မယ်တော်စလာကဒေဝီသည် ထိုအသံများကို ကြားလိုက်ရပြီးနောက် တိုက်ခန်းအပြင်သို့ ထွက်လာလေသည်။

"ငါ့စံအိမ်တော်ရှေ့မှာ ဘာဖြစ်နေကြတာလဲ၊ လက်နက်တွေ ကိုင်ဆောင်ပြီး တံခါးမုခ်နဲ့ တံတိုင်းနားမှာ ဘာလုပ်နေကြတာလဲ၊ ဒါတွေက ဘာအဓိပ္ပာယ်လဲ"

ပဥ္စာလရာဇ် နေပြည်တော်သားများသာ ဆိုပါက မယ်တော်စလာကဒေဝီကို ထိုသို့ မျက်နှာချင်းဆိုင်တွေ့ရပြီး ထိုသို့ အမေးခံလိုက်ရပြီဆိုလျှင် ပြန်ပြောစရာစကား ရှာမတွေ့ရလောက်အောင် ဖိမ့်ဖိမ့်တုန်သွားကြမည် ဖြစ်သည်။ သို့သော် ယခု ရောက်ရှိနေသူများမှာ မဟောသဓာသုခမိန်၏ လက်ရွေးစင်တပ်သား၊ မိထိလာသားများ ဖြစ်နေလေရာ . . .

"မိခင်ရဲ့ စံအိမ်တော်ကို ဖျက်ဆီးဖယ်ရှားဖို့ ဖြစ်ပါတယ်"

သံတူရွင်းကိုင် လူတစ်ယောက်က မဆိုင်းမတွ ဝင်ဖြေလိုက်သည်။

"ကျွန်တော်တို့ သဘောအလိုနဲ့ ဖျက်ဆီးတာ မဟုတ်ပါဘူး မိခင်။ မဟောသဓာသုခမိန်အမိန့်နဲ့ ဖျက်ဆီးရမှာ ဖြစ်ပါတယ်။ သုခမိန်ရဲ့အရှင် ဝိဒေဟရာဇ်မင်းကြီး စံမြန်းဖို့ တဲနန်းဆောက်လုပ်ရမယ်ဆိုတဲ့ အမိန့်ကြောင့် အခုလို အဆောတလျင် ဖျက်ဆီးရမှာပါ"

ပုဆိန်ကို ထမ်းထားသော နောက်တစ်ယောက် ဝင်ပြောသည်။

စလာကဒေဝီသည် မိမိ၏ ဂုဏ်အရှိန်အဝါကို မသိနားမလည်ကြသော အမိုက်အမဲများသာ ဖြစ်သည်ဟု နားလည်ယူဆကာ . . .

"ဟဲ့ . . . လူကလေးတို့၊ ငါ့ စံအိမ်တော်မြေရာ ကျဉ်းကျဉ်းကလေးမှာ အခြံအရံဗိုလ်ပါ အမြောက်အများနဲ့ ဝိဒေဟရာဇ်မင်းကြီးက ဘယ်လိုလုပ်ပြီး ဓနေလောက်မှာလဲ"

"မိခင်၊ ဒီနေရာနဲ့ မဆံ့ရင် ထက်ဝန်းကျင် အနီးအစပ်မှာရှိတဲ့အိမ်တွေကိုပါ ဖျက်ဆီးချဲ့ဖွင့်ရမှာပါပဲ"

စလာကဒေဝီသည် အဖြစ်မှန်ကို နားလည်သွားသည်။ လက်နက်ကိုင် လူများသည် အမိန့်ကို ဦးထိပ်ရွက်ကာ မဖယ်မဆုတ်တမ်း တာဝန်ယူလုပ် မည့်သူများဖြစ်ကြောင်း သိရှိသွားသည်။ ထိုအခါ ဘုရင့်မယ်တော်



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ရာဇမာနလည်း ဝုန်းခနဲ ပေါက်ကွဲသွားလေတော့သည်။

"ဟော့ . . . သူငယ်တွေ၊ ငါ့ကို မိခင် . . . မိခင်လို့ မင်းတို့ ခေါ်စရာ အကြောင်းမရှိဘူး။ ငါဟာ ပဉ္စာလရာဇ်မင်းကြီးရဲ့ မယ်တော်ဖြစ်တယ်။ မယ်တော်စလာကဒေဝီဆိုတာ ငါပဲ။ လက်နက်နိုင်ငံ ဇကရာဇ်မင်းကြီးရဲ့ မယ်တော်ပဲ။ အသာတကြည် ရှင်းလင်းပြောဆိုနေတာကို မင်းတို့က မသိဆိုးရွား စော်ကားပြီး မထီမဲ့မြင်ပြုလုပ်နေကြတယ်။ မင်းတို့ရဲ့ မျက်ကန်းတစ္ဆေမကြောက် မိုက်ရိုင်းမှုတွေကို ငါ အခု သားတော်ဆီသွားပြီး ပြောလိုက်မယ်"

ရဲတင်းကို မြေပေါ်၌ ထောက်ထားသော တစ်ယောက်က မယ်တော်ကြီး၏ စကားအဆုံးတွင် ထက်ကြပ်မကွာ ဝင်ပြောပြန်သည်။

"မယ်တော်ကြီးဆိုလဲ မယ်တော်ကြီးပေါ့၊ ဒါပေမဲ့ ပဉ္စာလရာဇ်မင်းကြီးဆီ သွားပြောလို့လဲ အချည်းအနှီးဖြစ်မှာပဲ မယ်တော်ကြီး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အရှင်မဟောသဓာသုခမိန်ရဲ့ အမိန့်ဟာ မယ်တော်ကြီးရဲ့သားတော် ပဉ္စာလရာဇ်မင်းကြီးရဲ့ အမိန့်တော်ကနေ ထပ်ဆင့်ပေါက်ဖွားလာလို့ပဲ။ ပဉ္စာလရာဇ်မင်းကြီးရဲ့ အမိန့်တော်နဲ့ ကျွန်တော်တို့ ဖျက်ဆီးဖို့လာတာပဲ၊ ဒါကို မယ်တော်ကြီး တားမြစ်နိုင်မယ်ထင်ရင်လဲ ကြိုးစားကြည့်ပေါ့။ အကောင်းဆုံးကတော့ မတားမြစ်ဘဲ ခွင့်ပြုလိုက်တာ အကောင်းဆုံးပဲ။ အရှက်အကြောက်သာ မယ်တော်ကြီး ရဖို့ရှိတယ်၊ အသာတကြည်ခွင့်ပြုပြီး အခြားနေရာကို ဆင်းသွား ပြောင်းလဲဖို့သာ ကြံပါတော့ မယ်တော်ကြီး"

ဒေါသအမျက်သည် မယ်တော် စလာကဒေဝီထံတွင် ခြောင်းခြောင်း ပေါက်ကွဲလေပြီ။ တစ်ခါမျှ မကြုံဖူးသော မောက်မာစော်ကားမှုမျိုးကို မယ်တော် သည်းမခံနိုင်တော့။

"ကောင်းပြီ . . . မင်းတို့ရဲ့ စော်ကားမှုကို ငါ အခုပဲ သားတော်မင်းကြီးထံ သွားပြီး ကြားသိစေမယ်"

* * *

နန်းတော်တံခါးဝတွင်လည်း မယ်တော်စလာကဒေဝီ ရှုံးနိမ့်ရပြန်လေသည်။ တံခါးဝတွင် စောင့်နေသူများကား ခါတိုင်းတွေ့နေကျ ရဲမက်များမဟုတ်။





မဟောသဓာသုခမိန်၏ လူများသာ ဖြစ်သည်။

"မိန်းမကြီး ရှေ့မတိုးနဲ့၊ နန်းတော်ထဲကို ဝင်ခွင့်မပြုနိုင်ဘူး"

"လူလေးတို့ . . . ငါဟာ ပဉ္စာလရာဇ်မင်းကြီးရဲ့ မယ်တော် စလာကဒေဝီ ဆိုတာပဲ၊ သားတော်ကို တွေ့ဖို့ ငါလာခဲ့တယ်"

"မယ်တော်တွေ သားတော်တွေ ကျုပ်တို့မသိဘူး။ ဘယ်သူမှ မဝင်ရဘူးဆိုတဲ့ အမိန့်တော် ထုတ်ပြန်ထားတယ်။ အာဏာ ရှိနေတယ်။တော်ရာကို သာသွား မိန်းမကြီး"

မယ်တော်စလာကဒေဝီသည် ချောက်ချားစပြုလေပြီ။ ဘုရင့်မယ်တော်ဟူသော ရာဇမာနသည်လည်း ယိမ်းယိုင်စပြုလာသည်။ အမျက်ဒေါသနေရာတွင် မကြုံဖူးသော အစော်ကားခံရခြင်းကြောင့် ဒေါသထွက်ရန်ကိုပင် မေ့လျော့သွားကာ အံ့သြတုန်လှုပ်စိတ်ဖြင့် တိမ်းမူးထွေပြားနေသည်။ နန်းတွင်းသို့ ဝင်နိုင်မည့် အခွင့်အလမ်းကိုလည်း မမြင်၊ ရဲမက်အစောင့်များမှာလည်း ခါတိုင်းတွေ့နေကျလူများ မဟုတ်၊ မျက်နှာစိမ်းများသာ ဖြစ်နေသောကြောင့် စံအိမ်တော်ဆီသို့ ပြန်သွားရပြန်သည်။

စံအိမ်တော်ရှေ့မှာလည်း အုတ်တံတိုင်းမုခ်ဝကို တွန်းဖယ်ဖျက်ဖွင့်ရန် လက်နက်တပြင်ပြင် လုပ်နေသူများဖြင့် ရှုပ်ထွေးနေသည်။ ထို့ကြောင့် မယ်တော်စလာကဒေဝီသည် မလှမ်းမကမ်းမှသာ ရပ်လျက် စံအိမ်တော်ဆီသို့ ငေးမျှော်ကြည့်နေရတော့သည်။

"မိန်းမကြီး၊ အနေအထိုင် မတတ်လိုက်တာ၊ ဒီမှာ စံအိမ်ကို ဖျက်ဆီးဖယ်ရှားဖို့ လုပ်နေကြတာ မတွေ့ဘူးလား၊ တော်ရာမှာ ရှောင်ရှားနေပါတော့လား"

အသံကြား၍ လှည့်ကြည့်လိုက်သောအခါ သံတူကြီး တစ်ခုကို ထမ်းထားသော ထွားကျိုင်းသည့် လူရွယ်တစ်ယောက်ကို တွေ့ရသည်။ စလာကဒေဝီသည် ဘုရင့်မယ်တော်ဟူသော ရာဇဂုဏ်ကို မေ့လျော့သွားပြီ ဖြစ်သည်။

"ဟဲ့ . . . ငါက ဘာကြောင့် ရှောင်ရှားရမှာလဲ၊ ငါဟာ . . ."

"အို . . . တယ်ရှုပ်တဲ့ မိန်းမကြီးပဲ၊ သွားဆိုတာ မသွားဘူး၊ ကိုင်းဟာ . . ."

လည်ကို ဆုပ်ကိုင်၍ တွန်းလှဲခံလိုက်ရသည်။ စလာကဒေဝီသည် မြေပေါ်သို့ လဲကျသွားသည်။ လူရွယ်ကား သံတူကြီးကို ဝင့်လျက် စံအိမ်



www.burmeseclassic.com

www.burmeseclassic.com



တော်ဆီသို့ ထွက်သွားသည်။ စလာကဒေဝီ၏ ခန္ဓာကိုယ်သည် မြေပေါ်မှာ လဲကျသွားသလို ခက်ထန်သောစိတ်သည်လည်း ပြိုကျသွားပြီ ဖြစ်သည်။ မယ်တော်ဟူသော မာနလည်း ပျောက်ကွယ်သွားပြီ ဖြစ်သည်။

"အင်း . . . ငါ့ကို ဘုရင့်မယ်တော်မှန်းသိလျက်နဲ့တောင် ခုလောက်ထိ လုပ်ဝံ့ကြတာဟာ စင်စစ်တော့ သားတော်ရဲ့ တစ်ချက်လွှတ် အာဏာတော်ကို ရရှိလို့ပဲ ဖြစ်ရမယ်။ မင်းမိန့်ကို ရရှိပြီးရင် မင်းမှုထမ်းတွေဟာ ဘာကိုမဆို လုပ်ရဲကြပြီ ဖြစ်တယ်။ ဒီတော့ ခုချိန်မှာ ငါဟာ နန်းတော်ထဲလဲ ဝင်ခွင့်မရ၊ သားတော်နဲ့လဲ တွေ့ခွင့်မရ၊ အင်း . . . အကောင်းဆုံးကတော့ ဘုရင့်အမိန့်တော်ကို တိုက်ရိုက်ဆက်ခံပြီး အမိန့်အာဏာရှင်ဖြစ်နေတဲ့ မိထိလာက မဟောသဓာသုခမိန်ဆီသွားမှ အရေးအရာကုန်တော့မယ်။ ဟုတ်တယ် . . . မဟောသဓာဆီသွားမှပဲ အားလုံးရှင်းနိုင်တော့မယ်"

* * *

"သား . . . သုခမိန်၊ ဘာကြောင့် မယ်တော့် အိမ်ကို ဖျက်ဆီးဖို့ လွှတ်လိုက်တာလဲ"

တင့်တယ် သိုက်မြိုက်သော အမူအရာရှိသည့် မဟောသဓာသုခမိန်ရှေ့တွင်မူ စလာကဒေဝီသည် တည်ငြိမ်မှုကို ဆောင်နိုင်ပြီ ဖြစ်လေသည်။

"မယ်တော်၊ ကျွန်တော်တို့ရဲ့ အရှင်ဝိဒေဟရာဇ်မင်းကြီး စံမြန်းဖို့အတွက် တနန်းဆောက်ရမယ်လို့ မယ်တော်ရဲ့သားတော် ပဉ္စာလရာဇ်မင်းကြီးက အမိန့်တော်ချမှတ်ထားလို့ ကျွန်တော့်လူများကို စေလွှတ်ရခြင်းဖြစ်ပါတယ်"

"သားသုခမိန်၊ ဒီမြို့တော်မှာ ကျယ်ဝန်းတဲ့ အခြားနေရာလွတ်တွေ များစွာရှိပါတယ်။ ဝိဒေဟရာဇ်မင်းကြီးရဲ့ တနန်းအတွက် သင့်တော်မယ့် နေရာတွေ ရှိနေပါတယ်။ မယ်တော့်စံအိမ်တော်မှာ တနန်းဆောက်ဖို့ မသင့်ပါဘူး။ တစ်ပါးအရပ်သင့်ရာမှာ ဆောက်စေချင်ပါတယ်၊ မယ်တော့်နေရာကိုတော့ အလွတ်ပေးပါ သားသုခမိန်။ ဒီအတွက် အလွတ်စားအနေနဲ့ အသပြာတစ်သိန်းကို သားသုခမိန်ယူပါ၊ မယ်တော်တောင်းပန်ပါရစေ"

လုံးဝရိုကျိုးဝပ်သွားပြီဖြစ်သော မယ်တော် စလာကဒေဝီ၏ အသွင်ကို မဟောသဓာသည် စဉ်းစားဆင်ခြင်ဟန်ဖြင့် တွေတွေငေးကြည့်လိုက်သည်။





"အသပြာတစ်သိန်းကို ယူပါ သားသုခမိန်၊ မယ်တော့် အိမ်ရာကို အလွတ်ပေးပါ"

မဟောသဓာသည် မယ်တော်စလာကဒေဝီကို တွေတွေငေးငေး ကြည့်နေရာမှ အကြည့်လွှဲလျက် သက်ပြင်းတစ်ချက် ရှိုက်သည်။ ထို့နောက် စိတ်အနှောင့်အယှက်ဖြစ်ဟန်ဖြင့် . . .

"အခု ပြဿနာမှာ ကျွန်တော့်အတွက်လဲ အခက်အခဲတွေ့နေပါတယ် မယ်တော်၊ ကျွန်တော်က မင်းခယောက်ျားတစ်ဦးသာ ဖြစ်ပါတယ်။ အရှင့်အမိန့်တော်နဲ့ အလျှင်စလို ဆောင်ရွက်နေရတာပါ။ ကျွန်တော်တော့အတွက် အလျှင်စလိုဖြစ်တာ မှန်သော်လဲ မယ်တော်လို ဘုရင့်မယ်တော်ကြီးတစ်ပါးက တစ်သိန်းသော ဥစ္စာပဏ္ဏာပြုပြီး တောင်းပန်လာပြီဆိုတော့ ဒါကိုလဲ ပယ်ရှားလို့ ကောင်းတော့မှာ မဟုတ်ပါဘူး"

နူးညံ့သော ဆက်ဆံမှုနှင့်လည်း တွေ့ရသည်။ မိမိအား 'မိန်းမအိုကြီး၊ အဘွားကြီး' စသည့်ဖြင့် နှုတ်ထွက် ခက်ထရော်စွာ အဆက်ဆံခံခဲ့ရသည်များကြားမှ 'မယ်တော်' ဟူသော ရိုသေလေးစားသည့် အခေါ်အဝေါ်ကိုလည်း ခံယူလိုက်ရသည်ဖြစ်၍ စလာကဒေဝီသည် စိတ်သက်သာရာရသွားသည်။ ထို့ပြင် မဟောသဓာထံမှ အလိုတူ လိုက်ပါမည့်စကားအရိပ်အယောင်မျိုး ထွက်လာသောကြောင့်လည်း ပို၍ အားတက်သရောဖြစ်လာလေသည်။

"ဒါဖြင့်ရင်လဲ အသပြာတစ်သိန်းကို လက်ခံပြီး မယ်တော့်အိမ်ရာကိုသာ အလွတ်ပေးလိုက်ပါလား သားသုခမိန်"

"အင်း . . . မယ်တော့် စကားကို လက်ခံရတော့မှာပဲ မယ်တော်၊ တခြားနေရာကိုရှာပြီး ပြင်ဆင်ရတော့မှာပေါ့။ ဒါပေမဲ့ ကျွန်တော့်မှာ နောက်ထပ် အခက်အခဲတွေ ပေါ်ပေါက်လာနိုင်ပါတယ်"

"ဘာအခက်အခဲတွေလဲ သားသုခမိန်၊ ပြောပါ"

"မယ်တော်ကနေပြီး အသပြာဥစ္စာပေးရင် အိမ်ရာကို မဖျက်ဆီး အလွတ်ပေးတယ်ဆိုတဲ့စကားမျိုး နှုတ်မစောင့်ဘဲပြောမိရင် အခြားသူတွေကလဲ ဒီလိုပဲ ဥစ္စာပဏ္ဏာနဲ့ တံစိုးလက်ဆောင်ထိုး၊ အိမ်ရာကို မဖျက်ဆီးဖို့ တောင်းပန်၊ ကျွန်တော်ကလဲ အစဉ်တစိုက် ဒီလိုချည်းပဲ လက်ခံသွားရမယ်ဆိုရင် ဒီဥတ္တရပဉ္စာလရာဇ် နေပြည်တော်ထဲမှာ စံနန်းတော်ဆောက်ဖို့နေရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှရတော့မှာ မဟုတ်ဘူး မယ်တော်"

မဟောသဓာ၏ စကားလုံးများသည် စလာကဒေဝီအား တိုက်ရိုက်ပင် စွဲဝင်မှန်သွားလေသည်။ မယ်တော်ကြီးသည် ပိုမိုရှင်လန်းအားတက်စွာဖြင့် . . .

"ဒီကိစ္စကို သားသုခမိန် တွေးပြီးကြောင့်ကြစရာ မလိုပေဘူး၊ မယ်တော် နှုတ်မစောင့်စည်းမှုကို ၁၁ကြောင့် စိုးရိမ်နေသလဲ၊ မယ်တော်ကိုယ်တိုင်ပဲ ဒီအကြောင်းကို လျှို့ဝှက်ထားရမှာလေ။ မင်းမယ်တော် ဖြစ်ပါလျက် တံစိုးပဏ္ဏာပေးတယ်ဆိုတာ အများသိရင် မယ်တော်အတွက် ရှက်ဖွယ်လိလိ မဟုတ်လား သားသုခမိန်ရယ်၊ ဒီအတွက်များတော့ ဘာတစ်ခုမှ စိုးနှောင့်မနေစမ်းနဲ့၊ အသပြာတစ်သိန်းသာ ယူပြီး သွားလေရော့"

"မယ်တော့်အတွက်တော့ စိတ်အေးချမ်းသာ ရှိသွားပြီပေါ့။ ကျွန်တော်တို့ကတော့ နောက်ထပ်နေရာတစ်ခုကို ရှာရတော့မှာပေါ့လေ"

"တွေ့မှာပေါ့ကွယ်၊ ဒီပဉ္စာလရာဇ်နေပြည်တော်မှာ ဘုရင့်စံနန်းတော်ဆောက်ဖို့ နေရာကောင်းတွေ အများကြီးပါ။ ကဲ ကဲ သွားလေရော့ သားသုခမိန်"

* * *

ဒုတိယအလှည့် အကြိမ်ကား ကေဝဋ္ဋပုရောဟိတ်ကြီးပင် ဖြစ်သည်။ စလာကဒေဝီ၏ စံအိမ်တော်အတိုင်းပင် အဖြစ်အပျက်များ ဆင်တူယိုးမှားပေါ်ပေါက်လာသည်။ သို့သော် ကေဝဋ္ဋပုရောဟိတ်ကြီးကိုမူ မဟောသဓာ၏ မင်းချင်းများသည် ပို၍ပြင်းထန်စွာ ရင်ဆိုင်ဖြေရှင်းကြရလေသည်။

မိမိစံအိမ်ရှေ့တွင် တူရှင်း၊ ပေါက်ပြား၊ ပေါက်တူး၊ ရဲတင်းများ ကိုင်ဆောင်ကာ အုတ်အုတ်ကျက်ကျက် ဖြစ်နေသူများထံ ကေဝဋ္ဋပုရောဟိတ်ကြီးသည် ရဲဝံ့စွာပင် တိုးဝင်ခဲ့သည်။ မဟောသဓာ၏ မင်းချင်းများနှင့် အချေအတင် အချင်းများသည်။ ထို့နောက် ပြင်းစွာသော အမျက်ဖြင့် ကြိမ်းမောင်းလျက် ပုရောဟိတ်ကြီးသည် စူဠနီဗြဟ္မဒတ်မင်းကြီးထံ အခစားဝင်သည်။ သို့သော် နန်းတော်တံခါးဝတွင် ဘုရင့်အမိန့်ဖြင့် အသင့်နေရာယူထားပြီးဖြစ်သော မဟောသဓာ၏ တံခါးစောင့်များနှင့်သာ တွေ့ရပြန်သည်။ တံခါးမှူးများက အဲမောင်းကို ကြက်ခြေခတ်လျက် ဓားလွတ်ဖြင့် တားဆီးပိတ်ပင်





သည်ကိုပင် ပုရောဟိတ်ကြီးသည် ဇွတ်ဝင်မည် ပြုသည်။

နောက်ဆုံးတွင်ကား ပုရောဟိတ်ကြီးလည်း မဟောသဓာထံ သွားခဲ့ရလေသည်။ ဒေါသဖြင့် ရှုးရှုးရှဲရှဲဖြစ်နေသော ပုရောဟိတ်ကြီးကို မဟောသဓာသည် အေးဆေးစွာပင် လက်ခံတွေ့ဆုံသည်။

"နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်မယ့်သူတွေက ဒီလိုလုပ်တာ တော်ရော့လား သုခမိန်။ သင့်လူ မိထိလာမင်းမှုထမ်းတွေဟာ လူမဟုတ်ဘူး၊ ဘီလူး သရဲလို ရိုင်းစိုင်းခက်ထန်သူတွေပဲ"

"အို . . . ဘယ်လိုဖြစ်ရတာလဲ ပုရောဟိတ်ကြီး၊ ကျွန်ုပ်သိပါရစေ"

"ဘယ်လိုဖြစ်ရမှာလဲ၊ သင်တို့ ဝိဒေဟရာဇ်မင်းကြီး စံဖို့ဆိုပြီး ဒီနေပြည်တော်ထဲမှာ နန်းတော်ဆောက်စရာနေရာ ရှာသတဲ့။ နေရာရှားရော့သလား၊ ကျုပ်စံအိမ်တော်ကို ဖျက်ဆီးဖို့ လုပ်နေတုန်း ကျုပ်ရောက်သွားတယ်။ ကျုပ်ကို မချေမငံဆက်ဆံလွှတ်တယ်၊ ဒါနဲ့ စူဠနီဗြဟ္မဒတ်မင်းကြီးကို တိုင်ကြားဖို့ နန်းတော်ကို ကျုပ်ဝင်တော့လဲ တံခါးဝမှာ သင့်လူတွေနဲ့ တွေ့ပြန်တယ်။ ဘုရင့်အမိန့်တော်ဆိုပြီး ကျုပ်ကို မဖွယ်မရာ နှင်ထုတ်လိုက်ကြတယ်။ ရှင်ဘုရင့်အမိန့်အာဏာတော်လေးတစ်ခုခု ကိုယ်စားသက်ရောက်ရရှိတာနဲ့ပဲ ဒါကို အားကိုးအားထားပြုပြီး မောက်မာစော်ကားချင်တဲ့ လူမိုက်တွေ၊ ထို့ . . . အမိန့်အာဏာစက်ဝန်းထဲမှာ ခိုပြီး စက်ဝန်းအပြင်က လူတွေကို အနိုင်ကျင့်ချင်တိုင်းကျင့်တဲ့ လူမိုက်တွေ"

ဒေါသများ ဆို့နင့်နေ၍ ပုရောဟိတ်ကြီးသည် စကားကိုပင် မဆက်နိုင်ချေ။

"အဲဒီလူရိုင်းတွေကိုယ်စား ကျွန်ုပ်ကပဲ တောင်းပန်ပါတယ် သုခမိန်ကြီး။ ဘုရင့်အမိန့်တော်ဆိုတော့ သူတို့လဲ တခြားတစ်ပါးသူ ငြိငြင်မှာထက် ကုပ်ပေါ်ဝဲနေတဲ့ ဓားသန်လျက်ကို အကြောက်လွန်စိတ်ကများပြီး မဖွယ်မရာ လုပ်မိကြတာ ဖြစ်ပါလိမ့်မယ်။ ကျွန်ုပ်ကပဲ ကိုယ်စားတောင်းပန်ရင်း ပုရောဟိတ်ကြီးကို မေတ္တာရပ်ခံပါတယ်။ အခု ကျွန်ုပ် ဘာလုပ်ပေးရမလဲ"

အချေအငံစကားကြောင့် ကေဝဋ္ဋပုရောဟိတ် အနည်းငယ်ငြိမ်သက်သွားသည်။ တစ်စုံတစ်ခုကို စဉ်းစားဟန်ဖြင့် အဝေးသို့ မျှော်ငေးနေရာမှ မဟောသဓာထံသို့ နီးကပ်စွာ တိုးရွှေ့ကာ လေသံဖြင့် ပြောသည်။

"ကျုပ်ဒီလိုစီမံချင်တယ်၊ အခုဖျက်ဆီးဖို့ ပြင်နေကြတဲ့ ကျုပ်စံအိမ်



www.burmeseclassic.com

www.burmeseclassic.com



တော်ရှေ့က သင့်ရဲ့လူတွေကို ရုပ်သိမ်းပေးစေချင်တယ်။ ဒါတင်မက ကျုပ်ရဲ့ အိမ်ရာကို အလွတ်ပေးစေချင်တယ်။ ဒါအတွက် သင် မနစ်နာစေရဘူး သုခမိန်၊ သင့်ကို ကျုပ် အသပြာတစ်သိန်း ပေးမယ်။ အသပြာကို လက်ခံပါ။ ဟဲဟဲ . . . တံစိုးလက်ဆောင်လို့ သဘောမထားစေချင်ဘူး"

နီးကပ်စွာ ရှိနေသော ပုရောဟိတ်ကြီးထံမှ ကိုယ်ကို ရို့ခွာလျက် မဟောသဓာသည် လေးနက်စွာ ပြောလိုက်လေသည်။

"ပုရောဟိတ်ကြီးပြောသလို တံစိုးလက်ဆောင် မဟုတ်ဘူးပဲထား၊ ကျွန်ုပ်က လက်ခံလိုက်သည်ပဲထား၊ နောက်ထပ်အိမ်ရာတွေကို ကျွန်ုပ်လူများက ကြိုးစားကြတဲ့အခါမှာ ဒီလိုနည်းတူစွာပဲ ကျွန်တော်တို့ကျွန်မတို့ အိမ်ရာတွေကို အလွတ်ပေးပါ၊ အသပြာယူပါ ဆိုလာကြရင်၊ အင်း . . . ပုရောဟိတ်ကြီး ဒီနေပြည်တော်မှာ ဝိဒေဟရာဇ်မင်းကြီးအတွက် စံနန်းတော်ဆောက်စရာ နေရာတစ်ခုမှ ရတော့မှာ မဟုတ်ဘူး"

"အို အို ပေါက်ကြားမှာကို စိုးရိမ်သပေါ့ဟုတ်လား သုခမိန်။ ဟဲဟဲ ဒီအတွက်တော့ စိတ်ချနေစမ်းပါ၊ ကျုပ်ဟာ ဘုရင့်ပုရောဟိတ်ကြီးပါ၊ ဘုရင့်ပုရောဟိတ်ကြီးက တံစိုးပဏ္ဏာ အသပြာပေးရပါတယ်လို့ ဘယ်မှာ ထုတ်ပြောလိမ့်မလဲ။ ဒီလျှို့ဝှက်ချက်က ကျုပ်ကိုယ်တိုင်က မျိုသိပ်ဖုံးကွယ်ထားမှာပါ။ သင်စိုးရိမ်သလို ဖြစ်မလာနိုင်ပါဘူး၊ ကျုပ်က နှုတ်လုံပါတယ်၊ ဘယ်နှယ့်လဲ သုခမိန်"

ခပ်ခွာခွာရှိနေသော မဟောသဓာအနီးသို့ ထပ်မံတိုးရွေ့ပြန်သည်။

"စဉ်းစားစိုးရိမ်မနေစမ်းပါနဲ့ သုခမိန်၊ ဒီကိစ္စကို သင်နဲ့ကျုပ် နှစ်ဦးတည်းသာ သိရမှာပါ။ သင်လဲ အသပြာတစ်သိန်းရ၊ ကျုပ်လဲ စံအိမ်တော်နေမြဲနေရာရ၊ ကိုင်း ဘယ်လောက်အဆင်ပြေသလဲ၊ အသပြာတစ်သိန်းကိုသာ လက်ခံပြီး အခြားနေရာကို ရှာစမ်းပါ"

မဟောသဓာသည် ကေဝဋ္ဋပုရောဟိတ်ကြီးကို စေ့စေ့ကြည့်လျက် ပြောလိုက်သည်။

"ကောင်းပါပြီ ပုရောဟိတ်ကြီး"

●



(၂၆)

အသပြာ၊ ရွှေငွေရတနာ၊ ဥစ္စာပဏ္ဏာ စုစုပေါင်း အချိန်ကိုးကုဋေခန့်ပင် ရှိခဲ့ပြီဖြစ်သည်။ ပဥ္စာလရာဇ် နေပြည်တော်အတွင်းရှိ ဆွေတော်၊ မျိုးတော်၊ မှူးတော် မတ်တော်များအပါအဝင် စည်းစိမ်၊ ဥစ္စာကြွယ်ဝသူများလည်း အားလုံးကုန်သလောက်နီးပါး ရှိခဲ့ပြီ။ အိမ်ရာကို အလွတ်ပေးပါ၊ အသပြာယူပါ၊ မည်သူမျှ မသိစေရပါဟူသော လျှို့ဝှက်ချက်ကိုယ်စီဖြင့် စံအိမ်ရှင်များကလည်း ကျေနပ်နေကြသည်။

ဤသို့ဖြင့်ပင် မဟောသဓာသည် စူဠနီဗြဟ္မဒတ်မင်းကြီးထံ အခစားဝင်ခဲ့လေသည်။

"မဟောသဓာသုခမိန်၊ ကျွန်ုပ်ရဲ့ နေပြည်တော်အတွင်းမှာ သင့်သခင်ရဲ့ စံနန်းတော်အတွက် နေရာရပြီ မဟုတ်လား"

စူဠနီဗြဟ္မဒတ်မင်းကြီးက စိတ်ချအေးဆေးစွာပင် မေးသည်။ မရနိုင်သေးပါကြောင်း မဟောသဓာက လျှောက်တင်သောအခါ မင်းကြီး အံ့အားသင့်သွားသည်။

"ဘယ်လိုကြောင့်လဲ သုခမိန်"

"ဉတ္တရပဥ္စာလရာဇ်မြို့တော်ရဲ့ တင့်တယ်သော နေရာဒေသတွေမှာတော့ တနန်းရာရနိုင်တော့မှာ မဟုတ်ပါဘူး အရှင်မင်းကြီး၊ ကျွန်ုပ် နှစ်မြိုက်လို့ ရွေးချယ်လိုက်တဲ့နေရာမှန်သမျှဟာ အခိုင်အခံ့ အိမ်ကောင်းရာကောင်းတွေချည်း ဖြစ်နေပါတယ်။ အိမ်ရှင်တွေမှာလဲ စိတ်နှလုံး မရွှင်မလန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြလေတော့ ကျွန်ုပ်အဖို့ရာမှာလဲ သူတို့ကို ငဲ့ညှာထောက်ထားပြီး မဖျက်ဆီးရက်နိုင် ဖြစ်ခဲ့ရပါတယ် အရှင်မင်းကြီး"

"ဘုရင့်အမိန့်အာဏာတော်ကို ရပြီးမှ သင်ကလဲ ငဲ့ညှာ ထောက်ထားနေရသေးသကိုး သုခမိန်၊ ဒါဖြင့် အခု ဘယ်လိုစီမံကြမလဲ"

ဝိဒေဟရာဇ်မင်းကြီးအား ဥတ္တရပဉ္စာလရာဇ်ပြည်သို့ အမြန်ဆုံးရောက်စေချင်နေသော မင်းကြီးမှာ မဟောသဓာ၏ အဖြေစကားကို သဘောမတွေ့ချေ။

"တစ်ခုပဲ ကျန်ပါတော့တယ် အရှင်မင်းကြီး"

"အင်း . . . ဆိုစမ်း"

"တဲနန်းဆောက်ဖို့အတွက် နေရာကို ဒီနေပြည်တော်ထဲမှာ ရှာဖို့ ကျွန်ုပ် စွန့်လွှတ်လိုက်ပါပြီ။ အသင့်တော်ဆုံး တွေ့ထားတဲ့ နေရာတစ်ခုတော့ ရှိပါတယ်။ အဲဒီနေရာကတော့ မြို့တော်တွင်း မဟုတ်ပါ၊ မြို့တော်နဲ့ ဂင်္ဂါမြစ်အကြား မြို့တော်နဲ့တစ်ဂါဝုတ်ခန့် ကွာတဲ့နေရာ ဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့ အရှင်ဝိဒေဟရာဇ်မင်းကြီးအတွက် နန်းတော်ရာကို လွတ်လွတ်ကင်းကင်း အဲဒီနေရာမှာပဲ ဆောက်ချင်ပါတော့တယ်"

မမျှော်လင့်သော စကားဖြစ်သည်။ စူဠနီဗြဟ္မဒတ်မင်းကြီး၏ မျက်လုံးများ စဉ်းငယ်ကျဉ်းမြောင်းသွားကြသည်။

ထိုမျက်လုံးများ၏ အာရုံရိပ် မြင်ကွင်းဝယ် မင်းကြီးသည် မိထိလာဘုရင် ဝိဒေဟရာဇ်မင်းကြီးနှင့် မဟောသဓာတို့၏ ပျက်စီးချုပ်ငြိမ်းခန်းကို မြင်ယောင်နေသည်။ မြို့တွင်းမှာနေစရာမရ၊ မြို့ပြင်မှာသာ နေစရာရှာရတော့မည် ဟူသော မဟောသဓာ၏စကားကို မင်းကြီး နှစ်မြို့က်သွားသည်။ မြို့တွင်းမှာသာဆိုလျှင် နောင်ဖမ်းဆီးလုပ်ကြံသောအခါ တိုက်ပွဲများ ဖြစ်ပေါ်လာခဲ့လျှင် သူလူငါလူမကွဲပြား အထွေးထွေး အယှက်ယှက် ဖြစ်မည်။ အဖမ်းအယူခက်မည်။ မြို့ပြင်ဆိုလျှင် ဝိဒေဟရာဇ်မင်းကြီးနှင့်တကွ မဟောသဓာတို့ကို အလွယ်တကူပင် ဖမ်းယူကွပ်မျက်နိုင်တော့မည်ဟု စဉ်းစားမိကာ နှစ်ထောင်းအားရ ဖြစ်သွားသည်။ သို့သော် စိတ်၌ ဖြစ်ပေါ်လာသော အတွေးကို မျက်နှာပေါ်၌ မပေါ်စေရအောင် ထိန်းချုပ်လျက် . . .

"ကောင်းပြီ သုခမိန်၊ သင် အလိုရှိတဲ့အတိုင်း မြို့ပြင်မှာပဲ မြို့နန်းတော် တည်ဆောက်ပေတော့"





"အခွင့်ပေးသနားတော်မူတဲ့အတွက် ဝမ်းမြောက်လှပါတယ် အရှင်မင်းကြီး၊ ဒါပေမဲ့ အရေးအရာ ကုန်စင်ရှင်းလင်းနိုင်ဖို့အတွက် နောက်ထပ်မင်းအမိန့်အာဏာတော် အခွင့်တစ်ခုကို တောင်းဆိုပါရစေ"

"ဘယ်လို မင်းမိန့် အာဏာတော်အခွင့်ကို အလိုရှိသလဲ သုခမိန်"

"မိထိလာပြည်က ခေါ်လာတဲ့ ကျွန်ုပ်ရဲ့ လူများဟာ စိတ်တက်ကြွတဲ့ အရွယ် နုတ်လျှင်၊ လက်လျှင်များ ဖြစ်ကြပါတယ်။ ကျွန်ုပ်ရဲ့အမိန့်ကို လိုက်နာဖို့ကလွဲပြီး အခြားဘာကိုမှ အရေးမထားတတ်တဲ့ ကြွပ်ဆတ်သူများ ဖြစ်ပါတယ်။ ဒီလို လူငယ်လူရွယ် လူထက်မြက်များနဲ့ မြို့ပြင်မှာ ကျွန်ုပ်တို့ တဲနန်းဆောက်နေချိန်မှာ အရှင်မင်းကြီးရဲ့ တိုင်းသူပြည်သားများကလဲ သစ်ဝါး၊ ထင်း၊ ရေ ဟင်းသီးဟင်းရွက် စသည်များအတွက် ကျွန်ုပ်တို့ရှိရာ ရောက်လာကြတဲ့အခါ သူတို့ချင်းတွေ့ပြီး ခိုက်ကြီးရန်ကြီး ဖြစ်ကြရင် မကောင်းပါဘူး အရှင်မင်းကြီး"

"အင်း . . . ထည့်သွင်း စဉ်းစားစရာအချက်ပေပဲ သုခမိန်"

"နောက်တစ်ခုက ကျွန်ုပ်တို့မှာ ပါလာတဲ့ဆင်တွေဟာ ရေထဲမှာ မွေ့လျော် ပျော်ပါးတတ်ကြပါတယ်။ ဒီဆင်တွေဟာ ရေထဲမှာ မွေ့လျော် ပျော်ပါးတတ်ကြပါတယ်။ ဒီဆင်တွေဟာ မြစ်ထဲမှာ ရေကစားလို့ မြစ်ရေနောက်ခဲ့သော် ဥတ္တရပဉ္စာလရာဇ်သားတွေအနေနဲ့ မဟောသဓာနဲ့ သူ့လူတွေ ရောက်လာကတည်းက တို့များ ရေကြည်ကို မသောက်မချိုးရတော့ဘူးဆိုပြီး ငြိုငြင်ဒေါသ ဖြစ်ကြလိမ့်မယ်"

"အင်း . . . ဒါလဲ ဟုတ်ပေသားပဲ သုခမိန်"

"ဒါကြောင့် ကျွန်ုပ်တို့ မြို့နန်းဆောက်ရာ ဒေသဆီကို အရှင်မင်းကြီးရဲ့တိုင်းသားပြည်သူများ မလာရောက်စေဖို့နဲ့ မြစ်ရေများနောက်ခဲ့သော် အမျက်ဒေါသကို သိမ်းဆည်းသည်းခံကြဖို့ မင်းမိန့်အာဏာတော်နဲ့ ထုတ်ဆင့်တားဆီးပေးစေချင်ပါတယ် အရှင်မင်းကြီး . . ."

"ဟုတ်ပေတယ် . . . ဟုတ်ပေတယ်၊ သင် အလိုရှိတိုင်း ဖြစ်စေရမယ် သုခမိန်။ သင်ဟာ ငယ်ရွယ်ပေမယ့် ရှေ့ရေးနောက်ရေး မျှော်တွေးတတ်သူပေပဲ။ မဟောသဓာသုခမိန်နဲ့ သူ့လူများ မြို့နန်းတည်နေရာအရပ်ကို မသွားရ၊ သူတို့တစ်တွေကို စိတ်အငြိုအငြင် မဖြစ်စေရ၊ ကျူးကျော်သူများကို ကြိမ်ဒဏ် အချက်တစ်ထောင် သင့်စေလို့ ကျွန်ုပ် မင်းမိန့်အာဏာ ထုတ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်၊ စိတ်အေးချမ်းသာစွာ အလုပ်လုပ်ပေတော့ သုခမိန်"

"ကျေးဇူးကြီးမြတ်လှပါတယ် အရှင်မင်းကြီး"

●



(၂၇)

လေးလတည်းဟူသော အချိန်ကာလသည် ဥတ္တရပဥ္စာလရာဇ် ပြည်သူပြည်သားများအတွက် အမှတ်မထင်ပင် ကုန်ဆုံးသွားသည်။ ဤကာလအတွင်း သူတို့ သိသိမှတ်မှတ် သတိထားမိသည်မှာ ဂင်္ဂါမြစ်ရေ နောက်ကျိခြင်းတစ်ခုသာ ဖြစ်သည်။

"မဟောသဓာနဲ့ သူ့လူတွေ ရောက်လာပြီးတဲ့နောက်မှာ ငါတို့သောက်၊ ချိုးသုံးစွဲနေတဲ့ ဂင်္ဂါမြစ်ရေဟာ မနောက်စဖူး နောက်ကျိလာတယ်၊ ဘယ်လိုဖြစ်ကြသလဲ မသိဘူး"

ဟု သူတို့ ပြောကြသည်။

ထိုအခါ မဟောသဓာစေလွှတ်ထားသော သူလျှိုများက . . .

"နောက်မှာပေါ့ . . . မဟောသဓာနဲ့ သူ့လူတွေပါလာတဲ့ ဆင်တွေဟာ မြစ်ထဲမှာဆင်းပြီး ရေကစားပေတာကိုး"

ဟု သတင်းဖြန့်သည်။

ပဉ္စာလရာဇ်သားများသည် 'ဪ . . . ဟုတ်လား' ဟူ၍သာ ဆိုနိုင်ကြပြီး ထိုကိစ္စနှင့်ပတ်သက်၍ မည်သို့မျှ ဆက်လက်ဆွေးနွေးပြောဆိုခြင်း မပြုကြတော့။ စူဠနီဗြဟ္မဒတ်မင်းကြီး၏ ကြိမ်ဒဏ် အချက်တစ်ထောင် အမိန့်က သူတို့၏ အတွေးများကို ပိတ်ဆို့ထားပြီး ဖြစ်လေသည်။

ပဉ္စာလရာဇ်သားများအဖို့ လေးလအချိန်အတွင်း မြစ်ရေနောက်ကျိခြင်းကိစ္စ တစ်ခုတည်းကိုသာ ပေါ့ပေါ့တန်တန် သတိထားမိကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မိထိလာသားများအဖို့ကား ထိုလေးလသည်ပင် အလွန်အရေးကြီးသော ကာလ ဖြစ်ချေသည်။

မနားမနေ အလုပ်လုပ်ရခြင်း၊ ပင်ပန်းကြီးစွာ အားထုတ်ခြင်း၊ ခေါင်းဆောင်တို့၏ အမိန့်ကို တိကျစွာ လိုက်နာခြင်း၊ သင့်ရာတာဝန်ကို အကျေအပွန် ထမ်းဆောင်ခြင်း၊ လျှို့ဝှက်ခက်ခဲမှုများနှင့် ရင်ဆိုင်ရခြင်း၊ အခက်အခဲများကို ကျော်ဖြတ်ရခြင်းတို့ဖြင့် အတိပြီးသော ထိုလေးလအချိန်။

မဟောသဓာသုခမိန်၏ ပြတ်သားတိကျသော စကားကိုလည်း အစွဲအမြဲ သက်ဝင်ယုံကြည်ထားကြသည်။

"မိထိလာသား ယောကျ်ားကောင်းတို့၊ အခု ငါတို့ လျှို့ဝှက်ခက်ခဲစွာ လုပ်နေကြတဲ့အလုပ်ဟာ မိထိလာနဲ့ ဥတ္တရပဉ္စာလရာဇ် နှစ်ပြည်အကြား စစ်ပွဲခင်းကျင်း အာဏာလုခြင်း အရေးမဟုတ်ဘူး။ ဝိဒေဟရာဇ်မင်းကြီးရဲ့ ဘုန်းစက်အဝန်းကို ချဲ့ထွင်ခြင်းလဲ မဟုတ်ဘူး။ ပဉ္စာလရာဇ်ပြည်သားပြည်သူတို့အပေါ် လွှမ်းမိုးဖိနှိပ်ဖို့လဲ မဟုတ်ဘူး။ သင်တို့ အသွေးအသားနှလုံးထဲမှာ စွဲမြဲစွာ သက်ဝင်၊ မှတ်ယူကြရမှာက . . .

"ငါတို့ဟာ ငါတို့ရဲ့ ကမ္ဘာလောကပေါ်ကနေ ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်၊ ရောဂန္တရကပ်တွေကို တားဆီးပယ်ဖျောက်ဖို့ လုပ်နေကြခြင်းဖြစ်တယ်။ မိထိလာ၊ ဥတ္တရပဉ္စာလရာဇ် အပါအဝင် ရှိရှိသမျှတိုင်းပြည်မြို့ရွာ အသီးသီးရဲ့ အန္တရာယ်ဆိုးများကို ပိတ်ပင်မောင်းထုတ်နေကြခြင်း ဖြစ်တယ်။

"စစ်သွေးဆာပြီး လက်နက်နိုင်ငံတော်ကြီး ချဲ့ထွင်၊ တစ်ရာ့တစ်ပါးသော မင်းများ၏ လည်ချောင်းသွေးကို သောက်၊ မဟာဇေကရာဇ်ဘဝကို တည်ဆောက်ချင်လွန်းလှတဲ့ စူဠနီဗြဟ္မဒတ်မင်း၊ သူ့ရဲ့ ပုရောဟိတ်ကေဝဋ္ဋနဲ့ တကွသော စစ်ဥမ္မတ္တကများရဲ့ ရူးသွပ်မိုက်ရိုင်းမှုများကို ချေဖျက်နေကြခြင်းသာ ဖြစ်တယ် . . .။

"ငါတို့ အခုပင်ပန်းဆင်းရဲကြီးစွာ လျှို့ဝှက်စွာ အားထုတ်လုပ်ကိုင်နေကြခြင်းများအားလုံးရဲ့ တစ်ခုတည်းသော ရည်မှန်းချက်က 'ငြိမ်းချမ်းရေး' သာဖြစ်တယ်။ လောကငြိမ်းချမ်းရေးကို သယ်ဆောင်မယ့်တမန်များအဖြစ် သင်တို့ကိုယ်သင်တို့ ဘွဲ့တံဆိပ်ခတ်နှိပ်ထားကြ"

သင်္ချာကိန်းဂဏန်း အတွက်အချက်များကို အသုံးပြုကြရသည်။ နမူနာပုံ၊ သားရေချပ်မြေပုံများကို အထပ်ထပ်လေ့လာကြသည်။ နေ့နေ့





ညညသော အချိန်များကို တစ်ဗိုဇနာမလပ် အားထုတ်ကြရသည်။ ဤသို့အားဖြင့် မဟောသဓာသုခမိန်၏ ခေါင်းဆောင်မှုအောက်ဝယ် . . .

ဂင်္ဂါမြစ်အနီး၌ 'ဝဂ္ဂလိ'အမည်ရှိသော ရွာကြီးတစ်ရွာကို စတင်တည်ထောင်ကြသည်။

ဝဂ္ဂလိရွာကြီးတွင် လက်မှုပညာသည်၊ ယန္တရားပညာသည်၊ စစ်သည်ဗိုလ်ပါ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကျွမ်းကျင်သူ စသည်ဖြင့် အမှုလုပ်အစုပေါင်းခြောက်သောင်းမျှ ပါဝင်နေထိုင်ကြသည်။ ဝဂ္ဂလိကို ပင်မစခန်းကြီးအဖြစ်ထားရှိကာ ပထမဦးစွာ ပြုလုပ်နေကြသည်မှာ ဥမင်ကွေ့မြို့နန်းနှင့်တကွရေကျုံး၊ ညွန်ကျုံး၊ ကျုံးခြောက်၊ ကျုံးသုံးထပ်ဥမင်ကြီး ဖြစ်သည်။

ဂင်္ဂါမြစ်နားမှသည် ပဉ္စာလရာဇ်မြို့တွင်း ဥမင်တံခါးဝတိုင်အောင် ဖောက်လုပ်သော ဥမင်ကြီးမှာ နှစ်ဂါဝုတ်မျှ အရှည်အလျား ရှိသည်။ စင်စစ်ဂင်္ဂါမြစ်ရေနောက်ကျိခြင်းကား စူဠနီဗြဟ္မဒတ်မင်းကြီးနှင့်တကွ ပဉ္စာလရာဇ်ပြည်သူလူထုတို့ သိထားသော ဆင်ရေကစား၍ နောက်ကျိခြင်း မဟုတ်။ ဥမင်ကြီးကို တူးဖော်ရာတွင် ထွက်ပေါ်လာသော ပေါက်တူးစာ သဲမြေမှုန့်များကို သားရေအိတ်ဖြင့် ကျုံးယူ၍ မြစ်အတွင်းသို့ချ၊ ဆင်များဖြင့် နင်းနယ်ခြေနှောင့်သောကြောင့်သာ ဖြစ်သည်။

မြို့တွင်းဥမင်ဝဆီသို့ နှစ်ဂါဝုတ်အရှည်ရှိသော ဥမင်ကို တူးဖောက်ပြီးနောက်တွင် ထိုနေရာမှတစ်ဆင့် စူဠနီဗြဟ္မဒတ်မင်း၏ နန်းတော်လှေကားခုံတိုင်အောင် နောက်ထပ် တစ်ဂါဝုတ်အရှည်ရှိ 'ဥမင်ကွေ့'ကို ဆောက်လုပ်ပြန်သည်။

(စူဠနီဗြဟ္မဒတ်မင်း၏ နန်းတော်လှေကားခုံကို မဟောသဓာသုခမိန်က အသစ်ပြန်လည် တည်ဆောက်ထားကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည် - **စာရေးသူ**)

ဥမင်ကွေ့တူးရာမှ ရရှိသော ပေါက်တူးစာ သဲမြေမှုန့်များကိုလည်း သားရေအိတ်များဖြင့် စရနယ်နယ်၍ ဆယ့်ရှစ်တောင်အမြင့်ရှိ မြို့တံတိုင်းတည်လိုက်ကြသည်။ ထိုမြို့ကို ဥပကာရီ အမည်သစ်ဖြင့် မှည့်ခေါ်စေသည်။

ဥမင်ကွေ့တံခါးနှင့် ဥမင်ကြီးအတွင်း၌ကား အံ့မခန်းလျှို့ဝှက်သော ယန္တရား အစီအမံများကို ပြင်ဆင်ထားလေသည်။ စူဠနီဗြဟ္မဒတ်မင်းကြီး၏ နန်းတော်လှေကားခုံအောက်မှဝင်လျှင် ဥပကာရီမြို့ထဲမှ ဥမင်တံခါးဝဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သည်။ ဥမင်ကြီးအတွင်း၌လည်း တံခါးမရှစ်ဆယ်၊ တံခါးငယ် ခြောက်ဆယ့်လေးခု၊ ဆီမီးတိုင်တံခါး တစ်ရာ့တစ်ခု၊ မင်းနေရာတိုက်တံခါး တစ်ရာ့တစ်ခု ရှိလေသည်။

ထိုတံခါးငယ် တံခါးမများ အားလုံး၌ အဖွင့်အပိတ် ယန္တရားစက်နှစ်သွယ်ကိုလည်း တပ်ဆင်ထားသည်။ တစ်ဆက်တည်း ဆက်သွယ်ထားသော ယန္တရားအစီအမံအားဖြင့် တံခါးတစ်ခုခု၏ ပေါင်အတွင်းမှ ဖွင့်စက်ကို နင်းလျှင် အားလုံးသော တံခါးများ ပွင့်စေ၊ ပိတ်စက်ကို နင်းလျှင် အားလုံးသော တံခါးများ ပိတ်စေအောင် ခင်းကျင်းတည်ဆောက်ထားသည်။

လျှို့ဝှက်မြေအောက် ဥမင်ဖြစ်သော်လည်း လိုဏ်လမ်းကြောင်းသက်သက် ဥမင်မဟုတ်။ လိုဏ်လမ်းကြောင်းကို အချောသတ်ဖောက်လုပ်ပြီးလျှင် ပြီးချင်း မဟောသဓာသည် ဆက်လက်လုပ်ဆောင်ရမည့် အသေးစိတ်မှုန်းခြယ်မှုများကို ပြုလုပ်ရန် အမိန့်ပေးလိုက်သည်။

"ဥမင်နံရံနှစ်ဖက်မှာ ပန်းရံသမားတွေက အုတ်အင်္ဂတေနဲ့ အပြေအပြစ် အချောကိုင်ကြ။

"အပေါ်အမိုးမှာ သစ်ပျဉ်တွေနဲ့ နိုင်ခံ့ ထူထပ်အောင် စီရင်။

"လေသာရောင်လင်း ပြတင်းတွေဖောက်၊ အုတ်အင်္ဂတေတွေနဲ့ ကြာပဒုမ္မာပွင့်သဏ္ဌာန်ဖွဲ့။

"တံခါးလိုဏ်ဝရှစ်ဆယ်မှာ အုတ်၊ အင်္ဂတေ၊ သစ်ပျဉ်သုံးပြီး စမုခ်ထုတ်။

"ဥမင်အတွင်းနံပါးနှစ်ဘက်တိုင်းမှာ တစ်ရာ့တစ်ပါးသော မင်းတို့အတွက် တိုက်ခန်း တစ်ရာ့တစ်ခုဖွဲ့စီရင်။

"တိုက်ခန်းတိုင်းမှာ ဘုရင်မင်းမြတ်တို့နဲ့ ထိုက်တဲ့ ထီးဖြူ၊ ဥကင်၊ အခင်း၊ ရာဇပလ္လင်တစ်ခုစီ စီစဉ်ပြုလုပ်။

"ထီးဖြူအောက် မင်းနေရာတစ်ခုစီတိုင်းမှာ အရွယ်အဆင်းနဲ့ ပြည့်စုံတင့်တယ်လှပပြေပြစ်တဲ့ သတို့သမီးသဏ္ဌာန်ရုပ်တု တစ်ခုစီထား၊ ပန်းချီကျော်တို့ကလဲ သက်ရှိထင်ရှား လူသား မိန်းမပျိုအလား ထင်ရအောင် ဆေးစုံခြယ်သမွမ်းမံကြ။

"ဥမင်ကြီး၊ ဥမင်ကွေ့တွေရဲ့ အမိုး၊ နံရံ၊ တိုက်ခန်းတွေမှာ စကြာဝဠာတိုက်တည်ဟန်၊ မြင်းမိုရ်တောင်ကို သီဒါ ခုနစ်တန် သတ္တရဘ္ဘန် တောင်





ခုနစ်လုံးက ခုနစ်ခွေ၊ ခုနစ်ထပ်ရစ်ပတ်နေဟန်၊ သမုဒ္ဒရာ ရေပေါ်မှာ ကျွန်းငယ်ရှစ်ထောင်၊ ကျွန်းကြီးလေးကျွန်း တည်နေဟန်၊ ဟိမဝန္တာတောင်ရဲ့ အိုင်ကြီးတည်ဟန်၊ အနောဝတတ်အိုင်မှာ တောင်ငါးလုံးရံပြီး မြွန်လေးဝကထွက်တဲ့ အာဝဋ္ဋဂင်္ဂါ၊ သီဒါတစ်ဆယ့်နှစ်ခွေ၊ ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာတို့ တည်နေဟန်၊ မြင်းမိုရ်တောင်ရဲ့ ခါး၊ ယုဂန္ဓိုရ်တောင်ဖျားနဲ့အမျှ ကျွန်းကြီးလေးကျွန်းထိပ်ပေါ်မှာ နေလနက္ခတ်တာရာတို့ လှည့်လည်ထွန်းပဟန်၊ နတ်ပြည်ခြောက်ထပ် တည်ရှိဟန် . . . စတဲ့ လောကတန်ဆာအားလုံးကို အသိုက်အမြိုက်အတင့်အတယ် ရေးခြယ်ဆင်သကြ။

"ဥမင်ကြီး၊ ဥမင်ကွေ့တွေအတွင်းမှာ နေ့ညဉ့်မပြတ် ဆီမီးထွန်း၊ ရောင်းချပွဲ၊ ဝတ်ပွဲဈေးပွဲအသွင် ခင်းကျင်းကြ။

"နံ့သာဆိုင်း၊ ပန်းဆိုင်းတွဲ၊ သဲဖြူး၊ သုဓမ္မာဇရပ်လို နှလုံးမွေ့လျော်ဖွယ် ဖြစ်အောင် စီမံခင်းကျင်းကြ"

မြေပေါ်နှင့်မခြားသော ထိုလျှို့ဝှက်ဥမင်းကြီး၏ တံခါးမုခ်ဝ ဂင်္ဂါမြစ်နားတွင် တည်ဆောက်သော အဆောက်အအုံကား လက်ထပ်တဲနန်းပင် ဖြစ်လေသည်။

လေးလမျှသော အချိန်ကာလအတွင်းဝယ် အလုံးစုံသော ထိုဥမင်ကြီးနှင့် ဥမင်ကွေ့ အစီအရင်တို့သည် ဥတ္တရာပဉ္စာလရာဇ်ပြည်၏ မြေအောက်တွင် လျှို့ဝှက်ဆန်းကြယ်စွာ ပေါ်ပေါက်ခဲ့ပြီ။

နောက်တစ်နေ့တွင် လက်သမားသုံးရာနှင့် မြစ်ညာသို့စေလိုက်သော အာနန္ဒာအမတ် မဟောသဓာထံ ပြန်လည်ရောက်ရှိလာသည်။

"အရှင်သုခမိန် စေခိုင်းလိုက်တဲ့အတိုင်း ကျွန်တော့်လှေသုံးရာမှာ သစ်ပျဉ်အပြည့် တင်ဆောင်လာခဲ့ပါပြီ၊ ဆက်လက်ပြုဖွယ်ကိစ္စများကို အမိန့်ချမှတ်တော်မူပါ"

"ကောင်းလှပေတယ် အာနန္ဒာ၊ ပါလာတဲ့ သစ်ပျဉ်တွေကိုချ၊ ဥပကာရီမြို့ဆီကို တင်ပို့၊ ပြီးရင် လှေသုံးရာနဲ့အတူ သင် မြစ်ညာအရပ်ပဲ ဆန်တက်သွားရမယ်။ ပဉ္စာလရာဇ်တိုင်းသားတို့ မမြင်အောင် လှေတွေကို ဝှက်ထား၊ သင်တို့လဲ ကိုယ်ယောင်ဖျောက်နေရမယ်"

"ကောင်းပါပြီ အရှင်သုခမိန်"

"အလိုရှိတဲ့အချိန်မှာ သင့်ဆီကို ကျွန်ုပ် အခေါ်လွှတ်လိုက်မယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အခါမှာမှ ကျွန်ုပ်ထံ မဆိုင်းမတွ ရောက်လာနိုင်အောင် လှေသုံးရာနဲ့တကွ အဆင်သင့်ရှိပေစေ"

"ကောင်းပါပြီ အရှင်သုခမိန်"

မိမိအရှင် မဟောသဓာသုခမိန် ပြုလုပ်သမျှတိုင်း၌ လုံလောက်သော ကြောင်းကျိုးဆီလျော် ဆက်စပ်မှုရှိပြီးဖြစ်ကြောင်း သိထားသော အာနန္ဒာ အမတ်သည် အမိန့်၏ နောက်ကွယ်မှ အချက်အလက်များအကြောင်းကို ဘာမှမမေးတော့ဘဲ လှေသုံးရာနှင့်တကွ မြစ်ညာသို့ ပြန်လည်ဆန်တက်သွား ခဲ့လေသည်။

အာနန္ဒာအမတ် ထွက်ခွာသွားပြီးသည်နှင့် မဟောသဓာသုခမိန်သည် အမတ်တစ်ယောက်ကို ဆင့်ခေါ်လိုက်သည်။

"ဝိဒေဟရာဇ်မင်းကြီးကို အခေါ်တော်လွှတ်ဖို့ အချိန်ကျပြီ၊ သဝဏ် ရေးစမ်း"

အမတ်သည် ပေနှင့်ကညစ်ကို အသင့်ပြင်သည်။

*မိထိလာပြည့်ရှင် ခမည်းတော်မင်းကြီးအား လျှောက်ကြား အပ်ပါသည်။ ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ်မင်း နေပြည် တော်၌ အရှင်မင်းကြီး စံတော်မူရာ လက်ထပ်တဲနန်းကို အကျွန်ုပ် ဆောက်လုပ်စီရင်ပြီးစေပါပြီ။ ယခုအခါ ကပိလ တိုင်းသို့ ကြွချီတော်မူရန် အချိန်လည်း သင့်ပါပြီ။*

*သားတော်မဟောသဓာသုခမိန်*

"ဒီသဝဏ်ကို မင်းကြီးဆီ အမြန်ဆုံးပို့၊ အမြန်ဆုံးအခေါ်လွှတ်တော့"

●

## (၂၈)

ဂင်္ဂါမြစ်ကမ်းတွင် အလုံးစုံသည် ဖိတ်ဖိတ်ပြိုးပြက်နေသည်။ ယခင် သဘာဝ၏အလှတရားဖြင့် အေးချမ်းငြိမ်သက်နေခဲ့သော ဂင်္ဂါမြစ်ကမ်း နီးနား ဝန်းကျင်သည် ယခုအခါ ရာဇမင်းတို့၏ အဆောင်အယောင်ဖြင့် ထူးခြား သော အလှတစ်မျိုးကို ဆောင်နေသည်။ သဘာဝ၏နေရာတွင် လူတို့၏ စီမံသော အခင်းအကျင်းများက ပသာဒ အစားဝင်ရောက်နေပေပြီ။

ဝိဒေဟရာဇ်မင်းကြီးသည် သေနက၊ ပက္ကုသ၊ ဒေဝိန္ဒနှင့် ကာမိန္ဒ သုခမိန်လေးဦးကိုပါ ခေါ်ဆောင်လာသည်။ မိထိလာ၏ အကောင်းဆုံး ဗိုလ်ပါဆင်မြင်းများကို ဖွဲ့စည်းလာသည်။ မင်းကြီး၏ အိုမင်းသော မျက်နှာ တွင် သွေးရောင်များ တက်နေလေသည်။

မဟောသဓာသည် ဂင်္ဂါမြစ်နားမှာပင် မင်းကြီးအား ခရီးဦးကြိုဆိုလေ သည်။

"သားတော် သုခမိန်၊ လေးလမျှသော ကာလအတွင်းမှာ သင် ပြုဖွယ်ရှိသည်များ အားလုံးအဆင်သင့်ပြုပြီလို့ ခမည်းတော်သဘောရတယ်၊ ရွှေလမ်းငွေလမ်း ပေါက်ကြပြီ မဟုတ်လား၊ သားတော်ဆီက သဝဏ်ကို ရရချင်းပဲ ခမည်းတော် မဖင့်မဆိုင်း ချီတက်လာခဲ့တယ်"

"အစခပ်သိမ်းအတွက် ကောင်းသောလာခြင်း ဖြစ်ပါလိမ့်မယ် ခမည်းတော်မင်းကြီး၊ ယခု ယာယီနန်းတော်ဆောင်ဆီကို ကြွချီတော်မူပါ၊ ခမည်းတော်မင်းကြီး နားနေတော်မူဖို့ လိုပါလိမ့်မယ်"

"အင်း . . . သားတော် အစီအမံအတိုင်း ခမည်းတော်တို့အားလုံး

ဌန်မှင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်နာကြရမှာပါ၊ ပြုစရာရှိတာသာ ပြုပေတော့ သားတော်"

"လေးလအတွင်း တည်ဆောက်ခဲ့တဲ့ ဟောဒီ မြို့ကို ဥပကာရီမြို့လို့ သားတော် နာမည်သမုတ်ထားပါတယ်။ အဓိပ္ပာယ်ကတော့ ပဉ္စာလရာဇ် အနီးမှာ ကပ်လျက် တည်ထားတာတစ်ကြောင်း၊ အရှင်မင်းကြီးရဲ့ကျေးဇူးကို ဆောင်ရွက်ရာဖြစ်ခြင်းကြောင့် တစ်ကြောင်း ဥပကာရီလို့ ကမ္ပည်းမော်ကွန်း ထိုးခြင်း ဖြစ်ပါတယ်"

"အင်မတန်ကို လျော်ကန်သင့်မြတ်ပေတာပဲ သားတော်"

ဝိဒေဟရာဇ်မင်းကြီးသည် စူဠနီဗြဟ္မဒတ်မင်းကြီးထံသို့ အမတ်တစ်ဦးကို စေလွှတ်ကြောင်း ကြားလိုက်သည်။ ကိလေသာကာမဂုဏ်ဖြင့် ထုံယစ်နေသော ဝိဒေဟရာဇ်မင်းကြီး၏ အကြောင်းကြားချက်တွင် မဖွယ်ရာသော အသုံးအနှုန်းများ ပါဝင်နေသည်ကို မဟောသဓာသုခမိန် တွေ့သော်လည်း မည်သို့မျှအရေးမယူဘဲ သဝဏ်တွင်ပါရှိသည့် အတိုင်းသာ ခွင့်ပြုလိုက်သည်။

*'တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ပဉ္စာလရာဇ်တိုင်းကြီးသခင် အရှင်မင်းမြတ်၊ ကျွန်ုပ်သည် ဝေးလှစွာသော မိထိလာပြည်မှ အရှင်ဧကရာဇ်မင်းမြတ်၏ ခြေတော်စုံကို ရှိခိုးအပ်သောငှာ အမှာတော်ရှိတိုင်း ယခုရောက်လာသည်။ ကျွန်ုပ်အား အထိန်းအကြပ်ရွှေဘော် သတို့သမီးအပေါင်း ခြံရံလျက် ရွှေဝတ်ရွှေတန်ဆာတို့နှင့် တင့်တယ်စွာသော သမီးတော်ရတနာကို ဆောင်နှင်းပေးအပ် လက်ထပ်ထိမ်းမြားတော် မူစေလိုပါသည်'*

ဟူသော သဝဏ်တွင် ဝိဒေဟရာဇ်မင်းကြီးသည် ပဉ္စာလရာဇ်မင်းကြီးထက် အသက်အရွယ် ကြီးရင့်သည်မှန်ပါလျက် ခြေတော်ကို ရှိခိုးဟူသော အသုံးစကား ပါရှိနေသည်။

မဟောသဓာသုခမိန်သည် ထိုသဝဏ်ကို ကြည့်လျက် . . .

"အင်း . . . အရွယ်ကြီးသူ မှန်ပါလျက် ရှိခိုးမထိုက်ဘဲ ရှိခိုးစကားကို မင်းကြီးသုံးထားလေ၏။ မင်းကြီးဟာ အခုချိန်မှာ ဥမ္မတ္တက ဖြစ်နေတယ်၊ ဒါကြောင့် အထိုက်အလိုက်ကို မဆင်ခြင်နိုင်တော့ဘဲ သမက်ဖြစ်ရင် ယောက္ခမကို ရှိခိုးရမယ်အမှတ်နဲ့ ဒီစကားကို သုံးခြင်း ဖြစ်ပါ၏။ ဒါပေမဲ့





ဒီသဝဏ်အတိုင်းသာ ပဉ္စာလရာဇ်မင်းကြီးထံ ပို့လိုက်ပါလေ။ ကာမဂုဏ်နဲ့ ရှုံးသွပ်သူဘုရင်၊ ပြီးတော့ အာဏာနဲ့ ရူးသွပ်သူဘုရင်၊ ဒီဘုရင် နှစ်ပါးကြားမှာ လောကအေးချမ်းအောင် တည်ဆောက်ဖို့သာ အဓိကပါပဲ"

ဟု ဆင်ခြင်နေမိလေသည်။

* * *

ဝိဒေဟရာဇ်မင်းကြီး၏ သဝဏ်လွှာကိုရသော စူဠနီဗြဟ္မဒတ်မင်းကြီးသည်လည်း မင်းကြီးနှင့် မဟောသဓာ ရန်သူနှစ်ယောက်ကို ဖမ်းဆီးကွက်မျက်၍ အောင်သေသောက်ရန် အခါအခွင့်ရပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နေ့ကောင်းရက်မြတ်ကိုသာ ရွေးချယ်ပါတော့ဟု အကြောင်းပြန်ကြားလိုက်လေသည်။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း ချက်ချင်းပင် ပုရောဟိတ်များကို ခေါ်ယူကာ နက္ခတ်ကောင်းသည့်နေ့ရက်ကို တွက်ချက်ရွေးချယ်စေသည်။

ပုရောဟိတ်များသည် နက္ခတ်ကို တွက်စစ်ပြီးနောက် . . .

"ယနေ့ည အချိန်သည်ပင် နက္ခတ်ကောင်းသောအခါ ရပါသည်"

ဟု လျှောက်ကြားလိုက်လေသည်။ ဤအကြောင်းကိုလည်း စူဠနီဗြဟ္မဒတ်မင်းထံ မဆိုင်းမတွစေလွှတ် အကြောင်းကြားစေပြန်ရာ စူဠနီဗြဟ္မဒတ်မင်းကြီးထံမှလည်း ဗိုလ်ပါခြံရံလျက် ယခုပင် သမီးတော်အား အပ်နှင်းထိမ်းမြားရန် ထွက်တော်မူလာမည်ဟု အကြောင်းပြန်လိုက်လေသည်။

သို့ဖြင့်ပင် ဥပကာရီမြို့သို့ ဝိဒေဟရာဇ်မင်းကြီး ရောက်ရှိပြီး တစ်ညဉ့်အတွင်းမှာပင် အရေးအရာများသည် လျင်မြန်စွာ ဖြစ်ပေါ်လာကြသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် လက်အောက်ခံထီးဆောင်းမင်းအပေါင်းပါဝင်သော တစ်ဆယ့်ရှစ်ခေါဘိဏီတပ်မကြီးကို အဆင်သင့်ရှိနေစေရန် အမိန့်ထုတ်လိုက်သည်။ ဝိဒေဟရာဇ်မင်းကြီးနှင့် မဟောသဓာတို့၏ ဦးခေါင်းကို 'သံလျက်ပန်း'ပြုလုပ်၍ ယခုညပင် အောင်သေသောက်ပွဲကြီး ကျင်းပကြမည်ဟု ကြွေးကြော်လိုက်ကြသည်။

တစ်ဆယ့်ရှစ်ခေါဘိဏီတပ်မကြီး စစ်ချီရန်အသင့်ရှိချိန်၌ ပဉ္စာလရာဇ်မင်းကြီးသည် ထိပ်တန်းမှူးမတ်တပ်မင်းများကို ရှေ့တော်မှောက် ဝင်စေလျက် အမိန့်တစ်ခု ထုတ်ပြန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိထိလာဘုရင်နဲ့ သုခမိန်ဟာ အခု ငါတို့လက်ထဲရောက်နေပြီ။ သင်းတို့ ဦးခေါင်းကို ဖြတ်ဖို့ သန်လျက်တွေဟာလဲ ဆာလောင်မွတ်သိပ်စွာနဲ့ လှုပ်ယမ်းတောင်းဆိုနေကြပြီ။ ငါတို့ကို အကြိမ်ပေါင်းများစွာ အရှက်တကွဲ အကျိုးနည်းဖြစ်စေတဲ့ ရန်သူနှစ်ဦးကို ငါတို့ အခုလက်စားချေကြရတော့မယ်။ ဒီအခွင့်အရေးဟာ ငါတို့အတွက် အကောင်းဆုံး ဖြစ်တယ်။ မိထိလာဘုရင်ကတော့ ငါ့သမီးတော်ကို ပိုင်ဆိုင်ရတော့မှာပဲလို့ တွက်နေတယ်၊ သင်းအသက် ငါတို့လက်ထဲ ထည့်ရတော့မယ်ဆိုတာကို သင်း မသိဘူး၊ အခု ငါတို့ရဲ့ တပ်တော်ကြီးဟာ သမီးပို့ဆက်သွားမယ့် မဟာမိတ်သံတမန်အဖွဲ့ မဟုတ်ဘူး။ ရန်သူကို ထောင်းထောင်းဖျက်ခြေမယ့် စစ်အင်္ဂါသာ ဖြစ်တယ်၊ ဒီလိုစစ်ချီတဲ့အရေးမှာ ငါ့သမီးတော် ပါဝင်ဖို့ မလိုဘူး။ သမီးတော်သာမက ဘူး။ ငါ့ရဲ့မယ်တော်၊ သားတော်၊ သမီးတော်နဲ့ မိဖုရားကြီး မင်းလေးပါးကို နန်းတော်အထက်ဆင့် ကျက်သရေတိုက်မှာ အခြွေအရံအစောင့်အရှောက်နဲ့တကွ လုံခြုံစွာ ထားရစ်ခဲ့ရမယ်"

ဥပကာရီမြို့ကို ဝိုင်းရံပိတ်ဆို့ရန် တစ်ဆယ့်ရှစ်ခေါဘိဏီတပ်ကြီး ချီသွားချိန်တွင် ပဉ္စာလရာဇ်နန်းတော်၏ အထက်ဆင့် ကျက်သရေတိုက်၌ ပဉ္စာလရာဇ်မင်းကြီး၏ မယ်တော် စလာကဒေဝီ၊ မိဖုရား နန္ဒာဒေဝီ၊ သားတော် ပဉ္စာလစန္ဒီမင်းသား၊ သမီးတော် ပဉ္စာလစန္ဒီမင်းသမီး မင်းလေးပါးတို့ ကျန်ရစ်ခဲ့ကြလေသည်။

●



(၂၉)

ဥပကာရီမြို့ကို ဆင်တစ်တပ်၊ မြင်းတစ်တပ်၊ ရထားတစ်တပ်၊ ခြေသည်တစ်တပ် ထက်ဝန်းကျင်လေးထပ် ဝန်းရံလိုက်ကြလေပြီ။ နေခြည်ပျောက်ကာမှ ညဦးသည်လည်း အသိန်းအသန်းမကသော မီးရှူးတို့၏ အလင်းဖြင့် နံနက်အရုဏ်တက်ကဲ့သို့ တစ်ပြိုင်တည်း လင်းထိန်သွားကြသည်။ ဥပကာရီမြို့ဝန်းကျင်၌ တစ်ဆယ့်ရှစ်ခေါဘိဏီတပ်ကြီး၏ အုတ်အုတ်ကျက်ကျက် အသံများဖြင့် ပွဲတင်မြည်လျက် ရှိသည်။

ဤသို့ဖြစ်လာမည်ကို သိပြီးဖြစ်သော မဟောသဓာသုခမိန်သည်လည်း ချက်ချင်းပင် တုံ့ပြန်စီမံလိုက်သည်။

"ဥပကာရီမြို့တံခါးရှိသမျှ အကုန်ပိတ်၊ မြို့စီးမြို့စောင့်တွေ အားလုံး မိမိနေရာမှာ အစွဲအမြဲရှိနေကြ၊ ပြီးတော့ လက်ရွေးစင်ရွေးချယ်ထားတဲ့ သူရဲကောင်းသုံးရာ အခုချက်ချင်း အရောက်လာ"

အသင့်ရှိနေကြသော သူရဲကောင်းရာတို့ ရောက်လာကြသည်။

"သူရဲကောင်းတို့၊ မင်းတို့အလှည့်အတာရောက်ပြီ၊ ဥမင်ကွေ့အတိုင်း စူဠနီဗြဟ္မဒတ်မင်းရဲ့ နန်းတော်ကိုသွား၊ နန်းတော်အထက်ဆင့် ကျက်သရေတိုက်မှာ စူဠနီဗြဟ္မဒတ်မင်းဟာ သူ့ရဲ့မယ်တော်၊ သားတော်၊ သမီးတော်နဲ့ မိဖုရားတို့ကို အခြွေအရံအစောင့်အကြပ်နဲ့ ထားရစ်ခဲ့တယ်။ ဒီမင်းလေးပါးကို မင်းတို့ အထိအခိုက်လုံးဝမရှိ ဖမ်းဆီးခေါ်ဆောင်ကြရမယ်၊ ပြီးရင် ဥမင်တံခါးဝမှာထား၊ တစ်ပါးမှ အပြင်ကို ထွက်မသွားစေနဲ့၊ မင်းကြီးနဲ့ကျွန်ုပ်လာမှ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ဥမင်အပြင် ဂင်္ဂါမြစ်နား တံခါးဝကို ထုတ်ဆောင်ပြီး ဥမင်ဝပြာသာဒ်စမုခ်ဦးပေါ်မှာ ထားနှင့်ရမယ်"

ဥပကာရီမြို့ကို ပဉ္စာလရာဇ်တစ်ဆယ့်ရှစ်ခေါဘိဏီတပ်မကြီးက ဝန်းရံလိုက်ချိန်၊ မဟော်သဓာသုခမိန်က အစီအမံများ ဆောင်ရွက်နေချိန်တွင် ဝိဒေဟရာဇ်မင်းကြီးကား သေနကအမှူးပြုသော သုခမိန်လေးဦး အပါအဝင် မှူးမတ်များခြံရံလျက် ညီလာခံရှိရာ နန်းတော်ဦး၌ အေးချမ်းစွာ စံနေဆဲပင် ရှိလေသည်။

ပဉ္စာလရာဇ် ခေါဘိဏီတပ်မကြီးကား ဥပကာရီမြို့ကို ဝိုင်းရံပိတ်ဆို့ထားချိန်၊ ဝိဒေဟရာဇ်မင်းကြီးနှင့် မှူးမတ်အခြွေအရံများက မြို့တွင်းနန်းတော်ဦး၌ သိန်းစွာ စံမြန်းနေကြချိန်၌ မဟောသဓာသုခမိန်မူကား လက်ရွေးစင် သူရဲကောင်းသုံးရာကို စုစည်းကာ အမိန့်များတစ်ခုပြီးတစ်ခု ချမှတ်ပေးအပ်နေရလေသည်။

လက်ရွေးစင်သူရဲကောင်း သုံးရာတို့သည် ငြိမ်သက်စွာဖြင့် မဟောသဓာသုခမိန်၏ အမိန့်များကို နာခံလျက် ရှိသည်။ နောက်ဆုံးအမိန့်ကို ပေးပြီးသောအခါ မဟောသဓာသည် သူရဲကောင်းသုံးရာ၏ သက်ဆိုင်ရာ တပ်မှူးများကို မေးခွန်းထုတ်ဆင့် စစ်မေးလေသည်။

"သူရဲကောင်းတို့၊ အခုထိ ကျွန်ုပ်ပေးအပ်လိုက်တဲ့ တာဝန်နဲ့ ထုတ်ဆင့်လိုက်တဲ့ အမိန့်များကို ရှင်းလင်းစွာ သဘောပေါက်ကြရဲ့လား"

"သဘောပေါက်ကြပါတယ် အရှင်သုခမိန်"

"ကောင်းပြီ၊ သက်ဆိုင်ရာ တပ်စုမှူးများက အဆင့်ဆင့်လုပ်ရမယ့် အရေးတော်ကို တစ်ခုစီပြန်ပြောပြစမ်း"

တပ်မှူးတစ်ဦး ရှေ့သို့ထွက်လာသည်။

"ဥမင်ကွေ့ခရီးလမ်းနဲ့ စူဠနီဗြဟ္မဒတ်မင်းရဲ့ နန်းတော်ကို သွားရပါမယ်"

နောက်တစ်ဦး ရှေ့သို့ ထွက်ပြန်သည်။

"စူဠနီဗြဟ္မဒတ်မင်းရဲ့ မယ်တော်၊ မိဖုရား၊ သားတော်နဲ့ သမီးတော် မင်းလေးပါးတို့ကို ခေါ်ဆောင်ပြီး ဥမင်ကွေ့ကပဲ ထွက်ရပါမယ်"

"နောက်တစ်ယောက်"

"ခေါ်ဆောင်လာတဲ့ မင်းလေးပါးကို ဥမင်တံခါးဝအတွင်းမှာ ထားရမယ်"





"နောက်တစ်ယောက် ဆက်ပြော"

"အရှင်သုခမိန်တို့လာတဲ့အခါမှ မင်းလေးပါးကို ဥမင်မှအပြင် ဂင်္ဂါမြစ်နားတံခါးဝသို့ ထုတ်ဆောင်ပြီး ဥမင်ဝပြာသာဒ်မုခ်ဦးပေါ်မှာ ထားနှင့်ရပါမယ်"

"ကောင်းပြီ သူရဲကောင်းတို့၊ အခုချိန်မှာ ပဉ္စာလရာဇ်မင်းကြီးဟာ စစ်အင်္ဂါလေးပါးနဲ့ ဥပကာရီကို ဝိုင်းရံဆို့ဆီးလိုက်ပြီဆိုတာကို သင်တို့ အသိပဲဖြစ်တယ်။ တစ်ဖက်ရန်သူဟာ ကျွန်ုပ်တို့ကို စစ်နဲ့ပဲ ရင်ဆိုင်လိုကြတယ်၊ စစ်နဲ့ပဲ ဖြေရှင်းလိုကြတယ်။ ကျွန်ုပ်တို့ရဲ့ ဝိဒေဟရာဇ်မင်းကြီးကတော့ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်ဖို့သာပဲ စိတ်အားရှိဇောကပ်နေတယ်။ သူနည်းနဲ့သူ ဆန့်ပြင်းထန်နေကြတဲ့ မင်းနှစ်ပါးရဲ့အကြားမှာ ကျွန်ုပ်တို့ဟာ သတ္တန္တရကပ်ကို အစွမ်းကုန် ဖယ်ရှားကြရမှာ ဖြစ်တယ်။ ယခု ပဉ္စာလရာဇ်မင်းကြီးရဲ့ မယ်တော်၊ မိဖုရား၊ သားတော်၊ သမီးတော် မင်းလေးပါးကို ဖမ်းဆီးရမယ့် အရေးတော်က . . . စစ်ပြုခြင်း စစ်ထိုးခြင်း သေနင်္ဂအရာ မဟုတ်ဘူး။ ငြိမ်းချမ်းရေးအတွက် ဥပါယ်တံမျဉ်ပဲ ဖြစ်တယ်ဆိုတာကို သင်တို့ လေးနက်စွာ နှလုံးပိုက်ကြပါ။ မင်းလေးပါးတို့ကို တစ်စုံတစ်ရာ အန္တရာယ် မဖြစ်စေပါနဲ့။ ကိုယ်စိတ်နှစ်ပါးလုံး လုံခြုံအေးချမ်းကြပါစေ။ စစ်ကို စစ်နဲ့ဖယ်ရှားခြင်းထက် လေးနက်ကြွယ်ဝတဲ့ ငြိမ်းချမ်းရေးနည်းနဲ့ ဖယ်ရှားသုတ်သင်ခြင်းက ပိုမိုထိရောက်ကြောင်းကို အစွမ်းကုန်ပြသကြပေတော့ သူရဲကောင်းတို့"

သူရဲကောင်းသုံးရာ တပ်မှူးတို့သည် မဟောသဓာသုခမိန်၏ အမိန့်ဩဝါဒကို နားထောင်ရင်း ခွန်အားသစ်များဖြင့် ပို၍ ပြည့်စုံလာသည်ဟု ခံစားလိုက်ကြရလေသည်။

ဥမင်ကွေ့လမ်းအတိုင်းပင် သွားကြပြီးသည်၏အဆုံး၌ နန်းတော်တံခါးခုံသို့ ရောက်လာကြသည်။ တံခါးခုံ၏ပျဉ်အခင်းကို ဖွင့်လှစ်တွန်းကန်လိုက်သောအခါ နန်းတော်လှေကားခုံသို့ ခြေချမိကြသည်။

တံခါးခုံ ပျဉ်အခင်းများ ကျိုးပေါက်သံနှင့်အတူ ဘွားခနဲပေါ်လာသော မိထိလာစစ်သည်များကို တွေ့ရသောအခါ ပဉ္စာလရာဇ် အစောင့်စစ်သည်များမှာ ရုတ်တရက် မည်သို့မျှ စဉ်းစားမရနိုင် ဖြစ်သွားကြသည်။ သတ်ကောင်းသော အချို့စစ်သည်များက မိထိလာစစ်သည်များမှန်း သိသွားကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်လှမ်းမီရာ လက်နက်ကို စွဲကိုင်လိုက်ကြသော်လည်း များစွာ နောက်ကျ သွားပေပြီ။ မိထိလာစစ်သည် သူရဲကောင်းသုံးရာတို့သည် သဲသောင်ပြင်ထက်သို့ သွန်ချလိုက်သော ရေစီးကြောင်းများနှယ် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် တပ်ဖြန့်နေရာယူကာ လှေကားခုံ၊ လှေကားဦး၊ နန်းတော်ဦး နေရာများ၌ စီးနင်းလိုက်ကြပြီ ဖြစ်သည်။

အထပ်ထပ်လေ့ကျင့်မှုဖြင့် တစ်ဆံချည်မတိမ်း ကျွမ်းကျင်ပြီး ဖြစ်သော မိထိလာစစ်သည်များသည် ပဉ္စာလရာဇ်အစောင့်များ၊ ကျွန်ယောက်ျားများ၊ ကျွန်မိန်းမများ၊ အခြွေအရံ၊ အလုပ်အကျွေး မောင်းမမိဿံများကို တစ်ပြိုင်နက်တည်းပင် တုပ်နှောင်လိုက်ကြသည်။ ထို့နောက် ထိတ်လန့်အံ့ဩခြင်းဖြင့် ဖွင့်ဟနေကြသော ပါးစပ်ထဲသို့ ပုဆိုးကြမ်းများ ထည့်သိပ်ပိတ်ဆို့လိုက်ကြသည်။ ပဉ္စာလရာဇ်အစောင့်တို့မှာ အနည်းငယ်မျှသော အာမေဋိတ်သံမျှကိုသော်မှပင် ဖွင့်အော်ချိန်မရတော့။

ခြေလက်ခန္ဓာမဆိုထားဘိ၊ နှုတ်ခံတွင်းမျှပင် မလှုပ်နိုင်တော့သော သုံ့ပန်းတို့ကို မိထိလာစစ်သည်များသည် နန်းတော်ဦး၏ လွတ်ရာလွင်ပြင်တစ်နေရာဆီသို့ စုပုံ၍ ဖမ်းဆီးထားလိုက်ကြသည်။ ထို့နောက် အနှောင့်အယှက်ကင်းစွာပင် နန်းတော်ထဲသို့ ဝင်ခဲ့ကြသည်။ ဥပကာရီမြို့ကို ဝိုင်းရံဆို့ဆီးရေးအတွက် ရှိသမျှအင်အားအကုန်သုံးထားသောကြောင့် ပဉ္စာလရာဇ်နန်းတော်မှာလည်း အစောင့်အကြပ် ကင်းမဲ့နေသည်။

သူရဲကောင်းသုံးရာကို ဦးဆောင်သော တပ်မမှူးသည် နန်းတော်အတွင်း ခန်းမဆောင်သို့ အဝင်တွင် လက်မြှောက်ပြ၍ အမိန့်တစ်ခုထုတ်ပြန်လိုက်သည်။

“လက်ရွေးစင် မိထိလာသူရဲကောင်းတို့ . . . ။ ငါတို့ဟာ အခု ပဉ္စာလရာဇ်နန်းတော်ခန်းမထဲသို့ ရောက်လာပြီး ငါတို့အရှင် မဟောသဓာသုခမိန် မိန့်မှာလိုက်တဲ့အတိုင်း ဆက်လက်ပြီး မဆုတ်မဆိုင်းဆောင် ရွက်ကြစို့။ ဟောဟိုမှာ မင်းမိဖုရားများ သုံးဆောင်စားသောက်ဖို့ ပြင်ဆင်ထားတဲ့ ခဲဖွယ်စားဖွယ်ရာများ ရှိနေတယ်။ အရှင်သုခမိန်ရဲ့ မိန့်ကြားချက်အရ ဒီစားသောက်ဖွယ်ရာများကို ငါတို့ အဝအလင်စား သောက်ကြမယ်။ ပြီးရင် ဖရိုဖရဲကြဲဖြန့် သွန်မှောက်ဖျက်ဆီးပစ်ကြမယ်။ ဒီလိုလုပ်ခြင်းဟာ တစ်ဖက်ရန်သူရဲ့ အစားအစာကို မလိုတမာစိတ်နဲ့ ဖျက်ဆီးပစ်ခြင်း မဟုတ်ဘူး။





ရန်သူရဲ့အစာကို စားသောက်ပစ်ခြင်း၊ ကြွင်းကျန်သည်တို့ကို ဖျက်ဆီးပစ်ခြင်းအားဖြင့် ရန်သူအပေါ်မှာ ငါတို့ရဲ့ အောင်မြင်အနိုင်ယူမှုဟာ ပိုမိုခိုင်မာကြီးထွားတယ်ဆိုတာကိုပြတဲ့ ပြယုဂ်တစ်ခု ဖြစ်တယ်။ စူဠနီဗြဟ္မဒတ်မင်းကြီးနဲ့ ထီးဆောင်းမင်းတို့ရဲ့ဥယျာဉ်တော် အောင်သေသောက်ပွဲသဘင်က သေရည်စရည်းအိုးကြီးတွေကို ဖျက်ဆီးရိုက်ခွဲပစ်ခဲ့တာကို သင်တို့ မှတ်မိကြသေးရဲ့လား”

“မှတ်မိပါတယ် တပ်မမှူး”

“ကောင်းပြီ၊ ရန်သူအပေါ် ငါတို့ မွေနှောက်ချောက်ချားပစ်နိုင်တယ်ဆိုတဲ့ ရဲစိတ်ကို ဖွံ့ဖြိုးစေတဲ့အနေနဲ့ ဒီအစားအစာတွေကို ငါတို့ စားသောက်ပစ်ကြမယ်။ ကျန်တာတွေကို ရိုက်ခွဲဖျက်ဆီးသွန်မှောက်ပစ်ကြမယ်”

နန်းတော်ခန်းမအတွင်းဝယ် အောင်ပွဲခံယူခြင်း သဘင်တစ်ခု ဖြစ်ပေါ်သွားသည်။ မိထိလာသူရဲကောင်းတို့မှာ သွေးဆူတက်ကြွနေသည်။ ထိုအချိန်တွင် စူဠနီဗြဟ္မဒတ်မင်းကြီး၏ မယ်တော်၊ မိဖုရား၊ သားတော်နှင့် သမီးတော် မင်းလေးပါးတို့ကား နန်းတော်ဆောင်၏ ကျက်သရေတိုက်ခန်းအတွင်းဝယ် တစ်စုတစ်ဝေးတည်း အိပ်စက်နေကြဆဲပင်။

* * *

“အရှင်တို့ အရှင်မတို့”

ဟူသော အပြင်ဘက်မှ ခေါ်သံကို ဦးစွာကြားမိသူမှာ အသက်အကြီးဆုံးဖြစ်သော်လည်း အနိုးကြားဆုံး၊ သတိအရှိဆုံးဖြစ်သော မယ်တော်စလာကဒေဝီပင် ဖြစ်လေသည်။

ကျက်သရေတိုက်ခန်းအပြင်မှ ခေါ်နေသော အသံမှာ ရိုကျိုးချိုးနှိမ့်ချသော အသံလည်းဖြစ်ပြန်၊ အစောင့်အထပ်ထပ် ချထားသော နန်းတော်ကို မည်သည့်ရန်သူမျှ မဝင်ရောက်လာနိုင်ဟုလည်း ယုံကြည်စိတ်ချထားပြန်သောကြောင့်လည်း စလာကဒေဝီမယ်တော်လည်း ကျက်သရေတိုက်ခန်းတံခါးကို ဖွင့်လိုက်သည်။

“ဟဲ့ . . . သင်တို့ အချိန်မတော် ဘယ်လိုဖြစ်လာကြတာလဲ”

တံခါးအပြင်တွင် ရှိနေသော စစ်သည်များကို မိထိလာစစ်သည်များဟု မယ်တော် စလာကဒေဝီ မည်သို့မျှ သံသယမဝင်ချေ။ မိထိလာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စာလရာဇ်အကြား လျှို့ဝှက်စွာ စစ်ပြုနေကြချိန်တွင် ဤအချိန် ဤနေရာသို့ ဤနည်းဖြင့် ရောက်လာကြသူများမှာ မိမိ၏ ပဉ္စာလရာဇ်သားများပင် ဖြစ်ရ မည်ဟု မယ်တော်မိဖုရားကြီး တစ်ထစ်ချယုံကြည်သည်။

"ဟဲ့ ငါ မယ်တော်စလာကဒေဝီပဲ၊ သင်တို့ ဘာဖြစ်ကြတာလဲ"

"အရှင်မိဖုရား၊ အောင်ပွဲသတင်းပါဘုရား"

"ဘယ်လို အောင်ပွဲသတင်းလဲ"

"အခုအခါမှာ ကျွန်တော်မျိုးတို့ရဲ့ အရှင်မင်းကြီးဟာ မိထိလာဘုရင် ဝိဒေဟရာဇ်မင်းကြီးနဲ့ မဟောသဓာသုခမိန်တို့ကို လက်ရဖမ်းယူ ကွက်မျက်ပြီးပါပြီ အရှင်ဘုရား။ ရန်သူခေါင်းဆောင်နှစ်ဦးကို သုတ်သင်ပြီးတဲ့နောက် အခုညဉ့်ပဲ မင်္ဂလာအခါတော်ရတဲ့အတွက် အောင်သေသောက်ခြင်းသဘင်ကို ကျင်းပမှာ ဖြစ်ပါတယ်။ ထီးဆောင်းမင်းတစ်ရာ ခြံရံပြီး အရှင်မင်းကြီးဟာ မဟာဧကရာဇ် ဘိသိက်မင်္ဂလာကို ခံယူတော့မှာ ဖြစ်ပါတယ်။ ဒီအဘိသေကသဘင်တော်မှာ ငါ့ရဲ့မိဖုရားကြီး၊ သားတော်၊ သမီးတော်နဲ့ မယ်တော်တို့ကို ချီပင့်ကြချေလို့ မင်းကြီးအမိန့်တော်ရှိလိုက်ပါတယ်။ အရှင်သခင်ရဲ့ အမိန့်တော်ကို ဦးထိပ်ရွက်ပြီး အရှင်မိဖုရားတို့ကို ပင့်ချီဖို့ ကျွန်တော်မျိုးတို့ လာရောက်ကြခြင်း ဖြစ်ပါတယ်။ အောင်သေသောက်သဘင်နဲ့ မဟာဧကရာဇ် အဘိသေကပွဲကို တက်ရောက်ဖို့ ဖြစ်ပါတယ် အရှင်မိဖုရား"

"အို . . . မိထိလာဘုရင်နဲ့ ဟိုဉာဏ်များတဲ့ မဟောသဓာကို သုတ်သင်ပြီးပြီ ဆိုပါလား။ ငါ့သားတော်မင်းကြီးရဲ့ မဟာဧကရာဇ်အဘိသေကတဲ့လား။ သိပ်ကောင်းတယ် သိပ်ကောင်းတယ်"

မယ်တော်စလာကဒေဝီ၊ နန္ဒာဒေဝီမိဖုရား၊ သားတော် ပဉ္စာလစန္ဒီမင်းသား၊ သမီးတော် ပဉ္စာလစန္ဒီမင်းသမီးတို့သည် ဤသို့ဖြင့် မိထိလာစစ်သည်များ ပင့်ချီရာသို့ ယုံကြည်စိတ်ချစွာ လိုက်လာကြသည်။ မြင့်မြတ်သော ဝေါတော်များဖြင့် မင်းလေးပါးတို့ကို ထမ်းယူလျက် စစ်သည်တို့သည် ဥမင်ကွေ့လမ်းအတိုင်း ပင့်ဆောင်ခဲ့ကြလေသည်။

ဥမင်ကွေ့မှာ မဟောသဓာသုခမိန်၏ အမိန့်ဖြင့် အဆန်းတကြယ် စီရင်ထားသော ဥမင်ကွေ့အသစ်ဖြစ်သောကြောင့် မယ်တော် စလာကဒေဝီမိဖုရားကြီးသည် ရုတ်တရက် သံသယဝင်လာသည်။

"ဟဲ့ . . . မင်းချင်းတို့။ ဒီလမ်းခရီးကို ကျွန်ုပ်တို့ တစ်ခါမှ မရောက်ဖူး





ပါလား။ မြင်လဲမမြင်ဖူး၊ သွားလဲမသွားဖူးပါလား။ သင်တို့ ဘယ်ကို ခေါ်ဆောင်သွားနေတာလဲ"

ဤသို့ အမေးရှိလာမည် ရှိလာလျှင် ဤသို့ပင် မဆိုင်းမတွဖြေရမည်ဟု မဟောသဓာသုခမိန်က မှာကြားလိုက်ပြီး ဖြစ်လေသည်။ စလာကဒေဝီမိဖုရားကြီး၏ ဝေါတော်အနီးတွင် အစဉ်တစိုက် လိုက်ပါလာခဲ့သော သွက်လက်ချက်ချာသည့် တပ်မှူးက . . .

"အရှင်မိဖုရားကြီး။ မင်္ဂလာအခါကြီးမှာ မင်္ဂလာခရီးကနေ ပင့်ချီခေါ်ဆောင်ခဲ့ရမယ်လို့ မင်းကြီးက အမိန့်တော်ရှိပါတယ်။ အောင်သေသောက်ပွဲသဘင် ကျင်းပချိန်မှာ ဒီခရီး၊ ဒီလမ်းကနေသွားဖို့အတွက် အသင့်စီမံခင်းကျင်းထားတဲ့ မင်္ဂလာလမ်းခရီး ဖြစ်ပါတယ် အရှင်မိဖုရားကြီး"

စလာကဒေဝီမိဖုရားကြီး၏ သံသယငွေ့သည် ချက်ချင်းပင် ပြယ်လွင့်သွားလေသည်။ မင်းလေးပါးတို့သည် နောက်ထပ် မည်သို့မျှ သံသယမဝင်၊ စကားမဆိုကြတော့ဘဲ ဥမင်လမ်းအတိုင်း ငြိမ်သက်စွာ လိုက်ပါလာကြသည်။ ဤသို့ဖြင့်ပင် တံခါးဝသို့ ရောက်လာကြသည်။

သုဓမ္မာနတ်သဘင်ကဲ့သို့ အဆန်းတကြယ်စီရင်ထားသော ဥမင်ကြီးတံခါးဝကို တွေ့ရသောအခါ မင်းလေးပါးတို့သည် အောင်သေသောက်ပွဲသဘင်နှင့် မဟာဧကရာဇ် အဘိသေကသဘင်အတွက် ဤမျှပင် ကြီးကျယ်ခမ်းနားစွာ ကြိုတင်ပြင်ဆင်နှင့်လေသည်ဟု ပို၍သာ ယုံကြည်လာကြသည်။

သို့ဖြင့်ပင် တစ်ရာ့တစ်ပါးသော မင်းတို့၏ နေရာတိုက်ခန်းနှင့် ဆေးရေးပန်းချီ ရုပ်ပုံများကို အစဉ်အတိုင်းကြည့်စေကာ ဂင်္ဂါမြစ်နှင့် မနီးမဝေး ဥမင်ကြီး၏ ထွက်လုနီးသို့ ရောက်သောအခါ မင်းလေးပါးအတွက် သတ်မှတ်ထားသော တိုက်ခန်းသို့ ဆိုက်ရောက်ကြသည်။

မင်းလေးပါးကို အသင့်စီရင်ပြီးနေရာသို့ ပို့ဆောင်ပြီးနောက် သူရဲကောင်းသုံးရာကို နှစ်စုခွဲလိုက်သည်။ တစ်စုကို အစောင့်အဖြစ် မင်းနေရာတိုက်ခန်းတွင် တာဝန်ထားလျက် ကျန်တစ်စုမှာ မဟောသဓာသုခမိန်ထံသို့ သတင်းပို့ လျှောက်ကြားရန် ထွက်ခွာသွားကြလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

မင်းလေးပါးတို့ကို ကြို့တင်စီမံပြီး အစီအရင်အတိုင်း လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ပြီးကြောင်း သိရပြီးနောက် မဟောသဓာသုခမိန်သည် ဝိဒေဟရာဇ်မင်းကြီးထံသို့ အခစားဝင်ခဲ့လေသည်။ ဝိဒေဟရာဇ်မင်းကြီးတားသေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ အမတ်လေးပါးတို့နှင့်အတူ စည်းစိမ်ကြီးစွာ စံစားတော်မူနေဆဲပင်။

ထိုအချိန်တွင် စူဠနီဗြဟ္မဒတ်မင်း၏ စစ်တပ်ကြီးများသည်လည်း ဥပကာရီမြို့တံတိုင်း၏ အပြင်ဘက် အနီးဆုံးမျက်နှာသို့ ချဉ်းကပ်မိကြပြီဖြစ်သည်။ အသိန်းအသန်းမကသော မီးရှူး၊ မီးပန်းတို့ဖြင့် ညဥ့်အမှောင်သည်လည်း လွင့်ပါးပျောက်ကွယ်သွားသည်။ စစ်အင်္ဂါလေးပါးဖြင့် ပြီးအပ်သော ခေါဘိဏီတပ်မကြီးဆီမှ အုတ်အုတ်ကျက်ကျက် အသံများသည် ဝိဒေဟရာဇ်မင်းကြီး စံနေရာနန်းဆောင်ဆီသို့ ရောက်လာလေသည်။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုအသံများကို ကြားသည်တွင် နေရာမှထကာ အရှေ့စမုခ်ဝဆီသို့ သွား၍ ရပ်လေသည်။ ထို့နောက် မှူးမတ်များဘက်သို့ လှည့်ကြည့်ကာ တတ်ကြွစွာ မိန့်သည်။

"အမတ်တို့၊ စူဠနီဗြဟ္မဒတ်မင်းဟာ ကျွန်ုပ်ထံကို သမီးတော်ပို့ဆက်ဖို့လာနေပြီ ထင်တယ်။ အလို ဒါက . . ."

မင်းကြီး၏စကားသံသည် ခေါဘိဏီတပ်မကြီးဆီမှ ဆင်မြင်းရထားစစ်သည်များ၏ တစ်ခဲနက် ကြွေးကြော်လိုက်သော စစ်၏ အသံအောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



တိုးတိမ်နစ်မြုပ်သွားသည်။ မင်းကြီး၏ ရွှင်မြူးတက်ကြွနေသော သွင်ပြင်နှင့် လေသံမှာလည်း ညှိုးမှိုင်းသွားသည်။

"ပဉ္စလရာဇ်မင်းဟာ ဆင်မြင်းရထား ခြေသည်များနှင့်တကွ ရွှေငွေ ရတနာ ချပ်ကာတွေကို ဝတ်ဆင်တဲ့ စစ်သည်တပ်မတွေနဲ့ မြို့ထက် ဝန်းကျင်မှာ မီးရှူးရောင်တပြောင်ပြောင်နဲ့ ချဉ်းကပ်လာကြတယ်။ ဘယ်လို သဘောပါလိမ့်၊ အရေးတော်ကတော့ သမီးကို ပို့ဆက်ပြီး ရွှေလမ်းငွေလမ်း ဖောက်မယ့် အရေးတော်။ သို့သော် အခုမြင်တွေ့နေရတာက စစ်မက်အင်္ဂါ အခင်းအကျင်း မြင်နေပါလား။ သားတော်သုခမိန်နဲ့ သုခမိန်ကြီးများ။ ကျွန်ုပ် ကို သင်တို့ ထင်မြင်တဲ့အတိုင်း အမှန်လျှောက်ကြစမ်းပါဦး။ ဒါဟာ သမီးတော်နဲ့ ထိမ်းမြားမယ့်ပွဲလား၊ စစ်ပွဲလား"

မင်းကြီး၏ အမေးစကား တစ်ခုခုအဆုံးတွင် အဖြေစကားတစ်ခုခုကို မဆိုင်းမတွ လျှောက်တင်ရန် အမြဲအဆင်သင့် ဖြစ်နေသော သေနကအမတ် ကြီးသည် ကောက်ကာငင်ကာပင် အဖြေပေးလိုက်လေသည်။

"အရှင်မင်းကြီး၊ ဒါဟာ သမီးတော်ကို ပို့ဆက်လို၍ လာခြင်းဖြစ် တယ်။ ဒါကို လုံးဝသံသယရှိစရာ မလိုပါ၊ စစ်အင်္ဂါတွေ ခင်းကျင်းလာတာက တော့ ညဉ့်မှောင်မိုက်ချိန်မှာ ဘုရင်ထွက်တော်မူရတာမို့ မင်းရေးမင်းခင်း ဖြစ်ပေါ်လာရင် အချိန်မီ တားဆီးနိုင်အောင် ဗိုလ်ပါအခြံအရံ ခေါ်လာရ တာပါ။ စစ်အင်္ဂါတွေ ပါလာတဲ့အတွက် ဘယ်သို့မျှ စိုးရိမ်ထိတ်လန့်ဖွယ် မရှိပါဘူး အရှင်မင်းကြီး"

သေနကအမတ်၏ အရိပ်အခြည်ကို အမြဲစောင့်ကြည့်ကာ ရှေ့ စကား၊ နောက်စကား ညီညွတ်ပြေပြစ်အောင် လျှောက်တင်စေဖို့ အဆင် သင့်ပြင်ထားသော ပက္ကုသအမတ်ကလည်း ကမန်းကတန်းဝင်၍ လျှောက် တင်ပြန်သည်။

"အရှင်မင်းကြီး၊ ယခု စူဠနီဗြဟ္မဒတ်မင်းကြီးလာခြင်းဟာ သမီးတော် နဲ့ ထိမ်းမြားပေးလို၍ လာခြင်းကလွဲပြီး အခြားဘာမှ မဖြစ်နိုင်ပါ။ ပဏ္ဏာ လက်ဆောင်များစွာနဲ့ ခီးမြှောက်ပူဇော်ပြီး ဒီညဉ့်တစ်ညဉ့်လုံး ကြီးစွာသော သဘင်ခံယူပြီး စိမ်စိမ်ပြေပြေ စံနေတော်မူမယ့်အကြံနဲ့ အစောင့်အရှောက် စစ်သည်ဗိုလ်ပါများစွာကို ခေါ်ဆောင်လာခြင်း ဖြစ်ပါတယ်"

သေနက၊ ပက္ကုသ စသော အမတ်တို့၏ အလိုက်အကြိုက်ဆောင်





စကားများ၌ ယစ်မူးသာယာခဲ့လေ့ရှိသော ဝိဒေဟရာဇ်မင်းကြီးသည် ယခု အခါတွင်ကား ထိုစကားများ၌ သက်ဝင်ခြင်း မရှိတော့။ အကြောင်းမူ ပက္ကုသအမတ်၏ စကားအဆုံးမှာပင် ပဉ္စာလရာဇ်ခေါဘိဏီတပ်မကြီးဆီမှ ကြွေးကြော်ကြုံးဝါးသံများက ပို၍ နီးကပ်ကျယ်လောင်လာသောကြောင့် ဖြစ်လေသည်။

ဝိဒေဟရာဇ်မင်းကြီးသည် နန်းဦးစမုခ်တွင် ထိုင်လျက်ထလျက် ကြို လျှောက်လျက် ဆောက်တည်ရာမဲ့စပြုနေပြီ ဖြစ်သည်။ နောက်ဆုံးတွင်ကား ပလ္လင်ပေါ်တွင်ထိုင်ကာ မဟောသဓာသုခမိန်ဆီသို့ အားကိုးတကြီး လှမ်း ကြည့်လိုက်လေသည်။ မိမိကိုသာလျှင် နောက်ဆုံးအားကိုးရာအဖြစ် မင်းကြီး ဆိုက်ရောက်တည်မှီတော့မည်ကို သိထားနှင့်သော မဟောသဓာကလည်း မင်းကြီး၏ အမေးစကားကို ဖြေရန်အသင့်ပြင်လိုက်သည်။

"သားတော်သုခမိန်၊ မီးရှူးမီးပန်းတွေ ထွန်းညှိ၊ စစ်သည်တွေနဲ့ ဝန်းရံ ပြီး ပဉ္စာလရာဇ်မင်း အခုလိုလာရောက်ခြင်းဟာ ကောင်းသောလာခြင်းလား၊ မကောင်းသောလာခြင်းလား၊ သိမြင်သည့်အတိုင်း လျှောက်တင်စမ်းပါဦး သားတော်၊ အခု ခမည်းတော်တို့ ဘယ်သို့ဆုံးဖြတ်ပြီး ဘယ်သို့ကြံရမလဲ"

တိတ်ဆိတ်ထိတ်လန့်ခြင်းဖြင့် ငုံ့လင်နေသော နန်းရင်ပြင်သို့ မဟော သဓာသည် ပြတ်သားသော စကားများဖြင့် ဖြိုခွင်းဖောက်ခွဲလိုက်လေသည်။

"ခေါဘိဏီတပ် အင်အားနဲ့ချီလာတဲ့ စူဠနီဗြဟ္မဒတ်မင်းဟာ အရှင် မင်းကြီးကို ဖမ်းယူဖျက်ဆီးဖို့ ချီလာတာဖြစ်ပါတယ်။ အခု မြို့ထက်ဝန်းကျင် အရပ်ရပ်မှာ အထပ်ထပ် ဝန်းရံလိုက်ကြပါပြီ၊ နံနက်မိုးသောက်ရောက်တဲ့ အခါမှာ မြို့ကိုဖြိုဖျက်၊ အရှင့်အသက်ကိုလဲ ဖျက်ဆီးကြပါလိမ့်မယ်"

အဆုံးစွန်သော ထိတ်လန့်တုန်လှုပ်ခြင်းဖြင့် နန်းရင်ပြင်တစ်ခုလုံး သည် ပကတိ တိတ်ဆိတ်သွားလေသည်။ နန်းရင်ပြင်၏ တိတ်ဆိတ်ခြင်း ကို မထီမဲ့မြင်ပြုနေသောအရာကား အဝေးဆီမှ ပဉ္စာလရာဇ်တပ်များ၏ အုတ်အုတ်ကျက်ကျက် စစ်ညာသံများပင်။

ဝိဒေဟရာဇ်မင်းကြီးထံမှ ရာဇက္ကန္ဓေတို့ကား လွင့်ပါးသွားလေပြီ။ ကိုယ်တွင်းသို့ မီးဖြင့်တိုက်သကဲ့သို့သော ပူလောင်ခြင်းဖြင့် လည်ချောင်း အက်ကွဲခြောက်ကပ်နေသည့် အသံသာ ကတုန်ကယင် ထွက်ကျလာလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား . . . ခမည်းတော်ရဲ့ နှလုံးသားဟာ ပူပန်တုန်လှုပ်လှပါပြီ။ ဥပမာဆိုရင် နွေဥတုရဲ့ ပူပြင်းလောင်မြိုက်ကာလ လွင်တီးခေါင်အရပ်မှာ မီးတောက်အလျှံတွေ ဝိုင်းဝန်းပိတ်ဆီးလို့ ထွက်ပြေးလွတ်မြောက်ရာ မမြင်မော့သလို ဖြစ်ရပြီ။ ပန်းပဲတို့ရဲ့ ဖိုဟာ အပြင်မှာ လက်နဲ့စမ်းထိဝံ့ပေမယ့် အတွင်းမှာ အလျှံမီးခဲ တရဲရဲတောက်လောင်နေသလိုပဲ။ ငါ့အသွင်က အပြင်ကကြည့်ရင် မပူပင်ယောင်ထင်ရပေမယ့် ကိုယ်တွင်းမှာတော့ နှလုံးသည်းအူပြတ်ကြွေ သေချင်လုလု ဖြစ်နေပြီ ချစ်သားသုခမိန်"

ဤအဖြစ်သို့ ဆိုက်ရောက်၍ ဤစကားပေါက်ချေမည်ကို မဆွတတည်းက သိထားပြီးဖြစ်သော မဟောသဓာသုခမိန်သည် ဝိဒေဟရာဇ်မင်းကြီးနှင့်တကွ နန်းရင်ပြင်တစ်ခုလုံးရှိ ခိုးကိုးရာမဲ့ ထိတ်လန့်မျက်လုံးများကို တည်ငြိမ်သည့်အကြည့်ဖြင့် ရင်ဆိုင်လိုက်သည်။ ဝိဒေဟရာဇ်မင်းကြီးနှင့် သူ၏ ပုရောဟိတ်များ၏ အဆင်ခြင်ဉာဏ် တင်းလွန်းသော အဖြစ်များကို တုတ်မှန်တိုင်း ပြဆိုငြိမ်းခြောက်ရန် အချိန်ကျပြီဟုလည်း မဟောသဓာ ဆုံးဖြတ်လိုက်သည်။

သုခမိန်သည် ခစားနေရာမှ မတ်တပ်ရပ်လိုက်လေသည်။ ထို့နောက်တွင် ပြန့်ပြူးငြိမ်သက်သည့် သောင်ပြင်သဲချောင်းထက်သို့ တဝေါဝေါ လိမ့်ဆင်းလာသော တောင်ကျချောင်းရေကဲ့သို့ စကားလုံးများ ပေါ်ထွက်လာသည်။

"အရှင်မင်းကြီး ကျွန်ုပ် မကြံနိုင်တော့ပါ။ ရှေးအလျင်ကတည်းက ဒီမြို့တော် ဒီဒေသသို့လာရင် ဒီလို အန္တရာယ်ဘေး တွေ့ကြုံရမယ်လို့ သုံးသပ်မိတဲ့အတွက် ဘေးအန္တရာယ်ကို ကြောက်သော သတိနဲ့ တွေးချင့်ယောက်ထား အကြံပေးစကားဆိုခဲ့ပါတယ်။ ဒါပေမဲ့ အရှင်မင်းကြီးနဲ့တကွ အားလုံးက သဘောမရောက် အရာမယူတဲ့အတွက် အခုလို ကြုံရတာပါပဲ။ ဒီအရေးမှာ အမေးတော်ရှိပေမယ့် အကျွန်ုပ်မှာ အကြံကုန်ခဲ့ပြီမို့ ချမ်းသာရာ အမြေ မရှိတော့ပါ။ သေနကအမတ်ကြီး အစရှိတဲ့ သုခမိန်များကတော့ ဘေးအန္တရာယ်ကိုလဲ ကြိုမြင်ခဲ့ပါတယ်။ ငါတို့ ပညာစွမ်းနဲ့ ချမ်းသာအောင် ဆောင်ရွက်မယ်လို့ ကိုယ့်အစွမ်းကိုယ် ယုံကြည်စွာနဲ့ လျှောက်တင်ခဲ့ကြသူများလဲ ဖြစ်ပါတယ်။ ဒီ သုခမိန် ဆရာတို့သည်သာ ဤဘေးအန္တရာယ်ကနေ လွတ်မြောက်အောင် ကြံဆောင်နိုင်ကြပေမယ်"





တိတ်တခိုး သက်ပြင်းချသံများ နန်းရင်ပြင်အနှံ့အကြားမှ ပေါ်ထွက်လာသည်။ မဟောသဓာသည် အားလုံး၏မျက်နှာများကို [illegible] ကြည့်လျက် . . .

"အရှင်မင်းကြီးနဲ့ အကျိုးစီးပွားကို အလိုရှိတဲ့ ကျွန်ုပ်တာ [illegible] သတိပေး လျှောက်ထားခဲ့ပါတယ်။ ဒါပေမယ့် မနာယူခဲ့တဲ့ အရှင်မင်းကြီးဟာ ယခုအခါ တိန်ညင်မ သမင်ရှိရာ မုဆိုးကျော့ညွှတ်ကွင်းထဲ ဝင်မိမှာစိုးတဲ့ သမင်ဖိုလို၊ အစာကို တပ်မက်မောခြင်းဖြင့် တံငါရဲ့ သံမျှားချိတ်ကို မျိုစားတဲ့ ငါးလို၊ အစာကို လော်လည်ခြင်းဖြင့် ကျက်စားကျူးပြီး မြို့တွင်းမှာလှည့် ဝင်မိတဲ့ တောသမင်လို ကိလေသာရဲ့ ဖြားယောင်းရာနောက် တကောက်ကောက်လိုက်ပါလို့ ပဉ္စာလရာဇ်မင်းလက်တွင်း ကျရောက်ခဲ့ရပါပြီ။ အရှင်မင်းကြီးဟာ အဆိပ်ပြင်းမြွေကိုမှ ရင်ခွင်ပိုက်မှားသလို သူတော်ကောင်းမဟုတ် ယုတ်မာတဲ့အကြံအစည်နဲ့ ဖြားယောင်းလာတဲ့ ကေဝဋ္ဋအမတ်ကို အဆွေခင်ပွန်းဖွဲ့မိမှားတဲ့အတွက်ကြောင့် ယခု ဒုက္ခဆင်းရဲရောက်နေရပြီ မဟုတ်လား"

ပြည့်ရှင်မင်းကြီးကို တိုက်ရိုက်ထိုးနှက်သော ရဲရဲတောက်စကားလုံးများဖြစ်စေကာမူ ရာဇမာန် ဒေါသင့်ဖို့ဝေးစွ။ အပြစ်ကြီးသော ဝိဒေဟရာဇ်မင်းကြီးသာ မဟောသဓာ၏ ရှေ့မှောက်တွင် အလိုလို သေးငယ်သွားနေလေသည်။

"သူယုတ်မာနဲ့ အဆွေခင်ပွန်းဖွဲ့သူဟာ ပစ္စုပ္ပန်မှာလဲ ကိုယ်ဆင်းရဲခြင်းသို့ ရောက်ရတယ်။ သံသရာမှာလဲ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရတယ် အရှင်မင်းကြီး။ လောကမှာ ဘယ်သူက နှလုံးဖြောင့်တယ်။ တရားရှိတယ်။ များမြတ်သော အကြားအမြင် ရှိတယ်။ အဆင်အခြင် ပညာ အရာရာမှာ လိမ္မာကျွမ်းကျင်တယ်။ ဘယ်သူကတော့ မရှိဘူးဆိုတာကို ခွဲခြားကွဲပြားသိလာအောင် ဦးစွာပြုပြီးမှ သီလ၊ သုတ၊ ပညာ အရာရာမှာ မြော်မြင်တဲ့ သူကောင်းကို အဆွေခင်ပွန်းဖွဲ့အပ်တယ်။ ဒါမှသာ ပစ္စုပ္ပန် သံသရာ နှစ်ဖြာကောင်းကျိုးခံစားရပေမယ်။ အရှင်မင်းကြီးဟာ ယခုအရေးတော်မှာ ကျွန်ုပ်ထက် သာလွန်ကောင်းမွန် မြော်မြင်နိုင်တယ်လို့ တိုင်ပင်ဖက်ပြုထားတဲ့ ဆရာသုခမိန်အမတ်ကြီးတွေ ရှိနေတယ် မဟုတ်လား။ သူတို့နဲ့ပဲ ဆက်လက်ကြံဆောင် တိုင်ပင်တော်မူပါ အရှင်မင်းကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဝိဒေဟရာဇ်မင်းကြီး၏ ဆောက်တည်နိုင်စွမ်းကား လုံးဝပြိုဖျက်သွားချေပြီ။ တွယ်မှီ ဆွဲဖမ်းစရာမဲ့သော ရေနစ်သူအသွင်ဖြင့် ချောက်ချားစွာ ဆိုလေသည်။

“ချစ်သားသုခမိန် ဒီလို မပြောပါနဲ့၊ ဒီလို မပြောလိုက်ပါနဲ့။ ဒီအရေးမှာ ချစ်သားကြံဆောင်ပါမှ ဘေးအန္တရာယ်က လွတ်လမ်းမြင်ပါတယ်။ ချမ်းသာရာရပါ့မယ်”

အလားတူအမှု နောင်မပြုဝံ့အောင် နှိပ်နယ်ဆုံးမရမည့် အချိန်အခါဖြစ်သည်ဟု မဟောသဓာသုခမိန် စဉ်းစားလိုက်သည်။

“အရှင်မင်းကြီး . . . သင်ကြံဆောင်မှ ဘေးအန္တရာယ်က လွတ်လမ်းမြင် ချမ်းသာရာရမယ်လို့ ဘာကြောင့် အရှင်မင်းကြီး မိန့်ဆိုပါသလဲ။ ရှေးအထက်က အရှင်မင်းကြီးရဲ့ အကျိုးစီးပွားအတွက် ကျွန်ုပ်လျှောက်ထားစဉ်က အရှင်မင်းကြီး ကိုယ်တော်တိုင်ပဲ ကျွန်ုပ်ကို ထွန်တုံးစွန်းတွင် ကြီးပြင်းခဲ့သူ၊ မောင်မင်း ဘာသိသလဲ။ မိန်းမမြတ် ရတနာကို ကျွန်ုပ်ရဖို့အရေးမှာ သင် တားဆီးနှောက်ယှက်ခဲ့တယ်။ ထွန်တုံးစွန်းတွင် ကြီးပြင်းရတဲ့ ဒီ လယ်လုပ်သား၏ လည်ကိုကိုင်ငင် နန်းတော်အပြင်ကနေချ၊ တိုင်းပြည်အပ နှင်ထုတ်လိုက်ကြလို့ အရှင်မင်းကြီး အမျက်တော်ရှ၊ ရာဇဒဏ်အချခံခဲ့ရပါတယ် အရှင်မင်းကြီး။ ကျွန်ုပ်ဟာ ထွန်တုံးစွန်းမှာ ကြီးပြင်းရတဲ့ လယ်လုပ်သား စင်စစ်ကေန်ဖြစ်ပေတယ်။ လယ်လုပ်ကုန်သွယ် အရေးအရာများကိုသာ ကျွမ်းကျင်သူ ဖြစ်ပေတယ်။ သေနက အစရှိတဲ့ အမတ်ကြီးသုခမိန်များလို မင်းရေး မင်းပါးကို မသိနိုင်ပါဘူး။ ဒီအရေးဟာ ကျွန်ုပ်လို ဝဿ ကုန်သွယ်လယ်လုပ် သူဌေးသူကြွယ်တို့ရဲ့ အရာမဟုတ်၊ ဗြဟ္မဏဖြစ်တဲ့ ဆရာအမတ်ကြီး သုခမိန်တို့ရဲ့ အရေးသာ ဖြစ်ပါတယ်။ သူတို့ကိုသာ ကိုးကွယ်အားထားရာ ပြုတော်မူပါ”

မလှုပ်သာ မရှုန်းသာဖြစ်နေသော ဝိဒေဟရာဇ်မင်းကြီးသည် ဖြစ်တင်ကြိမ်းမောင်းနေသော မဟောသဓာ၏ စကားလုံးများနောက်ကွယ်မှ စေတနာကို ရိပ်မိသိရှိဟန်ဖြင့် စကားလှည့်၍ ဆိုပြန်သည်။

“ချစ်သားသုခမိန် . . . ခမည်းတော် ကြားဖူးပါတယ်။ လောကမှာ ပညာရှိသူတွေဟာ ရှေး၌ ဆဲဆိုရေရွတ်ခဲ့ဖူးသော အပြစ်အနာတွေကိုဖော်ပြီး အရှင်သခင် မိဘတို့အပေါ် နှုတ်လှန်ထိုးခြင်း မပြုကြဘူးတဲ့။ ချစ်သားဟာ





ပညာရှိပါလျက် ဘာကြောင့် ခမည်းတော်ကို နှုတ်လှန်ထိုးရသလဲ။ ကကြီး တန်ဆာတို့နဲ့ မြဲမြံစွာ တုပ်နှောင်ဆင်ယင်ထားပြီးတဲ့ မြင်းကိုမှ လှံတံနဲ့ထိုးဆွနှိပ်စက်သလို ဖြစ်မနေပေဘူးလား။ ဒီစကားတွေကို ရုပ်သိမ်းပြီး အခုကျရောက်နေတဲ့ ဘေးအန္တရာယ်က လွတ်ကင်းအောင်သာ ကြံဆောင်ပါ သားတော်သုခမိန်။ ညွှန်ပြဆုံးမပါ သားတော်သုခမိန်။ သားတော်မှတပါး ခမည်းတော်မှာ အားထားကိုးကွယ်စရာ မရှိတော့ဘူးလို့ ခမည်းတော် ထပ်ဆိုပါတယ်”

ဂုဏ်အထူးရှိသော ပုရိသဝိသေသကို မသိတတ်သည့် ဝိဒေဟရာဇ်မင်းကြီးအား နောက်ထပ် အတန်ငယ် ပင်ပန်းစေပြီးမှ လွတ်မြောက်ရာကို ပေးရမည်ဟု မဟောသဓာ ဆုံးဖြတ်ပြန်သည်။

“အရှင်မင်းကြီး ကိုယ်တော်တိုင်လဲ ဆင်ခြင်သုံးသပ် ကြည့်တော်မူပါဦး။ တစ်ဆယ့်ရှစ်ခေါဘိဏီ စစ်သည်တော်ကြီး အထပ်ထပ်ဝန်းရံနေတာကို ဘယ်သူဟာ ထွင်းဖောက်လွတ်မြောက်နိုင်မလဲ။ လွတ်မြောက်ရာအကြောင်းဟာ လွန်ခဲ့ပြီ။ ကောင်းကင်ပျံ ဆဒ္ဒန်၊ ဥပေါသထ ဆင်ပြောင်၊ ကောင်းကင်ပျံ ဝလာဟကမြင်း၊ တောင်ဟုန်ပြင်းတဲ့ ဂဠုန်မင်း၊ တန်ခိုးကြီးတဲ့ သာတာဂီရိဘီလူးမင်း စတဲ့ တန်ခိုးရှင်တွေလာပြီး ကျွန်ုပ်တို့ကို ချီဆောင်ကယ်မ မိထိလာကို ပြန်ပို့မှသာ သည်ဘေးရန်က လွတ်တော့မယ်။ သည်အရေးဟာ လူပညာရှိတို့ လွတ်မြောက်အောင် ဆောင်ကြဉ်းနိုင်ခြင်းအမှုကို ကုန်သွားပြီး အလှမ်းမမီတော့တဲ့ အဆင့်အကွာကို ရောက်သွားပြီ အရှင်မင်းကြီး”

အဆုံးစွန်သောစကားကို မဟောသဓာဆိုချေပြီဟူ၍ အားလုံးသောသူတို့သည် ကြီးပြတ်ရုပ်သေးရုပ်များနှယ် ချုံးကျပျက်ပြိုသွားကြတော့သည်။

ထိုအချိန်တွင် တုန်ယင်သော ဝမ်းခေါင်းသံကြီးနှင့် သေနကအမတ်၏ အသံထွက်လာသည်။

“မဟောသဓာသုခမိန်ဟာ သမုဒ္ဒရာမှာ လှေသင်္ဘောပျက်ပြီး လှိုင်းတံပိုးတွေကြားမှာ တပြောင်းပြန်ပြန်၊ တနစ်မွန်းမွန်း မျောပါလို့နေသူကို ကမ်းတစ်ဖက်သို့ ထုတ်ဆောင်ကယ်တင်သလို မင်းကြီးနှင့်တကွသော ကျွန်ုပ်တို့အားလုံးကို ဒီဘေးအန္တရာယ်ဆိုးကြီးထဲက ကယ်တင်ပေးပါလို့ ကျွန်ုပ်တောင်းပန်ပါတယ် သုခမိန်။ အသင်ဟာ ကျွန်ုပ်တို့သုခမိန်များ

www.burmeseclassic.com



အားလုံးထက် အရာအထောင်မကတဲ့ ကြီးကျယ်သောပညာနဲ့ ပြည့်စုံသူပါ။ မိထိလာကို ပဉ္စာလရာဇ်တပ်တွေ ဝိုင်းစဉ်ကလဲ သင့်ပညာစွမ်းကြောင့် ကျွန်ုပ်တို့အားလုံး လွတ်မြောက်ခဲ့ရပါ တယ်။ အခုလဲ သင်မှတစ်ပါး ကျွန်ုပ်တို့မှာ ကိုးကွယ်အားထားစရာ မမြင်တော့ပါဘူး။ ဒီအန္တရာယ်ထဲက ကယ်တင်ပေးပါ သုခမိန်၊ ကျွန်ုပ် တောင်းပန်ပါတယ်"

သေနကအမတ်ကြီး စကားအဆုံးတွင် မဟောသဓာက မဆိုင်းမငံ့ . . .

"အမတ်ကြီး . . . သင်တို့ဟာ ပညာရှိသည်နှင့်အညီ လာလတ္တံ့သော ဘေးအန္တရာယ်ကို သိမြင်ပါလျက် အရှင်မင်းကြီးကို ညွှန်ပြရှေ့ဆောင်ခဲ့လို့ ယခုအခါမှာ အားလုံးအမှုဟာ လွန်ကျွံသွားခဲ့ပြီ။ လွတ်မြောက်ရေးကို ကျွန်ုပ်မကြံနိုင်။ သင်ပဲ ကောင်းကင်ခရီးနဲ့ပျံချီပြီး မင်းကြီးကို မိထိလာအရောက် ခေါ်သွားပေတော့"

သွေးရူးသွေးတန်းဖြစ်နေသော ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓာကို စကားမဆိုရဲတော့သဖြင့် သေနကအမတ်ကြီးကို ကယောင်ချောက်ချား စကားလှည့်ပြန်သည်။

"အမတ်ကြီး သင် . . . သင် ကြံနိုင်မလား"

ဘုရင့်အမေးရှိလျှင် ဆီလျော်သည်ဖြစ်စေ၊ မဆီလျော်သည်ဖြစ်စေ တစ်စုံတစ်ခုကို ပြန်လျှောက်ရမည် ဟူသော အသိဖြင့် သေနကအမတ်ကြီးလည်း အဖြေစကား လျှောက်တင်လိုက်သည်။

"အရှင်မင်းကြီး အခြား ချမ်းသာရာတော့ ရှိနိုင်တော့မှာ မဟုတ်ဘူး။ ဒီတော့ မြို့တွင်းမြို့ပြင် ရှိသမျှ ပြ၊ တန်ဆောင်း၊ ပြာသာဒ်၊ နန်းတော်၊ ဆင်တင်းကုပ် အားလုံးမီးတိုက်၊ တစ်ယောက်ကိုတစ်ယောက် ရရာလက်နက်နဲ့ ခုတ်သတ်ကြ။ မြို့ကို ခေါင်းတလားပြုကြ၊ နန်းတော်ကို ထင်းပုံပြု၊ အားလုံးသေကြ၊ ရန်သူ့လက်မှာ မသေမရှင် ညှဉ်းဆဲခံရမှာထက် အခုလို သတ်ပစ်လိုက်ကြတာကမှ သက်သာရာ ရဦးမယ် အရှင်မင်းကြီး"

ကြောက်လန့်သွေးဆုတ်ခြင်းဖြင့် ဖြူရော်နေသော မင်းကြီး၏ မျက်နှာမှာ ညိုပုပ်သွားလေသည်။

"ငါက အသက်ချမ်းသာရာ ရမယ့်အကြောင်း မေးတယ်။ သင်က သေခြင်းအကြောင်းကို ထိတ်လန့်အောင် ပြောတယ်။ ငါတို့တော့ မသေဝံ့ဘူး။ သင်ပဲ သင့်မယားနဲ့တကွ အိမ်ကို ထင်းပုံပြုပြီးသေ"





"ကိုင်း . . . ပက္ကုသအမတ်ကော . . ."

"ကြာရှည်ပူလောင်ခြင်း၊ ဆင်းရဲခြင်း မခံရအောင် အဆိပ်စားသေကြရင် ကောင်းမယ် ထင်ပါတယ် အရှင်မင်းကြီး"

"တိတ်စမ်း . . . ကာမိန္ဒအမတ် ဆိုစမ်း"

"ရန်သူ့လက်ထဲမှာ သေရတာထက် တောင်ကမ်းပါးပြတ်ကနေ ခုန်ချလို့ပဲဖြစ်ဖြစ်၊ လည်ကြိုးဖွဲ့ ဆွဲကြိုးချလို့ပဲဖြစ်ဖြစ် . . ."

"တိတ် . . . ဆက်မဆိုနဲ့၊ ဒေဝိန္ဒကကော . . ."

ဒေဝိန္ဒအမတ်ကား ရှေးဦးအမတ် သုံးပါးတို့၏စကားကို သင်ခန်းစာယူ၍ တွေးတွေးဆဆ လျှောက်တင်လေသည်။

"အရှင်မင်းကြီး ကျွန်ုပ်တို့အားလုံး မဟောသဓာသုခမိန်ကို တောင်းပန် အသနားခံပြီး၊ မဟောသဓာသုခမိန်က ကြံဆောင်ပေးနိုင်ရင်တော့ လွတ်မြောက်ကြမယ် ထင်ပါတယ်။ သုခမိန်မှ မဆောင်ရွက်နိုင်ရင်တော့ အားလုံးဟာ ပြီးမြောက်သွားပါပြီ။ သေနကဆရာမိန့်သလို မြို့ကိုတလားပြု၊ နန်းပြာသာဒ်တို့ကို ထင်းပုံပြု သေကြဖို့ပဲ ရှိပါတော့တယ်"

မင်းကြီးကား ဒေဝိန္ဒအမတ်စကားကိုလည်း နားမဝင်တော့ သဲ့သဲ့မျှသော ကြွေအက်သံဖြင့်သာ ရေရွတ်နိုင်တော့သည်။

"မင်းချင်းတို့ သေဘေးကလွတ်နိုင်မယ့် နည်းလမ်းကို ငါ့ရဲ့ သုခမိန်ငါးယောက်ဆီမှာ မေးမြန်းရှာဖွေပေမယ့် ကယ်တင်ပေးမယ့် ပညာရှိကို ငါ မရတော့ဘူး။ ငှက်ပျော၊ လက်ပံတွေဆီမှာ အနှစ်ကို ရှာသလိုဖြစ်ခဲ့ပြီ။ ရေခန်းခြောက်ရာအရပ်မှာ နေမိမှားတဲ့ဆင်ပေါက်လို ငါဟာ ပညာအနှစ်မရှိတဲ့ အမတ်တွေအလယ်မှာ နေမိမှားပါပကောလား"

အချိန်အခါသင့်ပြီဖြစ်ကြောင်း မဟောသဓာသုခမိန် ဆင်ခြင်သည်။ သေအံ့သောဘေးကြောင့် ဝိဒေဟရာဇ်မင်းကြီး နှလုံးသဲအူပြတ်မျှရှိပြီး ယခုအချိန်တွင် သက်သာရာကိုမပေးပါက မင်းကြီးသည် ဘယာ၏ နှိပ်စက်မှုဖြင့် နှလုံးကွဲ၍ သေပွဲဝင်ရာသည်ဟု တွေးတောကာ . . .

ရေမရှိသော ကန္တာရခရီးထဲ၌ ရေငတ်၍ ပန်းဟိုက်နေစဉ် အာကာသအလုံး ကျိုးပေါက်၍ မိုးကြီးအလျှံ သည်းထန်စွာ ရွာသည့်နှယ် ကြွေးကြော်ကြိုးစားလိုက်သည်။

"ဝိဒေဟရာဇ်တိုင်းကြီးသခင် အရှင်မင်းကြီး။ စိုးရိမ်ကြောင့်ကြ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တော် မမူပါနဲ့။ အသူရိန်ဖမ်းသော လစက်ဝန်း၊ နေစက်ဝန်းကို အသူရိန်ခံတွင်းထဲက နုတ်ယူသလို၊ နွံပျောင်းမှာ ကိုယ်လုံးမြုပ်ကျွံတဲ့ ဆင်ကို နွံပျောင်းကဆယ်ယူ ကုန်းထက်သို့ တင်သလို၊ ထွက်ပေါက်မဲ့ အိုးပခြုပ်ထဲက မြွေကို ပြင်ပရောက် လွှတ်ပေးသလို၊ လှောင်ချိုင့်တွင်းငှက်ကို ချိုင့်က ထုတ်ယူသလို၊ ပိုက်ကွန်မြှုံးမိငါးကို ထုတ်ယူလွှတ်ပေးသလို အရှင်မင်းကြီးနဲ့ တကွ ဗိုလ်ပါမှူးမတ် ဆင်၊ မြင်း၊ ရထားအားလုံးကို ဒီဘေးရန်က လွတ်မြောက်စေမယ်။ ပဉ္စာလရာဇ်တပ်အားလုံးကိုလဲ ကျောက်ခဲ၊ တုတ်၊ အုတ်၊ လှံတံနဲ့ လှည့်ချောက်လိုက်တဲ့ ကျီးတွေလို ဖရိုဖရဲကွဲပြားပြေးထွက်စေမယ်"

အသံများ တဝေါဝေါ ဆူညံသွားသည်။ သို့သော် မဟောသဓာ သုခမိန်က လက်တစ်ချက်ဝှေ့အရမ်းတွင် အားလုံးတိခနဲ ငြိမ်သက်ကုန်ဆုံး သွားပြန်သည်။

"အရှင်မင်းကြီး၊ မိမိပညာနဲ့ မိမိကိုယ်မျှ ချမ်းသာလွတ်မြောက်အောင် မကြံဆောင်နိုင်ရင် ပညာရှိလို့ ခေါ်လို့ရပါမလား။ အရှင်မင်းကြီးထက် အလျင်ဦးစွာ ဒီတိုင်းပြည်ကို ကျွန်ုပ်ရောက်ရှိနေခဲ့ခြင်းအကြောင်းကို အရှင် မင်းကြီး သိပါသလား။ အခုလို ဘေးရန်ကို မြင်တဲ့အတွက် ရှေးဦးမဆွ ကျွန်ုပ်လာခဲ့ပြီးမှ ကျွန်ုပ်မျက်မှောက်မှာ အရှင်မင်းကြီး အသက်ဆုံးရှုံးရဦး မတဲ့လား။ စိုးရိမ်ထိတ်လန့်ခြင်း မှန်သမျှကို မောင်းနှင်ထုတ်ပယ်လိုက်ပါ အရှင်မင်းကြီး။ ယခုပဲ အားလုံးကို လွတ်မြောက်စေမယ်"

အားလုံး၏အသက်ဘေးကို လွတ်မြောက်စေမည်ဟု ရဲရဲတောက် ကြွေးကြော်လိုက်သော မဟောသဓာ၏စကားကြောင့် အားလုံးရွှင်လန်း ဝမ်း မြောက်နေကြဆဲတွင် သေနကအမတ်ကြီးသည် မဟောသဓာအနီးသို့ မဝံ့မရဲ ချဉ်းကပ်လာပြန်သည်။

"မဟောသဓာသုခမိန် တစ်ခုမေးပါရစေဦး။ ကျွန်ုပ်တို့ကို ရန်သူ့လက် က လွတ်မြောက်အောင် ဆိုတာတော့ ဟုတ်ပါပြီ။ ဘယ်လိုခရီး ဘယ်လို နည်းနဲ့ ထုတ်မှာတုန်း"

မဟောသဓာသည် သေနကအမတ်ကို အရေးအရာထား၍ ဖြေကြား ခြင်းမပြုတော့ဘဲ တစ်ဆက်တည်း အမိန့်ပေးလိုက်လေသည်။

"သေနကအမတ်ကြီး သင် ဘာကို စိုးရိမ်နေပြန်တာလဲ။ တန်ဆာ ဆင်ထားတဲ့ ဥမင်ခရီးနဲ့ သင်တို့ကို ထုတ်မှာ ဖြစ်တယ်။ အဝတ်အထည်





အဆောင်အရွက်တွေကို အသင့်ပြင်ထားကြတော့။ ဥမင်ခရီးကို စောင့်ကြပ် တဲ့ သူရဲအပေါင်းတို့ . . . ငါတို့မင်းကြီးဟာ အခုပဲ ဥမင်ခရီးနဲ့ ထွက်ခွာ တော်မူမယ်။ ဥမင်တံခါး၊ လေသာပြတင်း၊ တိုက်တံခါး တစ်ရာ့တစ်ခု ဆီမီးထွန်းတဲ့ တိုက်တံခါး အရာအထောင်အားလုံးကို ဖွင့်ကြ၊ စီမံထားပြီးတဲ့ အတိုင်း သုတ်သင်ခင်းကျင်းကြ"

ကောင်းစွာ လေ့ကျင့်ထားပြီးဖြစ်သော သူရဲတို့သည် တစ်ပြိုင်တည်း တစ်ချိန်တည်း လှုပ်ရှားလိုက်ကြသည်။ အရာအထောင်သော တိုက်တံခါး လေသာပြတင်းတံခါးသည် ဆို့ပိတ်နေရာမှ တစ်ပြိုင်တည်း ပွင့်သွားကြလေ ရာ တံခါးဝမှဖြစ်သော အလင်းရောင်တို့ဖြင့် ထုတ်ချင်းလင်းလက် ဝင်းထိန် သွားလေသည်။

ဝိဒေဟရာဇ်မင်းကြီးနှင့်တကွသော မှူးမတ်ဗိုလ်ပါတို့ကို အံ့ဩနေဖို့ အချိန်မပေးတော့ဘဲ မဟောသဓာသည် ချက်ချင်းပင် ဥမင်လမ်းအတိုင်း စတင်ထွက်ခွာကြဖို့ အမိန့်ပေးလိုက်သည်။

သောသောအုတ်အုတ် ဖြစ်နေသည့်ကြားမှပင် သေနကအမတ်ကြီး သည် ယီးတီးယောင်တောင် အမူအရာဖြင့် ဦးခေါင်းမှ ပေါင်းထုပ်ကိုချွတ်၊ ပုဆိုးကို မြဲမြဲစွာ ပြင်ဝတ် ကျစ်လိမ်၍ ခါးတောင်းကျိုက်နေသည်။ သေနက ၏မတင့်တယ်သော အခြင်းအရာကို မြင်သောအခါ မဟောသဓာသုခမိန် က နှိုပ်နှိပ်နင်းနင်း လေသံဖြင့် ငေါက်ငမ်းလိုက်သည်။

"အမတ်ကြီး ဒါဘာလုပ်နေတာလဲ"

"သုခမိန် ဥမင်လမ်းအတိုင်း သွားကြမယ်ဆို ဥမင်ဝင်မယ့်သူဆိုတာ ပေါင်းထုပ်ဦးရစ်ချရမယ်၊ ပုဆိုးကို မြဲမြဲပင့်လိမ် ခါးတောင်းကျိုက်ရမယ်လေ"

ပြောပြောဆိုဆိုပင် ဥမင်တံခါးဝရှေ့၌ ခါးကိုကိုင်း ကျောကိုညွတ်၍ ခေါင်းငုံ့ဝင်ရန် ဟန်ပြင်လေသည်။

အသိခေါက်ခက် အဝင်နက်သော ဤအမတ်ကြီးကို ယခုလိုအချိန် တွင် မျက်နှာသာပေး၍ မရတော့ပြီဟု မဟောသဓာ နားလည်လိုက်လေ သည်။

"အမတ်ကြီး သင် ဘာတွေ လျှောက်လုပ်နေသလဲ။ ဥမင်ကို တိမ် တယ် ကျဉ်းတယ်လို့များ သင် ထင်နေသလား။ ဒီဥမင်ထဲမှာ ဆင်စီး၊ မြင်းစီး ပြီး အလိုရှိတိုင်း ဝင်ထွက်နိုင်တယ်။ လုံလောက်တဲ့ အစောက် အနံ အကျယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ ဒီနေရာမှာ မတင့်မတယ် မဖွယ်မရာလုပ်မနေနဲ့။ မှူးမတ်ကြီးပီပီ ဝတ်ဆင်ပြီး မင်းကြီးရဲ့ ရှေ့တော်က သွားမှာသာ သွားပါ"

ရှုံ့ရှားခြင်းကင်းသော မဟောသဓာ၏ အမိန့်ကို ငြင်းဆန်ရန် အကြောင်းမရှိတော့သဖြင့် သေနကအမတ်ကြီးသည် တိတ်ဆိတ်စွာပင် နာခံလိုက်ရလေသည်။ သို့ဖြင့် သေနကအမတ်ကို အခြံအရံနှင့်တကွ ရှေ့မှာထားလျက် ဝိဒေဟရာဇ်မင်းကြီးကို အခြံအရံနှင့်တကွ အလယ်မှာထားလျက် မိမိကိုယ်တိုင်မူ အခြံအရံနှင့်တကွ နောက်မှလိုက်ပါလျက် မဟောသဓာသည် ဥမင်ခရီးအတိုင်း ချီတက်ခဲ့လေသည်။

●



## (၃၁)

မဟောသဓာ၏ အစီအမံအတိုင်း မင်းကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါ အခြံအရံတို့ကို ဥမင်ခရီးအတိုင်း ထွက်ခွာလာပြီဆိုသည့် သတင်းကို သူ့ရဲ့ အစောင့်အရှောက်တို့သည် ကြိုတင်ရရှိထားပြီး ဖြစ်သည်။

ထို့ကြောင့် ဥမင်တိုက်ခန်းအတွင်းတွင် အသာတကြည် ဥပါယ်တံမျဉ်ဖြင့် ဖမ်းဆီးထည့်သွင်းထားသော စူဠနီဗြဟ္မဒတ်မင်း၏ မယ်တော်၊ မိဖုရားကြီး၊ သားတော်နှင့် သမီးတော် မင်းလေးပါးတို့အား ဥမင်တိုက်ခန်းမှ ထုတ်၍ ဥမင်စမုခ်ဦး လက်ထပ်နန်းပြာသာဒ်ထက်သို့ အသင့်တင်ထားလိုက်ကြလေသည်။

ဝိဒေဟရာဇ်မင်းကြီးနှင့် မဟောသဓာတို့သည် ဥမင်တံခါးဝမှ ထွက်လာကြလေသည်။ ထိုအခါမှပင် မင်းလေးပါးတို့သည် အဖြစ်မှန်ကို လုံးလုံးလျားလျား နားလည်သဘောပေါက်သွားကြလေသည်။ ရန်သူ့လက်တွင်းသို့ ကျရောက်ပြီး စောစောက တံခါးကိုဖွင့်၍ ထုတ်ဆောင်ခေါ်ငင်သူတို့မှာ စူဠနီဗြဟ္မဒတ်မင်းကြီး၏ သူများ၊ မိမိတို့၏ ကျေးကျွန်များမဟုတ်။ မဟောသဓာက စေလွှတ်လိုက်သော သူလျှိုသူရဲများပင်။

မယ်တော်စလကာဒေဝီမိဖုရားကြီးမှာ အသက်အရွယ်ကြီးရင့်သူပီပီ ကြောက်လန့်ခြင်းကို ထိန်းသိမ်းထားနိုင်သော်လည်း မိဖုရား၊ သားတော်နှင့် သမီးတော်တို့ကား ငယ်ရွယ်သူများဖြစ်သည့်အလျောက် ဘေးအန္တရာယ်ကို ပြင်းစွာတုန်လှုပ်သွားကြသည်။ ထို့ကြောင့် ယခုပင်လျှင် အသတ်ခံရတော့



www.burmeseclassic.com

www.burmeseclassic.com



မည့်အလား သည်းထန်စွာ အော်ဟစ်ငိုယိုကြလေသည်။

မဟောသဓာသုခမိန်သည် မင်းမိဖုရား၊ သားတော်၊ သမီးတော် သုံးပါးတို့၏ ငိုကြွေးခြင်းကို လည်းကောင်း၊ ဝိဒေဟရာဇ်မင်းကြီးနှင့် မှူးမတ် ဗိုလ်ပါတို့၏ ဝမ်းမြောက်ခြင်းကို လည်းကောင်း အရေးအရာမထားဘဲ ရက်ပေါင်းများစွာ ကြိုတင်စီစဉ်ထားခဲ့သည်တို့ကိုသာ အထမြောက်အောင် ဆုံ့ဆိုင်းငံ့လင့်ခြင်းမရှိ ဆောင်ရွက်လိုက်သည်။

သို့ဖြင့်ပင် ဥမင်မုခ်ဦး လက်ထပ်နန်းပြာသာဒ်၊ ရတနာစုပေါ်တွင် ပဉ္စာလစန္ဒီမင်းသမီးကို နေစေလိုက်သည်။ အသင့်စီမံထားသော ပုရောဟိတ် ပုဏ္ဏားတို့ကိုလည်း နေရာချလိုက်သည်။ ထို့နောက် ဝိဒေဟရာဇ်မင်းကြီးကို လည်း ပဉ္စာလစန္ဒီမင်းသမီး၏ လက်ယာဘက်တွင် နေစေပြီး ကြီးကျယ် မြင့်မြတ်ခြင်းနှင့်လည်း ပြည့်စုံ၊ လျှင်မြန်ခရီးရောက်ခြင်းနှင့်လည်း ပြည့်စုံ သော အဘိသေက ရေဖျန်းမင်္ဂလာပြုခြင်းဖြင့် ထိမ်းမြားလက်ထပ် ဆောင်နှင်းပေးလိုက်သည်။

အဘိသေကမင်္ဂလာပွဲကို အပိုအလိုမရှိ၊ တိတိကျကျစီမံပေးပြီး နောက်တွင်လည်း အချည်းအနှီးအချိန်ကုန် မခံတော့ဘဲ နောက်ထပ် အစီအစဉ်ကို ဆက်လက်ကိုင်တွယ်သည်။

"အရှင်မင်းကြီး . . . ပဉ္စာလစန္ဒီကို အလိုရှိတဲ့အတွက် ဒီအရပ်ကို အရှင်မင်းကြီး ကြွတော်မူလာခြင်း ဖြစ်ပါတယ်။ ယခု မင်းကြီး အလိုတော် အတိုင်း ပြည့်စုံပါပြီ၊ ပဉ္စာလစန္ဒီမင်းသမီးကို ချစ်ခင်မြတ်နိုးစွာနဲ့ မိဖုရားကြီး အရာမှာ ထားတော်မူရမှာ ဖြစ်ပါတယ်"

အဆုံးအမနှင့်ယှဉ်သော လျှောက်တင်ချက်ကို မင်းကြီးသည် ကောင်း စွာ နာခံလျက်ရှိလေသည်။

ထိုအချိန်မှာပင် ကြိုတင်စီမံ ချိန်းဆိုထားသည့်အတိုင်း အာနန္ဒာ အမတ်လည်း ရောက်ရှိလာသည်။ အာနန္ဒာအမတ်ကား စူဠနီဗြဟ္မဒတ်မင်း ကြီး စတင်ဝန်းရံစဉ်ကပင် လှေသုံးရာကို မြစ်ညာအရပ်၌ ကောင်းစွာစီမံ စောင့်ဆိုင်းလျက် အသင့်တာဝန်ယူထားသူ ဖြစ်သည်။ လှေသုံးရာ အဆင် သင့်ဖြစ်ကြောင်း သိရလျှင် မဟောသဓာသုခမိန်သည် ဝိဒေဟရာဇ်မင်းကြီး နှင့်တကွ ဘွားတော်၊ ယောက္ခမတော်၊ မိဖုရားကြီး၊ ယောက်ဖတော် အားလုံး အခြွေအရံအားလုံးတို့ကို လှေပေါ်သို့ တက်စေလိုက်သည်။





တိုတောင်းလှသောအချိန်အတွင်းမှာပင် ဖြစ်ရပ်များသည် စီစဉ် တကျ စနစ်ကျစွာ ဖြစ်ပေါ်လျက် ရှိလေသည်။

ဘုရင့်လှေတော်သည် ထွက်ခွာရန် အသင့်ရှိနေလေသည်။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း ကုန်းပေါင်ပျဉ်စပ်သို့ နင်းရန် ခြေ လှမ်းလျက်ရှိသည်။ ထိုအချိန်မှာပင် အသက်အရွယ်ကြီးရင့်သူ ဖြစ်သော်ငြား ရာဇဟူသောမင်း၏ အဖြစ်၊ နုနယ်လှပသော မင်းသမီးတစ်ပါးကို ရရှိထား သည့် အခြေအနေတို့ကို သုံးသပ်ကာ ဝိဒေဟရာဇ်မင်းကြီးအား ဆုံးမစကား ဆိုရန် လိုအပ်သည်ဟု မဟောသဓာသုခမိန်သည် ဆုံးဖြတ်လိုက်သည်။

"အရှင်မင်းကြီး၊ မိထိလာနေပြည်တော် အပြန်ခရီးမှာ အရေးကြီး သောစကား လျှောက်ထားစရာ ရှိပါတယ်။ ခေတ္တမျှဆိုင်းငံ့ စေလိုပါတယ်"

"ရှိသမျှ လျှောက်ထားနိုင်တယ် သားတော်သုခမိန်"

"ယခု အရှင်မင်းကြီးဟာ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ မယ်တော်၊ မိဖုရား၊ သားတော်နှင့် သမီးတော်တို့ကို မိမိတိုင်းပြည်သို့ ခေါ်ဆောင်သွား တော့မှာ ဖြစ်ပါတယ်။ အရှင်မင်းကြီးရဲ့ ယောက်ဖတော်ဖြစ်တဲ့ ပဉ္စာလ စန္ဒီမင်းသားငယ်ကို တစ်မိတည်းတစ်ဖတည်းက ဆင်းသက်တဲ့ ညီငယ်အရာ အောက်မေ့ပြီး ညီကို အစ်ကိုက မြတ်နိုးကြင်နာခြင်းနဲ့ မြတ်နိုးကြင်နာ တော်မူပါ"

"ကောင်းပြီ သားတော်သုခမိန်"

"နန္ဒာဒေဝီမိဖုရားကြီးဟာ ယခုအခါ အရှင်မင်းကြီးရဲ့ယောက္ခမတော် ဖြစ်လာပါပြီ၊ သမက်ယောက္ခမအရာ မထားဘဲ သားဟာ အမိကို ရိုသေစွာ ဝတ်ငယ်ပြုသလို နန္ဒာဒေဝီမိဖုရားကြီးကိုလဲ အမိ ဟူသော အမှတ်နဲ့ မပြတ်သတိရှိတော်မူပါစေ၊ တပ်မက်သောစိတ်နှင့်မျှ မကြည့်ပါလေနှင့်"

"ကောင်းလှပြီ သားတော်သုခမိန်"

"ပဉ္စာလစန္ဒီဒေဝီဟာ ယခုအခါ အရှင်မင်းကြီးကိုယ်တိုင် မိဖုရားကြီး အရာထား၊ ကြီးကျယ်စွာသော အဘိသိက်ကို သွန်းပြီး လက်ထပ်မင်္ဂလာ ဆောင်နှင်းအပ်တဲ့ မိဖုရားကြီး ဖြစ်ခဲ့ပါပြီ။ တစ်ရံတစ်ဆစ်သော်မျှ မထီမဲ့မြင် မပြုဘဲ နှမငယ်ကို မောင်က ချစ်သလို ချစ်ခင်မြတ်နိုးတော်မူပါ အရှင် မင်းကြီး"

"ကောင်းပါပြီ သားတော်သုခမိန်၊ သင် ဆိုတိုင်း ကျွန်ုပ် [illegible]

www.burmeseclassic.com



ပါမယ်။ တစ်ခုတော့မေးပါရစေ သားတော်"

ကုန်းပေါင်ပျဉ်ထက်သို့ ခြေမလှမ်းဘဲ ကမ်းပါးမြေအပြင်တွင်သာ အစွဲအမြဲရပ်နေသော မဟောသဓာကို ကြည့်၍ မင်းကြီး မေးလေသည်။

"သားတော်သုခမိန်ရဲ့အစွမ်းကြောင့် ခမည်းတော်တို့အားလုံးဟာ ဘေးမသိရန်မခဘဲ အန္တရာယ်က အခု လွတ်မြောက်ကြပြီ ဖြစ်တယ်၊ မိမိတိုင်းပြည်ကို ပြန်ကြရတော့မှာလဲ ဖြစ်တယ်၊ အားလုံးဟာလဲ အသီးသီး အသက လှေပေါ်ရောက်နေကြပြီး ဖြစ်တယ်၊ ဒီအချိန်မှာ သားတော်က ဘာကြောင့် မြစ်ကမ်းထိပ်မှာ ရပ်နေသလဲ၊ လှေထက်ကို တက်ခဲ့တော့လေ သားတော်"

[illegible]၏ နာယကဂုဏ်ခြောက်ပါးကိုပြရန် အချိန်ဆိုက်ပြီဖြစ်ကြောင်း ယင်းကို မင်းကြီးနှင့်တကွ အားလုံးသိအောင် ထုတ်ဖော်ပြောပြရတော့မည်ဖြစ်ကြောင်း မဟောသဓာ နားလည်လိုက်လေသည်။

ကုန်းပေါင်ပျဉ်စပ် မြေပြင်ထက်တွင် တင့်တယ်ကြံ့ခိုင်စွာရပ်လျက် မဟောသဓာသည် ရဲရဲတောက်စကားကို ဆိုပြန်သည်။

"အရှင်မင်းကြီး၊ စစ်သည်အပေါင်းတို့ရဲ့ အကြီးအမှူး အအုပ်အချုပ် အနေနဲ့ ယခုအခါ ကျွန်ုပ် မလိုက်ပါသာသေးပါ၊ ဥပကာရီမြို့တော်ထဲမှာ ကျွန်ုပ်တို့ရဲ့ ဗိုလ်ပါရဲမက်အချို့ဟာ ပင်ပန်းနွမ်းလျစွာနဲ့ ကျန်ရစ်ခဲ့ကြပါသေးတယ်၊ ကျွန်ုပ်တို့ ဥမင်ခရီးနဲ့ ထွက်လာတာကိုပင် မသိဘဲ အမှုတော်ထမ်းရွက်ရင်း ကျန်ရစ်ခဲ့သူများလဲ ရှိပါသေးတယ်။ သည်မျှသာမက နာဖျားမကျန်းတဲ့ ကျန်ရစ်ခဲ့သူများလဲ ရှိပါသေးတယ် အရှင်မင်းကြီး။ သည်အရေးတော်ပုံကြီး အောင်မြင်စေဖို့ လွန်ခဲ့တဲ့ လေးလကာစပြီး ပင်ပန်းဆင်းရဲစွာ အမှုတော်ကို ထမ်းရွက်ခဲ့တဲ့ ဗိုလ်ပါသူရဲအချို့ဟာ ဥပကာရီမြို့ရဲ့ အစောင့်အရှောက်တာဝန်နဲ့ နေရစ်ခဲ့ကြပါတယ်။ ဆင်းရဲဖော်ဆင်းရဲဖက် ဗိုလ်ပါသူရဲ အမှုထမ်းတွေကို ကြင်နာထောက်ထားခြင်းမရှိ ရန်သူလက်ထဲမှာ ထားခဲ့ပြီး ကိုယ်လွတ်ရုန်းခဲ့မယ်ဆိုရင် ကျွန်ုပ် မဟောသဓာဟာ စစ်သူကြီးတို့ ကျင့်ဆောင်အပ်တဲ့ တရားနာယကဂုဏ်ခြောက်ပါးနဲ့မညီ ဖောက်ဖျက်ယွင်းပျက်စေပြီး ဘုန်းကျက်သရေ ဆုတ်ယုတ်ခြင်းသို့ ရောက်ရပါလိမ့်မယ် အရှင်မင်းကြီး။ ကျန်ရစ်ခဲ့သူ ဗိုလ်ပါသူရဲ အမှုတော်ထမ်းများကို ကျွန်ုပ် ပစ်မထားနိုင်ပါဘူး"





ဝိဒေဟရာဇ်မင်းကြီးနှင့်တကွ လှေပေါ်ရောက်နှင့်နေသူ အားလုံး ကြက်သီးမွေးညင်း ထမတတ် ခံစားထိခိုက်နေကြလေသည်။

"နောက်တစ်ကြောင်းကလဲ စူဠနီဗြဟ္မဒတ်မင်းဟာ သမီးတော်ကို အရှင်မင်းကြီးနှင့် လက်ထပ်ထိမ်းမြားပေးပါမယ်လို့ မျက်ကွယ်စကားသာ ရှိခဲ့ပါတယ်၊ ဒီစကားအရသာ မင်းသမီးကို ယူဆောင်ပြီး အရှင်မင်းကြီး လက်ထဲ ကျွန်ုပ် ဆက်သပို့ဆောင်ပေးခဲ့ပါတယ်၊ ဒီအခြေကို စူဠနီဗြဟ္မဒတ်မင်းနဲ့ အကျေအလည် မပြောဆိုရသေးပါ။ ဒါကြောင့် စစ်သည်ဗိုလ်ပါတွေကိုလဲ ချမ်းသာရာရစေ၊ စူဠနီဗြဟ္မဒတ်မင်းကိုလည်း အကျေအလည် ပြောဆိုဖို့ အရှင်မင်းနှစ်ပါးတို့ရဲ့ မေတ္တာတော်နှစ်ပါးကို နှစ်ပြားသောရွှေမှာ ဂဟေကောင်းဆော်သလို သားတော်အစဉ် မြေးတော်အဆက် ဆင်[illegible] မပျက်မကွဲအောင် တွဲနှောင်စေ့စပ်ပေးဖို့ ကျွန်ုပ်မှာ အမှုတော်ကျန်ပါသေးတယ်၊ အလုံးစုံတာဝန်ပြီးမှ ကျွန်ုပ်လိုက်ခဲ့ပါမယ် အရှင်မင်းကြီး"

ဝိဒေဟရာဇ်မင်းကြီး မည်သို့မျှ မဆိုသာတော့။

* * *

"အရှင်မင်းကြီး . . . မိထိလာကို အလျင်ဟ[illegible] ရောက်အောင်သာ ကြွချီတော်မူပါ၊ ခရီးစဉ်ခရီးဆစ် စိုးရိမ်စရာမရှိပါ၊ တစ်ယူဇနာတစ် ယူဇနာ ခရီးခြားတိုင်းမှာ ဆင်မြင်းရထားစုံညီ၊ အကြီးအအုပ်နှင့်တကွ တစ်ရွာစီ ထားပြီးပါပြီ၊ တစ်ရွာရောက်လျှင် တစ်လှည်းစီးနင်းဖို့ ယာဉ်ရထားလဲ အသင့် စီမံထားပြီးပါပြီ၊ ရောက်အောင်သာ ကြွချီတော်မူပါ"

မဟောသဓာ၏ အစွမ်းကို ယုံကြည်သော်လည်း ချစ်ခင်သော သံယောဇဉ်ဖြင့် ဝိဒေဟရာဇ်မင်းကြီးသည် နောက်ဆံတင်းလျက် ရှိသည်၊ မဟောသဓာ တစ်ပါးတည်း လိုက်ပါလာစေရန် ကြိုးစားလေသည်။

"ချစ်သားသုခမိန်၊ မြင်းမိုရ်တောင်လုံးကြီးလိမ့်လာတာကို လက်ဝါးနဲ့ ဆီးကာလို့ မရလေဘူး၊ ဥပကာရီမှာကျန်ရစ်တဲ့ စစ်သည်ဗိုလ်ပါများဟာ ပဉ္စာလရာဇ်မင်းရဲ့ ဗိုလ်ပါအရေအတွက်နဲ့ယှဉ်ရင် အဆမတန် နည်းပါးလှပါတယ်၊ ဘယ်လိုလုပ်ပြီး ပဉ္စာလရာဇ်တပ်တွေကို သားသုခမိန်ဟာ ခံနိုင်မလဲ၊ ရက်ရက်စက်စက် အချေမှုန်းခံရလိမ့်မယ် သားသုခမိန်"

"အရှင်မင်းကြီး . . . အမိုက်အမှောင် အသိန်းအသောင်းဆိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းသော နေစက်ဝန်းဟာ ထိုးဖောက်ဖြိုခွင်းပြီး အလင်းတောက်စေနိုင်ပါတယ်၊ ပညာအလိမ္မာကြီးတဲ့ မင်းဟာ တစ်ကိုယ်တည်း ဖြစ်စေကာမူ ပညာအလိမ္မာနည်းနဲ့ မင်းအရာအထောင်များစွာသော ဗိုလ်ပါကို အောင်မြဲဖြစ်ပါတယ်၊ ပဉ္စာလရာဇ်စစ်သည် အပေါင်းကို နှိမ်နင်းပြီး အရှင်မင်းကြီးရဲ့ ဘုန်းကျက်သရေကို ပေါ်ထွန်းစေပါမည်၊ အေးဆေးစွာသာ ကြွတော်မူပါ အရှင်မင်းကြီး”

အာနန္ဒာအမတ် စီစဉ်ထားသော လှေသုံးရာတို့သည် ထွက်ခွာရန် အသင့်ဖြစ်နေကြလေပြီ။ ဝိဒေဟရာဇ်မင်းကြီး စီးနင်းလိုက်လာမည့် အကြီးဆုံး ဘုရင့်လှေတော်ထက်တွင် မင်းခမ်းမင်းနားဆိုင်ရာ တံခွန်အလံများကို အမှုတော်ထမ်းတို့က လွှင့်ထူလိုက်ကြသည်။

လှေဝမ်းသို့ ပြေးဝင်ရိုက်ခတ်ကြသော လှိုင်းကြက်ခွပ်သံ တဖျပ်ဖျပ်သည် ပြည်တော်ပြန်ခရီးကို နှိုးဆော်နေသယောင်ပင် . . .။

ကမ်းထက်မြေပြင်တွင် အစွဲအမြဲရပ်ကာ ပကတိတည်ငြိမ်ခိုင်ခံ့လှသော မဟောသဓာသုခမိန်ကို နှုတ်ဆက်ကြည့်ဖြင့်ကြည့်ရင်း ဝိဒေဟရာဇ်မင်းကြီးသည် မိမိ၏ ပီတိပါမောက္ခကို ချုပ်တည်းထားခြင်းငှာ မစွမ်းနိုင်တော့ပေ။

ထို့ကြောင့်အနီးတွင် ခစားနေသော သေနကအမတ်ကြီးဘက်သို့ လှည့်၍ပြောလိုက်လေသည်။

“သေနကအမတ်ကြီးတွေရဲ့လား၊ လှောင်ချိုင့်မှာမိတဲ့ ငှက်၊ ညွတ်တွင်းမှာမိတဲ့ သားကောင်၊ ပိုက်ကွန်မှာမိတဲ့ ငါးတွေကို အနှောင်အဖွဲ့ကနေ ထုတ်ယူလွတ်မြောက်စေသလို သားတော်သုခမိန်ဟာ ကျွန်ုပ်တို့အားလုံးကို သူ့ပညာစွမ်းနဲ့ လွတ်မြောက်စေနိုင်ခဲ့တယ်၊ ပညာရှိနဲ့ ပေါင်းဖော်ရတာဟာ အလွန်ကိုစိတ်ချမ်းသာ ရှိလှပေတယ် အမတ်ကြီး”

သေနကအမတ်ကြီး၏ ငုံ့ငိုက်ထားသော ဦးခေါင်း မော့လာသည်။ သေနကအမတ်ကြီး၏ မျက်နှာပြင်တွင် ယခင်တစ်ခါမျှ မတွေ့ရဖူးသော ကြည်လင်သန့်ရှင်းမှုများဖြင့် အရောင်တောက်နေသည်ဟု ထင်ရသည်။

မဟောသဓာသုခမိန် ကလေးဘဝ အရွယ်ကတည်းက မစ္ဆရိယစိတ်ဖြင့် အကောက်ကြံခဲ့ခြင်းများ၊ နန်းတော်သို့ မဟောသဓာ ရောက်ရှိလာချိန်မှစ၍ အစဉ်တစိုက် ကြံစည်ပြုမူခဲ့သော မသမာနည်းလမ်းများ၊ ဝန်တိုကျူသော





များဖြင့် ထာဝရ ခက်ထန်ညှိုမည်းနေသော သေနကအမတ်ကြီးသည် ယခုအခါ လုံးဝဥဿုံ ပြောင်းလဲသွားလေပြီ။ မဟောသဓာသုခမိန်အပေါ် အကြွင်းမဲ့ လေးစားဦးညွှတ်ခြင်းများဖြင့် သေနကအမတ်ကြီး၏ အမူအသွင်သည် ရိုကျိုးနူးညံ့လျက် ရှိသည်။

ဝိဒေဟရာဇ်မင်းကြီး၏ စကားကိုထောက်ခံသောအားဖြင့် ခေါင်းကို လေးပင်စွာ ညိတ်နေရာမှ မဟောသဓာထံ လှမ်းကြည့်လိုက်သော အကြည့်တွင်လည်း ကျေးဇူးတရားနှင့် ပညာဂုဏ်တို့ကို သိမှတ်ပူဇော်နေသည့် အဓိပ္ပာယ်များကို ဆောင်နေသည်။

ဘုရင့်လှေတော် ကမ်းမှစတင်၍ ခွာပေပြီ။

သုံးရာသော ထိုလှေတို့သည် မြစ်တစ်ဖက်ကမ်းသို့ ကူးဖြတ်ပြီးနောက် ကမ်းသို့တက်လာကာ တစ်ယူဇနာခရီးအတိုင်း ဆက်သွားကြဦးမည်။ တစ်ယူဇနာခရီးအဆုံးတွင် မဟောသဓာသုခမိန်၏ ကြိုတင်စီမံမှုဖြင့် အသင့်တည်ထားသော စခန်းထောက်ရွာသို့ ရောက်ရှိသွားကြပေမည်။ ထိုမှတစ်ဆင့် ဆင်မြင်းရထား အသစ်အသစ်တို့ကို တစ်ရွာတစ်စခန်းရောက်တိုင်း လဲလှယ်စီးနင်းသွားကြခြင်းဖြင့် ရွာပေါင်းတစ်ရာ ကုန်လွန်သွားသောအခါ မိထိလာနေပြည်တော်သို့ ဘေးမသီရန်မခ ရောက်သွားကြပေတော့မည်။

တရွေ့ရွေ့ ထွက်ခွာကြပြီး တစ်စတစ်စ သေးငယ်သွားသော လှေတော်အစုဆီသို့ တစ်ချက်မျှော်ကြည့် လိုက်ပြီးနောက် မဟောသဓာသည် မြစ်ဆိပ်မှ ထွက်လာခဲ့သည်။

ရှေ့ရှုရာနေရာကား ဥမင်တံခါးဝ ဖြစ်လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

ဥပကာရီမြို့နှင့် ဂင်္ဂါမြစ်တို့၏ နံနက်ခင်း မိုးသောက်သည် စလျှင်စချင်းပင် စစ်၏ အငွေ့အသက်များဖြင့် လွှမ်းခြုံသွားသည်။

အနှစ်ခြောက်ဆယ်တိုင် အင်အားကို ဆောင်သော ဆင်ပြောင်ကြီး ငယ်တို့၏ ကျောကုန်းထက်တွင် ဆင်စီးသူရဲများစီးနင်းလိုက်ပါသည်။ ဆင်စီး သူရဲတို့၏ ဦးခေါင်းမှ ရွှေဖြင့်ပြီးသော နရတင်သရဖူ၊ ရွှေဖြင့်ပြီးသော ကိုယ်ကြပ်၊ ကိုယ်ကာ၊ ခါးစည်း၊ ဝတ်လုံတို့သည် မိုးသောက်အလင်းတွင် စူးစူးရဲရဲတောက်လျှက်။

ဆင်တပ်နောက်တွင်ကား မြင်းတပ်၊ မြင်းစီးသူရဲများ လိုက်ပါလာကြ သည်။ မောက်တို၊ သိုးဝန်းဆောင်း မြင်းစီးသူရဲတို့၏ ရဲရဲနီသော ချပ်ဝပ်မိန် ညှိုဝတ်လုံတို့သည်လည်း ပြိုးပြိုးလက်လက် ဝင်းပလျှက်။

မြင်းတပ်နောက်တွင် ချီတက်လိုက်ပါလာသော တပ်မကြီးမှာ လေး သည်ကျော်တပ်မကြီး ဖြစ်သည်။ သားမြီးကို မြင်လောက်ရုံမျှ အကွာအဝေး ထိပင် စွဲအောင် ပစ်စိုက်နိုင်သော ထိုလေးသည်ကျော်တပ်များဆီမှ အသိန်း အသန်းသော မြားတို့သည် ဖြိုင်ဖြိုင်သည်းသည်း မိုးလုံးမည်းမျှ မြားမိုးရွာ စေသည်။

လေးသည်ကျော်တပ်များနှင့် ထပ်ကြပ်မကွာ လိုက်ပါလာသည်ကား ခက်ရင်း၊ လှံ၊ ဓား၊ မြား၊ ဆောက်ပုတ်၊ လက်နက်ငါးပါးစွဲသော သူရဲတပ်ပင် ဖြစ်သည်။ သူရဲတပ်သည် ဆီဖြင့်သွေးအပ်သော သန်လျက်သွားတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ရိုးမှ ကိုင်လှုပ်လာကြသောကြောင့် သန်လျက်သွားတို့သည် စက်ရဟတ်ကဲ့သို့ မနားမရပ် လှည့်ပတ်လျက် အလျှံချင်းခတ်၊ လျှပ်စစ်နွယ်ပန်းများ ကူးဖြတ်နေသလို တလက်လက်တထိန်ထိန် အရောင်တောက်နေကြသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးကား ဆင်ပြောင်ကြီးတစ်စီးပေါ်၌ စီးနင်းလိုက်ပါကာ ရတနာမျိုးစုံ စီခြယ်ထားအပ်သော အရိုးတပ် ချွန်းတောင်းကို ကိုင်စွဲ ဝှေ့ယမ်းလာလေသည်။

ခေါဘိဏီတပ်ကြီး၏ ယခုတစ်ကြိမ် ထိုးစစ်ကား အကြီးကျယ်ဆုံးနှင့် အင်အားအများဆုံး ဖြစ်လေသည်။ ဥပကာရီမြို့နားသို့ တပ်မကြီးများ စနစ်တကျ ချဉ်းကပ်ပြီးသောအခါ စူဠနီဗြဟ္မဒတ်မင်းသည် ဆင်ပြောင်ကျောကုန်း ထက်မှနေ၍ ဝင့်ကြွားစွာ ကြွေးကြော်လိုက်သည်။

"စစ်သည် သူရဲကောင်းတို့၊-ဝိဒေဟရာဇ်နဲ့ မဟောသဓာကို အရှင်ရအောင်ဖမ်းကြ၊ ယခင် မိထိလာကို ငါတို့ဝိုင်းစဉ်က သင်တို့အကြဲဦးသွားလို့ လွတ်မြောက်သွားတာ၊ အခု သင်းတို့ ငှက်ဖြစ်ပြီး ကောင်းကင်ပျံတက် ထွက်ပြေးဦးမလား၊ မလွတ်စေရဘူး"

ခေါဘိဏီတပ်မကြီး၏ 'ဟေး'ခနဲ အော်သံသည် ကောင်းကင် အမိုးပွင့်ထွက်သွားစေမတတ်။

"ဇမ္ဗူဒိပ်ကျွန်းမှာ အတုမရှိ ရွေးချယ်ထားတဲ့ ငါ့ရဲ့စစ်သည် သူရဲကောင်းတို့၊ သုံးသောင်းကိုးထောင် အရေအတွက်ရှိတဲ့ သူရဲကောင်း တို့၊ ဒီမြို့ကို ဖြိုနင်းပစ်၊ ဓား လှံ လေးမြား လက်နက်အားလုံးကို တစ်ပြိုင်တည်း လက်နက်မိုးရွာချ၊ ဝိဒေဟရာဇ်မင်းနဲ့ မဟောသဓာဟာ ငါတို့လက်ထဲမှာ ဘုန်းအာနုဘော် ကုန်ဆုံးခန်းခြောက် အမိအရ ကျရောက်နေပြီမဟုတ်လား"

'ဟေး' ခနဲ အော်သံကြီး ဟိန်းထွက်လာပြန်သည်။

ဥပကာရီမြို့ငယ်ကား မတန်တဆ အင်အားဖြင့် ဝိုင်းဝန်း ပိတ်ဆို့ခြင်း ခံနေရပေပြီ။ ပဉ္စာလရာဇ် စစ်တပ်ကြီးမှာလည်း လက်နက်တစ်စုံတစ်ရာမျှ မကိုင်စွဲဘဲ လက်ချည်းဗလာ လက်ခုပ်တီး၍ ဝင်ကာမျှ၊ ဥပကာရီတပ်သားတို့၏ လက်နက်များကို လုယူပြီး ထိုလက်နက်များဖြင့် ထိုးခုတ်ကာမျှဖြင့်ပင် ထောင်းထောင်းညက်ညက် ကြေစေနိုင်လောက်ပေသည်။

သောသောအုတ်အုတ် လှုပ်လှုပ်သည်းသည်း ထိုစစ်အင်္ဂါကြီးကို ရင်ဆိုင်တုန့်ပြန်လိုက်သော မဟောသဓာ၏ လှုပ်ရှားမှုကား ပကတိ





အေးဆေး တည်ငြိမ်လျက်ပင်။

မဟောသဓာသည် နံနက်အိပ်ရာမှထ၊ ကိုယ်လက်သုတ်သင်၊ နံနက်စာကို စားသောက်ပြီးသောအခါ ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးကို ဝတ်လဲလိုက်သည်။ ထို့နောက် ရတနာခုနစ်ပါး စီခြယ်သော ကမ္ဗလာကို ပခုံးတစ်ဖက်၌ တင်ရုံ့သည်။ ထို့နောက် ကျောက်မျက်စီခြယ်သော ရတနာလှံတံကို ကိုင်စွဲကာ နန်းတော်စမုခ်ဝ၊ အရှေ့လေသာပြတင်းတွင် အသာအယာပင် စကြံလျှောက်နေလိုက်သည်။

မိုးသောက် နေရောင်အောက်တွင် ထိုသို့သောအဆင်းနှင့် မဟောသဓာကို တွေ့လိုက်သောအခါ စူဠနီဗြဟ္မဒတ်မင်း၏ အမျက်ဒေါသမှာ ဆင့်ကဲဆင့်ကဲ လှိုက်ဝှန်ဆူပွက်လာလေသည်။

"သင်းကို ငါကိုယ်တိုင်ဖမ်းမယ်၊ တံခါးဝနားကို ဆင်ကပ်စမ်း . . . တံခါးဝကို ရောက်အောင်ကပ်စမ်း"

လေသာပြတင်းမှ မဟောသဓာနှင့် ဆင်ကျောကုန်းပေါ်မှ စူဠနီဗြဟ္မဒတ်မင်းကြီးတို့သည် တစ်ဖက်နှင့်တစ်ဖက် ကောင်းစွာ မြင်သာကြားသာသော မနီးမဝေး အကွာအလှမ်းတွင် တည်ကြပေပြီ။

ဆင်ကျောကုန်းပေါ်မှ စူဠနီဗြဟ္မဒတ်မင်းကြီး၏ လက်ချောင်းများမှာ ရန်သူကို သတ်လိုသော ဇောဖြင့် လက်နက်တစ်ခုခုကို ရွေးချယ်စွဲကိုင်ရန် လှုပ်လှုပ်ရွရွဖြစ်လာသည်။ ထိုအချိန်မှာပင် လေသာပြတင်းဝရှိ မဟောသဓာ ထံမှ ပကတိအေးဆေးသော စကားသံ ထွက်ပေါ်လာသည်။

"ပဉ္စာလရာဇ် ပြည့်ရှင်မင်းကြီး တပင်တပန်းနဲ့ စီးတော်ဆင်ကို အပြင်းစိုင်းနှင်ပြီး ရောက်လာသလား၊ ငါ့အလိုသည်တစ်ခါဖြင့် ပြည့်ပြီဆိုပြီး ဝမ်းမြောက်ဝမ်းသာ ရောက်လာတယ်နဲ့တူတယ်၊ ဒီလိုသာဆိုရင်တော့ အချည်းအနှီးပင်ပန်းရုံသာပဲ ရှိတော့မယ် အရှင်မင်းကြီး"

မဟောသဓာသုခမိန်၏ စစ်ရေးသေနင်္ဂမှ ဝစနဗျူဟာကား ဖြောင်းဖြောင်းကျိုးပေါက် စူဠနီဗြဟ္မဒတ်မင်း၏ အမျက်ဒေါသတာတမံမှ ပြင်းထန်သော ရန်ငြိုးကို လမ်းကြောင်းလွှဲပြောင်း ပေးအပ်လိုက်ခြင်းပင် ဖြစ်သည်။

လေသာပြတင်းဝ၌ ရပ်လျက် ကမ္ဗလာခြုံထည်နီအတွင်းမှ လက်ရုံးကို ထုတ်ကာ မိထိလာပြည်ရှိရာဘက်သို့ ဆန့်တန်းညွှန်ပြရင်း မဟောသဓာသည် ရှင်းလင်းပြတ်သားစွာ ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး . . . အရှင့်ရဲ့ မိဖုရားကြီး နန္ဒာဒေဝီဟာ မိန်းမမြတ်ဂုဏ်အင်္ဂါနဲ့ ပြည့်စုံတင့်တယ်သူ ဖြစ်ပါတယ်၊ အပြစ်ခြောက်ပါး ကင်းလွတ်ပြီး ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံသူလဲ ဖြစ်ပါတယ်။ အဲဒီ နန္ဒာဒေဝီမိဖုရားကြီးဟာ ရွှေထမီ၊ ရွှေဘယက်၊ ရွှေတဘက် စတဲ့ အဖိုးတန် ရတနာများကို ဝတ်ဆင်ပြီးတော့ ဒီဥမင်တံခါးဝကနေ ဟောဒီခရီးနဲ့ လျှပ်စစ်နွယ်တက်သလို တလက်လက်နဲ့ ထွက်ခွာသွားပါပြီ အရှင်မင်းကြီး"

မဟောသဓာ၏ အသံမှာ နန္ဒာဒေဝီမိဖုရားကြီးအလှကို ချီးကျူးအပ်သော ခမ်းနားခြင်းဂုဏ်နှင့် ထွက်ခွာသွားလေပြီးသော ခရီးကို လွမ်းဆွတ်တသလာအောင် ခြယ်မှုန်းသည့် ကြေကွဲခြင်းဂုဏ် နှစ်မျိုးပေါင်းစပ်လျက် ရှိလေသည်။

"နားဆင်တော်မူပါ အရှင်မင်းကြီး . . .။ နန္ဒာဒေဝီ မိဖုရားကြီးကို ကျွန်ုပ်တို့ တွေ့လိုက်တဲ့အခါမှာ အထူးထူးအပြားပြားသော ဂုဏ်တွေနဲ့ ပြည့်စုံနေပေတော့တယ်။ အရှင်မင်းကြီးရဲ့ နန္ဒာဒေဝီမိဖုရားဟာ ရှုချင်စဖွယ် နီမြန်းသော ခြေဖဝါးလက်ဖဝါးရှိတယ်။ ကျီးအာသီးမှည့်အဆင်းလို နီမြန်းသော နှုတ်ခမ်းတွေလဲ ရှိတယ်။ မျက်လုံးတွေဟာလဲ ခိုမျက်စိလို အနားရစ်မှာ နီညိုရောင်ပြေးတဲ့ အရေးတွေနဲ့ အလွန်လှပပါပေတယ်။ မွေးစတစ်လအရွယ်ရှိတဲ့ သမင်မငယ်ရဲ့ မျက်လုံးတွေလို ရှုမဝ ကြည့်မဆုံး တင့်တယ်တဲ့ မျက်လုံးတွေလဲ ရှိတယ်။ အလွန်လှပတဲ့ နန္ဒာဒေဝီမိဖုရားကြီးပါပဲ အရှင်မင်းကြီး"

ခေါဘီဏီတပ်ကြီးကို အန်တုသော စစ်သေနာပတိတစ်ဦးသည် ယခုအခါ မိန်းမလှတစ်ဦး၏ အလှဘွဲ့ကို အကောင်းဆုံးဖွဲ့ဆိုနေသော အနုစာဆိုအသွင်ကို ဆောင်နေပြန်သည်။

"နားဆင်ပါဦး အရှင်မင်းကြီး . . . နန္ဒာဒေဝီ မိဖုရားကြီးရဲ့ လှပချောမွေ့မှုကို ကျွန်ုပ် ပြောပါရစေဦး။ မိမိလက်နဲ့ လုံးပတ်နှစ်ထွာခန့်ရှိတဲ့ ပြေပြစ်နုနယ်တဲ့ ခါးလဲ ရှိပေတယ်။ ရွှေပွတ်တိုင်ကဲ့သို့ ကျော့ရှင်းတဲ့ ကိုယ်သဏ္ဌာန်လဲ ရှိတယ်။ တောင်မြောက် လျှိုကြားတွေမှာ ဝါးပင့်ငှယ်တွေနဲ့ ဖုံးလွှမ်းအပ်သော ကိုယ်သဏ္ဌာန်လဲ ရှိတယ်။ နူးညံ့ဖွံ့ထွား ပြေပြစ်လှတဲ့ ဆံနွှေ မောင်းကဲ့သို့ နှစ်လိုဖွယ်လက္ခဏာလဲ ရှိပေတယ်"

စူဠနီဗြဟ္မဒတ်မင်းကြီး၏ အာရုံဝယ် မိဖုရားနန္ဒာဒေဝီ၏ အဆင်း





သဏ္ဌာန်သည် တရိပ်ရိပ် ရုပ်လုံးပေါ်ပေါက်လာလေသည်။

"နားဆင်ပါဦး အရှင်မင်းကြီး . . . အရှင့်ရဲ့ မိဖုရားကြီးဟာ တစ်ထွာခန့်မျှသော ရွှေစင်ပြားပေါ်မှ တစ်စပ်တည်းစီပြီး တည်ထားအပ်သော ရွှေတည်သီးအစုလို အကြားမရှိ အချင်းချင်းထိလျက် ဖွံ့အိညံ့ထွားတဲ့ ရင်သားရင်အုံ အစုံသော ထနဝဏ္ဏလက္ခဏာနဲ့လဲ ပြည့်စုံပါပေတယ်၊ တောင်လျှို၊ တောင်ဝှမ်း၊ တောင်ခါးပန်း စသည်တို့မှ မွေးဖွားပြီး တစ်လမြောက်တဲ့ ကျားမငယ်ကဲ့သို့ စံပယ်တင့်တယ်သော ကိုယ်ခန္ဓာလဲ ရှိပါပေတယ်"

ခေါဘဏီတပ်ဦးစီးမှ စူဠနီဗြဟ္မဒတ် မင်းကြီးအား မဟောသဓာ၏ အလှ အလင်္ကာ၌ ငေးမောနစ်မြုပ်နေပေပြီ။

"နားဆင်ပါဦး အရှင်မင်းကြီး . . . အရှင့်ရဲ့ နန္ဒာဒေဝီဟာ မဖြူမလိမ်းဘဲ မည်းနက်သောအရောင်နဲ့ သန့်ရှင်းသေးငယ်စွာ ဖြန့်ချလိုက်တဲ့အခါ တစ်လံကျော်ခန့် အောက်ဘက်ဆီ ဖားရလျားချသွားတဲ့ အဖျားကော့ပျံ့တက်သော ဆံပင်၏ ကောင်းခြင်းနဲ့လဲ ပြည့်စုံပါပေတယ်။ တစ်ဆယ့်ငါးနှစ်အရွယ်ရောက် မိန်းမပျိုလေးလို အရွယ်၏ ကောင်းခြင်းနဲ့လဲ ပြည့်စုံပါပေတယ်။ ရွှေစာကျစ်နွယ်ကို ဝဲယာတောင်မြောက်က သုတ်ဖြူးတဲ့ လေညှင်းနဲ့ ထိတွေ့တဲ့အခါ တအိအိတယိမ်းယိမ်း တိမ်းနွဲ့သလို နုထွတ်နွဲ့နှောင်း ညှို့ယှောင်းစွာ ကောင်းမြတ်သော အရိုး၏ တင့်တယ်ခြင်းနဲ့လဲ ပြည့်စုံပါပေတယ်။ အဲ့ဒီလို ကောင်းခြင်းငါးသွယ် တင့်တယ်စွာသော ကိုယ်သဏ္ဌာန်မှာ မျက်မြတ်ရတနာအမျိုးမျိုးနဲ့ စီခြယ်အပ်တဲ့ ဘယက်တန်ဆာ ဒွါဒရာဝတ်စုံများကို ဝတ်ဆင်လိုက်တဲ့အခါ ကိုယ်ရဲ့အသွေးအရောင်နဲ့ ရတနာတို့ရဲ့အရောင် နှစ်သွယ်ပေါင်းပြီး ဆောင်းလရာသီမှာ တစ်ညီတည်း တောက်လောင်တဲ့ မီးရှူးရောင်လို တပြောင်ပြောင်တလက်လက်နဲ့ တင့်တယ်လှပါပေတယ် အရှင်မင်းကြီး။ အဲဒီ မိန်းမမြတ်ရတနာတို့ရဲ့ ကောင်းခြင်းလက္ခဏာမှန်သမျှ ပေါင်းစုံတင့်တယ်လှတဲ့ နန္ဒာဒေဝီမိဖုရား၊ အရှင်မင်းကြီးရဲ့ ချစ်သက်ထားဟာ ဟောဒီ ဥမင်တံခါးဝကထွက် . . . ဟောဒီခရီးနဲ့ ထွက်ခွာသွားပါပြီ အရှင်မင်းကြီး"

တိတ်ဆိတ်ငြိမ်သက်သော စူဠနီဗြဟ္မဒတ်မင်းကြီး၏ အခြေအနေကို မဟောသဓာသုခမိန်သည် ကောင်းစွာ သဘောပေါက် နားလည်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် မင်းကြီး၏ စိတ်နှလုံး ပိုမိုညွတ်နူးသွားစေအောင် ထပ်မံပြောဆိုပြန်သည်။

"အရှင်မင်းကြီး စဉ်းစားတော်မူပါ။ အဲဒီလို အရွယ်အဆင်း အလှအယဉ်မှာ ပြစ်မျိုးမှည့်မထင်၊ ဇမ္ဗူဒိပ်အပြင်မှာ အတုမရှိတဲ့ နန္ဒာဒေဝီမိဖုရားကြီးကို အရှင်မင်းကြီး သေစေချင်သတဲ့လား၊ ကျွန်ုပ်ကို အရှင်မင်းကြီးက ဖမ်းယူကွပ်မျက်မယ်ဆိုရင် ကျွန်ုပ်အရှင် ဝိဒေဟရာဇ်မင်းကြီးကလဲ သူ့လက်ထဲရောက်နေတဲ့ နန္ဒာဒေဝီမိဖုရားကြီးကို ကွပ်မျက်စီရင်လိုက်မှာ ဖြစ်ပါတော့တယ်။ အရှင်မင်းကြီး စဉ်းစားတော်မူပါ"

ပို၍ပို၍ တင်းကြပ်ရစ်ပတ်လာသော စကားလုံးများဖြင့် ဆက်လက်ချည်နှောင်လိုက်ပြန်သည်။

"အရှင်မင်းကြီး စဉ်းစားတော်မူပါ။ ကျွန်ုပ်အနေနဲ့ကတော့ ဝိဒေဟရာဇ်မင်းကြီးရဲ့ အမှုတော်ကို ကုန်စင်အောင် ထမ်းရွက်ပြီးပြီမို့ သေရသော်လဲ အကျိုးမယုတ်တော့ပါ၊ ကျွန်ုပ်သေဝံ့ပြီ၊ သေရဲပြီ၊ သေရကျိုးနပ်ပြီ၊ အပြစ်မဲ့တဲ့ နန္ဒာဒေဝီမိဖုရားကြီး သေဆုံးခဲ့ရင်တော့ . . ."

ခေတ္တမျှ ဆိုင်းငံ့ပြီးမှ လေးနက်လှိုက်လှဲစွာ ဆက်ပြောပြန်သည်မှာ

"အပြစ်မဲ့တဲ့ နန္ဒာဒေဝီမိဖုရားကြီးသေဆုံးခဲ့ရင်တော့ အရှင်မင်းကြီးမှာ ထိခိုက်နစ်နာ ဆုံးရှုံးရပါတော့မယ်၊ စဉ်းစားတော်မူပါ၊ ရာဇပလ္လင်ဥကင်ထီးဖြူအောက်မှာ ရွှေလက်ချင်းတွဲလို့ အတူတကွ အဘိသေက အသွန်းခံပြီး စိုးစံတော်မူဖက်ဖြစ်တဲ့ မိန်းမမြတ်ရတနာ နန္ဒာဒေဝီမိဖုရားကြီးအား ယမမင်းလက်ထဲရောက်တဲ့ ငရဲကျသူအလား ပျက်စီးခြင်းကြီးစွာရောက်၊ အရှင်မင်းကြီးမှာလဲ ဧကရာဇ်မင်း စည်းစိမ်ခံစားရလို့ ဘယ်မှာအကျိုးရှိတော့မှာလဲ အရှင်မင်းကြီး"

စူဠနီဗြဟ္မဒတ်မင်းကြီး စိတ်သန္တာန်၌ကား ယခုပင် နန္ဒာဒေဝီမိဖုရား ရှေ့မှောက်၌ လာရပ်သလို ပြက်ပြက်ထင်ထင် တွေ့မြင်ခံစားနေရပေပြီ။ ထိုမျှသာမက နန္ဒာဒေဝီမိဖုရားကို မဟောသဓာမှတစ်ပါး ဆောင်ကြဉ်း၍ ပေးနိုင်သူမရှိတော့ပြီဟူသော အတွေးဖြင့် မကြံနိုင်၊ မဆည်တန့်နိုင်တော့ဘဲ ဆင်ကျောကုန်းထက်၌ ငေးမှိုင်တွေဝေလျက်ရှိလေတော့သည်။

ဤအခြေအနေကို အရအမိယူလျက် မဟောသဓာသည် အချုပ်စကားဆိုလိုက်လေသည်။





"အရှင်မင်းကြီး . . . မယ်တော်၊ သားတော်၊ သမီးတော်နဲ့ နန္ဒာဒေဝီမိဖုရား မင်းလေးပါးတို့ကို အရှင့်လက်ထဲပြန်ရောက်စေဖို့အရေးမှာ ကျွန်ုပ်တလွဲပြီး စွမ်းနိုင်သူ မရှိတော့ပါ။ မိထိလာပြည်ကို ကျွန်ုပ် သွားရောက်ရင် မင်းလေးပါးစလုံး တိုင်းတော်ပြည်တော်ပြန်ရောက်ရစေမယ်၊ မစိုးရိမ်ပါနဲ့"

စူဠနီဗြဟ္မဒတ်မင်း၏ စိတ်တွင်ကား မဟောသဓာ၏ ထူးကဲသော အရည်အသွေးနှင့် ပတ်သက်၍ အတွေးများ တသီတတန်းကြီး ပေါ်ပေါ်လာနေသည်။

တစ်ဆယ့် ရှစ်ခေါဘိဏီတပ်ကြီးဖြင့် ဥပကာရီမြို့ကို အထပ်ထပ် ဝန်းရံကာ ကြီးမားစွာ ပိတ်ဆို့လုပ်ကြံသည့်ကြားထဲမှာ စစ်သည်အနည်းငယ်မျှဖြင့် လုံခြုံအောင် စီးနင်းစောင့်ရှောက်ထားနိုင်သည်ကိုလည်း တွေးမိလာသည်။ ထိုမျှသာမက နန်းတော်ကျက်သရေတိုက်၌ အစောင့်အကျပ်လုံခြုံစွာထားခဲ့သော မိဖုရား၊ သားတော်၊ သမီးတော်နှင့် မယ်တော်တို့ကိုလည်း တိတ်တဆိတ် မည်သူမျှမသိအောင် ယူဆောင်သွားနိုင်သည်။ ထိုသို့ဆောင်ကြဉ်းသွားသည်ကိုလည်း ဝဲယာ ထက်ဝန်းကျင် ထူထပ်သိပ်သည်းစွာချထားသော စစ်တပ်ကြီးမှ ဘယ်သူမှ မသိရအောင် စီရင်နိုင်သည်။ ဤမျှခက်ခဲလှစွာသော အရာများကို စီရင်နိုင်ခြင်းမှာ မဟောသဓာသည် ပြကတေ့သော ပညာစွမ်းမျှလောက်နှင့် ဖြစ်နိုင်မည် မဟုတ်။ နတ်တို့၏ မာယာကိုလည်း တတ်ရာသည်။ သို့တည်းမဟုတ် အမြင်အကြားကို မှောက်မှားစေတတ်သော မျက်လှည့်၊ ဂါထာ၊ ဝိဇ္ဇာဂန္ဓာရီ၊ ဆေးမန္တရား အတတ်များကိုလည်း တတ်ရာသည် စသည်ဖြင့် တွေးမိလာသည်။

ဖွဲ့တည်လာသော အတွေးကို စူဠနီဗြဟ္မဒတ်မင်းသည် ထိန်းသိမ်းသိုဝှက် မထားနိုင်တော့။ ထို့ကြောင့် . . .

"မဟောသဓာသုခမိန်၊ သင်ဟာ ငါ့လက်တွင်းရောက်ပြီးတဲ့ ဝိဒေဟရာဇ်မင်းကြီးကိုလဲ လွတ်စေတယ်။ ငါ့မိဖုရား သားသမီးနဲ့ မယ်တော်တို့ကိုလဲ ဆောင်ကြဉ်းခေါ်ထုတ်သွားတယ်။ ဒီအရေးမှာ သင်က နတ်တို့ရဲ့ မာယာအတတ်ကိုပဲ တတ်သလား၊ ဒါမှမဟုတ် ဂါထာ၊ မန္တရား၊ ဝိဇ္ဇာဂန္ဓာရီ ဆေးမှော်အတတ်များကိုပဲ တတ်ကျွမ်းနေသလား"

မဟောသဓာသုခမိန်ကလည်း မဆိုင်းမတွ ဖြေလိုက်လေသည်။

"အရှင်မင်းကြီး . . .။ ပညာရှိတို့ မည်သည်မှာ အဲဒီ ဒိဗ္ဗမာယာ



www.burmeseclassic.com

www.burmeseclassic.com



အတုတ်၊ စက္ခုမောဟန အတတ်တွေကို ကြံကာ၊ ကြားကာ၊ မြင်ကာ၊ သင်ကြားကာမျှနဲ့ တတ်မြောက်ကြပေတယ်၊ အရေးကြုံလာရင်လဲ ဒီပညာတွေကို ထုတ်ဖော်ပြီး ကိုယ်တိုင်ရော သူတစ်ပါးကိုပါ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ကြတယ်။ ဒါပေမဲ့ ဒီအရေးတော်မှာတော့ ကျုန်ုပ်ဟာ ဒီပညာတွေကို အသုံးမပြုပါဘူး အရှင်မင်းကြီး”

စူဠနီဗြဟ္မဒတ်မင်းကြီးမှာ မျှော်လင့်မထားသော စကားအဖြေကို ကြားရ၍ အံ့အားသင့်သွားကာ ဆက်လက်နားထောင်နေလေသည်။

“ဒီအရေးမှာ ကျွန်ုပ်ဟာ မြော်မြင်ထောက်ဆတဲ့ အတွေးနဲ့ ဝိဒေဟရာဇ်မင်းကြီးနဲ့ အရှင်မင်းကြီးနှစ်ပါးတို့ရဲ့ မေတ္တာတော် နှစ်သွယ်နှစ်ကိုးကို တစ်လုံးတည်း မြဲမြံစွာ ဆက်စပ်ချည်နှောင်လိုတာကြောင့် ကိုယ်ကို အပင်ပန်း အဆင်းရဲခံပြီး စီရင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်ုပ်ဟာ ဒီလိုမေတ္တာစေတနာ အခံထားပြီး ဥမင်မြို့နန်းတည်ခဲ့တယ်။ သူရဲကောင်းလုလင် လက်ရွေးစင်တွေ ရွေးချယ်ပြီး မင်းလေးပါးတို့ကို ဆောင်ကြဉ်းခိုင်းပြီးမှ ဥမင်တံခါးဝမှ ခေါ်ထုတ်သွားစေခြင်း ဖြစ်ပါဘယ်”

‘ဥမင်တံခါး’ဟူသော စကားကို ကြားလိုက်ရသောအခါ စူဠနီဗြဟ္မဒတ်မင်းကြီးမှာ သိလိုစိတ်ပြင်းစွာ ဖြစ်ပေါ်သွားသည်။ ဥမင်တံခါးအကြောင်းကို ဆက်လက်နားထောင်သည်။

“အရှင်မင်းကြီး . . . ကျွန်ုပ်စီရင်ထားတဲ့ ဒီဥမင်ဟာ တံခါးမကြီး ရှစ်ခု၊ အရောင်လင်းလက်တဲ့ ပြတင်းနဲ့တံခါးငယ် ခြောက်ဆယ့်လေးခု ရှိပါတယ်။ ရာနဲ့ချီတဲ့ တိုက်ခန်းများလဲ ရှိပါတယ်၊ တစ်ပြိုင်တည်းလင်းတဲ့ ဆီမီးများလဲ ရှိပါတယ်။ တိုက်ခန်းတိုင်းမှာလဲ သုမ္မာနတ်သဘင်လို အဆန်းတကြယ် တုလုပ်ခြယ်လှယ် စီရင်ထားပါတယ်၊ ဒီဥမင်ကို အရှင်မင်းကြီး ရှုစားလိုတယ်ဆိုရင် ကျွန်ုပ် မြို့တံခါးကို ဖွင့်ပြပါမယ်၊ သို့သော် ကိုင်စွဲထားတော်မူတဲ့ လက်နက်များကို ချထားပြီး ဗိုလ်ပါအခြံအရံနဲ့ ဝင်တော်မူနိုင်ပါတယ်”

မဟောသဓာကို အဆွေခင်ပွန်းဖွဲ့မှသာ မိဖုရားကို ပြန်ရတော့မည်ဟု ယုံကြည်စိတ်ချသွားပြီးဖြစ်သော စူဠနီဗြဟ္မဒတ်မင်းကြီးလည်း မဟောသဓာ သုခမိန်၏ စကားအတိုင်း လက်ခံလိုက်နာလေသည်။

“ကောင်းပြီ သုခမိန်၊ မြို့တံခါးကိုသာ ဖွင့်ပေးပါ၊ ကျွန်ုပ်တို့ အခု ဥမင်





ကို ကြည့်ရှုကြမယ်’

စူဠနီဗြဟ္မဒတ်မင်းသည် ဆင်ထက်မှ ဆင်းသက်လိုက်သည်။ ကိုင်စွဲထားသော လက်နက်များကိုလည်း ချထားလိုက်သည်။

“ထီးဆောင်းမင်း အပေါင်းလဲ လက်နက်များကို ချထားခဲ့ကြပါ မှူးမတ်ဗိုလ်ပါ စစ်သည်များလဲ လက်နက်များကို ချထားခဲ့ပြီးမှ ဥပကာရီမြို့ထဲသို့ ဝင်ကြပါ”

စူဠနီဗြဟ္မဒတ်မင်း၏ အမိန့်တော်ကို ချက်ချင်းထုတ်ဆင့်လိုက်သည်။

ဥပကာရီမြို့တံခါး ပွင့်လာသည်။ လက်နက်မပါသော စူဠနီဗြဟ္မဒတ်မင်း၊ ထီးဆောင်းမင်းတစ်ရာနှင့် မှူးမတ်ဗိုလ်ပါ စစ်သည်များအား မဟောသဓာသုခမိန်သည် နန်းပြာသာဒ်မှ ဆင်းသက်၍ ခရီးဦးကြိုလေသည်။

မဟောသဓာသုခမိန်သည် လမ်းညွှန်ဦးဆောင်လျက် စူဠနီဗြဟ္မဒတ်မင်းနှင့် သူ၏ လက်အောက်ခံ မင်းမှူးမတ်စစ်သည်များသည် ဥပကာရီမြို့တွင်းသို့ တရွေ့ရွေ့ ဝင်ရောက်လာကြလေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

"သုခမိန် တိုင်းနိုင်ငံမြို့ရွာ နိဂုံးဇနပုဒ်တွေမှာ သင့်လို ပညာရှိမျိုး တစ်ဦးကိုသာ ရရှိပိုင်ဆိုင်ထားခဲ့ရင် အဲဒီလိုဒေသမှာနေရတဲ့ တိုင်းသူပြည်သားတွေအဖို့ အလွန်သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့ အရပ်မှာ နေရခြင်းပါပဲ။ အင်း . . . ဝိဒေဟရာဇ်မင်းနဲ့ မိထိလာပြည် သူတွေဟာ သင့်ကို အရတော်လေခြင်း မဟောသဓာသုခမိန်၊ အရတော်လေခြင်း"

ဥမင်တံခါးဝတွင်းသို့ ဝင်မိလျှင် ဝင်မိချင်းမှာပင် စူဠနီဗြဟ္မဒတ်မင်းကြီးသည် မချုပ်တည်းနိုင်တော့ဘဲ ထုတ်ဖော်ချီးကျူးလေတော့သည်။

မဟောသဓာကား စူဠနီဗြဟ္မဒတ်မင်း နောက်ပါးမှ လိုက်ပါကာ တစ်ရာ့တစ်ပါးသော မင်းတို့အတွက် သီးခြားစီဆောက်ထားသော တိုက်ခန်းများကို ဖွင့်လှစ်ပြသနေသည်။ တံခါးပေါင်တစ်ခုတွင်ရှိသော ဖွင့်စက်ပိတ်စက် ယန္တရား ခလုတ်များကိုလည်း ပြသသည်။ စယန္တရားတစ်ခု၏ ခလုတ်တစ်ချက်ကို နင်းရုံမျှနှင့် တံခါးများအားလုံး ပိတ်ခြင်းဖွင့်ခြင်းကိုလည်း ပြသသည်။ အားလုံး တအံ့တသြ ရှိနေကြလေသည်။

ဤသို့ဖြင့် အခန်းတိုင်း ကြည့်ရှုပြီးနောက် စူဠနီဗြဟ္မဒတ်မင်းသည် ဥမင်တံခါးမှ အထွက်တွင် မဟောသဓာသည် မင်းကြီးနောက်ပါးမှ ထွက်လိုက်လာခဲ့ပြီးနောက် ကျန်ထီးဆောင်းမင်းအပေါင်းနှင့် မှူးမတ်ဗိုလ်ပါများ ဥမင်တွင်း၌ ကျန်ရစ်နေစဉ် တံခါးပေါင်မှ အပိတ်ယန္တရားခလုတ်ကို နင်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် တံခါးမ ခြောက်ဆယ့်လေးခု၊ လေသာပြတင်းတံခါးခြောက်ဆယ့်လေးခုနှင့် တိုက်ခန်း တစ်ရာ့တစ်ခု အားလုံးတစ်ပြိုင်တည်း ပိတ်သွားကြသည်။ ဆီမီးအလင်းတိုင်တံခါးများလည်း ပိတ်သွားကြသည်။ ဥမင်၏အပြင်ဘက်တွင် စူဠနီဗြဟ္မဒတ်မင်းနှင့် မဟောသဓာနှစ်ဦးတည်း ရောက်နေပြီး ကျန်ထီးဆောင်းမင်းတစ်ရာနှင့် မှူးမတ်ဗိုလ်ပါတို့ကား ဥမင်အတွင်းပိတ်မိသွားကြလေသည်။

ဥမင်အပြင်ဘက်တွင် နှစ်ယောက်တည်း ရောက်ရှိခဲ့သော ထိုအချိန်တွင် မဟောသဓာသည် သဲအပြင်အောက်မှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုအရာကား ယမန်နေ့ညဥ့်ဦးကပင် လျှို့ဝှက်မြှုပ်နှံထားခဲ့သော လက်စွဲတော် သန်လျက်ပင်။

သန်လျက်ကို လက်ဝယ်မြဲမြဲစွဲလျက် မဟောသဓာသည် မြင့်စွာသော အထက်ဆီသို့ ခုန်ပျံတက်ပြီးမှ အောက်သို့သက်ဆင်းကာ စူဠနီဗြဟ္မဒတ်မင်းမြတ်၏ဦးခေါင်းထိပ်ထက်၌ သန်လျက်ကို ကဲမိုးဝှေ့ယမ်းလိုက်လေသည်။

"မင်းကြီး . . . ဟောဒီ ဇမ္ဗူဒိပ်ကျွန်း အပြင်မှာရှိတဲ့ အရာမကသော မြို့၊ နိုင်ငံ၊ တိုင်းပြည်မှန်သမျှဟာ ဘယ်သူ့ရဲ့ပိုင်နက်လဲ၊ ဘယ်သူ့ နိုင်ငံလဲ၊ အခုဖြေပါ"

အသာတကြည်ရှိခဲ့ပြီးမှ ချက်ချင်းပြောင်းလဲသွားသော အခြေအနေကို စူဠဗြဟ္မဒတ်မင်းကြီးသည် ပြင်းစွာထိတ်လန့် တုန်လှုပ်သွားလေသည်။ မင်းကြီးအဖို့ အဆိုးရွားဆုံးအခြေအနေသို့ ဆိုက်ရောက်နေတော့သည်။ ဥမင်အတွင်းဘက်၌ ပိတ်မိကျန်ရစ်ခဲ့သော မိမိ၏ စစ်သည်ဗိုလ်ပါများကလည်း မကယ်နိုင်။ မိမိကား ဥမင်အပြင်ဘက်တွင် မဟောသဓာနှင့် နှစ်ယောက်တည်း။ မဟောသဓာကလည်း သန်လျက်ဖြင့် မိုး၍ခုတ်ဖြတ်အံ့ တပြင်ပြင်နှင့် ခြိမ်းခြောက်နေလေပြီ။

"ဖြေပါ မင်းကြီး၊ ဒီလက်နက်နိုင်ငံတော်ကြီးကို ဘယ်သူပိုင်သလဲ"

စူဠနီဗြဟ္မဒတ်မင်းကြီးမှာ ကြောက်လွန်း၍ ညွတ်ခွေလဲပြိုမတတ်ဖြစ်နေသည်။ အသက်ဘေးသည် အနီးဆုံးလက်တစ်ကမ်းသို့ ရောက်ရှိနေပြီဖြစ်လေသည်။

"သုခမိန် . . . ဇမ္ဗူဒိပ်ကျွန်း အပြင်မှာရှိတဲ့မြို့၊ ပြည်၊ နိုင်ငံမှန်သမျှဟာ အရှင်သုခမိန်ရဲ့ ပိုင်နက်ပါ။ ကျွန်ုပ်ကို အသက်ချမ်းသာပေးပါ၊ ဘေးမဲ့





ပေးတော်မူပါ . . ."

ပဉ္စာလရာဇ်တိုင်းကြီး ရှင်သခင်၊ ထီးဆောင်းမင်းတစ်ရာတို့၏ ရာဇာဓိရာဇာ ဘုရင်ဧကရာဇ် ဥတ္တရာပဉ္စလရာဇ် လက်နက်နိုင်ငံတော်ကြီး ပိုင်ရှင်စသော အလုံးစုံသော ထည်ဝါမောက်ကြွားမှု ရာဇမာန်တို့သည် လုံးဝဥဿုံ ဗုန်းဗုန်းလဲကျသွားပေပြီ။

"အသက်ချမ်းသာပေးပါ သုခမိန်၊ အသက်ကို ချမ်းသာပေးပါ"

သွေးဆုတ်ဖြူရော်သွားသော စူဠနီဗြဟ္မဒတ်မင်းကြီးကို ငုံ့ကြည့်ရင်း မဟောသဓာသုခမိန်သည် တစ်ချက်ပြုံးလိုက်သည်။ ရက်စက်တင်းမာနေသော အသွင်များလည်း ချက်ချင်းပျောက်ကွယ်သွားသည်။ နူးညံ့ချိုသာသော အသွင်ကို ဆောင်လာသည်။

"သုခမိန် . . . ဒီလောက် သင်ဟာ အစွမ်းရှိပါလျက်နဲ့ ဘာကြောင့် ဇမ္ဗူဒိပ်ကျွန်းအားလုံးကို သိမ်းယူပြီး မင်းမပြုတာလဲ"

"အရှင်မင်းကြီး . . . မင်းအဖြစ်ကို ရလိုရင် ကျွန်ုပ်ဟာ တစ်နေ့တည်းနဲ့ပဲ ထီးဆောင်းမင်းအပေါင်းတို့ရဲ့ ဧကရာဇ်အဖြစ်ကို ရရှိနိုင်ပါတယ်။ သို့သော် မိမိတစ်ကိုယ်တည်း ကောင်းစားလိုခြင်းကြောင့် တစ်ပါးသူတို့ကို သတ်ပုတ်ညှင်းဆဲပြီးမှ စည်းစိမ်ချမ်းသာကို သိမ်းယူခြင်းဆိုတာက ဘုရား၊ ရဟန္တာ ပစ္စေကဗုဒ္ဓါအစရှိတဲ့ သူတော်ကောင်းတို့ ချီးမွမ်းခြင်းကို မရထိုက်ဘူး။ ကျွန်ုပ်ဟာ သူတော်ကောင်းတို့ ချီးမွမ်းခြင်းကိုသာ အလိုရှိတယ်။ သူတော်ကောင်းတို့ စက်ဆုပ်ရွံ့ရှာခြင်းကို မပြုလိုပါဘူး"

မဟောသဓာ၏ စကားများက မိမိနှလုံးအိမ်ကို တိုက်ရိုက်ထိမှန်နေပေပြီ ဖြစ်သောကြောင့် စူဠနီဗြဟ္မဒတ်မင်းမှာ ခေါင်းကိုသာ တဆတ်ဆတ်ညိတ်နေရလေသည်။

"သြော် . . . သုခမိန်ရဲ့၊ ဥမင်ရဲ့ တစ်ဖက်မှာ ပိတ်မိပြီး လွတ်မြောက်ရာမဲ့ဘေးတွေ့နေကြတဲ့သူတွေ ရှိနေပါတယ်၊ ကြီးစွာသော ဒုက္ခနဲ့ အော်ဟစ်ငိုကြွေးနေကြသူတွေကို တံခါးဖွင့်ပေးပြီး ဇီဝိတဒါန အသက်အလှူကို လှူပါ သုခမိန်"

"ကောင်းပါပြီ အရှင်မင်းကြီး"

ယန္တရားခလုတ်ကို နင်းလိုက်သည်။ တံခါးမ၊ တံခါးငယ်အားလုံးတစ်ပြိုင်တည်း ပွင့်သွားကြသည်။ ထီးဆောင်းမင်းအပေါင်းလည်း အခြံအရံများ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီဖြင့် ဥမင်ထဲမှ ထွက်လာကြသည်။ စူဠနီဗြဟ္မဒတ်မင်းနှင့်အတူ ဥမင်တံခါးဝမှခ်ဦး လက်ထပ်နန်းပေါ်တွင် အသာတကြည် စကားပြောနေသော မဟောသဓာကို တွေ့လိုက်ရသောအခါ အားလုံးသဘောပေါက်နားလည်သွားကြလေသည်။

"မဟောသဓာသုခမိန် . . . မဟောသဓာသုခမိန်"

ကောင်းချီးပေးသံများ လျှံထွက်လာသည်။

"သူ့ကြောင့် ငါတို့အားလုံး အသက်ချမ်းသာရာရပေတယ်၊ ဥမင်တံခါးတွေသာ ဆက်ပိတ်ထားရင် မကြာခင်မှာ တို့အားလုံးသေကြရမှာပဲ"

"အသက်သခင် ကျေးဇူးရှင် သုခမိန်"

"ကျေးဇူးရှင် မဟောသဓာ သုခမိန်"

မုခ်ဦး လက်ထပ်နန်းပေါ်တွင် စူဠနီဗြဟ္မဒတ်မင်းကြီးနှင့်အတူ ထိုင်နေသော မဟောသဓာသည် ထိုအသံများနှင့်တကွ အနီးသို့ ဝိုင်းအုံစုရုံးရောက် ရှိလာသူများဘက်သို့လှည့်ကာ သိမ်မွေ့စွာ ပြုံးလိုက်လေသည်။

"ထီးဆောင်းမင်းအပေါင်းတို့၊ ကျွန်ုပ်ကိုမှီပြီး မင်းကြီးတို့ အသက်ရှင်ခွင့်ရကြတာဟာ အခုမှ မဟုတ်ပါဘူး၊ ယခင် တစ်ကြိမ်တုန်းကလဲ ကျွန်ုပ်ကြောင့် မင်းကြီးတို့ သေဘေးက လွတ်မြောက်ခဲ့ကြဖူးပါတယ်"

ထီးဆောင်းမင်းတို့လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်လျက် အံ့အားသင့်နေကြသည်။ နောက်ဆုံးတွင် အချင်းချင်းတိုင်ပင်ထားသည့်အလား . . .

"ဘယ်အချိန်က ဘယ်လို လွတ်မြောက်ခဲ့ရပါသလဲ သုခမိန်၊ ကျွန်ုပ်တို့သိပါရစေ"

"ပြောပြပါမယ် မင်းကြီးတို့။ တစ်ချိန်က မိထိလာပြည်ကလွဲပြီး ကျန်တိုင်းကြီးပြည်ကြီးတွေ အားလုံးကို သိမ်းယူ၊ ထီးဆောင်းမင်းများကို ခေါ်ဆောင်ပြီး ဥတ္တရပဉ္စာလရာဇ်နေပြည်တော်ရဲ့ ဥယျာဉ်ထဲမှာ အောင်သေအောင်စား စားကြမယ်ဆိုပြီး သေရည်အိုးကြီးတွေနဲ့ စီစဉ်ခင်းကျင်းခဲ့ကြတာကို မှတ်မိကြရဲ့လား"

အာမေဍိတ်သံကြီးသည် တစ်ပြိုင်တည်း ပဲ့တင်လှိုင်၍ ထွက်လာသည်။

"စူဠနီဗြဟ္မဒတ်မင်းကြီးသည် ကေဝဋ်အမတ်ရဲ့ ရှုးမိုက်ဆိုးယုတ်တဲ့





အကြံပေးချက်ကြောင့် အဲဒီလို ပြုမူစီရင်ခဲ့ပေတယ်။ အဆိပ်ခပ်ထားတဲ့ သေရည်ကိုတိုက်ပြီး မင်းကြီးတို့အားလုံးကို သေမင်းရဲ့ခံတွင်းထဲ ပို့ဆောင်ဖို့ စီစဉ်ခဲ့ကြတယ်။ ဒါပေမဲ့ ဒီအကြံကို ကျွန်ုပ်က ကြိုတင်သိလိုက်တယ်။ ကျွန်ုပ်ရှိလျက်နဲ့ ထီးဆောင်းမင်းတို့ရဲ့ အသက်ဘာကြောင့် ဆုံးရှုံးစေရမလဲ ဆိုတဲ့ ကြံ့ဝါးချက်နဲ့အတူ ကျွန်ုပ်ရဲ့ အစီအမံနဲ့ မိထိလာသူရဲကောင်းများကို ဥယျာဉ်တွင်းဝင်စေပြီး သေရည်အိုးတွေ၊ စားမယ့်ဟင်းလျာတွေကို ရိုက်ခွဲဖျက်ဆီးစေခဲ့တယ်"

အံ့ဩဝမ်းသာ အာမေဍိတ်သံကြီးများ ပေါ်ပေါက်လာပြန်သည်။ စူဠနီဗြဟ္မဒတ်မင်းကြီးလည်း ညွတ်နူးထိခိုက်စွာ ဆိုသည်။

"အဲဒီအတိုင်း အမှန်ပါပဲ ထီးဆောင်းအပေါင်းတို့၊ ကေဝဋ်ပုရောဟိတ်ရဲ့စကားကို နာယူမှားမိပြီး အဲဒီလို စီစဉ်ခဲ့မိပါတယ်"

ထီးဆောင်းမင်းတို့မှာ စူဠနီဗြဟ္မဒတ်မင်းကြီး၏ တောင်းပန်စကားကို သတိမရနိုင်အား။ မဟောသဓာသုခမိန်ဆီသို့သာ အလုအယက်စုပြုံတိုးဝှေ့သွားကြပြီး ပွေ့ဖက်နှုတ်ဆက်ပူဇော်ကြလေတော့သည်။ အချို့ကား မိမိတို့ဝတ်ဆင်ထားသော အဝတ်တန်ဆာများကို ချွတ်၍ ပူဇော်ကြပြန်သည်။

မဟောသဓာသုခမိန်သည် ထီးဆောင်းမင်းတို့၏ ကျေးဇူးပူဇော်မှုကို နှစ်သိမ့်စေပြီးနောက် စူဠနီဗြဟ္မဒတ်မင်းကြီးဆီသို့ စူးရှရဲဝံ့သော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်လေသည်။ စူဠနီဗြဟ္မဒတ်မင်းကြီးကား မျက်နှာကို အောက်သို့ချလျက်သာ ရှိနေလေသည်။

"အရှင်မင်းကြီး၊ မကောင်းသော အဆွေခင်ပွန်းနဲ့ ပေါင်းမိပြီး ယုတ်ညံ့တဲ့အကြံကို ကြံစည်မိခြင်းဟာ အရှင့်ရဲ့အပြစ်သာ စင်စစ်ဖြစ်ပေတယ်။ ဒီအပြစ်အတွက် ထီးဆောင်းမင်းအပေါင်းကို အရှင်မင်းကြီး တောင်းပန်တော်မူပါ"

နောင်တဆင်ခြင်တုံတရားတို့ဖြင့် ပျောင်းအိနူးညံ့သွားပြီဖြစ်သော စူဠနီဗြဟ္မဒတ်မင်းကြီးကလည်း အမှန်တရားကို ရဲဝံ့စွာ ရင်ဆိုင်နိုင်ပေပြီ။ ကျူးလွန်မိသော အပြစ်ကို တောင်းပန်ဝန်ချရန်အတွက် မင်းကြီးသည် စမုခ်ဦးစင်ပေါ်တွင် မတ်တပ်ရပ်လိုက်သည်။

"ထီးဆောင်းမင်းအပေါင်းတို့ ကေဝဋ်အမတ်စကား ယုံမှားပြီး မကောင်းတဲ့ အကြံအစည်နဲ့ ကျွန်ုပ် သင်တို့အပေါ် ပြစ်မှားမိခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအပြစ်ကြီးအတွက် သင်တို့ကို ကျွန်ုပ်တောင်းပန်ပါတယ်။ ကျွန်ုပ်ကို ခွင့်လွှတ်ကြပါ၊ နောက်နောင် ဘယ်သောအခါမှ ပြစ်မှားခြင်း မပြုတော့ပါဘူးလို့ ကျွန်ုပ် ကတိသစ္စာဆိုပါတယ် ထီးဆောင်းမင်းတို့"

"ခွင့်လွှတ်ပါတယ် မင်းကြီး"

"ကျွန်ုပ်တို့ အရေးအရာမယူပါဘူး အရှင်မင်းကြီး။ ခွင့်လွှတ်ပါတယ်"

ကိုယ်စိတ်စကား အခြားအထူးမရှိ၊ နိတုံရွှေပမာ တစ်သားတည်းစိတ် တစ်ထပ်တည်းတည်ရှိ ညီညွတ်ကြပေပြီ။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် တင့်တယ်သော အသရေ၊ ကြည်လင်သော အသွင်ဖြင့် ကြွေးကြော်လိုက်လေသည်။

"ထီးဆောင်းမင်းအပေါင်းနဲ့ အားလုံးသော မှူးမတ်ဗိုလ်ပါများဟာ ဒီလက်ထပ်တဲနန်းမှာပဲ ကျွန်ုပ်တို့ ခုနစ်ရက် ခုနစ်လီ ချစ်ကြည် ညီညွတ်ရေး အောင်ပွဲသဘင်ကြီးကို ခံကြပါစို့။ အတုမဲ့တဲ့ မဟောသဓာသုခမိန်ကြီးကိုလဲ ကျွန်ုပ်တို့အားလုံးက ရွှေငွေ အဝတ်တန်ဆာ ရတနာဆင်မြင်းများနဲ့ ချီးမြှောက်ပူဇော်ကြပါစို့။ အားလုံး ပွဲသဘင်ပြီးမြောက်မှ ပဉ္စာလရာဇ် နန်းတော်တွင်းသို့ ပြန်ကြပါစို့"

ငြိမ်းချမ်းသော အလင်းရောင်သည် ကမ္ဘာမြေပြင်ပေါ်၌ ရွှန်းပတောက်လက်စွာ ကျရောက်စီးဖြာလာပေပြီ။

●



(၃၄)

ပဉ္စာလရာဇ်နန်းတော်ဦးဝယ် အတူတကွ စံပယ်ကြရင်း စူဠနီဗြဟ္မဒတ်မင်းကြီးသည် မဟောသဓာအား လေးမြတ်စွာ ပြောဆိုလိုက်သည်။

"သုခမိန် သင့်ကို အထူးအရေးကြီးတဲ့ စကားတစ်ခု ပြောချင်ပါတယ်"

"အမိန့်ရှိပါ အရှင်မင်းကြီး"

"မိထိလာပြည်မှာ သင် ခံစားစံစားရတဲ့ စည်းစိမ်ချမ်းသာထက် နှစ်ဆရှိတဲ့ ချမ်းသာခြင်းနဲ့ သင့်ကို ကျွန်ုပ် ချီးမြှောက်ပါမယ်။ သားမယားပါ ခေါ်ဆောင်ပြီး ကျွန်ုပ်နဲ့အတူ ပဉ္စာလရာဇ်မှာ လာနေပါ။ မိထိလာ ဝိဒေဟရာဇ်မင်းဆီ သင် မပြန်ပါနဲ့တော့လား"

မဟောသဓာသည် တည်ကြည်သော မျက်နှာထားကို ပို၍ လေးနက်စေလိုက်သည်။

"အရှင်မင်းကြီး၊ ဥစ္စာစည်းစိမ်မှာ တပ်မက်တဲ့အတွက် မိမိကို မွေးကျွေးပြုစုသော ကျေးဇူးရှင်အပေါ် စွန့်လွှတ်တယ်ဆိုတာ ကိုယ့်ကိုယ်လဲ လူယုတ်မာဖြစ်တယ်လို့ ကဲ့ရဲ့ရာရောက်ပေတယ်။ သူတစ်ပါးရဲ့ ကဲ့ရဲ့ခြင်းကိုလဲ ခံယူထိုက်တယ်။ ဝိဒေဟရာဇ်မင်းကြီးဟာ ကျွန်ုပ် ခုနစ်နှစ်သားအရွယ်ကတည်းက သားတော်ပြုလုပ်ပြီး ကျွေးမွေးပြုစုထားတဲ့ ကျေးဇူးရှင်ကြီး ဖြစ်ပါတယ်။ ဒီလိုကျေးဇူးရှင်ကြီး သက်တော်ရှည်သမျှ ကာလပတ်လုံး တစ်ပါးသောမင်းထံသို့ ကူးပြောင်းခစားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အရှင်



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးထံပါးမှာ အမှုတော်ထမ်းလိုသည့်တိုင် မထမ်းသာမနေသာ ဖြစ်ပါတယ် အရှင်"

တိကျပြတ်သားသော စကားတွင် စူဠနီဗြဟ္မဒတ်မင်းကြီးသည် ပို၍ ကြည်ညိုလေးစားသွားလေသည်။

"သုခမိန် သင့်စကားကို ကျွန်ုပ်နားလည် လေးမြတ်မိပါတယ်။

"ဒါပေမဲ့ ဝိဒေဟရာဇ်မင်းကြီး နတ်ရွာစံလွန်တဲ့အခါမှာ ပဉ္စာလရာဇ်ကို လာပါမယ်လို့ကော ဝန်ခံကတိ မပေးနိုင်ဘူးလား"

"အရှင်မင်းကြီး ဝိဒေဟရာဇ်မင်းကြီး လွန်တဲ့အခါ ကျွန်ုပ်လဲ အသက်ရှင်နေပါသေးရင်"

"ဝမ်းမြောက်လှပါတယ် သုခမိန်"

* * *

ပဉ္စာလရာဇ်တွင် နောက်ထပ် ခုနစ်ရက်ခုနစ်လီ ကြာမြင့် ကုန်လွန်ခဲ့ပေပြီ။ မဟောသဓာအား ပူဇော်ချီးမြှောက်သည့် ညီညွတ်ငြိမ်းချမ်းမှု အထိမ်းအမှတ် အောင်ပွဲသဘင်အခါတော်ကြီးလည်း ပြီးမြောက်ခဲ့ပေပြီ။

ရှစ်ရက်မြောက်နေ့ ရောက်လာလေသည်။

မိထိလာသို့ ပြန်တော့မည်ဖြစ်ကြောင်း မဟောသဓာက လျှောက်တင် အသိပေးလိုက်သည်။ စူဠနီဗြဟ္မဒတ်မင်းကား ပူဇော်ချီးမြှောက်ခြင်း၌ အားမရ မတင်းတိမ်နိုင်သေး။

"သုခမိန် သင် ပြန်ရက်ရောက်ပြီမို့ ကျွန်ုပ် မတားသာတော့ဘူး။ သင့်ကို နှုတ်ဆက်ပူဇော် ချီးမြှောက်တဲ့အနေနဲ့ ရွှေစင်အချိန် ငါးထောင်၊ ကျွန်သမီးလေးရာ၊ မောင်းမအလုပ်အကျွေး သတို့သမီးငယ်တစ်ရာ၊ ကာသိကရာဇ်တိုင်းမှာ တစ်နှစ်တစ်နှစ်ကို တစ်ရွာတစ်ရွာလျှင် စပါးလုပ်ခွန် တစ်သိန်းထွက်တဲ့ မြို့ရွာခရိုင်ပေါင်းနှစ်ဆယ်တို့နဲ့ ကျွန်ုပ် လက်ဆောင်ပဏ္ဏာ ပူဇော်ချီးမြှောက် လိုက်ပါတယ်"

"ကျေးဇူးကြီးမြတ်လှပါပေတယ် အရှင်မင်းကြီး။ ဝိဒေဟရာဇ်မင်းကြီးကို ကျွန်ုပ် မှာလိုက်ပါတယ်။ နန္ဒာဒေဝီမိဖုရားကြီးကို အမိကဲ့သို့ အရိုးကဲ့သို့၊ ပဉ္စာလစန္ဒာမင်းသားကို ညီငယ်ကဲ့သို့ စောင့်ရှောက်ပါလို့ ကျွန်ုပ် မှာကြားခဲ့ရင်း ရှိပါတယ်။ ပဉ္စာလစန္ဒီမင်းသမီးကိုတော့ မိဖုရားကြီးအရာနဲ့ စုံမက်စေ





ခဲ့ပါတယ်။ ကျွန်ုပ် ပြန်သွားပြီးတော့ မိထိလာရောက်ရင် အရှင်မင်းကြီးရဲ့ မိဖုရား၊ သားတော်နဲ့မယ်တော် မင်းသုံးပါးကို ပဉ္စာလရာဇ်ပြည်အရောက် ပို့ဆောင်ပေးပါစေမယ်"

"ကောင်းပါပြီ သုခမိန်၊ သမီးတော်အတွက်လဲ ကျွန်ုပ် လက်ဖွဲ့ဥစ္စာ ပေးအပ်လိုက်ဦးမယ်"

ကျွန်သမီး၊ ကျွန်ယောကျ်ား၊ အထိန်းအချီ၊ အကျွေးအမွေး၊ ရွှေငွေရတနာ၊ အဝတ်တန်ဆာ၊ မြင်း၊ ရထား၊ ရွှေယာဉ်၊ ရွှေဝေါအစရှိသော လက်ဖွဲ့ဥစ္စာ ဘဏ္ဍာတို့ကို ပေးအပ် ဆောင်နှင်းလိုက်ပြန်သည်။

တစ်ရာသော ထီးဆောင်းမင်းတို့ထံ၌ မူလကတည်းက သူလျှိုထားခဲ့သော အမှတ်တို့လည်း မိထိလာသို့ ပြန်လိုက်ရန် အသင့်ပြင်ကြသည်။

စစ်အင်္ဂါလေးပါးနှင့်တကွ ပဉ္စာလရာဇ်မှ မိထိလာသို့ အပြန်ခရီးကား ကြီးကျယ်ခမ်းနားလှချေသည်။ ပူဇော်ချီးမြှောက်လိုက်သော လက်ဆောင်ပဏ္ဏာများ၊ အခြံအရံများ၊ စစ်သည်ဗိုလ်ပါများမှာ အလုံးအရင်း ကြီးမားလှပေရာ မကြုံစဖူးထူးမြတ်သော ပြည်တော်ပြန်ခရီးကြီးပင် ဖြစ်ချေသည်။

* * *

ပဉ္စာလရာဇ်မှ ကိုးဆယ့်ကိုးယူဇနာခရီးကို လွန်မြောက်ခဲ့ပေပြီ။ မိထိလာသို့ဝင်ရန် တစ်ယူဇနာသာ ကျန်တော့သည်။ ကြီးစွာသော အလုံးအရင်း စစ်သည်ဗိုလ်ပါဆင်မြင်းတို့ဖြင့် ချီလာသည့်သတင်းသည် မိထိလာနန်းတော်သို့ မရောက်သေး။ သို့သော် သေနကအမတ်ကြီးကမူ ကြိုတင်သိရှိပြီး ဖြစ်လေသည်။ သေနက အမတ်ကြီးမှာလည်း အလုံးစုံမာန်မာန အာယတများကို ဖြေ၍ နှိုင်းယှဉ်ချင့်ချိန်သုခမိန်စိတ်ဖြင့် တွေးတောတတ်နေပြီ ဖြစ်သည်။

ပဉ္စာလရာဇ်တပ်ကြီး လိုက်လာမလာကို သိနိုင်ရန် သေနကအမတ်ကြီးသည် ခရီးအကြား၌ အစောင့်အရှောက်များကို ထားခဲ့သည်ဖြစ်လေရာ ထိုသူတို့၏ သတင်းပို့ချက်အရ မဟောသဓာသုခမိန်သည် မိထိလာနှင့် တစ်ယူဇနာခရီးအကွာတွင် ရောက်ရှိနေကြောင်း ကြိုတင်သတင်းရထားသည်။

ထိုသတင်းကိုလျှောက်တင်ရန် သေနကအမတ်ကြီးသည် နန်းတော်သို့ဝင်ခဲ့သည်။ ဝိဒေဟရာဇ်မင်းကြီးကား နန်းတော်လေသာပြတင်းကို ဖွင့်လျက် အဝေးသို့ ငေးမျှော်နေခိုက် ဖြစ်လေသည်။ ဤတွင် မင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



အလေးဆီမှ တစ်ခဲနက်သော ဆင်မြင်းဗိုလ်ပါ အလုံးအရင်းတပ်ကြီးကို တွေ့လိုက်ရသည်။ ရန်သူနယ်တွင် သားတော်ကို ထားခဲ့ရသောကြောင့် စိတ်လက်ပူပန်ကြောင့်ကြနေရင်းစွဲ ရှိလေရာ ထိုတပ်မကြီးကို တွေ့ရသောအခါ မင်းကြီးမှာ လွန်စွာ စိုးရိမ်ပူပန်သွားသည်။

ထိုအချိန်မှာပင် သေနကအမတ်ကြီး ရှေ့တော်သို့ ဝင်လာသောကြောင့် မင်းကြီးသည် ပူပန်သောကကို ထုတ်ဖော်လိုက်လေသည်။

"အမတ်ကြီး တွေ့ရဲ့လား၊ ဆင်မြင်းရထား စစ်အင်္ဂါနဲ့ ချီတက်လာကြပြန်ပြီ။ သားတော် မဟောသဓာဟာ ဥပကာရီမြို့နယ်မှာ စစ်သည်အနည်းငယ်နဲ့ပဲ ကျန်ရစ်ခဲ့တယ်။ အခုလာတာ အင်အားကြီးမားလွန်းလှတယ်။ စူဠနီဗြဟ္မဒတ်မင်းကြီး ချီတက်လာပြန်ပြီလား"

"အရှင်မင်းမြတ်၊ စိုးရိမ်တော် မမူပါနဲ့။ နှစ်ပြည်ထောင်မင်းတို့ စစ်ပြေငြိမ်းအထိမ်းအမှတ်နဲ့ စူဠနီဗြဟ္မဒတ်မင်းဟာ စစ်အင်္ဂါအခြံအရံစုံလင်စေပြီး မဟောသဓာသုခမိန်ကို လွှတ်လိုက်တာပဲ ဖြစ်ရပါမယ် အရှင်မင်းကြီး"

ဝိဒေဟရာဇ်မင်းကြီးကား မယုံကြည်နိုင်သေးပေ။

"အမတ်ကြီး၊ ဟုတ်နိုင်ပါ့မလား။ သားတော်မှာ စစ်သည်အနည်းငယ်သာ ကျန်ရစ်ခဲ့တာ။ အခု ချီတက်လာတာက အင်အားကြီးမားလွန်းလှတယ်"

"အရှင်မင်းမြတ်၊ စိုးရိမ်တော်မမူပါနဲ့၊ ကျွန်ုပ် လျှောက်တင်ချက်အမှန်ပဲ ဖြစ်ပါတယ်။ စူဠနီဗြဟ္မဒတ်မင်းဟာ အရှင့်ကို ချစ်ကြည်လေးမြတ်တဲ့ မဟာမိတ်ဖြစ်သွားပါပြီ"

သေနကအမတ်ကြီး၏ ယုံကြည်စိတ်ချအပ်သော လေသံနှင့် တည်ကြည်မှုကို ဝိဒေဟရာဇ်မင်းကြီး သက်ဝင်သွားသည်။

"ဒါဆိုရင် သားတော်ကို ကြိုဆိုဖို့ နန်းတွင်းအမှုတော်ထမ်း အားလုံးနဲ့ မြို့သူမြို့သားတွေ လက်ဆောင်ပဏ္ဏာနဲ့ထွက်ကြဖို့ အမိန့်တော် ထုတ်ဆင့်စမ်း အမတ်ကြီး"

ထပ်တူ ခမ်းနားကြီးကျယ်သော ကြိုဆိုမှုနှင့်အတူ မဟောသဓာ၏ တပ်မကြီးသည် မိထိလာမြို့တွင်းသို့ ဝင်လာသည်။

မြို့တွင်းသို့ ရောက်ရှိပြီးနောက် မဟောသဓာသည် နန်းတော်တွင်းသို့ မဆိုင်းမတွ ဝင်ရောက်ကာ မင်းကြီးထံ ခစားလေသည်။





အတိုင်းထက်အလွန် ဝမ်းမြောက်ရွှင်လန်းနေသော ဝိဒေဟရာဇ်မင်းကြီးကား မဟောသဓာသုခမိန်ကို ဂုဏ်ပြုမဆုံး ရှိနေလေတော့သည်။

"သားတော် သုခမိန်ရယ်၊ သားတော်ကို ခမည်းတော်တို့ စွန့်ပစ်ခဲ့ရတာဟာ ပမာဆိုရရင် ကွယ်လွန်သေဆုံးပြီးသူရဲ့ အလောင်းကို လူလေးယောက်နဲ့ထမ်းပြီး သုသာန်တစပြင်အလယ်မှာ တပ်မက်ခြင်းကင်းစွာ စွန့်ပစ်ထားခဲ့သလိုပါပဲ။ ဥပကာရီမြို့မှာ သားတော်ကို ခမည်းတော်တို့ စွန့်ပစ်ထားခဲ့ပါလျက်နဲ့ စစ်သည်ဗိုလ်ခြေအထပ်ထပ်ကို ထွင်းဖောက်ပြီး သားတော်ပြန်လာနိုင်ခဲ့တယ်။ ဘယ်လိုအကြောင်း၊ ဘယ်လို အထောက်အပံ့ ဘယ်လိုအကျိုးစီးပွားမျိုးနဲ့ သားတော်က ရန်သူလက်က လွတ်ခဲ့တာလဲ"

"ခမည်းတော်မင်းမြတ်၊ ဇမ္ဗူဒိပ်ကျွန်းကို မဟာသမုဒ္ဒရာခြံရံနိုင်သလို ဒီကမ္ဘာမြေကို ကောင်းကင်က ဖုံးအုပ်သလို၊ တစ်ပါးသူတို့ရဲ့ အကြံအစည် အတိုင်အပင် ဟူသမျှကို သားတော်ရဲ့အကြံအစည် အတိုင်အပင်နဲ့ ဖုံးအုပ်ခြံရံထားခဲ့တဲ့အတွက် အခုလို အခြံအရံဗိုလ်ပါနဲ့တကွ သားတော် ချမ်းသာစွာ ရောက်နိုင်ခြင်း ဖြစ်ပါတယ်"

"ကောင်းလိုက်လေခြင်း၊ သားတော်သုခမိန်ရယ်။ ဒီမှာ သေနကအမတ်ကြီး၊ ပညာရှိသောသူတို့နဲ့ အတူတကွ နေရတာဟာ အလွန်ကိုယ်စိတ်ချမ်းသာလှပေတယ်။ အခုကြည့်စမ်း . . . ကျွန်ုပ်တို့ဟာ လှောင်ချိုင့်မိငှက်လို၊ ပိုက်ကွန်မိငါးလို ထွက်မြောက်ဖို့ ခဲယဉ်းလှတဲ့ ရန်သူလက်ထဲ ရောက်ခဲ့ကြပါလျက်နဲ့ သားတော်ကြောင့် ငါတို့ လွတ်မြောက်ခဲ့ရတယ် မဟုတ်လား"

မာန်စွယ်ကျိုး၍ အဆိုးအပြစ် မြူညစ် ပျောက်ကွယ်သွားပြီဖြစ်သော သေနကအမတ်ကြီးကလည်း လိုက်လျောစွာ ထောက်ခံလျှောက်တင်လေသည်။

"ဟုတ်လှပါတယ် အရှင်မင်းကြီး။ အလွန့်အလွန် ခဲယဉ်းလှစွာသော အရေးအခွင့်ကြုံရတဲ့အခါမှာ ပညာရှိသောသူသာလျှင် ရေလည်းမနောက် ကြာလည်းမခြောက်ရအောင် နှစ်ဦးအကျိုးထူးစေအောင် လွတ်မြောက် ကြံဆောင်နိုင်ပါတယ်။ ပညာရှိတို့နဲ့ အတူတကွနေရခြင်းသာ လွန်စွာချမ်းသာမိတယ်ဆိုတဲ့ အရှင့်စကား ဧကန်မုချမှန်လှပါတယ် အရှင်မင်းမြတ်"

"ကောင်းပါပြီ။ ငါ့သားတော်ရဲ့ ပညာကျေးဇူးဂုဏ်ကို အတူဆုံးဖော်ကြရမယ်၊ မိထိလာနေပြည်တော် ထက်ဝန်းကျင် အရပ်ဒေသအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



စည်လှည့်စေရမယ်။ ဒီကနေ့ကစပြီး ခုနစ်ရက်ပတ်လုံး အခြားတစ်ပါး မည်သည့်ကိစ္စကိုမှ မဆောင်ရွက်ကြစေနဲ့၊ မျှမတ်ပြည်သူပြည်သားအပေါင်းတို့ဟာ မိမိထိုက်တန်ရာ ပဏ္ဏာလက်ဆောင်များနဲ့ အဆောင်အယောင် အခြီးအမြောက်နဲ့တကွ သားတော်ကို ပူဇော်ချီးမြှောက်ကြရမယ်"

ဝိဒေဟရာဇ်မင်းကြီးနှင့် ဥဒုမ္ဗရဒေဝီမိဖုရားကြီးမှ စတင်ပါဝင်သည့် ပူဇော်ချီးမြှောက်သောပွဲ၌ မိထိလာတစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် ပူဇော်ပွဲသဘင်ကြီးကို ကျင်းပကြပြန်သည်။ အချိန်တိုင်း နေရာတိုင်းတွင် မဟောသဓာသုခမိန် မဟောသဓာသုခမိန် ဟူသော ကောင်းချီးကြွေးကြော်သံတို့သာ အထပ်ထပ်မစဲ တသဲသဲဖြစ်နေသည်။

ဤသို့ဖြင့် ပူဇော်သဘင်အခါသည် ခုနစ်ရက်မြောက်ကာ ရှစ်ရက်သို့ ရောက်ခဲ့လေသည်။

ရှစ်ရက်မြောက်နေ့တွင် မဟောသဓာသည် ဝိဒေဟရာဇ်မင်းကြီးထံ အခစား ဝင်ခဲ့ပြီးနောက် . . .

"ခမည်းတော်မင်းမြတ် စူဠနီဗြဟ္မဒတ်မင်းရဲ့မယ်တော်၊ မိဖုရားနဲ့ သားတော် မင်းသုံးပါးကို ပဉ္စာလရာဇ်ပြည် ပြန်ပို့ဖို့ အချိန်ကျရောက်ပါပြီ"

ဟု လျှောက်တင်လေသည်။

●



(၃၅)

မိထိလာပြည်နှင့် ဥတ္တရပဉ္စာလရာဇ်ပြည်။

ဝိဒေဟရာဇ်မင်းကြီးနှင့် စူဠနီဗြဟ္မဒတ်မင်း။

မင်းနှစ်ပါးတို့သည် မေတ္တာချင်းယှက် ရွှေလက်ချင်းတွဲမိကြလေပြီ။ တစ်ပြည်မှ တစ်ပြည် ထိုက်လျောက်ရာ လက်ဆောင်ပဏ္ဏာများ၊ သံကြီးတမန်ကြီး ပညာရှိ သုခမိန် အမတ်ချင်းလည်း အပြန်အလှန် စေလွှတ်ခြင်း၊ နှစ်သက်ဝမ်းမြောက်၊ ရွှေလမ်းငွေလမ်းဖောက်ခဲ့ကြပြီ။ ကုန်သည်ပွဲစား ရောင်းဝယ်သမားတို့ဖြင့်လည်း ဖောက်ကားစည်ပင် ထွန်းကားခဲ့ကြပြီ။ တိုင်းကြီးနှစ်ပါးတို့သည် ရွှေစင်ရွှေပြား နှစ်ချပ်ကို တစ်ထပ်တည်း ဂဟေစပ်သကဲ့သို့ အစဉ်အခြားမပျက်၊ တစ်ဆက်တည်း ရှိကြပြီ။ ရန်သူမင်းလည်း ညီရင်းဖြစ်ခဲ့ပေပြီ။

ဝိဒေဟရာဇ်အရှင်သည်လည်း ပြန့်ပွားထပ်ဆင့် မြင့်မြတ်သော ဂုဏ်ကျက်သရေဖြင့် ပိုမိုထွန်းတောက်ခဲ့ပေပြီ။

မိထိလာပြည်၊ ပဉ္စာလရာဇ်ပြည် နှစ်ပြည်သော ပြည်သူလူထုအပေါင်းတို့မှာလည်း လယ်ယာလုပ်ငန်းမပျက်၊ ရောင်းဝယ် ကူးသန်းမပျက်၊ ဘုရားတည် ကျောင်းဆောက်မပျက် နှစ်ဖက်သော ငြိမ်းအေးချမ်းမြေ့မှုအရသာကို ဝလင်ပျော်ရွှင်စွာ ခံစားချိုးသုံးနိုင်ကြပေပြီ။

ရန်သူစင်စစ်ဖြစ်ခဲ့သော်ငြား ရှုံးသူနိုင်သူ ရလဒ်မတူတော့ဘဲ အသီးသီး အသက ပြည့်ဝနှစ်မြို့က်စွာ ကျေနပ်ဝမ်းမြောက်နိုင်ခဲ့ကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလောက၏ ကြီးမားလှသော အကျိုးကျေးဇူးကို ဆောင်ကြဉ်းသူ၊ မေတ္တာတရားဖြင့် ပက်ဖျန်းချမ်းမြေ့စေသူ၊ ဇမ္ဗူဒိပ်တွင် ကောင်းခြင်းနိမိတ်ကိုဆောင်ကာ ငြိမ်းချမ်းရေးလေထုအလျဉ်ဖြင့် ဖုံးလွှမ်းစေသူ၊ အလုံးစုံသော သစ်ပင်တောတောင် ပန်းမန်တို့၌ ငြိမ်းချမ်းရေး မွှေးရနံ့ဖြင့် ထုံပျံ့စေသူကား . . .

မဟောသဓာသုခမိန်၊ သို့မဟုတ်၊ ငြိမ်းချမ်းရေးမဟာတမန်။

ချစ်ဦးညို





နောက်ဆက်တွဲနိဂုံး

မဟောသဓာဇာတ်တော်ကြီးကို စီရင်ပြုစုတော်မူခဲ့သော မင်းပူးဆရာတော် ဦးသြဘာသ၏ ကျမ်းနိဂုံးပိုင်းဇာတ်ပေါင်းခန်းတွင် ဤသို့ပြဆိုခဲ့ပါသည်။

| | |
|---|---|
| ၁။ မိထိလာပြည် အရှေ့နိဂုံးရွာစား<br>မဟောသဓာခမည်းတော်<br>သိရိဝဍ္ဎနသူဌေးကြီးသည် | သုဒ္ဓေါဒနမင်းကြီး |
| ၂။ မယ်တော်သုမနဒေဝီသည် | မဟာမာယာဒေဝီ |
| ၃။ အမရာဒေဝီသည် | ယသောဓရာဒေဝီ |
| ၄။ သေနကအမတ်ကြီးသည် | အရှင်မဟာကဿပ |
| ၅။ ပက္ကုသအမတ်ကြီးသည် | အမ္ဗဋ္ဌလုလင် |
| ၆။ ကာမိန္ဒအမတ်ကြီးသည် | ကူဋဒန္တပုဏ္ဏား |
| ၇။ ဒေဝိန္ဒအမတ်ကြီးသည် | ပိသောတိကလုလင် |
| ၈။ ကျေးသားငယ်သည် | အရှင်အာနန္ဒာထေရ် |
| ၉။ စူဠနိပြဟ္မဒတ်မင်းကြီးသည် | အရှင်သာရိပုတ္တရာထေရ် |
| ၁၀။ ကေဝဋ်ပုဏ္ဏားသည် | အရှင်ဒေဝဒတ် |
| ၁၁။ ပဉ္စာလစန္ဒီဒေဝီသည် | သုန္ဒရီအမျိုးသမီး |
| ၁၂။ သာလိကာမသည် | မလ္လိဒကာ ဒါယိကာမ |
| ၁၃။ ဝိဒေဟရာဇ်မင်းကြီးသည် | ကဋ္ဌုဒါယီထေရ် |

တို့အသီးသီးဖြစ်ကုန်ကြလျက် မဟောသဓာသုခမိန်ကား ဗုဒ္ဓဘုရားရှင် ဖြစ်တော်မူပါသည်။

ဤဝတ္ထုကို ရေးသားရာ၌ မူလလက်ရင်းကား ဆရာတော်ကြီး မင်းပူးဦးသြဘာသ၏ ပညာဂုဏ်၊ သမာဓိဂုဏ်၊ ကျေးဇူးတော်အစုံနှင့် စာပေဂုဏ်၊ ကျေးဇူးတော်တို့အား လက်အုပ်ကြာပဒုံချီ၍ အလီလီဦးခိုက်ပူဇော်အပ်ပါကြောင်းဖြင့် "ငြိမ်းချမ်းရေး မဟာတမန်"ကို နိဂုံးချုပ်အပ်ပါသည်။

လေးစားသော

ချစ်ဦးညို



www.burmeseclassic.com